



# ဒေးဗစ်ဘင်ဂူရီယန်
နှင့်
# အစ္စရေးတော်လှန်ရေးသမိုင်း

## ကျော်ထက်ထွန်း
ပြုစုသည်

ဒုတိယအကြိမ်

ယဉ်မျိုး စာအုပ်

အမှတ် (၅)

# ဒေးဗစ်ဘင်ဂူရီယန်နှင့်

# အစ္စရေးတော်လှန်ရေးသမိုင်း

ဖြန့်ချိရေး

ယဉ်မျိုး စာပေ


အထက်မြန်မာပြည်ဖြန့်ချိရေး

ထွန်းဦးစာပေ — နဂါးစာပေ။


ယဉ်မျိုးစာပေ

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၂၁၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၃၁၀၀၂၄၀၄၀၇
စီစဉ်ထုတ်လုပ်သူ
ယဉ်ထွန်း
ပုံနှိပ်ခြင်း
ဒုတိယအကြိမ်-၂၀၀၇ခုနှစ်၊မေလ
အုပ်ရေ
(၅၀၀)
မျက်နှာဖုံးဒီဇိုင်း
အံ့ဘွယ်
ကာလာခွဲ
STAR COLOR REPRO
စာအုပ်ချုပ်
ကိုမြင့်လွင်
အတွင်းကွန်ပျူတာစာစီ
နေခြည်(ဥတ္တရအိမ်)
အတွင်းဖလင်
ထွန်းထွန်း
အတွင်းပုံနှိပ်
ဦးတင်မောင်ဝင်း၊သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ်(၁) ဗိုလ်ရာညွန့်လမ်း၊ဒဂုံမြို့နယ်။
မျက်နှာဖုံးပုံနှိပ်
ဦးစွန်ကော်ယု ၊မာကျူရီအော့ဖ်ဆက်
အမှတ်(၄၉)၊ရေကျော်လမ်း၊ပုဇွန်တောင်
ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် ၊သင်းစာပေ
အမှတ်(၁၀) ရတနာမြိုင်လမ်း၊ကမာရွတ်မြို့နယ်
တန်ဖိုး
၂၀၀၀ကျပ်

# မာတိကာ


| စဉ် | အခန်း | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ပိုလန်ပြည်ပေါက်ဂျူးကလေး | ၄ |
| ၂။ | သူပုန်လေး | ၁၁ |
| ၃။ | 'စီဂျီရာ' မှာ အမှန်ရှာ | ၁၈ |
| ၄။ | သွေးချောင်းစီးတိုက်ပွဲစပြီ | ၂၉ |
| ၅။ | မင်းသားနှင့်လယ်သမားလေးတို့ယှဉ်တဲ့ပွဲ | ၃၉ |
| ၆။ | ဘေးဒုက္ခပေါင်း ခညောင်းလေရာ | ၄၉ |
| ၇။ | အောင်ပွဲ | ၆၁ |
| ၈။ | အာဏာပြိုင်များ | ၇၀ |
| ၉။ | ရေဆန်ကိုလျှော် | ၇၈ |
| ၁၀။ | ပါလက်စတိုင်းမှခြသေ့ | ၈၉ |
| ၁၁။ | အိမ်ကြက်ခြင်း ခွပ်ကြရာဝယ် | ၉၉ |
| ၁၂။ | ပြိုင်ဘက်ဆိုဗိုလ်မထား | ၁၁၀ |
| ၁၃။ | နိုင်ငံကြီးများကဝင်စွက်ပြန် | ၁၂၀ |
| ၁၄။ | စစ်ရေးခေါင်းဆောင် | ၁၃၅ |
| ၁၅။ | ဘတစ်ပြန်ကျားတစ်ပြန် | ၁၄၉ |
| ၁၆။ | နိုင်ငံရေးလွန်ပွဲ | ၁၆၄ |
| ၁၇။ | လွတ်လပ်ရေးသို့ | ၁၇၈ |
| ၁၈။ | အောင်နိုင်သူ | ၁၉၄ |
| ၁၉။ | အော်လ်တာလီးနားသဘော်ာပြဿနာ | ၂၀၂ |
| ၂၀။ | တပ်မှူးများက အာခံပြန် | ၂၁၂ |
| ၂၁။ | ရလေလိုလေပါပဲ | ၂၂၂ |
| ၂၂။ | ဂျူးချာချီ | ၂၃၁ |
| ၂၃။ | သပြေတစ်ခက် သေနတ်တစ်လက် | ၂၄၁ |
| ၂၄။ | သူပြန်လာပြီ | ၂၄၉ |
| ၂၅။ | အာဏာရှင် ဘင်ဂူရီယန် ...... တဲ့ | ၂၆၁ |
| ၂၆။ | သူတို့တွေနဲ့ မောင်တိုင်ပင် | ၂၇၃ |
| ၂၇။ | ဆိုင်းနိုင်းစစ်ဆင်ရေးကာလ | ၂၈၅ |
| ၂၈။ | မဟာမိတ်သစ်ရှာပုံတော် | ၂၉၈ |
| ၂၉။ | သူ့ဘဝနေဝင်ချိန် | ၃၀၄ |
| ၃၀။ | ဖေဒီဗိုကာသို့ | ၃၁၅ |


ယဉ်မျိုးစာပေ



ဒေးဗစ်ဘင်ဂူရီယန်

(၁၈၈၆ - ၁၉၇၃)



အစ္စရေးနိုင်ငံထူထောင်ကြောင်း ကြေငြာစဉ်

## ဒုတိယအကြိမ်ပုံနှိပ်ခြင်းအမှာ

ခင်စစ် . . . . .အစ္စရေးနိုင်ငံလွတ်လပ်ရေးရပြီး ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာသူ ဒေးဗစ်ဘင်ဂူရီယန် ၏ဘဝဇာတ်ကြောင်းသည်၊အစ္စရေးနိုင်ငံထူထောင်နိုင်ရေးအတွက် ဆင်နွှဲခဲ့သော တော်လှန်ရေးသမိုင်းနှင့်ထပ်တူထပ်မျှဖြစ်သည်ဟုဆိုလျှင်မှားလိမ့်မည်မဟုတ်. . . .။သူ့ဘဝဇာတ်ကြောင်းသူ့ အတ္ထုပ္ပတ္တိကိုလေ့လာလျှင်၊အစ္စရေးနိုင်ငံ တော်လှန်ရေးသမိုင်းအစကိုပါ လေ့လာပြီးသားဖြစ်မည်။

ယနေ့ခေတ်တွင် အစ္စရေးနိုင်ငံတော်လှန်ရေးသမိုင်းသည်၊မိမိတို့အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေးအတွက်ကြိုးပမ်းအားထုတ်နေသော နိုင်ငံအားလုံးအတွက် စံနမူနာကောင်းဖြစ်လာသည်။

ဇွဲ ၊လုံ့လ၊ ဝီရိယ သာမက သတ္တိဗျတ္တိ အရာတွင်ပါအတုယူထိုက်သော သခိုင်းဖြစ်သည်။မိမိတိုင်းပြည် ၊မိမိလူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုစိတ်ပြင်းထန်သူတွင်လည်း ၊အတုယူလောက်သည်။

သည်လို တိုင်းချစ်ပြည်ချစ်စိတ်နှင့် စွန့်လွှတ်စွန့်စားလိုသော စိတ်ဆန္ဒတွေကိုပျိုးထောင်ရာတွင်၊ခေတ်အဆက်ဆက် နိုင်ငံရေး•စစ်ရေးခေါင်းဆောင်များ၏ စံနမူနာကောင်းများရဲ့အကျိုးသက်ရောက်မှုကြောင့်ဆိုလျှင် မှားအံ့မထင် . . . . .။

ငါ့နောက်လိုက်ခဲ့ကြ (Follow me )ဆိုသော ခေါင်းဆောင်များ၏ အပြောနှင့်အလုပ်သည် နောက်လိုက်များအတွက် အစွမ်းထက်လှသောအားဆေးသဖွယ်ဖြစ်ခဲ့ရသည်ကိုအစွရေးနိုင်ငံသမိုင်းတွင်ပြတ်ပြတ်ထင်ထင်တွေ့မြင်ရမည်ဖြစ်သည်။

မည်သို့ဆိုစေ . . . . .မကောင်းတာကိုပယ်ကောင်းတာကိုယူတတ်ဖို့မှာ သည်စာအုပ်ကိုဖတ်ရှုလေ့လာသူ၏ စိတ်သန္တာနှင့်ဝေဖန်ပိုင်းခြားမှုအပေါ်တွင်တည်သည်ဟုမေတ္တာရှေ့ထား၍ပြောလိုပါကြောင်း . . . . .။

ကျော်ထက်ထွန်း

## ပြောပါရစေဦးတော့

''ဟော့လူ ဘာရေးနေလဲဗျ''

ထုံးစံအတိုင်း ရေးဖော်ရေးဖက်များက ကျွန်တော့်ကို မေးကြသည်။

နိုင်ငံခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကိုသာ ရေးလေ့ရေးထရှိသူမို့ အချို့သူများအမေးက တိတိပပရှိလှ၏။

''ကိုယ့်လူ ဘယ်ပုဂ္ဂိုလ်ကြီး အတ္ထုပ္ပတ္တိများ ပြုစုနေသလဲ''တဲ့. . .

''ဒေးဗစ်ဘင်ဂူရီယန်'' လေ

ကျွန်တော်ကလည်း သည်မျှသာ

''ဟင်. . . ''

''ဟာ. . . ''

အချို့မေးသူများက အာမေဋိတ်သံများပင် ထွက်သည်အထိ အံ့ဩကြသည်။

''သူက ဘယ်သူလဲ၊ ဘယ်နိုင်ငံကလဲ''

ဒေးဗစ်ဘင်ဂူရီယန်ဆိုသူကိုမှ မသိကြသေးသူများက ထပ်ဆင့်မေးခွန်းများ ထုတ်ကြပြန်သည်။

''အစ္စရေးနိုင်ငံ ပထမဆုံးဝန်ကြီးချုပ်ပေါ့''

''လွတ်လပ်ရေးဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီးပေါ့၊ သူ့အကြောင်း သူ့အတ္ထုပ္ပတ္တိ ဆိုပါတော့။ သူ့အကြောင်းဆိုတော့လည်း၊ သူ့နိုင်ငံရဲ့ လွတ်လပ်ရေး

သမိုင်းဝင်လဲ ဆိုနိုင်သပေါ့''

သည်သို့ ရှည်ရှည်လျားလျား ဖြေခဲ့သည့်အကြိမ်လည်း မနည်းလှပါ။

ဒီနေ့စာဖတ်ပရိသတ်က ဒေးဗစ်ဘင်ဂူရီယန်ဆိုတာ အင်္ဂလိပ်သားလားလို့ မေးယူရလောက်အောင် ဖြစ်နေတဲ့အခါကျမှ သူ့အတ္ထုပ္ပတ္တိများ ပြုစုရတယ်လို့။

ဒေးဗစ်ဘင်ဂူရီယန်ကို ကြားဖူးသူ၊ အကြောင်းတစ်စိတ် တစ်ဒေသသိသူများက ကရုဏာသက်သည့်အသံဖြင့် သို့ကလို မှတ်ချက်ပေးပြန်၏။

တစ်ဦးသော ရေးဖော်ရေးဖက်၊ ပြောမနာဆိုမနာတစ်ဦးကဆို ပစ်ပစ်ခါခါပင် ပြောလာ၏။

''ဟေ့ကောင်၊ မင်းက ဘာလို့ရေးရတာလဲ၊ ဘယ်သူကသိလို့၊ ဘယ်သူက ဝယ်ဖတ်မှာတဲ့လဲ''

'ဟ . . . ငါက ဒီပုဂ္ဂိုလ်ကြီး အတော်ကြည်ညိုတယ်ကွ၊ သူ့လုပ်ဆောင်ချက်တွေ စံယူထိုက်တယ်၊ ငါကြိုက်တယ်ကွ''

''မင်းကြိုက်လို့မဖြစ်ဘူးကွ၊ ဒီနေ့စာဖတ်ပရိသတ်က (၁၈)နှစ်၊ (၂၀)နှစ်ဝန်းကျင်တွေ၊ မင်း ဒေးဗစ်ဘင်ဂူရီယန်ကို သူတို့က ဘယ်ကြားဖူးမလဲ။ ဒီမှာ ဟကောင်ကြီးရ ကိုယ်ကြိုက်မရေးနဲ့၊ ဈေးကွက်မှာမစွံဘူး''

''အဲဒီမှာ မင်းနဲ့ငါ သဘောထားခြင်းကွာတာပဲ။ ငါက ဈေးကွက်ကို သိပ်မကြည့်ဘူး။ ကြည့်တန်သလောက်တော့ ကြည့်တယ်ပေါ့ကွာ။ ဒါပေမယ့် စာဖတ်ပရိသတ်ကို သိရအောင် ဖော်ကောင်လုပ်ရမှာက ငါတို့တာဝန်''

စသည်ဖြင့် ရှည်ရှည်လျားလျား နှုတ်သီးကောင်းလှပါး၊ ကက်ကက်လန်လန် ပြန်လှန်ပြောခဲ့မိသည်။

မှန်သည်။ သည်ပုဂ္ဂိုလ်ကြီးကို ကျွန်တော်ကြည်ညိုသည်။ မြတ်နိုးသည်။ သူ့ခေါင်းဆောင်ပေးမှုကို ချီးကျူးသည်။ သူ့လူမျိုး၏ သတ္တိ၊ ဇွဲတို့ ဉာဏ်ရည်ထက်မှုကို အံ့ဩသည်။

စင်စစ် သူ့ခေါင်းဆောင်မှုကပင်လျှင် အစွဲရေးနိုင်ငံ လွတ်လပ်ရေးရစေခဲ့သည်မဟုတ်လား။

သူကား ဂျူးငါရှင်တန် ။

နှစ်ပေါင်း (၂၀၀၀)ကျော် တိုင်းတစ်ပါးတွင် အမိနိုင်ငံမဲ့ဘဝဖြင့် သိမ်သိမ်ငယ်ငယ် အကျဉ်းခံ အညှဉ်းခံနေခဲ့ရသည့် ဂျူးလူမျိုးတို့ကို နို့နှင့်ပျားရည်စီးရာ ကတိထားတော်မူသောမြေသို့ ခေါင်းဆောင်ခေါ်ခဲ့သည့် **ခေတ်သစ်မိုးဇက် ( Moses )** ။

ယဉ်မျိုးစာပေ

အဲ... သူ့ အကြောင်းပါ။

သည်စာအုပ်သည် အရှေ့အလယ်ပိုင်းဒေသ၊သမိုင်းကို လေ့လာသူများအတွက် ဂျူးတို့အမြင်မှ သုံးသပ်ထားသည့်ကို ဖတ်ရှုရမည်။

ဗဟုသုတ သက်သက်အတွက်ပဲဖြစ်ဖြစ်၊ အပျင်းပြေပဲဖြစ်ဖြစ်၊ ကောက်ကာငင်ကာ ဖတ်လိုသူများအတွက် အကျိုးယုတ်စေမည်တော့ မဟုတ်ပါ။

သည်လောက်ပဲ ပြောပါရစေတော့...

ကျော်ထက်ထွန်း

## ပိုလန်ပြည်ပေါက် ဂျူးကလေး

ဘစ်ဆယ့်ကိုးရာစုအကုန် -

ဥရောပတစ်ခွင်၌ ဂျူးလူမျိုးများအပေါ် မလိုမုန်းထားစိတ်များ ပွားများလာခဲ့၏။

မှားမှား၊ မှန်မှန် ရာစုနှစ်ပေါင်းများစွာ အကျဉ်ခံ၊ အမုန်းခံခဲ့ရသော ဂျူးတို့မှာ"ပြင်သစ်တော်လှန်ရေးကြီး" ( **French Revolution** )ကြောင့် တအားတက်ခဲ့ရသည်။ "လူ့အခွင့်အရေးကြေငြာစာတမ်း"( **Declaration of the Rights of Man** )က ဂျူးတို့အား ကျန်လူမျိုးများနှင့် တန်းတူအခွင့်အရေးပေးခဲ့သည်။ ပြင်သစ်နပိုလီယန်၏ စစ်တပ်ကြီးက အီတလီနိုင်ငံ၊ ပိုလန်နိုင်ငံများသို့ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်နှင့် အတူ ဂျူးလူမျိုးများစုပေါင်းကာ သီးခြားနေထိုင်ရာ အဆောက်အဦများသည်ပင် သီးသီးခြားခြားမရှိရတော့။ ပြင်ပလောကနှင့် တံခါးဖွင့်သွားသည့်နှယ်ရှိ၏။ ဂျူးလူမျိုးများ လွတ်လပ်ခွင့်သည်ပင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်ခဲ့သည်။ ဥရောပအနောက်ပိုင်းနိုင်ငံများရှိ ဂျူးလူမျိုးများသည် မိရိုးဖလာအဝတ်အစားများကိုပင် စွန့်ကြ၏။ သိပ္ပံနှင့် အတတ်ပညာဆိုင်ရာ အသိုင်းအဝိုင်းတွင် ဂျူးလူမျိုးများ ထိပ်ပိုင်းမှ နေရာရလာ၏။ ပါလီမန်ဥပဒေလွှတ်တော်အမတ်များတွင် ဂျူးများပါဝင်လာသည်။ ဝန်ကြီးအဖွဲ့ဝင်များဖြစ်လာသော ဂျူးများလည်းရှိ၏။ ဘင်ဂျမင်ဒစ်ရေးလီး ( **Benjamin Disrali** )သည် ဗြိတိန်နိုင်ငံတွင် ဝန်ကြီးချုပ်ဖြစ်လာ၏။

ဂျူးလူမျိုးစုများလည်း နေ့ချင်းညချင်းဆိုသလို ချမ်းသာကြွယ်ဝလာ၏။ တစ်ချိန်က အသေးစားနေ့ပြန်တိုးစား ဂျူးများသည် ဘဏ်သူဌေးကြီးများဖြစ်လာ၏။ အပ်ချုပ်ဆိုင်ပိုင်ရှင်များလည်း အထည်အလိပ်လုပ်ငန်းရှင်ကြီးများဘဝသို့ ပြောင်းခဲ့၏။ ဂျူးလူမျိုးများ ယခုကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာသည်မှာ မြန်ဆန်လွန်းသည်ဟု အချို့သောသူများက မြင်လာ၏။ တုံ့ပြန်မှုကလည်း သိပ်မကြာ။

(၁၈၇၉)ခုနှစ်တွင် ဝီလ်ဟန်မား ( **Wilhelm Merr** )က စကားလုံးသစ်ထွင်ခဲ့သည်။ "ဂျူးဆန့်ကျင်ရေး" ( **Anti-Semitism** )တဲ့။ နှစ်ပေါင်း (၅၀)အတွင်းသည်မျှ လျှင်လျှင်မြန်မြန် တိုးတက်ဖွံ့ဖြိုးလာသော ဂျူးလူမျိုးများအား ဥရောပတစ်ခွင်လုံးတွင် ကျောင်းမှန်းကန်မှန်းသိအောင် သင်ခန်းစာပေးချိန်တန်ပြီဟု ဆိုကြ၏။

ရုရှားပြည်၌ (၁၈၈၁)ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့ ညနေ "ထမြောက်ရှင်ပြန်ရာနေ့" (အီစတာပွဲတော်)မတိုင်မီတွင် "လူသတ်ပွဲ"ကို စတင်ခဲ့သည်။ ဇာဘုရင်ဒုတိယမြောက် အလက်ဇန္ဒားအား သတ်ဖြတ်လုပ်ကြံသည်ကို အကြောင်းပြုပြီး ဂျူးလူမျိုး လူငယ်လူရွယ်များကို ဖမ်းဆီးချုပ်နှောင်ခဲ့၏။ ဂျူးအမျိုးသမီးငယ် ဟေရှာဟက်လ်မင် ( **Hesia Helfman** )လည်းပါ၏။ သူမသည် ဇာဘုရင်အားလုပ်ကြံရာတွင် မထင်မရှားနေရာမှပါခဲ့သည်။ သို့တစေ သည်မျှနှင့်ပင် ဇာဘုရင်အား ဂျူးများက လုပ်ကြံသတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲရန်အကြောင်း လုံလောက်ပေပြီ။ ဇာဘုရင်သစ်တတိယမြောက်အလက်ဇန္ဒားက သည်လိုပင်မြင်၏။

ဧပြီလ (၂၇)ရက်နေ့တွင် အယ်လီဇဘက်ဂရက်မြို့ရှိ ဂျူးလူမျိုးတစ်ဦးပိုင်ထမင်းဆိုင်သို့ အတင်းဝင်ရောက်ဖျက်ဆီးခဲ့သည်။ အရက်စည်များမှ အရက်များကို အလွန်အကျွံသောက်ကြပြီး မြို့တွင်းရှိ ဂျူးလူမျိုးများ သီးသန့်နေထိုင်ရာရပ်ကွက်အတွင်းသို့ဝင်ကာ သောင်းကျန်းကြတော့သည်။ ဂျူးဘုရားရှိခိုးကျောင်းများ ဖျက်ဆီးခံရသည်။ ဂျူးပိုင်၊ ဆိုင်များ အလုအယက်ခံရ၏။ ပြီးလျှင် ဂျူးလူမျိုးများအပေါ် မြှားဦးလှည့်လာသည်။ ဂျူးအမျိုးသမီး (၃၀)ခန့် မုဒိမ်းကျင့်ခံရသည်။ အဓမ္မအကျင့်ခံရသူ အမျိုးသမီးများအား ကယ်ဆယ်ရန် ကြိုးပမ်းအားထုတ်သည့် ဂျူးအမျိုးသားများ အသတ်ခံကြရသည်။

အယ်လီဇဘက်ဂရက်မြို့ လူသတ်ပွဲမှာ ဂျူးလူမျိုးများ ဆန့်ကျင်ရေး လူသတ်ပွဲ၏ နိဒါန်းအစသာတည်း။ မေလ (၈)ရက်နေ့တွင် ကီးဗ် ( **Kiev** )တွင် ဂျူးလူမျိုးများ သတ်ပွဲ ဆင်နွှဲခဲ့၏။ (၁၅)ရက်နေ့တွင် အိုဒက်ဆာ ( **Odessa** )တွင်

ဂျူးလူမျိုးတို့ အသတ်ခံရပြီး (၄)ရက်လုံးလုံး အလူးအလဲခံခဲ့ရသည်။ ဂျူးလူမျိုးများ သတ်ပွဲသည် မြို့ပေါင်းတစ်ဆယ်၊ နှစ်ဆယ်မှသည် ငါးဆယ်အထိ ကျယ်ပြန့်ကူးစက်သွား၏။ "ခရစ်စမတ်ပွဲတော်"ချိန်ခါ၌ ပိုလန်နိုင်ငံ၊ ဝါဆောမြို့တွင် ဂျူးများသတ်ပွဲ ဆင်နွှဲသောအခါ ရုရှားပြည်တောင်ပိုင်းရှိ ဂျူးလူမျိုးစုများ နေထိုင်ရာရပ်ကွက် (၁၅၀) ကျော်ခန့် ပျက်စီးခဲ့၏။

ဂျူးလူမျိုးများသတ်ပွဲသည် ဂျူးပြဿနာကို နောက်ဆုံးဖြေရှင်းစေဖို့ နိဒါန်း အစများ ဖြစ်လေမလား။

လူသတ်ပွဲကြောင့် ကြောက်ကြောက်လန့်လန့်ဖြစ်နေကြသော ဂျူးလူမျိုး ထောင်သောင်းများစွာတို့သည် ရုရှားနိုင်ငံနယ်ခြားသို့ ခြေဦးလှည့်ပြေးကြလေပြီ။ လမ်းတကာလမ်းတွင် ဂျူးလူမျိုးဒုက္ခသည်များနှင့် ပြည့်လျှက်ရှိ၏။ ပြည်ပသို့ သုတ်ခြေတင်ကြ၏။

လွတ်ရာလွတ်ကြောင်း ပြေးသော်လည်း ဂျူးတို့အား ကယ်တင်နိုင်ပါမည် လား။ မှန်ကန်သောဖြေရှင်းချက် ဖြစ်ပါမလား။

ဂျူးလူမျိုးများက မိမိတို့ပြဿနာအတွက် အဖြေရှာခဲ့သည်မှာ နှစ်ပေါင်း (၂၀၀၀)စင်ကြာခဲ့ပြီ။ ကမ္ဘာ့ဒေသအနှံ့အပြားတွင် ဟိုတကွဲ ဒီတကွဲ ပြန့်ကျဲနေသော ဂျူးလူမျိုးများမှာ ဒေသခံများ၏ အပြုံအငြင်ခံရ၏။ အပယ်ခံရ၏။ အထင်မြင်သေး ခံကြရ၏။ ဂျူးလူမျိုးများ ဘိုးဘွားပိုင်နယ်မြေကို ပြန်လည်ခြေချရန် မျှော်လင့်ချက် မရှိတော့။ ပေါ်လာသမျှ မျှော်လင့်ချက်ရောင်ခြည်နောက်သို့ပင် တန်းတန်းမတ်မတ် လိုက်တတ်ကြ၏။ စိတ်ပျော့ညံ့သည့် ဂျူးလူမျိုးများက မိမိတို့ကိုးကွယ်သည့် ဘာသာ ကိုပင် ရှုတ်ချစွန့်ပယ်ကာ ဘဝသစ်ထူထောင်ဖို့ ရည်မှန်းလာ၏။ သို့တစေ အချို့က လည်း ဒုက္ခတွေ့လေ၊ ဘာသာတရားအပေါ် တိုး၍တိုး၍ ယုံကြည်လေ၊ ကိုင်းရှိုင်း လေ၊ သူတို့အဖို့ နောက်ဆုံးမျှော်လင့်ချက်သည် ဘုရားသာဖြစ်၏။

ထိုစဉ်က ရုရှားနိုင်ငံသည် ဂျူးလူမျိုး အများအပြား စုပေါင်းနေထိုင်ရာ အရပ်ဟုဆိုက မမှား။ သို့တစေ ဂျူးများအား အကြိမ်ကြိမ်အဖန်ဖန် ပြည်နှင်ဒဏ်ခတ် ခဲ့သည်လည်းရှိ၏။ ပိုလန်သို့ အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့သော်လည်း အန္တရာယ် မှ မလွတ်နိုင်။ ပိုလန်နိုင်ငံသည်ပင် (၁၈)ရာစု၌ ရုရှားအင်ပါယာအတွင်း သိမ်းသွင်းခံ ရသောကြောင့်တည်း။

ဂျူးများက ရုရှား၊ ပိုလန်တောင်သူလယ်သမားများနှင့် ရောရောနှောနှော မနေ။ ဂျူးတို့က ရုရှားလူမျိုး၊ ပိုလန်လူမျိုးများကိုလည်း သက်သမကင်းသည်ကြောင့်

စိတ်ချလက်ချ အေးအေးဆေးဆေးနေရသည် မရှိ။ ဂျူးအမျိုးသားများက အနက်ရောင် ဝတ်ရုံရှည်ကြီးဝတ်၊ သားမွေးဦးထုပ်ဆောင်းကာ "ယာဒစ်ရှ်" (Yaddhish)လို သာပြောပြီး ဖာသိဖာသာနေကြသည်။ နေပျောက်ပင်မထိုးနိုင်အောင် အဆောက်အဦများ ပြည့်နှက်နေကာ ညစ်ညစ်ပတ်ပတ်၊ စုတ်စုတ်ပဲ့ပဲ့ သစ်သားအိမ်ငယ်များတွင် ဆင်းဆင်းရဲရဲနေကြရ၏။

စရိုက်လက္ခဏာ အထွေထွေအပြားပြားရှိသော်လည်း အနာဂတ်တွင် သူတို့ဘ၀ ပိုမိုကောင်းမွန်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကိုမူ မယိမ်းမယိုင် ဆုပ်ကိုင်ထားဆဲ၊ ဘုရားသခင်အပေါ် ယုံကြည်ခြင်းလည်း စွဲစွဲမြဲမြဲရှိနေဆဲ။

ထိုရာစုနှစ်မကုန်မီပင် ဂျူးလူမျိုး တစ်သန်းခန့် ရုရှားပြည်မှ စွန့်ခွာသွားတော့သည်။ များသောအားဖြင့် ကမ္ဘာသစ်ခေါ် အမေရိကသို့ သွားသည်။ သို့တစေ အများစုကမူ ပိုနေမြဲ၊ ကျားနေမြဲသာ နေကြ၏။ ရှေးရှေးက ဘိုးဘွားများနည်းတူ ယက်ရှိုကြုံတွေ့နေရသော ဒုက္ခအန္တရာယ်ကိုလည်း အချိန်တန်လျှင် ကျော်လွှားလွန်မြောက်သွားလိမ့်မည်ဟုသာ ယုံကြည်နေကြ၏။

ပိုလန်နိုင်ငံသို့ ဂျူးသတ်ပွဲများကူးစက်ခဲ့ပြီး မြို့တော်ဝါဆော၌ပင် ဆင်နွှဲခဲ့၏။ သို့တစေ ပလွန်ကာ ( Plonka ) မြစ်ကမ်းပေါ်ရှိ ပလော့စ် ( Plonsk )မြို့လေးမှာမူ အန္တရာယ်မှလွတ်ကင်းခဲ့သည်။ ပလော့စ်မြို့တွင် လူဦးရေတစ်သောင်းခန့်ရှိ၏။ သုံးပုံနှစ်ပုံမှာ ဂျူးများဖြစ်သည်။ ပလော့စ်မြို့မှ ဂျူးများက မိမိတို့၏ ဘုရားရှိခိုးကျောင်းကြီး ခမ်းနားထယ်ဝါပုံကို ဂုဏ်ယူမဆုံးကြ။ ပိုလန်ပြည်ရှိ ခမ်းနားထည်ဝါသော ဘုရားကျောင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဂျူးအများစုမှာ ကုန်သည်များ၊ ဆိုင်ပိုင်ရှင်များ၊ စက်ချုပ်သမား၊ ပန်းရံဆရာများ စသည်ဖြင့် . . .

စင်စစ် ဂျူးတို့၏ကမ္ဘာငယ်ငယ်ကလေးနှင့်တူ၏။

ပလော့စ်မြို့၏ နွံ့ဗွက်ပေါ်သော "ဆိတ်တို့သွားရာလမ်း"ရှိ သစ်သားပျဉ်ထောင်အိမ်တွင် (၁၈၈၆) ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့၌ နောင်အချိန်တွင် ဒေးဗစ်ဗင်ဂူရီယန်( David Ben Gurion )တွင်မည့် ဒေးဗစ်ဂရင်းကို မွေးဖွားခဲ့သည်။

ဒေးဗစ်ဂရင်း၏ ငယ်စဉ်တောင်ကျေးကလေးဘ၀က အခြားအခြားသော ဂျူးသူငယ်ချင်းများနှင့်မတူ။ တစ်မျိုးထူးခြား၏။

ဒေးဗစ်၏ဖခင် ဗစ်တာဂရင်း ( Victor Grin )မှာ "ဟတ်စ်ကာလာလှုပ်ရှားမှု"တွင် တိုးတက်သော အယူအဆရှိသူဖြစ်၏။ (ဟတ်စ်တာကာလာသည်

ဂျူးဝါဒနှင့် အနောက်ယဉ်ကျေးမှုကို ပေါင်းစပ်ကာ လက်ခံကျင့်သုံးသောဂိုဏ်းဖြစ်၏)
ဗစ်တာသည် ပလော့စ်မြို့ ဂျူးလူမျိုးတို့၏ ရိုးရာအဝတ်အစားကို ပထမဆုံးစွန့်ပယ်
ခဲ့သူ။ ရှေးရိုးအယူအဆရှိသူ ဂျူးလူမျိုးများက ခွင့်မလွှတ်နိုင်သည့် စီးကရက်သောက်
ခြင်းကိုလည်းကြိုက်သူ။ ရှေ့နေလိုက်ခဲ့သည်ကြောင့် ဂျူးအသိုင်းအဝန်းပြင်ပနှင့်ပါ
ဝင်ဆန့်သူ၊ ပိုလန်လူမျိုးများ၊ ရုရှားအာဏာပိုင်များနှင့်လည်း အပေါင်းအသင်း
ဖြစ်၏။ ပလော့စ်နှင့် ဝါဆောမြို့ရှိ တရားရုံးများတွင် အမှုလိုက်သည်။ ဒေသခံ
လူမှုရေးခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးရှိ၏။

ဗစ်တာ၏မိသားစုမှာ ချမ်းသာသည်ဟုမဆိုနိုင်သော်လည်း၊ စားနိုင်
သောက်နိုင်ကြ၏။ ဒေးဗစ်မိခင် ရှိန်ဒါလ်ဖရစ်မင်း ( **Sheindal Fridman** )သည်
ဗစ်တာနှင့်လက်ထပ်စဉ်က မိဘများက လက်ဖွဲ့လိုက်သည့် အိမ် (၂)လုံးပါလာသည်။
အိမ်ခန်းများကို ငှားထားသည်။

ဗစ်တာသည် မိမိနည်း မိမိဟန်ဖြင့် ဂျူးသူတော်ကောင်းတစ်ယောက်ပါပေ။
ဖခင်ကြီးထံမှ ဘာသာတရားကိုင်းရှိုင်းခြင်းနှင့် ဟီဗရူးဘာသာစကားအား မြတ်နိုး
သောစိတ်ကို အမွေခံခဲ့သည်။ ဒေးဗစ်သည် ဟီဗရူးဘာသာစကားကို အဘိုးနှင့်
ပထမဆုံးသင်ခဲ့ရသည်။ အဘိုးဆုံးသောအခါ ဖခင်က ဒေးဗစ်အား ဆက်လက်သင်
ကြားပေး၏။

ဒေးဗစ် ကလေးသူငယ်ဘဝကပင် တစ်ချိန်က ဂျူးလူမျိုးများ နယ်မြေဖြစ်
သော ပါလက်စတိုင်းအား မြတ်နိုးစေရန် ဗစ်တာက ပုံသွင်းပေး၏။ ဗစ်တာသည်
ဇီယွန်လှုပ်ရှားမှု ( **Zionist Movement** )မပေါ်မီ (၁၅)နှစ်ကျော်ကပင် ဇီယွန်ဝါဒ
( **Zionism** )လက်ကိုင်ပြုသူတည်း။

ဟက်စ် ( **Hess** ) နှင့် စမိုလက်စ်ကင် ( **Smolienskin** )ကဲ့သို့ တစ်ချိန်တွင်
ပါလက်စတိုင်း၌ ဂျူးနိုင်ငံတည်ထောင်နိုင်လိမ့်မည်ဟု မျှော်မှန်းကြသူ ဂျူးအတွေး
အခေါ်ပညာရှင်များ၏ အယူအဆပြန့်နှံ့နေသည်ကို "ဗစ်တာ"သိ၏။ သို့တစေ ဂျူး
လူမျိုးတိုင်းက "နောင်တစ်နှစ်တွင် ဂျေရုစလင် ( **Jerusalem** ) မြို့ကိုသွားပါရစေ"ဟု
ဆုတောင်းရာတွင် အမြဲတစေ ထည့်သွင်းဆုတောင်းကြ၏။ သို့ရာတွင် တစ်ဦးဦးက
တကယ်တမ်းသွားရန် လေးလေးနက်နက် အဆိုပြုလာလျှင်မူ မိမိတို့ပါရုံပါဟု
ဆိုတတ်၏။

သို့ရာတွင် ရုရှား၌ ဂျူးလူမျိုးများသတ်ပွဲ ပေါ်ပေါက်ပြီးနောက် အိုဒက်ဆာ
မြို့ရှိ ဂျူးလူမျိုးဆရာဝန် သီယိုပင်စကာက "ကိုယ်ထူကိုယ်ထလွတ်မြောက်ရေး"

(Auto Emancipation )အမည်ရှိ စာစောင်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ပင်စကာက ဂျူးလူမျိုးများ၏ မရေမရာသဘောထားများကြောင့် မျှော်လင့်ချက်မရှိပုံများကို ရေးသားထားပြီး ပါလက်စတိုင်းတွင် ဂျူးဗဟိုဌာနတစ်ခုတည်ထောင်ရန် အဆိုပြုခဲ့သည်။ သို့ရာတွင် ဂျူးကျောင်းသားတစ်စုက ဘီလို( Bilou )အမည်ရှိ အဖွဲ့အစည်းတစ်ခုတည်ထောင်၍ ဂျူးတို့ဒေသ အရှေ့အလယ်ပိုင်းသို့ ထွက်ခွာသွားနှင့်ပြီးဖြစ်၏။ အခြားအခြားသော ဂျူးလူမျိုးအဖွဲ့အစည်းများ ပေါ်လာခဲ့သည်။ အားလုံးသောအဖွဲ့အစည်းများက "ဇီယွန်မြတ်နိုးသူများ" ( Lovers of Zion )ဟုသာ အမည်ခံကြ၏။ (၁၈၈၄-ခုနှစ်)တွင် ဇီယွန်အဖွဲ့အစည်းများ၏ ပထမဆုံးညီလာခံကို ကာတိုဝိုက်စ်မြို့တွင် ကျင်းပခဲ့သည်။ ညီလာခံသို့ ပလော့စ်မြို့မှ တက်ခဲ့သည့်ကိုယ်စားလှယ်နှစ်ဦးတွင် ဗစ်တာသည် တစ်ဦးဖြစ်၏။ နိုင်ငံရေးဖြင့် ဇီယွန်ဝါဒပေါ်လာသောအခါ ဂျူးလူမျိုးလောကတွင် အုတ်အုတ်ကျက်ကျက်ဖြစ်စေခဲ့သည်။ ဗစ်တာသည် ဇီယွန်အဖွဲ့အစည်း၏ ပထမဆုံး အဖွဲ့ဝင်တစ်ဦးဖြစ်လာသည်။

ဒေးဗစ်သည် ဤသို့သော လွတ်လွတ်လပ်လပ် အသိုင်းအဝန်းတွင် ကြီးပြင်းလာရသူဖြစ်၏။ တစ်ကြိမ်တစ်ခါမျှလည်း ဆင်းဆင်းရဲရဲမနေခဲ့ရ။ အစားအစာငတ်မွတ်ခေါင်းပါးသည်ကို သူမသိ။ အညှင်းပန်း အရှက်ခွဲမခံခဲ့ဘူး။ စုပေါင်းရိပ်သာနေရသည့်ဘဝနှင့် လူသတ်ပွဲတွင် ကြုံခဲ့ရသည့် ကြောက်စရာအဖြစ်များကိုလည်း သူနားမလည်။ သူ့ဘဝက လုံလုံခြုံခြုံရှိခဲ့သည်။ ဒေးဗစ်၏ ကလေးဘဝသည် အခြားအခြားသော သာမန်ဂျူးအသိုင်းအဝိုင်းနှင့် ကင်းကင်းကွာကွာရှိသည်ကြောင့် ဂျူးတို့နှင့်မတူ၊ တစ်မူထူးခြား၏၊ ဂျူးတို့၏စရိုက်လက္ခဏာလည်းမရှိ။

"ကျုပ်အဖေဆီက အစ္စရေးလူမျိုး၊ အစ္စရေးနိုင်ငံနဲ့ ဟီဗရူးဘာသာစကားကို မြတ်နိုးဖို့ အမွေရခဲ့ပါတယ်" ဟု ဒေးဗစ်က ဖခင် ဗစ်တာဂရင်း ကွယ်လွန်သည့်နေ့က သို့ကလို ဆိုခဲ့၏။

မိခင်ထံမှလည်း ဒေးဗစ်သည် အမွေရပါသေး၏။ ကလေးပီပီ မိခင်ကို အားကိုးအားထားသည်။

" ကျုပ် ၂ နှစ်သား၊ ၃ နှစ်သားအရွယ်ကအဖြစ်ကို အခုထိမှတ်မိနေသေး၏။ စားပွဲကြီးရဲ့ ဒေါင့်တစ်နေရာမှာထိုင်ပြီး မိခင်က ကျုပ်ဘေးမှာဇာထိုးနေရင်း ပြုံးနေတာကိုကြည့်ပြီး ကြည်နူးနေမိတယ်" ဟု ဒေးဗစ်က ပြောခဲ့ဖူး၏။

ဒေးဗစ်သည် စတုတ္ထမြောက်သားဖြစ်၏။ မိခင်၏အချစ်ဆုံးသားလည်းဖြစ်၏။ ငယ်စဉ်က ပိန်ပိန်လှီလှီရှိ၏။ ပလော့စ်မြို့တွင် ဝမ်းရောဂါအကြီးအကျယ်

ဖြစ်စဉ်က မိခင်သည် ဒေးဗစ်ကိုခေါ်၍ အဝေးသွားကာရှောင်နေ၏။ မိခင်သည် ရိုးသားဖြောင့်စင်း၏။ ဘာသာတရားကိုင်းရှိုင်း၏။ တစ်နေ့တွင် ဒေးဗစ်သည် ရာဗီဘုန်းတော်ကြီး အကျော်အမော်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထား၏။

ညီအစ်ကိုမောင်နှမများနှင့် ဒေးဗစ်သည် ရောရောနှောနှောမရှိ၊ သီးသီးခြားခြားနေ၏။ မိခင်အပေါ် ချစ်ခင်မြတ်နိုးကာသာရှိနေ၏။ အခြားကလေးများနှင့် ကစားခုန်စားလေ့မရှိ။ သို့တစေ မိသားစုဥယျာဉ်ကြီးအနောက်၊ ချောင်းတစ်ဘက်ကမ်းရှိ ဘုန်းတော်ကြီးတစ်ဦးပိုင် ခြံကျယ်ကြီးအတွင်း ခုန်ပေါက်ပြေးလွှားနေတတ်သည်။ အခြားဂျူးကလေးများနည်းတူ အမည်းရောင်အင်္ကျီရှည်ကြီးကို ဝတ်လေ့ရှိသည်။ သို့ကြောင့်လည်း ဒေးဗစ်မှာ ပို၍ပင်ဖျော့တော့တော့ရှိ၏။

မိခင်ကြီးဆုံးသောအခါ ဒေးဗစ်သည် (၁၁)နှစ်သားပင်မရှိသေး။ ဒေးဗစ်ပထမဆုံးဖတ်ခဲ့သော စာအုပ်များမှာ ဟီဗရူးဘာသာစကားဖြင့် ရေးသောစာအုပ်နှစ်အုပ်ဖြစ်၏။ ဂျူးစာရေးဆရာ မပ္ပေါ်ရေး "ဇီယွန်ကိုချစ်ပါသည်" ( **The Love of Zion** )နှင့် "ဦးဦးတွမ်၏ တဲကလေး" ( **Uncle Tom's Cabin** )တို့ ဖြစ်၏။ ဂျူးအတွေးအခေါ် ပညာရှင်များပြုစုသော စာပေများကိုလည်းဖတ်သည်။ ရုရှားစာအုပ်များကိုလည်း လေ့လာသည်။

တော်လ်စတွိုင်း၏ စာပေများကို သူအမြတ်နိုးဆုံး။ လပေါင်းများစွာ သတ်သတ်လွတ်စားခြင်းကို ယုံယုံကြည်ကြည် ကျင့်ခဲ့သူတည်း။

ဒေးဗစ်သည် မူလတန်းပညာကို သမရိုးကျဂျူးပုံစံဖြင့် သင်ယူခဲ့၏။ အမည်းရောင်ဝတ်ရုံရှည်ကြီးကိုဝတ်ပြီး သမ္မာကျမ်းစာ ဆုတောင်းစာကို ကာလအတန်ကြာ သင်ကြားခဲ့သည်။ ရာဗီဘုန်းတော်ကြီးများ ဦးစီးဖွင့်လှစ်သည့် စာသင်ကျောင်းများတွင် ကြပ်ကြပ်တည်းတည်း ပညာယူခဲ့ရ၏။ တစ်နေ့သော် ဒေးဗစ်သည် ဆုတောင်းခြင်းအမှုကို မပြုတော့။ ဂျူးဘာသာတရားအရ ရှောင်ဖတ်သရရှောင်ရမည်များကိုလည်း မပြုကျင့်တော့။ ဖခင်ကသိသော် ကြိမ်ဆော်ခံရ၏။ သည်တစ်ကြိမ်သာ အရိုက်အနှက်ခံရဖူး၏။ သို့တစေ ရိုက်ဆုံးမစေဦးတော့၊ မထိရောက်၊ ဘာသာတရားအရ ဆောင်ရွက်ရမည့် အမှုမှန်သမျှတို့ကို ဒေးဗစ်က ခေါင်းမာမာဖြင့် စွန့်ခဲ့သည်။ တစ်ခွန်းတစ်ပါဒမျှ မဟာခဲ့ခြင်းကပင် ဒေးဗစ်သည် မိမိဆန္ဒမရှိလျှင် ဘယ်လိုပင် အကြပ်ကိုင်ကိုင် လုပ်မည့်သူမဟုတ်ကြောင်း ပေါ်လွင်သည်။

မည်သည့်နည်းနှင့်မဆို ဘာသာရေးသစ်တွင် စိတ်ပါလက်ပါရှိနေသော ကြောင့်ဖြစ်၏။ ယုံကြည်မှုအသစ်က ကိန်းအောင်းလာ၏။ ဤကားဇီယွန်ဝါဒ။

## သူပုန်လေး

ဇီယွန်ဝါဒသည် မထင်မှတ်သောနေရာဒေသတွင်မှ ပေါ်လာခဲ့ရ၏။ (၁၈၉၄-ခုနှစ်) ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ခရစ်မြို့ရှိ တရားရုံးခန်း၌ ပေါက်ဖွားခဲ့၏။ အများအာရုံစိုက်နေသူမှာ တရားခံ **အယ်ဖရက်ဒရေဖတ်စ်**၊

မှုခင်းသတင်းယူကြသူ သတင်းထောက်များတွင် တစ်ဦးသောသူက အမှုစစ်ဆေးသည်ကိုကြည့်ပြီး စိတ်ထိခိုက်ခဲ့ရ၏။ ထိုသတင်းထောက်မှာ ဂျူးလူမျိုး ဗီယင်နာမြို့ (ဩစတြီးယားနိုင်ငံ)သား ဒေါက်တာသီဒိုဟာဇယ်လ် ( **Dr. Theodore Herzl** ) ဖြစ်၏။ ဒရေဖတ်စ်အမှုကို သတင်းယူရင်းက အတွေးပေါ်ခဲ့သည်။ ဂျူးလူမျိုးများသည် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် တစ်ကွဲတစ်ပြားရှိနေသရွေ့ ဘယ်သောခါမှ ငြိမ်းငြိမ်းချမ်းချမ်း၊ လုံလုံခြုံခြုံနေရမည်မဟုတ်။ ရိုရိုသေသေ လေးလေးစားစား ရှိမည်မဟုတ်။ ဂျူးတို့ပိုင် တစ်သီးတစ်ခြားနိုင်ငံ တည်ထောင်နိုင်ပါမှ ဂျူးလူမျိုးများအတွက် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ အာမခံချက်ရှိနိုင်မည်ဟူ၍ . . .။

ဂျူးတို့၏ နေရင်းဌာနေရှိခဲ့ဖူး၏။ ယခုရှိဆဲ၊ ဤကား ပါလက်စတိုင်းတည်း။ ဂျူးနိုင်ငံတည်ထောင်ရေးကို တိုက်တွန်းအဆိုပြုသော စာအုပ်တစ်အုပ်ရေးသားပြုစုရန် စိတ်ဆုံးဖြတ်လိုက်၏။ တစ်နှစ်ခန့်ကြာ၏။ ဂျူးနိုင်ငံ **(The Jewish State)** အမည်ရှိ စာအုပ်တစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ အဆိုပါစာအုပ်ကို ဘာသာအမျိုးမျိုးသို့ ပြန်ဆိုခဲ့၏။ စာအုပ်ထွက်လာသည်နှင့် ဂျူးအသိုင်းအဝန်းတွင် လှုပ်လှုပ်ရွရွ

ဖြစ်ခဲ့သည်။

ဒေးဗစ်သည်လည်း ပလော့စ်မြို့မှ အဆိုပါသတင်းများကိုကြားရ၏။ မေရှိယ ကယ်တင်ရှင် တကယ်ပင်ပေါ်ပြီဟု သူ့အား ပြောသူက ပြောပြ၏။ မေရှိယ ကယ်တင်ရှင်လက်သစ်က အသက်ငယ်ငယ်ရွယ်ရွယ်ရှိပြီး မုတ်ဆိတ်ဖြင့် ဣသရေလ ခေါ် ဂျူးလူမျိုးများအား'ကတိထားရာနယ်' ( **Promised Land** )သို့ ဦးဆောင်ခေါ် သွားပေလိမ့်မည်တကား . .။ သတင်းကြားသည်နှင့် ဒေးဗစ်မှာ တအံ့တသြ ကလေးပီပီ စိတ်အားထက်ထက်သန်သန်ရှိသည်ကြောင့် သူငယ်ချင်း အပေါင်း အသင်းများကိုပါ စည်းရုံးတော့သည်။

ရွယ်တူကလေးအများအပြားက ကစားခုန်စားနှင့် အချိန်ကုန်လွန်နေသော် လည်း အသက် (၁၂)နှစ်အရွယ်ရှိ ဒေးဗစ်သည် နိုင်ငံရေးစတင်ဆောင်ရွက်နေပေပြီ။ အသက် (၁၄)နှစ်အရွယ်တွင် ဒေးဗစ်သည် သူ့ကိုယ်သူ လူလားမြောက်ပြီဟုပင် ယူဆထား၏။ တာဝန်ရှိပုဂ္ဂိုလ်ကြီးဟု သဘောထား၏။ ဒေးဗစ်သည် သူငယ်ချင်း နှစ်ဦးဖြင့်ပူးပေါင်းပြီး 'အီဇရာ' ( **Ezra** )ခေါ် လူငယ်အဖွဲ့အစည်းတစ်ခုကို တည် ထောင်ခဲ့သည်။ 'အီဇရာ'မှာ ဘေဘီလုံနိုင်ငံ ( **Babylon** )သို့ ထွက်ပြေးခဲ့ရသော ဂျူးလူမျိုးများအား ဣသရေလ (အစ္စရေး)နိုင်ငံသို့ ပြန်လည်ခေါ်းဆောင်ခေါ်လာ သော ပုဂ္ဂိုလ်ကြီး၏နာမည်ဖြစ်၏။ လူငယ်အဖွဲ့အစည်း၏ အဓိကရည်ရွယ်ချက် မှာ ပါလက်စတိုင်းသို့ပြန်ရန်အတွက် ဂျူးလူငယ်များက အစစအရာရာအသင့်ရှိကြဖို့ ပြင်ဆင်ပေးရန်ဖြစ်၏။ တစ်ချိန်တည်းမှာပင် ဂျူးလူငယ်များအား ဟီဗရူးဘာသာ စကားသင်ကြားပေးရန် ကတိထားရာနယ်မြေကို မြတ်နိုးတွယ်တာစေရန်တို့လည်း ပါဝင်ကြ၏။ ဒေးဗစ်သည် သူငယ်ချင်း ရှလမိုးမတ်ချ် (**Shlomo Zemach**) နှင့် ရှတိုအာဖူရှ် (**Schmonel Fuchs**)တို့ထက် ငယ်သော်လည်း အဖွဲ့ခေါင်းဆောင် အဖြစ်ဆောင်ရွက်သည်။ ဒေးဗစ်က အာဗိဇ္ဇနီးရှင်သည်ကြောင့် ပလော့စ်မြို့က ဂျူးများပင် အံ့သြကြ၏။ စကားပြောရာတွင် စိတ်ပါလက်ပါ အားပါးတရပြောတတ် သည်။ ထိုအရွယ်ကပင် ဒေးဗစ်က စကားစစ်ထိုးပွဲများတွင် ရည်ရည်လည်လည်ပြော ထုတ် ဆိုတတ်၏။

ဖခင် ဗစ်တာကိုယ်တိုင်က ပလော့စ်မြို့ရှိ ဇီယွန်ဝါဒလှုပ်ရှားမှုတွင် တက် တက်ကြွကြွ ပါဝင်ခဲ့သူဖြစ်၏။ ဒေးဗစ်တို့နေအိမ်မှာ မြို့မှ ဇီယွန်ဝါဒီများ ဆုံဆည်း ရာဌာနဖြစ်လာ၏။ ထိုအိမ်မှာပင် လက်ကမ်းစာများရိုက်နှိပ်၍ ထိုအိမ်မှာပင် အသင်း ပိုင်ငွေများကို ထားရှိသည်။

(၁၉၀၀-ခုနှစ်)များအစက ပိုလန်နိုင်ငံတွင် ဇီယွန်ဝါဒီတစ်ဦးဖြစ်ရန် စင်စစ်လွယ်ကူသောအချိန်မဟုတ်။ ဇီယွန်ဆန့်ကျင်ရေးတွင် သဲသဲမဲမဲပါဝင်သူများမှာ ဂျူးများပင်ဖြစ်၏။

ဟာဇယ်လ်က ဂျူးများအား ပါလက်စတိုင်းတွင် ပြန်လည်နေရာချထားရေးကို ဆွေးနွေးညှိနှိုင်းပြီးမှ ဆောင်ရွက်လိုသည်။ ထိုစဉ် ရုရှားရှိ ဂျူးများမှာ အသတ်အဖြတ်ခံနေကြရသည်။ ဘေဆယ်လ်မြို့တွင် နောက်ဆုံးတစ်ကြိမ်ကျင်းပခဲ့သောညီလာခံ၌ ဗြိတိသျှအစိုးရအဖွဲ့မှ ကိုလိုနီဆိုင်ရာဝန်ကြီး ဂျိုးဇက်ချိန်ဘာလိန်က အာဖရိကအရှေ့ပိုင်း ယူဂန္ဒာနိုင်ငံတွင် ဂျူးနိုင်ငံတည်ထောင်ရန် အဆိုပြုသည်။ ဟာဇယ်လ်က လက်ခံသဘောတူမည့်ဟန် ရှိ၏။

ဩဂုတ်လတစ်နေ့တွင် ဘေဆယ်လ်မြို့၌ ကျင်းပသော ညီလာခံမှ သတင်းက ပလော့စ်မြို့သို့ပြန်လာ၏။ တပူးတွဲတွဲနေလေ့ရှိကြသော ဒေးဗစ်နှင့် အဖော်နှစ်ဦးမှာ ပလော်ကာမြစ်အတွင်း ရေစိမ်နေရင်းက သတင်းစာတွင် ဘေဆယ်လ်ညီလာခံသတင်းကို ဖတ်ရ၏။ သည်တစ်ကြိမ်တွင်တော့ သစ္စာဖောက်ခံရပြန်ပြီဟု တွေးမိ၏။ ယူဂန္ဒာတွင် ဂျူးနိုင်ငံတည်ဆောက်မည်ဟူသော စီမံကိန်းက ပါလက်စတိုင်းတွင် ဂျူးနိုင်ငံတည်ထောင်မည်ဟူသော ရည်မှန်းချက်မှ ဂျူးလူမျိုးများအား အာရုံပြောင်းစေနိုင်၏။ မြစ်ကမ်းနံဘေးတွင် ရေစိုဝတ်များပင် မလဲသေးဘဲ၊ သူတို့ဘဝတွင် ပထမဆုံးအကြိမ် အရေးကြီးဆုံး အဆုံးအဖြတ်ကို ချမှတ်ခဲ့ကြသည်။ ဇီယွန်ဝါဒ၏ ရည်မှန်းချက်အောင်မြင်ရေးတွင် ဧလိယ ( **Aliyah** ) ခေါ် မိမိတို့ရောက်ရှိသောနိုင်ငံများမှထွက်၍ ပါလက်စတိုင်းတွင် သွားရောက်အခြေစိုက်မှသာ ဖြစ်မည်ဟုသဘောပေါက်ကြ၏။ ညီလာခံစည်းဝေးများကျင်းပခဲ့သည်မှာ လုံလောက်ပြီ။ မိန့်ခွန်းစကားခြွေခဲ့သည်မှာလည်း တန်လောက်ပြီ။ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် နည်းလမ်းတစ်ခုတည်းသာရှိ၏။ ပါလက်စတိုင်းသည်သာ ဂျူးနိုင်ငံဖြစ်ကြောင်း စကားပြောနေရုံဖြင့်မပြီး။ လက်တွေ့ဆောင်ရွက်ကြရန် အချိန်တန်ပြီဟုဆိုကြ၏။

ဒေးဗစ်က သံတမန်ရေးရာပုံစံအရ ဆွေးနွေးညှိနှိုင်းမှုအပေါ် အယုံအကြည်မရှိ။ ဒေးဗစ်သည် လက်တွေ့ကျကျကျင့်ရမှ ကျေနပ်သူဖြစ်၏။ စကားပြောနေသည်ထက် လက်တွေ့ဆောင်ရွက်သည်ကို ပို၍မြတ်နိုး၏။

'ပါလက်စတိုင်းမှာ ဂျူးကျေးရွာတစ်ရွာတည်တာက ညီလာခံပေါင်း တစ်ရာမက ကျင်းပတာထက် ပိုအရေးကြီးတယ်လို့ ကျွန်တော်သဘောရပါတယ်။ စစ်မှန်တဲ့

ဇီယွန်ဝါဒဟာ ပါလက်စတိုင်းမှာ ဂျူးတို့ ကိုလိုနီတည်ထောင်ဖို့ပဲဖြစ်တယ်။ ကျန်တာတွေက အလကား တောင်စဉ်ရေမရ လုပ်နေတာတွေပါပဲ'

ဟု ဒေးဗစ်က ဖခင်ထံ စာရေးရာတွင် ဖော်ပြခဲ့သည်။

ဒေးဗစ်က မြစ်ကမ်းနဖူးပေါ်တွင်ရပ်ရင်းက စိတ်ဆုံးဖြတ်လိုက်၏။ အမြန်ဆုံး ပါလက်စတိုင်းသို့ သွားတော့မည်ဟူ၍၊ ထိုအစီအစဉ်ကို ဒေးဗစ်က အသေးစိတ်ချမှတ်သည်။ နိုင်ငံသစ်တည်ထောင်ရာတွင် ဆောက်လုပ်ရေး လုပ်သားကြီးများလိုသည်။ ထို့ကြောင့် စက်မှုသိပ္ပံကျောင်းသို့ သွားမှသင့်ပေမည်။ စက်မှုတက္ကသိုလ်မှ ဘွဲ့ရသည်နှင့် 'ကတိထားနယ်မြေ'သို့ ထွက်ခွာသွားတော့မည်ဟု ယတိပြတ်ဆုံးဖြတ်ခဲ့သည်။ မည်သို့ဆိုစေ ပိုလန်တွင် အမိုးထုတ်ရန် စိတ်မကူးတော့။

အသက် (၁၅)နှစ်အရွယ်တွင် ဒေးဗစ်သည် အထက်တန်းကျောင်းထွက်လက်မှတ်ရရန်အတွက် ဝါဆောမြို့သို့ ထွက်ခွာသွားသည်၊ ဝါဆောရှိ ဂျူးကျောင်းတစ်ကျောင်းတွင် စာသင်ပို့ချခြင်းဖြင့် ဝင်ငွေရှာ၏။ တစ်လလျှင် ရူဘဲလ် (၂၀)မျှသာရသည်၊ သို့တစေ သူ့အဖို့ အသုံးစရိတ်လုံလောက်၏။ ဒေးဗစ်သည် စာဖတ်ဝါသနာပါသူပီပီ စာအတော်ဖတ်၏။ ဇီယွန်လှုပ်ရှားမှုတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည်။ ဝါဆောရှိ ဇီယွန်လှုပ်ရှားမှုသည် ပလော့စ်မြို့ထက် ကျယ်ပြန့်၏။

မိမိကျင်လည်နေရသော ဝန်းကျင်သစ်ကို ဒေးဗစ်ကျေနပ်၏။ လူချောလူလှမို့လည်း အမျိုးသမီးငယ်များလောကတွင် ရေပန်းစား၏။ သို့တစေ ဝိုင်းဝိုင်းလည်နေသည့် မိန်းကလေးများတွင် သူအမြတ်နိုးဆုံးက ရေစယ်လ်နယ်လ်ကင် ( **Rachel Nelkin** ) ဖြစ်၏။ ရေစယ်လ်သည် ဇီယွန်ဝါဒီတစ်ဦးဖြစ်သည့် စင်ချာအိုင်ဇစ် ( **Simcha Ayzik** ) ၏ မွေးစားသမီးဖြစ်၏။ ချစ်သူနှစ်ဦးကြားတွင် တစ်ချိန်မှ မုန်တိုင်းမထန်ခဲ့။ မိုးမဆုံး မြေမဆုံး ပျော်ခဲ့သည်။ သူတို့နှစ်ဦး၏ဘဝက ပကတိ ချမ်းမြေ့စရာ။

(၁၉၀၄-ခုနှစ်) ဇူလိုင်လတွင် ဒေးဗစ်သည် ဝါဆောမြို့မှ ပလော့စ်မြို့သို့ အလည်အပတ်ပြန်ခိုက် ဟာဇယ်လ်သေဆုံးကြောင်းသိရ၏။ ဒေးဗစ်ဘဝတွင် အကြီးဆုံးသော ဆုံးရှုံးမှုပင်။ ဟာဇယ်လ်ကြိုးပမ်းအားထုတ်ခဲ့သမျှ ဘာမှ အကျိုးမဖြစ်ထွန်းခဲ့။ သေဆုံးစဉ်က စိတ်ပျက်လက်ပျက်ဖြစ်နေချိန်။ ကမ္ဘာအနှံ့အပြားရှိ ဂျူးအသိုင်းအဝိုင်းများသို့ သတင်းပြန့်သွားခဲ့သည်။ ကြားရသူတိုင်း တုန်လှုပ်ချောက်ခြားသွားခဲ့သည်။ ဟာဇယ်လ် သေဆုံးခြင်းသည် ဇီယွန်လှုပ်ရှားမှု ဆုံးခန်းတိုင်ပြီဟု ဆိုလိုခြင်းလား။ ရက်များမကြာမီ ဝါဆောမြို့သို့ ပြန်ရောက်သောအခါ ဒေးဗစ်က

သူငယ်ချင်းတစ်ဦးထံ စာရေးလိုက်သည်။

'ဟာဇယ်လ်သေဆုံးသည်ကြောင့် ဆုံးရှုံးမှုက ငါတို့လူမျိုးကြုံတွေ့ခဲ့ရတဲ့ အမျိုးမျိုးသော ဒုက္ခပမာဏလောက်ပဲ ကြီးတယ်ကွ'တဲ့။

သို့တစေ ဒေးဗစ်ကတော့ စိတ်မပျက်။

'နေမင်း ကွယ်ပျောက်ခဲ့ပြီ၊ ဒါပေမယ့် အလင်းရောင်ကတော့ တောက်ပဆဲ' . . . တဲ့။

နောင်ကြာသော် ဒေးဗစ်က သို့ကလိုဆို၏။

'ကျူပ်လှုပ်ရှားမှုက ဂျူးလူမျိုးများ အောက်တန်းနောက်တန်းကျတဲ့ ဘ၀ ဆန့်ကျင်ရေး တိုင်းတစ်ပါးတွင်နေထိုင်ရသည့် ဆင်းရဲမှုဆန့်ကျင်ရေး၊ ဇီယွန်ဝါဒကို စာတွေ့သဘောသာကျင့်သုံးခြင်းအား ဆန့်ကျင်ရေး စတဲ့ တော်လှန်ပုန်ကန်မှုမှ ပေါက်ဖွားလာခြင်းဖြစ်တယ်' . . . တဲ့။

ဒေးဗစ်သည် ဝါဆောရှိ ဒိဇတ်တာဗင်ကိုင်း ( **Hzahk Tabenkin** ) အိမ်တွင်း ဇီယွန်လုပ်သားအစည်းအရုံး (**The Workmen of Zion**) သို့ ဝင်ခဲ့၏။ ဇီယွန်ဆိုရှယ်လစ် လူ့အဖွဲ့အစည်းဖြစ်၏။ (တာဗင်ကိုင်းသည် နောင်တွင် ဒေးဗစ်၏ အတိုက်အခံဖြစ်လာ၏။) ပလော့ဇ်မြို့တွင် ဒေးဗစ်က ဦးစီးပြီး ကလာပ်စည်းတစ်ခုကို တည်ထောင်သည်။ ဒေးဗစ်နှင့် အပေါင်းအသင်းများက တော်လှန်ရေးသမားအသွင် ဂိုက်ဖမ်းကြ၏။ ဝတ်စုံမရှိ။ လက်နက်နတ္ထိနဲ့ မိမိတို့အဖြစ်ကိုကြည့်ပြီး မရယ်ဘဲမနေနိုင်။ သို့တစေ ဇာဘုရင်၏ရဲအဖွဲ့များက ဒေးဗစ်တို့မိသားစုအိမ်ကို ရှာဖွေသောအခါတွင်မူ လှည့်စား၍မရတော့။ ကံကောင်းထောက်မ၍ ရဲများက လက်နက်နှင့် အဖွဲ့အစည်း၏ စာရွက်စာတမ်းများကို လုံးဝတွေ့မသွားကြ။ အကြိမ်ကြိမ်ရှာသော်လည်း မတွေ့၊ သို့ရာတွင် နောက်ဆုံးတစ်ကြိမ် ဇေ့ဇေ့စပ်စပ်ရှာသောအခါတွင်မူ ဗစ်တာက လက်နက်များအား အခြားလုံခြုံရာနေရာသို့ ပြောင်းရွှေ့ထားရန် ဆုံးဖြတ်လိုက်၏။ ထိုသို့ပြောင်းရွှေ့ရာလည်း ဇာဘုရင်ရဲများမျက်စိအောက်မှ တစ်ချိန်က အိမ်ကိုသယ်လာသည့်အတိုင်း ပို့ခဲ့၏။ ဗစ်တာနှင့် အပေါင်းအသင်းတစ်စုက အမဲရောင်ဝတ်ရုံကြီးများ ခြုံလျက် ဝမ်းနည်းကြေကွဲသည့်မျက်နှာထားဖြင့် အခေါင်းအတွင်း လက်နက်များထည့်ကာ အသုဘချသည့်ဟန်ပြု၍ သယ်ပို့ခဲ့၏။ ဇာဘုရင်ရဲများ အရောက်အပေါက်နည်းသည့်အိမ်သို့ ပို့ခဲ့ခြင်းတည်း။

နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဒေးဗစ်နှလုံးသားထဲမှ ပါလက်စတိုင်းသို့ သွားရောက်အခြေစိုက်ရေးသည် ပပျောက်သွားလိမ့်မည်ဟု ထင်စရာရှိ၏။ စင်စစ်

လုံးဝမပျောက်။ ဒေးဗစ်နှင့် သူငယ်ချင်း ဖုရှ်နှင့် ဇီမတ်ချ်ရဲ့ ရဲသုံးဖော်ကကြိတ်၍ ဆွေးနွေးကြသည်။ ဇီမတ်ချ်က ပါလက်စတိုင်းသို့ ဦးစွာသွားရန် ဆုံးဖြတ်ကြ၏။ ကျန်နှစ်ဦးက နောက်မှလိုက်ရန်ဖြစ်၏။ တစ်နေ့တွင် ဇီမတ်ချ်သည် ဖခင်ပို့ပေးသော ရှဘဲလ်ငွေ (၃၀၀)ကို ယူပြီး ခရီးထွက်၏။ ဒေးဗစ်နှင့်အတူ ဝါဆောတွင် ရက်အနည်းငယ်နေပြီးမှ ပါလက်စတိုင်းသို့ ထွက်သွား၏။ ဇီမတ်ချ်သည် ပါလက်စတိုင်းသို့ ရောက်ပြီး တစ်နှစ်အကြာမှ ဒေးဗစ်ထံသို့ အခြေအနေအရပ်ရပ်ကို ပြက်ပြက်ထင်ထင်မြင်လာရအောင် အသေးစိတ်စာရေးခဲ့၏။ သည်စာများတွင် နောင်တွင် ဇီမတ်ချ်တစ်ယောက် စာရေးဆရာဖြစ်ရန် လမ်းခင်းပေးရာများဖြစ်ရော့သလား။ ဇီမတ်ချ်၏စာများမှ ဒေးဗစ်မြတ်နိုးသောနေရာနှင့် လူမျိုးစုအကြောင်း အစုံအလင်သိခွင့်ရခဲ့၏။ သို့ကြောင့်လည်း ဒေးဗစ်ကိုယ်တိုင် ပါလက်စတိုင်းသို့ ရောက်သောအခါတွင် နေရာနှင့်လူမျိုးသည် မိမိအဖို့မစိမ်းတော့။ နှစ်ရှည်လများကပင် ရင်းရင်းနှီးနှီး ရှိသည်ဟု ထင်မှတ်ပြီးသား။

ဖုရှ်မှာ ဒုတိယထွက်ရသူ။ သို့တစေ ဖုရှ်ထံမှ ဒေးဗစ်ပထမဆုံးရရှိသော စာမှာ လန်ဒန်စာတိုက်မှ အမှတ်အသားပါလာ၏။ နောက်စာတစ်စောင်က နယူးယောက်မှ ထည့်လိုက်ခြင်းဖြစ်၏။ ဖုရှ် တစ်ယောက် သူရဲဘောကြောင်သွားလေပြီ။ ဖုရှ်သည်လည်း ထောင်သောင်းများစွာသော ဂျူးများနည်းတူ အမေရိကန်ပြည်ထောင်စုသို့ ခိုလှုံခြင်းဖြင့် အလွယ်လမ်းလိုက်ခဲ့၏။

ဒေးဗစ်က နောက်ဆုံးမှထွက်ခွာရသူ။ အသက်အားဖြင့် (၂၀)ရှိပြီ။ ကိုယ်ခန္ဓာသေးသေးငယ်ငယ် စိတ်ထားခိုင်၏။ မုတ်ဆိတ်မွေးဗလဗျစ်နှင့်မို့ အရွယ်နှင့်မမျှ ကြီးရင့်သယောင်ရှိ၏။ အညိုရောင်ရှိ ထူထဲသည့်သူ့ဆံပင်က သေသေသပ်သပ်မရှိ။ တော်လှန်ရေးသမားများ၏ သမရိုးကျဂိုက်ကအပြည့်။ မှန်သည်။ သည်ဂိုက်သည်ပုံစံကြောင့် ဇာဘုရင်များက မျက်စိစပါးမွေးစူးပြီး ဒေးဗစ်ကိုဖမ်းခဲ့၏။ နိုင်ငံရေးပြစ်မှုဖြင့် ထောင်ချခံရ၏။ သို့တစေ ဖခင်ဗစ်တာက ဒေးဗစ်အဖမ်းခံရသော ဝါဆောသို့ သုတ်ခြေတင်ခဲ့သည်။ သားကို လွတ်ငြိမ်းချမ်းသာခွင့်ရရန် ကြိုးစား၍ အောင်မြင်ခဲ့၏။ တစ်ဖန် နိုင်ငံရေးလှုံ့ဆော်သည့် စာရွက်စာတမ်းများ လက်ဝယ်ထားရှိမှုကြောင့် ဒုတိယအကြိမ် အဖမ်းခံရပြန်၏။ ဆိုက်ဗေးရီးယားအကျဉ်းစခန်းသို့ ပို့ရန်အကြောင်းလုံလောက်ပေပြီ။ သို့ရာတွင် ဗစ်တာ၏မိသားစုက ဝါဆောမှ အရှိန်အဝါရှိသူများနှင့် အဆက်အသွယ်ရှိနေသည်ကြောင့် ဒေးဗစ်လွတ်ခွင့်ရပြန်၏။

ဒေးဗစ်က နောက်မဆုတ်ခဲ့၊ ထောင်မှလွတ်လျှင်လွတ်ခြင်း နိုင်ငံရေး

လှုံ့ဆော်ပွဲများကို ပလော့စ်နှင့်အနီးဝန်းကျင်တွင် ဆက်လက်ဆောင်ရွက်သည်။

ထိုစဉ် တစ်နှစ်ပြည့်သည်ကြောင့် မူလကတိပေးသည့်အတိုင်း ဇီမတ်ချ်လည်း ပါလက်စတိုင်းမှပြန်ရောက်လာသည်။ ဒေးဗစ်က ဇီမတ်ချ်နှင့်အတူ ပါလက်စတိုင်းသို့လိုက်ပါရန် စိတ်ဆုံးဖြတ်ပြီးဖြစ်၏။ ဖခင်ဗစ်တာက မတား။ သို့တစေ သွားမီ ပညာကိုဆုံးခန်းတိုင်အောင် သင်ဝေလို၏။ နောက်ဆုံး ခေါင်းမာသည့် သားဆန္ဒကို လိုက်လျောခဲ့ရသည်။

ဒေးဗစ်သည် ပတ်စ်ပို့အတု နာမည်လိမ်ဖြင့် အိုဒက်ဆာမြို့သို့ ထွက်ခွာသွား၏။ အိုဒက်ဆာမြို့တွင် အလုပ်ကိစ္စဖြင့် ပါလက်စတိုင်းမှလာသော လယ်သမားကြီးတစ်ဦးနှင့် ဆုံမိကြသည်။ ဣသရေလနယ်မြေတွင် ဦးစွာထွန်ယက်စိုက်ပျိုးခဲ့သည့် လယ်သမားကြီးပေလား။ မည်သို့ဆိုစေ မကြာတော့သောကာလတွင် ဒေးဗစ်သည်လည်း ထိုလယ်သမားကြီးများ စာရင်းဝင်ဖြစ်ရတော့မည်မှာ မလွဲ။

(၁၉၀၆-ခုနှစ်၊ ဩဂုတ်လ)၏ နေ့တစ်နေ့။ ဒေးဗစ်သည် တူရကီလူမျိုး၊ ဂရိ၊ ရုရှားနှင့် အခြားဂျူးလူမျိုးများနှင့်ရောနှော၍ကာ တစ်ချိန်က သူ့စိတ်ဝယ် မျှော်မှန်းရာဒေသသို့ ရုရှားကုန်တင်သင်္ဘောကြီးစီးကာ ထွက်ခဲ့၏။ သူတစ်ကြိမ်တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးသေးသော နိုင်ငံဆီသို့ ထွက်ခွာသွားတော့၏။

## 'စီဂျီရာ'မှာ အမှန်ရှာ

ပါလက်စတိုင်း။

ရာစုနှစ်ပေါင်းများစွာမှပင် ဂျူးတို့ အိမ်မက် မက်ရာနယ်မြေ။

နို့နှင့်ပျားရည်စီးရာ နယ်မြေ။

စိမ်းလန်းစိုပြေ၍ ပုံပြင်များမှ တောင်ထွတ်များရှိရာနယ်မြေ။

သို့တစေ ဣသရေလနိုင်ငံတွင် ကိုယ့်မင်းကိုယ့်ချင်းဖြင့် ရှိစဉ်ကာလကပင် ရေများခမ်းကုန်ပြီး သွေ့ခြောက်သောနယ်မြေဖြစ်ခဲ့ပြန်၏။ ဂျူးတို့သည် ထီးကျိုးစည်ပေါက်၊ သူတစ်ပါးလက်အောက်ရောက်ခဲ့ရ၏။ ဇာတိမြေမှစွန့်ခွာ၍ ကမ္ဘာ့ဒေသအနှံ့သို့ တစ်ကွဲတစ်ပြားလွင့်ခဲ့ကြသည်။ ပါလက်စတိုင်းနယ်မြေသည်ပင် အင်ပါယာရှင်တစ်ဦးလက်မှ တစ်ဦးလက်သို့ အကြိမ်ကြိမ်အဖန်ဖန် ပြောင်းခဲ့လေပြီ။

ဇီယွန်အဖွဲ့အစည်းမှ ပါလက်စတိုင်းသို့ ဂျူးရွှေ့ဆောင်များစေလွှတ်ချိန်၌ ပါလက်စတိုင်းသည် အော်တိုမင်အင်ပါယာပိုင်ဖြစ်၏။ ဓမ္မဟောင်း ( **Oid Testament** ) ကျမ်းတွင်ဖော်ပြခဲ့သော တစ်ချိန်က ပါလက်စတိုင်း၏ စိုပြေလန်းဆန်းမှုသည် တစ်ခုမျှမရှိတော့။ အကြိမ်ကြိမ် စစ်တလင်းဖြစ်ခဲ့ရ၏။ စိုက်ပျိုးထွန်ယက်မှုမရှိခဲ့။ သို့ကြောင့် တစ်ချိန်က စပျစ်ဥယျာဉ်ခြံများသည်ပင် မြေရိုင်းတောကြီးများဖြစ်ခဲ့ရသည်။ မြေဩဇာကြွယ်ဝသော ပင်လယ်ကမ်းခြေနှင့် ကုန်းတွင်းရေဝပ်ရာ ချိုင့်ဝှမ်းဒေသများလည်း ငှက်ဖျားရောဂါ ထူပြောရာအရပ်ဖြစ်ခဲ့ရ၏။ ဂျူဒီးယား **(Judea)**

ဒေသသည်လည်း တောင်ကတုံးများရှိရာ ပူပြင်းခြောက်သွေ့သော နယ်မြေဖြစ်ခဲ့သည်။ ပါလက်စတိုင်းသည် အော်တိုမင်အင်ပါယာတွင် ဂရုမစိုက် လျစ်လျူရှုထားရာ နယ်မြေဖြစ်ခဲ့ရ၏။

သို့တစေ ဂျူးလူမျိုးများ ဘုရားရှိခိုးဆုတောင်းရာတွင် ပါလက်စတိုင်းသည် အဓိကမျှော်မှန်းရာနယ်မြေဖြစ်ဆဲ။ မိမိတို့က ရှေ့ဆောင်ဖြစ်သည်ဟု အစဉ်မျှော်မှန်းသော ဂျူးလူငယ်လူရွယ်များ တမ်းတရာနယ်မြေဖြစ်ဆဲ . . .။ ပါလက်စတိုင်းမှ မစွန့်မခွာနေခဲ့ကြသော ဂျူးများရှိ၏။ ဂျာဖာ၊ ဆာဖတ်၊ တိုင်ဘာရီယဒ်ဟီဘရွန်နှင့် ဂျေရုစလင်မြို့များတွင် ဂျူးများ အများအပြားရှိတုန်းပင်။ ဥပဒေစာချွန်အမျိုးမျိုးဖြင့် နှင်ထုတ် ခဲ့သော်လည်း တုတ်တုတ်မျှမလှုပ်ခဲ့သည့် သတ္တိခဲဂျူးများတည်း။ အချို့ကလည်း ကနဦးကပင် အော်တိုမင်အာဏာပိုင်များနှင့် အခြားနယ်မြေများမှ ထွက်လာခဲ့ပြီး အခြေစိုက်ခဲ့သူများမှ ပေါက်ဖွားဆင်းသက်ခဲ့သူများဖြစ်၏။ အတူတူ စုစုဝေးဝေးနေခဲ့ကြသော်လည်း အကျိုးမများလှ။ 'ကယ်တင်ရှင်မေရှိယ'ကိုသာ တမ်းတမ်းတတ မျှော်နေကြဆဲ . . .။

'ကယ်တင်ရှင် မေရှိယ'တော့ ပေါ်မလာခဲ့။ သို့တစေ ဥရောပဝတ်စုံကို ဝတ်ပြီး ယာဒစ်ရှ် ရုရှားနှင့် ပိုလန်ဘာသာစကားများကို ရည်ရည်လည်လည် ပြောတတ်သူ ဂျူးလူငယ်တစ်ဦးကား မထင်မရှား ဂျာဖာသင်္ဘောဆိပ်သို့ ခြေချခဲ့သည်။ သင်္ဘောဖြင့်ပါလာသော ဂျူးအများအပြားမှာ ကြမ်းကြမ်းတမ်းတမ်း အလုပ်လုပ်ခဲ့ကြရဟန်မရ။ ကိုယ်ခန္ဓာသေးသေးသွယ်သွယ်၊ ပိန်ပိန်လှီလှီနှင့် . . . သို့တစေ စိတ်ဓါတ်ကြံ့ခိုင်မှုကအပြည့် . . .။ သည်ပင်လျှင် တစ်အားတက်စရာ။ သူတို့၏ စီမံကိန်းကို မိုက်ရူးရဲစီမံကိန်းဟု ပညာရှင်များ၊ အကြံပေးပါရဂူများက ဆိုဆို ဂျူးလူငယ်တစ်စုက ဂရုမစိုက် အလေးမထားခဲ့။ ပူပြင်းခြောက်သွေ့သည့် မြေရိုင်းများတွင် ဂျူးလူငယ်တစ်စုက စိုက်ပျိုးထွန်ယက်ကာ ကျေးရွာများပင်တည်ကြ၏။ စွတ်စိုထိုင်းမှိုင်းရာအရပ်အနီး ချောင်း၊ မြောင်းဘေးတွင်ထိုင်ကာ ရွက်ဖျင်တဲအတွက် ဖာထေးချုပ်လုပ်နေသော နိုင်ငံခြားသားလူငယ်များကို ပါလက်စတိုင်းတွင် မမြင်ချင့်အဆုံး။ ထိုစဉ်က ပါလက်စတိုင်းသို့ ခိုဝင်လာသည့် ဂျူးဆယ်ဦးအနက် တစ်ဦးသာ ခွဲရှိရှိ ဆက်လက်နေထိုင်ခဲ့သည်။ အများအပြားစွန့်ခွာသွားကြ၏။

ဂျူးသမိုင်းတွင် တအံ့တသြဖြစ်စေခဲ့သည့် ရွှေ့ပြောင်းဂျူးများမှာ ထောင်ဂဏန်းပင်မရှိ။ ရာဂဏန်းမျှသာ စိတ်ပါလက်ပါရှိသူအနည်းငယ်သာ။ ကျန်းမာရေးမကောင်း၊ စားနပ်ရိက္ခာအပြည့်အစုံမရှိ၊ အရူးအမိုက်များဟု အထင်ခံကြရပြန်သည်။

အရှုံအမိုက်များဟု အဆင်ခံကြရသော ဂျူးများတွင် တစ်ဦးစ နှစ်ဦးစမှာ ကြွယ်ဝချမ်းသာသူများဖြစ်၏။ ပါလက်စတိုင်းတွင်ခြေချ၍ ပင်ပင်ပန်းပန်း အလုပ်လုပ်သည်အထိတော့ သူတို့မမိုက်။ သို့တစေ ရွှေ့ပြောင်းဂျူးများအား ငွေကြေးအထောက်အပံ့ပေး၏။ ပါလက်စတိုင်းတွင် ဂျူးများအခြေစိုက်နေကာ ကိုလိုနီနယ်မြေသဖွယ် အသုံးပြုရန်၊ (၁၈၃၉-ခုနှစ်)တွင် ဆာမိုးဇက်မွန်တီဖိုင်အိုရီ ( **Sir Moses Montifiori** ) က အဆိုပြုခဲ့၏။ (၁၈၅၆-ခုနှစ်)တွင် လိမ္မော်ဥယျာဉ်စိုက်ပျိုးခဲ့သည်မှာ သူ့စီမံကိန်းဖြစ်၏။ (၁၈၇၀-ခုနှစ်)က ချားလ်နက်တာ ( **Charles Netter** ) က စိုက်ပျိုးရေးကျောင်းတစ်ကျောင်းတည်ထောင်ခဲ့၏။ တဖန် မြို့စားကြီးအက်ဒမွန်ဒီရော့သ်ချိုင်းလ် ( **Edmond de Rothschild** )က မြေများဝယ်ယူပြီး စိုက်ပျိုးရေးရိပ်သာများတည်ကာ ရွှေ့ပြောင်းဂျူးများအတွက် နည်းပြဆရာများပင် စေလွှတ်ပေးခဲ့သည်။

သို့တစေ ဂျူးလုပ်သားများက ကျင့်သားရပြီး သန်မာထွားကျိုင်းသော အာရပ်လူမျိုး လုပ်သားများနှင့်စာလျှင် တစ်ပန်းရှုံးနေဆဲ။ ဂျူးလုပ်သားများက ပထမဆုံး အလုပ်ခွင်ကိုရှာကြံရပြီး အလုပ်လုပ်ခွင့်ရရေးအတွက် ကြိုးစားရသည်။ ရံဖန်ရံခါ ကိုယ့်လူမျိုးထဲမှာ 'ပုဆိန်ရိုး'များက ဒုက္ခပေး၏။

ပါလက်စတိုင်း မြေပေါ်သို့ ဒေးဗစ်ခြေချစဉ်က တကယ့်အဖြစ်မှန်များက ကြေကွဲဝမ်းနည်းစရာ။ (၁၉၀၆-ခုနှစ်) စက်တင်ဘာလ (၇)ရက်နေ့။ ပါလက်စတိုင်းနှင့်ပတ်သက်၍ ဒေးဗစ်ပထမဆုံးတွေ့ရသည်က ဂျာဖာဆိပ်ကမ်းမြို့ရှုခင်း။ တစ်ချိန်က လျှမ်းလျှမ်းတောက်ခဲ့သည့် ရှေးဟောင်းမြို့၊ ယခုမူ ညစ်ညစ်ပတ်ပတ်နှင့်ပြွတ်သိပ်နေသော စုတ်စုတ်ပြတ်ပြတ်မြို့ကလေး၊ ဒေးဗစ်က လူအုပ်ကြီးနှင့်ရော၍ မြို့ထဲသို့ ဆင်းခဲ့ရာတွင် မျက်တွင်းဟောက်ပက်နှင့် ငုတ်တုတ်ထိုင်နေသည့် ဈေးသည်များကို မြင်ရသည်မှာ တကယ့် စိတ်ဆင်းရဲစရာ။ ဈေးသည်များမှာ ဂျူးများပင်ဖြစ်သည်ဟု စိတ်စွဲကာ ဒေးဗစ်တစ်ယောက် စိတ်ပျက်မိ၏။ သည်သို့သော မြင်ကွင်းများကို ဥရောပတွင် ဒေးဗစ်မြင်ခဲ့ဖူး၏။

'ဂျာဖာက ဒီနေ့ထွက်မယ်၊ ဒီနေ့ပဲ စိုက်ပျိုးရိပ်သာကိုသွားမယ်၊ ဒီမှာတော့ ညတောင်မအိပ်နိုင်ဘူး'

ဒေးဗစ်သည် ဂျာဖာရှုခင်းကိုကြည့်ပြီး စိတ်မချမ်းမြေ့လွန်း၍ ဝေးရာသို့ ပြေးရန် သူငယ်ချင်းအား ပြောမိသည်။

ဒေးဗစ်အဖို့ စိတ်မချမ်းမြေ့စရာ တစ်ခုသာမဟုတ် 'ဇီယွန်လုပ်သား

အစည်းအရုံး'မှ ကြိုဆိုရေးအဖွဲ့က ဒေးဗစ်တို့အား ခေတ္တအနားယူရန်ဆိုပြီး ဒေးဗစ်ကို ဟိုတယ်တစ်ခု၊ ဇီမတ်ချ်ကို အခြားဟိုတယ်တစ်ခုတွင် တည်းခိုစေသည်။ ဇီမတ်ချ်အား 'လူငယ်လုပ်သားအဖွဲ့အစည်း' ( **The Young Workman** )က ခေါ်သွားခြင်းတည်း။ အဖွဲ့အစည်းတစ်ခု သဘောကွဲသည်က ပြောလောက်အောင်မရှိ။ သို့တစေ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင်လုပ်သည်ကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ မနာလိုဝန်တိုကာ ရန်များလာသည်အထိရှိ၏။ ပါလက်စတိုင်းသို့ ဝင်လာကြသည့် ဂျူးလူငယ်များက အထင်မှားအမြင်မှား၊ မှန်သမျှကို ပယ်ရှားပြီးသားဖြစ်၏။ သို့တစေအချင်းချင်း ဂိုဏ်းဂဏဖွဲ့ကာ အုပ်စုဖွဲ့လိုသည့် ဥာဉ်ဆိုးတွေရှိနေဆဲ။ သို့ကြောင့်လည်း ရုရှားကဂျူးနှင့် ပိုလန်ကဂျူးတို့ အစေးမကပ်ခဲ့ကြ။ ဒေးဗစ်က ဂိုဏ်းဂဏစိတ်ကို ချက်ချင်းဆန့်ကျင်သည်။

ဂျာဖာမြို့သို့ရောက်သည့် ညနေခင်းမှာပင် ဒေးဗစ်နှင့် ဇီမတ်ချ်တို့တွေ့ဆုံပြီး 'ပီတာချ်တစ်ဗာ' ( **Petach Tikva** ) စိုက်ပျိုးရေးရိပ်သာကျေးရွာသို့ ခြေလျင်လျှောက်ကာ အရောက်လှမ်းခဲ့၏။ ဒေးဗစ်က ပါလက်စတိုင်းတွင် ပထမဆုံးညကို ကြယ်များတောက်သည့် ကောင်းကင်ယံကိုငေးမောကြည့်ရင်း အချိန်ကုန်ခဲ့သည်။

'ကိုယ့်ဇာတိမြေမှာ ပထမဆုံးညအတွေ့အကြုံက ကြည်နူးစရာအဖြစ်နဲ့ ကျွန်တော့်အသည်းထဲမှာ စွဲကျန်ခဲ့တယ်။ ကျွန်တော်ဖြင့် တစ်ရေးမှ အိပ်မပျော်ခဲ့။ ကျွန်တော်ရောက်နေတာက ဣသရေလ - သန့်ရှင်းသောနယ်မြေ ( **Holy Land** ) က မျှော်လင့်ခြင်းတံခါးပေါက် ( **The door of hope** )လို့ အဓိပ္ပါယ်ရသော ပီတာချ်တစ်ဗာကျေးရွာကလေး၊ စပျစ်ခြံထဲမှ ခွေးအများဟောင်သံ၊ မြည်းစောင်းထဲမှ မြည်းများအော်သံ၊ ရေကန်ထဲမှ ဖားများအော်သံ၊ ခပ်ဝေးဝေးပင်လယ်ကမ်းခြေမှ လှိုင်းပုတ်သံသဲ့သဲ့ကိုလည်း ကြားရ၊ မလင်းတလင်း အလင်းရောင်အောက်မှ လိမ္မော်ပင်များရဲ့အရိပ်များ၊ မည်းမည်းမှောင်မှောင်ကောင်းကင်ယံမှ မိုတ်တုတ်မိုတ်တုတ် ကြယ်လေးများကိုလည်း မြင်ရ။ အိပ်မက်ကမ္ဘာသို့ ရောက်နေရသည့်ပမာ၊ အရာရာသည်အထူးအဆန်းများသာ။ ခရီးစဉ်တစ်လျှောက်လုံးကို ပြန်တွေးကြည့်မိတယ်။ အပေါင်းအသင်းများရဲ့ နှုတ်ဆက်ပွဲများ၊ ပင်လယ်ပြင်ခရီး ပြီးလျှင် . . ပါလက်စတိုင်းကမ်းခြေသို့ ချဉ်းကပ်လာခြင်း စသည် စသည်ဖြင့်။ အခုတော့ ကျွန်တော်တစ်ယောက်ဣသရေလသို့ ရောက်နေပါပြီ။ ဟုတ်မှဟုတ်ရဲ့လား။ တစ်ညလုံး ငုတ်တုတ်ထိုင်ကာအသစ်မြင်ရသောကောင်းကင်ကိုသာ မော့ကြည့်နေမိတော့တယ်။

ဒေးဗစ်က ပါလက်စတိုင်းသို့ရောက်သည့် ပထမညက အတွေ့အကြုံကို

သို့ကလို မှတ်တမ်းတင်ခဲ့သည်။

ဣသရေလနိုင်ငံ ကောင်းကင်ယံက အံ့ဩစရာအပြည့်၊ သို့တစေ မြေလွှာက အကျိုးဖြစ်ထွန်းသည်က မပြောပလောက်။

ဒေးဗစ်သည်လည်း လယ်လုပ်သားဖြစ်လာ၏။ ပလော့စ်မြို့မှာနေစဉ်ဘဝနှင့်တော့ နည်းနည်းမှမတူ။ ဒေးဗစ်သည် တစ်ကြိမ်တစ်ခါမှ ပေါက်ပြားမကိုင်ဘူး။ သို့တစေ ဘဝသစ်တွင် မိမိဘဝကို စိတ်အားထက်ထက်သန်သန်ဖြင့် မြှုပ်နှံထားပြီးဖြစ်၏။ အလုပ်ရှာရသည်ကမလွယ်၊ တစ်ရွာဝင်၊ တစ်ရွာထွက် အလုပ်ရှာခဲ့ရသည်မှာ ရံဖန်ရံခါ အားပင်ပြတ်လုမတတ်။ အဝတ်ကလည်း စုတ်စုတ်ချာချာ။ "ပီတာချ် တစ်ဗာ"တွင် ရက်အနည်းငယ်သာ အလုပ်လုပ်၏။ "ကီဖါဆာဗား"တောင်ကုန်းပေါ်တွင် သီတင်းပတ်အတန်ကြာ အလုပ်လုပ်ခဲ့၏။ "ရီချွန်အင်ဇီယွန်"တွင် အလုပ်လုပ်ရာတွင်လည်း သိပ်မကြာခဲ့။

ဒေးဗစ်က သစ်ပင်၊ ချုံပင်များစိုက်ခဲ့၏။ မြေတွင်းမှ ကျောက်တုံးကျောက်ခဲများကိုတူးဖော်ပြီး မြေရိုင်းများကို ထွန်ခဲ့သည်။ ရေသွင်းရေနုတ်မြောင်းများတူးကာ ထွန်ယက်စိုက်ပျိုးခဲ့သည်။ ပူပြင်းခြစ်တောက်နေရာမှတစ်ဖန် ရိုးတွင်းချဉ်ဆီထိ ခိုက်ခိုက်တုန်အောင် အေးမြ၏။ အနွေးထည်အလုံအလောက်မရှိ၍ ဒေးဗစ်ခမျာ အအေး ဒဏ်ကို အလူးအလဲခံရရှာ၏။ ရံဖန်ရံခါ ဒူးဆစ်မြုပ်သည်အထိ ရွှံ့ထဲနွံထဲ ရှုန်းကန်လုပ်ရသည်လည်းရှိ၏။ အခြားအခြားသော ဂျူးရွှေ့ပြောင်းလုပ်သားများနည်းတူ ဒေးဗစ်ဘဝက ကြမ်းတမ်းခက်ထန်၏။ အခြားအခြားသော ဂျူးရွှေ့ပြောင်းလုပ်သားများနည်းတူ ဒေးဗစ်သည်လည်း ငှက်ဖျားမိခဲ့၏။ သို့တစေ ငှက်ဖျားကို ကြံ့ကြံ့ခံရင်ဆိုင် ရင်းကပင် ရွှေ့ပြောင်းဂျူးလုပ်သားများ၏ ဖွဲ့အမှတ်အသားဖြစ်ခဲ့၏။ ဂျာဖာမြို့က ဆရာဝန်ကလည်း မကွယ်မဝှက် ပွင့်ပွင့်လင်းလင်းပြော၏။ ဒီတောင်ကို ဒေးဗစ် မကျော်လွှားနိုင်ဘူးတဲ့။ ဒီနိုင်ငံက ဒေးဗစ်ထွက်သွားမှ ငှက်ဖျားရောဂါပျောက်နိုင်သည်တဲ့။ ဒေးဗစ်က ခေါင်းကိုတွင်တွင်သာခါ၏။ ဘာပဲဖြစ်ဖြစ် ပါလက်စတိုင်းက ဘယ်သောအခါမှ ထွက်မသွားဘူးတဲ့။

ငှက်ဖျားရောဂါက အဆိုးရွားဆုံးမဟုတ်။ အလုပ်ရှာရသည်ကလည်း မလွယ်။ ဂျူးအလုပ်ရှင်များက အာရပ်လုပ်သားများကိုပင် ငှားလိုသည်။

အာရပ်လုပ်သားများက ပို၍သန်သန်မာမာ တောင့်တောင့်တင်းတင်းရှိ၏။ ပို၍ အမိန့်နာခံတတ်၏။ အလုပ်လက်မဲ့ဘဝတွင် အငတ်ငတ်အပြတ်ပြတ် ဖြစ်လာသောအခါ ဒေးဗစ်သည် အာရပ်လုပ် ပေါင်မုန့်ကြမ်းကြီးကိုစားပြီး ဗိုက်ဖြည့်ခဲ့၏။

အာရပ်လုပ်ပေါင်မုန့်က ဈေးပေါ၏။ ရံဖန်ရံခါ ပေါင်မုန့်ဝယ်ဖို့ တစ်ပြားတစ်ချပ်မျှ မရှိ၊ ဘိုင်ကျသည့်အခါများလည်း ရှိခဲ့၏။

သို့တစေ ဒေးဗစ်စိတ်မပျက်။ ပိုလန်မှဖခင်က သားအဖြစ်ကို တစ်စွန်းတစ ကြားရသည်ကြောင့် (၁၀)ရူဘဲလ် ပို့ပေးခဲ့သည်။ ဒေးဗစ်က ဖခင်ပို့ပေးသည့်ငွေကို လက်မခံခဲ့။ ပြန်ပို့ပေးခဲ့သည်။

"ကျွန်တော့်အဖို့ ငွေမလိုပါ။ ငွေပို့ပေးတာကြောင့်တော့ ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ဒါပေမယ့် ငွေကို ပြန်ပို့ပေးလိုက်ပါတယ်။ ကျွန်တော့်ဖာသာ ကျွန်တော် ထိန်းထိန်းသိမ်းသိမ်းနေနိုင်ပါတယ်" ဟု ဒေးဗစ်က ဖခင်ထံသို့ စာရေးခဲ့သည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရေးကို အစဉ်ဂုဏ်ယူသူပီပီ၊ ဒေးဗစ်က ယခုကဲ့သို့ ရေးခြင်းဖြစ်၏။ ဇာတိမြေကို မြတ်နိုးခြင်း၊ ဂုဏ်ယူဝင့်ကြွားခြင်းများကြောင့် ဖခင်ထံရေးသော စာမျက်နှာမှာ ပြောင်ပြောင်မြောက်မြောက်ရှိ၏။

"ကျွန်တော်တို့နိုင်ငံက နေ့အခါဆို တယ်သာယာတာပဲ။ အလင်းရောင်က လဲ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားရှိတယ်။ ပင်လယ်ပြင်ကိုပဲကြည့်ကြည့် တောင်ကုန်း၊ တောင်တန်းတွေကိုပဲကြည့်ကြည့် ရှုခင်းသာက အပြည့်ပဲ၊ ပိုမိုတည်ငြိမ် ခန့်ငြားတာက ညအခါများမှာ တွေ့ရတဲ့မြင်ကွင်းပဲ။ ပြာလဲ့လဲ့ကောင်းကင်ပြင်ကြီး တစ်ခုလုံး ကြယ်များဖြင့် တထိန်ထိန်လင်းလျက်ရှိတယ်။ ပကတိသန့်ရှင်းတဲ့ တောင်တန်းကြီးများ၊ သန့်ပြန့်သော လေအေး၊ အရာရာဟာ ဆန်းအပြည့်ရှိနေကြတယ်၊ မျှော်လင့်ချက်လည်း ရှိကြတယ်"

ကဗျာဆန်ဆန် အရေးအသားများကြားက ဒေးဗစ်၏ နိုင်ငံရေးယုံကြည်ချက်များက ရုပ်လုံးပေါ်လာသည်။ တစ်ချိန်က ပလေ့စ်နှင့် ဝါဆောမြို့တို့မှ ခေါင်းမာသော တော်လှန်ရေးသမားပေါက်စက ဘယ်တော့မှ လက်မြောက်အရှုံးမပေး။

အာရပ်လုပ်သားများကိုသာ ငှားရမ်းလုပ်ကိုင်ပြီး ပါလက်စတိုင်းတွင် ဇီယွန် ဝါဒီများ ဆင်းဆင်းရဲရဲနှင့် လာရောက်အခြေစိုက်နေထိုင်သည်ကို အထင်သေး၊ အမြင်သေးရှိကြသော ဂျူးလူမျိုးမြေပိုင်ရှင်များကို ဒေးဗစ်က ပစ်တင်ရှုတ်ချသည်။ အေးအေးဆေးဆေး၊ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ရေးမှတစ်ပါး ဘာကိုမျှ မမျှော်မှန်းသော ဂျူးများကိုမှ ဥရောပတွင် လူမျိုးခြားများက နှိမ်သလို၊ အချင်းချင်းနှိမ်ကြသည်ကို ဒေးဗစ်မြင်ရသောအခါ ရင်နာမိသည်။ အလုပ်သမားများကို မိမိတို့ထင်တိုင်း ကျင့်ကြသည့် စပျစ်ခြံပိုင်ရှင်များ၊ စပျစ်စိုက်မျိုးလုပ်ကိုင်သူများ၏ သဘောထားကို

လည်း ဒေးဗစ်က ပစ်ပစ်ခါခါဝေဖန်သည်။ အလုပ်သမားအစည်းအရုံး၏ ခေါင်းဆောင်အဖြစ် ဒေးဗစ်က ပထမဆုံးအောင်ပွဲမှာ သပိတ်မှောက်ဆန္ဒပြရန် စည်းရုံးလှုံ့ဆော်ခဲ့ပြီးမှ "ရီချွန်"ရှိ စပျစ်ခြံပိုင်ရှင်ကြီးများထံ အခွင့်အရေးကို ဖျစ်ညှစ်ယူခဲ့နိုင်ခြင်းဖြစ်၏။ ပင်လယ်ရပ်ခြားရှိ ဇီယွန်ဝါဒီများအပေါ် ဒေးဗစ်ကမကျေနပ်။ (၂၅)နှစ်အကြာတွင် ဗိုက်ဇ်မင်(**Weizmann**)က ပထမကမ္ဘာစစ်ကြီးအရင်က ပါလက်စတိုင်းမှာနေရသည်က စိတ်လှုပ်ရှားစရာမရှိဟု ရေးသားခဲ့၏။

သို့တစေ ဒေးဗစ်နှင့် အပေါင်းအသင်းများအဖို့ ထိုကာလသည်သာ အဆုံးအဖြတ်ပေးနိုင်သော အရေးအကြီးဆုံးကာလဖြစ်သည်ဟု မှတ်ယူထား၏။ ဂျူးလူမျိုးတို့က မိမိတို့ဇာတိဒေသတွင် အခြေစိုက်နေထိုင်ခြင်းကို အဖက်ဖက်မှဆန့်ကျင်တိုက်ခိုက်နေသော အချိန်အခါဖြစ်သောကြောင့်တည်း။

ဒေးဗစ်တို့လူစုအဖို့ အောင်အောင်မြင်မြင် အခြေစိုက်နေနိုင်ခဲ့ခြင်းက အောင်ပွဲအစစ်ဖြစ်၏။ တစ်နေ့လုံး တကုန်းကုန်းနှင့် အလုပ်လုပ်ခဲ့ကြရသည့်ကြားက ညဉ့်နက်သန်းခေါင်အထိ တစ်စုတဝေး သီချင်းဟစ်ဆိုခဲ့ကြသည့် ဒေးဗစ်တို့လူစုမှာ ယုံကြည်ချက်အပြည့်၊ ခံယူချက်အပြည့်ရှိ၏။

သီချင်းဆိုပွဲတွင်လည်း ဒေးဗစ်မပါ မပြီး။ အခန်းကျဉ်းကလေးထဲတွင် ဂျူးလုပ်သားအဖွဲ့အစည်း စည်းဝေးပွဲများတွင်လည်း ဒေးဗစ်အသံကို အစဉ်ကြားရ၏။ လုပ်သားအချို့ အဖွဲ့ဝင်အဖြစ် လက်ခံရေးနှင့်ပတ်သက်၍ ဒေးဗစ်တို့၏ ဇီယွန်လုပ်သားအဖွဲ့အစည်းမှာ "ဆိုရှယ်လစ်မဆန်၊ တိုက်ရဲခိုက်ရဲမရှိသော လူငယ်လုပ်သားအဖွဲ့အစည်း"၏ ဆန့်ကျင်ခြင်းကို ခံနေရ၏။ "လူငယ်လုပ်သားအစည်းအရုံး"ကို မုတ်ဆိတ်ဖြူနှင့် ဘုန်းတော်ကြီး အေဒီဂေါ်ဒွန်က ဦးဆောင်သည်။ ဂေါ်ဒွန်၏အဖွဲ့အစည်းက ဂျူးတို့ဇာတိမြေကို ဂျူးတို့အားပြန်ပေးရန် အရေးဆိုသည်။ သို့တစေ အစည်းအရုံး၏ နိုင်ငံရေးကျင့်စဉ်တွင်တော့ "ဂျူးအမျိုးသားရေးလှုပ်ရှားမှု"ဆိုသည့် အချက်ကိုမူ ထည့်သွင်းစေလိုသည်။

ပါလက်စတိုင်းသို့ရောက်ပြီး တစ်လမျှပင်မကြာ၊ ဒေးဗစ်သည် ဂျာဖါမြို့တွင် ကျင်းပသော "ဇီယွန်လုပ်သား အစည်းအရုံး"၏ ညီလာခံသို့တက်ရောက်ခဲ့၏။

ညီလာခံမှ "လုပ်သားအဖွဲ့အစည်းကြီး" **(Worker's Confederation)** ကို တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ဒေးဗစ်က ရှေ့မှ "ဂျူး"ဟူသောစကားရပ် ဖြည့်စွက်ရန် အဆိုပြုသည်။

ညီလာခံကိုယ်စားလှယ်များက ဒေးဗစ်အဆိုကို ကန့်ကွက်ကြသည်။

သို့ရာတွင် ဒေးဗစ်က လက်မလျှော့။ "ဂျူး"ဟူသောစကားရပ် ဖြည့်စွက်ခေါ်လိုခြင်း အကြောင်းရင်းများကို ရှင်းလင်းထောက်ပြသည်။ နောက်ဆုံး ဒေးဗစ်ပင် အနိုင်ရခဲ့၏။ "အဖွဲ့အစည်း"၏ နိုင်ငံရေးလမ်းစဉ်မူကြမ်းကိုရေးဆွဲရန် တာဝန်ပေးသော (၁၀)ဦးကော်မတီတွင် ဒေးဗစ်လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် အရွေးခံရသည်။

ညီလာခံကို ပါလက်စတိုင်းတွင် ထိုစဉ်က ကျင်းပရာ၌ လျှို့လျှို့ဝှက်ဝှက် လုပ်စရာမလို၊ ကြောက်စရာမလို။ သို့တစေ အစဉ်အလာကြောင့် "ရမ်လာ" **( Ramleh )**ရှိ အာရပ်ပိုင် ထမင်းဆိုင်မှ အခန်းကျဉ်းတစ်ခုတွင် (၁၀)ဦးကော်မတီက လျှို့ဝှက်ဆွေးနွေးကြသည်။ သုံးရက်မျှ ခေါင်းချင်းရိုက်ပြီး "ရမ်လာလမ်းစဉ်" **( Ramleh Programme )**ကို ရေးဆွဲခဲ့သည်။

ဒေးဗစ်က အဆိုပြုခဲ့သည်ကိုတော့ မချမှတ်ခဲ့။ သို့ရာတွင် ဒေးဗစ်က ဆက်ကာဆက်ကာ တင်ပြနေသည်ကြောင့် နောက်တစ်ကြိမ် ပါတီညီလာခံကျင်းပသောအခါ ဒေးဗစ်၏ အမျိုးသားရေးဆိုင်ရာအပိုဒ်ကို လမ်းစဉ်တွင် ထည့်သွင်းဖော်ပြခဲ့ရသည်။

ဤပါတီက "ဤနိုင်ငံရှိ ဂျူးလူမျိုးများ၏ နိုင်ငံရေးလွတ်လပ်ခွင့် ရရှိရေးအတွက် ရည်မှန်းချက်ထားသည်"ဟူ၍ . . .။

ထိုအချိန် ထိုအခါမှစ၍ ဒေးဗစ်ဆန္ဒရှိသည့် အမျိုးသားရေးဝါဒအား ဆိုရှယ်လစ်ဝါဒနှင့်ပေါင်းစပ်ကာ လက်တွေ့ကျင့်သုံးဖို့ ဒေးဗစ်က ကြိုးပမ်းသွားခဲ့သည်။ သို့ရာတွင် ဒေးဗစ်ခံယူသော ဆိုရှယ်လစ်အယူအဆများကို မိမိ၏အမျိုးသားရေးလှုပ်ရှားမှုနှင့် အံဝင်ဂွင်ကျဖြစ်စေရန် တစ်နည်းတစ်ဖုံ ပြောင်းလဲစေခဲ့သည်ကများ၏။ အမျိုးသားရေးဝါဒသည် ဒေးဗစ် တစ်သက်တာပတ်လုံး နိုင်ငံရေးယုံကြည်ချက် ဖြစ်ခဲ့သည်။

အသက် (၂၀)မပြည့်တတ်၊ ပြည့်တတ်အရွယ်တွင် ဒေးဗစ်မှာ ဒေးဗစ်ဂရင်းဟူ၍ပင် တွင်ဆဲ။ အပေါင်းအသင်းများများမရှိ။ တစ်ကိုယ်တည်း အထီးကျန်ဘဝတွင်သာ ကျင်လည်ဆဲ။ သို့တစေ ပါလက်စတိုင်းသို့ ဒေးဗစ်ရောက်ပြီး တစ်နှစ်မျှအကြာတွင် ဒေးဗစ် ယုံကြည်အားထားရမည့်သူတစ်ယောက် ပါလက်စတိုင်းသို့ ခြေချခဲ့သည်။ ပိန်ပိန်ရှည်ရှည်၊ ဝမ်းနည်းကြေကွဲသည့် မျက်နှာနှင့်သူကား "အိဇတ်ရှင်ရှိုလီဗစ်ချ်" **( Hzhak Shimshelevitch )**ဖြစ်၏။ လူငယ်ပညာတတ် သုခမိန်တစ်ဦး။ ရုရှားတွင်နေစဉ်က ဂျူးစောင့်ရှောက်ရေးတပ်များကို ဦးဆောင်ဖွဲ့စည်းခဲ့သူ။ အာဏာပိုင်များသိရှိသွား၍ ဘုန်းတော်ကြီးအယောင်ဆောင်ပြီး ထွက်ပြေးလွတ်မြောက်ခဲ့

သည်။ သူ့နာမည်တုက "အိဇက်ဘင်ဇဗီ" ( Hzhak Ben Zvi )၊ ဒေးဗစ်နှင့် ဘင်ဇဗီမှာ တစ်ပူးတွဲတွဲ မခွဲဘဲ ပေါင်းနေခဲ့ကြသည်။

(နောင်နှစ်ပေါင်းများစွာကြာသော် ဘင်ဇဗီသည် ထိုအချိန် ထိုအခါ အဘယ်သို့ ဂျူးလူငယ်တစ်ဦးတစ်ယောက်မျှ မမျှော်လင့်သောရာထူးကို ဆက်ခံခဲ့သည်။ ဘင်ဇဗီသည် အစ္စရေးနိုင်ငံတည်ထောင်သောအခါ သမ္မတကြီးဖြစ်လာသည်။)

ဒေးဗစ်က ဘင်ဇဗီကို (၁၉၀၇)ခုနှစ်က ပီတာချ်တစ်ဗာရွာတွင် စတင်တွေ့ဆုံခဲ့၏။ ရင်းရင်းနှီးနှီးရှိခဲ့၏။ နှစ်မကုန်မီပင် ဒေးဗစ်သည် ရွာမှထွက်ခဲ့ပြီး ဂဲလီလီ ( Galilee ) သို့ သွားရောက်အခြေစိုက်ပြန်သည်။ ဂျူးလယ်ပိုင်ရှင်များလက်အောက်တွင် လယ်ကူလီဘဝဖြင့် လုပ်ကိုင်ခဲ့ရ၍ အရေထူနေပြီ။ ဂျူးလူမျိုးများသာ စုပေါင်းနေထိုင်ရာနေရာ၌သာ မိမိလူမျိုးများနှင့်အတူတူ အလုပ်လုပ်သည်။ ဂျူးဒီးယားနယ်မြေကို ခြေလျင်ခရီးနှင်ပြီး လူသူမနေသည့် "အိဇရိုးလ်" ( Isreel ) ချိုင့်ဝှမ်းဒေသကိုပါ ဖြတ်ကျော်ခဲ့သည်။ လမ်းခရီးတွင် မြေကမ္ဘာလာကို မွေ့ယာပြု၍ ကြယ်ပေါင်းခတဲ့ ကောင်းကင်ယံကို ခြင်ထောင်သဖွယ်သဘောထားကာ အိပ်စက်ခဲ့ရသည်လည်းရှိ၏။ နောက်ဆုံးတွင် ဂဲလီလီရှိ စိမ်းညိုညိုတောင်ခြေမှ ဂျူးရွာကလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့သည်။ ရွာကလေးနာမည်က "စီဂျီရာ" ( Sejera )တဲ့။

ဒေးဗစ်ဘဝတစ်လျှောက် စီဂျီရာတွင်သာ ပျော်ပျော်ရွှင်ရွှင်နေခဲ့သည်ကများ၏။

စီဂျီရာရွာတွင်နေစဉ်မှာပင် ဒေးဗစ်၏ အမျိုးသားရေးဝါဒက ရှေ့ခြေတစ်လှမ်းတိုးခဲ့ပြန်၏။ ထိုအချိန် ထိုအခါထိ သူ့အဓိကရည်မှန်းချက်မှာ အလုပ်ရရေးသာ။ စီဂျီရာရွာရောက်မှတော့ အလုပ်ရရေး၊ မရရေးက ပြဿနာမဟုတ်။ မောက်မောက်မာမာ ဆက်ဆံတတ်သော လယ်ပိုင်ရှင်တစ်ဦးတစ်လေမှမရှိ။ အနှိမ်ခံ ဂျူးလယ်လုပ်သားလည်းမရှိ။ တိုင်းတစ်ပါးမှ ခိုလှုံလာသူများနှင့် မြေပိုင်ရှင်များကြား ဆက်ဆံရေးတွင် အပြိုင်အဆိုင်အလျဉ်းမရှိ။ စီဂျီရာရွာရှိ ကလေး၊ လူကြီးမကျန် အားလုံး ဒိုးတူပေါင်ဖက် အလုပ်လုပ်ကြသည်။ အေးအတူ ပူအမျှ နေကြ၏။ မည်သည့်မျိုးနွယ်ဖွားမှ ဆင်းသက်ခဲ့ ဆင်းသက်ခဲ့၊ ဂျူးဆိုလျှင် ပူးပေါင်းကာ စည်းစည်းလုံးလုံးနေကြ၏။

"နောက်ဆုံးတော့ ဇာတိမြေအစစ်အမှန်ကို ကျွန်တော်တွေ့ခဲ့ရပါပြီ။ ဆိုင်ရှင်များလည်းမရှိ၊ ကြေးစားလုပ်သားလည်းမရှိ၊ မှီခိုစားပြီး အလုပ်မလုပ်သော

အချောင်သမားမရှိ ရိပ်သာရှိအားလုံးမှာ အလုပ်သမားများသာဖြစ်တယ်။ လယ်ယာလုပ်သားတို့ကလည်း လယ်တောမှ ပင်ပင်ပန်းပန်း အလုပ်လုပ်ရသည့်ချွေးနံ့က မပျောက်ကြ။ နေစား၍ အသားများက မဲနေတယ်" ဟူ၍ ဒေးဗစ်က နောင်တစ်ချိန်တွင် စီဂျီရာရွာနှင့်ပတ်သက်၍ စာဖွဲ့ခဲ့၏။

ဒေးဗစ်က နောင်ပြဿနာတစ်ခုကို အဖြေရှာနေပြန်၏။ ဂျူးတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက်သည့် ဂျူးတို့ကျေးရွာ တည်ထောင်ရေးဖြစ်၏။ ပါလက်စတိုင်းတစ်ခွင်တွင် ကျေးရွာကာကွယ်ရေးကို အာရပ်နှင့် တူရကီများကသာ တာဝန်ယူ၏။ ထိုကျေးရွာများတွင် အန္တရာယ်များ၍ စောင့်သည်မဟုတ်။ လမ်းပန်းခရီးစိတ်မချရ၍ စောင့်သည်မဟုတ်။ သို့တစေ ဂျူး၏ကျေးရွာများမှ မပြောပလောက်သော ပစ္စည်းဥစ္စာများသာ အခိုးခံနေရ၏။ သတ်ဖြတ်မှုမှာ အလွန်ဖြစ်ခဲ၏။ ဂျူးတို့က လက်နက်ကိုင်ဆောင်လေ့မရှိ။

ဒေးဗစ်က စိတ်တက်ကြွနေ၏။ သည်ဒေသတွင် မိမိကိုယ်ပိုင်အုပ်ချုပ်ရေးရှိမည့် နိုင်ငံတည်မှုဖြစ်ချေမည်။ တစ်ချိန်တွင် လက်လွတ်တိမ်းရှောင်သွား၍၊ တစ်ချိန်တွင် ကိုယ့်ဘက်ကို သေနတ်ပြောင်းဝ လှည့်ကောင်းလှည့်မည့် ကြေးစားစစ်သားများကို အားကိုးအားထားစရာမလို။ ဂျူးတို့အား ကာကွယ်စောင့်ရှောက်ရန် ဂျူးတို့ကသာ တာဝန်ယူရမည်။

ဒေးဗစ်က ရွာသားများကို ရှင်းပြ၏။ သို့တစေ ရွာသူကြီးက သံသယရှိနေ၏။ စီဂျီရာရွာကို ရက်စက်ကြမ်းကြုတ်သည့် တစ်ပါးလူမျိုးများက စောင့်ရှောက်ထား၏။ သူတို့ကို မယုံကြည်၊ စိတ်မချဆိုလျှင်ပင် အန္တရာယ်တွေ့မည်မှာမလွဲ။ ဂျူးတို့အား လက်နက်တပ်ဆင်ပေးပါက အနေးနှင့်အမြန် အာရပ်တို့နှင့် သွေးချောင်းစီးတိုက်ရမည်မှာ မလွဲ။ အဓိကရည်ရွယ်ချက်က ဂျူးနှင့်အာရပ် ငြိမ်းချမ်းစွာ လက်တွဲနေထိုင်ရေးဖြစ်၏။ အပြန်အလှန် သတ်ကြဖြတ်ကြရန်မဟုတ်။ ထိုသို့အကြောင်းပြငြင်းသည်ကိုတော့ ဒေးဗစ်လက်မခံနိုင်။ တစ်ချိန်ချိန်တွင် တစ်ဖက်နှင့်တစ်ဖက် အားစမ်းပွဲမလွဲမသွေပေါ် ပေါက်လိမ့်မည်ဟု ဒေးဗစ်ယုံကြည်၏။ သည်အချက်ကိုပင် ဒေးဗစ်က အလေးထား၍ ထောက်ပြခဲ့သည်။ နောက်ဆုံး ဒေးဗစ်တင်ပြချက်ကို လက်ခံလာကြသည်။ ဒေးဗစ် အောင်ပွဲခံခဲ့ရပြန်ပြီ။ လူညီးတစ်စီးအား ပင်လယ်ကမ်းခြေရှိ ဟိုင်ဖာမြို့သို့ စေလွှတ်ခဲ့သည်။ အပြန်တွင် ရိုင်ဖယ်သေနတ်များပါလာ၏။ မကြာမီ ဒေးဗစ်နှင့် အပေါင်းအသင်းတစ်စုက လုယက်မှုပြုလုပ်ရန် ကြိုးစား၏။ ရွာသူကြီးကိုခေါ်၍ တိုင်းတစ်ပါး အစောင့်အရှောက်များက အကာအကွယ်မပေးသည်ကို လက်တွေ့

င်ထောက်ပြ၏။ အစောင့်များအားလုံးကို အလုပ်ထုတ်လိုက်သည်။ စီဂျီရာရွာသည် ပထမဆုံး ဂျူးအစောင့်အရှောက်နှင့်နေခဲ့ရသော ဂျူးရွာဖြစ်ခဲ့သည်။

လအတန်ကြာသော် သွေးချောင်းစီးတိုက်ပွဲဖြစ်ခဲ့သည်။ ဒေးပစ်အယူအဆမှန်ကြောင်း သိရ၏။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## သွေးချောင်းစီးတိုက်ပွဲစပြီ

၁၉၀၉ - ခု ၊ အီစတာပွဲတော်နေ့။

စီကျီရာရှိ ထမင်းဆိုင်တွင်လည်း ပြုလုပ်နေကြပွဲလမ်းများ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြ၏။ ခန်းမဆောင်ကြီးနံရံများတွင် လယ်ယာသုံးကိရိယာများနှင့် လက်နက်များကို လှလှပပချိတ်ဆွဲထား၏။ ပစ္စည်းများမှာ ပါလက်စတိုင်းရှေ့ပြေး ဂျူးတို့၏ လက်စွဲပြုသော သင်္ကေတဖြစ်၏။ "ထွန်ယက်စိုက်ပျိုးရင်းကာကွယ်၊ ကာကွယ်ရင်းထွန်ယက်စိုက်ပျိုး"ဆိုသည်မှာ သူတို့ဆောင်ပုဒ်ဖြစ်၏။ သို့တစေ အီစတာပွဲတော်နေ့တွင်မူ သီချင်းတကြော်ကြော်ဟစ်ပြီး ကကြ၊ ခုန်ကြဖို့ကလွဲ၍ ဘာမျှမစဉ်းစား။

တစ်နေရာမှ အလန့်တကြားအော်လိုက်သည့်အသံကြောင့် သီချင်းသံများရော အကအခုန်များလည်း ရပ်ကြ၏။ ထမင်းဆိုင်တံခါးဝတွင် ကတုန်ကယင်ဖြစ်နေသော ဂျူးလူငယ်တစ်ဦး။ ဟိုင်ဖာမြို့မှ ရွာသို့အလာ ရွာနားအရောက်တွင် လက်နက်ကိုင်အာရပ်သုံးဦးက ၎င်းနှင့်အပေါင်းအပါနှစ်ဦးအား ပစ္စည်းလုယူတိုက်ခိုက်ကြောင်း တုန်တုန်ရီရီဖြင့် ပြောပြ၏။ အကြိတ်အနယ် အကြောက်အကန် ပြန်တိုက်တော့မှ အာရပ်များထွက်ပြေးသွားကြောင်း၊ သို့ရာတွင် တစ်ဦးမှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့သည်ဆို၏။

တစ်ခန်းလုံး တိတ်ဆိတ်သွား၏။ လက်နက်ကိုင်အာရပ်သုံးဦးမှာ သမ္မာကျမ်းစာတွင်ဖေါ်ပြခဲ့သော ရှေးဟောင်းမြို့ဖြစ်သည့် ကာန (Cana)က ဖြစ်လေမည်

သား။ ကာနမြို့သားများက ဂျူးကိုမုန်းတီးသူများဟု လူသိများ၏။ သို့မဟုတ် ရိုင်ဖယ် သေနတ် (၅၀၀)ကို ထုတ်နိုင်သည့် လူဘီယာ ( **Lubia** ) မြို့ကများလား၊ သို့မဟုတ် ကြမ်းကြမ်းတမ်းတမ်း မိုက်မိုက်ကန်းကန်းလုပ်တတ်သော ဥာဉ်ရှိသည့် ဇူ **(Zubh)**တို့ များလား။ ခန်းမကြီးတွင်းရှိ ပရိသတ်က တွေးစရာများကတော့ ထိုမျှသာ။ သို့တစေ တိုက်ခိုက်သူများက ဘယ်မျိုးဘယ်ဇာတိဟုသိရေးက အဓိကမဟုတ်။ သာမညသာ တည်း။ ဂျူးရွှေ့ပြောင်းလုပ်သားများအဖို့ အာရပ်လူမျိုးများ ဗိုလ်ကျသည်ကို ကောင်း ကောင်းသိ၏။ အကယ်၍ ဒဏ်ရာရသူသေဆုံးခဲ့ပါက သူ့မျိုးနွယ်များက သီတင်း တစ်ပတ်မျှပင်မကြာ ကလဲ့စားချေမည်။ သိုးမျာ့ကို ခိုးမည်။ ကောက်ပဲသီးနှံများကို မီးရှို့ဖျက်ဆီးလိမ့်မည်။ သတ်ဖြတ်ကြလိမ့်မည်။ ဤသည်မှာ ထိုအရပ်ထိုဒေသ ဥပဒေ သဖွယ် ကျင့်သုံးလေ့ရှိ၏။

'ထိုအချိန် ထိုအခါမှစ၍ ကျုပ်တို့အထဲက တစ်ယောက်ယောက်တော့ အသတ်ခံရတော့မည်။ အသတ်ခံရမည့်သူမှာ ဘယ်သူလဲ' ဟူ၍ ဒေးဗစ်က ရေးသား ခဲ့၏။

ကြာကြာမစောင့်ရပါ။ စီဂျီရာတွင် ကျင်းပသော "ဒီယွန်လုပ်သားအစည်း အရုံး" ညီလာခံလာသူများကပင် အန္တရာယ်ကို တွက်ဆထားပြီးဖြစ်၏။ ဒဏ်ရာရ သွားသောအာရပ်များ ကွယ်လွန်သွားခဲ့လေပြီ။ ဂျူးပိုင် သိုးများ အခိုးခံကြရတော့ သည်။ လက်နက်ကိုင်မြင်းစီးလူများက ဂျူးရွာနားသို့ကပ်ကာ အန္တရာယ်ပြုလာကြ၏။

အီစတာပွဲတော်အပြီး သတ္တမမြောက်နေ့တွင် ပါလက်စတိုင်းသို့ ပြည်ပမှ နောက်ဆုံးရောက်လာသည့် လူသစ်ကလေး အစ္စရေးကွန်းဂိုးလ် ဂင်းအလှည့်ကျ၏။ မွန်းလွဲ(၂)နာရီတွင် ကွန်းဂိုးလ်သည် မိမိ၏ ရိုင်ဖယ်သေနတ်တို့ကိုင်လျက် ထမင်း ဆိုင်မှ ထွက်လာခဲ့သည်။

မိနစ်အနည်းငယ်အကြာ၌ သေနတ်သံများကို ကြားရ၏။ ရွာတွင်းရှိ ဂျူးများက သေနတ်ကိုယ်စီဆွဲလျက် သေနတ်သံကြားရာဆီသို့ ပြေးကြ၏။ သို့တစေ နှောင်းလေပြီ။ ကွန်းဂိုးလ်မှာ သေနတ်ဒဏ်ရာဖြင့် လဲသေနေ၏။ သူ့သေနတ်လည်း မရှိ။ အခိုးခံခဲ့ရပြီ။ သည်နေ့မှာပင် လက်သမားအတတ်ဖြင့် အသက်မွေးသူ အခြား ဂျူးလူမျိုးတစ်ဦးလည်း အသတ်ခံခဲ့ရသည်။

'အဲဒီအဖြစ်အပျက်များက ကျုပ်ကို မျက်လုံးအစုံဖွင့်သလိုရှိတယ်။ မကြာမတင်မှာပဲ ကျုပ်တို့နဲ့အာရပ်တို့ရဲ့ အားပြိုင်ပွဲဖြစ်လာလိမ့်မယ်လို့ ကျုပ်တွေးမိ တယ်။ စီဂျီရာမှာပဲ အဲဒီအခိုက်အတန့်မှာ ရန်ပွဲကို မလွဲမသွေတွေ့ရမှာပဲလို့ ထင်ခဲ့

တယ်။ အဲဒီနေ့က ကျုပ်တို့ရွာက အဖြစ်အပျက်ကျတော့ နောင်အနာဂါတ်မှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေနဲ့ နှိုင်းစာရင်တော့ မပြောပလောက်ဘူးပေါ့၊ ရင်ဆိုင်နိုင်ဖို့ ကျုပ်တို့ အသင့်ပြင်ထားရလိမ့်မယ်'

ဒေးဗစ်ဘင်ဂူရီယန်က ဤသို့လျှင် နောင်တစ်ချိန်၌ ရေးသားခဲ့၏။

စင်စစ် ဂျူးလူမျိုးတို့နှင့် အာရပ်လူမျိုးတို့၏ ပဋိပက္ခက စီဂျီရာရွာတွင် အစပြုခဲ့သည်မဟုတ်။ သို့တစေ (၁၉၀၉)ခု၊ ဧပြီလ၊ ထိုတစ်နေ့က အဖြစ်အပျက်ကြောင့် ဂျူးလူမျိုးခေါင်းဆောင်များက လူမျိုးနှစ်ဦးကြား ရန်ပွဲဖြစ်ပေါ်လာတော့မည်လေ့ဲဟု တွက်ဆထားပြီးဖြစ်သည်။ အားကြီးသူက အနိုင်ရလိမ့်မှာ သေချာသည်ဟုလည်း ယူဆထားကြ၏။

'မီးတောက်မီးလျှံကြားမှ သွေးမြေကျသည်နှင့်အတူ ဂျူးဒီယာသည်လည်း ကျရှုံးမည်သာ။ မီးတောက်မီးလျှံကြားမှ သွေးမြေကျလျက် ဂျူးဒီယာ ပြန်လည်ခေါင်းဆောင်လာမည်မှာ အမှန်'

ဘင်ဇဗီနှင့်အဖွဲ့၏ စီဂျီရာ အဖြစ်အပျက်မတိုင်မီက ကြွေးကြော်သံဖြစ်၏။ ဇာတိသွေး၊ ဇာတိမာန်ကြွသည့် 'ဟာရှိုမာ' ( **Hashomer** ) ခေါ် ကာကွယ်ရေးကို ရုရှားနိုင်ငံရှိ ဂျူးတို့၏ ကာကွယ်ရေးအဖွဲ့အစည်းပုံသဏ္ဌာန်အတိုင်း ဖွဲ့စည်းခဲ့၏။ ရည်မှန်းချက်မှာ ဂျူးလူမျိုးအသိုင်းအဝန်းအား အန္တရာယ်မရောက်စေရန် ကာကွယ်ပေးဖို့ဖြစ်၏။ 'ဟာရှိုမာ'သည် ကျစ်ကျစ်လစ်လစ်ဖွဲ့စည်းထားသည့် လျှို့ဝှက်အဖွဲ့အစည်းဖြစ်၏။ ရှေ့ဆောင် ဂျူးလူမျိုး အနည်းငယ်သာပါဝင်၏။

စင်စစ် . . . . ဒေးဗစ်ကဲ့သို့သော စိတ်ထားအယူအဆရှိသူသည် အဆိုပါအဖွဲ့အစည်းဝင် ဖြစ်သင့်၏။ သို့တစေ အံ့သြစရာကောင်းသည်။ ထိုအဖွဲ့အစည်းတွင် ဒေးဗစ်ကဲ့သို့သောသူ တစ်ဦးတစ်လေမျှမပါ။ ဒေးဗစ်မှာ ပညာတတ်ဖြစ်သောကြောင့်တည်း။

ဒေးဗစ်အား ပညာတတ်ဟု ဆိုလေမလား။ စင်စစ်ဒေးဗစ်သည် ပညာတတ် မဟုတ်။ မိန့်ခွန်းများကိုခြွေ၊ ဆောင်းပါးများရေးပြီး အတွေးအခေါ်သစ်များကို တီထွင်ချမှတ်ရန် ဆန္ဒပြင်းပြသူတစ်ဦးဖြစ်သည်မှာ မှန်၏။ သို့ရာတွင် ဒေးဗစ်မှာ ပညာတတ်တို့၏ ဥာဉ်ဖြစ်သော အားနည်းသည့်ဟာကွက်နှင့် တုံ့ဆိုင်းတုံ့ဆိုင်းအကျင့်အလျဉ်းမရှိ။ လက်တွေ့သမား၊ ဆုံးဖြတ်ချက်တစ်ခုကို ချပြီးသည်ဆိုလျှင် မပြောင်းမလဲ စွဲစွဲမြဲမြဲလက်ကိုင်ပြုကာ ရှေ့သို့တိုးတတ်သူ။

သူ့ဆောင်းပါး၊ သူ့အရေးအသားများမှ သူ့သဘောကို ကွင်းကွင်း

ကွက်ကွက် သိနိုင်သည်။ ဘင်ဇဗီက ဒေးဗစ်အား ဂျေရုစလင်မြို့သို့ စေလွှတ်ခဲ့၏။ ဂျေရုစလင်တွင် ဒေးဗစ်သည် သေနတ်ကိုစွန့်၍ ကလောင်ကိုကိုင်ခဲ့၏။ (၁၉၁၀)ခုနှစ်တွင် ဟီဗရူးဘာသာဖြင့် ထုတ်ဝေသည်။ 'အာဒေါက်' ( **Ahdoud** ) အမည်ရှိ 'ညီညွတ်ရေး' ( **Unity** )စာစောင်၏ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်လာသည်။ စီဂျီရာရွာတွင် အလုပ်ကြမ်းဖြင့် အသက်မွေးခဲ့သည့်ဘဝ နိဂုံးချုပ်လေပြီ။ လက်နက်ကိုင်လယ်သမားကလေးမှသည် ကလောင်ကိုင် သတင်းစာဆရာဖြစ်ခဲ့၏။ သူ့ဆောင်းပါးများတွင် 'ဘင်ဂူရီယန်'ဟု ကလောင်နာမည်ပေးခဲ့၏။

**ဒေးဗစ်ဘင်ဂူရီယန်**

ဂျေရုစလင်မြို့တော်အား ရောမစစ်တပ်များ လက်တွင်းသို့ မကျစေရန် ခုခံတိုက်ခိုက်ခဲ့သည့် ဂျူးအာဇာနည်တစ်ဦး၏ နာမည်ဖြစ်၏။ နာမည်က ခေါ်ကောင်း၍ ပြောင်းမှည့်ခဲ့ခြင်းသာဖြစ်သည်ဟု သူကဆင်ခြေပေး၏။ သို့ရာတွင် ရှေးရှေးက ဘင်ဂူရီယန်သည် မိမိနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့်အာဇာနည်ဖြစ်၏။ သည်အမည်ကို ရွေးမှည့်ခြင်းက အဓိပ္ပါယ်ရှိ၏။ ပါလက်စတိုင်းမှ ဂျူးလူမျိုးများ၏ သမိုင်းသည် ရှေးခေတ် အစ္စရေးလူမျိုးများ၏ သမိုင်းဆက်ဖြစ်သည်ဟု 'ဒေးဗစ်'က မိမိ၏ယုံကြည်ချက်ကို ကြွေးကြော်ခဲ့သောကြောင့်တည်း။

'ဒေးဗစ်'သည် ဇီယွန်ဝါဒီအမည်ခံကာ ညီလာခံစကြိမ်တွင် စတိုင်ကျကျဝတ်ပြီး ခေါက်တုန့်ခေါက်ပြန်လျှောက် ဟန်ရေးပြသူများကို မနှစ်မြို့။

ဇီယွန်ဝါဒကို လုပ်ပြရမည့်နေရာကား ပါလက်စတိုင်းဖြစ်၏။ စီဂျီရာကဲ့သို့သော သမဝါယမကျေးရွာများတွင် အကောင်အထည်ဖော်ရမည်သာ။ ချောက်သယောင်းဖြစ်နေသော မြေပေါ်တွင် အစ္စရေးနိုင်ငံကို အခြေခိုင်ခိုင်တည်နိုင်ရေးအတွက် အားထုတ်မှုပေါ်တွင် တည်ရှိ၏။

စာနယ်ဇင်းလုပ်ငန်းကို 'ဒေးဗစ်' နှစ်သက်လှသည်တော့မဟုတ်။ သို့ရာတွင် ဟီဗရူးဘာသာစကားကို မြတ်နိုးသည်ကြောင့် သတင်းစာဆရာ အလုပ်လုပ်ရန် ဂျေရုစလင်မြို့တော်သို့ 'ဒေးဗစ်' ထွက်ခွာခဲ့သည်။ ယခုမှ အသစ်တဖန် ပြန်လည်ဖော်ထုတ်မည့် ဘာသာစကားဖြင့် ဂျူးနိုင်ငံကို စည်းရုံးနိုင်မည်ဟု ဒေးဗစ်ယုံကြည်သည်။ သို့ရာတွင် ဟီဗရူးဘာသာစကားကို တွင်ကျယ်စေလွန်းလိုသော သူ့ဆန္ဒမှာ ရာနှုန်းပြည့် မအောင်မြင်ခဲ့။ 'ညီညွတ်ရေး' သတင်းစာထွက်ပြီး နှစ်လအကြာတွင် ကျင်းပခဲ့သော 'ဇီယွန်လုပ်သားအဖွဲ့' ညီလာခံတွင် 'ဒေးဗစ်'က ဟီဗရူးဘာသာစကားဖြင့် မိန့်ခွန်းခြွေခဲ့၍ ညီလာခံကိုယ်စားလှယ်များကပင် ဒေါသူပုန်ထခဲ့၏။ မိမိတို့၏

တိုင်းရင်းဘာသာစကားဖြစ်သော 'ယာဒစ်'ကို ဘယ်သောအခါမှ မစွန့်ဟုဆိုပြီး ကိုယ်စားလှယ်များက ညီလာခံခန်းမမှထွက်ခွာကာ သပိတ်မှောက်ခဲ့၏။

'ဒေးဗစ်'ကလည်း ဟီဗရူးဘာသာစကားကိုမစွန့်။ ခေါင်းမာသည်။ ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မှ မကျန်သည့်တိုင်အောင် စင်မြင့်ပေါ်မှနေ၍ ဟီဗရူးဘာသာစကားဖြင့် ဆက်လက်မိန့်ခွန်းခြွေနေတော့သည်။ ညီလာခံခန်းမတွင် ကိုယ်စားလှယ်သုံးဦးသာ 'ဒေးဗစ်' မိန့်ခွန်းကို နားထောင်နေကြသည်။ 'ဘင်ဇဗီ' သူညီနှင့် 'ညီညွတ်ရေး'သတင်းစာ အယ်ဒီတာအဖွဲ့ဝင် အမျိုးသမီးငယ်တစ်ဦးသာ ရှိသည်။ အဆိုပါ အမျိုးသမီးငယ်မှာ နောင်နှစ်ပေါင်း (၅၀)ကြာသည်ထိ မိမိခင်ပွန်း ဘင်ဇဗီနှင့်အတူ သမ္မတကတော်အဖြစ် သမ္မတစံအိမ်တော်တွင်နေခဲ့၏။

ထိုစဉ်က ဂျေရုစလင်မြို့တော်မှာ လူမျိုးစုံနေထိုင်ပြီး ညစ်ညူးစရာ ညစ်ညစ်ပတ်ပတ်မြို့မျှသာ။ ဆောင်းရာသီများတွင် မြို့တော်လမ်းတကာလမ်းတွင် နှံ့တွင်းချဉ်ဆီခိုက်အောင် အေးမြသည့်လေက တိုက်လိုက်သေး၏။ အမည်းရောင် ခြုံထည်ရုံလျက် စည်းဝေးပွဲတစ်ခုမှတစ်ခုသို့ အပြေးအလွှားသွား၍ အယ်ဒီတာအဖွဲ့ ဆွေးနွေးပွဲတွင် ပါဝင်အလုပ်များနေသော 'ဒေးဗစ်'သည် ဆိတ်ဆိတ်နေ၍ စဉ်းစား တွေးတောနေတတ်၏။

ရံဖန်ရံခါ ဆွေးနွေးပွဲများ၌ စိတ်ပါလက်ပါ အားသွန်ခွန်စိုက် ဆွေးနွေးသော အခါများတွင် အပေါင်းအသင်းများကပင် အံ့သြကြရ၏။ သို့ရာတွင် 'ညီညွတ်ရေး' သတင်းစာ၌ ဆောင်းပါးများရေးသောအခါမှသာ မိမိအယူအဆများကို ပွင့်ပွင့် လင်းလင်း ပြည့်ပြည့်စုံစုံ လှစ်ပြနိုင်ခွင့်ရ၏။ သူ့အရေးအသားများက ပြတ်သားသည်။ ရှင်းရှင်းလင်းလင်းရှိသည်။ 'ဒေးဗစ်'သည် မိမိလမ်းကို ဖြောင့်ဖြောင့်လျှောက်တတ်သူ။ ဇွဲရှိသူဖြစ်၏။ အခြားသူများ၏ စိတ်ခံစားမှုကို အလေးပေးတတ်သူမဟုတ်။ 'ဒေးဗစ်' ပထမဆုံးရေးသောဆောင်းပါးတွင် ပါလက်စတိုင်းသို့ နောက်မှဝင်ရောက် အခြေစိုက် သူများနှင့် နှစ်ပေါင်းများစွာက အခြေတကျနေခဲ့သူများကြား သဘောကွဲလွဲသည် များကို ထောက်ပြပြီး ရှုတ်ချခဲ့၏။ အတိတ်က အမြစ်စွဲနေသော အယူအဆများအား ဖယ်ရှားပြီး လူမှုရေးပြောင်းလဲမှုများဆောင်ရွက်ရန်လည်း တိုက်တွန်းခဲ့သည်။ ပါလက်စတိုင်းကို ဂျူးလူမျိုး အလွှာအသီးသီးအား စုစည်းညီညွတ်ရေးမှာ 'ဒေးဗစ်' စိတ်ဝယ် အမြစ်စွဲနေ၏။ ဤဦးတည်ချက်ဖြင့် ကလောင်စွမ်းပြခဲ့သည်။

(၁၉၁၁)ခုနှစ်က ဗီယင်နာမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ ဇီယွန် လုပ်သားအဖွဲ့ညီလာခံတွင် ဒေးဗစ်က မိန့်ခွန်းပြောစဉ်ကလည်း အမျိုးသားချင်း

စည်းလုံးညီညွတ်ရေးကို မီးမောင်းထိုးပြခဲ့သည်။ ဘင်ဇဗီနှင့်အတူ ဒေးဗစ်သည် ညီလာခံသို့ ပထမဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်၏။ ပါလက်စတိုင်းတွင် တည်ထောင်ခဲ့သော 'လုပ်သားဘဏ်' ( **Worker's Bank** )ဘာသာရပ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

"ဒီဘဏ်နဲ့ပတ်သက်တဲ့မူဝါဒကို အဆုံးအဖြတ်ပေးရမှာက ညီလာခံရဲ့ တာဝန်မဟုတ်ဘူး။ ပါလက်စတိုင်းက ဂျူးများ တာဝန်သာဖြစ်တယ်"

ဒေးဗစ်က သို့ကလိုပြောခဲ့သည်ကြောင့် ညီလာခံတက်လာသော ကိုယ်စားလှယ်များက မကျေနပ်ကြ။ ဒေးဗစ်နှင့် ဘင်ဇဗီမှာ လူနည်းစုသာဖြစ်သည်။ ၎င်းတို့ ဘက်မှ ထောက်ခံသူဦးရေ နည်း၏။

တစ်ဖန် ပြဿနာပေါ်ခဲ့ပြန်၏။

"တိုင်းတစ်ပါးမှာ ရှိနေကြတဲ့ ဇီယွန်ဝါဒီများက ဇီယွန်ဝါဒရဲ့ မျှော်မှန်းချက်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူး။ ပါလက်စတိုင်းမှာ အလုပ်လုပ်နေကြသူများကသာ ဆောင်ရွက်နိုင်မှာ"ဟု ဒေးဗစ်နှင့် ဘင်ဇဗီ တို့က ပြောခဲ့သည်ကြောင့် ညီလာခံတွင် ဂယက်ရိုက်သွားခဲ့သည်။

"ဇီယွန်လုပ်သားများအဖွဲ့အတွက် အကျိုးရှိရှိ ဆောင်ရွက်လိုပါက ဒီနေရာမှာ အချိန်ဖြုန်းနေကြမယ့်အစား ပါလက်စတိုင်းမှာ လာရောက်အခြေစိုက်သင့်ပါ တယ်"လို့ ဒေးဗစ်ကပြောပြန်သည့်အတွက် ပါလက်စတိုင်းမှ ကိုယ်စားလှယ်နှစ်ဦး အားရှုတ်ချရန် ညီလာခံက မဲပေးဆုံးဖြတ်ခဲ့ကြသည်။

ဂျေရုစလင်ပြန်ရောက်သည်နှင့် ဒေးဗစ်က ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်သည်။ သို့တစေ 'ညီညွတ်ရေး'သတင်းစာဖတ်ပရိသတ်က နည်း၏။ ပါလက်စတိုင်းတွင် (၂၅၀)နှင့် ပြည်ပတွင် စောင်ရေ (၁၀၀)မျှသာ ရောင်းချနိုင်သည်။

ဂျူးနိုင်ငံတည်ထောင်ရေးဆိုသည်မှာ အိပ်မက်မျှသာရှိသေး၏။ ပါလက်စတိုင်းတွင် ဂျူးလူဦးရေ (၇၀၀၀၀)မျှပင် မရှိသေး။ လယ်ပိုင်ရှင် မြေပိုင်ရှင်ဦးရေမှာ နည်းနည်းမျှသာ၊ အများစုမှာ သူတောင်းစားသာသာရှိ၏။ ဂျူးလူငယ်များ၏ လုပ်အားကို အထူးလိုသည်။ ထောင်သောင်းမက ခိုဝင်လာစေလိုသည်။ သို့ရာတွင် တစ်နှစ်တွင် ထောင်ဂဏန်းအရေအတွက်သာ ခိုဝင်လာတတ်၏။ ရောက်လာပြန်တော့လည်း ဖျားနာ၍ အချို့သေကြေပျက်စီးရ၏။ အချို့ကလည်း မိမိတို့ ရှေ့ရေး သာယာဖြောင့်ဖြူးမည့် အခြားနိုင်ငံသို့သွားရောက်ခိုလှုံကြ၏။ အထူးသဖြင့် အမေရိကန်မှာ အများဆုံးခိုလှုံရာနိုင်ငံတည်း။ ရုရှားနှင့် ပိုလန်နိုင်ငံများမှ ဂျူးလူမျိုး

အများအပြားထွက်လာသည်မှာ စင်စစ် အားရစရာ။ သို့ရာတွင် အများစုက လမ်းများသို့သာ ဦးတည်သွားကြ၏။

အချိန်မှာ အော်တိုမင်အင်ပိုင်ယာအတွင်း၌ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများဖြင့် တုန်လှုပ်ချောက်ချားနေသော ကာလတည်း။ (၁၉၁၈-ခုနှစ်)တွင် ပထမဆုံးပေါ်ပေါက်ခဲ့သော ပုန်ကန်မှုကြောင့် တူရကီစစ်တပ်မှ လူငယ်အရာရှိများ အာဏာရရှိလာသည်။ သူတို့က လွတ်လပ်ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့ တွင်တွင် ပြောလာကြသည်။ အရှေ့အလယ်ပိုင်းဒေသရှိ မြို့တော်ကြီးများတွင် တက်တက်ကြွကြွ ဆန္ဒပြသပိတ်မှောက်မှုများပေါ်ခဲ့သည်။ အလံမျိုးစုံ မျက်စိတဆုံး လွှင့်ထူခဲ့ကြသည်။ ထိုအလံများတွင် ပထမဆုံးအကြိမ်အဖြစ် အဖြူနှင့်အပြာရောင်ရှိ၍ ဒေးဗစ်ကြယ် ( **Star of David** ) ခြောက်ထောင့်နှင့် အလံလည်းပါလာ၏။ ဂျူးလူမျိုးများလည်း ထိုပွဲတွင် ဝင်နွှဲခဲ့ကြသည်။ 'ဟိုရီယာ' ( **Houria** )ခေါ် လွတ်လပ်ရေးမှာ လက်တစ်ကမ်းမျှသာလိုတော့သည်ဟု ထင်ကြ၏။ အာဏာ ရတူရကီ လူငယ်ခေါင်းဆောင်များက တိုင်းတစ်ပါးမှ ဂျူးလူမျိုးများ ပါလက်စတိုင်းသို့ ခိုလှုံလာရာတွင် ကြုံတွေ့ရသော အနှောက်အယှက်မှန်သမျှကို ဖယ်ရှားပေးလိမ့်မည်ဟု ထင်ကြ၏။ အထင်နှင့်အမြင် လွဲခဲ့ရသောကြောင့် စိတ်ဓါတ်ကျခဲ့ကြရပြန်သည်။ တူရကီလူငယ်အရာရှိများ၏ ပုန်ကန်မှုမှာ ပဏာမမျှသာဖြစ်ပြီး ဆက်ခါဆက်ခါ ပေါ်ပေါက်ခဲ့သော ပုန်ကန်မှုများကြောင့် အော်တိုမင်အင်ပါယာလည်း လျှောကျနောက်ဆုံးရှိတော့သည်။ (၁၉၁၃-ခုနှစ်) ဇန်နဝါရီလ (၂၃)ရက်နေ့တွင် ပေါ်ပေါက်ခဲ့သည့် တတိယအကြိမ်မြောက် အာဏာသိမ်းပွဲတွင် 'အင်ဗာပါရှာ' ( **Enven Pasha** ) မှာ တူရကီတွင် အာဏာရလာ၏။

ပါလက်စတိုင်းရှိ ဂျူးများကမူ မိမိတို့ကမ္ဘာကျဉ်းကျဉ်းလေးထဲတွင် နေရင်းက တက်လာသော တူရကီအစိုးရသစ်များကို အားကိုးတကြီး မျှော်လင့်ထားကြ၏။ ပါလက်စတိုင်းရှိ ဂျူးများကိုပင် တူရကီလူမျိုးစတိုင်ကို အတုခိုး၍ မုတ်ဆိတ်ထားခဲ့၏။ ဒေးဗစ်၏ အယူအဆများက အမှားမှားအယွင်းယွင်းဖြစ်သည်ဟု ဆိုဦးတော့၊ အခြေအမြစ်ရှိ၏။ တူရကီတို့၏ ဥပဒေများကို နိုက်နိုက်ချွတ်ချွတ် နားလည်သဘောပေါက်ခြင်းဖြင့် ပါလက်စတိုင်းရှိဂျူးများအား ဦးဆောင်မှုပေးရန်၊ ကိုယ်စားပြုရန်နှင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် အရည်အချင်းပြည့် ခေါင်းဆောင်များ လိုသည်မဟုတ်ပါလား။ ဒေးဗစ်ကိုယ်တိုင်က တူရကီပါလီမန်တွင် အမတ်တစ်ဦးဖြစ်လာနိုင်သည်သာမက ကွန်စတန်တင်နိုပိုလ်မြို့တော်ရှိ တူရကီ

အစိုးရအဖွဲ့ဝင်တစ်ဦးပင် ဖြစ်လာနိုင်သည်ဟုပင် ထင်နေသေးသည်။ သို့ဆိုလျှင် ဂျူးလူမျိုးများ ပါလက်စတိုင်းသို့ ခိုဝင်လာရေးကိုပင် အကျိုးပြုနိုင်ဖွယ်ထင်၏။

သူ့အထင် သူ့အမြင်က ရှင်းနေသည်။ ဥပဒေသင်ကြားရန်နှင့် နိုင်ငံရေးဆောင်ရွက်ရန် တူရကီသို့ ထွက်ခွာသွားခဲ့သည်။ (၁၉၁၁)ခုနှစ် နွေရာသီတွင် စလွန်နီကာဆိပ်ကမ်းသို့ ရောက်ခဲ့သည်။ လအနည်းငယ်မျှနေပြီး တူရကီဘာသာစကားကို အတော်အတန် ရေးသားပြောဆိုနိုင်သောအခါ ကွန်စတန်တင်နိုပိုလ် တက္ကသိုလ်သို့ တက်ခဲ့သည်။

မကြာပါ။ ဘင်ဇဗီလည်း ဒေးဗစ်ခြေရာလိုက်၍ ကွန်စတန်တင်နိုပိုလ်မြို့တော်သို့ ရောက်ခဲ့၏။ ဘင်ဇဗီနှင့် ဒေးဗစ်တို့မှာ နှစ်ကိုယ့်တစ်စိတ်ဖြစ်၏။ 'ဟာရှိုမာ' ကာကွယ်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ 'အစ္စရေးလ်ရှိုချက်'လည်း ရောက်လာ၏။ ကျန် ဂျူးလူငယ်တစ်ဦးမှာ ကွန်စတန်တင်နိုပိုလ် တက္ကသိုလ်တွင် ဥပဒေပညာဆည်းပူးနေဆဲ သူ့နာမည်က 'မိုရှေရှာတော့' ( **Moshe Shertok** ) ဖြစ်၏။ နောင်တွင် ရှာရတ် ( **Sharett** )ဟူသောအမည်ဖြင့် ဒေးဗစ်နောက် ဒုတိယမြောက် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ဖြစ်လာသည်။

ကွန်စတန်တင်နိုပိုလ်မြို့တော်တွင် ဒေးဗစ်နေစဉ်က အေးအေးသက်သက်နေခဲ့၏။ သားက ပညာဆက်သင်ကြားနေသည်ကို သိရသော ဖခင်က ဝမ်းသာမိ၏။ တစ်လလျှင် ရူဘဲလ် (၃၀) ပို့ပေး၏။ ဒေးဗစ်ဝတ်စားပုံမှာ လူလတ်တန်းစား တူရကီတစ်ဦးပမာ ဦးထုပ်၊ ကော်လာအမာ၊ ရွှေကြိုးပါ ခါးပိုက်ဆောင်နာရီတို့နှင့် အပြည့်။ ဒေးဗစ်နှင့် ဘင်ဇဗီတို့သည် တူရကီဥပဒေနှင့်ပတ်သက်သောစာတမ်းကို ပြုစုနေကြသည်။ တက္ကသိုလ်တွင် ဒေးဗစ်သည် လူမျိုးပေါင်းစုံနှင့် သိကျွမ်းခင်မင်ခွင့်ရ၏။ တူရကီသူဌေးသားများ၊ အာရပ်ရှိတ် ( **Sheik** )များ၏သားများအပြင် ဇီယွန်ဝါဒီသတင်းစာဆရာ 'ဗျာဘိုတင်စကီး'တို့နှင့် သိကျွမ်းခင်မင်ခဲ့သည်။ ရုရှား ဂျပန်စစ်ပွဲတွင် လက်တစ်ဖက်ပြတ်ခဲ့သော ဂျူးသူရဲကောင်း 'ဂျိုးဇက်ထရမ်ပယ်ဒေါ်'နှင့် ရင်းနှီးခဲ့၏။ 'ဂျိုးဇက်'မှာ ဂျူးသူရဲကောင်းတို့၏ သွင်ပြင်လက္ခဏာရှိသူတည်း။

ဒေးဗစ်က ညစဉ်ညတိုင်း ဥပဒေကျမ်းများ ကျက်မှတ်ခဲ့၏။ အဆင့်မြင့်မြင့်နှင့် အောင်မြင်ခဲ့၏။ သို့တစေ မိမိဝန်းကျင်တွင် သမိုင်းအဖြစ်အပျက်များက တစ်မျိုးတစ်ဖုံပြောင်းလဲသွားသည်ကိုတော့ သူမသိ။ ဘော်လ်ကန်ကျွန်းဆွယ်စစ်ပွဲများ ( **Balkan Wars** )တွင် တူရကီတို့ အကြီးအကျယ်ရှုံးခဲ့ကြ၏။ ဥရောပရှိ မိမိအင်ပါယာနယ်မြေအားလုံးလိုလို လက်လွှတ်ခဲ့ရသည်။ ဒေးဗစ်နှင့် ဘင်ဇဗီတို့ကမူ

သည့်အဖြစ်အပျက်များကိုလည်း စိတ်မဝင်စားကြ။ ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံ ပြန်လည်ဖော်ထုတ်ရေးတွင် မိမိတို့ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍကိုသာ စိတ်ဝင်စား၏။

(၁၉၁၄)ခုနှစ်၊ ဩဂုတ်လတွင် ဖောက်ခွဲသော အမြောက်သံများကိုပင် ဒေးဗစ်တို့က မကြားသယောင်။ စစ်ကြီးဖြစ်သည့်အချိန်တွင် ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့မှာ ပါလက်စတိုင်းသို့အပြန် လမ်းခွတ်လပ်တွင်သာရှိသေး၏။ သူတို့ စီးနင်းလိုက်ပါသွားသော ရုရှားသင်္ဘောမှာ ဂျပန်တို့တိုက်ခိုက်သည်ကို ခံရ၏။ ပါလက်စတိုင်းသို့ ရောက်သောအခါတွင် စိတ်ပျက်စရာအငတ်ဘေးနှင့် ရင်ဆိုင်တိုးတော့သည်။ ဂျူးလူမျိုး အများအပြားအပါအဝင် ပါလက်စတိုင်းမှလူများ ဥရောပနှင့်အီဂျစ်နိုင်ငံသို့ ရရာသင်္ဘော၊ မီးရထားတို့ဖြင့် အလုအယက်ပြေးကြ၏။ ဂျူးနိုင်ငံတည်ထောင်ရေး အတွက် ကြိုးပမ်းသမျှမှာ သဲထဲရေသွန်သည့်နှယ် အချည်းအနှီးသာ။ 'ဝိုက်ဇ်မင်'က လန်ဒန်မှလည်းကောင်း၊ 'ထရမ်ပယ်ဒေါ်'နှင့် 'ဂျာဘိုတင်စကီး'တို့က ကိုင်ရိုမှလည်းကောင်း၊ ဂျူးတို့က မဟာမိတ်တပ်တို့ဘက်မှ ထောက်ခံကူညီရန် တိုက်တွန်းခဲ့ကြ၏။

သို့တစေ မဟာမိတ်အုပ်စုတွင် ဇာဘုရင်အုပ်စိုးသော ရုရှားလည်းပါ၏။ ရုရှားသည် မင်းဆိုးမင်းညစ်နှင့် ဂျူးသတ်ပွဲ ထွန်းကားခဲ့ရာနယ်မြေ၊ ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့ကမူ ထိုဝါဒကိုမကြိုက်။ မပြေးမလွှားကျန်ရှိနေသေးသော ဂျူးလူနည်းစုကို တူရကီတို့က ကလဲ့စားချေမည်ကို စိုးရိမ်မိသည်။ သူတို့နှစ်ဦးကမူ ဂျူးလူမျိုးတို့ စုစည်းရေးကိုသာ တိုက်တွန်းနေကြဆဲ၊ ခေတ်နောက်ကျနေသည့် အယူအဆဟုပင်ဆိုဆို ဘင်ဂူရီယန်သည် ခြေကုပ်ထားရသည့်ကို ဆက်လက်ထိန်းသိမ်းနေပေမည်။ ပါလက်စတိုင်းကာကွယ်ရေးအတွက် ဂျူးပြည်သူ့စစ်တပ်ဖွဲ့များ ဖွဲ့စည်းရန် တက်တက်ကြွကြွ ဆောင်ရွက်ကြ၏။

သို့ရာတွင် တကယ်တမ်း အန္တရာယ်ပေးသူက တူရကီတို့ဖြစ်သည်။ ကျောချမှ ဓားပြမှန်းသိရသည်။ တူရကီတို့က ဇီယွန်ဝါဒီတို့၏ လှုပ်ရှားမှုကို မသင်္ကာကြ။ ဂျူးတို့က လက်နက်များကို ဝှက်ထားသည်ကိုလည်းကြား၏။ 'ဟာရှိုမာ' ကာကွယ်ရေးအဖွဲ့များသတင်းကိုလည်း သိနေကြ၏။ ပါလက်စတိုင်းရှိ ဂျူးများမှာ ဗြိတိသျှတို့၏ ပဉ္စမံသူလျှိုများ ဖြစ်လေသည်လား၊ (၁၉၁၅)ခု နွေရာသီတွင် တူရကီ အာဏာပိုင်များက ဂျူးတို့အား ဖမ်းဆီးအကျဉ်းချထားကြသည်။ ပထမဆုံးထိသူများမှာ ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့တည်း။ တူရကီနိုင်ငံအပေါ် သစ္စာရှိပါ

သည်ဟုဆိုဆို တူရကီတို့ကမယုံ။ ပါလက်စတိုင်းရှိ ဂျူးတို့နှင့် နိုင်ငံတကာဇီယွန်အဖွဲ့အစည်းကြီးတို့ အဆက်အသွယ်ရှိနေသည်က မပြေးသော်ကံရာရှိ၏။ ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့နှစ်ဦးစလုံး ပြည်နှင်ခံရ၏။

ပါလက်စတိုင်းမှ မထွက်ခင်တွင် ဒေးဗစ်ဘင်ဂူရီယန်သည် တစ်ချိန်က ကွန်စတန်တင်နိုပိုလ်တက္ကသိုလ်တွင် ကျောင်းနေဘက်သူငယ်ချင်း အာရပ်လူမျိုး 'အီဖန်ဒီ'နှင့် ဆုံမိကြသည်။

'ဒီမှာ မင်းဘာလာလုပ်တာလဲ'

ဂျေရုစလင်မြို့ အကျဉ်းစခန်းရှိရုံးခန်းတွင် ဒေးဗစ်ဘင်ဂူရီယန်ကိုတွေ့ရသော် အံ့ဩမိ၍မေးလိုက်၏။

'ငါ ဒီတိုင်းပြည်က ပြည်နှင်ခံရတယ်လေ'

'သူငယ်ချင်းတစ်ယောက်အနေနဲ့ မင်းအဖြစ်ကိုသိရတာ ဝမ်းနည်းပါတယ်ကွာ၊ ဒါပေမယ့် အာရပ်လူမျိုးတစ်ဦးအနေနဲ့တော့ ဝမ်းသာတယ်ဟေ့'

ဒေးဗစ်ဘင်ဂူရီယန်သည် အာရပ်အမျိုးသားဝါဒီ၏ တိုက်ကွက်ကို ပထမဆုံး နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ရလေပြီ။

'တူရကီ အင်ပါယာနယ်နိမိတ်မှ ရာသက်ပန် နှင်ထုတ်လိုက်သည်'။

ဒေးဗစ်ဘင်ဂူရီယန်အား ပြည်နှင်ဒဏ်ခတ်သည့် စာရွက်တွင် မှင်နီဖြင့် အထင်းသားရေးထား၏။

တစ်နေ့တော့ ကျုပ်ပြန်လာမယ်။

ဒေးဗစ်က အားပါးတရ အော်လိုက်သည်။

(၁၉၁၅)ခု၊ နွေရာသီကုန်လုဆဲတစ်နေ့တွင် ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့နှစ်ဦး နယူးယောက်ဆိပ်ကမ်းသို့ လှမ်းတက်ခဲ့ကြ၏။

◂ ◂ ◂ ▸ ◂ ▸ ◂ ▸ ◂ ▸

## မင်းသားနှင့်လယ်သမားလေးတို့ယှဉ်တဲ့ပွဲ

သုံးနှစ်မျှကြာသော် ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့နှစ်ဦး ပါလက်စတိုင်းသို့ ပြန်ရောက်လာကြ၏။ ဗြိတိသျှတပ်မတော်သား ဝတ်စုံကိုဝတ်လျက် ကြွားကြွားဝင့်ဝင့် အောင်မြင်သောခြေလှမ်းဖြင့် ပြန်လာခြင်းတည်း။

ပါလက်စတိုင်းမှ ထွက်ခွာရစဉ်က အလက်ဇန္ဒြီးယားမြို့သို့သွားသော သင်္ဘောပေါ်သို့ တင်ပေးလိုက်သည်မှအစ ပင်ပင်ပန်းပန်း ခရီးရှည်နှင်ခဲ့ရသည်မှာလည်း ယခု ဆုံးခန်းတိုင်ပေပြီ။ 'ဟီးဗရူး'ဘာသာစကားဖြင့် စစ်ချီစစ်တက် အမိန့်ပေးကာ 'ဒေးဗစ်ကြယ်'ပါ အလံတော်ကိုလွှင့်လျက် မိမိတို့ ဘေးဘိုးဘီဘင်များ နေထိုင်ခဲ့ရာ ပါလက်စတိုင်းအား တူရကီတို့လက်မှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရန်လာသော ပထမဆုံး ဂျူးတပ်မတော်တွင် သူတို့နှစ်ဦးပါလာ၏။ အစ္စရေးမြေပေါ်တွင် ပထမဆုံး ဂျူးတပ်မတော်ချီတက်လာသည်ကို ဘုရားသခင်က တန်ခိုးပြသည်ဟု ယူဆကြသည့်အလား တအံ့တဩ စူးစိုက်ကြည့်နေကြသည်။ စင်စစ်ဘုရားသခင်က တန်ခိုးဗျာဒိတ်ဟာ ပြသည်မဟုတ်။ ကမ္ဘာစစ်ကြီးက အရာရာကို အသွင်အပြင် ပြောင်းလဲစေခဲ့၏။

ကမ္ဘာစစ်ကြီး ပေါ်ပေါက်လာပြီး များမကြာမီပင် ဂျူးလူမျိုးခေါင်းဆောင်အများအပြားက ဤသို့သော ဂျူးတပ်မတော်ကိုဖွဲ့စည်းရန် တွေးတောမိကြ၏။ အထူးသဖြင့် အပြောကောင်း၊ အဟောကောင်း နာမည်ကျော်စာရေးဆရာ

ဂျာဘိုတင်စကီးနှင့် ရုရှား-ဂျပန်စစ်တပ်ကြီး 'ထရမ်ပယ်ဒေါ်'က သည်အယူအဆ ရှိသူများတည်း။ ပါလက်စတိုင်းလွတ်မြောက်ရေးအတွက် ဗြိတိသျှစစ်တပ်များနှင့် ဒိုးတူပေါင်ဖက်တိုက်ရန် ဂျူးလူမျိုးသက်သက်ပါဝင်သည့် ဂျူးတပ်မတော် ဖွဲ့စည်းရန် သူတို့နှစ်ဦးက အီဂျစ်ရှိ ဗြိတိသျှအာဏာပိုင်များအား ချဉ်းကပ်ခဲ့၏။ သို့တစေ ဗြိတိသျှအာဏာပိုင်များက ဂျူးတိုက်ပွဲဝင်တပ်များ ဖွဲ့စည်းပေးရန်ကိုမူ လက်မခံ၊ ကုန်တင်လားတပ်ဖြင့် ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးကို တာဝန်ယူရန် ဖွဲ့စည်းဖို့ကိုမူ သဘောတူ၏။ ဂျာဘိုတင်စကီးက စိတ်ပျက်မိသည်။ သူက ဂျူးတိုက်ပွဲဝင်တပ် ဖွဲ့စည်းရေးကို အစဉ်တွေးတောကြံဆနေသည်။ ကုန်တင်လားတပ်တွင်မူ အမှုမထမ်းလို၊ ကုန်တင်လားတပ်ကို အခြားစစ်မျက်နှာ တစ်နေရာရာတွင် အသုံးပြုရန်ဖြစ်၍လည်း ပါလက်စတိုင်းတွင် ခြေချဖို့ဝေးစွ မြင်ချင်လို့မှမမြင်နိုင်။

'ထရမ်ပယ်ဒေါ်'က သို့ကလို မယူဆ။ သူတို့ဂျူးတပ်ဆိုလျှင်ပြီးရော။ တိုက်ပွဲဝင်ရ မဝင်ရ ကိစ္စမရှိ။ အရေးမဟုတ်။

'ကတုတ်ကျင်းတူးတိုက်ရတာပဲဖြစ်ဖြစ်၊ ပို့ဆောင်ရေးတာဝန်ယူတာပဲဖြစ်ဖြစ်၊ ဘာမှမခြား အတူတူပါပဲ။ စစ်မျက်နှာတိုင်းက ဇီယွန်သို့ ဦးတည်ရှေ့ရှုတာချည်းပါပဲ' . . . . တဲ့။

(၁၉၁၅)ခု၊ မတ်လတွင် 'ဇီယွန်ကုန်တင်လား တပ်မကြီး' ( Zionist Muleteer Corps )သည် အလက်ဇန္ဒြီးယားမြို့ဆိပ်ကမ်း၌ ဂေါ်လီပိုလီ(Gallipoli) သို့ချီရန် သင်္ဘောပေါ်တက်ခဲ့ကြ၏။ ဂျူးတပ်မကြီး သင်္ဘောပေါ်တက်သည်ကို လာကြည့်ကြသော ပရိသတ်ထဲတွင် ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့လည်းပါ၏။ ဒေးဗစ်ဘင်ဂူရီယန်ကမူ မိမိသဘောမတူသည်ကို သို့ဝှက်မထား။ ဂျူးတပ်မကြီးတွင် ပါဝင်ကြသူ ဂျူးအမျိုးသားများမှာ ပါလက်စတိုင်းမှာ စစ်ပြေးဒုက္ခသည်များဖြစ်၏၊ အမိမြေတွင်တာဝန်ယူရန် တတ်စွမ်းသမျှ အားထုတ်သင့်သည်ဟု ထင်မိသည်၊ ပါလက်စတိုင်းတွင် ဘယ်မှမပြေးဘဲ ကြွင်းကျန်ရစ်ခဲ့သော ဂျူးတို့အား တူရကီတို့က လက်စားချေမည်ကို စိုးရိမ်မိ၏။ တစ်ဖန် စစ်ကြီး၏ရလာဒ်က မည်သို့ဖြစ်လာမည်ကို ဘယ်သူမှ သေသေချာချာမသိ။ ထရမ်ပယ်ဒေါ်သည် လူပေါင်းမှားပြီဟု ထင်မိသည်။

နှစ်ပေါင်းများစွာကြာသော် ဒေးဗစ်ဘင်ဂူရီယန်က ထိုစဉ်တွင် မိမိအမြင်များကောင်းမှားပေမည်ဟု ဝန်ခံ၏။

"သို့သော်လည်း သမိုင်းဖြစ်ရပ်များဟာ တစ်ပတ်ပြန်ကျော့ဦးမည်ဆိုပါက ပါလက်စတိုင်းမှ ဂျူးလူမျိုးများဟာ အစွရေးနယ်မြေမှာပဲ ရှိနေသင့်တယ်ဆိုတဲ့ ငါ

ပြီ လက်ခံကျင့်သုံးမှာပဲ" ဟု ဘင်ဂူရီယန်ကဆိုသည်။

အစ္စရေးနယ်မြေမှ ထွက်ခွာသွားသူများနေရာတွင် အစားထိုးရန်အတွက် ပြည်ပမှဂျူးများ လာရောက်အခြေစိုက်ဖို့ လိုအပ်၏။ ဘင်ဂူရီယန်သည် ဂျူးလူမျိုးအများအပြားနေထိုင်ရာ အမေရိကန်ပြည်ထောင်စုသို့သွား၍ စည်းရုံးရပေမည်။

ခက်ခက်ခဲခဲ ခရီးရှည်ရှည်နှင်ခဲ့ပြီး ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့ နှစ်ဦး (၁၉၁၅)ခု၊ နွေရာသီတွင် အလွန်ပူပြင်းသောနေ့တစ်နေ့၌ အယ်လတ်ကျွန်းသို့ အလုပ်ဆောက်သည်။ နယူးယောက်မြို့ရှိ ဂျူးလူမျိုးအသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့် ဆက်တိုက်တွေ့ဆုံ ဆွေးနွေးသည်။ သို့ရာတွင် ဂျူးခေါင်းဆောင်များမှာ ဇီယွန်ဝါဒီ ပြီး အဘောင်အာရင်းသန်သန်ဖြင့် အသံကောင်းဟစ်သူများသာ အပြောသမားသတ်သက်များသာဖြစ်ကြောင်း တွေ့ရ၏။

ဘင်ဂူရီယန်၏ အဓိကလုပ်ငန်းမှာ ရှေ့ဆောင်အလုပ်သမားများအား ပါလက်စတိုင်းသို့ပို့၍ အမိမြေကို ပြန်လည်ဖော်ထုတ်ပြီး အသက်ပေးကာကွယ်ကြရန်ဖြစ်၏။ အမေရိကန် ဂျူးခေါင်းဆောင်များက ဘင်ဂူရီယန်တို့၏ ရည်မှန်းချက်ကို သံသယရှိနေသည့်ကြားက ဘင်ဇဗီ၏အကူအညီဖြင့် ဒေးဗစ်ဘင်ဂူရီယန်က 'ဟီဟာလုဇ်' ( **Hehalutz** ) ခေါ် 'ရှေ့ဆောင်အဖွဲ့များ' ( **The Pioneer** )ကို ဖွဲ့စည်းတည်ထောင်သည်။ အမေရိကန်ပြည်ထောင်စုအနှံ့သွား၍ လှုံ့ဆော်စည်းရုံးခဲ့သည်။ တစ်မြို့မှတစ်မြို့သို့ကူး၍ ဂျူးလူငယ်လူရွယ်များနှင့်တွေ့ဆုံကာ ဆွေးနွေး၏။ သို့ရာတွင် ဘင်ဂူရီယန်သည် စိတ်ပျက်စရာနှင့် ကြုံတော့သည်။ အမေရိကန်ပြည်ထောင်စု ဂျူးအသိုင်းအဝန်းများမှ လူ (၁၀၀)ပြည့်အောင်ပင် ရှေ့ဆောင်အဖွဲ့သို့ဝင်ခဲ့ကြ။

သို့ရာတွင် ဒေးဗစ်ဘင်ဂူရီယန်ကမူ စိတ်မပျက်။ လက်မလျှော့။ စာရွက်စာတမ်းများ ရိုက်နှိပ်၍ ဇီယွန်စိတ်ဓာတ်နိုးကြရန် နှိုးဆွခဲ့သည်။ ဒေးဗစ်ဘင်ဂူရီယန်နှင့် ဘင်ဇဗီတို့အား အခြားမိတ်ဆွေနှစ်ဦးက အကူအညီပေးသည်။ သူတို့လေးဦးစုပေါင်း၍ 'မှတ်မိပါသေး' ( **In Memoriam** )အမည်ရှိ စာအုပ်ကို ထုတ်ဝေခဲ့သည်။ တဖန် ဒေးဘိုးဘီဘင်တို့၏ ဇာတိဌာနေမွေးရပ်မြေ၏ သာယာပုံများကို ဖော်ပြထားသော စာအုပ်တစ်အုပ်လည်း ပြုစုခဲ့သေးသည်။ စာအုပ်နှစ်အုပ်စလုံးမှာ အရောင်းရအတွင်ဆုံးဖြင့် အထူးအောင်မြင်ခဲ့သည်။

အချိန်တွေသာ ကုန်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုက စစ်ထဲသို့မဝင်သေး။ ဒေးဗစ်ဘင်ဂူရီယန်က စည်းဝေးပွဲ တစ်ခုပြီးတစ်ခုတက်ကာ ဆောင်းပါး

တစ်ပုဒ်ပြီးတစ်ပုဒ်ရေးလျက် အချိန်ကုန်နေသည်။ ရံပုံငွေလည်း ကောက်ခံခဲ့သည်။ တစ်ချိန်တည်းမှာပင် မိမိပါဝင်ဆောင်ရွက်ရန်ရည်ရွယ်ထားသည့် အခန်းကဏ္ဍ အတွက်လည်း ပြင်ဆင်ထားသည်။

သို့တစေ ဘင်ဂူရီယန်အဖို့ အမေရိကန်ပြည်ထောင်စုက "စိမ်း"နေဆဲ။ နိုင်ငံအနှံ့ ခရီးဆန့်ခဲ့သည်။ လှေ့လာခဲ့သည်။ မှတ်သားခဲ့သည်။ သို့ရာတွင် မှတ်စု စာအုပ်အတွင်း ဒေးဗစ်ကောက်ခြစ်ထားသည်များက ဇီယွန်ရေးရာများသာ။ ဂျူး လူမျိုး အမျိုးသားနိုင်ငံတည်ထောင်ရေးအတွက် တိုက်ပွဲဝင်ရမည်က ဗြိတိသျှနှင့် အာရပ်တို့သာမဟုတ်။ ဂျူးအချင်းချင်းပင် ဖြေရှင်းရမည့်ပြဿနာများက ဒုနဲ့ဒေး။ အချင်းချင်းသဘောကွဲလွဲမှုများ၊ အချင်းချင်းရန်စောင်မှုများ၊ အချင်းချင်းပြိုင်ဆိုင်မှု များ၊ သူတို့၏ သံသယစိတ်၊ ကြောက်စိတ်များကို ဖယ်ရှားရပေမည်။ အမေရိကန် ပြည်ထောင်စုသို့ ခြေချသည့်နေ့မှစ၍ စစ်ကြီးကိုအောင်မြင်သူက ဂျူးနိုင်ငံ အမြန်ဆုံး တည်ထောင်ပေး၍ အာမခံချက်ပေးရန် တောင်းဆိုသူများကို ဒေးဗစ်ဘင်ဂူရီယန်က ရင်ဆိုင်တွန်းလှန်နေရသည်၊ နိုင်ငံကြီးများမှ မြို့တော်များသို့သွား၍ သံတမန်ရေးရာ အရ ကမ်းလှမ်းပြီး အာဏာရပုဂ္ဂိုလ်များအား ချဉ်းကပ်ကာ အရေးဆိုသည်ကိုတော့ ဒေးဗစ်မနှစ်မြို့။ အကြောက်အကန်ငြင်းသည်။

"နိုင်ငံတစ်နိုင်ငံကို ရယူသိမ်းပိုက်ရေးတွင် နည်းအမျိုးမျိုးရှိသည်။ လက်နက်အားကိုးနှင့် သိမ်းပိုက်နိုင်သည်။ နိုင်ငံရေးလှုပ်ရှားမှုဖြင့်လည်း ကောင်း၊ သံတမန်ရေးရာ စာချုပ်စာတမ်းများဖြင့်လည်းကောင်း၊ ငွေကြေး ပေးဝယ်ယူ၍လည်းကောင်း ရနိုင်သည်။ နည်းအစုံစုံမှာ ရည်ရွယ်ချက်က တစ်ခုတည်းသာရှိ၏။ အာဏာကိုရယူကာ တိုင်းရင်းသားများအား ကျွန် သပေါက်အဖြစ်စေခိုင်းပြီး ခေါင်းပုံဖြတ်ရန်ဖြစ်၏။ ပါလက်စတိုင်းကို ကျုပ် ကြိုးပမ်းနေတာက ကိုယ်ပိုင်နိုင်ငံတည်ထောင်ဖို့ဖြစ်၏။ လက်ဆောင် ပစ္စည်းတစ်ခုလို နိုင်ငံရေးစာချုပ်စာတမ်းများနှင့် ရယူနိုင်သည်မဟုတ်။ ငွေကြေးပေး၍ ဝယ်ယူမရနိုင်။ လက်နက်အားကိုးဖြင့် မရစကောင်း။ ကျုပ် တို့က ချွေးမြေကျသည်အထိ အလုပ်လုပ်ပြီးထူထောင်မှ ရနိုင်မယ်"

ဟု ဒေးဗစ်က (၁၉၁၅)ခု၊ ဧကတင်ဘာလတွင် ရေးသားခဲ့၏။

ဘင်ဂူရီယန်၏ ဆိုစကားများက အမှန်ချည်းဖြစ်၏။ သို့ရာတွင် ထိုသို့ချည်း မဟုတ်ကြောင်း နောင်ဖြစ်ရပ်က သာကေထူခဲ့သည်။ တခြားမဟုတ်။ "ဘဲလ်ဖိုး ကြေငြာချက်" ( **Belfour Declaration** )။ (၁၉၁၇)ခု၊ နိုဝင်ဘာလ (၂)ရက်နေ့တွင်

ထိုစဉ်က ဗြိတိသျှအစိုးရအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ 'ဘဲလ်ဖိုးကလော့ဒ် ရော့သ်ချိုင်း'ထံ စာရေးအကြောင်းကြား၏။

"ဘုရင့်အစိုးရက ပါလက်စတိုင်းတွင် ဂျူးလူမျိုးများအတွက် နေရာထိုင်ခင်း စီစဉ်ပေးရန် ကြိုးပမ်းလျက်ရှိနေပါတယ်။ အဲဆင်ပြေရေးအတွက် အစွမ်းကုန်ကြိုးပမ်း သွားပါမယ်။ သို့ရာတွင် ပါလက်စတိုင်းရှိ ဂျူးမဟုတ်သူ လူမျိုးခြားအသိုင်းအဝိုင်းများ ၏ လူမှုရေးနှင့် ဘာသာရေးအခွင့်အရေးများအား ထိခိုက်မနစ်နာစေပါ။ ထို့အတူ ညီသည့်နိုင်ငံ၌မဆိုရောက်နေသော ဂျူးလူမျိုးများ၏ အခွင့်အရေးများနှင့် နိုင်ငံရေး အနေအထားအားလည်း ထိခိုက်မနစ်နာစေရပါ"

ယခုကဲ့သို့ အမှတ်မထင် ကြေငြာချက်ထုတ်ပြန်လိုက်ခြင်းကြောင့် ဂျူး လူမျိုးတို့မှာ အတိုင်းမသိဝမ်းသာကြ၏။ ဇီယွန်ဝါဒီများအဖို့မူ အိပ်မက်မက်ခဲ့ခြင်းက အမှန်တကယ်ဖြစ်ပေါ်ခဲ့ချေပြီဟု ထင်မှတ်ရ၏။ သည်ကြေငြာချက်ကြောင့် နောင် နှစ်ပေါင်းသုံးဆယ်တိုင်တိုင် ဇီယွန်လောကတွင် ဩဇာတိက္ကမ ရှိမည့် ပုဂ္ဂိုလ်အကျော် အမော်တစ်ဦးကို စင်မြင့်ပေါ် သို့တင်ပေးခဲ့၏။ သူကား 'ဒေါက်တာ ဟိန်းဝိုက်ဇ်မင်' ဖြစ်၏။ 'ဘဲလ်ဖိုးကြေငြာချက်'ပေါ်ထွက်ရေးအတွက် အဓိကဆောင်ရွက်သူ။

ဒေါက်တာဝိုက်ဇ်မင်သည် ဒေါက်တာဟာဇယ်လ်နေရာအား တိုက်ရိုက် ဆက်ခံသူဖြစ်၏။ (၁၉၁၆)ခုနှ် ပထမကမ္ဘာစစ်ဝင်နေသော ဗြိတိသျှတပ်များတွင် ခဲယမ်းမီးကျောက် ပြတ်တောက်သွားသည့်ပြဿနာကို ဒေါက်တာဝိုက်ဇ်မင်က တီထွင်မှုဖြင့် အကူအညီပေးခဲ့ရာမှ ကျော်ကြားထင်ရှားလာ၏။ ထိုစဉ်က စစ်ဘက် ခဲယမ်းမီးကျောက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လွိုက်ဂျော့ ( **Lloyd George** )က ဝိုက်ဇ်မင်ကို အထူးကျေးဇူးတင်ရှိခဲ့သည်။ လအနည်းငယ်အကြာတွင် လွိုက်ဂျော့ သည် ဝန်ကြီးချုပ်ဖြစ်လာသောအခါ ဝိုက်ဇ်မင်အား မည်သို့ကျေးဇူးဆပ်ရမည်ကို မေးသည်။ ဝိုက်ဇ်မင်က သူ့အနွယ်ဝင် ဂျူးလူမျိုးများအတွက် တစ်ခုခုဆောင်ရွက်ပေး ခြင်းဖြင့် မိမိကိုချီးမြှင့်ပါဟု အဖြေပေးခဲ့၏။ အမေရိကန်ရှိ ဂျူးအသိုင်းအဝန်းများ အပေါ် ဒေါက်တာဝိုက်ဇ်မင်က ဩဇာရှိသည်မှာ လူတိုင်းအသိ။ အမေရိကန်ရှိ ဂျူး အသိုင်းအဝန်းမှတစ်ဆင့် အမေရိကန်တို့က ပထမကမ္ဘာစစ်ထဲသို့ ဝင်လာစေရန် အကြပ်ကိုင်ပေးမည်ဖြစ်၏။ ထို့အပြင် ပါလက်စတိုင်းတွင် ဗြိတိသျှအစောင့်အရှောက် ဖြင့် ဂျူးတို့အတွက် နေရာထိုင်ခင်းစီစဉ်ပေးပါက ဗြိတိသျှအစိုးရက ပါလက်စတိုင်းကို ဆက်လက်အုပ်ချုပ်သွားနိုင်ပေမည်။

ဗြိတိသျှအစိုးရအတွက်ပါ အကျိုးများသောကြောင့် 'ဘဲလ်ဖိုးကြေငြာချက်'

ကို သဘောတူ အတည်ပြုခဲ့သည်။

ကမ္ဘာ့အနှံ့အပြားရှိ ဂျူးအသိုင်းအဝန်းများက ရင်ဖွင့်ကြိုဆိုခဲ့သည်။ အောင်ပွဲခံအခမ်းအနားများ ကျင်းပခဲ့သည်။ ဘင်ဂူရီယန်နှင့် လက်တစ်ဆုပ်စာမျှရှိသော ရှေ့ဆောင်အုပ်စုက မိမိတို့သာ ပါလက်စတိုင်းမြေပေါ်တွင်နေ၍ လက်တွေ့ဆောင်ရွက်နေသည်ဟုပင်ဆိုဆို၊ ပြည်ပရောက် ဇီယွန်ဝါဒီများ၏ သံတမန်ရေးရာ အရ ဆောင်ရွက်မှုများက ပိုမိုထိရောက် အကျိုးများကြောင်း ဝိုက်ဇ်မင်က လက်တွေ့ပြနိုင်ခဲ့၏။

ဝိုက်ဇ်မင်၏ အောင်မြင်မှုကို အားလုံးကတညီတညွတ်တည်း လက်ခံကြသည်။

သို့တစေ ဒေါင့်တစ်ဒေါင့်မှ မကျေနပ်သံတစ်ခုက ထွက်ပေါ်လာခဲ့သည်။

'ဗြိတိသျှအစိုးရက ပါလက်စတိုင်းအား ကျုပ်တို့ကို ပြန်ပေးတာမဟုတ်သေးဘူး။ တစ်တိုင်းတစ်ပြည်လုံးကို ဗြိတိသျှတို့ ပြန်လည်သိမ်းပိုက်စေဦးတော့ ဗြိတိသျှက ခွင့်ပြုချက်မပေး။ အခြားနိုင်ငံများကလည်း သဘောတူကြလို့လည်း ဒီမြေက ကျုပ်တို့မြေမဟုတ်သေးဘူး။ ဗြိတိသျှအစိုးရကတော့ အကြင်နာတရားပြတာအမှန်တကယ်။ ကျုပ်တို့လူမျိုးဟာ ကိုယ့်တိုင်းကိုယ့်ပြည်နဲ့ ရပ်တည်နေသင့်တယ်ဆိုတဲ့အချက်ကိုတော့ သဘောတူတယ်။ ဒါပေမယ့် ဂျူးလူမျိုးများကသာ ဒီအခွင့်အရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်မှာ ဂျူးလူမျိုးများကသာ မိမိတို့ချွေး၊ သွေး၊ အားမာန်ငွေပင်ငွေရင်းနဲ့ မိမိတို့ရဲ့ အမျိုးသားနိုင်ငံကို တည်ထောင်မှုဖြစ်မယ်။ ဒီနည်းနဲ့ မိမိတို့ရဲ့ အမျိုးသားရေးကယ်တင်မှုလုပ်ငန်းကြီးကို ဆောင်ရွက်နိုင်မယ်'။

ဒေးဗစ်ဘင်ဂူရီယန်က (၁၉၁၇)ခုနှစ်၊ နိုဝင်ဘာလ၊ (၁၄)ရက်နေ့တွင် ရေးသားခဲ့သော ဆောင်းပါးတွင် ဖော်ပြခဲ့လေသည်။

ဆောင်းပါးပါစကားရပ်များမှ ဒေးဗစ်ဘင်ဂူရီယန်နှင့် ဝိုက်ဇ်မင်တို့ သဘောအယူအဆကွဲသည်ကို ပြက်ပြက်ထင်ထင် တွေ့နိုင်သည်။ စီဂျီရာကျေးရွာမှ လယ်သမားလေးအယူအဆနှင့် မန်ချက်စတာမြို့ကြီးများရှိ သိပ္ပံလက်တွေ့ခန်းများမှ သိပ္ပံပညာရှင်တို့၏ဘဝက ကွာခြားခြင်းမက ကွာခြားပါဘိ။ ဘင်ဂူရီယန်က ဝိုက်ဇ်မင်အား လေးစားချစ်ခင်ပါ၏။ သို့ရာတွင် ဝိုက်ဇ်မင်သည် ပြဿနာ၏ အဖြေမှန်ကို ရှာကြံနိုင်စွမ်းရှိသူဟူ၍တော့ မယုံကြည်နိုင်။ လက်မခံနိုင်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ပင်လျှင် တစ်ဦးနှင့်တစ်ဦး အမြင်၊ အယူအဆခြင်း ခြားနားခဲ့သည်မှန်သော်လည်း ပါလက်စတိုင်းနှင့် အခြားမည်သည့်နေရာတွင်ရှိရှိ ဇီယွန်လှုပ်ရှားမှုတွင် နှစ်ပေါင်း

(၁၀)ကြာမျှ ပြဲဇာတိက္ကမ ရှိခဲ့၏။

အမေရိကန်ရှိ ဇီယွန်ဝါဒီများက ပိုက်ဇ်မင်၏ အောင်ပွဲကို လပေါင်းများစွာ ကျင်းပခဲ့ကြသည်။ သို့ရာတွင် အောင်ပွဲအခမ်းအနားများသို့ ဒေးဗစ်ဘင်ဂူရီယန် တစ်ယောက် မတက်ခဲ့၊ ထိုအချိန်တွင် ဒေးဗစ်နှင့် အစဉ်ကပူးတွဲတွဲရှိနေသော ဘင်ဇဗီတို့နှစ်ဦးမှာ ဗြိတိသျှစစ်သားဝတ်စုံများ ဆင်မြန်းလျက် ပါလက်စတိုင်းသို့ အပြန်ခရီး လမ်းခွတ်လပ်တွင်ပင်ရှိနေကြသေး၏။ အလက်ဇန္ဒြီးယားမှ အမေရိကန်ပြည်ထောင်စုသို့ သွားသည့်အချိန်မှစ၍ ဘင်ဂူရီယန်၏ သဘောထားများက ယခင်ကနှင့် မတူတော့။ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။ အမေရိကန်က စစ်ထဲသို့ဝင်လာချေပြီ၊ မိမိတာဝန်မှာ ပါလက်စတိုင်း လွတ်မြောက်ရေးအတွက် အစွမ်းကုန် အကူအညီ ပေးရန်ဖြစ်သည်ဟု ယုံကြည်၏။

ထိုသို့သော အမြင်ရှိကြသူမှာ ဒေးဗစ်တစ်ယောက်သာမဟုတ်၊ လအနည်းငယ်စောစောကပင် လန်ဒန်တွင် ဂျာဘိုတင်စကီး၏ အခါမလပ် တိုက်တွန်းမှုကြောင့် ဂျူးတပ်မတော် တည်ထောင်ရေးမှာ အောင်မြင်ခဲ့သည်။ (၁၉၁၈)ခု၊ ဇွန်လတွင် ဂျူးတပ်မတော်သည် ပါလက်စတိုင်းရှိ ဗြိတိသျှစစ်တပ်နှင့် အတူယှဉ်တွဲ တိုက်ပွဲဝင်နေပေပြီ။ ဘင်ဂူရီယန်၏တပ်ရင်းက အတန်ကြာသည်အထိပေါ် မလာခဲ့၊ ထိုတပ်ရင်းကို အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှ စုဆောင်းခဲ့သော ဂျူးအပျော်တမ်းတပ်သားများဖြင့် ဖွဲ့စည်းထား၏။ တတိယမြောက်တပ်ရင်းကို ပါလက်စတိုင်းရှိ ဂျူးများအား စည်းရုံးသိမ်းသွင်း၍ ဖွဲ့စည်းခဲ့သည်။

(၁၉၁၈)ခု၊ ဩဂုတ်လ (၂၈)ရက်နေ့တွင် ဘင်ဂူရီယန်ပါဝင်သော ဂျူးတပ်ရင်းသည် ပို့ဆက်မြို့သို့ ဆိုက်ရောက်ခဲ့သည်။ သူမသိဘဲနှင့် သူ့အား ဒု-တပ်ကြပ်အဆင့်ပေးထား၏။ သို့တစေ ဒေးဗစ်က မိမိကိုယ်ကို မိမိ ဂုဏ်ယူမိသည်။ ဇီယွန်စည်းဝေးပွဲများတွင် စင်မြင့်ပေါ်တက် အလုပ်များနေရသည်ထက် ပါလက်စတိုင်းမြေပြင်တွင် အများစု၌ တစ်ဦးအပါအဝင်ဖြစ်သည်ကို ဂုဏ်ယူမဆုံး။ ပို၍အကျိုးပြုနိုင်မည်ဟုလည်း ယုံကြည်၏။

ထိုအချိန်တွင် ဒေးဗစ်မှာ လွတ်လွတ်လပ်လပ် လူပျိုမဟုတ်တော့။ အမေရိကန်သွားရင်း 'ပေါလင်းမန်းဝိဇ်' ( **Pauline Munweis** )နှင့် လက်ထပ်ခဲ့သည်။ ဇီယွန်လောကတွင် ချစ်စနိုးဖြင့် 'ပေါ်လာ' ( **Paula** )ဟုသာ အခေါ် များခဲ့၏။ (၁၉၁၇)ခု၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် နယူးယောက်မြို့တော်ခန်းမ၌ တိတ်တဆိတ်လက်ထပ်ခဲ့၏။ သည်အဖြစ်အပျက်လေးကို နေ့စဉ်မှတ်တမ်းတွင် တိုတိုကလေးမျှသာ

ကောက်ခြစ်ထား၏။

- (၁၉၁၇)ခု၊ ဒီဇင်ဘာလ (၃)ရက် ညနေတွင် လုပ်ငန်းကော်မတီစည်းဝေး **ကျင်းပ**။
- **ဒီဇင်ဘာလ** (၄)ရက် ကျူပ်တို့ အသင်းအဖွဲ့များ၏ ကော်မတီများ **စည်းဝေးပွဲ**။
- ဒီဇင်ဘာလ (၅)ရက်နေ့၊ ဒီနေ့ နံနက် (၁၁း၃၀)တွင် လက်ထပ်သည်။
- ဒီဇင်ဘာလ (၆)ရက် ဗဟိုကော်မတီစည်းဝေးပွဲ။

ပေါ်လာသည်လည်း မူလ ပထမ ရုရှားပြည်ကလာသောသူတည်း။

ဆေးတက္ကသိုလ်တက်နေရာမှ ကျောင်းထွက်၍ ဆေးရုံတစ်ခုတွင် သူနာပြုဆရာမလုပ်နေ၏။ ပါလက်စတိုင်း ဇီယွန်ဝါဒဆိုသည်များကို ပေါ်လာနားမလည်။ သို့တစေ ရှေ့ဆောင်လုပ်သားကလေး၏ အားထုတ်ကြိုးပမ်းမှုကိုမူ သဘောကျနှစ်ခြိုက်၏။ မြူနီစပယ်စာကြည့်တိုက်ရှိ စာအုပ်များမှ အချို့သောအပိုဒ်များအား ကူးယူပေးရန် ဒေးဗစ်က ပေါ်လာအား စေခိုင်းရာမှ မေတ္တာမျှခဲ့ခြင်းဖြစ်၏။ ပေါ်လာသည် ပွင့်လင်းသူ၊ ရိုးသားဖြောင့်စင်းသူတည်း။ တစ်ပါးသူထိခိုက်နစ်နာလျှင် နစ်နာပါစေ၊ ပေါ်လာက ပွင့်ပွင့်လင်းလင်းပြောတတ်၏။ ဘင်ဂူရီယန်အတွက်ဆို အရာရာကို စွန့်လွှတ်ဝံ့သူဖြစ်၏။ ဘင်ဂူရီယန်ကဲ့သို့သော ပုဂ္ဂိုလ်ကြီး၏ ထင်ပေါ်ကျော်ကြားမှုများကြောင့် မိမိပင်ကိုယ်စရိုက်လက္ခဏာကို မပျောက်ပျက်စေခဲ့။

ဒေးဗစ်နှင့်လက်ထပ်ရန်အတွက် ဆေးရုံမှ ခဏလစ်ထွက်ခဲ့သည်။ လက်ထပ်ပွဲပြီးသည်နှင့် ဆေးရုံသို့ပြန်ပြေး၍ ခွဲစိပ်ကုသသည်ကို ကူညီဆောင်ရွက်ပေးသည်။ ဒေးဗစ်ကလည်း စည်းဝေးပွဲတစ်ခုသို့ သုတ်ခြေတင်ထွက်ခဲ့သည်။ ရက်အတန်ကြာသည်ထိ အတူနေရန်နေရာကိုပင် မရှာနိုင်ခဲ့ကြ။ လေးလမျှ ချစ်စ၊ ခင်စ၊ ကြင်နာစ ဇနီးမောင်နှံ အတူနေခဲ့ရသည်။ ပေါ်လာအား နယူးယောက်တွင်ပင်ထားခဲ့၍ ဒေးဗစ်သည် ဂျူးတပ်မတော်နှင့်အတူ ပါလက်စတိုင်းသို့ ထွက်ခဲ့သည်၊ ထိုအချိန်တွင် ပေါ်လာ၌ ကိုယ်ဝန်ပင်ရှိနေပြီ။ သမီးကလေး မွေးဖွားခဲ့သည်။ သမီးမွေးကြောင်းကို အစာမကြေရောဂါဖြင့် ကိုင်ရိုမြို့ရှိ ဆေးရုံ၌ တက်ရောက်ကုသနေချိန် ဒေးဗစ်သတင်းရခဲ့၏။ ဒေးဗစ်သည် စစ်ပွဲတစ်လျှောက် တက်တက်ကြွကြွပါဝင်တိုက်ခဲ့ရသည်ဟု မရှိခဲ့။ သူ့တပ်ရင်းလည်း တိုက်ပွဲမနွှဲခဲ့ရ။ ပါလက်စတိုင်းမြေပေါ်သို့ ဒေးဗစ်တို့တပ်ရင်း ခြေချသောအခါ စစ်ကြီးပြီးဆုံးသွားလေပြီ။ ပါလက်စတိုင်းသည်ပင် ဗြိတိသျှ အုပ်စိုးမှုအောက်တွင် ရှိနေပြီ။

မကြာမီ ဒေါက်တာဝိုက်ဇ်မင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မှ ပါလက်စတိုင်းသို့ ရောက်လာ၏။ မိမိက မိမိလူမျိုးအတွက် ပေးနိုင်ခဲ့သော နယ်မြေသို့ အလည်အပတ်လာခြင်းတည်း။ လန်ဒန်မှထွက်မလာမီ ဝိုက်ဇ်မင်သည် ဗြိတိသျှအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ပဋ္ဌမမြောက် ပျော့ဘုရင်ကိုပါ ဖူးတွေ့ခဲ့သည်။ 'ဘဲလ်ဖိုး ကြေငြာချက်'ကို ပြင်သစ်၊ အမေရိကန် ပြည်ထောင်စုနှင့် အခြားနိုင်ငံကြီးများက သဘောတူခဲ့ကြသည်။ ဗြိတိသျှအစိုးရကမူ အာရပ်တို့၏ သဘောထားကို စိုးရိမ်မကင်းရှိနေဆဲ။ သို့ရာတွင် ဝိုက်ဇ်မင်က မင်းသား ဖိုင်ဇယ်' ( Falsal )နှင့်တွေ့ဆုံ၍ အာရေဗျမှ 'လောရင့်' ( Law rance of Arabia) ရေးဆွဲသည့် ချစ်ကြည်ရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဗြိတိသျှတို့အား နှစ်သိမ့် စေခဲ့သည်။

သည်သို့သော အောင်မြင်မှုများကြားဝယ်၊ ဘင်ဂူရီယန်၊ ဘင်ဇဗီနှင့် 'ကက်ဇီနယ်လ်ဆင်' ( Katzenelson ) နှင့် ရှေ့ဆောင်လုပ်သားတစ်စုမှာ လျစ်လျူရှု ခံရသည်ဟုယူဆကာ စိတ်ပျက်ဝမ်းနည်းနေ၏။ ဝိုက်ဇ်မင်၏ လုပ်ရပ်များအကျိုးကို သေး၍ မဟုတ်။ သို့ရာတွင် ဖိုင်ဇယ်နှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုသည်ကိုတော့ အကောင်းမမြင်နိုင်။ အာရပ်အသိုင်းအဝန်းများတွင် ပွက်လောရိုက်နေလေပြီ။ ပါလက်စတိုင်းတွင် ဂျူးတို့အတွက် အမျိုးသားနိုင်ငံကို ခိုင်ခိုင်မြဲမြဲ မတည်ထောင် သရွေ့ ဗြိတိသျှအကာအကွယ်သည် အသုံးမကျ။ ဘင်ဂူရီယန်က သည်သို့ပင်ထင်၏။ ပါလက်စတိုင်းသို့ ပြန်ရောက်လျှင်ရောက်ခြင်း ဘင်ဂူရီယန်က သည်ဦးတည်ချက် ကိုသာ အာရုံစိုက်၍ ဆောင်ရွက်ခဲ့သည်။

ဘင်ဂူရီယန်သည်လည်း ၃-တပ်ကြပ်မဟုတ်တော့။ နိုင်ငံရေးလှုပ်ရှားမှုများ တွင်သာ အချိန်ကုန်စေခဲ့သည်ကြောင့် စစ်သားတစ်ဦးသည် တပ်စခန်းမှ အခွင့်မရဘဲ မထွက်ရဟူသည်ကိုပင် သူမေ့လျော့နေချေပြီ။ သူ့အရာရှိများကလည်း သည်းခံ သည်။ သူတောင်းသမျှအခွင့်ကို မဆိုင်းမတွပေး၏။ သို့တစေ ဤအခွင့်များသည်ပင် သူ့အတွက် လုံလောက်သောအချိန်မရခဲ့။ သာမန်စစ်သားဘဝသို့ ရာထူးလျှော့ချခံရ ၏။ သို့တစေ သူကတော့ စိတ်မပျက်၊ အားမငယ်၊ စစ်အတွင်းတွင် ဂျူးတပ်မတော် တွင်ရှိနေဖို့ အရေးကြီးသည်။ ယခုအချိန်တွင် နိုင်ငံရေးကအဓိကဖြစ်သည်။ အနာဂတ် အစ္စရေးတပ်မတော်ကို တည်ထောင်ခဲ့သူမှာ စင်စစ် တပ်သားကောင်းတစ် ယောက် မဟုတ်ပါလား။

ပါလက်စတိုင်းသို့မရောက်မီကပင် ဒေးဗစ်က လုပ်သားထုစည်းလုံး

ညီညွတ်ရေးကို ကြွေးကြော်ခဲ့၏။ (၁၉၁၉)ခု ဖေဖော်ဝါရီလတွင် "အာဒေါက်ဟာဗိုဒါး" (**Ahdout Haavoda**) ခေါ် "အလုပ်သမားအစည်းအရုံး" (**Labour Union**) အမည်ရှိ နိုင်ငံရေးပါတီပေါ်လာခဲ့သည်။ နောင်တစ်နှစ်တွင် "လူငယ်လုပ်သားအဖွဲ့" နှင့် သဘောတူညီမှုရသည်။ ဤသို့ဖြင့် "ဟစ်တာဒရုသ်" ( **Histadruth** )ခေါ် လုပ်သားအစည်းအရုံးကြီး ( **Confederation of Labour** ) ပေါ် ပေါက်လာသည်။ လုပ်သားအစည်းအရုံးကြီး၏ ရည်မှန်းချက်မှာ နိုင်ငံရေးရည်မှန်းချက်ပင်ဖြစ်သည်။ အနာဂတ်တွင် အစ္စရေးနိုင်ငံတည်ထောင်ရေးအတွက် လမ်းခင်းပေးရမည့် အဖွဲ့အစည်းဖြစ်၏။ တစ်နည်းအားဖြင့် လုပ်သားအစည်းအရုံးကြီး ဖွဲ့စည်းခြင်းသည် ဘဲလ်ဖိုးကြေငြာချက်အား တန်ပြန်ခြင်းဖြစ်၏။

လုပ်သားအစည်းအရုံးကြီး၏ ပထမဆုံးကြွေးကြော်သံက ဘင်ဂူရီယန်၏ အယူအဆကို ထင်ဟပ်ဖော်ပြခဲ့သည်။

"ငါတို့ကိုယ်စားပြုတဲ့ လူတန်းစားရဲ့နိုင်ငံတည်ထောင်ရမည်" တဲ့ . . .။

(၁၉၂၀)ခုနှစ်များတွင် စာရေးဆရာ၊ သတင်းစာဆရာများက ဘင်ဂူရီယန်အား အလုပ်သမားခေါင်းဆောင်အဖြစ် ဖော်ပြခဲ့ကြသည်။ ဘင်ဂူရီယန်သည် အလုပ်သမားခေါင်းဆောင်မှသည် နိုင်ငံရေးခေါင်းဆောင်သို့ အသွင်ပြောင်းခဲ့သည်ဟု တစ်ဦးကဆိုသည်။ စင်စစ် ဘင်ဂူရီယန်သည် လုပ်သားခေါင်းဆောင်တစ်ဦးမဟုတ်။ 'စ' လုံးရေ 'စ' ဆိုကတည်းက နိုင်ငံရေးခေါင်းဆောင်ဖြစ်ခဲ့သည်။

ဘင်ဂူရီယန်သည် (၁၉၂၀)ခုနှစ်က လုပ်သားအစည်းအရုံးကြီးကို တည်ထောင်ခဲ့ရာတွင် ပါဝင်ခဲ့သူ အဖွဲ့ဝင်တစ်ဦးဖြစ်၏။ သူ့အဖွဲ့ဝင်နံပါတ်ကတ်ပြားမှာ နံပါတ် (၃)ဖြစ်၏။ ပါလက်စတိုင်းတွင် စုစည်းဖွဲ့ထားသော အဖွဲ့ကြီးတွင် ဘင်ဂူရီယန်က အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## ဘေးဒုက္ခပေါင်း စညောင်းလေရာ

လုပ်သားအစည်းအရုံးကြီး၏ အတွင်းရေးမှူးမှာ အသက်အားဖြင့် (၃၄)နှစ်မျှသာရှိသေး၏။ တပ်အင်အားမှာလည်း အစကနဦးတွင် (၁၉၂၀)ခုနှစ်က ၄၄၃၃ သာရှိ၏။ သူတို့တစ်တွေ ပတ်ပတ်လည်တွင်မူ ပါလက်စတိုင်းအနွယ် ဂျူးလူမျိုး (၁၀၀၀၀)ခန့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းနှင့် ဗြိတိသျှအင်ပါယာအတွင်း စုစည်းထားသည့် သန်းပေါင်းများစွာသော ဇီယွန်ဝါဒီများရှိ၏။ လူရှုးလူမိုက်တစ်ဦးသာလျှင် လက်တစ်ဆုပ်စာမျှသာရှိသော ဆိုရှယ်လစ်ဝါဒီ ဂျူးလူမျိုးတစ်စုက ကမ္ဘာအနှံ့ရှိ ဂျူးအနွယ်ဝင်များအပေါ် ဩဇာတိက္ကမရှိပြီး အာရပ်တို့ကိုရင်ဆိုင်၊ ဗြိတိသျှတို့ကို မနာခံ၊ ကမ္ဘာ့ဇီယွန်ဝါဒကိုပင် ညွှန်ကြားနိုင်သည်ဟု ပြောပေလိမ့်မည်။

ဘင်ဂူရီယန်သည် လက်တွေ့အားမထုတ်မီ (၁၀)နှစ်လုံးလုံး သည်းခံစောင့်စားခဲ့ရ၏။ ထို (၁၀)နှစ်တာကာလသည် သူ့ဘဝတွင် အခက်အခဲဆုံးကာလဖြစ်၏။ ခါးခါးသီးသီး အတွေ့အကြုံများနှင့် ဆုံဆည်းခဲ့ရသည့် ကာလများလည်းဖြစ်ခဲ့ရ၏။

သို့ရာတွင် ထိုထိုသော ခါးသီးသည့်အတွေ့အကြုံများနှင့် ဆုံစည်းရသည့် ကာလသည်ပင် သူ့ဘဝဇာတ်ကြောင်းတွင် အရေးကြီးသောကာလဟု ဆိုရမည်သာ။ သည်အချိန်၊ သည်ကာလတွင် ပါလက်စတိုင်းဒေသရှိ ဂျူးအမျိုးသားလှုပ်ရှားမှုကို ပုံသွင်းအကောင်အထည်ဖေါ် စေရန် ဖြစ်၏။ ဂျူးအမျိုးသားလှုပ်ရှားမှုခေါင်းဆောင်၏ စရိုက်လက္ခဏာကို အရေးပါစေသော အချိန်အခါဖြစ်၏။

ယဉ်ချိုးစာပေ

သည် (၁၀)နှစ်ကာလကို သွေးထွက်သံယိုဖြစ်ခဲ့ရသည့် ကြေကွဲဖွယ်ရာဖြစ်ရပ်များဖြင့် နိဒါန်းချီ အစပျိုးခဲ့၏။

ပထမဆုံးအကြိမ် အာရပ်လူမျိုးတို့က အုပ်လိုက် သင်းလိုက်နှင့် ဂျူးလူမျိုးတို့အပေါ် စတင်တိုက်ခိုက်လာသည်။ အာရပ်တို့၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ဟတ်ချ်အာမင်အာလ်းဟူစိန်ဇီ ( **Hadj Amin El Husseini** )က တပ်လှန့်လိုက်သည်ကြောင့်ဖြစ်၏။

(၁၉၂၁)ခု၊ ဂျူးနှင့်အာရပ်တို့ အဓိကရုဏ်း ပေါ်ပေါက်ပြန်၏။ ပထမတစ်ကြိမ်ထက် သွေးထွက်သံယိုမှု ပိုဖြစ်ခဲ့သည်။

ပါလက်စတိုင်းသည်လည်း လူသတ်ပွဲကြီး ဆင်နွှဲရာဒေသဖြစ်လေဦးမည်လား။

သည် ရန်ဆူးရန်ညှောင့်ကိုကာကွယ်ရန် ဂျူးလူမျိုးတို့က "ဟာဂါနာ" ( **Haganah** )ခေါ် ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း၏။ ဟာဂါနာသည် ဟာရှိမာအဖွဲ့အစည်းနေရာကို ဆက်ခံသည်။

ပါလက်စတိုင်း၏ အချုပ်အခြာအာဏာကို ဗြိတိသျှတို့၏ အုပ်စိုးထိန်းကွပ်မှုအောက်တွင် ထားရှိ၍ ဂျူးအမျိုးသားများ၏ နေရင်းဌာနေအား ဖော်ထုတ်ပေးရန် အဆိုကို (၁၉၂၂)ခုနှစ်က ဆန်ရီမိုတွင် ကျင်းပသော ကမ္ဘာ့နိုင်ငံများအဖွဲ့ညီလာခံက အတည်ပြု ပြဋ္ဌာန်းပေးခဲ့သည်။

သို့သော် ထိုနှစ်မှာပင် ချာချီကိုယ်တိုင်ရေးဆွဲသည့် "စက္ကူဖြူ"စာတမ်းထွက်လာခဲ့သည်။ အာရပ်တို့အား နှစ်သိမ့်သည့်အနေဖြင့် ဗြိတိသျှတို့၏ အုပ်ထိန်းမှုအောက်တွင်ထားသော ဂျော်ဒန်မြစ်၏ အရှေ့ဘက်ခြမ်းကို ခွဲထုတ်လိုက်သည်။ 'အာမန်' ( **Amman** ) ကျေးရွာကလေးအား နိုင်ငံ၏မြို့တော်အဖြစ် သတ်မှတ်ကာ "ထရန့်စ်ဂျော်ဒန်" ( **Transjordan** )နိုင်ငံ ထူထောင်သည်။ ပါလက်စတိုင်းသို့ ဗြိတိသျှအရာရှိများ ရောက်လာသည်။ ငြိမ်ဝပ်ပိပြားရေးအတွက် စကော့ချ်နှင့် ဝေလလူမျိုးများဖြင့် ဖွဲ့စည်းထားသည့် တပ်ရင်းများကို စေလွှတ်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဇီယွန်အဖွဲ့အစည်းကြီးမှ ကိုယ်စားလှယ်များလည်း ပါလက်စတိုင်းသို့ အလျှိုလျှိုရောက်လာကြသည်။ ဂျူးနိုင်ငံပြန်လည်ဖော်ထုတ်ရေးအတွက် တာဝန်ယူကြရန် လာကြ၏။

ဒေါက်တာဝိုက်ဇ်မင်၏ ဌာနချုပ်ရုံးခန်းက လန်ဒန်မြို့တွင်ရှိ၏။ ဒေးဗစ်ဘင်ဂူရီယန်၏ ဌာနချုပ်ရုံးခန်းက ဂျေရုစလင်မြို့တွင်ရှိ၏။ ခမ်းခမ်းနားနား

ထည်ထည်ဝါဝါမဟုတ်၊ စုတ်စုတ်ပြတ်ပြတ်။ ဒေးဗစ်ဘင်ဂူရီယန်သည် ဗြိတိသျှ အုပ်ချုပ်ရေးပိုင်းနှင့်လည်း အဆက်အသွယ်မရှိ . . .။ သူသိသည့် ဗြိတိသျှအုပ်ချုပ်ရေးပိုင်းမှ အရာရှိအနည်းငယ်မှာလည်း လက်အောက်ငယ်သားများသာ . . .။ လန်ဒန်ရှိ ဗြိတိသျှထိပ်တန်းပိုင်းကမူ သူ့ကိုမသိ။ ဒေါက်တာဝိုက်ဇ်မင်နှင့် အပေါင်းအသင်းဖြစ်ကြသည့် ဗြိတိသျှဝန်ကြီးအချို့ကလည်း "ဒေးဗစ်ဘင်ဂူရီယန်"ကို ကြားပင် မကြားဘူးကြ။

သူ့ဘဝ၊ သူ့မှတ်တမ်းများက စိတ်ဝင်စားဖွယ်မရှိ။ သူ့ဘဝက ကြမ်းတမ်းလှ၏၊ နေထွက်မှ နေဝင်အထိ၊ သူသည် ဆောက်လုပ်ရေးလုပ်သားများ၊ ရထားလုပ်သားများ၊ သပိတ်မှောက်လုပ်သားများ၏ အကျိုးစီးပွားအတွက်၊ ကြည့်ရှုရ၊ အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်ရှာပေးရ၊ ဂျာဖါမြို့မှ အလုပ်ထုတ်ခံရသော အလုပ်သမကလေးတစ်ဦးအတွက်၊ ရီချွန် ( **Richou** )မှ ရှေ့ဆောင်လုပ်သားသုံးဦး အလုပ်ထုတ်ခံရခြင်းအတွက် သက်ဆိုင်ရာသို့ ကန့်ကွက်ရ၊ လုပ်သားများလစာတိုးရရေးအတွက် ဆွေးနွေးညှိနှိုင်းရနှင့် မအားမလပ်အောင်ရှိ၏။ မရပ်မနားသွားနေရသည်လည်းရှိ၏။ မြို့တွေ၊ ရွာတွေသို့ လှည့်လည်သွားနေရ၏။ ညနေချမ်းရောက်၍ ဌာနချုပ်သို့ ပြန်ရောက်သည်ဆိုပြန်လျှင်လည်း၊ နားနားနေနေ မနေရ၊ စည်းဝေးတက်လျှင်တက်၊ မတက်လျှင် လုပ်သားသတင်းစာအတွက် ဆောင်းပါးရေးရနှင့် . . . .။

လုပ်ငန်းခွင် သာယာရေး၊ အခကြေးငွေ နည်းနည်းသာယူသော အာရပ်တို့ကို အလုပ်မခန့်ရေးတို့အတွက် တိုက်ပွဲဝင်ရပြန်သည်။ ဂျူးလူမျိုးများအတွက် ရတတ်သမျှ အလုပ်သည် ပိုသည်မရှိ လိုသည်သာ။

ပါလက်စတိုင်းသို့ဝင်ရန် တံခါးပေါက်က တစ်ဝက်တပျက် ဖွင့်လျက်ရှိနေပြီ၊ ပါလက်စတိုင်းသို့ ခိုဝင်လာသူများ အပြည့်နှင့်သင်္ဘောများ တစ်စင်းပြီးတစ်စင်း ဝင်လာမစဲကြ။ (၁၉၄၂)ခုနှစ် နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုက ဂျူးလူမျိုးများကို ပြည်ဝင်ခွင့်မပေးသောအခါမှ ပါလက်စတိုင်းသို့ခိုဝင်သူ များသထက်များလာသည်။ ခိုဝင်လာသူများအတွက် အလုပ်အကိုင်ရှာပေးရသည်။ အလုပ်ရှာပေးနေသည့်ကြားက အလုပ်လက်မဲ့ဦးရေက ကြောက်ခမန်းလိလိ တိုး၍ တိုး၍သာလာ၏။ (၁၉၂၇)ခုနှစ်တွင် အလုပ်လက်မဲ့ပြဿနာမှာ အထွတ်အထိတ်သို့ ရောက်လာတော့သည်။ စိတ်ပျက်လက်ပျက်ဖြင့် ပါလက်စတိုင်းကို စွန့်ခွာသွားကြသူများက ခိုဝင်လာသည့်ဦးရေထက်ပင် များလာတော့၏။

ဒေးဗစ်ဘင်ဂူရီယန်ကိုယ်တိုင် ဖိမ်ရှိရှိမနေရရှာ။ သူနှင့် သူ့မိသားစုသည် ဂျေရုစလင်မြို့မှ အခန်းကျဉ်းကလေးထဲတွင်သာ ပြွတ်သိပ်နေကြရသည်။ သူတို့မိသားစုတွင် မိသားစုဝင်လေးဦး ရှိလာပြီလေ။ သူ့ဇနီးပေါလာက ခင်ပွန်းနှင့်အတူ ဥရောပသို့သွားရင်း သားယောက်ျားကလေး 'ဧမော့စ်' ( Amos )ကိုမွေးဖွားခဲ့၏။ လုပ်သားအစည်းအရုံးကြီး၏ အတွင်းရေးမှူးအဖြစ် ရသည့်လစာဖြင့် သူ့မိသားစုကို လောက်လောက်ငင မကျွေးမွေး မပြုစုနိုင်ခဲ့။ (၁၉၂၀-၂၃)ခုနှစ်များက သူ့နေ့စဉ်မှတ်တမ်းစာအုပ်ထဲတွင် ကိန်းဂဏန်းများ ရေးခြစ်ထားသည်မှာအပြည့်။ နေ့စဉ်အိမ်သုံးစရိတ်များ၊ တစ်နေ့အတွက် အသုံးစရိတ်တစ်မျက်နှာအောက်တွင် မေးခွန်းတစ်ခု ရေးထား၏။

'ကျုပ်တို့ နောက်တစ်နေ့စားဖို့မှ ရှိသေးရဲ့လားတဲ့'တဲ့။

လုပ်သားအစည်းအရုံးကြီး၏ အတွင်းရေးမှူးကြီးက လက်ကုန်ရက်များတွင် မကြာခဏ ချေးသုံးရသည်။

သို့သော် ပါလက်စတိုင်းဒေသတွင် ဇီယွန်ဝါဒကို သည်နည်း သည်ဟန်ဖြင့် အခြေစိုက်စေခဲ့၏။ ဘဏ္ဍာငွေမရှိ၊ တစ်နေ့စာ တစ်နေ့စား၍ အရပ်တကာ လှည့်လည်ပြီး လူစုကလေးများကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လူအုပ်ကြီးဖြစ်လာမည်ဟူသော မျှော်လင့်ချက်တစ်ခွဲသားနှင့် မိန့်ခွန်းခြွေရသည်။ ဘင်ဂူရီယန်သည် မကြာခဏ မကျန်းမာဖြစ်တတ်သည်။ ငှက်ဖျားရောဂါက အချိန်မှန်မှန်ပေါ်လာတတ်ပြီး ဖျားပြီဆိုလျှင် ရက်အတန်ကြာ အိပ်ရာထက်တွင်နားနေရ၏။ အသက် ငယ်ငယ်ရွယ်ရွယ်ပင်ဖြစ်သော်လည်း ထိပ်ပြောင်နေပြီ။ ဆံပင်အနည်းအကျဉ်းကလေးကလည်း မွဲခြောက်ခြောက်။ ဆောင်းအခါဆိုလျှင် ခါးရှည်ဂျာကင်အင်္ကျီ၊ ကာကီဘောင်းဘီထူထူကို ဝတ်ဆင်လေ့ရှိ၏။ တစ်ချိန်က ရုရှားပြည်မှ 'ဘိုလ်ရှီဗစ်' တော်လှန်ရေးသမားများ၏ ယူနီဖောင်းဝတ်စုံနှင့် ခပ်ဆင်ဆင်တူ၏။ နွေအခါဆိုလျှင် ဖြူဖြူဆွတ်ဆွတ်ပိတ်သားဖြင့် အင်္ကျီများကို ဝတ်ဆင်တတ်၏။ အားလပ်၍ နားနားနေနေ၊ နေရချိန်ဟူ၍မရှိ။

'ဟီဗရူး'ဘာသာစကားကို မြတ်နိုးလွန်း၍ ချစ်ဇနီး 'ပေါလာ'ကိုပင် ဟီဗရူးဘာသာစကားနှင့် အနီးစပ်ဆုံးဖြစ်သည့် 'ပီးနား' ( Prina )သို့ပြောင်းရန် ကြိုးစားရသည်က အမော။ သို့သော် သည်အရေးတွင် ဒေးဗစ်ရှုံးနိမ့်ရ၏။ ဒေးဗစ်ဘင်ဂူရီယန်၏ အာဏာကို ဖီဆန်ဝံ့သူတစ်ဦးအား ပြပါဆိုလျှင် ဇနီး'ပေါလာ'ကို လက်ညှိုးထိုးပြရမည်သာ။

ဒေးဗစ်ဘင်ဂူရီယန်က လုပ်သားဇုစည်းအရုံးကြီးတွင် သူ့ဩဇာအာဏာ လွှမ်းမိုးရန်နှင့် သူ့လက် သူ့ခြေဖြစ်ရန် ကြိုးစားအားထုတ်ရာတွင် အောင်မြင်၏။

'ဒီလူဟာ ပါလက်စတိုင်းမှာ လူမှုတော်လှန်ရေးကြီး ဆင်နွှဲတဲ့အခါ အာဏာရှင် ဖြစ်လာမယ့်သူပေါ့' ဟု ဒေးဗစ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးကဆို၏။

ဒေးဗစ်ဘင်ဂူရီယန်သည် တော်လှန်ရေးကို ယုံကြည်သက်ဝင်သူတစ်ဦး မဟုတ်၊ ဆိုရှယ်လစ်ဝါဒီတစ်ဦးဖြစ်၏။

သူ့ပုံးစံက ရံဖန်ရံခါ ယဉ်ကျေးသိမ်မွေ့၏။ ပါတီမှ အတိုက်အခံများကို ပြစ်တင်ဝေဖန်ရာတွင် သူ့အပြောက စူးရှသည်။ ကြမ်းတမ်းသည်။ ဒေးဗစ်နှင့်အတူ ရှေ့ဆောင်လုပ်သား လုပ်ဖော်ကိုင်ဖက် အမျိုးသမီးကြီး မနီလာရှိုချတ်က ဂျူးနှင့် အာရပ်တို့ သဘောတူညီမှုအသွင်ကို ဖော်ထုတ်ရန် မှားမှားယွင်းယွင်း အဆိုပြုမိသော အခါ ဒေးဗစ်က . . . .

'ခင်ဗျားက နိုင်ငံရေးဆို နကန်းတစ်လုံးတောင် သိတာမဟုတ်ဘူး နိုင်ငံရေး နဲ့ဆို ဝေးဝေးကသာရှောင်'ဟု မညှာမတာ ပြောခဲ့ဖူး၏။

သို့သော် ဒေးဗစ်က မည်သို့ပင် အာကြမ်းရာကြမ်းပြောပြော အပေါင်း အသင်း လုပ်ဖော်ကိုင်ဖက်များက သူ့ကို မြတ်နိုးသည်။ ချစ်ခင်သည် 'ဟာဇယ်လ်'၏ အောက်မေ့ဘွယ် အခမ်းအနားတွင် မိန့်ခွန်းခြွေစဉ်က ဝမ်းနည်းလာ၏။ သည်ကဲ့သို့ ဆန့်ကျင်ဘက် သဘောထားမတူသည်များမှ ပေါ်ထွက်လာသောသူသည် သူ့ သဘော၊ သူ့အတွေးသက်သက်သာ အသက်ရှင်နေတတ်သူ၊ ရုပ်ရှင်ပြစက်များကဲ့သို့ လိုအပ်သောနေရာတစ်ကွက်ကိုသာ ထင်ထင်ရှားရှား အလင်းရောင်စုပြုထိုးပြပြီး မလိုသည်များကို မှောင်ရိပ်ကွက်စေသည့်နှယ် အသေးအမွှားကိစ္စရပ်များကို ဒေးဗစ် က ဒုမှုမထားတတ်။ သူ့ရည်မှန်းချက်၊ မျှော်မှန်းချက်များကိုသာ ရှိသမျှ အင်အားကို စုစည်း၍ အာရုံအထူးစိုက်တတ်သူဖြစ်၏။

ဒေးဗစ်ဘင်ဂူရီယန်က အာရုံစိုက်တတ်သည့် ပါရမီကို စာပေလေ့လာခြင်း တွင် အကျိုးရှိရှိ အသုံးချသည်။ စင်စစ် ဒေးဗစ်သည် ဝိုက်ဇ်မင်၊ ဂျာဘိုတင်စကီး၊ ဘရန်ဒီးစ်တို့လို ပညာတတ်သူမဟုတ်။ ကွန်စတန်တင်နိုပိုလ်မြို့ တက္ကသိုလ်တွင် ဆုံးခန်းတိုင်အောင် ပညာသင်ခဲ့သူမဟုတ်။ နိုင်ငံရေးနယ်ပယ်တွင် ကျင်လည်နေရ သည့် နှစ်ကာလများအတွင်းမှာ ဒေးဗစ်သည် တဖြည်းဖြည်း တစ်စတစ်စနှင့် စွယ်စုံ ပညာရရှိလာသည်။ ဒဿနပညာ၊ သမိုင်းသဘာဝသိပ္ပံ၊ ဘာသာရေးလေ့လာမှုနှင့် သမ္မာကျမ်းစာလေ့လာရေးတွင် ပညာရှင်တစ်ဦး ဖြစ်လာခဲ့၏။

ဒေးဗစ်က စာဂျပိုးဖြစ်သည်။ ဂျေရုစလင်မြို့တွင် တစ်နေ့ တစ်အုပ်ကျနှုန်းဖြင့် စာအုပ်ဝယ်ဖတ်လေ့ရှိ၏။ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်နိုင်ငံများမှ မှာယူ၍ဖတ်ခဲ့သည်။ မကြာခဏဆိုသလို ဒေးဗစ်တွင် စားစရာငွေမရှိတတ်။ သို့သော် စာအုပ်ဝယ်ဖို့မူ ငွေအမြဲရှိ၏။ ပလေတို၏ စာများကို မူရင်းအတိုင်း ဖတ်လို၍ ဂရိဘာသာစကားကို သင်ကြားခဲ့၏။ 'ဒွန်ကွင်ဇုတ်' ( **Don Quixote** )ကိုဖတ်လို၍ စပိန်ဘာသာစကားကိုပါ သင်ကြားတတ်မြောက်ခဲ့၏။ ပါလက်စတိုင်းမှာပဲရှိရှိ ခရီးသွားလာရင်းပဲဖြစ်ဖြစ်၊ လေ့လာကြည့်ရှုခဲ့ရသမျှကို နေ့စဉ်မှတ်တမ်းစာအုပ်တွင် မပြတ်ရေးသားတတ်၏။ မော်စကို၊ ရောမ၊ စတော့ဟုမ်းပဲရောက်ရောက်၊ နိုင်ငံတစ်ကာညီလာခံသို့မဟုတ်၊ ကမ္ဘာနိုင်ငံများပြပွဲ အခမ်းအနားပဲ တက်ရတက်ရ၊ အချက်အလက်အပြည့်အစုံ မိမိကြားရသမျှနှင့် အလည်အပတ်ရောက်ခဲ့သည့် အထိမ်းအမှတ်အဆောက်အဦကြီးများအကြောင်း သိကောင်းစရာမှန်သမျှကို အသေးစိတ်ရေးမှတ်လေ့ရှိ၏။ အံ့ဩလောက်အောင် မှတ်ဉာဏ်ကောင်းသူ ဖြစ်၏။

ဘာလင်၊ လန်ဒန်၊ မော်စကိုမှအစ နိုင်ငံအနှံ့ ခရီးဆန့်ခဲ့သည်။ အနည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ်ကျ ဇီယွန်အလုပ်အမှုဆောင် အစည်းဝေးများ သို့မဟုတ် နိုင်ငံတကာ ဂျူးညီလာခံများသို့ မိမိပါတီကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် ပြည်ပသို့ထွက်ခွာလေ့ရှိ၏။ သို့သော် အပျော်ခရီးထွက်ခြင်းမဟုတ်။ သူ့အသုံးစရိတ်များကအလွန်ခြိုးခြံ ချွေတာသည်။ ဈေးသုံးစာရင်းကို အသေးသုံးမှအစ စနစ်တကျ ရေးမှတ်လေ့ရှိ၏။ ထည်ထည်ဝါဝါ မနေတတ်။ ညစ်ပတ်နေသော မီးရထားကိုစီး၊ လူအပြည့်ရှိသော အခန်းကျယ်ကြီးများ အပေါစားဟိုတယ်ခန်းတို့တွင် အိပ်စက်လျက်နေခဲ့သည်။ ဇနီးပေါ်လာသည် ခင်ပွန်းနှင့်ခွဲခွာနေရသည်မှာ လချီကြာခဲ့၏။

(၁၉၂၅)ခုနှစ်တွင် ဂျေရုစလင်မြို့၌ တတိယမြောက်ကလေးရမွေးဖွားသည်။ သမီးကလေးဖြစ်၍ ရီနာနာ ( **Renana** )ဟုအမည်ပေးခဲ့သည်။ ဒေးဗစ်အချစ်ဆုံးသမီးဖြစ်ခဲ့သည်။ ထိုနှစ်ဇူလိုင်လတွင် ဇရာထောင်းနေပြီဖြစ်သော သူ့ဖခင်ကြီး 'ဗစ်တာဂရင်း'သည် ပါလက်စတိုင်းတွင် အခြေစိုက်နေထိုင်ရန် ရောက်လာသည်။

ဖခင်ကြီး ပါလက်စတိုင်းသို့ ရောက်လာပြီး လအနည်းငယ်အကြာတွင် ဒေးဗစ်သည် ပြင်သစ်နိုင်ငံသို့ ထွက်ခွာသွားသည်။ ပြင်သစ်နိုင်ငံ၊ ဂျာဆေးလ်မြို့သို့ ရောက်သောအခါ ပြင်သစ်နိုင်ငံ၏ အလှအပကို သဘောကျမိသည်။ ပါရီမြို့တော်ကိုမူ ဘဝင်မကျလှ။ ပါရီထက် လန်ဒန်၊ ရောမမြို့တော်များကိုပို၍ နှစ်ခြိုက်သည်။

လန်ဒန်မြို့အရောက်တွင် အင်္ဂလိပ်ပရိတ်သတ်ကို ပထမဆုံးအကြိမ်၊

အင်္ဂလိပ်ဘာသာဖြင့် ဒေးဗစ် မိန့်ခွန်းပြောသည်။ မပြောခင်က ပြောရမည်ကို ထိတ်လန့်နေမိသည်။ သို့ရာတွင် စပြောသည်နှင့် ကိုယ်ကိုကိုယ်ယုံကြည်စိတ်ချမှုက အပြည့်ရှိလာသည်ကြောင့် အဆင်ပြေပြေဖြစ်ခဲ့သည်။ လန်ဒန်မြို့တွင်ရှိစဉ် တစ်ညနေ၌ ရုပ်ရှင်သွားကြည့်သည်။ ရုပ်ရှင်ကြိုက်သည်။ သို့ရာတွင် လျှို့ဝှက်သည်းဖိုဇာတ်လမ်း၊ အချစ်ဇာတ်လမ်းများကိုမကြိုက်။ တိုင်ရောလ် ( **Tyrol** ) မှ သဘာဝအံ့ဩဖွယ်ရာများကို မှတ်တမ်းတင်ထားသည့် ဂျာမန်ရုပ်ရှင်ဖြစ်၏။ အလုပ်ဖြင့် ခရီးထွက်နေရသည့်ကြားက ရုပ်ရှင်ကြည့်ထွက်သည်မှာ အချိန်ဖြုန်းခြင်း မဟုတ်၊ ရုပ်ရှင်ကြည့်ရင်း သဘောတွေ့သည့် အချက်များကို ရေးချထားသည်။ ရှေ့တွင်ထမ်းရွက်ရမည့် လုပ်ငန်းများအတွက် ပြင်ဆင်ရာတွင် အဆက်မပြတ် အားထုတ်မှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

မှတ်စုမှတ်ရာများ ရေးမှတ်ထားသည့် မှတ်တမ်းစာအုပ်ကလေးများ၏ နောက်ကျောတွင် မာတိကာကိုပါ ဖော်ပြထားလေ့ရှိသည်။ အဖြစ်အပျက်များကို ရေးမှတ်ရာတွင် သတိကြီးစွာထားသည်။ သူ့ခံစားချက် သူ့အတွေး၊ သူ့သဘောထား များကို ရေးခဲ့သည်။ ထူးထူးဆန်းဆန်းဖြစ်ခဲ့လျှင် သို့မဟုတ် ဖြစ်ရပ်တစ်ခုခုကြောင့် စိတ်အကြီးအကျယ်ပျက်ခဲ့ရလျှင် စိတ်ထဲရှိသမျှကို ရေးမှတ်လေ့ရှိ၏။ သို့သော် ခံ့ပန်ရံခါသာဖြစ်၏။ အများအားဖြင့် တိုတိုတုတ်တုတ်၊ တစ်ကြောင်းစ နှစ်ကြောင်းစ ရေးချလျှင်ပင် ကျေနပ်နေတတ်သည်။

'ပြည်ပမှာ ကျုပ်တို့လုပ်ငန်းတွေ အောင်မြင်ဖို့ ပါလက်စတိုင်းမှာ ကျုပ်တို့ တတွေ ညီညွတ်ဖို့လိုတယ်။ ပါတီတွင်းမှာရော လုပ်သားအဖွဲ့ကြီးနဲ့ပါ ညီညီ ညွတ်ညွတ်ရှိရမယ်' ဟု ဒေးဗစ်က (၁၉၂၄)ခုနှစ်တွင် ဖြည့်စွက်ရေးခဲ့သည်။

(၁၉၂၅)ခုနှစ်တွင် ဒေးဗစ်က မာ့က်စ်၏ အဆိုအမိန့်ကို ကောက်နုတ် ဖော်ပြခဲ့၏။

'တကယ်ရွေ့လျားတဲ့ ခြေလှမ်းတစ်လှမ်းခြင်းဟာ မရွေ့မလျားနေတဲ့ ညီလာခံစင်မြင့် တစ်ဒါဇင်မကထက် အဖိုးထိုက်တန်တယ်' . . . . ဟူ၍။

ဒေးဗစ်ဘင်ဂူရီယန် မုန်းတီးစက်ဆုပ်တဲ့ စကားပြောစင်မြင့်များကတော့ ဇီယွန်ဝါဒီများ၏ ညီလာခံများပင် ဖြစ်၏။ ပါလက်စတိုင်းရှိ ဂျူးလူမျိုးများကို အတိ ဒုက္ခရောက်စေသည့် 'စက္ကူဖြူ'စာတမ်းကို ထုတ်ပြန်သောအခါ ပြည်ပရှိ ဇီယွန် ခေါင်းဆောင်ကြီးများက ညီလာခံကျင်းပဖို့ ဆင့်ခေါ်ရန် ဆုံးဖြတ်ကြကြောင်း ဒေးဗစ် သတင်းကြားသည်။

ဒေါက်တာပိုက်ဇ်မင်ကဲ့သို့ ဇီယွန်ခေါင်းဆောင်အချို့က ဇီယွန်ဝါဒအကျိုးအတွက် အကြီးအကျယ် ဆောင်ရွက်ခဲ့သည်ဆိုခြင်းကို မငြင်းကွယ်နိုင်။ သို့တစေ ပါလက်စတိုင်းတွင် ရုန်းကန်နေကြရသော ဂျူးရှေ့ဆောင်လုပ်သားများကမူ ပြည်ပမှ ဇီယွန်ခေါင်းဆောင်များကို မလေးစားကြ။

ဒေးဗစ်က ဒေါက်တာပိုက်ဇ်မင်ကို မကြိုက်။ သို့ရာတွင် ဒေါက်တာပိုက်ဇ်မင်ကို သူထောက်ခံသည်။ ဒေါက်တာပိုက်ဇ်မင်၏ တုန့်ဆိုင်းတုန့်ဆိုင်း မတင်မကျလှုပ်ရပ်များ၊ ဗြိတိသျှတို့နှင့် ဆက်ဆံရာတွင် အညံ့ခံအောက်ကျို့ခြင်းများကိုမူ ဒေးဗစ်က ပြစ်တင်ဝေဖန်သည်သာ။ သို့ရာတွင် ဒေါက်တာပိုက်ဇ်မင်၏ မူဝါဒများကို မူအားဖြင့် ဒေးဗစ်က သဘောတူ၏။ (၁၉၂၁)ခုနှစ်က ပါလက်စတိုင်းတွင် သွေးထွက်သံယိုမှုများ ပေါ်ပေါက်ပြီးနောက် ဒေးဗစ်က အိဇာတ်ဂရင်းဘုမ်း (ဒေါက်တာ ပိုက်ဇ်မင်၏ အတိုက်အခံ)အား ဤသို့ဆိုခဲ့၏။

'အခုဖြစ်ပျက်ခဲ့တာဟာ နောင်အနာဂတ်မှာ ကြုံရဆုံရလိမ့်မည်လို့ ကျုပ်တို့မျှော်မှန်းတာနဲ့စာရင် မပြောပလောက်ဘူး၊ ဒါပေမယ့် ပါလက်စတိုင်းမှာ ကျုပ်တို့လူမျိုး၊ ဦးရေတိုးပွားလာဖို့နဲ့ ကျုပ်တို့အင်အားတိုးဖို့က ဗြိတိသျှအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်မယ်' . . . . တဲ့။

ပါလက်စတိုင်းမှ ရှေ့ဆောင်ဂျူးလုပ်သားများ၏ အယူအဆနှင့် မူဝါဒများသည်လည်း ဒေါက်တာပိုက်ဇ်မင်၏ သဘောတူထောက်ခံမှုမရ၊ သူတို့တစ်တွေက အလျှင်စလို နိုင်လွန်းသည်ဟု သူကထင်၏။ သူတို့ကိုယ်သူတို့ အထင်ကြီးလွန်းသည်ဟုလည်း သူကစွပ်စွဲလိုက်၏။

ဇီယွန်ညီလာခံမှ ရွေးကောက်တင်မြှောက်ခဲ့သော ဇီယွန်ခေါင်းဆောင်များအဖွဲ့ကို ဒေးဗစ်ဘင်ဂူရီယန်က ဦးဆောင်ပြီး ပုတ်ခတ်ဝေဖန်သည်၊ ဇီယွန် ခေါင်းဆောင်များအဖွဲ့က ဂျူးအေဂျင်စီကိုကျော်လွန်၍ ဗြိတိသျှအစိုးရအာဏာပိုင် များနှင့် ဆက်သွယ်ရာတွင် ဇီယွန်လှုပ်ရှားမှုကြီးတစ်ရပ်လုံးကို ကိုယ်စားပြုခဲ့သည်၊ နှစ်ကြာလာသည်နှင့်အမျှ ဝေဖန်ပြစ်တင်လာသည်က ပို၍ပို၍ ပြင်းထန်လာသည်၊ (၁၉၂၅) ခုနှစ်တွင် ကျင်းပသော ဇီယွန်ညီလာခံ၌ ဒေးဗစ်က ဒေါက်တာပိုက်ဇ်မင်ကို ဤသို့ ဝေဖန်ခဲ့သည်၊

'ဗြိတိသျှအစိုးရက ကျုပ်တို့အပေါ် ချုပ်ချယ်ခဲ့သမျှကို ဒေါက်တာပိုက်ဇ်မင်က အညံ့ခံ၊ လက်ခံခဲ့တယ်' . . . . တဲ့၊

(၁၉၂၇)ခု၊ ပါရီတွင် ကျင်းပသော ဇီယွန်ညီလာခံတွင် ကမ္ဘာ့ဇီယွန်အဖွဲ့

ခေါင်းဆောင်ကြီးက ပြန်လည်ချေပခဲ့သည်။

ထိုနှစ်မှာပင် ဇီယွန်ဝါဒ စတင်ထွန်းကားရာ ဘေဆယ်လ်မြို့၌ကျင်းပသော ညီလာခံ၌ ဒေါက်တာဝိုက်ဇ်မင်က မိန့်ခွန်းခြွေသည်။ ဒေးဗစ်ဘင်ဂူရီယန်က သူ သဘောကျသည့်အချက်များကို ကောက်မှတ်ထားသည်။

'ကျွန်ုပ်အထင်တော့ ဒီညီလာခံဟာ စစ်ကြီးပြီးတဲ့နောက်ပိုင်းမှာ ကျင်းပတဲ့ ညီလာခံများမှာ အရေးပါအရာရောက်ဆုံးဘဲ။ စကားလုံးလှလှလေးသုံးပြီး အတွင်း သဘောမပါတဲ့ခေတ် ကုန်ဆုံးပါပြီ။ ဇီယွန်လှုပ်ရှားမှုမှာ စစ်မှန်သောဝါဒတို့ အမြစ်စွဲ နေပြီးပါပြီ၊ ဝိုက်ဇ်မင်ရဲ့ ပုဂ္ဂိုလ်ရေးကိုးကွယ်ဆည်းကပ်မှုလည်း ဆုံးခန်းတိုင်ပြီလို့ ကျွန်ုပ်ယုံကြည်တယ်။ သူအမြတ်တနိုး ပြောနေကြဖြစ်တဲ့ 'ယူရင်ယူ မယူရင်ထားခဲ့' ဆိုတဲ့ အပြောကိုလည်း နောက်ဆုံးအကြိမ် ပစ်ပယ်လိုက်ပြီ။ နောက်တစ်ကြိမ်ကျရင် တော့ အများစုကသာ ဒီအပြောမျိုးနဲ့ ဝိုက်ဇ်မင်ကို ပြောရလိမ့်မယ်လို့ ကျွန်ုပ် မျှော်လင့် ပါတယ်၊ တကယ်လို့ ဝိုက်ဇ်မင်ကသာ အများစုရဲ့ သဘောကို မလိုက်နာဘူးဆို ရင်တော့ သူထွက်ဖို့ပဲရှိတယ်'။

(၁၉၂၈)ခုနှစ် ဇီယွန်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ပါလက် စတိုင်းမှ ကိုယ်စားလှယ်အဖွဲ့က ဝိုက်ဇ်မင်ကို ပြောင်ပြောင်တင်းတင်း အတိုက်အခံ ပြုလာတော့သည်။ 'ဟာဇယ်လ်ကို အရိုက်အရာခံသူ'ဟုဆိုသော ဝိုက်ဇ်မင်အား ဆန့်ကျင်ရာတွင် ဒေးဗစ်ဘင်ဂူရီယန်က ရှေ့တန်းမှပါဝင်၏။ ဝိုက်ဇ်မင်၏နေရာတွင် လူစားထိုးအသစ်ခန့်ရန်ကိုပါ တိုက်ပွဲဝင်ကြသည်။ မိမိနုတ်ထွက်မည်ဟုဆိုပြီး ဝိုက်ဇ်မင်က ခြိမ်းခြောက်သည်။ ဒေးဗစ်ဘင်ဂူရီယန်က သည်ခြိမ်းခြောက်ခြင်းမျိုးမှာ နိုင်ငံရေးကစားကွက်ဖြစ်သည်ဟုပြော၍ သရော်ခဲ့၏။

နောက်ဆုံးပိတ်အချိန်ကပ်ပြီးမှ ရင်ကြားစေ့နိုင်ခဲ့သည်။ ထို့ကြောင့်လည်း ဇီယွန်အလုပ်အမှုဆောင်အဖွဲ့သည် အပြောင်းအလဲမရှိဘဲ မူလအတိုင်းရှိနေခဲ့၏။ သို့သော် ဝိုက်ဇ်မင်၏ ဩဇာတိက္ကမများ လျော့ကျရတော့သည်။

ဒေးဗစ်က သူ့မှတ်တမ်းစာအုပ်ထဲတွင် ရေးမှတ်ထားလိုက်သည်။

"ဝိုက်ဇ်မင်က ကျွန်ုပ်တို့ကို စွန့်ခွာသွားပြီ၊ သူ့မျက်နှာ ဖြူဖတ်ဖြူရော်နဲ့ နှမ်းဟိုက်မောပမ်း၊ စိတ်ပျက်လက်ပျက် ဖြစ်နေတယ်။ ဝိုက်ဇ်မင်၏ အကြပ်အတည်း ဆိုတာရဲ့ နောက်ဆုံး ဝမ်းသာဝမ်းနည်းဖြစ်ရတာလည်း နိဂုံးချုပ်ပါပြီ"။

ဒေးဗစ်ဘင်ဂူရီယန်က ဝိုက်ဇ်မင်အပေါ် ထပ်တလဲလဲ ပုတ်ခတ်ပြောဆို နေခြင်းသည် သူတို့နှစ်ဦးကြား သဘောထားကွဲလွဲနေသည်ကြောင့်သာ မဟုတ်

သေး။ ဒေးဗစ်က တစ်စတစ်စ စိတ်မရှည်နိုင်တော့။ ထိုအခိုက်တွင် ပါလက်စတိုင်းရော၊ ပြည်ပနိုင်ငံ၌ပါ အရေးပါသည့် အဖြစ်အပျက်များ ပေါ်ပေါက်လာသောကြောင့်တည်း။ ပါတီတွင်း၌ အချိန်ကြာမြင့်စွာ ပြင်ဆင်ခဲ့ခြင်းသည်လည်း အဆုံးသတ်လုပြီ။ (၁၉၁၉)ခုနှစ်နှင့် (၁၉၂၀)ခုနှစ်များတွင် အောင်ပွဲအဆက်ဆက်ခံခဲ့ပြီးနောက် ဒေးဗစ်သည် နောက်ခြေလှမ်းပြင်လာတော့သည်။

ဒေးဗစ်အစီအစဉ်က သတ္တိပြောင်လွန်းသည်။ သူ့ပစ်မှတ်မှာ ဇီယွန်အလုပ်အမှုဆောင်အဖွဲ့ဖြစ်၏။ ရည်ရွယ်ချက်က ရှင်းပါ၏။ ဂျူးရွှေ့ဆောင်လုပ်သား လူနည်းစုကလေးသည် ထိုနေရာကို အောင်ပွဲခံကာ ချုပ်ကိုင်ရမည်။ သို့မှသာ နိုင်ငံတစ်ကာ ဇီယွန်လှုပ်ရှားမှုသည် ပါလက်စတိုင်းရှိ ဂျူးများ၏ အမျိုးသားအကျိုးစီးပွားအတွက် အလုပ်အကျွေးပြုပေလိမ့်မည်။

သို့ရာတွင် ပါလက်စတိုင်းရှိ ဆိုရှယ်လစ်ပါတီကြီးနှစ်ခုက ဦးစွာပထမ ပူးပေါင်းကြရ၏။ (၁၉၂၀) ခုနှစ်တွင် 'လူငယ်လုပ်သားပါတီ' က ဒေးဗစ်ဘင်ဂူရီယန်၏ တစ်ဘက်စွန်းကျသော ဆိုရှယ်လစ်ပါတီနှင့် ပူးပေါင်းရမည်ကို အကြောက်အကန်ငြင်းကြသည်။ ဒေးဗစ်နှင့် အပေါင်းပါတို့၏ လူတန်းစားတိုက်ပွဲ ကြွေးကြော်သံကိုလည်း လက်မခံနိုင်။ သူတို့၏ ဇွဲရှိရှိ စည်းကမ်းတကျရှိသော အသင်းသားများဖြင့် လွှမ်းမိုးသွားမည်ကို စိုးရိမ်မိကြသည်။ ဒေးဗစ်က 'လုပ်သားအစည်းအရုံးကြီး'မှ လုပ်ဖော်ကိုင်ဖက်များအား မိမိတို့သည် အခြားအခြားသော နိုင်ငံရေးပါတီများနှင့် ပူးပေါင်းရန် လိုအပ်သည်ဆိုသည့်အချက်၊ ပူးပေါင်းခြင်းဖြင့် ရလာမည့်အကျိုးကျေးဇူးကို နှစ်ပေါင်းများစွာကပင် တစ်ပြောတည်းပြောခဲ့၏။ သူ့လျှောက်လဲချက်များက နောက်ဆုံးအောင်ပွဲခံခဲ့သည်။

(၁၉၂၇) ခုနှစ် . . . .

တယ်လ်အဗီးမြို့တွင် ညီလာခံတစ်ရပ် ကျင်းပသည်။ (၁၇)ရက်လုံး အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းကြသည်။ သို့သော် နှစ်ပါတီပူးပေါင်းရေး မအောင်မြင်သေး။ ပင်ပန်းနွမ်းလျနေပြီး နာမကျန်းဖြစ်နေသော ဒေးဗစ်က တယ်လ်အဗီးမြို့ ပင်စတာလမ်းရှိ မကြာသေးမီကမှ ငှားရမ်းကာ မိသားစုနှင့်အတူ ပြောင်းရွှေ့နေထိုင်သောတိုက်ခန်းသို့ ပြန်၍အနားယူအိပ်နေသည်။

မနက် (၅)နာရီတွင် ပျော်ရွှင်လွန်း၍ အော်ဟစ်သံများ ရုတ်တရက် ပေါ်ထွက်လာသည်။

ဇနီးပေါ်လာက တားမြစ်နေသည့်ကြားမှ ဂိုးဇက်စပရင်းဇာတ်က ဒေးဗစ်

ဘင်ဂူရီယန်ကို အိပ်ယာမှသွားနှိုးသည်။ နှစ်ပါတီမှခေါင်းဆောင်များက တစ်ညလုံး အပြန်ပြန် အလှန်လှန်ပြောဆိုကြပြီးနောက် ဘင်ဂူရီယန်၏ ဆန္ဒအတိုင်း နှစ်ပါတီ ပူးပေါင်းရန် သဘောတူကြောင်း ဆုံးဖြတ်ကြ၏။ လွန်ခဲ့သောနာရီပိုင်းက မိမိမှာ လူနည်းစုဖြစ်သောကြောင့် မအောင်မြင်ဟုထင်မိပြီး စိတ်ပျက်လက်ပျက် ဖြစ်နေခဲ့သည်။ နှစ်ပါတီပူးပေါင်းရန် သဘောတူကြောင်း သတင်းကိုကြားရသောအခါ အထူး ဝမ်းသာမိသည်။ ချက်ချင်း ဝရန်တာသို့ထွက်ပြီး ဩဘာပေးကာ ဝမ်းသာနေကြသော လူထုပရိတ်သတ်ကြီးကို လက်ရမ်းပြ၍ နှုတ်ဆက်၏။

သို့ရာတွင် ထိထိရောက်ရောက် ပူးပေါင်းဖို့က နောက်မှ ဆောင်ရွက်ရမည်။ ဝင်ပန်းကြီးစွာ အတန်ကြာဆွေးနွေးညှိနှိုင်းပြီး (၁၉၃၀)ခုနှစ်တွင် ပါတီသစ် တည်ထောင်သည်။ 'ပါလက်စတိုင်း အလုပ်သမားပါတီ' **Mifleget Poalei Eretz Israel (MAPAI)**ဟု ခေါ်သည်။

နှစ်ပါတီ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး သို့ မှင်မခြောက်မီမှာပင် ဒေးဗစ်ဘင်ဂူရီယန်က တိုက်ကွက်တစ်မျိုးဆင်ပြန်သည်။ ပါလက်စတိုင်းမြေပေါ်တွင် အင်အားများစုစည်းပြီးသည်နှင့် ပြည်ပတွင်ပူးပေါင်းရန် လိုအပ်သည်ဟု ဆိုလာ၏။

(၁၉၃၀)ခု စက်တင်ဘာလ။ ဒေးဗစ်က ဘာလင်မြို့တွင် ကမ္ဘာလုံးဆိုင်ရာ "ဂျူးလုပ်သားများ ကွန်ကရက်"ကို တည်ထောင်သည်။ ဂျူးလုပ်သားများ လှုပ်ရှားမှု အသင်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံအသီးသီးရှိ အလုပ်သမားပါတီများမှ ကိုယ်စားလှယ်များဖြင့် ခန်းမပြည့်မျှရှိသော အစည်းအဝေးကြီးတွင် ဒေးဗစ်က သဘာပတိဖြစ်ခဲ့၏။

သည်ညီလာခံက ပါလက်စတိုင်းရှိ ဂျူးလူမျိုး (၁၅၀၀၀၀)ခန့်၏နောက်တွင်၊ နိုင်ငံတစ်ကာမှ ထောက်ခံပေးကြသော အင်အားက မသေးကြောင်း၊ ကမ္ဘာကို လှစ်ပြရန် ရည်ရွယ်သည်။ သည်ညီလာခံသည် ဒေးဗစ်၏ စတင်ပွဲဖြစ်၏။ ကမ္ဘာလုံး ဆိုင်ရာ 'ပါလက်စတိုင်း အလုပ်သမားများအဖွဲ့'ကို တည်ဆောက်သည်။ မကြာပါ။ သည်အဖွဲ့ကိုလည်း မေ့မေ့လျော့လျော့ထားကာ အရေးတယူမရှိတော့။ သို့သော် ဖြစ်စေချင်သည့်ဆန္ဒအတိုင်း ပြည့်စုံခဲ့သည်။

သတင်းစာများသို့ ထုတ်ပြန်သောစာတမ်းတွင် ဒေးဗစ်က . . .

ဂျူးပြန်လည်ဖော်ထုတ်ရေး လှုပ်ရှားမှုမှာ၊ အလုပ်သမားလူတန်းစားရဲ့ အမျိုးသားရေး ပေါင်းစည်းမှုကို ကြွေးကြော်ခဲ့ခြင်းဖြစ်တယ်။ ညီလာခံက ဒီသဘော

တရားကို လက်တွေ့အဖြစ်ဖော်ဆောင်ရလိမ့်မယ်' ဟုဆိုခဲ့သည်။

သည်အချိန်တွင် ဒေးဗစ်၏ အစီအစဉ်အရ နောက်ခြေတစ်လှမ်းတိုးရန်ဖြစ်သည်။ ဇီယွန်လှုပ်ရှားမှုသည် အန္တရာယ်များသည့် အကျပ်အတည်းမှ ဖြတ်သန်းလာခဲ့ပြီးဖြစ်၏။

ဂျူးလူမျိုးများအား ရက်ရက်စက်စက် ကန့်သတ်ချုပ်ချယ်ရန် ချမှတ်လာသော စက္ကူဖြူစာတမ်းထွက်ပေါ်လာ၏။

ပါလက်စတိုင်းသည် ကြေကွဲဝမ်းနည်းစရာသတင်းများ ကြားရာ၊ မြင်ရာနယ်မြေဖြစ်လာခဲ့သည်။ သည် (၁၀)နှစ်ကာလသည် ကနဦးအစမှသည် ပျက်စီးခြင်း၊ မလိုမုန်းထားခြင်းနှင့် သွေးထွက်သံယိုမှုများဖြင့်ပင် အဆုံးသတ်နိဂုံးချုပ်ပေလိမ့်မည်။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## အောင်ပွဲ

(၁၉၂၉)ခု၊ ဩဂုတ်လ၊ (၂၃) ရက်နေ့။

နေ့လည်တွင် အာရပ်လူငယ်များ ရာထောင်ချီ၍ ဂျူးလူမျိုးများနေထိုင်ရာ ရပ်ကွက်အတွင်းသို့ ဝင်လာကြသည်။ တွေ့တွေ့သမျှ ဂျူးတို့အား တင်းပုတ်နှင့် ထုသူထု၊ ဓားနှင့်ခုတ်သူ ခုတ်ကြနှင့် အစဉ်အလာအတိုင်း ရိုက်ပွဲကြီးဆင်နွှဲကြ၏။ (၂)နာရီမျှကြာ၏။ အတန်ကြာသည်အထိ ဗြိတိသျှတပ်များက ဝင်မဖျန်ဖြေ၊ အာရပ်နှင့် ဂျူးရိုက်ပွဲက ဟီဗရွန်၊ ဂျာဖာ၊ ဆာဖတ်မြို့များသို့ ကူးစက်သွား၏။ ဆာဖတ်မြို့တွင် ဂျူးလူမျိုးတို့၏နေအိမ်များ မီးရှို့ခံရသည်။ စုစုပေါင်း ဂျူးလူမျိုး (၁၄၀) သေဆုံးခဲ့သည်၊ ထောင်ပေါင်းများစွာ ဒဏ်ရာရခဲ့သည်။ ဗြိတိသျှတပ်များက ကြားဝင်ဖျန်ဖြေသောအခါတွင်မှ အာရပ်အချို့ ထိခိုက်ဒဏ်ရာရသွားကြ၏။

ဗြိတိသျှလေဘာအစိုးရက စုံစမ်းရေးကော်မရှင်ကို စေလွှတ်သည်၊ ပြီးလျှင် 'ဘွေ့ဖြူစာတမ်း'ကို ထုတ်ပြန်သည်။ 'စက္ကူဖြူစာတမ်း'က ပါလက်စတိုင်းတွင် ဂျူးတို့က မြေများဝယ်ယူခြင်းမပြုရတော့၊ ပြည်ပမှ ဂျူးအနွယ်ဝင်များ ပါလက်စတိုင်းသို့ နိုဝင်လာသည်ကို ကန့်သတ်ချုပ်ချယ်လာခဲ့သည်။ လုံးဝ အဝင်မရှိစေရတော့။

ပထမဦးဆုံးအကြိမ် ဂျူးတို့က ပါလက်စတိုင်းတွင် လူနည်းစုအဖြစ် သာဝဉ် နေရတော့မယောင်ယောင် . . . . ။ ကြာလျှင် ပါလက်စတိုင်းသည်ပင် အစွာအရပ်ရပ်ရှိ ဂျူးစုပေါင်းအိမ်များသဖွယ်အဖြစ် ရောက်လာပေလိမ့်မည်။

ပါလက်စတိုင်းရှိ ဂျူးအသိုင်းအဝန်းမှာ အထူးတုန်လှုပ်ချောက်ခြားသွားခဲ့၏။ အချို့က အာရပ်နှင့် ဂျူးတို့အရေး ငြိမ်းချမ်းစွာဖြေရှင်းဖို့ တောင်းဆိုလာကြသည်။ ဂျူးနိုင်ငံတည်ထောင်ရေး ရည်မှန်းချက်ကိုပင် လက်လွှတ်ဆုံးရှုံးလျှင် ဆုံးရှုံးစေတော့။ ဒီလှုပ်ရှားမှုကို ရှေ့ဆောင်၊ ရှေ့ရွက်ပြုသူများအဖို့ နှစ်နိုင်ငံပုံစံထားရှိရေးသည်သာ အာရပ်တို့အား နှစ်သိမ့်စေမည်ဟုဆို၏။ အခြားအခြားသော နိုင်ငံရေးအမြင်ရှိသူများအဖို့မူ သည်လှုပ်ရှားမှုသည် ဇီယွန်ဝါဒကို သေစေညွှန်းသကဲ့သို့ရှိ၏။

သည်အကြပ်အတည်းက နိုင်ငံတကာဇီယွန်ဝါဒကို ဂယက်ရိုက်သည်မဟုတ်။ ဒေါက်တာဝိုက်ဇ်မင်ကဲ့သို့သော ပုဂ္ဂိုလ်ကိုပင် ထိပါးလာ၏။

ဗြိတိသျှတို့က ဒေါက်တာဝိုက်ဇ်မင်အား သူ့ဘိုးဘွားများ၏ ဇာတိဌာနေကို ထိုးပေးသည်အထိ အောင်မြင်မှုရခဲ့၏။ ဒေါက်တာဝိုက်ဇ်မင်သည် ဗြိတိသျှတို့အပေါ် အထူးကျေးဇူးတင်နေရသည်။ ကျေးဇူးတင်နေရသော အနှောင်အဖွဲ့ရှိနေသည့် အကျဉ်းသမားနှယ် ဇီယွန်ဝါဒ၏ ရည်မှန်းချက်ကို ဖော်ဆောင်ရာတွင် သိပ္ပံပညာရှင်ဝိုက်ဇ်မင်သည် ဗြိတိသျှ သူကောင်းမျိုးနွယ် 'လော့'တစ်ဦးပမာ ပြုမူကျင့်ကြံလာ၏။ တကယ် ဗြိတိသျှသူကောင်းမျိုးနွယ် 'လော့'များကဲ့သို့ ဒေါက်တာဝိုက်ဇ်မင်သည်လည်း ဗြိတိသျှဘုရင်စကောရာဇ်ကို မလှန်ရဲ။ ဗြိတိသျှဘုရင်စကောရာဇ်ကို ဆန့်ကျင်တိုက်ရန် မဖြစ်နိုင်တော့။ (၁၉၃၀)ခုနှစ်က ထုတ်ပြန်သော 'စက္ကူဖြူစာတမ်း'ဖြင့် စင်စစ် ဗြိတိသျှတို့က ဒေါက်တာဝိုက်ဇ်မင်ကို သစ္စာဖောက်ခဲ့၏။

ထိုအချိန် ထိုအခါမှစ၍ ဗြိတိသျှနှင့်ဇီယွန်ဝါဒတို့ကြားတွင် ပဋိပက္ခပေါ်လာပါ၏။ သည်ပဋိပက္ခက ဒေါက်တာဝိုက်ဇ်မင်ကို သေးသိမ်စေခဲ့၏။ ဇာတိဌာနေကို မြတ်နိုးခင်တွယ်ရသည်ကတစ်ဘက်၊ ဗြိတိသျှတို့အပေါ် သစ္စာစောင့်ရသည်ကတစ်ဘက်၊ သည်နှစ်ခုကြားတွင် ဗျာများနေရသည်က ဒေါက်တာဝိုက်ဇ်မင်။ ဇီယွန်ဝါဒီများအမြင်တွင်မူ ဒေါက်တာဝိုက်ဇ်မင်သည် ပျော့လွန်း၊ ညံ့လွန်းသည်၊ ဗြိတိသျှတို့အား အလိုလိုက် အကြိုက်ဆောင်လွန်းသည်။ ဗြိတိသျှတို့၏ သစ္စာဖောက်သည်ကို ပုန်ကန်ဝံ့သူ မဟုတ်။

သို့သော် . . . .

ဗြိတိသျှတို့၏ သစ္စာဖောက်မှုဒဏ်ကို လက်တွေ့ခံရသူက ဒေါက်တာဝိုက်ဇ်မင်သာ ဖြစ်၏။ (၁၉၃၁)ခုနှစ်၊ ဘေဆယ်လ်တွင်ကျင်းပသော ဇီယွန်ကွန်ကရက်တွင် ဒေါက်တာဝိုက်ဇ်မင်ကို နှုတ်ထွက်ရန် တောင်းဆိုလာကြသည်။

ဒေါက်တာဝိုက်ဇ်မင်၏ ကိုယ်စားလှယ်အဖြစ် သွားတွေ့သော ဒေးဗစ်

ဘင်ဂူရီယန်ကို ဗြိတိသျှဝန်ကြီးချုပ်က သို့ကလို ဆိုခဲ့သည်။

"ကျုပ်ကတော့ ဒေါက်တာဝိုက်ဇ်မင်ကိုသာ လုံးလုံးလျားလျား ယုံကြည်တယ်။ သူ့ဝါဒသဘောထားတွေကိုလည်း ထောက်ခံမယ်။ တကယ်လို့ ဒေါက်တာဝိုက်ဇ်မင် ထပ်အရွေးမခံရဘူးဆိုရင်လည်း သူ့နေရာကို ဆက်ခံမယ့်သူနဲ့ ဒီဝါဒသဘောကိုပဲ ဆက်လက်ကျင့်သုံးသွားမယ်။ ဒါပေမယ့် ကျုပ်က ဒေါက်တာဝိုက်ဇ်မင်နဲ့သာ အမြဲညှိနှိုင်းသွားမယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်က သူ့ကိုသာ ယုံကြည်အားထားတယ်လေ" . . . . တဲ့။

ဝင်စတန်ချာချီကလည်း . . . .

'ဒေါက်တာဝိုက်ဇ်မင်ကို နုတ်ထွက်သွားစေသည် အထိတော့ ဂျူးလူမျိုးတွေက သည်လောက်မိုက်မဲမယ် မထင်ဘူး' ဟုဆိုခဲ့၏။

ဘေဆယ်လ်ညီလာခံတွင် နှစ်ဂိုဏ်းကွဲသွားသည်။ ဂျာဘိုတင်စကီး ဦးဆောင်သည့်အဖွဲ့က ဇီယွန်လှုပ်ရှားမှု၏ အဓိကရည်မှန်းချက်မှာ ပါလက်စတိုင်းတွင် ဂျူးနိုင်ငံ တည်ထောင်ရေးပင်ဖြစ်ကြောင်း အတိအလင်း ကြေငြာစေလိုသည်။ ဒေါက်တာဝိုက်ဇ်မင်၏ နောက်လိုက်တပည့်များက ပါလက်စတိုင်းတွင် ဂျူးတို့က အများစုဖြင့် အသာစီးရနေမည်ဟု မျှော်လင့်နေသည်ကိုသာ ထုတ်ဖော်ပြောနေကြ၏။ ဂျူးနိုင်ငံတည်ထောင်ရေးပြဿနာအား အချေအတင် ဆွေးနွေးကြသည်ကို သူတို့က ဆန့်ကျင်ကြသည်။

ညီလာခံမစမီကပင် ဒေးဗစ်ဘင်ဂူရီယန်က ဂျူးနိုင်ငံတည်ထောင်ရေးနှင့် ပတ်သက်ပြီး မိမိအမြင်ကို ရေး၍တင်ပြခဲ့သည်။ တစ်ချိန်တည်းမှာပင် ဒေါက်တာဝိုက်ဇ်မင်ကိုဖယ်ရှား၍ အစားထိုးရန်လည်း မျက်ခြေအပြတ်မခံ။ သို့ရာတွင် ဒေါက်တာဝိုက်ဇ်မင်ကို နေရာမှဖယ်ရှားရန် ဆိုလာကြပြန်တော့လည်း ဘင်ဂူရီယန်က ဒေါက်တာဝိုက်ဇ်မင်ဘက်မှ မားမားမတ်မတ်ရပ်ခဲ့၏။

ဂျူးနိုင်ငံတည်ထောင်ရေးနှင့် ပတ်သက်၍ ဘင်ဂူရီယန်၏ သဘောထားမှာ လူတိုင်းအသိ။

သို့ရာတွင် ဇီယွန်ဝါဒ၏ ရည်မှန်းချက်မှာ ဂျူးနိုင်ငံတည်ထောင်ရေးဖြစ်သည်ဟု ကမ္ဘာကို ကြွေးကြော်နေလျှင်လည်း မည်သို့အကျိုးထူးမည်နည်း။

မျက်မှောက်အခြေအနေအရပ်ရပ်ကြောင့် ဂျူးနိုင်ငံတည်ထောင်ရေးကို ကြွေးကြော်နေ၍လည်း အကြောင်းမထူး။ ဇီယွန်လှုပ်ရှားမှုကို အန္တရာယ်ပင် ဖြစ်စေနိုင်သည်ဟု ဘင်ဂူရီယန်က တွေးမိသည်။

သို့မို့ကြောင့်လည်း အလုပ်သမားကိုယ်စားလှယ်များနှင့် သူတို့အား ထောက်ခံသူများက ဒေါက်တာဝိုက်ဇ်မင်ဘက်မှ မားမားမတ်မတ်ရပ်ခဲ့ခြင်းတည်း။

သို့ရာတွင် ဒေါက်တာဝိုက်ဇ်မင် ဖြုတ်ချရေးတောင်းဆိုကြသူများက ပို၍ အင်အားတောင့်သည်။ သူတို့ကပင် အောင်ပွဲခံသွားကြသည်။ ဝိုက်ဇ်မင်အရေးနိမ့်၍ ရာထူးမှနုတ်ထွက်၏။ ဇီယွန်လှုပ်ရှားမှု၏ ဥက္ကဋ္ဌအဖြစ် 'ဆိုကိုလော့ဗ်' (Sokolov) က ဆက်ခံ၏။

သည့်အတွက် ဝမ်းနည်းကြေကွဲရသူက ဒေးဗစ်ဘင်ဂူရီယန်။

ဒေးဗစ်ဘင်ဂူရီယန်သည် နှစ်အတန်ကြာကပင် ဝိုက်ဇ်မင်ကို ဆန့်ကျင်ခဲ့၏။ ကိစ္စအရပ်ရပ်ကို အကြောင်းပြုပြီး ဆန့်ကျင်၏။ နောက်တွင်လည်း ဆန့်ကျင်ဦးမည်။ သို့သော် ဝိုက်ဇ်မင်တစ်ယောက် အရှက်တကွဲ အရေးနိမ့်ရသည်ကြောင့် နည်းနည်းမှ စိတ်မကောင်းမိ။

ဇီယွန်ဝါဒလှုပ်ရှားမှုတွင် တစ်ကြိမ်တစ်ခါမျှ သို့ကလို အကွဲအပြဲမဖြစ်ဘူးခဲ့။ သည်ကဲ့သို့ မစွမ်းဆောင်နိုင်ရအောင်လည်း မဖြစ်ဘူးခဲ့။

နောက် (၄) နှစ်ကြာသည်အထိ ဒုတိယတန်းစား ခေါင်းဆောင်အဆင့်သာ ရှိသော 'ဆိုကိုလော့ဗ်'က ဦးဆောင်ပေဦးတော့မည်။ ထိုကာလအတွင်း အဓိက အင်အားစုမှာ ပါလက်စတိုင်းမှ အလုပ်သမားပါတီများဖြစ်၏။ အင်အားအကြီးဆုံးမှာ ဘင်ဂူရီယန်၏ 'မေပိုင်'ခေါ် အလုပ်သမားပါတီ ဖြစ်၏။

(၁၉၃၃) ခု၊ ဧပြီလ၊ (၁) ရက်နေ့။

ဒေးဗစ်ဘင်ဂူရီယန်သည် အလက်ဇန္ဒြီးယားမြို့မှ ဂျူးနိုင်ငံတည်ဆောက်မှု အောင်မြင်ရေးအတွက် အောင်ပွဲခံရရန် သင်္ဘောဖြင့် ထွက်ခွာသွားသည်။

သို့သော် ဂျူးလူမျိုး အများအပြားက ခေါင်းမာမာနှင့် မျက်စိမှိတ်ကာ ပိုလန်၊ ဘော်လ်တစ်ကမ်းခြေရှိနိုင်ငံများ၊ ဟန်ဂေရီ၊ ရူမေးနီးယားနိုင်ငံများ၌ နေထိုင်ခုံမင်နေကြဆဲ။ ထိုဒေသများတွင် ဂျူးလူမျိုး (၆)သန်းမျှ ရှိပေမည်။ သူတို့ အများစု၏ ထောက်ခံမှုကိုရသူက ဇီယွန်လှုပ်ရှားမှုကြီး၏ခေါင်းဆောင် အလိုလိုဖြစ်လာမည်။

သို့ရာတွင် အများစု၏ထောက်ခံမှုကို ရရှိရန်ဆိုသည်မှာလည်း စင်စစ် လွယ်လှသည်တော့မဟုတ်။ ဂျူးလူမျိုးများ နေထိုင်ရာဒေသများတွင် နိုင်ငံရေးပါတီများကလည်း များလှပါဘိ၊ လှုပ်ရှားမှုအသွင်ကလည်း အမျိုးမျိုး။

ဒေးဗစ်ဘင်ဂူရီယန်သည် အလယ်အလတ်ဝါဒီ၊ လက်ဝဲ အစိတ်အပိုင်းများ၏ ထောက်ခံမှုကို ရရှိထား၏။ လက်ဝဲအင်အားစုကိုအခြေခံ၍ သူက မဲဆွယ်တရား

ဟောခဲ့၏။ မဲဆွယ်တရားဟောထွက်ရင်းက ဥရောပတိုက်အလယ်ပိုင်း ဒေသရှိ နိုင်ငံများသို့ ခြေဆန့်ခဲ့၏။

ဒေးဗစ်ဘင်ဂူရီယန်အဖို့ 'ဇီယွန်အဖွဲ့ကြီး'တွင် ထိပ်ဆုံးရာထူးကိုရရှိရန်မှာ မိမိအားထောက်ခံသော နိုင်ငံရေးပါတီကို ကိုယ်စားပြုသည့် ညီလာခံကိုယ်စားလှယ် အများစုကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းရပေလိမ့်မည်။ ဥရောပတိုက်အလယ်ပိုင်း ဒေသနိုင်ငံများသည် အစဉ်အလာအားဖြင့် ဂျူးဆန့်ကျင်ရေးဝါဒကို လက်ကိုင်ပြုကြသည်။ သို့ရာတွင် 'ဇီယွန်အဖွဲ့ကြီး'၏ 'ပုဂ္ဂလိက' ရွေးကောက်တင်မြှောက်ပွဲ ကျင်းပသည်ကို မကန့်ကွက်ခဲ့။ တကယ်တော့ ဇီယွန်ဝါဒ၏ အဓိကရည်မှန်းချက်မှာ ဂျူးလူမျိုးမှန်သမျှအား ပါလက်စတိုင်းသို့ သွားရောက်အခြေစိုက်နေထိုင်စေရေး ဖြစ်သည်ကြောင့် ဥရောပတွင် ဂျူးလူမျိုးများ ပပျောက်သွားမည် မဟုတ်ပါလား။

ဇီယွန်အဖွဲ့ကြီး၏ ညီလာခံကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ပွဲကို (၁၉၃၃)ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပရန် စီစဉ်ထားသည်။ ထိုနှစ် ဧပြီလဝက်မှာပင် ဒေးဗစ်ဘင်ဂူရီယန်က မဲဆွယ်တရားပွဲစတော့သည်။ နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့၊ မြို့တစ်မြို့ပြီး တစ်မြို့သို့ သွားလာမဲဆွယ်တရားဟောခဲ့၏။ နေ့စဉ်ရက်ဆက် တစ်နေ့လျှင် မဲဆွယ်တရားဟောပွဲ ၃-၄ ကြိမ် ကျင်းပ၏။ ရွေးကောက်ပွဲကျင်းပ ကြီးကြပ်ရေးကော်မတီများကိုဖွဲ့၊ စာစောင်များထုတ်ဝေ၊ ရံဖန်ရံခါ တစ်ညလုံး ဆွေးနွေးညှိနှိုင်း၍ စည်းဝေးပွဲတက်၍ အချိန်ကုန်ခဲ့ရသည်လည်းရှိ၏။ ဝင်စစ် ဒေးဗစ်သည် စည်းရုံးရေးမှူးကောင်းတစ်ယောက်အဖြစ် အပြောကောင်းသည့်အတိုင်း လက်တွေ့လုပ်တတ်သည်။ ခေါင်းဆောင်တစ်ဦးအဖြစ် သာဓကထုနိုင်ခဲ့၏။ ညီးကမ်းတကျရှိသော အမာခံများကို ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ အနှံ့ဖြန့်စေရာတွင် အောင်မြင်သူဖြစ်၏။

ဂျူးဝါဒ ( **Judaism** )သည်ပင် ပြင်းပြသောဆန္ဒများကြောင့် အကွဲအပြဲ ပေါ်ခဲ့၏။ ဂိုဏ်းဂဏအချင်းချင်း အမြင်ကွဲခြားနားမှုက နက်ရှိုင်းလာ၏။ ဝါဆောမြို့တော် ( ပိုလန်နိုင်ငံ )၌ ဂျူးတို့၏ 'အီစတာပွဲတော်နေ့'တွင် ဒေးဗစ်ဘင်ဂူရီယန်အား ငါးဒိုးပုံများ၊ ခဲအပြည့်ထည့်ထားသည့် နို့ဆီခွက်များဖြင့် ပစ်ပေါက်ကြ၏။ ဒေးဗစ်ကို ထိခိုက်လက်ရောက် စော်ကားသူများမှာ 'ဂျာဘိုတင်စကီး'ကို ထောက်ခံကြသောသူ၏ ပြန်လည်ပြင်ဆင်ရေးပါတီဝင် လူငယ်လူရွယ်များဖြစ်သည်။ အဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲသည် ဂျာဘိုတင်စကီးနှင့် ဒေးဗစ်ဘင်ဂူရီယန်တို့၏ အကြိတ်အနယ် 'ချ'သည့် ပွဲသဖွယ်ဖြစ်လာ၏။

'ဂျာဘိုတင်စကီး'က မိန့်ခွန်းပြောရာတွင် စကားလုံးလှလှလေးများကို တွင်တွင်သုံး၍ ဆွဲထားနိုင်စွမ်းရှိသူတည်း။ သည်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ မြင်သမျှသည် ကြည့်စရာကောင်းသည်သို့ ထင်ရ၏။ တစ်ချိန်တည်းမှာပင် ထိုဂုဏ်ဒြပ်သည်ပင် သူ့အားနည်းချက် ဖြစ်လာတတ်၏။ ဂျာဘိုတင်စကီးသည် ပထမကမ္ဘာစစ်ကြီးကာလက 'ဂျူးတပ်မတော်'ကို ကြိုးကြပ်ကွပ်ကဲ ဖွဲ့စည်းခဲ့သူဖြစ်၏။ ဝိုက်ဇ်မင်ကဲ့သို့ပင် ဂျာဘိုတင်စကီးသည်လည်း သူ့အမြင်၊ သူ့အယူအဆ၏ အကျဉ်းသားသဖွယ် ဖြစ်လာရ၏။ ပါလက်စတိုင်းတွင် ကိုယ်ထူကိုယ်ထ ကာကွယ်ရေးအဖွဲ့အစည်းများ (ဟာဂါနာ)ဖွဲ့စည်းရာတွင်လည်း စွမ်းစွမ်းတမံ ကူညီအားပေးခဲ့၏။ သို့တစေ 'ဟာဂါနာ' အပေါ်တွင် စိုးစဉ်းမျှ ယုံကြည်အားထားသူမဟုတ်။ ဂျူးများအား အာရပ်အန္တရာယ်မှကာကွယ်ရန်အတွက် တစ်ခုတည်းသောနည်းမှာ ဗြိတိသျှတို့၏ အကာအကွယ်ပေးမှုဖြင့် ဂျူးလက်နက်ကိုင်တပ်မတော်ကို ဖွဲ့စည်းရန်ဖြစ်၏။ ဂျူးလက်နက်ကိုင်အဖွဲ့အစည်းနှင့်သာလျှင် ပါလက်စတိုင်းမှ ဂျူးလူမျိုးများအား အာရပ်တို့အန္တရာယ်မှ ကာကွယ်နိုင်မည်ဟူသောအမြင်ကို စွဲစွဲမြဲမြဲ လက်ကိုင်ပြုထားဆဲ။ (၁၉၂၀)ခု နှစ်စပိုင်းထိ 'ဂျာဘိုတင်စကီး'သည် ဒေးဗစ်ဘင်ဂူရီယန်ကို ဆန့်ကျင်တုန်း၊ ဆန့်ကျင်ဆဲ။ ဒေးဗစ်ကမူ ပါလက်စတိုင်းမှ ဂျူးလူမျိုးများ ကာကွယ်ရေးမှာ ဂျူးလက်နက်ကိုင် အဖွဲ့အစည်း၊ သို့မဟုတ် ဗြိတိသျှတို့၏ အကာအကွယ်ယူခြင်းဖြင့် ပြဿနာအတွက် အဖြေမရနိုင်။ ပါလက်စတိုင်းမှ ဂျူးရှေ့ဆောင်လုပ်သား၏ အတွင်း၌သာ အားရှိသည်ဟု တွင်တွင်ပြောနေဆဲ။

မည်သို့ဆိုစေ 'ဂျာဘိုတင်စကီး' ရော 'ဒေးဗစ်' ပါ သူ့နည်း၊ သူ့ဟန်ဖြင့် ဂျူးနိုင်ငံတည်ထောင်ရေးအတွက် အားထုတ်နေကြသော ပရောဖက် ခေါင်းဆောင်များ ဖြစ်၏။

သို့ရာတွင် သည်အားထုတ်မှုတွင် တစ်ဦးနှင့်တစ်ဦး ကျင့်သုံးသည့် နည်းပရိယာယ်များကမူ လုံးဝမတူ။ အခြားနားကြီး ခြားနား၏။

ဒေးဗစ်က ဂျူးနိုင်ငံတည်ထောင်ရေးတွင် ဂျူးရှေ့ဆောင်လုပ်သားများ၏ လုပ်ရပ်ဖြင့်သာ အောင်မြင်နိုင်သည်ဟုသာ စွဲစွဲမြဲမြဲယုံကြည်၏။

ဂျာဘိုတင်စကီးကမူ သည်သို့မယုံကြည်။ ဒေးဗစ်၏ လုပ်သားလှုပ်ရှားမှုတွင်လည်း ယုံကြည်အားထားမှု အလျဉ်းမရှိ။ စင်စစ် ဂျာဘိုတင်စကီးသည် အလယ်အလတ်လူတန်းစား အလွှာအနွယ်ဝင်မို့ ဆိုရှယ်လစ်ပါတီများကို နည်းနည်းမှ မကြိုက်။ သူတို့လုပ်နည်း၊ လုပ်ဟန်များကိုလည်း မနှစ်မြို့။ စင်စစ် သူသည်

စိတ်ကူးယဉ်အိပ်မက်သမား၊ ကဗျာဆရာ သက်သက်သာဖြစ်၏။ လက်တွေ့သဘော တရား ခေါင်းပါးသူ။ သူ့အမြင်က ဇာတိဌာနေမွေးရပ်မြေအား ကမ္ဘာကို တုန်လှုပ်စေ သောနည်း၊ ကမ္ဘာ့ပြည်သူတို့က ဆန္ဒပြင်းပြလျက် အုံကြွလှုပ်ဆော်သောနည်း၊ ဂျူးနှင့် အခြားတိုင်းတစ်ပါးလူမျိုးများကပါ တောင်းဆိုလာသောနည်းများဖြင့် လွတ်မြောက် စေမည်ဟူသတည်း။

(၁၉၂၅) ခုနှစ်၊ ဂျာဘိုတင်စကီးသည် အခြား အခြားသော ဇီယွန်အဖွဲ့ကြီး မှ ခေါင်းဆောင်များနှင့် လမ်းခွဲသွား၏။ 'ပြန်လည်ပြင်ဆင်ရေးဝါဒ'(**Revisionism**) ခေါ် သော လှုပ်ရှားမှုတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်သည်။

ပါလက်စတိုင်းမှ ဂျူးရှေ့ဆောင်လုပ်သားများသည်လည်း စင်စစ်ပြန်လည် ပြင်ဆင်ရေး ဝါဒီများပင်။ သို့တစေ ပင်ပင်ပန်းပန်း ကြိုးကြိုးကုတ်ကုတ် အလုပ်လုပ် စိတ်ရှည်ရှည်ဖြင့် သည်းခံခြင်းသာလျှင် ရေရှည်၌ ဗြိတိသျှ၊ အာရပ်နှင့် ရင်ဆိုင် ရာတွင် အောင်ပွဲခံနိုင်ရန် တစ်ခုတည်းသော နည်းလည်းဖြစ်သည်ဟုမြင်၏။

'ဂျာဘိုတင်စကီး'၏ ပြန်လည်ပြင်ဆင်ရေး ဝါဒီများကမူ နည်းနည်းမှ စိတ်မရှည်သည်းမခံ၊ လက်တွေ့သဘော ခေါင်းပါးသူများတည်း။ ပါလက်စတိုင်းတွင် ဂျူးလူမျိုးက သောင်းဂဏန်းမျှသာရှိ၍၊ အာရပ်တို့က (၈)သိန်းကျော်မျှ ရှိနေချိန်တွင် ဂျူးနိုင်ငံတည်ထောင်ဖို့ကိုသာ သူတို့တစ်တွေက တောင်းဆိုကြ၏။ စင်စစ် သည် ပြင်ဆင်ရေးဝါဒီများက တကယ့်ဖြစ်ရပ်၊ တကယ့်အောင်မြင်မှုအပေါ် စဉ်းစားဆင်ခြင် ခြင်းမဟုတ်။ ထင်သာမြင်သာ လုပ်လိုက်ရုံမျှဖြင့် ဂျူးနိုင်ငံ ဖြစ်ပေါ် လာလိမ့်မည်ဟု သာ မျှော်လင့်နေကြသူများဖြစ်၏။ ဂျာဘိုတင်စကီးကဲ့သို့သော လုပ်ရပ်များသည် အနှေးနှင့်အမြန် တစ်ဘက်စွန်း ရောက်သွားပေလိမ့်မည်။

ဖြစ်ပေါ်လာသည့် ဖြစ်ရပ်က သည်သို့ . . . .။

'ဇီယွန်ဝါဒအောင်မြင်ရေးမှာ ဂျူးနိုင်ငံ၊ ဂျူးအမျိုးသားအလံနဲ့ ဂျူးဘာသာ စကား ရှိဖို့လိုမယ်။ ဒါတွေကို တကယ်တမ်းနားလည်သူက ခင်ဗျားတို့ရဲ့ ဖက်ဆစ် ဖြစ်တဲ့ ဂျာဘိုတင်စကီးပဲ'လို့ (၁၉၃၅) ခုနှစ်တွင် မုဆိုလိုနီက ဘုန်းတော်ကြီး (ရာဗိ) 'ပရက်တို'ကို ပြောပြခဲ့၏။

သည့်ကြောင့်လည်း ဒေးဗစ်က ဂျာဘိုတင်စကီးအား 'ဗလက်ဒီမာ ဟစ်တလာ' ( **Vladimir Hitler** )ဟု ကင်ပွန်းတပ်ရန်အကြောင်း လုံလောက်ပေပြီ။

ဂျာဘိုတင်စကီးကလည်း ဒေးဗစ်အား 'လေဖူး' ( **Ben Bouillon** )ဟု ပြန်ကင်ပွန်းတပ်ခဲ့၏။

သို့ရာတွင် (၁၉၃၃) ခုနှစ်က ပိုလန်နိုင်ငံတွင် ကျင်းပသော ရွေးကောက်ပွဲ၌သာလျှင် တစ်ဦးနှင့်တစ်ဦး နစ်နစ်နာနာ အပြန်အလှန်ပြောခဲ့ကြ၏။ သူတို့နောက်လိုက်ငယ်သားများက အချင်းချင်း ကိုယ်ထိလက်ရောက် ဆော်ကြ၊ နှက်ကြဖို့မလိုတော့။ ဇွန်လဆန်းတွင် ဆိုးဆိုးရွားရွားဖြစ်လာခဲ့သည်။ ဒေးဗစ်၏ 'အလုပ်သမားပါတီ' (မေပိုင်) ခေါင်းဆောင်တစ်ဦးလည်းဖြစ်၊ ဂျူးအဖွဲ့အစည်း၏ နိုင်ငံတစ်ကာရေးရာ ပါရဂူလည်းဖြစ်သူ ဟိုင်းမ်အာလိုဇိုရော့ဖ်သည် တယ်လ်အဗီးမြို့တွင် လုပ်ကြံသတ်ဖြတ်ခံရသည်။ သူက ဂျာဘိုတင်စကီး၏ ပြန်လည်ပြင်ဆင်ရေးဝါဒီများကို ခါးခါးသီးသီး ဆန့်ကျင်သူဖြစ်၏။ ဂျူးလူမျိုးလောကအတွင်း တုန်လှုပ်အံ့ဩသွားကြသည်။ ဇီယွန်အဖွဲ့ကြီးအတွင်း ပထမဆုံးပေါ်ပေါက်ခဲ့သော လုပ်ကြံသတ်ဖြတ်မှုဖြစ်ခဲ့သည်။

လူသတ်ကောင် ဘယ်သူလဲ။

စုံစမ်းစစ်ဆေးရာ ပြန်လည်ပြင်ဆင်ရေးဝါဒီများမှ နာမည်ကြီးလူမိုက်များလက်ချက်ဖြစ်ကြောင်း ညွှန်းလျက်ရှိသည်။ သို့ရာတွင် မိမိတို့အား ယခုကဲ့သို့ စွပ်စွဲသူများမှာ 'အလုပ်သမားပါတီ'မှ လူမိုက်ဂိုဏ်းသားများဖြစ်သည်ဟု ပြန်လည်ပြင်ဆင်ရေးဝါဒီများက ပြန်ချေပသည်။ လူသတ်ကောင်ကိုမူ မဖော်ထုတ်နိုင်ခဲ့။ မဲဆွယ်တရားဟောပွဲ နောက်ဆုံးလတွင်မူ လက်ျာဂိုဏ်းသား ပြန်လည်ပြင်ဆင်ရေးဝါဒီများနှင့် အလုပ်သမားများက အချင်းချင်း ချကြတော့သည်။ ယခင့် ယခင်ထက်အမုန်းပွားလာခဲ့သည်။

ပိုလန်နိုင်ငံတွင်း ရောက်နေသော ဒေးဗစ်ဘင်ဂူရီယန်ထံမှ ပေးစာများတွင်မိမိရရှိသော သတင်းများအရ ပြန်လည်ပြင်ဆင်ရေးဝါဒီများသည် ပြစ်မှုကျူးလွန်သူများဖြစ်သည်ဟု ထင်မြင်ယူဆကြောင်းဖြင့်ခါ၏။ လုပ်ကြံမသတ်ခံရမီ ရက်အနည်းငယ်က 'အာလိုဇိုရော့ဖ်'သည် ဂျာမာန်နာဇီအစိုးရနှင့် ဂျာမာန်လူမျိုးဂျူးအနွယ်အဝင်များအား ပါလက်စတိုင်းနိုင်ငံသို့ ဝင်ခွင့်ပြုရန် သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။

သည်သို့ ဖော်ထုတ်ခြင်းကြောင့် ဂျူးလူထုအပေါ် အလွန်ထိခိုက်ခဲ့၏။ ပါလက်စတိုင်းမှ ပြန်လည်ပြင်ဆင်ရေးဝါဒီများမှာ တကွဲတပြား ဖြစ်လာ၏။ မှားသည်ပဲဖြစ်ဖြစ်၊ မှန်သည်ပဲဖြစ်ဖြစ် သူသတ်ကောင်များဟု အစွပ်စွဲခံရသောကြောင့် ပြန်လည်ပြင်ဆင်ရေးဝါဒီများက ပုန်းလျှိုးကွယ်လျှိုးနေကြရ၏။ အလုပ်သမားလူတန်းစား၏ ထောက်ခံမှုရရှိရန် ကြိုးပမ်းအားထုတ်မှုသည်လည်း အကျိုး

မဖြစ်ထွန်းခဲ့။

ဇူလိုင်လကုန်တွင် ရွေးကောက်တင်မြှောက်ပွဲ နောက်ဆုံးရလာဒ်ကို သိရတော့သည်။ ဒေးဗစ်ဘင်ဂူရီယန်အား ထောက်ခံသော အလုပ်သမားပါတီများက လာမည့် ညီလာခံကိုယ်စားလှယ်နေရာ တစ်ဝက်ကျော်ကျော်ကို ရရှိခဲ့၏။ မဟာမိတ်ဖွဲ့ခြင်းအကျိုးကြောင့် အလုပ်သမားပါတီများက ဇီယွန်အဖွဲ့ကြီးကို ချုပ်ကိုင်နိုင်ခဲ့ကြသည်။

ဒေးဗစ်ဘင်ဂူရီယန်အား အပေါင်းအသင်းများနှင့် ထောက်ခံသူများက အာဏာပေးကာ တင်မြှောက်ခဲ့သည်။ နောင်နှစ်ပေါင်း (၃၀)ကြာသည်ထိ ဇီယွန်အဖွဲ့ကြီးကို စိုးမိုးခြယ်လှယ်နိုင်ခဲ့သည်။ လက်တစ်ဆုပ်မျှသာရှိသော မဖြစ်မနေ ဒွဲသတ္တိရှိသူတစ်စုက အောင်ပွဲခံလိုက်လေပြီ။ ဇီယွန်ဝါဒနှင့် ပတ်သက်သော မူသဘောထားများကို လန်ဒန်၊ ဘာဆယ်လ်တို့မှ ဦးစီးထုတ်ပြန်ခြင်း မပြုရတော့။ နောင်တွင် ဂျေရုစလင်မှ ထွက်လာတော့မည်တည်း။

## အာဏာပြိုင်များ

အရေးနိမ့်သွားသော 'ဂျာဘိုတင်စကီး'က ညီလာခံ၏ အမိန့်အာဏာတို့ကို ဖီဆန်ပုန်ကန်လာသည်။ ဒေးဗစ်ဘင်ဂူရီယန်၏ တုန့်ပြန်မှုကလည်းမနှေး။

အဆိုတင်သွင်း ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်က 'ပြန်လည်ပြင်ဆင်ရေးဝါဒီ'များ အချိုးချခံစားရသော 'ပြည်ဝင်ခွင့်လက်မှတ်' အခွင့်အရေး လက်လွတ်ဆုံးရှုံးရ၏။ ဇီယွန်အဖွဲ့ချုပ်၊ အလုပ်အမှုဆောင်ကော်မတီ၏ ညွှန်ကြားချက်များကို မနာခံသရွေ့ မိမိတို့၏ အမာခံများအား ပါလက်စတိုင်းနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရန် တတ်စွမ်းနိုင်မည်မဟုတ်။ 'ပြည်ဝင်ခွင့်လက်မှတ်'သည်ပင် လက်နက်တိုက်အတွင်းမှ လက်နက်သဖွယ် အစွမ်းထက်လှ၏။

ပါလက်စတိုင်းတွင် ဒေးဗစ်တစ်ယောက် အာဏာရ၍ ထိပ်ပိုင်းရောက်လာသည့် တစ်ချိန်တည်းမှာပင် ဂျာမနီနိုင်ငံတွင် ဟစ်တလာလည်း အာဏာရလာ၏။ ဥရောပတစ်ခွင်တွင် စစ်ရိပ်၊ စစ်ငွေ့သန်းလာသည်။ ထို့ကြောင့် ဥရောပတိုက်မှ ဂျူးအနွယ်ဝင်များကို ပြည်ပသို့ ထုတ်ယူရန်မှာ အရေးတကြီးဆောင်ရွက်ရန် လိုလာ၏။

(၁၉၃၅) ခုနှစ်တွင် 'ဇလီယ' ခေါ် ပါလက်စတိုင်းနိုင်ငံသို့ ဂျူးလူမျိုးများ ခိုဝင်လာသည့် ဦးရေအများဆုံးဖြစ်၏။ (၆၁၀၀၀) ရှိ၏။

ဥရောပတစ်ခွင်ရှိ ဂျူးလူမျိုးများအပေါ် ကျရောက်လာမည့် အန္တရာယ်

အရေးကြောင့် ပါလက်စတိုင်းရှိ နိုင်ငံရေးပါတီများ အချင်းချင်း စည်းလုံးညီညွတ်ဖို့ အချိန်တန်ပေပြီ။

(၁၉၃၄) ခု၊ အောက်တိုဘာလ ဂျာဘိုတင်စကီးနှင့် ဒေးဗစ်တို့ လန်ဒန်မြို့တွင် တွေ့ဆုံကြသည်။ ပထမသော် တစ်ဦးနှင့်တစ်ဦးကြားဆက်ဆံရေးမှာ ပျူပျူငှာငှာမရှိ၊ ဂျာဘိုတင်စကီးက လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းသည်။ ဒေးဗစ်က လက်ကမ်းလာသည်ကို မမြင်ဟန်ဆောင်၏။ အတန်ကြာ ဆွေးနွေးညှိနှိုင်းပြီးမှ နှစ်ဦးသား ခွဲခွာသွားကြသည်။

'ခင်ဗျားက ကျုပ်ကို ဘာကြောင့် လက်ဆွဲနှုတ်မဆက်ရတာလဲ'

ဂျာဘိုတင်စကီးက မေးသည်။

'ဒါက ခင်ဗျားကို အကဲစမ်းချင်လို့ပါဗျာ'

ဒေးဗစ်က ပြုံးတုံ့တုံ့နှင့် ပြန်ဖြေသည်။

ပုဂ္ဂိုလ်ကြီးနှစ်ဦးက တစ်ဦးကိုတစ်ဦး အလွန်မုန်းတီးသော်လည်း တစ်ဦးနှင့်တစ်ဦး တူညီသောအချက်ကိုတော့ တွေ့ကြ၏။ 'ဂျူးလက်နက်ကိုင်တပ်ဖွဲ့'တွင် မှီစဉ်က တစ်ဦးနှင့်တစ်ဦး လေးစား၍ သံယောဇဉ်ရှိခဲ့သည်ကိုမူ ယခုတိုင် မမေ့နိုင်ခဲ့ . . .။ အချုပ်အားဖြင့် အချက်တိုင်း အချက်တိုင်းတွင် နှစ်ဦးသဘောတူညီနိုင်သည့် အခြေတွင်ရှိ၏။ ပါလက်စတိုင်းရှိ နိုင်ငံရေးပါတီများပူးပေါင်းရန် သဘောတူညီနိုင်ရောရှိ၏။ သို့ရာတွင် 'ဂျာဘိုတင်စကီး'က ချွင်းချက်တစ်ခုသာ တောင်းဆိုသည်။ နှစ်ပါတီပူးပေါင်းလျှင် 'ပါလက်စတိုင်းအလုပ်သမားပါတီ' (မေပိုင်)ဟု မခေါ်တွင်စေဘဲ 'ပါလက်စတိုင်းတည်ထောင်သူများပါတီ' (မေဘိုင်)ဟု တွင်စေရမည်တဲ့။ ဒေးဗစ်ကလည်း သဘောတူ၏။ နှစ်ဦးစလုံး ပါလက်စတိုင်းသို့ ပြန်လာသောအခါ ပုဂ္ဂိုလ်ကြီးနှစ်ဦးက အချင်းချင်းမေးကြ၏။ သူတို့အား ထောက်ခံသူများအတွင်း အချင်းချင်းရန်သူများ ဖြစ်လာကြပြန်သည်။

(၁၉၃၅)ခုနှစ်တွင် ဂျာဘိုတင်စကီးက ဇီယွန်ညီလာခံအတွင်းမှာ မကျေနပ်၍ထွက်သွား၏။ သူ့ကိုယ်ပိုင်ပါတီကို စင်ပြိုင်တည်ထောင်ပြန်၏။ သို့သော် အရေးနိမ့်ခဲ့၏။

ဂျာဘိုတင်စကီးသည် (၁၉၄၀)ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ တစ်ချိန်က သူမျှော်မှန်းခဲ့သည်များ အမှန်တကယ် ဖြစ်ပေါ်လာခဲ့သည်ကိုမူ မမြင်မတွေ့လိုက်ရတော့။

(၁၉၃၅)ခုနှစ် ညီလာခံတွင် ဒေးဗစ်သည် ဂျူးအဖွဲ့ချုပ်၊ အလုပ်အမှုဆောင်

ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ အဖွဲ့အစည်း၏ ခေါင်းဆောင်ဖြစ်လာသည်။ စင်စစ် အဖွဲ့အစည်းသည် တစ်ချိန်တွင် ပါလက်စတိုင်းမှ အနာဂတ်အစိုးရအဖွဲ့ ဖြစ်ပေါ်လာမည့် အမြုတေအဖွဲ့အစည်းဖြစ်၏။

ဒေးဗစ်က ဝိုက်ဇ်မင်နှင့် သွားရောက်တွေ့ဆုံသည်။ ဝိုက်ဇ်မင်က အနားယူရန် စိုင်းပြင်းနေချိန်ဖြစ်၏။ ဇီယွန်အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌရာထူးတွင် ဆောင်ရွက်ပါရန် ဒေးဗစ်က ဝိုက်ဇ်မင်ကို ကမ်းလှမ်းပြန်သည်။ အကြောင်းရှိသည်။ စင်စစ် ဝိုက်ဇ်မင်သည် ဂျူးလူမျိုးများ လောကတွင် အကြည်ညိုပေး အလေးစားခံရဆုံး ခေါင်းဆောင်ကြီးဖြစ်၏။ ထို့ပြင် ဗြိတိသျှအစိုးရ၏ ယုံကြည်အားထားမှုကိုလည်း ရရှိထား၏။ ထို့ကြောင့် ဒေးဗစ်နှင့်အတူ ညီလာခံတက်ဖို့လို၏။ သို့တစေ ဝိုက်ဇ်မင်အတွက် မဲပေးနေစဉ်မှာပင် (၁၉) ကြိမ်မြောက် ဇီယွန်အဖွဲ့ချုပ်ညီလာခံက တကယ့်ခေါင်းဆောင်မှာ ဒေးဗစ်ဘင်ဂူရီယန်ဖြစ်သည်ကို သံသယဖြစ်ဖွယ်မရှိ။

'ခေါင်းဆောင်ဖြစ်လာပြီရယ်လို့ ဘယ်အခါမှ သိရသလဲ'ဟု လုပ်ဖော်ကိုင်ဖက်တစ်ဦးက တစ်နေ့တွင် ဒေးဗစ်ဘင်ဂူရီယန်ကိုမေး၏။

'ကျုပ်က မေးခွန်းထုတ်ရမယ့်လူ တစ်ဦးတစ်ယောက်မှ မရှိတော့ဘူးဆိုတာ သိရတဲ့အခါပေါ့'ဟု ဒေးဗစ်က ပြန်ဖြေသည်။

ဇီယွန်အဖွဲ့ချုပ်၊ အလုပ်အမှုဆောင် ကော်မတီ၏ဥက္ကဋ္ဌ ဖြစ်လာသောအခါ ဒေးဗစ်က ကျေးဇူးတင်မခံရသောသည်အလုပ်ကို တာဝန်ပေးခံရခြင်းမှ လွတ်ရန်ရှောင်ဖို့ အားထုတ်ခဲ့သေးသည်ဟု ကမ်ဇ်နယ်လ်ဆင်က အပေါင်းအသင်းမိတ်ဆွေများကို ရှင်းပြခဲ့၏။ သည်အချိန်မှ ဂျေရုစလင်မြို့တော်က ဂျူးလူမျိုး၊ မြို့မျက်နှာဖုံး လူကြီးဘင်ဇဗီက နိုင်ငံရေးဇာတ်ခုံမှ အပြီးအပိုင် စွန့်ခွာသွား၏။ 'တာဗင်ကိုင်း' ( **Tabenkine** )က လက်ဝဲအစွန်သို့ရောက်သွားပြီး၊ 'ကီဘွတ်' ( **Kibbutz** ) ခေါ် ဘုံရိပ်သာသမဝါယမကျေးရွာများ ဖွံ့ဖြိုးရေးကိုသာ အာရုံစိုက်ဆောင်ရွက်ကြ၏။ 'အာလိုဇိုရော့ဗ်'တစ်ယောက် ကွယ်လွန်သွားချေပြီ။ အလုပ်သမားပါတီ (မေပိုင်)မှ ရီမတ်ဇ်၊ စပရင်းဇာတ်၊ ကပ္ပလင်စသော ထိပ်တန်းခေါင်းဆောင်များက ရှေ့ဆောင်ရှေ့ရွက် လုပ်တတ်သူများမဟုတ်။ ဂျူးအဖွဲ့ကြီးမှ နိုင်ငံရေးနှင့် သံတမန်ရေးရာဌာနစိတ်မှူး မိုရှေရှာတော့က ဒေးဗစ်၏ ညာလက်ရုံးဖြစ်လာသည်။ သူသည်လည်း ခေါင်းဆောင်ကောင်းတို့ရှိအပ်သော အရည်အချင်းနှင့် မပြည့်စုံလှ။ ဗြိတိသျှအာဏာပိုင်များက 'ဂျာဘိုတင်စကီး'အား ပါလက်စတိုင်းမှ နယ်နှင်ခဲ့၏။ ဝိုက်ဇ်မင်က အလယ်အလတ်ဝါဒီသမား၊ သူကောင်းမျိုးအကျင့် အလွန်ဆန်သူ။ ပါလက်စတိုင်းရှိ

ဂျူးလူမျိုးများ၏ နေ့စဉ်ကြုံတွေ့နေရသော ပြဿနာအရပ်ရပ်ကို စိုးစဉ်းမျှ မသိနားလည်သူ ပါလက်စတိုင်းရောက် ဂျူးတစ်ယောက်လည်းမဖြစ်ခဲ့။ နောင်လည်း ဖြစ်ညည်မဟုတ်။ သူနေတာက လန်ဒန်မြို့ အစ္စရေးနယ်မြေမဟုတ်။

ဒေးဗစ်ဘင်ဂူရီယန်က သူ့ဘဝသစ်နှင့် လိုက်လျောညီထွေနေတတ်သူ။ မကြာခဏ ဥရောပသို့ လေယာဉ်ဖြင့်ခရီးထွက်တတ်၏။ ညနေခင်းဝတ်စုံကို ဝတ်ဆင်လျက် ဇနီးပေါလာနှင့်အတူ ကပွဲများတက်၍ ဇီယွန်အသင်းခွဲများမှ ဂုဏ်ရှိပုဂ္ဂိုလ်များ တည်ခင်းညှော်ခံသော ညှော်ခံပွဲများသို့ လာခဲ့၏။ ထိုသို့သော ညှော်ခံပွဲများတွင် ဒေးဗစ်က စိတ်ဝင်စားစရာကောင်းသူတစ်ဦးဦးနှင့် ထောင့်တစ်ထောင့်၌ စကားပြောလေ့ရှိ၏။ ထိပ်တန်းဗြိတိသျှအရာရှိများနှင့် အစိုးရအဖွဲ့ဝင်များနှင့်လည်း မကြာခဏတွေ့ဆုံခဲ့၏။ သူ့သက်တော်စောင့်လည်းပါ၏။ သို့ရာတွင် ဗြိတိသျှအာဏာပိုင်များက သူ့ကိုယ်စားလှယ်အဖွဲ့အတွက် နောက်ထပ် သက်တော်စောင့်တစ်ဦး ထပ်ပေး၏။ ဂုဏ်ပြုမျက်နှာပေးခံရ ခံရ၊ အထက်တန်းလွှာအတွင်းညည်သို့ပင် လှည့်လည်ရ၊ ကျင်လည်ရ၊ ဒေးဗစ်ကမူ ရိုးရိုးကုတ်ကုတ်နေ၊ ပွင့်ပွင့်လင်းလင်းပြော ရံဖန်ရံခါ တုံးတိတိဆိုတတ်၏။ နှစ်ပေါင်းအတန်ကြာကပင် စွဲစွဲမြဲမြဲချမှတ်ခဲ့သည့် တစ်ခုတည်းသောရည်မှန်းချက်မှ မသွေမဖီ။ တစ်ချိန်တွင် ဂျူးနိုင်ငံတည်ထောင်ပြီး ပါလက်စတိုင်းတွင် ဂျူးလူမျိုးအများစုဖြစ်စေရမည်ဟူသော ရည်မှန်းချက် . . . .။

သည်ရည်မှန်းချက် အောင်မြင်ရေးမှာ ဂျူးလူမျိုးများ ပါလက်စတိုင်းသို့ နိုဝင်ခြင်းနှင့် ဂျူးလူမျိုးများ၏ စိတ်တက်ကြွမှုနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရ၏ သဘောထားအပေါ် တည်မှီသည်။ ထိုအချိန် ထိုအခါတွင် ဗြိတိသျှအစိုးရက 'ဘဲလ်ဖိုးကြေငြာချက်' ထုတ်ပြန်ပြီးသည့်အချိန်မှစ၍၊ ဂျူးလူမျိုးအား အကူအညီပေးရန်ဆန္ဒရှိကြောင်း အထင်အရှားတွေ့နေရ၏။ နောင်နှစ်အတန်ကြာသည်အထိ ဗြိတိသျှတို့က အစ္စရေးတို့၏ ရန်သူဖြစ်မလာသေး။ သို့သော် သည်အချိန် သည်အခါထိ ဂျူးလူနည်းစုအား အကာအကွယ်ပေးရန် ကျေးရွာများ မတည်ထောင်ရန် ဟန့်တားနေဆဲ . . . .

ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အကောင်းဆုံးသော အခြေအနေများကို ဖန်တီးရန်အတွက် ဗြိတိသျှတို့က မိမိတို့တွင်ရှိ လုပ်ပိုင်ခွင့်အာဏာရှိသမျှဖြင့် ဆောင်ရွက်နေဆဲ . . . .။

သို့တစေ အာရပ်တို့၏ သဘောထားက မည်သို့ရှိသနည်း။

ဂျူးနှင့် အာရပ်တို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုက်ကြရမည်ကို ဒေးဗစ်ဘင်ဂူရီယန်က စိုးစဉ်းမျှသံသယမရှိ။ အာရပ်တို့က ဂျူးနိုင်ငံတည်ထောင်ရန် လက်ခံဖို့မဆိုထားနှင့်၊ ပါလက်စတိုင်းတွင် ဂျူးလူမျိုးအများစု ရှိရမည်ဟူသော သဘောကိုပင် လက်မခံနိုင်။ သည်အချက်ကို အာရပ်တို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် . . . . သို့ရာတွင် . . . .

သဘောတူညီမှု ရကောင်း ရနိုင်စရာတော့ရှိ၏။ နှစ်ဖက်ခေါင်းဆောင်များက နှစ်ဖက်စလုံး အတိဒုက္ခရောက်မည့်ဘေးမှ ကာကွယ်နိုင်ကြသည်။ လက်ရှိအခြေအနေတွင်မူ အန္တရာယ်မှ အကာအကွယ်မပေးကြသေး . . . .။ ဒေးဗစ်ဘင်ဂူရီယန်ကလည်း နှစ်ဖက်ရင်ကြားစေ့နိုင်ရန် ကြိုးပမ်းသေး၏။ သို့ရာတွင် အောင်အောင်မြင်မြင် ဖြစ်လာလိမ့်မည်ဟုတော့ နည်းနည်းမျှမယုံကြည်။ အာရပ်အမျိုးသားခေါင်းဆောင်များနှင့် လျှို့ဝှက်စွာ အဆက်အသွယ်ရယူသေး၏။

(၁၉၃၄) ခုနှစ်၊ သည်နှစ်တွင် ဂျာဘိုတင်စကီးနှင့် ခေတ္တပြေငြိမ်းမှု ရယူခဲ့၏။ သည်နှစ်တွင်ပင် 'မူဆာအလာမီ' (**Moussa Alami**)နှင့်လည်း ငြိမ်းချမ်းရေး ရယူနိုင်ရန် မျှော်လင့်ချက်ရှိနေ၏။

ဒေးဗစ်ဘင်ဂူရီယန်က အာရပ်များကို နည်းနည်းမျှ မနှစ်သက်။ သို့သော် သည်သို့ ပွင့်ပွင့်လင်းလင်းပြောခဲ့သည်တော့ မဟုတ်။ အလုပ်သမားသမဂ္ဂခေါင်းဆောင်တစ်ဦးအနေဖြင့် မကြာခဏ အာရပ်တို့အား အကူအညီပေးခဲ့သည်များရှိ၏။ သို့ရာတွင် သူ့မှတ်တမ်းများတွင် အာရပ်တို့နှင့် ပတ်သက်၍ အကြောင်းအရာများကို ရေးသားရာ၌ မိမိရန်သူများအဖြစ် သဘောထားခဲ့သည်သာ . . . .။

ဒေးဗစ်ဂရင်းအဖြစ်၊ အာရပ်တို့နှင့် ပထမဆုံးအကြိမ် ဆုံဆည်းခဲ့သည်များကို ပြန်သတိရလျှင်၊ ဒေးဗစ်၏ သဘောထားကို နားလည်သဘောပေါက်နိုင်၏။ စီဂျီရာတွင် နေစဉ်က ခိုးဝှက်မှုများ၊ သတ်ဖြတ်မှုများ၊ (၁၉၂၀)၊ (၁၉၂၁) နှင့် (၁၉၂၉) ခုနှစ်များက ဂျူးများ အသတ်ခံခဲ့ရပုံများမှာ သူပထမဆုံး ကြုံခဲ့ရသည်များပင် မဟုတ်ပါလား။

မည်သို့ပင်ဆိုစေ ဒေးဗစ်က အာရပ်ခေါင်းဆောင်အချို့နှင့် နားလည်မှုရရှိရန် အားထုတ်၏။ သည်နေရာတွင်လည်း သူလုပ်ဆောင်ခဲ့သမျှ လုပ်ငန်းများနည်းတူ၊ စိတ်ကောင်းစေတနာထား၍ ရိုးရိုးကုတ်ကုတ် ကြိုးစားလုပ်ခဲ့သည်သာ။ သို့တစေ တကယ်တန်း စိတ်မပါသည်ကတော့ ထင်ရှား၏။ သူ့လုပ်ရပ်များကို ဝေဖန်

ဖြစ်တင်လာသောအခါ ဒေးဗစ်က အာရပ်တို့နှင့်နားလည်မှုရရန် အားထုတ်မှုကို သက်မြောက်ခဲ့ရတော့၏။

ဒေးဗစ်အဆက်အသွယ်လုပ်ခဲ့သူ အာရပ်ခေါင်းဆောင်မှာ သူ လေးစားချစ်ခင်ထိုက်သူတစ်ဦး . . . . ။ သူကား 'မူဆာအလာမိ' အာရပ်ခေါင်းဆောင်တစ်ဦးမဖြစ်မီက 'မူဆာအလာမိ'မှာ အစိုးရရှေ့နေချုပ်ဖြစ်၏။ ချမ်းသာကြွယ်ဝသူ ဗြိတိသျှကိုလိုက်ကြမ ရှိသူ၊ ဉာဏ်ပညာနှင့် ပြည့်စုံသူ . . . . ၊ နိုင်ငံရေးကို လုပ်ချင်သော ဆန္ဒနည်းသော်လည်း၊ ဂျေရုစလင်မှ မူဆလင်ဘာသာရေးခေါင်းဆောင်ကြီး (မတ်ဖ်တီ) 'အာရပ်လွတ်လပ်ရေးပါတီ' ( Istiklal ) မှ ခေါင်းဆောင်များနှင့်လည်း ရင်းရင်းနှီးနှီးရှိသူတည်း။ (၁၉၃၄) ခုနှစ် စက်တင်ဘာလတွင် ဒေးဗစ်ဘင်ဂူရီယန်သည် မူဆာအလာမိအား ဂျေရုဆလင်မြို့ရှိ မူဆာအလာမိ၏နေအိမ်တွင် အကြိမ်များစွာ တွေ့ဆုံခဲ့၏။ သူတို့နှစ်ဦးက တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားကြ၏။ သူတို့နှစ်ဦးက စိတ်ထဲကရှိသမျှကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောကြ၏။

ဂျူးလူမျိုးများ တိုးတိုးရောက်လာခြင်း၊ မြေယာများတိုး၍ ဝယ်လာခြင်းတို့ကြောင့် မူဆာအလာမိက အထိတ်တလန့်ဖြစ်မိ၏။ ဂျူးနှင့် အာရပ်တို့ကြားစီးပွားရေးကွာဟမှု၊ ယဉ်ကျေးမှုခြားနားမှုကြောင့်လည်း စိုးရိမ်လာ၏။ ဂျူးအလုပ်ရှင်များက အာရပ်လုပ်သားများကို ငှားရမ်းသုံးစွဲရန် ငြင်းဆိုလာပြန်၍၊ သောကပွားရပြန်၏။ အာရပ်တို့ တစ်နေ့တစ်ခြား ဆင်းဆင်းရဲရဲ ဖြစ်လာသည်က အရေးတကြီးပြဿနာ ဖြစ်လာ၏။

ဒေးဗစ်ဘင်ဂူရီယန်အဖို့မှူ ပေးစရာ အဖြေက အဆင်သင့်။ အာရပ်တို့၏စီးပွားရေးကို တိုးတက်ဖွံ့ဖြိုးစေရန် ဂျူးတို့က ငွေကြေး အထောက်အပံ့ အကူအညီပေးမည်ဟု ဒေးဗစ်က ကတိပေးသည်။ သို့ရာတွင် လိုက်နာရမည့် အကြောင်းတစ်ကြောင်းတော့ရှိ၏။ ပါလက်စတိုင်းတွင် ဂျူးနိုင်ငံတည်ထောင်ခြင်းကို အာရပ်တို့က လက်ခံပါမည်ဟူသော အချက်ပင်။ အကယ်၍ ဂျူးနိုင်ငံတည်ထောင်ရပါက အာရပ်တို့ကလည်း လူနည်းစုပါဝင်စေနိုင်သဖြင့် အာရပ်နိုင်ငံများဖြင့် သီးခြားဖွဲ့စည်းထားသော 'အရှေ့အလယ်ပိုင်း ဒေသစုပေါင်းအဖွဲ့' ( Middle East Federation) သို့ အဖွဲ့ဝင်အဖြစ် ဝင်မည်။

မူဆာအလာမိကလည်း စိတ်ဝင်စား၏။ သို့ရာတွင် ဂျူးနိုင်ငံကို အရှေ့ဘက်စွန်း 'ထရန့်စ်ဂျော်ဒန်' ( Trans Jordan )အထိ ပါဝင်သင့်သည်ဟု

ဒေးဗစ်ဘင်ဂူရီယန်က အဆိုပြုသည်ကိုတော့ မူဆာအလာမီက ကန့်ကွက်၏။ သည်နေရာကို အာရပ်တို့နယ်မြေသက်သက် ဖြစ်သည်ဟုဆို၏။ သည်အချက်ကိုလည်း မရပါက ဒေးဗစ်က လိုက်လျောရန်အသင့်။

'တကယ်လို့ ထရန့်စ်ဂျော်ဒန်အရပ်မှာ ဂျူးလူမျိုးတွေကို အကန့်အသတ်မရှိ အခြေစိုက်နေထိုင်ခွင့်ပေးဖို့ သဘောတူမယ်ဆိုရင်တော့ ထရန့်စ်ဂျော်ဒန်အရပ်နဲ့ ပတ်သတ်လို့ ယာယီပဲဖြစ်စေ၊ အမြဲတမ်းပဲဖြစ်စေ၊ အထူးအစီအစဉ်တစ်ရပ်လုပ်ဖို့ ပြင်ဆင်ရလိမ့်မယ် . . . . 'တဲ့။

ပြည်ထောင်စုသဘော ဖွဲ့စည်းထားမည်ဟူသောသဘောနှင့် ဂျူးတို့က အာရပ်တို့အား ငွေကြေးထောက်ပံ့ပေးမည်ဆိုသော သဘောကို မူဆာအလာမီက အထူးစိတ်ဝင်စား၏။ ဒေးဗစ်ပြောခဲ့သည့်စကားများကို ချက်ခြင်း ဂျေရုစလင်မြို့မှ ဘာသာရေးခေါင်းဆောင်ကြီး (မတ်ဖိတီ)ကို အစီရင်ခံ၏။ ပြန်လာပြီး ဘာသာရေးခေါင်းဆောင်ကြီး၏အမြင်ကို ဒေးဗစ်သို့ ပြန်ပြောရပြန်၏။ မူစလင်ဘာသာရေးခေါင်းဆောင်ကြီးက အံ့သြမိသည်ထင့်။ ဂျူးတို့က အာရပ်နှင့် သဘောတူညီမှုရယူ၍ စုပေါင်းဆောင်ရွက်လိမ့်မည်ဟု မတွေးမထင်ခဲ့။ အကယ်၍ ပါလက်စတိုင်းမှ အာရပ်တို့၏ ဘာသာရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်မည်ဆိုလျှင် သူ့အဖို့ ဂျူးတို့ အဆိုပြုလာသည်ကို ကန့်ကွက်စရာမရှိ။ သို့ရာတွင် သူ့သဘောထား အတိအကျကိုမူ သတိကြီးစွာထား၍ မထုတ်ဖော်ခဲ့။ ဒေးဗစ်က မိမိအဆိုပြုသည်များကို 'ဆီးရီးယားနှင့် ပါလက်စတိုင်း အာရပ်များဆိုင်ရာကော်မတီ' ( **Committee of Syrian & pales tinian Arabs** ) ရှေ့တွင် တင်ပြရန် ဂျီနီဗာ (ဆွစ်ဇာလန်နိုင်ငံ)သို့ သွားသင့်သည်ဟူ၍သာ အကြံပြု၏။

သို့သော်လည်း ဆွစ်ဇာလန်နိုင်ငံဆိုသည်က ပါလက်စတိုင်းမဟုတ်။ ဂဗရီ ( **Cabri** )၊ အာစလန် ( **Arslan** )တို့ကဲ့သို့သော အာရပ်အမျိုးသားခေါင်းဆောင်များက ဒေးဗစ်ဘင်ဂူရီယန်အပေါ် အမုန်းပွားလျက်ရှိ၏။

'ပါလက်စတိုင်းမှာ ဂျူးလူမျိုးတွေက အများစုရှိနေရမယ်လို့ ခင်ဗျားအဆိုကို ကျုပ်တို့က သဘောတူစေချင်တယ်ပေါ့။ ဘယ်လိုဖြစ်နိုင်မှာလည်း။ ဒါကို ဗြိတိသျှတို့ကတောင် ခွင့်မပြုနိုင်တာဘဲ'ဟု သူတို့က ဆို၏။

မူဆာအလာမီကမူ စိတ်မပျက်။ အာရပ်ခေါင်းဆောင်နှစ်ဦးက ဒေးဗစ်အဆိုကို မူအားဖြင့် သဘောတူသည်ဟူသော သွေးဆောင်သဖြင့် ဆက်လက်အားထုတ်ရန်သာ ဒေးဗစ်ကို တိုက်တွန်းလေ၏။

သို့ရာတွင် ဂျိနီဗာရှိ အာရပ်အမျိုးသားခေါင်းဆောင်များက မိမိတို့၏ 'အာရပ်နေရှင်း' ( The Arab Nation ) သတင်းစာတွင် လျှို့ဝှက်ဆွေးနွေးညှိနှိုင်းမှုသတင်းများကို ထည့်သွင်းဖော်ပြခြင်းဖြင့် ဂျူးခေါင်းဆောင်နှင့် စကားကမ်းလှမ်းခြင်းကို ရပ်တန့်က ရပ်စေခဲ့၏။ သို့ကြောင့် မူဆာအလာမိက ဒေးဗစ်ဘင်ဂူရီယန်ကိုပင် မတွေ့ဝံ့တော့။

ဒေးဗစ်ဘင်ဂူရီယန်ကမူ အစပထမတည်းမှသည် မူဆာအလာမိတစ်ဦးတည်းနှင့်သာ ညှိနှိုင်းခြင်းမဟုတ်။ အော်နီဘေး ( AuniBey )၊ အဗ္ဗဒူလ်ဟာဒီ ( Abdul Hadi )၊ မူဆာဟူစိန်ဏီ( Moussa Husseini )စသည့် အာရပ်ခေါင်းဆောင်များနှင့်လည်း ဆွေးနွေးခဲ့သည်။ အာရပ်ခေါင်းဆောင်များ၏ ဗြိတိသျှနှင့် ပြင်သစ်တို့အား ဆန့်ကျင်ပုန်ကန်ရန် အဆိုကိုမူ ဒေးဗစ်က ထောက်ခံရန်ငြင်းဆိုခဲ့၏။

ဒေးဗစ်က ရိုးရိုးသားသားဖြင့် အာရပ်လွတ်လပ်ရေးပါတီခေါင်းဆောင် အော်နီဘေးကို ပြောခဲ့၏။

'ကျုပ်တို့တော့ ဗြိတိသျှကို ဆန့်ကျင်မတိုက်ဘူးဗျို့။ ဗြိတိသျှက ကျုပ်တို့ကို အကူအညီပေးခဲ့တယ်လေဗျာ။ နောင်အနာဂတ်မှာလည်း ကျုပ်တို့က ဗြိတိသျှတို့ရဲ့ အကူအညီကို အကျိုးခံစားချင်တယ်။ ကျုပ်တို့က ကျုပ်တို့ မိတ်ဆွေတွေအပေါ်မှာ သစ္စာရှိတယ်'

ဒေးဗစ်က မိမိနှင့်တွေ့ဆုံခဲ့သည့် အာရပ်ခေါင်းဆောင်များ၏ အမည်ကို မဖော်ဘဲ တွေ့ဆုံဆွေးနွေးခဲ့ခြင်းများကိုမူ ဗြိတိသျှ ဝန်ရှင်တော်မင်းကြီးသို့ အကြောင်းကြားခဲ့၏။ ဆက်လက်ကြိုးပမ်းအားထုတ်ရန် စိတ်အားတက်နေခဲ့၏။

မည်သို့သော မျှော်လင့်ချက်များပင် ရှိပါစေ၊ ဖြစ်ပေါ်လာသည့် အရေးအခင်းများက ပါလက်စတိုင်းကဲ့သို့သော ဒေသတွင် ဂျူးနှင့်အာရပ်တို့ ငြိမ်းချမ်းစွာ နေထိုင်ရေးမှာ စင်စစ် မဖြစ်နိုင်ကြောင်း သာဓကထူလာ၏။

(၁၉၃၅)ခုနှစ်တွင် ပြည်ပမှ ဂျူးလူမျိုး (၆၁၀၀၀) ခိုးဝင်လာ၏။

ဒေးဗစ်ဘင်ဂူရီယန်တစ်ယောက် သည်တော့မှ ငြိမ်ငြိမ်သက်သက် အိပ်မက်မြင် စိတ်ကူးနေရာက သတိရနိုးထလာတော့၏။

(၁၉၃၆)ခု၊ ဧပြီလတာပွဲတော်နေ့နှင့် ပါလက်စတိုင်း၌ လူသတ်ပွဲများ ဆက်တိုက်ပေါ်လာသည်။ သတ်ကြ၊ ဖြတ်ကြ၊ လုယက်ကြနှင့်။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## ရေဆန်ကိုလှော်

(၁၉၃၆)ခု၊ ဧပြီလ (၁၅) ရက်နေ့ည။

နေဗလု ( **Nablus** ) နှင့် တိုက်ကာရမ် ( **Toulkarem** ) သွားလမ်းပေါ်တွင် ဂျူးလူမျိုးနှစ်ဦးကို လက်နက်ကိုင် အာရပ်လူငယ်တစ်စုက သတ်လိုက်၏။ တစ်နိုင်ငံလုံးအနှံ့ပေါ်လာမည့် အဓိကရုဏ်း၏ အစနိဒါန်း . . . .။

ဧပြီ (၁၉)နေ့ည ဂျာဖာတွင် လူတစ်စုက ဂျူးလူမျိုးတစ်စုကို တိုက်ကြ သတ်ကြ၊ ဖြတ်ကြ၏။ ဂျူးလူမျိုး (၁၆)ဦး သေဆုံးခဲ့သည်။ သည်တစ်ကြိမ်လည်း သွေးချောင်းစီးခဲ့ပြန်၏။ သည်တစ်ကြိမ်တွင်လည်း ချောင်းစီးခဲ့သော သွေးများက ဂျူးသွေး။

အဖွဲ့ခေါင်းဆောင်များက အဓိကရုဏ်း မပေါ်စေရန် ဂျူးကာကွယ်ရေးတပ်ဖွဲ့ (ယာဂါနာ)ဝင်များအား တားမြစ်ထားရ၏။ တုန့်ပြန်ကလဲ့စားချေခြင်းမျိုး မရှိစေရ။ မသိနားမလည်သူများကို သတ်ခြင်း၊ ဖြတ်ခြင်း မရှိစေရကြ . . . .၊

သို့တစေ အခြေအနေက ငြိမ်မသွားဘဲ ပေါက်ကွဲလျက်သာရှိနေ၏၊ အာရပ်ခေါင်းဆောင်များ၏ အမိန့်အရ အာရပ်လုပ်သားများက အထွေထွေသပိတ်မှောက်၏။ ဂျာဖာမြို့တွင် အဆိုးရွားဆုံး။ ပြည်ပမှ ဂျူးလူမျိုးများ ပါလက်စတိုင်းသို့ ဝင်လာခြင်းနှင့် ဂျူးတို့၏ စီးပွားကုန်သွယ်ရေးလုပ်ငန်းများ ရပ်တန့်သွားစေရန် အာရပ်တို့က ရည်သန်ခဲ့၏။ သည်လှုပ်ရှားမှုကြီး တစ်ရပ်လုံး၏ ထောက်ခံအားပေးမှု

တို ရရှိနေသော အာရပ်ခေါင်းဆောင်ပိုင်းက ဗြိတိသျှအစိုးရကို အရေးဆို၏။ ပါလက်စတိုင်းသို့ ပြည်ပမှဂျူးများ ခိုဝင်လာခြင်းကို ရပ်တန့်ပေးဖို့၊ ဂျူးလူမျိုးများ မြေဝယ်ခြင်းကို တားမြစ်ပေးဖို့၊ အာရပ်လူမျိုးများကသာ ရွေးကောက်တင်မြှောက်သည့် အစိုးရအဖွဲ့နှင့် ဥပဒေပြုလွှတ်တော်ကို ဖွဲ့စည်းပေးဖို့ တောင်းဆို၏။

ဗြိတိသျှတို့က အခြေအနေကို ဝေခွဲမရနိုင်သည်ကြောင့် အကောင်းဆုံးသော ဗြိတိသျှလက်နက်ကိုင် တပ်ရင်းများကို စေလွှတ်ခဲ့၏။ သို့ပေမယ့် အာရပ်တို့က နောက်မဆုတ် . . . . . အဓိကရုဏ်းနှင့် အထွေထွေသပိတ်က အာရပ်တို့၏ ရပ်တည်မှုကို ပိုမိုအခြေခိုင်စေခဲ့၏။ အီတလီ၊ ဂျာမနီနိုင်ငံများမှ တိုးတိုးတိတ်တိတ် ထောက်ခံအားပေးမှုများ ရနေသည်။ ထို့ပြင် အီဂျစ်၊ အီရတ်တို့ လွတ်လပ်ရေးရရှိတော့မည်ဟူသော သတင်းနှင့် ဆီးရီးယားနိုင်ငံပါ လွတ်လပ်ရေး ရကောင်းရမည့်အရေးများကြောင့် ပါလက်စတိုင်းမှ အာရပ်တို့က အားတက်လျက်ရှိနေသည်။ အရှေ့တစ်လွှားတွင် တိုက်ခိုက်နေသော အမျိုးသားရေးလေသည်လည်း ပါလက်စတိုင်းကို ချွင်းချန်လိမ့်မည်မဟုတ်။ (နိုင်ငံတကာတွင် ပေါ်နေသော အမျိုးသားရေးစိတ်ဓာတ်နိုးကြားမှုသည်လည်း ပါလက်စတိုင်းသို့ ဂယက်ရိုက်လာ၏။) အာရပ်တို့၏ လွတ်လပ်သော နိုင်ငံတည်ထောင်ရေးအစီအစဉ်တွင် ဂျူးတို့က အဟန့်အတား ဖြစ်နေသည်။

ထိုအခိုက်တွင် အရှုံးပေးခြင်းက ဂျူးလူမျိုးများအား အကြီးအကျယ် စိတ်ဓာတ်ကျစေသည်။ စင်စစ် ဇီယွန်ဝါဒီများသည်လည်း သံမဏိဖြင့် ထုလုပ်ထားသူများတော့မဟုတ်။ သည်ကဲ့သို့သော အကြပ်အတည်းနှင့် ရင်ဆိုင်ရသည့် အချိန်အခါ မျိုးတွင် တုန့်ပြန်မှုများက ငြိမ်းချမ်းရေးရစေရန်မှာ မိမိတို့အကျိုးကို စွန့်လွှတ်ဖို့ ဖြစ်လာသည်။

ဒေးဗစ်ဘင်ဂူရီယန်နှင့် သူ့အား ထောက်ခံသူများ၏ သဘောထားကို မိုရှေ့ရှာတော့က (၁၉၃၆)ခု မေလတွင် လန်ဒန်ထုတ် 'တိုင်မင်း' သတင်းစာသို့ ပေးခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

'အကယ်၍ ဗြိတိသျှအစိုးရကသာ ပါလက်စတိုင်းမှ အာရပ်တို့ အရေးဆိုသည်ကို လိုက်လျောပါက မိမိဇာတိမြေတွင် ဂျူးနိုင်ငံတည်ထောင်ဖို့ မျှော်လင့်ချက် ကုန်ဆုံးရမည်ကဲ့သို့ ဖြစ်လိမ့်မည်'တဲ့။

သည်သတင်းထုတ်ပြန်ချက်ကို သတင်းစာတွင် ဖော်ပြပါရှိပြီး နောက်တစ်နေ့တွင် အမေရိကန် ဂျူးအမျိုးသားခေါင်းဆောင်ကြီးများဖြစ်သော 'ဝါးဘတ်' ( **Warburg** ) နှင့် 'စထရော့' ( **Strauss** ) တို့ထံမှ သံကြိုးစာကို ဒေးဗစ်ဘင်ဂူ

ရီယန်က လက်ခံရဲ့ရှိ၏။

'သတင်းထုတ်ပြန်ချက်က ကျုပ်တို့အဖို့ အဓိပ္ပါယ်မရှိဘူး။ သည်သတင်းထုတ်ပြန်ချက်ကြောင့် ပါလက်စတိုင်း အခြေအနေကို ပိုမိုဆိုးရွားစေတယ်။ ကမ္ဘာ့အရပ်ရပ်က ကျုပ်တို့မဟာမိတ်တွေကိုပါ ကျုပ်တို့လက်လွှတ် ဆုံးရှုံးရတော့မယ်။ မိုရှေရှာတော့ ပြောစကားများနဲ့ ကျုပ်တို့ဘာမှ မသက်ဆိုင်သလိုပြဖို့နဲ့ ကျုပ်တို့က ငြိမ်းချမ်းရေးရရန် ဆန္ဒရှိကြောင်း သာဓကထူဖို့ 'ရှာတော့' နှုတ်ထွက်ရန် ကျုပ်တို့လိုလားတယ် . . . . တဲ့'။

ဒေးဗစ်ဘင်ဂူရီယန်က ဒေါသူပုန်ထတော့သည်။

'မိုရှေရှာတော့ရဲ့ သတင်းထုတ်ပြန်ချက်မှာပါတဲ့ စကားရပ်များနဲ့ ပတ်သက်လို့ သည်ပုဂ္ဂိုလ်ကြီးနှစ်ဦးရဲ့ ရိုင်းပြတဲ့အပြုအမူ၊ စော်စော်ကားကားပြုခြင်းနဲ့ ကြောက်ဒူးတုန်ခြင်းကို ကျုပ်တို့က လျစ်လျူရှုလို့မဖြစ်ဘူး။ အစ္စရေးမြေပေါ်က အမျိုးသားရေးလှုပ်ရှားမှုများတွင် သူတို့နှစ်ဦးက ချုပ်ကိုင်နေရတာမဟုတ်ဘူးဆိုတာ ကျောင်းမှန်းကန်မှန်းသိအောင် ပြဖို့တော့ အချိန်တန်ပြီ။ သည် ဂျူးပုဂ္ဂိုလ်ကြီးတွေက နစ်လုဆဲဆဲဖြစ်နေတယ်လို့ သူတို့ထင်နေတဲ့ လှေပေါ်က ကိုယ်လွတ်ရုန်းဆင်းချင်တဲ့ ပုဂ္ဂိုလ်တွေ။ အခုလို ဂုဏ်မောက်တာတွေဟာ သည်ပုဂ္ဂိုလ်နှစ်ဦးဆီကသာ ပေါ်လာ တာမဟုတ်သေးဘဲ၊ အမေရိကန်ဇီယွန်ဝါဒီများရဲ့ စိတ်ဓါတ်ပျော့ညံ့မှုကပါ ပေါ်လာမှာကိုပဲ ကျွန်တော် စိုးရိမ်မိတယ်'တဲ့။

ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးသာ နောက်ဆုတ်သွားသည်မဟုတ်။ လအတန်ကြာသော် ပါမောက္ခမက်ကနစ်စ် ( **Magnes** )သည် ဘဂ်ဒက်သ်မြို့တွင် အီရတ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး နိုရီဆတ် ( **Nouri Said** )နှင့် တွေ့ဆုံစကားပြောခဲ့ကြောင်း ဒေးဗစ် သတင်းရ၏။

ပါလက်စတိုင်းဒေသရှိ လူဦးရေအနက် ဂျူးလူမျိုးက (၃၃) ရာခိုင်နှုန်းထက် မပိုစေပဲ အစဉ်ထာဝရလူနည်းစုအဖြစ် မရှိလျှင် အာရပ်-ဂျူး ငြိမ်းချမ်းရေးသဘောတူစာချုပ်မဖြစ်မြောက်နိုင်ဟု အီရတ်နိုင်ငံခြားရေးဝန်ကြီးက အတိအလင်းကြေငြာ၏၊ ပါမောက္ခ မက်ဂနက်စ်ကလည်း သည်အဆိုပြုချက်ကို ဂျူးအဖွဲ့ချုပ်က လက်ခံနိုင်ရန် မိမိအားထုတ်မည်ဟု ဆိုခဲ့၏။

သို့သော် တုန်လှုပ်ချောက်ချားစရာ ဖြစ်ရလောက်အောင် အရှုံးပေးခဲ့သူကတော့ ဒေါက်တာဝိုက်ဇ်မင်။ (၁၉၃၆) ခု၊ ဇွန် (၉) ရက်နေ့၊ ဒေါက်တာဝိုက်ဇ်မင်က အီရတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံသည်။ နိုရီဆတ်က သည်အကြံပြုတည်း

အရေးအခင်းတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေ၏။ ငြိမ်းချမ်းရေးရရှိရေးအတွက် ပါလက်စတိုင်းသို့ ပြည်ပမှ ဂျူးလူမျိုးများ ခိုဝင်လာခြင်းကို ရပ်တန့်ပေးရန်မှလွဲ၍ အခြားအခွင့်အရေး မတောင်းဆို။

သည်အကြောင်းကိုကြား၍ ဒေးဗစ်ဘင်ဂူရီယန်ပင် တုန်လှုပ်ချောက်ချားသွား၏။ ထိုအချိန်က ဒေးဗစ်သည် လန်ဒန်တွင် ဒေါက်တာဝိုက်ဇ်မင်နှင့်အတူ ရှိနေသည်။ ထိုသို့သော အဆိုပြုခြင်း၏ ကြောက်ခမန်းလိလိ ထိခိုက်မှုကို ရှင်းပြနေခိုက်ကရောက်လာမည့် ဘေးအန္တရာယ်ကမူ သိပ်မဝေးလှတော့။ မျှော်လင့်ထားသည့်အတိုင်း ဒေါက်တာဝိုက်ဇ်မင်၏ အဆိုပြုချက်ကို နိုရီဆတ်က သိဂ္ဂက်မထား။ ဘင်ဂူဒက်ဖြေသည်နှင့် ဗြိတိသျှသံအမတ်ကြီးကို ချက်ခြင်းဖောက်သည်ချ၏။ ဗြိတိသျှသံအမတ်ကြီးကလည်း ချက်ခြင်း လန်ဒန်ရှိ ကိုလိုနီနိုင်ငံများဆိုင်ရာ အတွင်းဝန်အော်မ်စဘီဂိုး ( **Ormsby Gore** )ထံသို့ သံကြိုးရိုက် အကြောင်းကြားသည်။ အော်မ်စဘီဂိုးကလည်း ဒေါက်တာဝိုက်ဇ်မင်နှင့်တွေ့ဆုံပြီး မဆွေးနွေးရသော်လည်းအချိန်ကြာကြာမဆွဲ။

ဒေးဗစ်ဘင်ဂူရီယန်က မိုရှေးရှာတော့ထံသို့ သည်အကြောင်း အရေးတကြီးရေးလိုက်သည့်စာတွင် ဖော်ပြထား၏။

'အထူးသဖြင့် ဝိုက်ဇ်မင်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အပါအဝင် ကျုပ် အလုပ်တွေကို ဆက်လုပ်သင့်၊ မသင့် မသိရလောက်အောင်ဘဲဗျို့။ ဒီလူကြီး ဘယ်တော့မှ မြင်တော့ဘူးလားဗျာ။ တကယ်လို့ ကျုပ်တို့သာ အကြီးအကျယ် အန္တရာယ် မတွေ့ရရင် ကျုပ်တော့ လမ်းခွဲ လက်တွဲဖြုတ်ကောင်း ဖြုတ်မိမယ်။ ဒါပေမယ့် အခုလို အချိန်မှာ ကျုပ်တို့အတွင်း အကွဲအပြဲပေါ်ခဲ့ရင် ကျုပ်တို့ရဲ့ နိုင်ငံရေးရပ်တည်မှုကို ပျက်စီးစေလိမ့်မယ်'။

ဝိုက်ဇ်မင်က သူ့အမှားကို သူသိပါ့မလား။

ဒေးဗစ်ဘင်ဂူရီယန်က ဝိုက်ဇ်မင်ကို သွားတွေ့သည်။ အကြာကြီး စကားပြောခဲ့သည်။ ပြောခဲ့ ဆိုခဲ့ရသည် စကားများက ရင်နာစရာ။ ပြီးလျှင် နှစ်ဦးသားကိုလိုနီနိုင်ငံများဆိုင်ရာ ဝန်ကြီး အော်မ်စဘီဂိုးထံ သွားကြ၏။ အော်မ်စဘီဂိုးကလည်းဝိုက်ဇ်မင်နှင့် နိုရီဆတ် (အီရတ်နိုင်ငံခြားရေးဝန်ကြီး)တို့ တွေ့ခဲ့သည်ကိုညွှန်း၍မေးခွန်းထုတ်တော့သည်။

'စုံစမ်းရေးကော်မရှင်အဖွဲ့ကို ပါလက်စတိုင်းလွှတ်ပြီး အခြေအနေကိုစုံစမ်းစစ်ဆေးတဲ့အချိန်မှာ ပြည်ပမှ ဂျူးလူမျိုးတွေ မခိုဝင်စေဖို့ ရပ်တန့်ထားရင်

ဘယ်လိုသဘောရသလဲ'

ဒေးဗစ်ဘင်ဂူရီယန်က ဒေါက်တာဝိုက်ဇ်မင်ကို ရှုတည်တည်နှင့် ကြည့်လိုက်သည်။

'ဝန်ကြီးမေးခွန်းကို အခု အဖြေပေးနိုင်စွမ်း မရှိပါဘူး'ဟုသာ ဒေါက်တာဝိုက်ဇ်မင်က လေပျော့ကလေးနှင့်ပြော၏။

ဒေါက်တာဝိုက်ဇ်မင်နှင့် ဒေးဗစ်ဘင်ဂူရီယန်တို့ ဆက်ဆံရေးကဏ္ဍသစ်ဖွင့်ခဲ့ပြန်၏။ ဒေးဗစ်က ဝိုက်ဇ်မင်အပေါ် ယုံကြည်အားထားမှု မရှိတော့။ ဝိုက်ဇ်မင်၏ မတုန်မလှုပ် ပေါ့လျော့မှုများကြောင့် ဇီယွန်အဖွဲ့ကြီး၏ အကျိုးစီးပွားကို အန္တရာယ်ပြုနိုင်သည်ဟု တွေးမိသည်။ ထိုအချိန် ထိုအခါမှစ၍ ဇီယွန်အဖွဲ့ချုပ်ကြီး၏ကိုယ်စား ဒေါက်တာဝိုက်ဇ်မင်က သတင်းကြေငြာချက်ထုတ်ပြန်လိုလျှင် (သို့မဟုတ်) မိန့်ခွန်းခြွေလိုလျှင် ဒေးဗစ်က ဂရုတစိုက် ကြိုတင်စစ်ဆေးသမှု ပြုရတော့၏။

အာရပ်နှင့် ဂျူးလူမျိုးတို့ကြားရှိနေသော ပြဿနာက အကြီးအကျယ် အထွတ်အထိပ် ရောက်နေစဉ်မှာပင် ဂျူးတို့အုပ်စုအတွင်း၌ အကွဲအပြဲ အကြပ်အတည်း ပေါ်လာ၏။

ဒေးဗစ်ဘင်ဂူရီယန်ကာမူ မျှော်လင့်တုန်း မျှော်လင့်ဆဲ။ အကြပ်အတည်းနှင့် ရင်ဆိုင်ရသည်ကိုတော့ ဒေးဗစ်က ထုသားပေသားကျနေပြီ။ အရာရာပျက်သုဉ်း၍ အခြေမလှ ဖြစ်ခဲ့လျှင်လည်း အားယူစရာ သိမ့်ထားသည်များရှိ၏။

(၁၉၃၆)ခုနှစ်တွင် ရင်ဆိုင်ရသော အကြပ်အတည်း အခြေအနေသည်လည်း အဆုံးတွင်မူ ဇီယွန်လှုပ်ရှားမှုအတွက် အကျိုးဖြစ်ထွန်းလိမ့်မည်ဟုသာ ဒေးဗစ်က ထင်မှတ်နေ၏။ ဇူလိုင်လတွင် ပါလက်စတိုင်းသို့ ခေတ္တခဏ ပြန်လာခိုက် တယ်လ်အဗီးမြို့တွင် သင်္ဘောဆိပ်ကမ်းကို စံချိန်တင်လိုက်ရသော ကာလပိုင်းအတွင်း အပြီးတည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရ၍ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိသည်။ သို့မှသာ ဂျာဖာတွင် အာရပ်တို့ သပိတ်မှောက်နေခြင်းကြောင့် ရင်ဆိုင်နေရသော အခက်အခဲမှ သက်သာခွင့်ရပေတော့မည်။ အာရပ်တို့အပေါ် မှီခိုအားထားနေရ သည့် အခြေအနေမှ ဂျူးလူမျိုးတို့သည်လည်း လွတ်ရတော့မည်။ စင်စစ် တယ်လ်အဗီးမြို့မှ ဆိပ်ကမ်းသည် ပါလက်စတိုင်းကိုကိုင်လှုပ်ခဲ့သော အရေးကြီးတကာ့ အရေးအကြီးဆုံး အရေးအခင်း အကြပ်အတည်းမှ ပေါ်ထွက်လာသည့် အကျိုးပင် မဟုတ်ပါလား။ သို့ရာတွင် ထိုထက်သာ၍ အကျိုးဖြစ်ထွန်းစရာရှိ၏။ သည်စဉ်က ဒေးဗစ်ဘင်ဂူရီယန်က အိပ်မက်ပင်မမက်ခဲ့။ ထိုသည်ကား ဂျူးနိုင်ငံပေါ်ထွန်းလာမည့် အရေးပင်တည်း။

စစ်စစ် (၁၉၃၆)ခုနှစ်သည် ဇီယွန်လောကသို့ အသည်းထိတ်စရာ စိုးရိမ်ပူပန်စရာ တင်းမာနေသော အခြေအနေဖြစ်၏။

ဗြိတိသျှတို့သည် ရှေ့မတိုး နောက်မဆုတ် တုန့်ဆိုင်းဆိုင်းဖြစ်နေသည်။ အာရပ်တို့၏သပိတ်ကို ရင်ဆိုင်ရပြန်သောကြောင့် ဝါဒအပြောင်းအလဲများ ဖြစ်လာလိမ့်မည့် အတိတ်နိမိတ်ပေလား။

ပြည်ပမှ ဂျူးလူမျိုးများ ခိုဝင်လာခြင်းကို ကန့်သတ်ချုပ်ချယ်လေမလား။ လုံးဝရပ်စဲစေမလား။ အရှေ့ဥရောပနိုင်ငံများတွင် ဂျူးလူမျိုးများက စုပေါင်းရိပ်သာများတွင် လူနည်းစုဘဝဖြင့် မျက်နှာငယ်ငယ်နေရသလို ပါလက်စတိုင်းတွင်လည်း ဂျူးလူမျိုးတို့က ထာဝရလူနည်းစုအဖြစ် နေရတော့မှာလားဟု စိုးရိမ်ပူပန်နေကြ၏။ သည်သို့သော အခက်အခဲ မပေါ်ပေါက်စေပဲ ဟန့်တားရန်အတွက် နိုင်ငံတကာ စစ်ဆင်ရေးဖြင့် ဆောင်ရွက်ရန် လုံးပမ်းလျက်ရှိ၏။ အထူးသဖြင့် ဗြိတိသျှ နိုင်ငံခြားရေးဝါဒကို တစ်မျိုးတစ်ဖုံ အကျိုးထိရောက်စေနိုင်သော အမေရိကန်ဂျူးများ အပါအဝင် ကမ္ဘာ့အရပ်ရပ်ရှိ ဂျူးလူမျိုး အသိုင်းအဝန်းများကို လှုပ်ရှားစေသည်။ ထို့ပြင် ကမ္ဘာအနှံ့ ဝါဒဖြန့်လုပ်ငန်းကို တွင်တွင်ကျယ်ကျယ်လုပ်ပြီး ပုဂ္ဂိုလ်ချင်း အဆက်အသွယ်ရရေးကိုပါ ဆောင်ရွက်လျက်ရှိ၏။

ဗြိတိန်နိုင်ငံတွင် ဇီယွန်လှုပ်ရှားမှုအကျိုးကို လိုလားသော အောက်လွှတ်တော်အမတ်များက ပါလီမန်တွင် သေချာဂဏစွာ ပြင်ဆင်ထားသော မေးခွန်းများထုတ်လျက်ရှိ၏။

လွိုက်ဂျော့က ဒေါက်တာဝိုက်ဇ်မင်နှင့် ဒေးဗစ်ဘင်ဂူရီယန်တို့နှစ်ဦးကို ကျေးလက်ဒေသရှိ မိမိ အပန်းဖြေစခန်းအိမ်တွင် လက်ခံတွေ့ဆုံသည်။

'အာရပ်တို့က ပါလက်စတိုင်းဟာ ဟီဗရူးနိုင်ငံဖြစ်လာမှာကို ကြောက်နေကြသလား၊ ဟီဗရူးနိုင်ငံ ဖြစ်လာမှာဘဲ'ဟု လွိုက်ဂျော့ကဆို၏။

အော်မ်စဘီကိုးကလည်း မိမိသည် ဇီယွန်ဝါဒီတစ်ဦး ဖြစ်သည်ဟု ဆိုပြန်သည်။ အက်တလီကလည်း ဂျူးတို့ကို စာနာသည်။ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် မျှော်လင့်ချက်ရှိကြောင်း ထုတ်ဖော်ပြောပြသည်။

'ပါလက်စတိုင်းမှာ ဂျူးတွေက ကောင်းကောင်းမွန်မွန် ဆောင်ရွက်ခဲ့တာတွေရှိတယ်' ဟုလည်း အက်တလီက ဆို၏။

သည်သို့သော ကြိုးပမ်းအားထုတ်မှုရလာဒ် ဟုတ်သည်ပဲဖြစ်ဖြစ်၊ မဟုတ်သည်ပဲဖြစ်ဖြစ်၊ ပြီးလျှင်ပါလက်စတိုင်းရှိ ဂျူးများ၏ သတ္တိပြောင်သော သဘောထား

တို့နှင့် ပေါင်းစပ်မိသောအခါ တစ်နည်းနည်းဖြင့် ဇီယွန်ဝါဒီများက အောင်ပွဲခံခဲ့ရ၏။ ပါလက်စတိုင်းမှ ထောင်ပေါင်းများစွာသော ဂျူးလူငယ်များကို ဗြိတိသျှတို့က လက်နက်တပ်ဆင်ပေးပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာငြိမ်းချမ်းရေးအတွက် အကူအညီပေးရန် ဒေသလက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပေးသည်။ သို့ဖြင့် တရားဝင်ဖွဲ့စည်းထားသော ဂျူးလက်နက်ကိုင်တပ်များ၏ အမာခံများ ဖြစ်လာကာ လျှို့ဝှက်ဖွဲ့စည်းထားသော ကာကွယ်ရေးတပ်ဖွဲ့ (ဟာဂါနာ)နှင့် ရင်ဘောင်တန်းလျှက် ဆောင်ရွက်နေ၏။

ဗြိတိသျှတို့က အာရပ်တို့ တောင်းဆိုသည့် ပြည်ပမှဂျူးလူမျိုးများ ပါလက်စတိုင်းသို့ ခိုဝင်လာခြင်းအား ဟန့်တားပေးရန်အချက်ကိုလည်း ငြင်းပယ်လိုက်၏။ အာရပ်တို့၏ အထွေထွေသပိတ်လည်း (၆)လကြာသောအခါ ပြန်လှန်ရ၏။ အာရပ်တို့အရေးနိမ့်သည်ကြောင့် အာရပ်ခေါင်းဆောင်အချင်းချင်း စကားများရန် ဖြစ်ကြရသည်။ ဗြိတိသျှတို့၏ ဇီယွန်ကို ဘက်လိုက်သောဝါဒအား ဒေးဗစ်ဘင်ဂူရီယန်က 'ဘဲလ်ဖိုးကြေငြာချက်နောက် အကြီးအကျယ်ဆုံးအောင်ပွဲ'ဟု ဝင့်ဝင့်ကြွားကြွား ဆိုခဲ့သည်။ ပြီးလျှင် 'ပီးလ်ကော်မရှင်' ( **Peel Commission** )ပေါ်လာပြီး ပါလက်စတိုင်းတွင် ဂျူးနိုင်ငံတည်ထောင်ရန် ထောက်ခံမည်ဟူသော အားတက်စရာ သတင်းပေါ် လာသည်။

အဘယ်သူတွေက လက်ခံ ယုံကြည်သလဲ။

ဂျေရုစလင်မြို့တွင် ပီးလ်ကော်မရှင်ရှေ့မှောက်၌ သက်သေထွက်ဆိုကြသော ဂျူးအမျိုးသားခေါင်းဆောင်များကမူ ဇွဲဇွဲမြဲမြဲမယုံကြည်။ သံသယ ရှိနေကြ၏။

ဒေါက်တာဝိုက်ဇ်မင်က ကော်မရှင်ရှေ့တွင် ပထမဆုံးအကြိမ် ရောက်လာပြီး ဂျူးလူမျိုးတို့၏ ပါလက်စတိုင်းတွင် နိုင်ငံတည်ထောင်ခွင့်ကို အသနားခံသည်။ ပရောဖက်အာရုံများ ရနေရှာသလားထင့်။ ဥရောပရှိ ဂျူးလူမျိုး (၆)သန်းပေါ်တွင် အန္တရာယ်ကျရောက်တော့မည်ကို ဒေါက်တာဝိုက်ဇ်မင်က ကြိုတင်မြင်လာသည်။ သို့သော် ကော်မရှင်ရှေ့မှောက်သို့ ရောက်လာသော နောက်အကြိမ်များတွင် စိတ်အားထက်သန်မှု တစ်စတစ်စ လျော့နည်းလာသည်။ သို့သော် ပို၍ ပို၍ ဆိုးရွားသည်က ပါလက်စတိုင်းနေ ဂျူး( **Yishuv** )တို့က နောက်ထပ်ပြည်ပမှ ဂျူးလူမျိုးများ တစ်သန်းခန့်မျှကို ပါလက်စတိုင်းသို့ ခိုဝင်ခွင့်ပြုလျှင်ပင် ဂျူးတို့က ကျေနပ်ပါပြီဟူသော သဘောမျိုးကို ဗြိတိသျှတို့အား တင်ပြခဲ့ခြင်းပင်ဖြစ်၏။

'. . . အဆင့်ဆင့် နှစ်ပေါင်း (၂၅) နှစ်၊ (၃၀) အတွင်းပေ့ါ။ အလျင်စလို

မဟုတ်ပါဘူး။ အလျင်စလိုလုပ်ခဲ့ရင် ကျုပ်တို့အရေးနိမ့်မယ်ဆိုတဲ့ အချက်ကို မမေ့သင့်ဘူး' ဟု ဗိုက်ဇ်မင်က ဆိုခဲ့သည်။

ဒေးဗစ်ဘင်ဂူရီယန်က စိတ်ဆိုးသည်။ မိမိအဖို့မူ ဇီယွန်ဝါဒ အဓိက ရည်မှန်းချက်မှာ ဂျူးလူမျိုးတစ်သန်း၊ နှစ်သန်းမျှကို ပါလက်စတိုင်းသို့ စေလွှတ်ပေးရေးမဟုတ်။ ဂျူးအမျိုးသားနိုင်ငံတည်ထောင်ရေးအတွက် အရေးဆိုခြင်းကို အသံမြှင့်တင်ပေးရန် လိုသည်ဟုသာ ယုံကြည်၏။ ခေါင်းဆောင်ကြီးနှစ်ဦးကြားတွင် လိပ်ခဲတည်းလည်းဖြစ်နေသော ပြဿနာများက ယခုအခါ ထိပ်တိုက်တိုးလာသည်။

'ကျုပ်တို့နှစ်ဦးကြားမှာရှိတဲ့ သဘောကွဲလွဲမှုများက ယာယီလည်းမဟုတ်တော့ဘူး။ အခါအခွင့်သင့်လို့ ပေါ်ခဲ့ရတာလည်း မဟုတ်တော့ဘူး။ အတော်ကို နက်ရှိုင်းနေပြီ။ ဒါကြောင့်မို့ အလုပ်အမှုဆောင်အဖွဲ့ရဲ့ နိုင်ငံရေးဌာနစိတ်မှာ ကျုပ်လုပ်ငန်း ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်လည်းမဖြစ်နိုင်တော့။ အကျိုးလည်းမထူးတော့လို့ဟုပင် ကောက်ချက်ချမိပါတယ်ခင်ဗျား'ဟု (၁၉၃၆)ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့က ဒေါက်တာဗိုက်ဇ်မင်သို့ ပေးစာတွင် ဒေးဗစ်ဘင်ဂူရီယန်က သို့ကလို ဆိုထား၏။

နှစ်ဦးစလုံးနှင့် ရင်းနှီးအကျွမ်းဝင်သော မိတ်ဆွေအပေါင်းအသင်းများက အချိန်မီဝင်ရောက်ဖျန်ဖြေခဲ့သည်ကြောင့် ခေါင်းဆောင်ကြီးနှစ်ဦးကြား တောက်နေသော မီးတောက်ကို အချိန်မနှောင်းမီ ငြိမ်းသတ်နိုင်ခဲ့၏။ သို့ရာတွင် ဂျူးလူမျိုးတို့၏ ခေါင်းဆောင်ကြီးနှင့် ပါလက်စတိုင်းမှ ဂျူးတို့၏ခေါင်းဆောင်ကြီးတို့က တစ်ဦးနှင့် တစ်ဦးအပေါ် ယုံကြည်မှုနည်းပါးလာ၏။

သတင်းပတ် အနည်းငယ်အကြာတွင် ဇီယွန်လောကတွင်အခြား ပေါက်ကွဲမှုတစ်ခုကြောင့် တုန်လှုပ်ခဲ့ရပြန်၏။ သို့ရာတွင် သည်တစ်ကြိမ်၌ ခေါင်းဆောင်ကြီးနှစ်ဦးက လက်တွဲမိကြသည်။

လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် ဗြိတိသျှတို့၏ အုပ်ချုပ်ထိန်းသိမ်းခွင့်သည် အကျိုးရှိရှိ ဆောင်ရွက်နိုင်စွမ်းမရှိ။ သို့မို့ကြောင့်လည်း ပါလက်စတိုင်းအား ဂျူးနိုင်ငံနှင့် အာရပ်နိုင်ငံဟု သီးခြားတည်ထောင်ပေးရန် ဖြစ်ကြောင်းဖြင့် 'ပီးလ်ကော်မရှင်'၏ အစီရင်ခံစာတွင် ဖော်ပြထား၏။ ဂျူးနိုင်ငံ အဖြစ် တည်ထောင်ရန် ဒေသကော်မရှင်အဖွဲ့ကထောက်ခံရာတွင် သမိုင်းတွင် ပါလက်စတိုင်း နယ်မြေမှ မပြောပလောက်သော အစိတ်အပိုင်းမျှသာ။

ဂျူးလောက က ကန့်ကွက်လာကြသည်။ အဘက်ဘက်မှ လက်မခံ

ကန့်ကွက်ကြောင်းများဖြင့် အလျှိုလျှို တုံ့ပြန်လာ၏။ ဇီယွန်အဖွဲ့ကြီးမှ ခွဲထွက်မည် ဟူ၍ပင် ခြိမ်းခြောက်လာကြသည်။ သို့ကလို စိတ်ဆိုးမာန်ဆိုးဖြင့် ကန့်ကွက်သည်များကို ဆန့်ကျင်၍ ပီးလ်ကော်မရှင်က ထောက်ခံတင်ပြလာခြင်းကို သဲသဲမဲမဲ ထောက်ခံကြသူနှစ်ဦးမှာ ဒေါက်တာဝိုက်ဇ်မင်နှင့် ဒေးဗစ်ဘင်ဂူရီယန်တို့နှစ်ဦးသား ဖြစ်ကြ၏။

ပီးလ်ကော်မရှင်၏ အစီရင်ခံစာကို (၁၉၃၇)ခုနှစ်၊ ဇူလိုင်လထိ မထုတ်ပြန်ခဲ့။ သို့ရာတွင် ထိုနှစ် ဖေဖော်ဝါရီလ၌ ကမ္ဘာ့အရပ်ရပ် နိုင်ငံတကာရှိ ဇီယွန်အဖွဲ့အစည်းများ မျက်နှာစုံညီစည်းဝေးပွဲများတွင် ပါလက်စတိုင်းဒေသအား နှစ်နိုင်ငံခွဲခြားရေးပြဿနာကို တင်ပြဆွေးနွေးခဲ့၏။ နေရာတစ်နေရာတွင်ပင် အဖြေက တစ်ညီတစ်ညွတ်တည်း 'လက်မခံနိုင်ဘူး'တဲ့။

စစ်စစ် ဂျူးနိုင်ငံတည်ထောင်ဖို့ ပေးမည့်နယ်မြေမှာ အလွန်သေးလွန်းသည်။ ပါလက်စတိုင်းဒေသ၏ လေးပုံတစ်ပုံမျှသာရှိ၏။ အများအားဖြင့် ဂဲလီလီဒေသနှင့် ကမ်းမြောင်ဒေသဖြစ်ပြီး ဂါဇာ ( Gaza ) မြောက်ဘက်နားအထိ ရှည်လျား၏။ 'နဂျစ်သဲကန္တာရ' ( Negev ) အပါအဝင် ကျန်ဒေသအားလုံးမှာ အာရပ်နိုင်ငံတည်ထောင်ရန်ဒေသဖြစ်၏။

သို့ရာတွင် ဗြိတိသျှတို့က အုပ်ချုပ်ထိန်းသိမ်းခွင့်ကို ဟိုင်ဖါ၊ ဂျေရုစလင်၊ ဘယ်သလီဟင် (ဘုံလင်မြို့)နှင့် နာဇရက်မြို့များအပြင်၊ ပင်လယ်ကမ်းခြေသို့ ထွက်သွားရာလမ်းကို ဆက်လက်အသုံးပြုသွားမည်။

စင်စစ် ဂျူးလူမျိုးသို့ပေးသော နယ်မြေအကျယ်အဝန်းမှာ နည်းနည်းကလေးမျှသာ။ သို့ရာတွင် ဒေးဗစ်ဘင်ဂူရီယန်ကမူ အပျော်ကြီးပျော်နေမိသည်။ လွတ်လပ်သော ဂျူးနိုင်ငံတည်ထောင်ရတော့မည် မဟုတ်ပါလား။ ဒေးဗစ်က အစပထမတွင် ယုံပင်မယုံခဲ့။ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များထံသို့ စာများရေး၍ မိမိပျော်ရွှင်နေခြင်းများကို လွတ်လွတ်လပ်လပ်ကြီး ထုတ်ဖော်ခဲ့သည်။

နဂျစ်သဲကန္တာရကို ဆုံးရှုံးရသည့်အတွက် ဒေးဗစ်ဘင်ဂူရီယန်က စိတ်မသာညည်းညူနေမိသည်။ (၁၉၃၅)ခုနှစ်က ထိုနယ်မြေသည် အနာဂတ် ပါလက်စတိုင်းအတွက် ရှိနေပေလိမ့်မည်ဟု ထင်မှတ်ခဲ့၏။ သည် နဂျစ်သဲကန္တာရကိုလည်း ပြန်ရလိမ့်မည်ဟု မျှော်လင့်ချက်ထား၏။

'အာရပ်ထဲမှာတော့ နဂျစ် သဲကန္တာရဟာ ပူပြင်းခြောက်သွေ့ပြီး သုံးမရတဲ့

နယ်မြေဖြစ်မှာပဲ'တဲ့။

ဒေးဗစ်ဘင်ဂူရီယန်၏ နိုင်ငံရေးအတွေးအခေါ် အားလုံးသည် ထိုထိုသော စကားရပ်များတွင် ဖော်ပြလျက်ရှိ၏။ ဒေးဗစ်ပြောသကဲ့သို့ပင် သမိုင်းသည် တသမတ်တည်းမရှိ၊ အစဉ်ရွေ့လျား ပြောင်းလဲနေ၏။ အသစ်အသစ်သော အခြေအနေများကို မကြာခဏ ဖန်တီးလျက်သာရှိ၏။ မမျှော်လင့်သော အခွင့်အလမ်းများကလည်း ပေါ်လာစမြဲ။

ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ သေးငယ်ကျဉ်းမြောင်းသော ပါလက်စတိုင်းနယ်မြေတစ်စိတ်တစ်ဒေသတွင်ပင် ဂျူးနိုင်ငံကို တည်ထောင်ခဲ့သော ဂျူးလူမျိုးတို့၏ အနာဂတ်ခရီးသည် အဘယ်သို့ရှိမည်နည်း။

'ပီးလ်ကော်မရှင်၏ အစီရင်ခံစာကို ထုတ်ပြန်လိုက်ပြီး မကြာခင်မှာပင် အာရပ်တို့က တော်လှန်ပုန်ကန်ရန် ဟန်တပြင်ပြင်ဖြစ်လာသည်။ အကြမ်းဖက်သောင်းကျန်းမှုများက ခေါင်းဆောင်လာ၏။ ယခင့် ယခင်ကထက်ပင် ပို၍ အဆိပ်ပြင်းသည်။

ဂျူးလူမျိုးများအဖို့မှု မိမိတို့အား လက်ကမ်းလာသည့် ကြီးမားသော အခွင့်အရေးတစ်ရပ်ကြီးပင် နားမလည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

နှစ်ပေါင်း (၂၀၀၀)မျှ အခြားအပေါ် မှီခိုအားထားရခြင်းက အမျိုးသားရေးနိုးကြားမှုများကို ခမ်းခြောက်စေခဲ့သည်။ ဇာတိဌာနေ ဘိုးဘွားတို့မြေနှင့် ကင်းကွာပြီးနေရစဉ်ကာလကဲ့သို့ အတိတ်က စိတ်နေစိတ်ထားများပင် စွဲကိုင်ဆဲ . . . ။ ဗြိတိသျှထိန်းသိမ်းအုပ်ချုပ်ခွင့် ဆက်လက်တည်ရှိနေသည်ကိုပင် နှစ်မြို့က်သယောင်ယောင်။

ဒေးဗစ်ဘင်ဂူရီယန်သည် ဇူးရစ်မြို့တွင် ကျင်းပသော ဇီယွန်ညီလာခံ၌ သူငယ်ချင်းအပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်များကို ဆန့်ကျင်တိုက်ခိုက်နေရသည်။ ပါလက်စတိုင်းအား ခွဲခြမ်းရေးစီမံကိန်းကို ဆန့်ကျင်သူများက တစ်ဦးပြီးတစ်ဦး စင်မြင့်ပေါ်တက်၍ မိန့်ခွန်းပြောကြသည်။

ဗြိတိန်နိုင်ငံတွင်လည်း ပါလက်စတိုင်းနယ်မြေအား ခွဲခြမ်းခြင်းကို ဆန့်ကျင်ကန့်ကွက်သူများရှိ၏။ ပါလက်စတိုင်းတွင် အကြမ်းဖက်ပုန်ကန်မှုများ ပေါ်လာသောအခါ သူတို့၏ ရပ်တည်မှုကို ပိုမိုခိုင်မြဲစေ၏။ ဗြိတိန်အောက်လွှတ်တော်တွင် ဂျူးတို့အပေါ် သံယောဇဉ်ရှိကြသော အမတ်များက ဇီယွန်တို့၏ အကျိုးစီးပွားကို သယ်ပိုးသည်ဟု ယူဆကာ ပီးလ်ကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်မဲပေးကြသည်။ သို့ရာတွင် သည်ကိစ္စ၌ သူတို့သည်လည်း အကြောင်းခြင်းရာ ပြည့်ပြည့်စုံစုံ မသိကြရ။

ပိုးတိုးဝါးတားမျှသာ သိရ၏။ ဗီယွန်တို့အပေါ် သံယောဇဉ်ရှိသည်ဟု အများသိသော ချာချီအပါအဝင် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်များက ကော်မရှင်၏ အစီရင်ခံစာကို ကန့်ကွက်မဲပေးကြသည်။ ဒေးဗစ်ဘင်ဂူရီယန် အရေးနိမ့်လေပြီ။

နောက်တစ်နှစ် (၁၉၃၈)ဂျူးနိုင်ငံတည်ထောင်ရေး စီမံကိန်းကို လုံးဝ 'ခွေ' လိုက်တော့သည်။ ဗြိတိသျှအစိုးရကလည်း ဗီယွန်အဖွဲ့ကြီးအတွင်း အကွဲအပြဲများ ပေါ်လာခြင်းနှင့် အာရပ်တို့၏ အကြမ်းဖက်မှုများ တိုးပွားများပြားလာခြင်းကို မြင်တွေ့လာသည်ကြောင့် မိမိတို့၏ ဝါဒကို တဖြည်းဖြည်းပြောင်းလဲစပြုလာသည်။ ဗြိတိသျှ ဗီယွန်တို့ နှစ်ပါးကြည်ခဲ့သည့် ခေတ်ကာလ နိဂုံးချုပ်လေပြီ။ အာရပ်တို့နှင့် ချစ်ကြည်ရေး အစပျိုးလေပြီ။

ထိုနှစ်သည် မြူးနစ်တွင် အချော့တော်လုပ်ရသည့် နှစ်ဖြစ်၏။ လန်ဒန်မြို့ စိန့်ဂျိမ်းစ်နန်းတော် (နိုင်ငံခြားရေး ဝန်ကြီးရုံး)တွင်ကျင်းပသော စည်းဝေးပွဲမှ အစပြုခဲ့၏။ သည်စည်းဝေးပွဲတွင် ဂျူးတို့၏ မျှော်မှန်းယောင်ရမ်းခဲ့သည်များလည်း အစိတ်စိတ်အမွှာမွှာ ဖြစ်ကုန်၏။ ဒေးဗစ်ဘင်ဂူရီယန်လည်း မိမိ၏မဟာမိတ်သစ်ကို စတင်တိုက်ပွဲဝင်ရလေပြီတည်း။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## ပါလက်စတိုင်းမှခြေသံ

(၁၉၃၉)ခု၊ ဖေဖော်ဝါရီလ-(၇) ရက်နေ့။

မွန်းမတည့်မီအချိန်တွင် ဗြိတိသျှဝန်ကြီးချုပ် နီဗိုင်းလ်ချိန်ဘာလိန်နှင့် ဝန်ကြီး အဖွဲ့ဝင်တစ်ချို့က ပါလက်စတိုင်း ပြဿနာကို နောက်ဆုံးအကြိမ် အဖြေရှာမည့် 'စားပွဲဝိုင်းညီလာခံ'တွင်ကျင်းပရန် စိန့်ဂျိမ်းစ်နန်းတော်၏ ခမ်းနားထည်ဝါသည့် အရုပ်ပြခန်းမကြီးအတွင်းသို့ ဝင်လာကြ၏။

ဂျူးကိုယ်စားလှယ် အဖွဲ့တစ်ဦးတစ်လေမျှ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ရှိလှသည့် ဝန်းကျင်ကြောင့် တွေဝေငေးမော အံ့သြနေဖို့ပင် မတတ်နိုင်ခဲ့။ သည်အခမ်းအနားက ဘဲလ်ဖိုးကြေငြာချက်မှ အစပြုခဲ့သည့် သဘောတူညီချက်ကို အဆုံးသတ် ပိတ်ပင်ဟန့်တားလေမလားဟု သူတို့အားလုံးက သံသယရှိ၏။

အခြေအနေအရပ်ရပ်က တိုး၍တိုး၍ မုန်တိုင်းထန်လာခြင်းကို စိုးရိမ်ပူပန်သည်။ အာရပ်တို့လောကတွင် တစ်နေ့တစ်ခြား မငြိမ်မသက်ဖြစ်လာ၍ ဂျူးတို့သည် အေးအေးသက်သာမရှိ၊ ဂျူးတို့၏ ဖွံ့ဖြိုးလာခြင်းကိုလည်းလိမ်ချိုး၍ ဇီယွန်ဝါဒီတို့၏ မျှော်လင့်ချက်ကို အဆုံးသတ်စေရန်အတွက် ဟန့်တားပိတ်ပင်မှုများ ချမှတ်ရန် ပြင်ဆင်လာကြသည်။ လန်ဒန်တွင်ဂျူး၊ အာရပ်ကိုယ်စားလှယ်များဖြင့် စားပွဲဝိုင်းညီလာခံကျင်းပရန်စီစဉ်ခြင်းမှာလည်း သည်ရည်ရွယ်ချက်ပင်။

စိန့်ဂျိမ်းစ်နန်းတော်မှ ညီလာခံသည် ဂျူးနှင့်အာရပ်တို့အား အတူတူ

ရှိစေရန် ရည်ရွယ်ချက်ဖြင့် အားထုတ်ခြင်းဖြစ်၏။ အမှန်အားဖြင့် သည်ကဲ့သို့သော ညီလာခံသုံးခုမျှကျင်းပခဲ့၏။ နိုင်ငံခြားရေးဝန်ကြီးရုံး၊ ရှပ်ပြခန်းမကြီးထဲတွင် ကျင်းပသောညီလာခံ၌ အာရပ်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ မတက်ရောက်ခဲ့။ ဂျူးတို့နှင့်အတူ တစ်စားပွဲတည်းထိုင်၍ မဆွေးနွေးလိုကြ။ သို့ရာတွင် ဗြိတိသျှတို့က နှစ်ဘက်ကိုယ်စားလှယ်များကြားတွင် ဆက်သွယ်ရေးတာဝန်ကို ယူကြရသည်။

အာရပ်တို့အချင်းချင်းတွင် အကွဲအပြဲများရှိနေသည်ကြောင့်လည်း အရာရာမှာ ခက်ခဲလာသည်။ ဟူစိန်ဂျီ၏ မိသားစုခေါင်းဆောင်အဖွဲ့လည်းရှိ၏။ အခြား အရေးပါအရာရောက်သည့် မိသားစုဖြစ်သော နာရှာရှီဘီမိသားစုက ဦးဆောင်သည့် 'အာရပ်လွတ်လပ်ရေးပါတီ'လည်းရှိ၏။ မိသားစုနှစ်စုမှာ တစောင်းစေးနှင့် မျက်ချေးပမာ တစ်ဦးနှင့်တစ်ဦး ရန်ဘက်များဖြစ်၏။ အချင်းချင်း ညှိနှိုင်းဆွေးနွေးရန် မလိုလားကြ။ တစ်ခန်းစီနေပြီး ဆွေးနွေးကြ၏။

ဗြိတိသျှအစိုးရက အာရပ်ဘုရင်များနှင့် စော်ဘွားများအား ညီလာခံသို့ တက်ရောက်ရန် ဖိတ်မန္တကပြု၏။ သို့ဖြင့် ဂျူးတို့အား အာရပ်ကမ္ဘာတစ်ခုလုံးနှင့် ရင်ဆိုင်စေသည်။ ဂျူးတို့အရေးနိမ့်မည့် နိမိတ်များဖြစ်လေမည်လား။ ဗြိတိသျှအစိုးရနှင့် ထိပ်တန်းအရာရှိကြီးများအသိုင်းအဝိုင်းတွင် ဇီယွန်တို့အရေးကို လိုလားသူ ဦးရေနည်းလာ၏။ ကိုလိုနီများဆိုင်ရာ ဝန်ကြီးဌာနတွင် အော်မ်စဘီဂိုး နေရာကို မယ်လ်ကွန်မက် ဒေါ်နယ်လ်က ဆက်ခံသည်။ ပါလက်စတိုင်းမှ ဓနရှင်တော်မင်းကြီးမှာလည်း 'ဝူးချ်ဟုပ်' ( **Wauchope** ) မဟုတ်တော့။ ဆာဟယ် ဂိုလ်မက်မိုင်ကယ်လ်ဖြစ်လာ၏။ နောင်သောအခါတွင် ဒေးဗစ်ဘင်ဂူရီယင်က ဆာမက်မိုက်ကယ်လ်အား 'လူညစ်၊ မောက်မာသူ၊ ဗျူရိုကရက်ဆန်သူ၊ ဂျူး၊ ပါလက်စတိုင်းနဲ့ ဗြိတိသျှတို့အတွက် အန္တရာယ်ကောင်' စသည်ဖြင့် ကင်ပွန်းတပ်ခဲ့သည်။

ဒေးဗစ်ဘင်ဂူရီယန်က ပေါ်လာမည့်ရလာဒ်နှင့် ပတ်သက်၍ ဟိုဟိုဒီဒီ တွေးမနေတော့။

'ဒီဆွေးနွေးပွဲတွေက ဘာမှ အကောင်းထွက်လာမှာမဟုတ်ဘူး'

ဟု ဒေးဗစ်က ဇနီးပေါ်လာထံသို့ ရေးရာတွင် ဖော်ပြခဲ့၏။

'ဂျူးနဲ့ အာရပ်တို့ ဂျူးနဲ့ဗြိတိသျှတို့လည်း ဘယ်တော့မှ သဘောတူညီချက်ရမှာ မဟုတ်ဘူး' ဟုလည်းဆို၏။

အာရပ်တို့ကို လွယ်လင့်တကူ ခြိမ်းခြောက်ထိန်းချုပ်၍မရနိုင်ကြောင်း သာဓကထူခဲ့ပြီ။ ကမ္ဘာ့အခြေအနေအရပ်ရပ်က အာရပ်တို့၏ ရပ်တည်မှုကို ပိုမိုအခြေခိုင်

စေခဲ့၏။ အားနည်းနေပြီဖြစ်သော ဗြိတိသျှအစိုးရနှင့် အာရပ်တို့ဆွေးနွေးနေရသည်။ ပါလက်စတိုင်းတွင် အာရပ်တို့က အများစုဖြင့် လွှမ်းမိုးပြီး ဂျူးလူမျိုးတို့က လူနည်းစုဖြင့် ရှိနေရမည်ဟုသာ အကြပ်ကိုင်လာသည်။

ရက်ပေါင်းများစွာ ဆွေးနွေးခဲ့ပြီး အကျိုးမဖြစ်ထွန်းတော့မှ မယ်လ်ကွန်မက်ဒေါ်နယ်လ်ကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်စေပြီး ဂျူးတို့နှင့် တရားမဝင်တွေ့ဆုံရန် အာရပ်တို့က သဘောတူ၏။

တဖန် ဒေးဗစ်ဘင်ဂူရီယန်က အာရပ်ပြည်ထောင်စုအတွင်း ဂျူးနိုင်ငံတည်ထောင်ရန် အဆိုကို တင်ပြလာပြန်သည်။ အာရပ်ကိုယ်စားလှယ်အဖွဲ့မှ ခေါင်းဆောင် 'အလီမဟာ'က ပြည်ပမှ ဂျူးလူမျိုးများခိုဝင်လာခြင်းကို ရပ်တန်းကရပ်ရန်နှင့် ဂျူး-အာရပ်ချစ်ကြည်ရင်းနှီးရေးကို ဖော်ဆောင်ဖို့ တိုးချဲ့ရန် အဆိုပြု၏။ 'အလီမဟာ'က မိန့်ခွန်းခြွေသည်ကို ဒေါက်တာဝိုက်ဇ်မင်က ပြုံးလျက် နားထောင်သည်။

'နှစ်ပေါင်းနှစ်ဆယ်အတွင်း အာရပ်တစ်ဦးထံက မိတ်ဆွေဖြစ် စကားကို ပထမဆုံးအကြိမ်အဖြစ် ကြားရပါသည်။ ဒီလိုသဘောထားရှိရင် ကျုပ်တို့ သဘောတူညီမှုရနိုင်မယ်။ ကျုပ်တို့ဘက်ကတော့ အပြန်အလှန် အလျှော့အတင်းလုပ်တဲ့ အခြေခံပေါ်ကနေပြီး ဆွေးနွေးညှိနှိုင်းဖို့ အသင့်ပါပဲ။ ပြည်ပမှ ဂျူးတို့ခိုဝင်လာခြင်းကို အနည်းငယ်လျှော့ပေးပါက သဘောတူညီမှုရနိုင်တယ်လို့ ကျုပ်တို့ကိုပြောရင် ဆွေးနွေးညှိနှိုင်းဖို့အတွက် အကျိုးတူအခြေခံကို ကျုပ်ရှာရတော့မယ်' ဟုလည်း ဒေါက်တာဝိုက်ဇ်မင်က ဆို၏။

ထိုအချိန် ထိုအခါထိ တစ်လုံးတစ်ပါဒမှ မဟာသေးသော မက်ဒေါ်နယ်လ်က ဒေါက်တာဝိုက်ဇ်မင်၏ စကားကိုဖမ်းယူပြီး . . .

'ဒီဆွေးနွေးညှိနှိုင်းပွဲက တစ်ခုခုတော့ အောင်မြင်မှုရလာပြီ၊ ပြည်ပမှ ဂျူးတို့ခိုဝင်လာခြင်းကို တဖြည်းဖြည်းဆောင်ရွက်ရန် အကျိုးတူအခြေခံ ပေါ်လာတယ်၊ ဆွေးနွေးပွဲကို မနက်ထိ ရွှေ့ဆိုင်းလိုက်ပါတယ်' ဟုဆို၏။
သို့ရာတွင် မက်ဒေါ်နယ်လ်က ဒေးဗစ်မပါဘဲလျက် ဆိုလိုက်ခြင်းဖြစ်၏။

'ဝမ်းနည်းပါတယ်ဗျာ၊ တကယ်တော့ ဂျူးနဲ့ အာရပ်တို့မှာ တူညီတဲ့ သဘောတူညီမှုမရှိသေးဘူး။ နှစ်ဘက်စလုံးက အလျှော့အတင်းလုပ်ကြဖို့ ဒေါက်တာဝိုက်ဇ်မင်က ဆိုခဲ့တယ်။ ဒါပေမယ့် ပြည်ပမှ ဂျူးတွေခိုဝင်လာခြင်းကို တဖြည်းဖြည်းခြင်း ဖြစ်စေရမယ်ဆိုတဲ့ ပြဿနာမပေါ်ပါဘူး' ဟု ဒေးဗစ်ဘင်ဂူရီယန်က ဆို၏။

တဖန် ဆက်လက်၍ . . .

'ဒါပေမယ့် ပြည်ပက ဂျူးတွေဝင်လာခြင်းကို အလျင်စလိုဖြစ်စေဖို့သာ ကျုပ်တို့ဆွေးနွေးကြရမှာ' ဟု ဆိုပြန်သည်။

မက်ဒေါ်နယ်လ်က အတော်အံ့ဩသွား၏။ ပြီးလျှင် ဒေါသူပုန် ထတော့သည်။

– 'ပြည်ပက ဂျူးတွေဝင်စေဖို့ အလျင်စလို လုပ်မယ်ဆိုတဲ့ အခြေခံပေါ်မှာတော့ သဘောတူညီမှုမရနိုင်ဘူး'

'ကောင်းပြီလေ၊ ဒီလိုဆိုရင် ပြည်ပက ဝင်လာခြင်းကို နှောင့်နှေးစေမယ့် အခြေခံနဲ့လည်း သဘောတူညီမှုမရနိုင်ဘူး'ဟု ဒေးဗစ်က ဆက်ပြန်သည်။

ယခင်က ဒေးဗစ်ဘင်ဂူရီယန်မဟုတ်တော့။ ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာရှိ၏။ မောက်မောက်မာမာရှိ၏။ အလျှော့ပေးဖို့ တောင်းခံသည်ကို သူ့အဖြေက အေးအေးသက်သာဖြင့် နောက်ထပ်အရေးဆိုတောင်းခံလိုက်၏။

ရက်များမကြာမီ တစ်ညနေခင်းတွင် ကိုလိုနီနယ်များဆိုင်ရာ ဝန်ကြီးဌာနတံဆိပ်ရိုက်နှိပ်ထားသော စာအိတ်ဖြင့် ဒေါက်တာဝိုက်ဇ်မင်ဆီသို့ ပေးပို့လာသည်။ စာအိတ်ကိုဖွင့်ပြီး စာပါအကြောင်းအရာများကို ဖတ်မိသောအခါ ဒေါက်တာဝိုက်ဇ်မင်က ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်သလို ဖြစ်ရသည်။ စာထဲတွင် မကြာမီ ထွက်ပေါ်လာမည့် စက္ကူဖြူစာတမ်းက အာရပ်တို့၏ လိုလားချက်များကို ဖြည့်ဆည်းပေးထား၏။ အာရပ်တို့ကို ကျေနပ်စေမည်။

"ပြည်ပမှ ဂျူးလူမျိုး (၇၅၀၀၀)ကို ပါလက်စတိုင်းသို့ ၅-နှစ် ကာလအတွင်း ခွဲဝင်ခွင့်ပြုမည်။ ထိုဦးရေပြီးလျှင် ပြည်ပဂျူးများ ပါလက်စတိုင်းသို့ ဝင်ခွင့်ပြုခြင်းကို ရပ်စဲမည်။ အာရပ်တို့၏ သဘောတူညီချက်ဖြင့်သာ ပြည်ပမှဂျူးများကို ပါလက်စတိုင်းသို့ ဝင်ခွင့်ပြုမည်။ ပါလက်စတိုင်းမှ ဂျူးလူမျိုးများအား နောက်ထပ် မြေယာဝယ်ခွင့်မပြုတော့၊ ဂျူးတို့အား လူနည်းစုအဆင့်ဖြင့်ထားရှိရန် ဦးရေကို ကန့်သတ်ထားမည်။ ပါလက်စတိုင်းတွင် ဂျူးလူမျိုးဦးရေသည် သုံးပုံတစ်ပုံထက် မပိုစေ၊ သို့မဟုတ် လေးပုံတစ်ပုံသာရှိစေရမည်"ဟု ပါရှိ၏။

သည်ထိပ်တန်းလျှို့ဝှက်စာတမ်းသည် ဒေါက်တာဝိုက်ဇ်မင်ထံသို့ မှားယွင်းရောက်လာကြောင်း နောင်သောအခါ စုံစမ်းစစ်ဆေးခဲ့ရာမှ သိခဲ့ရသည်။ စင်စစ်သည်စာတမ်းက အာရပ်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်သို့ ပေးပို့ရန်ဖြစ်၏၊ ကိုလိုနီများဆိုင်ရာ ဝန်ကြီးဌာနမှ အရာရှိအချို့က ဂျူးတို့အား မည်မျှအန္တရာယ်

ကြီးမားနေကြောင်း သိစေအပ်သည်ဟု ထင်မိကောင်းထင်မိမည်။

တဖန် ထိုစဉ်က နိုင်ငံခြားဝန်ကြီး 'လော့ဒ်ဟာလီဖတ်စ်'က နောင် (၁၀)နှစ်အတွင်း လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံကို အာရပ်လူများစုဖြင့် တည်ထောင်မည်ဟု အကြောင်းကြားပြန်သည်။ ဂျူးတို့ အနာပေါ် တုတ်ကျသလို ခံစားကြရသည်။

သည်သတင်းကိုကြားသောအခါ ဒေးဗစ်ဘင်ဂူရီယန်က စိတ်ဆိုးဆိုးဖြင့် စားပွဲကို လက်သီးဖြင့်ထုမိသည်။

"ပြည်ပကဂျူးတွေ ပါလက်စတိုင်းသို့ ခိုဝင်လာတာကို ဗြိတိသျှတို့ရဲ့ လှံစွပ်နဲ့သာ ရပ်တန့်စေလိမ့်မယ်လို့ ခင်ဗျားတို့ကို ကျုပ်ပြောချင်တယ်။ ဒီလှံစွပ်တွေအကူအညီမပါရင် ပါလက်စတိုင်းဟာ ဘယ်တော့မှ အာရပ်နိုင်ငံဖြစ်မလာဘူးမှတ်"

မတ်လ (၁၆)ရက်နေ့ ။ ဂျူးကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးမှ ထွက်ခွာသွားသည်။ နှစ်လခန့်အကြာတွင် ဗြိတိသျှအစိုးရက အမိန့်ကြော်ငြာ စာအမှတ် (၆၀၁၉) စက္ကူဖြူစာတမ်းကို ထုတ်ပြန်သည်။ စက္ကူဖြူစာတမ်းက ပါလက်စတိုင်းမှ ဂျူးတို့အပေါ် ကန့်သတ်ချုပ်ခြယ်မည့် နည်းလမ်းများကို အသေးစိတ် ဖော်ပြထား၏။

ဒေးဗစ်ဘင်ဂူရီယန်က ပါလက်စတိုင်းသို့ ပြန်ရောက်လျှင် လျှို့ဝှက်ဖွဲ့စည်းထားသော 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်များကို ခေါ်ယူတွေ့ဆုံ၏။

'အခုအချိန်ထိတော့ ငါတို့ဟာ ဥပဒေဘောင်အတွင်းကသာ ဆောင်ရွက်ခဲ့တယ်။ အဲ . . . အခုအချိန်ကစပြီး ငါတို့ရဲ့လှုပ်ရှားမှုအချို့ဟာ ဥပဒေကို အာဏာမဲ့သွားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဥပဒေကို ဆန့်ကျင်တာတွေလဲရှိမယ်'

သည်စကားကို စစ်ကြေငြာခြင်းတည်း။

'ဇီယွန်ဝါဒက ကဏ္ဍသစ်တစ်ရပ်ဖွင့်ခဲ့၏။ ပထမကဏ္ဍမှာ 'ဇီယွန်ကိုချစ်တယ်' ( **The Love For Zion** )ဆိုတဲ့ ပါလက်စတိုင်းဒေသကို တရားမဝင်ခိုဝင်လာခြင်းဖြစ်၏။ ယင်းသည်လည်း ပထမကမ္ဘာစစ်ကြီးသည်နှင့် အဆုံးသတ်ခဲ့၏။ ဒုတိယကဏ္ဍမှာ နိုင်ငံရေးနိုးကြားလာသည့် ဇီယွန်ဝါဒဖြစ်၏။ ဘဲလ်ဖိုးကြေငြာစာတမ်းထုတ်ပြန်ကြေငြာရာက အစပြုခဲ့ပြီး (၁၉၃၉)ခုနှစ်တွင် စက္ကူဖြူစာတမ်းထုတ်ပြန်ခြင်းဖြင့် အဆုံးသတ်ခဲ့၏။ တတိယကဏ္ဍမှာ စစ်ရေးနှင့် နွယ်ယှက်သောဇီယွန်ဝါဒဖြစ်၏။ သည်နောက်ဆုံးကဏ္ဍမှာ ယခုမှ နိဒါန်းအစသာလျှင်ရှိ၏။

ဟု ဒေးဗစ်ဘင်ဂူရီယန်က ရေးခဲ့ဖူး၏။

'ဒေးဗစ်' (ဒါဝိတ်)က အင်အားကြီး ဗလကြီးတဲ့ ဂေါ်လီးရပ်သ် **(Goliath)** ကို သမ္မာကျမ်းစာထဲမှာ စစ်ကြေငြာသလို အားနည်းချိနဲ့သော ပါလက်စတိုင်းမှ

ဂျူးတို့က ဗြိတိသျှအင်ပါယာကြီးကို အံတုသောအခါ ကြေကွဲစရာ သွေးချောင်းစီးရာ စစ်ပွဲပေါ် လာမည်ကြောင့် ကမ္ဘာတစ်ဝှမ်းလုံးက တုန်လှုပ်ချောက်ခြားခဲ့၏။

ဟာစ်တလာက ပိုလန်နိုင်ငံတွင်းသို့ ကျူးကျော်တိုက်ခိုက်၏။

နာဇီဝါဒကို ဆန့်ကျင်သော သည်စစ်ပွဲတွင် ဇီယွန်ခေါင်းဆောင်များက ဗြိတိသျှတို့ဘက်မှ မတုန့်မဆိုင်းရပ်ခဲ့ကြ၏။ ဇီယွန်တို့က ပါလက်စတိုင်းဒေသတွင် ဗြိတိသျှအစိုးရအား ဆန့်ကျင်သည့် ကန့်သတ် စစ်ပွဲများဖြစ်နေသည့် တစ်ချိန်တည်း မှာပင် ဘုံရန်သူ နာဇီကို ဆန့်ကျင်ရန်အတွက် မိမိတို့ အစွမ်းရှိသရွေ့ တက်စွမ်းသရွေ့ ဆောင်ရွက်ခဲ့သည်။

ကျော်ကြားခဲ့သည့် ဒေးဗစ်ဘင်ဂူရီယန်၏ သမိုင်းဝင်ဆိုစကားထဲမှ တစ်ခု သော ဆိုစကားသည်လည်း သည်သို့သော ထူးထွေဆန်းပြားသော အခြေအနေမှ ပေါက်ဖွားလာခဲ့၏။ သည်စကားရပ်သည်ပင် ပါလက်စတိုင်းနေ ဂျူးတို့၏ ကြွေးကြော်သံအဖြစ် နှစ်ပေါင်းများစွာကြာသည်ထိ လက်သုံးဖြစ်၏။

**'စက္ကူဖြူစာတမ်းကြီးမရှိသလို သဘောထားပြီး ငါတို့ကစစ်တိုက်မယ်၊ ပြီး စစ်ဖြစ်နေတယ်လို့ သဘောမထားဘဲ စက္ကူဖြူစာတမ်းကို တိုက်မယ်'**

စစ်ပွဲဖြစ်နေတယ်လို့ သဘောမထားဘဲ 'စစ်ပွဲကာလအရေးကြီးတကာ့ အကြီးဆုံးအချိန်မှာ ဗြိတိသျှကို 'စိန်'ခေါ်ခဲ့သည်။

ဥရောပတွင် ဇီယွန်ဝါဒသည် ဓါတ်ငွေ့ခန်းမကြီးထဲတွင် သေသူဂျူးများနှင့် အသက်ပျောက်ခဲ့ပြီ။ ပါလက်စတိုင်းတွင်မူ တင်းကြပ်သော စစ်ရေးအရ ကန့်သတ် ချုပ်ချယ်မှုများ စစ်တပ်မှ သတင်းရေးသားခြင်းများကို ဆင့်ဆာလုပ်ခဲ့မှုများဖြင့် အဖိအနှိပ်ခံနေကြရသည်။

ကောင်းပြီ။ ဒေးဗစ်ဘင်ဂူရီယန်က ကမ္ဘာသစ် (အမေရိက)သို့ အသနားခံ ခြင်းဖြင့် မဟာမိတ်ကို ချက်ချင်းပြောင်းလိုက်၏။ ပုလဲဆိပ်ကမ်း အရေးအခင်းကြောင့် အမေရိကန်တို့ အကြီးအကျယ်ဒုက္ခရောက်ပြီး လအနည်းငယ်အကြာတွင် ဒေးဗစ်က နယူးယောက်မြို့သို့ရောက်ခဲ့၍ အမေရိကန် ဇီယွန်ဝါဒီများ ညီလာခံသို့ တက်ရောက် သည်။ ထိုညီလာခံတွင် ဒေးဗစ်က 'နိုင်ငံရေးအရဆောင်ရွက်တဲ့ ဇီယွန်ဝါဒ'ကို မြေမြှုပ်သင်္ဂြိုဟ်ပြီး၊ တိုက်ရဲခိုက်ရဲ ဇီယွန်ဝါဒကို အစပျိုးစေခဲ့သည်။ ဒေးဗစ်၏ ရည်မှန်းချက်သစ်ဖြစ်သော ပါလက်စတိုင်းတွင် လွတ်လပ်သော ဂျူးဓနသဟာယ ( Commo wealth ) ဖန်တီးရန်ကို အားလုံးက သဘောတူချမှတ်သည်။

ဒေးဗစ်၏ နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များ

အား အတိုက်အခံပြုသည့် အင်အားစုသုံးခုရှိ၏။ ပထမအင်အားစုက အာရပ် . . .။ အာရပ်တို့က စစ်ကြီးပြန်လာသည်နှင့်အမျှ ၎င်းတို့အာဏာကို တိုး၍တိုး၍ လွှမ်းမိုးလာသည်။ ဒုတိယ အင်အားစုမှာ နောက်ဆုံးရက်အထိ ရန်သူဖြစ်သော ဗြိတိသျှပင် . . .။ စက္ကူဖြူစာတမ်းများ၊ အသုံးမကျသည့် ညီလာခံများဖြင့် ပါလက်စတိုင်းတွင် မိမိတည်ထောင်ခဲ့သည်မှန်သမျှကို ဖျက်ဆီးရန်ကြိုးပမ်းနေသည်။ တတိယက အင်အားစုမှာ ထာဝရရန်သူဖြစ်၏။ ပို၍အန္တရာယ်များသော ကမ္ဘာ့ဂျူးအဖွဲ့ ( World Jewry ) ပင်ဖြစ်၏။ သူက အတွင်းရန်သူ။

သို့သော် ဒေးဗစ်က အောင်ပန်းတို့ မိမိရရဆွတ်ခူးနိုင်သည့်အချိန်များလည်းရှိ၏။ သူက ဇီယွန်အဖွဲ့ကြီးကို အောင်ပွဲခံနိုင်ခဲ့ပြီ။ အာရပ်တို့ အချင်းချင်း ရန်များပြီး အကွဲအပြဲဖြစ်နေသည်။ ဗြိတိသျှအစိုးရကလည်း ဂျူးနိုင်ငံတည်ထောင်ရန် အဆိုပြုလာကြ၏။ သည်အရေးအခင်းကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရပြန်၏။

ယခုသော် ဗြိတိသျှက ဥရောပကို သိမ်းပိုက်ထားသည့် ဂျာမန်တို့ကို ရင်ဆိုင်နေရချိန်တွင် သွားရင်းလာရင်း လျှို့ဝှက်ညီလာခံ အစည်းအဝေးတက်ရင်း ပါလက်စတိုင်းရှိ ဗြိတိသျှမဟာမင်းကြီးနှင့်တွေ့ဆုံရင်း ဒေးဗစ်က အနာဂတ်အတွက် အစီအစဉ်များချမှတ်ရန် ပြင်ဆင်နေကြသည်။

'ကျုပ်တို့အတွက် အရေးကြီးဆုံး ပတ်သက်နေခြင်းက စစ်ကြီးအပြီး ပါလက်စတိုင်း ဒေသ၏ ကံကြမ္မာပင်ဖြစ်သည်။ ဂျူးနိုင်ငံတည်ထောင်ဖို့ လိုအပ်သည်ဆိုသောအချက်ကို ကျုပ်က စွဲစွဲမြဲမြဲ သဘောပေါက်၏။ ဗြိတိသျှအစိုးရက အုပ်ချုပ်ခွင့်အာဏာကို ဆက်လက်ထိန်းသိမ်းထားမည် မဟုတ်တော့ကြောင်း ပေါ်လွင်ထင်ရှားဖြစ်၏။ ဟစ်တလာ အရေးရှုံးနိမ့်၍ ဗြိတိသျှတို့သည် အောင်ပွဲခံရမည်ဖြစ်သော်လည်း စစ်ကြီးကြောင့် အားအင်ချိနဲ့သွားမည်မှာ အထင်အရှားဖြစ်၏။ မည်သို့ပင်ဆန္ဒရှိစေကာမူ ဗြိတိသျှက နောက်တဖန် အုပ်ချုပ်ခွင့်ကို ဆောင်ရွက်ရန်နှင့် အာရပ်နိုင်ငံများ၏ ကန့်ကွက်အတိုက်အခံပြုနေခြင်းကို ရင်ဆိုင်ကာ နယ်မြေခွဲခြမ်းရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်၊ အခြေခိုင်တော့မည်မဟုတ် . . .။ ကျုပ်အဖို့မူ နိုင်ငံရေးအရ ကြိုးပမ်းမှုရဲ့ ဗဟိုအချက်အခြာဟာ ဗြိတိသျှနိုင်ငံမှ အမေရိကသို့ ပြောင်းရွှေ့သွားပြီဟုဆိုခြင်းမှာ ယုံမှားသံသယမရှိ . . .။ အမေရိကန်က ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်လာမည်မှာမလွဲ . . .။ အမေရိကတွင် ဂျူးလူမျိုးအများအပြားရှိနေပြီး၊ ဩဇာတိက္ကမ ရှိသူများကိုလည်း တွေ့နိုင်၏။ ဥရောပတစ်ခွင်လုံးမှာ နာဇီ၏အောက်တွင် ပြားပြားဝပ်လျက်ရှိ၏။ အဆုံးတွင် ဟစ်တလာအရေး

နွံနစ်မည်၊ သို့တစေ ဥရောပသည် စစ်ကြောင့် အားအင်ချိနဲ့ပြီး နှစ်ပေါင်းများစွာကြာသည်အထိ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးအကူအညီကို မှီခိုအားထားနေရပေဦးမည်။

ဥရောပဂျူးဝါဒမှာ ဇီဝိန်ချုပ်ပေပြီ။ ဇီယွန်ဝါဒီတို့ အကျိုးအတွက် မဟာမိတ်သစ်ကို ရယူရပေတော့မည်။ မဟာမိတ်သစ်ကား အမေရိကန်နှင့် အမေရိကန်ဂျူးများ။

သည်သို့သော ဒေးဗစ်ဘင်ဂူရီယန်၏ တွေးခေါ်ကြံဆမှုကြောင့် နယူးယောက်မြို့၊ မဒီဆင်ရိပ်သာလမ်းနှင့် ၄၃-လမ်းထောင့်ရှိ ဘော်လ်တီမိုးဟိုတယ်သည် ဂျူးလူမျိုးတို့သမိုင်းတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့၏။

၁၉၄၂-ခုနှစ်၊ မေလ (၁၂)ရက်နေ့။

ဘော်လ်တီမိုးဟိုတယ်၏ ခန်းမဆောင်ကြီးတွင် လှုပ်လှုပ်ရှားရှား အုံးအုံးကြွက်ကြွက် ဖြစ်နေသည်။ 'ဇီယွန်ရေးရာဆိုင်ရာ အမေရိကန်ကော်မတီ (**American Committee for Zionist Affairs** )က ဦးစီးကျင်းပသော အထူးညီလာခံသို့ တက်ရောက်ရန် ကိုယ်စားလှယ်(၆၀၀) စုရုံးရောက်ရှိနေသည်။ စင်မြင့်ပေါ်တွင် လူသိများသော အမေရိကန် ဇီယွန်ခေါင်းဆောင်ကြီးများနှင့်ယှဉ်လျက် အခန့်သားထိုင်နေသည်မှာ 'ပါလက်စတိုင်းမှ ခြင်္သေ့'ဟု တွင်သည့် ဒေးဗစ်ဘင်ဂူရီယန်။

'သည်ညီလာခံကို ကျင်းပနိုင်ရန် စည်းရုံးလှုံ့ဆော်ခဲ့ရာတွင် ဒေးဗစ်ခမျာဒုက္ခအကြီးအကျယ်တွေ့ခဲ့ရ၏။ လွန်ခဲ့သည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုသို့သွားခဲ့ပြီး ဇီယွန်ခေါင်းဆောင်များအား ဂျူးနိုင်ငံတည်ထောင်ဖို့ အရေးဆို တောင်းသင့်ပြီဟုပြောခဲ့စဉ်က သူ့အားရူးနေပြီဟု ဆိုခဲ့ကြ၏။ တစ်ချိန်တွင် ဒေးဗစ်က မိမိတို့အား သရော်တော်တော်အမည်များပေး၍ အပြစ်ပြောခဲ့သည်ကို ဇီယွန်ခေါင်းဆောင်များက မမေ့နိုင်ကြသေး။ ယခုမူ ရဲရဲဝံ့ဝံ့ဖြင့် အန္တရာယ်များသည့်ဝါဒကို ကြွေကြော်ရန်အတွက် ဒေးဗစ်က ချက်ချင်း အသွင်ပြောင်း၍ တစ်ချိန်က မိမိ အပြစ်တင်ရှုတ်ချခဲ့သူများကို မဟာမိတ်ဘဝသို့ ရောက်စေလိုသောဆန္ဒရှိ၏။

အချို့ကလည်း ငြိမ်းချမ်းရေးသမားများ၊ အာရပ်တို့အား အသေအပျောက်အရှုံးအမှုဖြစ်စေမည့် ဝါဒနှင့်လည်း မည်သို့မျှ ပါဝင်ပတ်သက်ခြင်းမရှိသူများတည်း၊ အချို့ကလည်း ယခုကဲ့သို့ဗြိတိသျှအား ဖီဆန်၍ ကလန်ကဆန်လုပ်ခြင်းဖြင့် နောင်သောအခါ တန်ပြန်မှုများပေါ်လာမည်ကိုလည်း ကြောက်ရွံ့နေကြ၏။ အချို့ကမူ ပါလက်စတိုင်းတွင် နှစ်ပြည်ထောင်ထားရှိသော မိမိတို့၏သဘောထားကိုသာ

ခေါင်းမာမာနှင့် အဖန်တစ်လဲလဲပြောနေတော့၏။ ဒေါက်တာဝိုက်ဇ်မင်က ဒေးဗစ်ဘင်ဂူရီယန်အစီအစဉ်ကို ဆန့်ကျင်၏။ ထို့အတူ ဂျေရုစလင်တက္ကသိုလ်မှ ပေ့ာဌာနမှူး မဂ္ဂနီးစ်လည်း ဆန့်ကျင်သည်။ မဂ္ဂနီးစ်မှာ 'ဟာဒက်ဆာ' (Hadassa) ခေါ် အမျိုးသမီးများအဖွဲ့ကို တည်ထောင်ခဲ့သူတစ်ဦးဖြစ်သည်။ 'ဟန်ရီယတ္တားဇိုးလ်' တို့ကလည်း သဘောမတူ။ အမေရိကန် ဇီယွန်အဖွဲ့ခေါင်းဆောင် 'ဘရန်ဒီးစ်'ကမူ ရှေ့မတိုးနောက်မဆုတ် ဖြစ်နေ၏။ ပါလက်စတိုင်းမှ ရှေ့ဆောင်လုပ်သားများ၏ လက်ဝဲခေါင်းဆောင်များကမူ ဒေးဗစ်ကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ကြ၏။

သို့သော် အနှောင့်အယှက် အဟန့်အတားများကြောင့် ဒေးဗစ်၏ ဖွတ်လုပ်လိုသည့်ဥာဉ်ကို မပိတ်ပင်နိုင်ခဲ့။ အဘယ်သို့ အဘယ်ပုံဖြစ်လာမည်ကိုမူ တစ်ဦးတစ်ယောက်မျှမသိ။ သို့ရာတွင် မေလ (၁၂)ရက်နေ့၌ ကိုယ်စားလှယ် (၆၀၀)တို့က (လက်ဝဲစွန်းအဖွဲ့ဝင်ကိုယ်စားလှယ် ပျက်ကွက်လျက်) အားလုံး တညီတညွတ်တည်း ဒေးဗစ်တင်ပြသည့်အတိုင်း ချမှတ်ခဲ့ကြသည်။

စက္ကူဖြူစာတမ်းနှင့် ဖိနှိပ်ချုပ်ချယ်သော စည်းကမ်းများကို နောက်ဆုံးပျက်သည်အထိ တိုက်ပွဲဝင်သွားမည်။

ဂျူးအဖွဲ့အစည်း၏ အာဏာဖြင့် ပြည်ပမှ ဂျူးလူမျိုးများ ပါလက်စတိုင်းသို့ အကန့်အသတ်မရှိ ခိုဝင်စေရမည်။

ပို၍အရေးကြီးသည်က စစ်ကြီးအပြီးတွင် စစ်ပြီးကာလဆောင်ရွက်ရသည့် အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် ပါလက်စတိုင်းဒေသအား ဂျူးမနသဟာယအဖြစ် အသွင်ပြောင်းစေရမည်။

ဆိုသည်တို့မှာ ဒေးဗစ်တင်ပြသော အစီအစဉ်များတည်း။

နိုင်ငံမဟုတ်ဘဲလျက် အဘယ်ကြောင့် မနသဟာယအဆင့် တောင်းရသနည်း။

အဓိပ္ပါယ်သုံးရပ်ရှိ၏။ လွတ်လပ်သောသမ္မတနိုင်ငံ သို့မဟုတ် နိုင်ငံများအဖွဲ့အစည်းအတွင်း၌ ဒိုမီနီယံ သို့မဟုတ် ပြည်ထောင်စုအတွင်း တစ်ခုသောပြည်နယ်အဖြစ် တစ်ခုခုကိုပေးစေရန်ဖြစ်၏။ သည်သုံးချက်မှ မည်သည့်တစ်ချက်ချက်ပင်ဖြစ်ပါစေ။ ဒေးဗစ်အဖို့ လက်ခံနိုင်စရာရှိ၏။ မနသဟာယဟူသောစကားရပ်သည်ပင် သမိုင်းရေးရာအရ အဓိပ္ပါယ်ပြည့်ဝ၏။ ၁၉၁၇-ခုနှစ်တွင် ပါလက်စတိုင်း၌ အမျိုးသားနိုင်ငံတည်ထောင်ရန် ဒေးဗစ်နှင့် အပေါင်းအသင်းများက အဆိုပါ ဝေါဟာရကို တွင်တွင်ကျယ်ကျယ်အသုံးပြုခဲ့၏။

မည်သို့ဆိုစေ၊ 'ဘော်လ်တီမိုး လမ်းစဉ်' ( Baltimore Programe ) က ဗြိတိသျှတို့အား စော်ကားရာကျ၏။ ဒေါက်တာဝိုက်ဇ်မင်က သူ့အပေါင်းအသင်း ရင်းနှီးသူများအားပြောပြချက်အရ ဒေးဗစ်နှင့်လုံးဝ သဘောထားမတိုက်ဆိုင်ပါ။ သို့ရာတွင် လူပုံလယ်၌ ပြောင်ပြောင်တင်းတင်းပြောရမည်ကလည်း ဝိုက်ဇ်မင်က ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦး။ ယခုအချိန်အခါထိ မည်သို့သော နည်းဗျူဟာ ချမှတ်ရမည်ဆိုသည့် အရေးတွင် သဘောထားမတိုက်ဆိုင်သော်လည်း တူညီသော ရည်မှန်းချက်အတွက် စည်းလုံးခဲ့ကြ၏။

နယူးယောက်တွင်ရှိစဉ် ဖခင်ဇစ်တာဂရင်းတစ်ယောက် တယ်လ်အဗီးမြို့တွင် ကွယ်လွန်သွားကြောင်း သံကြိုးစာရ၍ စိတ်ပျက်မိသည်။ မိမိတွင် ဇီယွန်ဝါဒ မျိုးစေ့ကိုချပေးသည့် ဖခင်ကြီးဒါဝိတ်၏ နိုင်ငံတော် ( Kingdom of David ) ပြန်လည်အသက်သွင်းရန်အတွက် နိုးကြားစေသည့် ဖခင်ကြီးကိုဆုံးရှုံးရသည့် အတွက် မိမိမည်မျှ ပူဆွေးဝမ်းနည်းရကြောင်းကို အိမ်သို့စာပြန်ရေး၏။

ပါလက်စတိုင်းသို့ ပြန်ရောက်သော်၊ ဒေးဗစ်သည် လက်ဝဲပါတီများ၏ ပြစ်တင်ရှုတ်ချခြင်းကို အလူးအလဲခံရတော့၏။ 'ဒါဝိတ်နိုင်ငံတော်'အား ပြန်လည် တည်ထောင်သောအခါ ယင်းအတွက် သွေးဖြင့်ပေးဆပ်ရမည်ဆိုခြင်းနှင့် အရေးကြုံ လာသော အချိန်အခါတွင် မိမိတို့မှလွဲ၍ အခြားအားကိုးအားထားရမည့်သူ မရှိခြင်း တို့ကို သတိရမိသည်။ ပါလက်စတိုင်းမှ ဂျူးလူမျိုးများ၏ ကံကြမ္မာအတွက် ကိုယ့်စစ် အင်အားကိုသာ အားကိုးအားထားရပေမည်။ အကယ်၍ 'ဘော်လ်တီးမိုးအစီအစဉ်' သာလျှင် စက္ကူစုတ်အဖြစ် မကြွင်းမကျန်ရှိနေသေးပါက ပါလက်စတိုင်းနေ ဂျူးလူထု တစ်ရပ်လုံးအား သစ္စာရှိရဲတင်းလာသော တပ်မတော်အဖြစ် အသွင်ပြောင်းနိုင်၏။

မေလ (၁၂)ရက်။ သည်နေ့သည်ပင် ဒေးဗစ်ဘင်ဂူရီယန်၏ ဘဝတစ်သက် တာတွင် ကာလသစ်သဖွယ်ဖြစ်၏။

## အိမ်ကြက်ခြင်းစွပ်ကြရာဝယ်

ပါလက်စတိုင်းဒေသမှ ဂျူးလူမျိုးများက မည်သို့သောအားစမ်းပွဲကိုမဆို နွှဲဖို့ လျှို့ဝှက်ပြင်ဆင်ထား၏။ ၁၉၃၉-ခု နွေဉတုတွင် အန္တုဖြန့်ထားသော ကာကွယ်ရေးအဖွဲ့ (ဟာဂါနာ)၏ လက်နက်တိုက်များအတွင်းတွင် စုစုပေါင်း ရိုင်ဖယ်သေနတ် (၆၀၀၀)၊ ကျည်တစ်သန်းနီးပါး၊ စက်သေနတ် အမျိုးမျိုးအလက် (၆၀၀)၊ လက်ပစ်ဗုံး (၈၀၀၀၀) နှင့် မော်တာကျည်ဆံ (၁၂၀၀၀)ရှိ၏။ ဂျူးအပျော်ထမ်း လုံခြုံရေးတပ်မှ တရားဝင်ကိုင်ဆောင်သော ရိုင်ဖယ်သေနတ်များ အက်ဇယ်လ် ( **Ezel** )ခေါ် အမျိုးသားစစ်အဖွဲ့အစည်း ( **National Military Organization** ) နှင့် လွတ်လပ်သော 'ဣသရေလ'အတွက် တိုက်ပွဲဝင်သူများ ( **Fighters for Free Israel** ) တို့၏ လက်နက်များရှိသေး၏။ လက်ပစ်ဗုံးနှင့် အခြားဗုံးများကို တယ်လ်အဗီးမြို့မှ လက်ဝဲတိုဗစ် ညီနောင်များပိုင် တိုက်ခန်းများတွင်ပင် လုပ်ခဲ့၏။ နောက် လက်နက်ထုတ်လုပ်သည့် စက်ရုံတစ်ခုက နန်းထမကျေးရွာ၏ တိတ်ဆိတ်သော ဝန်းကျင်တွင် ရှိ၏။ အတတ်ပညာရှင်အချို့က 'ပါလက်စတိုင်းတွင်လုပ်သည်' ဆိုသော ပထမဆုံး ထုတ်လုပ်သည့် မော်တာကိုပင် ငြိတိသျှတို့ မျက်မှောက်ရှေ့၌ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့၏။ 'သန့်ရှင်းသောနယ်မြေဒေသ'သို့ လူသတ်လက်နက်များကို နည်းအမျိုးမျိုးဖြင့် ခိုးသွင်းကြ၏။ စက်ရုံသုံး ပိုက်လုံးကြီးများလည်း ရိုင်ဖယ်သေနတ်နှင့် ပေါက်ကွဲ

စေတတ်သောပစ္စည်းများ လျှို့ဝှက်ပါရှိလျက် 'ဟိုင်ဖာ' သင်္ဘောဆိပ်ကမ်းသို့ ရောက်လာသည်။ ပိုလန်တွင် တရားမဝင် အဖွဲ့အစည်းတစ်ခုရှိ၏။ ကာကွယ်ရေး တပ်ဖွဲ့ (ဟာဂါနာ)မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ယေဟူဒါအရာဇီက အဆိုပါအဖွဲ့မှ ထိပ်တန်းစစ်ဘက်အရာရှိများကို ချဉ်းကပ်သည်။ သူတို့က ဂျူး'တော်လှန်ရေး'သို့ လက်နက်အမြောက်အမြားကို ရောင်းချခဲ့၏။

ယခုကဲ့သို့ လက်နက်များခိုးသွင်းနေသည့် နောက်ကွယ်တွင် တရားမဝင် ဖွဲ့စည်းထားသည့် ကာကွယ်ရေးတပ်ဖွဲ့ (ဟာဂါနာ)ရှိ၏။ ပထမကမ္ဘာစစ်ကြီး အပြီးတွင် စတင်ဖွဲ့စည်းခဲ့သည်မှ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ အရှိန်အဝါ ကြီးလာသည့် အမျိုးသားအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

'ဟာဂါနာလား၊ တစ်ခါမှမကြားဖူးပါဘူး'

ဗြိတိသျှတို့၏ စုံစမ်းမေးမြန်းသည်ကို ဂျူးအမျိုးသားခေါင်းဆောင်များက သို့ကလို အခါခါပြော၍ 'ဘူး'ကွယ်ခဲ့၏။ ထိုသို့သောအခါများတွင် ဗြိတိသျှ အာဏာပိုင်များက သည်းမခံသည့် အပြုံးဖြင့်သာ တုန့်ပြန်ခဲ့နိုင်၏။

အဆိုပါကာကွယ်ရေးတပ်ဖွဲ့များက များစွာသော သမကျေးရွာများတွင် လေ့ကျင့်ရေးစခန်းများဖွင့်ထားပြီး အားကစား လေ့ကျင့်ခန်းယူကြဟန်ဆောင်ရင်း၊ စစ်ရေးလေ့ကျင့်ခန်းများယူခဲ့၏။ ဂျူးကာကွယ်ရေးအဖွဲ့ (ဟာဂါနာ)သည် သွားရှိသော်လည်း မကိုက်သည့်နှယ်ရှိ၏။

စစ်ရေးရှုဒေါင့်မှ ကြည့်လျှင် ဂျူးကာကွယ်ရေးတပ်ဖွဲ့သည် တိုက်ပွဲဝင် အဆင့်ရှိ လက်နက်ကိုင်အဖွဲ့အစည်းမဟုတ် . . .။ ဂျူးကျေးရွာများနှင့် ရပ်ကွက်များအား အာရပ်ကို တိုက်ခိုက်သည့်အန္တရာယ်မှ ကာကွယ်ပေးရန်သာ။ သို့ရာတွင် ဂျူးကာကွယ်ရေးတပ်ဖွဲ့သည် အာရပ်တို့အားလည်း မတိုက်၊ ကလဲ့စားချေတိုက်ခိုက် ခြင်းလည်းမရှိ . . .။ နိုင်ငံရေးလှုပ်ရှားမှုများသည့်နယ်မြေတွင် နိုင်ငံရေးမဟုတ်သည့် ဂျူးအဖွဲ့အစည်းဖြစ်၏။ စစ်ရေးရှုဒေါင့်အမြင်မှဆိုလျှင် ဂျူးကာကွယ်ရေးတပ်ဖွဲ့ (ဟာဂါနာ)သည် မြို့စောင့်တပ် ( **Home Guard** )အမျိုးအစားဖြစ်၍ အန္တရာယ် နည်း၏။ ယင်းတပ်ဖွဲ့များက ကျေးရွာတစ်ရွာကို ကာကွယ်နိုင်စွမ်းသာရှိ၏။ တိုက်ခိုက် ရန်စလာသည်ကို တွန်းလှန်နိုင်စွမ်း၊ ဒဏ်ရာရသူများအား ရှေးဦးသူနာပြုနိုင်စွမ်းသာ ရှိ၏။ သို့ရာတွင် တိုက်ခိုက်လာသူများနောက်သို့ လိုက်တိုက်ခိုက်နိုင်စွမ်းမရှိ။ ရန်သူ နယ်မြေတွင် ဝင်၍တိုက်နိုင်စွမ်းမရှိ။ စင်စစ် 'ဟာဂါနာ'သည် ပြောက်ကျားတပ်ဖွဲ့ ပင်မဟုတ် . . .။

သို့သော် . . . သို့သော် . . .။

ဗြိတိသျှတပ်မှ ဗိုလ်ကြီးတစ်ဦးရောက်လာသည်နှင့် အရာရာသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့၏။ စကော့လူမျိုးရုပ်ရည်သန့်သန့်ပြန့်ပြန့် သူ့နာမည်က 'အော်ဒီဝင်းဂိတ်' ( **Orde Wingate** ) . . . 'ဟာဂါနာ'မှ ခေါင်းဆောင်များနှင့် 'ဝင်းဂိတ်' ပထမဆုံးအကြိမ်တွေ့သောအခါ ဒေးဗစ်က ဇီယွန်ဝါဒနှင့်ပတ်သက်၍ လေ့လာဖတ်ရှုခဲ့ပါရဲ့လား ဟု မေးခွန်းထုတ်၏။

'ဒီဘာသာရပ်နဲ့ပတ်သက်လို့ အရေးကြီးတကာ့ အကြီးဆုံးစာအုပ်တစ်အုပ်ပဲရှိတယ်။ အဲဒါသမ္မာကျမ်းစာပဲ။ ကျုပ်ကြေကြေညက်ညက်သိပါတယ် . . .'

ဟု ဝင်းဂိတ်က ပြန်ဖြေ၏။

ချက်ခြင်းဆိုသလို ဂျူးတို့က 'ဝင်းဂိတ်'အပေါ် ယုံကြည်အားထားကြ၏။ 'ဝင်းဂိတ်'က ဟီဗရူးဘာသာစကားကို လေ့လာသင်ကြား၏။ ဂျူးတိုက်ခိုက်ရေးတပ်ဖွဲ့ဖွဲ့စည်းရန်အတွက် လုပ်ငန်းစတော့၏။

ကံဆိုးချင်တော့ 'ဝင်းဂိတ်'သည် အထက်အရာရှိများအမြင်တွင် ဒေသခံတိုင်းရင်းသားများအပေါ် သံယောဇဉ်တွယ်လွန်းသူဖြစ်ဟန်ရှိ၏။ သူ့နေရာတွင် လူစားထိုး၏။ သူ့အား ကမ္ဘာ့အခြားတစ်နေရာသို့ ပြောင်းရွှေ့လိုက်၏။ (နောင်သောအခါ 'ဝင်းဂိတ်'သည် 'ဗိုလ်ချုပ်ကြီးဝင်းဂိတ်'အဖြစ် မြန်မာနိုင်ငံစစ်ဆင်ရေးတွင် တစ်ဟုန်ထိုး ကျော်ကြားလာ၏။ (၁၉၄၅)ခုနှစ်တွင် လေယာဉ်ပျံပျက်ကျ၍ ကွယ်လွန်ခဲ့၏။

'အကယ်၍ ဝင်းဂိတ်သာ အသက်ရှင်လျက် ရှိနေဦးမည်ဆိုရင် လွတ်လပ်ရေးတိုက်ပွဲမှာ ဝင်းဂိတ်ဟာ အစ္စရေးလက်နက်ကိုင်တပ်ဖွဲ့များရဲ့ စစ်ဦးစီးမှူး ဖြစ်ပေမည်'

နောင်သောအခါတွင် ဒေးဗစ်ဘင်ဂူရီယန်က ဆို၏။

ဝင်းဂိတ်၏ သွန်သင်မှုများသည် ရေရှည်အကျိုးဖြစ်ထွန်းခဲ့၏။ ဗိုင်းကိုကိုင်၍ ခုခံကာကွယ်ရေးမျှနှင့် မလုံလောက်။ ကိုယ် ကိုယ်တိုင် လုံ့လကိုရမ်းလျက် တိုက်ပွဲဝင်ရမည်ကို ဂျူးတို့ ကောင်းကောင်းသဘောပေါက်ခဲ့၏။ သို့ရာတွင်'ဟာဂါနာ' အဖွဲ့က အကြမ်းဖက်သည့်အလုပ်များကိုမူ အလျှဉ်းမလုပ်။ 'နောက်တစ်လှမ်းဆုတ်' ရန် ညွှန်ကြားချက်ကို အမြဲသတိရ၏။

ဂျာဘိုတင်စကီး၏ နောက်လိုက်လူငယ် ပြန်လည်ပြင်ဆင်ရေးဝါဒီများကမူ 'နောက်တစ်လှမ်းဆုတ်'ဆိုသည့် အယူအဆကို သဘောမတူနိုင်။ အာရပ်တို့၏

အကြမ်းဖက်တိုက်သည်ကို ရင်ဆိုင်နေရချိန်တွင် 'ဟာဂါနာ'အဖွဲ့က မတုန်မလှုပ် ဖြစ်နေခြင်းကို သူတို့တစ်တွေ နားမလည်နိုင်ကြ။ ပြန်လည်ပြင်ဆင်ရေးဝါဒီများက သူတို့၏အကြမ်းဖက်လုပ်ငန်းဖြင့် အာရပ်တို့အား ပြန်လည်တုန့်ပြန်စေလွှတ်လို၏။ ဂျာဘိုတင်စကီးက မိမိတို့ဘက်က မတုန့်ပြန်ခြင်းကို ဆန့်ကျင်ခဲ့သည်မှာ (၁၉၄၀) ခုနှစ်၌ ကွယ်လွန်ခဲ့သည်ထိပင်။ သို့ရာတွင် ပထမဆုံးအကြိမ်အဖြစ် နောက်လိုက် ငယ်သားများက ဂျာဘိုတင်စကီး၏အမိန့်ကို သွေဖီလာကြ၏။ 'အတ်ဇယ်လ်' အဖွဲ့အစည်းသည် အစွန်းရောက်ဝါဒကိုလက်ကိုင်ပြုသည့် အဖွဲ့အစည်းဖြစ်လာ၏။ ၎င်းအဖွဲ့က အသက်ကို အသက်ဖြင့်လဲသည့်သဘောကို ယုံကြည်၏။ 'အတ်ဇယ်လ်' နှင့် 'ဟာဂါနာ'အဖွဲ့အစည်းတို့မကြာမတင်မှာပင် ပဋိပက္ခဖြစ်တော့မည်။

(၁၉၃၇)ခုနှစ်တွင် ဒေးဗစ်ဘင်ဂူရီယန်က 'အတ်ဇယ်လ်'အဖွဲ့သို့ ရာဇသံ ပေးလိုက်၏။ ပါလက်စတိုင်းနေ ဂျူးတို့၏ အမိန့်အာဏာကို နာခံမည်လား သို့မဟုတ် အဖွဲ့ကိုဖျက်သိမ်းခံမလားတဲ့။ အချို့သော အကြမ်းဖက်သမားခေါင်းဆောင်များက အမြင်မှန်ရ၍ နာခံလာ၏။ သို့ရာတွင် အချို့က ဒေးဗစ်ဘင်ဂူရီယန်၏ စည်းကမ်း သတ်မှတ်ချက်များကိုငြင်းပယ်ပြီး ပို၍ပင် တစ်ဖက်စွန်းကျလာကြတော့၏။ သည် အချက်ကို ဒေးဗစ်က မည်သို့မျှ လက်မခံနိုင်။

'အတ်ဇယ်လ်အဖွဲ့ကို ကျုပ်တို့ထံ သွတ်သွင်းဖို့ တစ်ခုတည်းသောအချက် ကတော့ ဇီယွန်အလုပ်အမှုဆောင်အဖွဲ့၏ နိုင်ငံရေးစည်းကမ်းချက်များကို လက်ခံဖို့ပဲ ဖြစ်တယ်' ဟု ဒေးဗစ်ကဆို၏။

လန်ဒန်တွင်ရှိနေစဉ် ၁၉၃၉-ခုနှစ်၊ စက်တင်ဘာလ၌ 'ဟာဂါနာ'နှင့် 'အတ်ဇယ်လ်'အဖွဲ့တို့ သဘောတူညီမှုရပြီဆိုသော သတင်းကိုကြားရ၏။ သည်တွင် ဒေးဗစ်က ရာထူးမှထွက်မည်ဆိုပြီး ခြိမ်းခြောက်၏။ သည်အဖွဲ့အစည်းနှစ်ရပ်က အကြိမ်ကြိမ် ငြိမ်းချမ်းရေးလက်ကမ်း၍ မဟာမိတ်ပင်ဖြစ်တော့သည့် အခြေအနေသို့ ရောက်ခဲ့၏။ သို့ရာတွင် ဒေးဗစ်က ရင်ကြားစေ့ခြင်းကို လုံးဝမကြိုက်။ တရားဝင် အာဏာကို ဦးထိပ်ပန်ဆင်သူများအား မင်းမဲ့တရားမဲ့ အဖွဲ့အစည်းတွင်းသို့ သွတ်သွင်းခွင့်ပြုစေမည့် သဘောတူညီချက်မျိုးကိုလုပ်ရန် ခါးခါးသီးသီးငြင်း၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာပြန်သောအခါ ရှိရင်းစွဲပြဿနာအပြင် နောက် အမြင်တစ်ခု တိုးလာပြန်၏။ တစ်ဘက်နှင့်တစ်ဘက်၊ တစ်စုနှင့်တစ်စု အမုန်းပွား ခဲ့ခြင်းများ ကွယ်ပျောက်သွားသော်လည်း အချို့က တစ်မျိုးတစ်ဘာသာ စိတ်ရှုပေါက် လာ၏။ ပါလက်စတိုင်းတွင် အချင်းချင်းဆန့်ကျင် ရန်ဘက်ဖြစ်နေသော နိုင်ငံရေး

သဘောထားများ၏ ကွာဟမှုက ယခင်ယခင်ကထက်ပင် ကျယ်ဝန်းလာ၏။ အကြမ်းဖက်သောင်းကျန်သည့် အဖွဲ့အစည်းများတွင် 'လီဟီး' ( Lehi ) ခေါ် ဘာဆိုဘာကိုမျှ ဂရုမစိုက်သည့် အကြမ်းဖက်အုပ်စုတစ်စု ပေါ်လာ၏။

စက္ကူဖြူစာတမ်းတွင် ပါရှိသော တင်းကြပ်သည့်ချုပ်ချယ်မှုများကို ကြေငြာထုတ်ပြန်ခဲ့ခြင်းကြောင့် ပါလက်စတိုင်းနေ ဂျူးတို့က စိတ်ပျက်လက်ပျက်ဖြစ်နေဆဲ၊ လန်ဒန်မျက်နှာစုံညီစည်းဝေးမှ ပေါ်လာသောရလာဒ်ကြောင့် ပါလက်စတိုင်းမှ ဂျူးအများအပြားက တစ်ဖက်စွန်းအမြင်များကို တွယ်ဖက်လာတော့၏။'အတ်ဇယ်လ်' အဖွဲ့က ဗြိတိသျှကိုပင် ပုန်ကန်ရန် အလေးအနက်စဉ်းစားလာ၏။

ဒေးဗစ်ဘင်ဂူရီယန်ကမူ ဒေါသပုန်ထနေသူ၊ စိတ်အကြီးအကျယ်ပျက်နေသူများက မိမိရုံးခန်းသို့ အလည်လာနေသည်ကိုသာ ဆက်ကာဆက်ကာ ညည်းခံနေရသည်။

(၁၉၃၉)ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ဒေးဗစ်က နေ့စဉ်မှတ်တမ်းစာအုပ်တွင် ဤသို့လျှင် ရေးခြစ်ထားမိ၏။

'ဒီသတင်းပတ်က ကိုယ်စားလှယ်လာတွေ့တဲ့ သတင်းပတ်ပဲ။ သူတို့အားလုံးပြောတာက တစ်ထပ်တည်းပဲ။ အခုအချိန်မှာ ကျုပ်တို့အတွက် အလိုအပ်ဆုံးက အာဏာရှင်စနစ်ပဲ။ ဒါမှမဟုတ်ရင်တော့ အကြီးအကျယ် ရှုပ်ရှုပ်ထွေးထွေးဖြစ်လာလိမ့်မယ်တဲ့။ ကျုပ်တို့နဲ့ အမိကရန်ဖြစ်ရမယ့်သူက ဗြိတိသျှအစိုးရပဲ။ ဒါပေမယ့် ဗြိတိသျှလူမျိုးတွေအပေါ်တော့ ကျုပ်တို့ စစ်တိုက်ဖို့ဆန္ဒမရှိဘူး။ ပြီးတော့ . . . အစိုးရနဲ့ ပြည်သူလူထုဆိုတာ ကွဲကွဲပြားပြား စဉ်းတားလို့မလွယ်ဘူးလို့သာ ကျုပ်က ပြန်ဖြေရမယ်။ အခိုက်အတန့်မှာတော့ အကြီးကျယ်ဆုံးအန္တရာယ်ကတော့ ဒီမှာကျုပ်တို့ အချင်းချင်းကွဲကြတဲ့ကိစ္စပဲ'

သည်အန္တရာယ်က ချက်ခြင်းအကောင်အထည်ပေါ်လာ၏။ အများစုမှာ ဗြိတိသျှအစိုးရနှင့် ဗြိတိသျှပြည်သူတို့ကို ကွဲကွဲပြားပြား ခွဲခြားသိနိုင်စွမ်းရှိသူများမဟုတ်ကြ။ စစ်ကြီးဖြစ်လာသောအခါ တစ်ဖက်စွန်းဝါဒီများက အကြမ်းဖက်လုပ်ငန်းကို ချမှတ်တော့သည်။ 'အစ္စရေးနိုင်ငံတော်'သည် နိုင်းလ်မြစ်မှသည် ယူဖရေးတီးစ်မြစ် (ပါရှန်ပင်လယ်ကွေ့သို့ စီးဆင်းသည်)အထိ ကျယ်ပြန့်ရမည်ဟု မျှော်မှန်းရော်ရမ်းခဲ့သော 'အီဗရာဟမ်စတန်း'အား ထောက်ခံသူများက ဗြိတိသျှတို့အား စတင်တိုက်၏။ ဗြိတိသျှတို့ကို ဆန့်ကျင်၍ နာဇီဂျာမနီနှင့်ပင် မဟာမိတ်ပြုရန် ထောက်ခံသည်အထိ ခွင့်မလွှတ်နိုင်သော အပြစ်ကိုကျူးလွန်ခဲ့သည်။ 'အီဗရာ

ဟစ်စတန်း'ကို ဗြိတိသျှတို့က ဖမ်းမိသွားပြီး ပစ်သတ်ခဲ့၏။ သူ့အဖွဲ့သားများက ဗုံးများဖောက်ခွဲလျက် ပြန်လည်ကလဲ့စားချေ တန်ပြန်ခဲ့သည်။ သူတို့အဖွဲ့က လက်တစ်ဆုပ်စာမျှသာရှိ၏။ ပါလက်စတိုင်းနေ ဂျူးတို့၏ လူဦးရေအနည်းငယ်ကို ကိုယ်စားပြုသူများဖြစ်၏။ သို့ရာတွင် သူတို့၏အကြမ်းဖက်လှုပ်ရှားမှုများက ဗြိတိသျှ ဆန့်ကျင်ရေး ရှုန်းကန်လှုပ်ရှားမှုတွင် အကြမ်းဖက်သည့် ကဏ္ဍသစ်ကို နိဒါန်းပျိုးလေ၏။ သည်ကဏ္ဍသစ်က ပါလက်စတိုင်းရှိ အမျိုးမျိုးသော အသင်းအဖွဲ့အချင်းချင်း အုပ်စုအချင်းချင်း ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ကြရန် လမ်းဖွင့်ပေးသကဲ့သို့လည်းရှိ၏။ ဂျူးတို့အချင်းချင်း အိုးမဲသုတ်ကာ ဆော်ကြနက်ကြပြန်သောအခါ ဇီယွန်၏ အကျိုးစီးပွားကို အန္တရာယ်အကြီးအကျယ်ဖြစ်ပေါ်စေ၏။

အခြေအနေများက သပွတ်အူလို ရှုပ်ထွေးပွေလီဖြစ်နေသည့်ကြားက ခေါင်းအေးအေးထားနိုင်သူ ပုဂ္ဂိုလ်အနည်းငယ်တွင် ဒေးဗစ်ဘင်ဂူရီယန်သည်လည်း တစ်ဦးအပါအဝင်။ သူ့အတွက် သူကိုယ်တိုင်ချမှတ်ခဲ့သော လမ်းအတိုင်း၊ ဒေးဗစ်က ဆက်လက်၍ စနစ်တကျလျှောက်လိုက်၏။ ဒါကတော့ စက္ကူဖြူစီမံကိန်းနှင့် ၎င်း၏ တင်းကြပ်ချုပ်ချယ်သော စည်းကမ်းများကိုတိုက်ရန်နှင့် ထို့ထက် ဘုံရန်သူဖြစ်သော နာဇီကိုတိုက်ရန်ဖြစ်၏။ ဂျူးလူမျိုး(၆)သိန်းခန့်ကို မဟာမိတ်တို့အကျိုးအတွက် ရက်ရက်ရောရော အကျိုးပြုစေခြင်းဖြင့် နောက်ဆုံးအောင်ပွဲခံရသောအခါ ဂျူးတို့လည်း ဝေစုခံစားရပေမည်။

'ပထမကမ္ဘာစစ်ကြီးက ငါတို့ကို 'ဘဲလ်ဖိုးကြေငြာချက်'ပေးခဲ့တယ်။ အဲ ဒုတိယကမ္ဘာစစ်ကြီးကတော့ ဂျူးနိုင်ငံ ပေးသင့်တာပေါ့'

ဟု ဒေးဗစ်ဘင်ဂူရီယန်က ပြော၏။

ဂျူးတို့က မိမိတို့တတ်စွမ်းသရွေ့ဖြင့် မဟာမိတ်တို့အား ကူညီခဲ့သော်လည်း အောင်ပွဲခံရပြန်တော့ ဂျူးနိုင်ငံဆိုသည်မှာ မရေမရာ မသေမချာသေးသည့် အိပ်မက်ပင်ဖြစ်နေဆဲ။ ဗြိတိသျှတို့အပေါ် ခါးခါးသီးသီး အမုန်းပွားနေရသည့် စိတ်ကိုမျိုသိပ်လျက် 'စက္ကူဖြူ'မရှိသယောင် သဘောထားကာ ဂျူးတို့က စစ်ထဲဝင်ခဲ့ပြန်ပြီ။

ဂျူးအမျိုးသား အမျိုးသမီး (၃၀၀၀၀)ကျော်က ဂရိ၊ အာဖရိကမြောက်ပိုင်းနှင့် စစ္စလီကျွန်း စစ်မြေပြင်တို့တွင် ပါဝင်တိုက်ခဲ့၏။ ဂျူးတပ်ဖွဲ့များကိုလည်း ခေါင်းမာမာနှင့်ပင် ပါလက်စတိုင်းနာမည်ကိုတွင်စေ၍ 'ဒါဝိတ်၏ကြယ်'တံဆိပ်ပါ အလံကိုဂုဏ်ပြုကြ၏။ 'ဘားဟာကိန်း' ( **Bir Hakeim** ) အရပ်တွင် ဗိုလ်ချုပ်ကြီး 'ကိုးနစ်' ( **Koenig** ) ၏ 'လွတ်လပ်သော ပြင်သစ်တပ်ဖွဲ့' ( **Free French** ) က

'ဘုရင့် အနောက်အာဖရိက သေနတ်ကိုင်တပ်ဖွဲ့' ( King's West African Rifles) မှ တပ်ခွဲတစ်ခွဲမှာ ဂျူးအလံတော်ကို အလေးပြုခဲ့၏။ အဆိုပါ ဂျူးတပ်ရင်းက တိုက်ပွဲတွင် စစ်သား (၄၅၀)ကျဆုံးခဲ့သည်။ မူလအင်အား၏ ဆယ်ပုံကို တစ်ပုံမျှ ကျဆုံးခဲ့သည်။

ဆီးရီးယားနယ်စပ်ရှိ ဂေါ်ရဒ်စစ်စခန်း စစ်ဆင်ရေးကို ပြင်သစ်၏ ဆိုမာလီ ( Somali ) တပ်သားများနှင့် ဂျူးတပ်မတော်သားများက သွေးချောင်းစီးစေလျက် တိုက်ပွဲဝင်ခဲ့၏။ ထိုတိုက်ပွဲတွင် နောင်တစ်ချိန်၌ အစ္စရေးတပ်မတော်၏ စစ်ဦးစီး ချုပ်ဖြစ်လာသူ 'မိုရှေဒါယန်း' ( Moshe Dayan ) က မျက်လုံးတစ်ဖက် ဆုံးရှုံးခဲ့၏။ ဂျူးအမျိုးသား၊ အမျိုးသမီးများအား ဂျာမန်တို့သိမ်းပိုက်ထားသည့် ဥရောပနယ်မြေ အတွင်းသို့ လေထီးဖြင့် ဆင်းစေသည်။ အန္တရာယ်များလှသော အလုပ်များကို ထမ်းဆောင်စေခဲ့၏။ ဂျူးတပ်မဟာက ဗြိတိသျှတပ်မတော်နှင့်အတူ ဥရောပတွင် နောက်ဆုံး တိုက်ပွဲထိပါဝင်ခဲ့သည်။

သို့ရာတွင် . . .

'စက္ကူဖြူ'အားတိုက်ရန် မိမိ၏ဆုံးဖြတ်ချက်ကို ဒေးဗစ်က မမေ့ . . .။ ဂျူးတို့က မြေများဝယ်ယူသည်ကို ပိတ်ပင်ထားမြစ်၏။ သို့ကြောင့် ဗြိတိသျှတို့ရှိနေ ပေမယ့် ကျေးရွာများကိုမူ ထူထောင်မြဲ ထူထောင်မည်။ ဒေးဗစ်က စစ်ကြီးတွင် ဗြိတိသျှတို့အား ကူညီထောက်ခံရန်၊ သို့ရာတွင် ဥပဒေသစ်များကို ဆန့်ကျင် တိုက်ခိုက်ရန်၊ ငြိမ်းချမ်းစွာဆန့်ကျင်ရန်၊ ဆန္ဒပြပွဲများလုပ်ရန်၊ တစ်ချိန်တည်းမှာပင် တမ္ဘာ့ကြင်နာထောက်ခံမှုကိုရရန် အစီအစဉ်များနှင့်ပတ်သက်၍ ဇီယွန်အလုပ် အမှုဆောင်ကော်မတီနှင့် ဂျူးလူမျိုးများအဖွဲ့၏ ညွှန်ကြားရေးမှူးများ အဖွဲ့ဝင် မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်များအား ရှင်းပြ၏။ သို့တစေ သည်တစ်ကြိမ်တွင်လည်း ဒေးဗစ်ကိုထောက်ခံသူများမှာ လူနည်းစုသာတည်း။ သည်စစ်ကြီးတွင် ဗြိတိသျှတို့၏ စစ်ရေးကြိုးပမ်းမှုများကို ထောက်ခံရန် အဆိုကိုမူ အားလုံးသဘောတူကြသည်။ သို့သော် ပါလက်စတိုင်းနှင့်ပတ်သက်၍ ဗြိတိသျှတို့၏မူလဝါဒများအား ဆန့်ကျင် ခြင်းကိုမူ စိုးရိမ်ကြောက်ရွံ့မိကြောင်း ထုတ်ဖော်ပြောကြ၏။ သူ့အား ဆန့်ကျင်အတိုက် အခံပြုသည်များကို ကျော်လွှားအောင်မြင်နိုင်သည့်လက်နက်ကိုပင် သုံးရပေမည်။ သည်လက်နက်ကိုလည်း ဒေးဗစ်က မကြာခဏဆိုသလို ကျင်ကျင်လည်လည်ဖြင့် သုံးခဲ့သည်သာ။ ရာထူးမှ နှုတ်ထွက်မည်ဟူသော ခြိမ်းခြောက်ခြင်းဖြစ်၏။ သည်ဟာ တလည်း နောက်ဆုံးရာဇသံ။ ဒေးဗစ်အောင်ပွဲခံရပြီ။ 'စက္ကူဖြူ'တွင် ပါဝင်ဖော်ပြ

သည့် ကန့်သတ်ချုပ်ချယ်ခြင်းများကို စတင်ဆန့်ကျင်တိုက်တော့၏။ အထူးသဖြင့် ပြည်ပမှ ဂျူးများခိုဝင်လာခြင်းအား ကန့်သတ်ချုပ်ချယ်ခြင်းကို ဦးတည်တိုက်၏။ ဗြိတိသျှအာဏာပိုင်များက ပြည်ပမှ ဂျူးများ ပါလက်စတိုင်းသို့ တရားမဝင်ခိုဝင်ခြင်းကို ပိတ်ပင်ခဲ့၏။ သို့ကြောင့် ဂျူးတို့က နောက်ဖေးပေါက်မှဝင်စေရန် အကြပ်ကိုင်ခံရသကဲ့သို့ရှိ၏။

ဒုတိယကမ္ဘာစစ်ကြီးအချိန် အထွတ်အထိပ်ရောက်နေခိုက် ပြည်ပမှ ဂျူးလူမျိုးများ ပါလက်စတိုင်းသို့ အလုံးအရင်းနှင့် တရားမဝင် ခိုးဝင်လာကြ၏။ ပင်လယ်ခရီးသွားရန် အဆင့်မမှီသောသင်္ဘောများပေါ်တွင် ယောကျ်ား၊ မိန်းမ၊ ကလေးတို့ ပြည့်ညပ်လျက် ပါလက်စတိုင်းသို့ ရောက်လာကြ၏။ တရားဝင် ပြည်ဝင်ခွင့်လက်မှတ်ရနိုင်စွမ်းရှိသည့် လက်ရွေးစင်လူနည်းစုသာလျှင် ဝင်နိုင်ခဲ့၏။ ထောင်သောင်းများစွာသော အခြားဂျူးလူမျိုးများက ဥရောပမှ လွတ်ရာလွတ်ကြောင်း လမ်းတို့ဖြင့် တောင်ပိုင်းဆိပ်ကမ်းမြို့များသို့ လာရ၏။ ထိုမှတစ်ဆင့် ခရီးသည်တစ်ရာ နှစ်ရာခန့်မျှသာတင်ဆောင်နိုင်သော သင်္ဘောများပေါ်သို့ တစ်ထောင် နှစ်ထောင်စုပြုတက်၍ ပါလက်စတိုင်းသို့ ရောက်ရန်ကြိုးစားကြရ၏။

ရံဖန်ရံခါ ခိုးဝင်လာသောသင်္ဘောများကို လမ်းခုလပ်တွင် ကြားဖြတ်ဖမ်းဆီးခံရ၏။ ခရီးသည်များအား မောရေရှနိုင်ငံသို့သော ဝေးဝေးလံလံရှိ အကျဉ်းစခန်းများသို့ ပို့ခံရ၏။ အချို့သော သင်္ဘောများမှာ ဟိုင်ဖာဆိပ်ကမ်းသို့ ဝင်ခွင့်မပြုသည့်ကြောင့် ရက်သတ္တပတ် အတန်ကြာမျှ ပင်လယ်တွင် ဟိုမှဒီမှ ခုတ်မောင်းနေရသည်လည်းရှိ၏။ တစ်ချို့သူများမှာ မိမိတို့ထွက်ခွာလာရာ ဆိပ်ကမ်းမြို့သို့ အတင်းအကြပ်ပြန်စေပြီး နာဇီတို့၏ ငရဲစခန်းတွင်းသို့ တွန်းပို့ခံရပြန်၏။

(၁၉၄၀)ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့ 'ပါတြိယာ' ( **Patria** ) သင်္ဘောကြီးသည် တရားမဝင်ခိုးဝင်လာသူ ခရီးသည် (၁၈၀၀)နှင့်အတူ 'ဟိုင်ဖာ' ဆိပ်ကမ်းတွင် နစ်မြုပ်သွား၏။ ပထမဦးဆုံးရင်ဆိုင်ရသည့် တကယ့်ကြေကွဲစရာ အဖြစ်ပါ။ သေကံမရောက် သက်မပျောက်ဘဲ ကြွင်းကျန်သူများကိုမူ ဗြိတိသျှတို့က နှစ်သိမ့်သည့် သဘောဖြင့် ပါလက်စတိုင်းသို့ ဝင်ခွင့်ပြု၏။ 'ပါတြိယာ'သင်္ဘောကြီးကို ဆိပ်ကမ်းသို့ ကပ်ခွင့်မပေးဘဲထားခဲ့ရာမှ ယခုလိုဘေးဒုက္ခနှင့် ကြုံရသည်ကြောင့် ဗြိတိသျှအာဏာပိုင်များမှာ ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြ၏။ သူတို့တွေကို ဝင်ခွင့်ပေးရန်ကိုပင် အခြေအနေ အဆိုးရွားဆုံးအချိန်ကြမှ လန်ဒန်ရှိ ဗြိတိသျှအစိုးရ အာဏာပိုင်များက ဆုံးဖြတ်ခြင်းဖြစ်၏။

ချာချီက နေ့စဉ်မှတ်တမ်းတွင် သည်သို့လျှင် ရေးမှတ်ထား၏။

'အတိမ်းအစောင်းမရှိ၊ အရာရာသည် ချောချောမောမောနှင့်ပြီးခဲ့၏။ ခွေးတစ်ကောင်မျှပင် မဟောင်ခဲ့ . . .'

သို့ရာတွင် 'ဆယ်လ်ဗေဒေါ်' (**Salvador**) သင်္ဘောကမူ ကံမကောင်းရှာ။ ဥရောပတိုက်နိုင်ငံအလုံကို လွှင့်ထူပြီးလာခဲ့သော ထိုကုန်တင်သင်္ဘောသည် 'မာမရာ ပင်လယ်'တွင် နစ်မြုပ်ခဲ့၏။ ခရီးသည် (၃၂၆)ဦးတွင် (၂၀၀) ရေနစ်သေဆုံးခဲ့သည်။ ထိုစာရင်းတွင် (၇၀)မျှမှာ ကလေးများဖြစ်၏။ ထိုထက် ကြမ္မာဆိုးသည်က ပနားမား သင်္ဘော 'စထရူမာ' (**Struma**) ဖြစ်၏။ (၁၉၄၂)ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပင်လယ်နက်အတွင်း ရေမြုပ်မိုင်းကို တိုက်မိကာ နစ်မြုပ်သွား၏။ သင်္ဘောပေါ်ရှိ တရားမဝင် ခိုဝင်လာမည့်ခရီးသည် (၇၇၀)ရေနစ်သေဆုံးခဲ့၏။

အမေရိကန်ပြည်ထောင်စုတွင် ဗြိတိသျှမြန်ကြားရေးဌာနက လက်ကမ်းစာစောင် ခဲ့၏။ 'ဂက်စတာပို' (**Gestapo**)သည် ဂျူးလူမျိုးများ တရားမဝင် ခိုဝင်ခြင်း၏ နောက်ကွယ်မှ ကြိုးကိုင်နေခြင်းဖြစ်၍ ဂျာမနီမှ ခိုဝင်လာသူ ဂျူးလူမျိုး အများအပြားမှာ ပါလက်စတိုင်းတွင် သူလျှိုလုပ်ငန်း စည်းရုံးလုပ်ဆောင်ရန်တာဝန်ဖြင့် လာကြသော နာဇီသူလျှိုများဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။ လက်ကမ်းစာကို ဒေးဗစ်ဖတ်ရသော် အံတကြိတ်ကြိတ်ဖြစ်မိသည်။

ဘာတွေပဲဖြစ်ဖြစ် ဒေးဗစ်ကမူ ချာချီအပေါ် မလိုမုန်းထားခြင်းမရှိ၊ အာဏာလက်လွှတ်ဖြစ်နေစဉ် ချာချီက ဇီယွန်ခေါင်းဆောင်ကြီးများအား ပေးခဲ့သော ကတိကို မေ့လျော့နေသည်။ 'စက္ကူဖြူ'စာတမ်းကို မှန်မှန်ကန်ကန်ဖြစ်အောင် လုပ်ပေးရန် ခြေလှမ်းမပြင်ခဲ့၊ ကြောက်ခမန်းလိလိ အစုလိုက်အပြုံလိုက် သတ်ဖြတ်နေခြင်းကို ရပ်တန့်သွားစေဖို့ 'အော့စဝစ်ချ်' (**Auschwitz**)နှင့် 'တြီဗလင်ကာ'(**Treblinka**) အကျဉ်းစခန်းများမှ ဓါတ်ပေါင်းဖိုခန်းမကြီးများကို ဗုံးကြဲဖျက်ဆီးစေဖို့ ငြင်းဆန်သည် တွေ့ရတော့ ဒေးဗစ်က ချာချီကိုမစွပ်စွဲ။ ဒေးဗစ်ဘင်ဂူရီယန်က သေမတတ်ဖြစ်လောက်အောင် စိတ်ဆင်းရဲ၏။ ချာချီသည် အရေးတကြီး အလောသုံးဆယ် ဆောင်ရွက်ရမည့် အခြားတာဝန်များနှင့် အလုပ်ရှုပ်နေမည်မှာ သံသယဖြစ်ဖွယ်မရှိ တွေ့ရှိသော ရင်းနှီးသူ အပေါင်းအသင်းများကို ပြောပြ၏။

ဗြိတိန်နိုင်ငံနှင့် ဗြိတိသျှတို့၏ စစ်ရေးအားထုတ်ကြိုးပမ်းမှုများကို ဒေးဗစ်က လေးစားမြတ်နိုးသည်မှာ အမှန်။ ရန်သူနှင့် ရန်သူများ၏ စစ်ရေးကြိုးပမ်းမှုများကို လေးစားသည်ဆိုခြင်းက ဂျူးနိုင်ငံတည်ထောင်ရေးအတွက် ဗြိတိသျှတို့အား အချိန် ၊

ကြာမြင့်စွာ တိုက်ပွဲဝင်ခဲ့ရာတွင်ထားရှိသော ဒေးဗစ်၏ သဘောထားကို ကောင်းစွာ သဘောပေါက်နားလည်နိုင်၏။

ပုဂ္ဂိုလ်ရေး ဆက်ဆံမှုအဆင့်တွင်မူ ဒေးဗစ်သဘောထားက ထိုသိုမဟုတ်။ အထူးသဖြင့် ဗြိတိသျှအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ထိပ်တန်းအရာရှိကြီးများနှင့် ဆက်ဆံရေးတွင် အလွန်ကွာခြား၏။ ဥပမာ ၁၉၄၁-ခုနှစ်၊ ဩဂုတ်လက ကိုလိုနီနယ်များဆိုင်ရာ ဝန်ကြီးသစ် 'လော့ဒ်မွိုင်း'နှင့် လန်ဒန်တွင် တွေ့ဆုံပြီး စစ်ကြီးပြီးလျှင် ဂျူးလူမျိုးသုံးသန်းကို ၁၀-နှစ်ကာလဆန့်၍ ပါလက်စတိုင်းသို့ဝင်နိုင်ရန် ဖွင့်ပေးဖို့ ပြော၏။

'ဂျူးတွေ တစ်နှစ် တစ်နှစ်မှာ သုံးသိန်းဝင်ခွင့်ပေးရင် သူတို့နေရာထိုင်ခင်း အတွက် ဘယ်မှာသွားပြီး နေရာချထားမှာလဲ' ဟု လော့ဒ်မွိုင်းက ရန်စွယ်ငေါငေါနှင့် ပြော၏။

'(၁၉၃၁)ခုနှစ်က လော့ဒ်မတ်စ်ဖီးလ်က ပါလက်စတိုင်းမှာ ကြောင်ကလေး တစ်ကောင်အတွက်ပင် နေရာမရှိတော့ဘူးရယ်လို့ ဒေါက်တာဝိုက်ဇ်မင်ကို ပြောဖူးတယ်။ ဒါပေမယ့် အဲဒီအချိန်ကစပြီး ထောင်သောင်းများစွာသော ဂျူးလူမျိုးတို့နိုင်ငံတွင် ဝင်ခဲ့တယ်လေ . . .' ဟု ဒေးဗစ်ကလည်း ပြန်ပက်၏။

'ကျုပ်ကတော့ ပြေလည်စရာအဖြေတစ်ခုပဲ တွေ့ထားတယ်။ ဥရောပမှာ ဂျူးနိုင်ငံတည်ထောင်ဖို့ပဲ။ ဟစ်တလာရဲ့ အုပ်ချုပ်ရေးကို ကျုပ်တို့က ဖျက်ဆီးပစ်ပြီး ဂျာမန်လူမျိုးတွေကို ပရပ်ရှာ အရှေ့ပိုင်းဒေသက မောင်းထုတ်မယ်၊ အဲ . . . အဲဒီ နေရာမှာ ဂျူးနိုင်ငံကို တည်ထောင်မယ်' ဟု လော့ဒ်မွိုင်းက ပြန်ဖြေသည်။

'မဟာမိတ်တို့ အောင်ပွဲခံမယ်ဆိုတာ ကျုပ်ယုံတယ်။ ဂျာမန်တွေကို ခင်ဗျား စိတ်ကြိုက် လုပ်ချင်သလိုလုပ်၊ စက်သေနတ်နဲ့ချိန်ပြီး ပရပ်ရှားကိုပဲ မောင်းထုတ်ထုတ် ပေါ့၊ ဒါပေမယ့် စက်သေနတ်နဲ့ချိန်ပြီး ဂျူးလူမျိုးတွေကိုတော့ ပရပ်ရှားနိုင်ငံတွင်း မောင်းသွင်းနိုင်မယ်တော့ မထင်နဲ့၊ ကျုပ်တို့နိုင်ငံဟာ ပါလက်စတိုင်းပဲ'ဟု ဒေးဗစ်ကလည်း ပြန်ပြော၏။

ဗြိတိသျှအစိုးရအဖွဲ့ဝန်ကြီးများ၏ မလိုမုန်းထား ရန်လိုစိတ်များကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ရန် ဒေးဗစ် နောက်ဆုံး ကြိုးပမ်းအားထုတ်မှု ဖြစ်၏။

အမေရိကန်ပြည်ထောင်စုနှင့် အာဖရိကရောက်သည်ထိ ခြေဆန့်ခဲ့ပြီးမှ ပါလက်စတိုင်းသို့အပြန်တွင် လော့ဒ်မွိုင်း၏ စိတ်ကူးကို ပြန်ဖြေရန် အဖြေက

အဆင်သင့်။ အမေရိကန် ဇီယွန်အဖွဲ့က အတည်ပြုထားသည်။ 'ဘော်လ်တီမိုး အစီအစဉ်'မှာ ဗြိတိသျှတို့အား စစ်ကြေညာခြင်းမည်၏။ ပါလက်စတိုင်းမှ ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်အချို့ကို စစ်ကြေငြာလိုက်ခြင်းလည်း မည်၏။

◆ ◆ ◆ ◆ ◆

## ဖြိုင်ဘက်ဆီ မိုလ်မထား

ပါလက်စတိုင်းမှ ဂျူးများက ဂဏှာမငြိမ်ကြ။ မဆုံးဖြတ်တတ်ကြ၊ များပြားလှသည့် အာရပ်တို့ကြားတွင် ဂျူးတွေက ငါးသိန်းမျှသာ။ ကျယ်ပြန့်သော ဗြိတိသျှအင်ပါယာတွင်း၌ အစက်ကလေး တစ်စက်မျှသာ။ နာဇီတို့ကလည်း ဂျူးတို့အား ယစ်ပူဇော်ရန် ရည်ရွယ်ထားပြီး။ အိမ်နီးနားချင်းများကလည်း တူးတူး ခါးခါးမုန်းကြပြန်။ သို့ကလိုဆိုနေလျှင် ဗြိတိသျှတို့အဖို့ ကြောက်ခမန်းလိလိ ပြဿနာ ကြီးပါတကား . . .။

ဂျူးမျာ်းက မိမိတို့ ဘာလိုချင်သည်ကိုလည်း တိတိပပ မသိကြ။ ဂျူးတို့က နှစ်ရှည်လများ ကိုယ့်ပြည်ကိုယ့်ရွာမှ စွန့်ခွာထွက်ပြေးနေရခြင်း၊ အတိတ်ဇာတ် ကြောင်းက မရှင်းမရှင်းရှုတ်ထွေးခဲ့ခြင်းများကြောင့် ယနေ့တိုင် ထိခိုက်နစ်နာနေဆဲ ဖြစ်ခြင်းနှင့် တစ်ခြားသူအပေါ် မှီခိုအားထားသည့် အလေ့အထရှိခြင်းတို့ကြောင့် အကြိမ်ကြိမ်အညှစ်ခံခဲ့ရ၏။ နှစ်ပေါင်း နှစ်ထောင်ကြာမျှ ထမ်းပိုးအောက်မှာနေ ခဲ့ရပြီးသော လူမျိုးအတွက် ချက်ခြင်းလက်ငင်း စုံရပ်ရန် မဖြစ်သေး။ စုပေါင်းရိုပ်သာ လောကမှ ဒေးဗစ်ဘင်ဂူရီယန်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မွေးထုတ်ပေးနိုင်ခဲ့သည်မှာ တကယ့်အံ့ဩစရာ . . .။

ဂျူးလူမျိုးအသိုင်းအဝိုင်းက ရှေ့မတိုးနောက်မဆုတ်၊ တုန့်ဆိုင်းဆိုင်း

ဖြစ်လျှင်လည်းဖြစ်ပါစေ။ မည်သို့သော အားနည်းချက်များရှိလျှင်ရှိပါစေ။ ဒေးဗစ် အဖို့မူ အကြီးအကျယ်အဟန့်အတားများ မဖြစ်ခဲ့။ သည်သို့ဖြစ်နေခြင်းကပင်လျှင် သူ့အား လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးထားသကဲ့သို့ရှိ၏။ သူလျှောက်ရမည့် လမ်းကို ပြက်ပြက်ထင်ထင်တွေ့ပြီးလျှင် လမ်းဆုံးရောက်သည်အထိ နောက်ပါတပည့် တပန်း အနည်းငယ်မျှဖြင့် မသွေမဖီ တန်းတန်းမတ်မတ်သွားနိုင်စွမ်းရှိ၏။ လူတိုင်းက သူနှင့် စိတ်သဘောထားမတိုက်ဆိုင်ဘဲ ရှိချင်မှရှိမည်။ ဆန္ဒတူချင်မှ တူမည်။ သို့သော် နွားလားဥသဘ ဖြောင့်ဖြောင့်သွားက နောက်က နွားများ ဖြောင့်ဖြောင့်လိုက်စမြဲ ဆိုသလို သူ့နောက်က လိုက်ကြစမြဲ။ ပါတီတွင်းမှာပဲဖြစ်ဖြစ်၊ ဇီယွန်အဖွဲ့ကြီး၏ အလုပ်အမှုဆောင်အဖွဲ့မှာပဲဖြစ်ဖြစ်၊ သူ့ဘက်က အနည်းစုဖြစ်နေသည့်အခါ နှုတ်ထွက်စာကို တင်မည်ဆိုသည်နှင့် ဇက်ကြိုးကို ပြန်လည်ကိုင်နိုင်ခွင့် ရစမြဲ။ ဒေးဗစ် ထမ်းရွက်ရ သည့် တာဝန်ဝတ္တရားများက များပြားလေးလံလှ၏။ သည်အလုပ်များကို ပံ့ပိုးသူ အနည်းငယ်မျှသာရှိမည်။ သို့တစေ သူဘာလိုသည်ကို ကောင်းကောင်းသိ၏။ နယူးယောက်မှပြန်လာသောအခါ 'ဘော်လ်တီမိုး အစီအစဉ်'ကို နိုင်ငံရေးစင်မြင့်ပေါ် တင်စေခဲ့ရာတွင် အချိန်အခါမလင့်စေခဲ့ . . .။

ဂျူးနိုင်ငံတည်ထောင်ရေးသဘောထားကို မည်သို့သော ဇီယွန်ဝါဒီ တစ်ဦး တစ်ယောက်ကမျှ မဆန့်ကျင်ဘူးဆိုပါက ပြဿနာတစ်ရပ်လုံး လွယ်ကူစမည် မဟုတ်ပါလား။ အများစုက မဆန့်ကျင်ဟုဆို၏။ သို့သော် ရိုးရိုးသားသား ထောက်ခံ သူကလည်း အနည်းစုသာ။ ဆွေးနွေးပွဲများ ညှိနှိုင်းပွဲများပြီး၍ ပြန်လည်သုံးသပ် သည့်အခါတိုင်း ဒေးဗစ်ဘင်ဂူရီယန်က သည်စကားရပ်ကို ထပ်တလဲလဲပြောလေ့ ရှိ၏။

'ကျုပ်ရဲ့သဘောထား ကျုပ်အဆိုပြုချက်များကို ကျုပ်အပေါင်းအသင်း တွေက မကန့်ကွက်ပါ'တဲ့။

သို့သော်' . . .။

'စိတ်ပါလက်ပါတော့မဟုတ်'ဟု ဆက်ပြောသင့်၏။

မည်သို့ဆိုစေ သည်တစ်ချိန်တွင်မူ အရာရာသည် အဆင်ပြေပြေမဖြစ်ခဲ့။ 'ဘော်လ်တီမိုးအစီအစဉ်'ကို အချို့သောအစိတ်အပိုင်းများက ဆန့်ကျင်ကန့်ကွက် လာကြသည်။ အကြမ်းဖက်အဖွဲ့အစည်းများက အဆိုပါအစီအစဉ်ထက် ခေတ်မီ တော်လှန်သော အမြင်ရှိသည့် ဖြေရှင်းချက်မျိုးကိုမှ ဦးစားပေးချင်သည်။ ဂျူးနိုင်ငံကို သမိုင်းတွင် တစ်ချိန်က 'အစ္စရေးဘုရင့်နိုင်ငံ' နယ်နိမိတ်အကျယ်အဝန်းအတိုင်း

သူတို့က လိုချင်သည်။

ထိုသို့သော နိုင်ငံရေးဇာတ်ခုံ၏ တစ်ဖက်စွန်းတွင်မူ လက်ဝဲစွန်းအဖွဲ့အစည်းများက လက်နက်စွဲကိုင်လာကြလေပြီ။ 'ဟာရှိမာဟာဇီယာ'သည်သာလျှင် ဂျူးနိုင်ငံတည်ထောင်ရေးသဘောထားကို ဆုံးခန်းရောက်သည်အထိ သတ္တိရှိရှိ ဆန့်ကျင်ခဲ့၏။

'ဟာရှိမာ' သမကျေးရွာများတွင် အဖြူနဲ့အပြာအလံကိုလွှင့်ထူလို့ 'ဟာတစ်ဗာ' ( **Hatikva** ) ခေါ် 'မျှော်လင့်ခြင်း' ( **Hope** ) အမည်ရှိ အမျိုးသားသီချင်းကိုဆိုဖို့ ခါးခါးသီးသီးငြင်းဆိုကြ၏။ 'ဟာတစ်ဗာ' (မျှော်လင့်ခြင်း)အစား 'အင်တာနေရှင်နယ်လ်' ( **International** )ကိုသာ ဟစ်အော်ဆိုကြ၏။ သည်သို့သော စိတ်အစွဲအလန်းဖြစ်ခြင်းက ဒေးဗစ်ဘင်ဂူရီယန်နှင့် လက်ဝဲစွန်းပါတီတို့ကြား ရှိခဲ့သည့် အာယာတစိတ်တွင် တာဝန်အရှိဆုံးဖြစ်၏။ သူတို့နှစ်ခုစပ်ကြားရှိ အာယာတသည်လည်း လုံးဝဥဿုံမပျောက်ခဲ့၊ နောင်သောအခါ 'အလုပ်သမားများတပ်ဦး'ကိုဖွဲ့စည်းရန် ကြိုးပမ်းအားထုတ်မှုသည်လည်း နိုင်ငံရေးအမြင်များ ကွဲပြားခြားနားသည်ကြောင့် စကတဲက အရေးနိမ့်ရ၏။

'ဘော်လ်တီမိုးအစီအစဉ်'ကို ဆန့်ကျင်ကြသော အခြားအဖွဲ့များတွင် ယခုတလောမှရောက်လာသော ဂျာမန်ဂျူးများပါ၏။ သူတို့ဆန့်ကျင်သည်က အန္တရာယ်မရှိ၊ နားလည်သဘောပေါက်နိုင်၏။ ဂျာမနီမှ ခိုဝင်လာသူ ဂျူးများက အသိအလိမ္မာရှိသည်။ ယဉ်ကျေးသိမ်မွေ့သည်။ အားတက်သရောရှိသည်။ သို့ရာတွင် အရှေ့အလယ်ပိုင်းဒေသမှ တကယ့်နိုင်ငံရေးဖြစ်ရပ်များတွင်မူ အတွေ့အကြုံမရှိသေး။ သူတို့အုပ်စုခေါင်းဆောင်မှာ 'မာတင်ဘူဘာ'နှင့် ကမ္ဘာကျော်ဒဿနပညာရှင်များဖြစ်၏။ လူမှုရေးကြောင့်သာ သူတို့တစ်တွေက အာရပ်တို့နှင့် ပူးတွဲနေထိုင်ရခြင်းကို မထောက်ခံလိုဘဲလျက် ထောက်ခံနေရ၏။ ဟစ်တလာသည် ဂျူးနှင့် အာရပ်တို့၏ အဓိကရန်သူဖြစ်၏။ ဆိုသည်မှာ သူတို့ပါတီ၏ ကြွေးကြော်သံဖြစ်၏။

ကျန်နိုင်ငံရေးပါတီက ဒေးဗစ်ဘင်ဂူရီယန်၏ နောက်မှ မားမားမတ်မတ်ရပ်လျက်ရှိ၏။ ထိုအထဲတွင် 'အလုပ်သမားပါတီ'(မေပိုင်)က အခိုင်မာဆုံး၊ အတောင့်တင်းဆုံး။ သို့ရာတွင် 'အလုပ်သမားပါတီ'သည်လည်း 'ဘော်လ်တီမိုးအစီအစဉ်'ကို လက်မခံမီပင် ပါတီတွင်း အရှုပ်အရှင်းများကြောင့် အခြေယိုင်ခဲ့၏။ ပါတီတွင်း အရှုပ်အရှင်းသည် 'ကာဗင်ကိုင်း'၏ သမစုပေါင်းကျေးရွာ ယူနီယံ' ( **Kibbutzim Union** ) က 'အလုပ်သမားပါတီ'မှ နုတ်ထွက်သွားသောအခါတွင်မှ ဆုံးခန်းတိုင်ခဲ့၏။

(၁၉၄၂)ခုနှစ်၊ နိုဝင်ဘာလ၊ 'အလုပ်သမားပါတီ'ညီလာခံကို 'တာဗင်တိုင်း'တွင် ကျင်းပ၏။ ဒေးဗစ်ဘင်ဂူရီယန်က 'ဘော်လ်တီမိုး အစီအစဉ်'ကို တင်သွင်းသည်။ ပါတီအတွင်းမှ ဂိုဏ်းဂဏအဖွဲ့အစည်းအချို့က သဘောမတူကြောင်း ပြောင်ပြောင်တင်းတင်းဆိုလာကြ၏။ သို့သော် သူတို့ဘဝင်မကျသည်က 'ဘော်လ်တီမိုးအစီအစဉ်' တော့မဟုတ်။ အတိုက်အခံပြုသူများဘက်မှ ပြောခွင့်ဆိုခွင့်ရှိသူ ခေါင်းဆောင်မှာ 'တော်လ်စတွိုင်း'နှင့်တူသူ။ အသက်ကြီးပြင်းနေပြီဖြစ်သည်။ 'တာဗင်ကိုင်း' . . .။ သူတို့တစ်တွေက စစ်မှန်သော ဆိုရှယ်လစ်ဝါဒကိုသာ အိပ်မက်မက်ပြီး အလုပ်ရှုပ်နေသူများဖြစ်၏။ လူမှုအဖွဲ့အစည်းတွင် 'သမကျေးရွာ ထူထောင်ရေး'သည်သာလျှင် အထွတ်အထိပ်ဖြစ်သည်ဟု သတ်မှတ်သော သဘောတရားရေးရာတွင်သာ နစ်မွန်းနေသူများဖြစ်၏။ ဂျူးနိုင်ငံတည်ထောင်ရေးဟူသော အမျိုးသားရေးနိုးကြားမှုများ၊ အမျိုးသားရေးရည်မှန်းချက်များကိုပင် ကျော်လွှားလွန်သွားကြ၏။ သူတို့တစ်တွေက ဘင်ဂူရီယန်ပြောစကားများကို နားတစ်ဖက်နှင့်သာ နားထောင်နေသူများသာဖြစ်သည်။ သူတို့တစ်တွေက ဒေးဗစ်ကို မိမိ ပိုင်ရာဆိုင်ရာ အလုပ်သမားရေးရာများတွင် တိုက်လိုခိုက်လို၏။ သည်သို့လျှင် ဆန့်ကျင်လာခြင်းကို ဒေးဗစ်က အဆိုတစ်ခုတင်သွင်းပြီး ဂိုဏ်းဂဏများကို ပါတီတွင်းမှ ထုတ်ပစ်လိုက်ခြင်းဖြင့် တုန့်ပြန်ခဲ့၏။ နောက်တစ်ကြိမ် ကျင်းပသော 'အလုပ်သမားသမဂ္ဂ' အလုပ်အမှုဆောင်အဖွဲ့တွင် ထိုဂိုဏ်းဂဏ အဖွဲ့အစည်းများက အစွန်းရောက်ဝါဒီများနှင့် လက်တွဲ၍ 'ဘော်လ်တီမိုးအစီအစဉ်'ကို ဆန့်ကျင်မဲပေးကြ၏။

ဒေးဗစ်က မိမိဝါဒများကို ရှေ့တန်းတင်ပြီး 'ဘော်လ်တီမိုးအစီအစဉ်'ကို အတည်ပြုစေရာတွင် အတိုက်အခံပြုသော ဂိုဏ်းဂဏများအား ပါတီတွင်းမှ ထုတ်ပယ်ခဲ့၏။

သို့ရာတွင် 'တာဗင်ကိုင်း'က သမကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ခေါင်းဆောင်ငယ်များ 'ပါးလ်မတ်ချ်'မှ အရည်အချင်းအပြည့်ဆုံးအရာရှိများနှင့် ဗြိတိသျှအထောက်အပံ့ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော 'ဟာဂါနာ'အဖွဲ့အစည်းမှ ထိပ်တန်းလက်နက်ကိုင်တပ်ဖွဲ့များကို ၎င်းဘက်သို့သိမ်းသွင်းနိုင်ခဲ့၏။

ဒေးဗစ်ဘင်ဂူယန်သာ ရင်ကြားစေ့သည်ကို လက်ခံခဲ့လျှင် 'အလုပ်သမားပါတီ' (မေပိုင်)တွင် ခေါင်းဆောင်များအချင်းချင်း အကွဲအပြဲကို လွှဲရှောင်နိုင်မည်သာ နောင်နှစ်အတန်ကြာသောအခါ သည်အဖြစ်ကြောင့် ကြေကွဲဖွယ်ရာ ဝယက်ရိုက်ခဲ့၏။ သို့ရာတွင် ထိုသို့သောအချိန်က ဒေးဗစ်သည် ပါတီတွင်းမှ ဂိုဏ်းဂဏအဖွဲ့

အစည်းတစ်ခု၏ ဆန္ဒကို လိုက်လျောတတ်သူမဟုတ်ခဲ့။

'တာဗင်ကိုင်း' ကဲ့သို့သော ပါတီတွင်းမှ အရည်အချင်းပြည့် ခေါင်းဆောင်များမှာ မိမိတို့ရင်ဆိုင်နေရသည့် တကယ့်ပြဿနာကိုမှ မိမိရရ သိနိုင်စွမ်းမရှိကြ။ တကယ်ဆို ဦးစားပေးရမည်များကို စီကာစဉ်ကာ ချမှတ်ပြီး အမျိုးသားရေး အကျိုးစီးပွားကသာလျှင် ပထမဦးစားပေး ဖြစ်သင့်သည်။ လွန်ခဲ့သော နှစ်နှစ်ထောင်က အိမ်မက်မက်ခဲ့ရသည်များကို ပြန်လည်သတိရ ဆောင်ရွက်နေပုံ အကြောင်းစုံကို ဒေးဗစ် ဖော်ထုတ်ပြောသောအခါ ပြောသူကိုယ်တိုင်ပင် တုန်လှုပ်မိ၏။ သည်သို့ မိန့်ခွန်းခြွေသည်ကြောင့် အလုပ်သမားရေးရာများနှင့် ပတ်သက်၍ အတိုက်အခံများက ရင့်ရင့်သီးသီးပြောသည်ကို နားထောင်နေရ၏။

အကယ်၍ ဂျူးနိုင်ငံတည်ထောင်ရေး အကောင်အထည်ပေါ်လာပါက ပြည်သူလူထုကြောင့်မဟုတ်။ စင်စစ် အခြားသူများ ဩဇာတိက္ကမ လွှမ်းနိုင်သူ လူစာစ်စု၏ ရဲရဲဝံ့ဝံ့ အားထုတ်မှုကြောင့်သာ ဖြစ်၏။

'ဘော်လ်တီမိုးအစီအစဉ်'ကြောင့်ပေါ်ခဲ့သည့် အကွဲအပြဲမှ ရခဲ့သော ဒဏ်ရာဒဏ်ချက်သည် တော်တော်နှင့် မပျောက်ခဲ့။ အချိန်ကြာမြင့်စွာ ကုစားခဲ့ရ၏။ သို့ရာတွင် သည်အကွဲအပြဲသည် နောင်ကြိမ်ဖန်များစွာ ပေါ်လာမည့် အကွဲအပြဲများ၏ အစ ပထမသာတည်း။ နောက်တစ်နှစ် (၁၉၄၃)ခုနှစ်တွင် ဒေးဗစ်ဘင်ဂူရီယန်နှင့် ဒေါက်တာဝိုက်ဇ်မင်တို့နှစ်ဦး ပုဂ္ဂိုလ်ရေးပဋိပက္ခ ပေါ်ခဲ့ပြန်၏။

ဘော်လ်တီမိုးတွင် ညီလာခံဖွင့်ပြီးသည့်နောက် နောင်တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဒေါက်တာ ဝိုက်ဇ်မင်က တစ်ခွန်းတစ်ပါဒမှ မဟခဲ့။ သို့ရာတွင် နောက်တစ်ကြိမ် 'ကိုမိုးဒိုးဟော်တယ်'တွင် ကျင်းပသော စည်းဝေးပွဲ၌ ဝိုက်ဇ်မင်က စောင်းပါးရိပ်ခြေပြော၏။

'နိုင်ငံရေး အတတ်ပညာဆိုတာဟာ ဖြစ်နိုင်တာကိုမှ ရည်မှန်းရတယ်။ ရနိုင်၊ ယူနိုင်တာကို ကြိုတင်မြင်တယ်။ အဲဒါကို ရယူနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းကိုမှ ရွေးချယ်တယ်။ အဲဒီနည်းလမ်းကိုလည်း အလဟဿမဖြစ်စေရအောင် ကျွမ်းကျင်မှုရှိတယ်' ဟုဆို၏။

သည်ကဲ့သို့ လိမ္မာရေးခြားပြောသော စကားရပ်များက မိမိအား ရည်ညွှန်းပြောခြင်းဖြစ်ကြောင်း လွယ်လင့်တကူသိ၏။ 'စက္ကူဖြူစာတမ်း'ကို ဆန့်ကျင်တိုက်ခိုက်ရန်ကိုမူ ဒေါက်တာဝိုက်ဇ်မင်က သဘောတူ၏။ သို့ရာတွင် စိတ်ကူးယဉ်ယဉ် ဆောင်ရွက်ရမည်ကို အဆင်သင့်ပြင်ထားခြင်း အလျဉ်းမရှိ။ သွယ်သွယ်ဝိုက်ဝိုက်

ပြောနေခြင်းကိုလဲ မပြုတော့။ လက်တွေ့လှုပ်ရှားလာ၏။ လန်ဒန်သို့ ပြန်သွားပြီး ဗြိတိသျှအစိုးရနှင့် စတင်စကားပြော၏။ ပါလက်စတိုင်းသို့ ပြန်ရောက်လျှင် ဒေးဗစ်ဘင်ဂူရီယန်က ဒေါသူပုန်ထတော့၏။ သည်တစ်ကြိမ်တွင်လည်း ရာထူးမှထွက်မည်ဟု ခြိမ်းခြောက်ပြန်၏။

ဂျူးအမျိုးသား ခေါင်းဆောင်များက ဒေါက်တာဝိုက်ဇ်မင်အား ပါလက်စတိုင်းသို့သွားပြီး မိမိအမြင်များကို ဒေးဗစ်သို့ရှင်းပြရန် မေတ္တာရပ်ခံသည်။ ဝိုက်ဇ်မင်ကလည်း မပြုလိုဟု တွင်တွင်ငြင်း၏။ ဝိုက်ဇ်မင်၏ ဂုဏ်သိက္ခာက လျော့ကျလာ၏။ ဒေးဗစ်၏ဂုဏ်သိက္ခာက သင်းပျံ့၍ မြင့်တက်လာ၏။ ပါလက်စတိုင်းမှ ကိုယ်စားလှယ်တစ်ဖွဲ့က ဝိုက်ဇ်မင်နှင့်တွေ့ရန် လန်ဒန်သို့ ရေကြီးသုတ်ပျာထွက်သွား၏။ နောင်အခါတွင် ဇီယွန်အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့နှင့် ဇီယွန်ခေါင်းဆောင်၏ သဘောတူညီမှု မရဘဲလျှက် ဘယ်သောအခါမှ မလုပ်တော့ပါဟူသော ကတိရခဲ့၏။ သည်တစ်ကြိမ် သည်တစ်ခါတွင်လည်း ဒေးဗစ်က ရာဇသံ၏ တန်ခိုးအရှိန်အဝါကို အကျိုးရှိရှိ အသုံးချခဲ့ပြန်ပြီ။

ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့ အမြင်မတူ၊ သဘောကွဲကြခြင်းမှာ လူသိရှင်ကြားဖြစ်လာ၏။ သို့ရာတွင် ဒေးဗစ်က အနိုင်ရသည်ကြောင့် ကြောက်စရာမရှိ။ သည်တစ်ပွဲတွင်လည်း ဒေးဗစ်က အောင်ပွဲခံလျက် အဆုံးသတ်ခဲ့ပြီဖြစ်သော်လည်း သူ့အုပ်စုတွင်း၌ နောက်အကွဲအပြဲပေါ်လာကြောင်း အထင်အရှား လှစ်ပြသကဲ့သို့ရှိ၏။ ဝိုက်ဇ်မင်နှင့် ဖြစ်ခဲ့ရသည့် နောက်ဆုံးရန်ပွဲ၌ ဒေါက်တာဝိုက်ဇ်မင်ဘက်သို့ ခြံခုန်ခဲ့သူများတွင် 'မိုရှေရှာတော့'လည်းပါ၏။ 'ရှာတော့'သည် ဒေးဗစ်နှင့် ဝိုက်ဇ်မင်တို့ အချင်းချင်း 'ချဲ'ခဲ့သည့်ပွဲများတွင် ဒေးဗစ်ကိုသာ အစဉ်တစိုက် ထောက်ခံခဲ့သူဖြစ်၏။ နှစ်ပေါင်းများစွာ ဒေးဗစ်၏ သစ္စာရှိလက်ထောက်တစ်ဦးလည်းဖြစ်၏။ သို့ရာတွင် သည်တစ်ကြိမ်၌ 'ရှာတော့'တစ်ယောက် ဘက်ပြောင်းခဲ့ရလေပြီ။ မိမိနှင့် ဒေးဗစ်တို့ နှစ်ဦးကြား ကွဲလွဲမှုများက မမြင်မတွေ့ရပါဘဲလျက် တဖြည်းဖြည်း ကျယ်သထက်ကျယ်ခဲ့သည်မှာ နောက်ဆုံး အတော်ဝေးခဲ့၏။ သည်အတိုင်းလည်း မလွဲမသွေဖြစ်ရပေမည်။ 'ရှာတော့'သည် 'ဝိုက်ဇ်မင်'၏ အရိုက်အရာကိုဆက်ခံရမည့်သူဖြစ်လာပြန်သောအခါ ဒေးဗစ်နှင့် အမြင်မတူနိုင်တော့။

(၁၉၄၃)ခုနှစ်တွင် ဒေါက်တာဝိုက်ဇ်မင်အပေါ် အနိုင်ရခဲ့သော်လည်း ခဏသီးလှသည့် အောင်ပွဲမျှသာဖြစ်၏။ ဇီယွန်အဖွဲ့ချုပ်တွင် ဒေးဗစ်၏နေရာက အခြေခိုင်ခဲ့ပြီဖြစ်သောကြောင့် 'ရှာတော့'သည် ဒုက္ခပေးနိုင်သော မဟာမိတ်တစ်ဦး

သို့မဟုတ် ရုံဖန်ရံခါ ထိုထက်ပင် ဆိုးဆိုးရွားရွားဖြစ်လာသည်ဟုဆိုမှ မှန်ပေမည်။

ဒေးဗစ်ဘင်ဂူရီယန် ရင်ဆိုင်ရမည့်တကယ့်ရန်သူက တတိယအကြိမ် ပဋိပက္ခဖြစ်သည့်အခါမှ ဘွားကနဲပေါ်လာခဲ့သည်။ သေရေးရှင်ရေးတမျှ အားတိုက်ခွန်တိုက် ဆော်ခဲ့၊ နှက်ခဲ့ရသည်။ တတိယအကြိမ် ပဋိပက္ခများတွင် ကြောက်စရာ အကောင်းဆုံး ရှက်ဖွယ်လိလိအဖြစ်ဆုံး . . .။ အကြိတ်အနယ် ဆော်ပွဲ၊ နှက်ပွဲများတွင် သည်ပွဲက ဘယ်ပွဲနှင့်မျှမနှိုင်းအပ်။ အပြင်းထန်ဆုံးဖြစ်၏။ တစ်ဘက်နှင့် တစ်ဘက် သိက္ခာချခြင်း၊ အကြမ်းဖက်လာခြင်းနှင့် အမုန်းစိတ်ပွားခြင်းများတို့ ဆုံဆည်းခဲ့ရသည့်ပွဲ။ သည်ပွဲတွင် တစ်နည်းနည်း ပါဝင်ပတ်သက်ခဲ့သူများက ပြန်လည်သတိရမိမည်ကိုပင် မကြိုက်ကြ။ မမေ့နိုင်သူများက သည်အဖြစ်ပေါ်ရာ အချိန်ကို 'အမဲလိုက်တဲ့ကာလ'ရယ်လို့ ရည်ညွှန်းပြောတတ်၏။ လူသားကို အမဲအဖြစ် သဘောထားပြီး သဲကြီးမဲကြီးလိုက်ကာ ဆော်ကြ နှက်ကြသည့်ကာလ။

အမဲလိုက်သူရော သားကောင်ဖြစ်ရသူများမှာ ဂျူးလူမျိုးချည်း၊ မျိုးချစ်များချည်း သက်သက်ဖြစ်၏။ အားလုံးသောသူများက လွတ်လပ်ရေးတည်းဟူသော တူညီသော ရည်မှန်းချက်အတွက် ကွဲပြားခြားနားသော နည်းလမ်းများဖြင့် သစ္စာရှိရှိ ဆောင်ရွက်နေကြသူများဖြစ်၏ သဲကြီးမဲကြီးများဖြင့် အမဲလိုက်သူများက 'ဟာဂါနာ' အဖွဲ့အစည်းဝင်များဖြစ်၏။ သားကောင်အဖြစ် အလိုက်ခံရသူများကမူ အထူးသဖြင့် လျှို့ဝှက်အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော 'လီဟီး'နှင့် 'အတ်ဇယ်လ်'အဖွဲ့ဝင်များတည်း။ အခြား အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများပါ၏။

(၁၉၄၄)ခုနှစ်၊ ဇန်နဝါရီ ညတစ်ည။ သူပုန်ထကြရန် ပြည်သူလူထုအား တပ်လှန့်နှိုးဆော်သည့် ပိုစတာများ နံရံများတွင်ပေါ်လာ၏။ ပိုစတာများကို 'အတ်ဇယ်လ်'အဖွဲ့ဝင်များကပ်ခြင်းဖြစ်သည်။ 'အတ်ဇယ်လ်'အဖွဲ့အစည်းက ဗြိတိသျှတို့နှင့် အတိုက်အခိုက်ရပ်စဲရန် သဘောတူထားကြ၏။ သို့ရာတွင် ဥရောပတွင်ရှိနေသော ဂျူးလူမျိုးများ၏ ကြေကွဲဖွယ်ရာဖြစ်ရပ်များနှင့် စစ်ကြီးပြီးလျှင်လည်း ပါလက်စတိုင်း ကံကြမ္မာက မည်သို့မည်ပုံဖန်လာမည်ကို မသေချာ မရေရာသည့်ကြောင့် ထိုပုဂ္ဂိုလ်များကို အကြမ်းဖက်လုပ်ငန်းဆီသို့ တွန်းပို့သကဲ့သို့ရှိ၏၊ ထိုသူများက အကြမ်းဖက်လုပ်ရပ်သည်သာ နိုင်ငံရေးလက်နက်ဖြစ်သည်ဟု ယုံကြည်လက်ခံထားသူများတည်း။ သွေးထွက်သံယိုမှုများ မပေါ်စေရလေအောင် ဟန့်တားပိတ်ပင်ခဲ့သူ ခေါင်းဆောင် 'ဂျာဘိုတင်စကီး'လည်း လူ့ပြည်တွင်မရှိတော့။ 'အတ်ဇယ်လ်'က ခေါင်းဆောင်သစ်တစ်ယောက်ကို တင်မြှောက်ခဲ့သည်။ 'မီနာဟမ်ဘီဂင်း'

( Menahem Begin ) တို့။ (ယခု အစ္စရေးနိုင်ငံဝန်ကြီးချုပ်) ဗြိတိသျှ အာဏာပိုင်များကလည်း 'ဘီဂင်း'ကို ကြိုးကိုင်ဖို့ ကြိုးစားရာ တစ်ကြိမ်မျှ မအောင်မြင်ခဲ့။ 'ဘီဂင်း'က ပုံသဏ္ဍာန်အမျိုးမျိုးပြောင်း၊ ပုန်းကွယ်ရာအရပ်ကိုလည်း ကြိမ်ဖန်များစွာ ပြောင်းနိုင်ခဲ့၏။ 'ဘီဂင်း'တို့ သူ့နောက်လိုက်များ 'ဟီးရိုး'ဟု သတ်မှတ်ခဲ့ကြသည်။

စစ်ကြီးဖြစ်နေသောကာလတွင် ယခုလို ဗြိတိသျှတို့အား အကြမ်းဖက်တုန်ကန်ခြင်းသည် စင်စစ် မှန်ကန်သောကုစားခြင်းမဟုတ်။ ဟစ်တလာ၏ရန်သူဗြိတိသျှအား နောက်ကျောဓါးနဲ့ထိုးသလိုဖြစ်၏။ 'အတ်ဇယ်လ်'အဖွဲ့က ပါလက်စတိုင်းတစ်ပြည်လုံး ဝရုန်းသုန်းကားဖြစ်စေအောင် ဖန်တီးပြီး ပါလက်စတိုင်းနိုင်ငံအား လွတ်လပ်ရေးပေးရန် တောင်းဆိုသည်။ ဗြိတိသျှတို့အပေါ် အဖျက်လုပ်ငန်းများကိုလည်း လုပ်၏။ တစ်ချိန်တည်းမှာပင် အာရပ်တို့ကိုလည်း တိုက်သည်။ မိမိတို့အကြမ်းဖက်အုပ်စု ရံပုံငွေအတွက် ဘဏ်များကိုပါ လုယက်တိုက်ခိုက်သည်။ 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့ဝင်များကိုလည်း အမျိုးမျိုးအဖုံဖုံ ခြိမ်းခြောက်သည်။

တဖန် 'လီဟီး'အဖွဲ့ကပါ အကြမ်းဖက်လုပ်ငန်း စနေ၏။ ဇီယွန်ဆန့်ကျင်ရေး သဘောထားကြောင့် လူသိများသူ 'လော့ဒ်မွိုင်နီး'သည် (၁၉၄၄)ခုနှစ်၊ နိုဝင်ဘာလ၊ (၆)ရက်နေ့တွင် ကိုင်ရိုမြို့ (အီဂျစ်)၌ လုပ်ကြံခံရ၏။

ဒေးဗစ်ဘင်ဂူရီယန်က သည်သို့သော အကြမ်းဖက်လုပ်ရပ်များကို ပြောင်ပြောင်ကြီး ဆန့်ကျင်သည်။ အကြမ်းဖက်လုပ်ရပ်များကို ဖြစ်နိုင်သည့်နည်းလမ်းပေါင်းစုံဖြင့် ရပ်တန့်ပျောက်ကွယ်စေရမည်ဟု သူက အတိအလင်း ကြေငြာသည်။ သို့တစေ ဒေးဗစ်ကိုယ်တိုင် တစ်ချိန်က အကြမ်းဖက်လက်နက်ကို ဆွဲကိုင်ရန် စဉ်းစားခဲ့ဖူး၏။ (၁၉၃၉)ခု လန်ဒန်ညီလာခံတွင် အကျိုးပျက်စီးခဲ့သည့် အဖြစ်နှင့်ကြုံဆုံခဲ့ပြီးနောက် မိမိရော၊ အခြားသူများပါ အကြမ်းဖက်လုပ်ရပ်ကို နိုင်ငံရေးလက်နက်အဖြစ် အသုံးမပြုဝံ့တော့ဟု စိတ်ဝယ်စွဲမှတ်မိလာသည်။ စစ်ကြီး ဖြစ်လာပြန်တော့လည်း အကြမ်းဖက်လုပ်ရပ် လုပ်လိုခြင်းကို လက်လွှတ်ခဲ့၏။ နာဇီတို့ကို ဆန့်ကျင်ပြီး ဗြိတိသျှတို့ဘက်မှ ရပ်ရန်ဆုံးဖြတ်ခဲ့၏။

မိမိဆုံးဖြတ်ချက်ကို ဒေးဗစ်က မယိမ်းမယိုင် စွဲစွဲမြဲမြဲလက်ကိုင်ပြု၏။ စစ်ကြီးပြီးလျှင် လွတ်လပ်သော ဂျူးနိုင်ငံပြဿနာကို ဗြိတိသျှတို့ရှေ့ဝယ် တင်ပြနိုင်သောနေ့ ရောက်လာစရာရှိ၏။ အကယ်၍ ဗြိတိသျှတို့က တူးတူးခါးခါးငြင်းခဲ့လျှင် လက်နက်စွဲကိုင်စစ်ပြုရသည့် နည်းလမ်းသို့ လှည့်ရပေလိမ့်မည်။ ယခုတော့ အချိန်စောနေသေး အခါမသင့်သေး။ အခြားသောခေါင်းဆောင်တစ်ဦးကမူ အကြမ်းဖက်

လုပ်ရပ်များကို လက်ပိုက်ကြည့်နေပြီး အဟန့်အတားလုပ်ရန် အားမထုတ်ခဲ့။ ဒေးဗစ်ကမူ မိမိလမ်းစဉ်ကို ဆန့်ကျင်အတိုက်အခံပြုသူများအား မည်သို့မည်ပုံ ကိုယ်တွယ်ရမည်ကို ကောင်းစွာသိ၏။ ထိုသည်ကား အတိုက်အခံမှန်သမျှ ဖိနှိပ်ဖျက်ဆီးပစ်ရမည်တည်း။ သို့ရာတွင် ပထမခြေလှမ်းအဖြစ် မိမိ၏လက်ထောက် 'မိုရှေ'မှတစ်ဆင့် ဗဟိုအာဏာပိုင်များ၏အမိန့်ကို အတိုက်အခံပြုသည့် အဖွဲ့အစည်းများကနာခံစေ၏။ အတိုက်အခံများက နာခံရန်ငြင်းသောအခါမှ မကြင်မနာတိုက်ရန် ကြေငြာတော့သည်။

(၁၉၄၄)ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ အတိုက်အခံအဖွဲ့အစည်းများကို စစ်ကြေငြာသည့်အမိန့်ကို ထုတ်ပြန်သည်။ ကန့်သတ်ဖြန့်ဝေရန်အတွက် လျှို့ဝှက်ထုတ်ပြန်သောအမိန့်မျိုးမဟုတ် လူသိရှင်ကြားဖြစ်စေရန်နှင့် ပါလက်စတိုင်းနေဂျူးတို့အတွင်း ပျံ့နှံ့စေရန်အတွက် အလုပ်သမားသမဂ္ဂ၏ နှစ်စဉ်ကျင်းပမြဲ ညီလာခံတွင် မိန့်ခွန်းခြွေခဲ့ခြင်းတည်း။ တိုတိုတုတ်တုတ် ပြတ်သားတိကျသော အသုံးအနှုန်းဖြင့် စားပွဲကို လက်သီးဖြင့် ထုကာ ထုကာ အကြမ်းဖက်ဂိုဏ်းများအား ဆန့်ကျင်သော အချက် (၄)ချက်ပါ အစီအစဉ်ကို ထုတ်ဖော်တော့၏။

၁။ အကြမ်းဖက်သမားများအား အကူအညီပေးသူများအား မိမိတို့အလုပ်မှ ထုတ်ပယ်ရန်။

၂။ ၄င်းတို့အား နေရာထိုင်ခင်းမပေးရန်။

၃။ အကြမ်းဖက်သမားများက ခြိမ်းခြောက်သည်ကို ရင်ဆိုင်ရသော်လည်း မလိုက်လျောရန်။

၄။ အကြမ်းဖက်မှုများ ပျောက်ကွယ်စေရေးကိစ္စတွင် ဗြိတိသျှရဲများ၊ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

'ပူးပေါင်းဆောင်ရွက်ရန်' ဟူသော စကားအသုံးအနှုန်းမှာ ခါးခါးသီးသီးဖြစ်ကျန်ရစ်၏။ သို့ရာတွင် ခါးသီးသည်ပဲဖြစ်ဖြစ်၊ အကြမ်းဖက်သမားများကို လာမည့်လများတွင် ပြတ်ပြတ်သားသား စစ်ခင်းရပေမည်သာ။ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့ဝင် 'ကွန်မန်ဒို'များက နိုင်ငံတစ်ဝှမ်းရှိ အတိုက်အခံဆန့်ကျင်သူ မှန်သမျှကို ဖျက်ဆီးချုပ်နှောင်သည်။ အချို့သောဖြစ်ရပ်များတွင် အကြမ်းဖက်သမား များက ရက်ရက်စက်စက် ပြန်လည်ကလဲ့စားချေသည်လည်းရှိ၏။ 'အတ်ဇယ်လ်'နှင့် 'လီဟီး' အဖွဲ့ခေါင်းဆောင်အများအပြားသည် အချုပ်ခန်းတွင်း၌ အချိန်ကြာမြင့်စွာ အကျဉ်းခံကြရသည်။ 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့က အကြမ်းဖက်သမားများ

ဦးရေစာရင်း လိပ်စာနှင့် နာမည်ဝှက်များကို ဗြိတိသျှရဲတပ်ဖွဲ့သို့ပေးခဲ့၏။

သည်ဖြစ်ရပ်က ဂျူးလူမျိုးတို့အဖို့ တကယ့်အိပ်မက်ဆိုးကြီးဖြစ်၏။ သည်ဖြစ်ရပ်မှရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များက ယနေ့တိုင် ကုစား၍မပျောက်သေး။ ဒေးဗစ်သည် အကြမ်းဖက်သမားများ၏ 'ချဉ်ဖတ်'ဖြစ်လာ၏။ သည် ပြည်တွင်းစစ်၏ စက်ဆုပ်စရာ ထိတ်လန့်စရာများနှင့် အသေးစိတ်ဖြစ်ရပ်များကို မသိနိုင်ပေမယ့် ဒေးဗစ် လုံးလုံးလျားလျားတာဝန်ယူသည်။

ထိုစဉ်ကဖြစ်ရပ်ကို ယခုအချိန်မှ ပြန်လည်သုံးသပ်ရလျှင် ဒေးဗစ်က မှန်ကန်သောလမ်းစဉ်အတိုင်း ဆောင်ရွက်ခဲ့သည်ဟုဆိုလျှင် မှန်၏။ ဂျူးနိုင်ငံတည်ထောင်ရေးအတွက် ဒေးဗစ်ကိုယ်တိုင်ချမှတ်ထားသော မူဝါဒများကိုပင် ဟန့်တားပိတ်ပင်ရာလည်းကျသည်။ အန္တရာယ်ပြုရာလည်းကျသည်။ အကြမ်းဖက်လုပ်ရပ်ကို နှိပ်ကွပ်ရမည်မှာမလွဲ။

သို့သော် . . . သို့သော်

သည် 'ရာသီ'တွင် ပါဝင်ပတ်သက်ခဲ့သူ မည်သူမဆို၊ အမဲလိုက်သူပဲဖြစ်ဖြစ်၊ အမဲသားကောင်သဖွယ် အလိုက်ခံရသူပဲဖြစ်ဖြစ်၊ သည်ဖြစ်ရပ်များကို ပြန်လည်သတိရစေမည်ကိုမူ မလိုလားကြ။

ဒေးဗစ်က ပါလက်စတိုင်းဂျူးများကိုပင် အခြေက ကိုင်လှုပ်ခဲ့သော ဆက်ခါဆက်ခါဖြစ်ခဲ့သည့် ပဋိပက္ခများမှ တတိယအကြိမ် အောင်ပွဲခံရပြန်ရပြီ။ သို့ရာတွင် သည်တစ်ကြိမ်အောင်ပွဲက ဝမ်းနည်းကြေကွဲစရာကောင်းသော အောင်ပွဲပါ။ ပါလက်စတိုင်းနေ ဂျူးများက ဟစ်တလာဆန့်ကျင်တိုက်ခိုက်ရေးတွင် အကူအညီပေးနိုင်ခဲ့၏။ အကြမ်းဖက်မှုများကို နှိပ်ကွပ်ခဲ့သည်။ အကြမ်းဖက်မှုက တစ်နိုင်ငံလုံးကို မင်းမဲ့အခြေအနေသို့ တွန်းပို့နိုင်စွမ်းရှိ၏။ ပါလက်စတိုင်းနေ ဂျူးများက အခြေခိုင်ခိုင်နှင့် မားမားမတ်မတ်ထွက်ပေါ်လာပြီး လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ဆက်လက်ဆောင်ရွက်နိုင်စွမ်းရှိ၏။

သို့ရာတွင် အိမ်တွင်းရေးအချင်းချင်း ပဋိပက္ခဖြစ်မှုများ၊ အကျပ်အတည်းဖြစ်ရပ်များက လူတို့၏စိတ်တွင် နာကြည်းစရာများရှိခဲ့သည်။ ပြိုင်ဖော်ပြိုင်ဖက်များပေါ်ခဲ့သည်။ အမုန်းစိတ်များပွားခဲ့သည်။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## နိုင်ငံကြီးများက ဝင်စွက်ပြန်

(၁၉၄၅)ခုနှစ်၊ မေလ (၈)ရက်နေ့။

နွေဦးကာလရောက်တော့မည်မို့ ယနေ့ လေဝယ်သင်းတပျံ့ပျံ့။ နွေဦးကာလ လန်ဒန်မြို့တော်သည် ဥရောပအခြားဒေသများကဲ့သို့ သဘာဝရာသီနှင့် နိုင်ငံများ၊ အနာဂတ်အတွက် မျှော်လင့်ချက်ကြီးများနှင့် ခေတ်သစ်နိဒါန်း အစပျိုးပေပြီ။ ဥရောပတွင် စစ်ကြီးနိဂုံးချုပ်ခဲ့ပြီ။ မျှော်မှန်းရော်ရမ်းခဲ့သည်များလည်း တကယ်ဖြစ်လာပေတော့မည်။

ဒေးဗစ်ဘင်ဂူရီယန်က လန်ဒန်မြို့ရှိပြင်ဆင်ထားသော အခန်းကျဉ်းပြတင်းပေါက်မှ အပျော်ကြီးပျော်နေသော လန်ဒန်မြို့ လူထုကို ကြည့်နေမိသည်။ နေ့စဉ်မှတ်တမ်းတွင် အနည်းအကျဉ်းသာ ရေးခြစ်ထားသည်။

'အောင်ပွဲခံတဲ့နေ့၊ စိတ်ပျက်စရာ တကယ့်ကိုစိတ်ပျက်စရာပါ' တဲ့။

စင်စစ် သည်အောင်ပွဲက ဒေးဗစ်နှင့် မိမိလူမျိုးအတွက် အောင်ပွဲမဟုတ်။ စစ်ကြီးကာလအတွင်း ဂျူးလူမျိုး ၆-သန်း အသက်ဆုံးရှုံးခဲ့ရသည်။ အခြားအခြားသော လူမျိုးထက် ဂျူးလူမျိုးများက ဒုက္ခအတွေ့ဆုံး။ ဂျူးလူဦးရေ သုံးပုံတစ်ပုံကျော်မှာ နာဇီတို့၏ အကျဉ်းစခန်းများတွင် မရှုမလှသေခဲ့ရ၏။ အခြားအခြားသောလူများက စစ်ယန္တရားကြီးမှဖြုတ်လိုက်ပြီး၊ ကိုယ့်အိမ်ကိုယ့်ယာသို့ ပြန်ကြ၏။ သို့ရာတွင်

ဂျူးလူမျိုးများအတွက်မူ ပြန်စရာနေအိမ်မရှိ။ ပါလက်စတိုင်းကလည်း ဂျူးတို့ကို တံခါးပိတ်ထားချေပြီ . . .။

ဇိယွန်အဖွဲ့သားများနှင့် ဂျူးနိုင်ငံတည်ထောင်ရေးအတွက် ယနေ့တိုင် မျှော်မှန်းနေသူများအဖို့ တကယ့်စစ်က ယခုမှစပေမည်။

ပြတင်းပေါက်မှရပ်ကြည့်ရင်း ဒေးဗစ်က မကြာမတင် ပေါ်ပေါက်လာမည့် ခုန်းကန်မှုများနှင့် တိုက်ရခိုက်ရမည်များကို စဉ်းစားတွေးတောနေမိသည်။ သူ့အဖို့ အမြဲတစေ သည်သို့သာဖြစ်ပေမည်။ အခြားသူများက ပျော်ကြပါးကြ ဝမ်းသာနေကြ ခိုက် သူတစ်ယောက်က ဝမ်းနည်းကြေကွဲလျက် ဂဏှာမငြိမ်ဖြစ်နေ၏။ အခြားသူများ က မျက်မှောက်အောင်ပွဲကို တွေးတောနေချိန်တွင် ဒေးဗစ်တစ်ယောက်က ရှေ့တွင် ဖြစ်ရမည့်တိုက်ပွဲကို စိုးရိမ်ပူပန်နေမိသည်။

ဒေါက်တာပိုက်ဇ်မင်လည်း ဇရာထောင်းလာပြီ။ ခွဲစိတ်ကုသမှုကို တစ်ခါ ပြီးတစ်ခါ ခံနေရ၏။ 'အိုမင်းမစွမ်းရှိတာဟာ သဘော်ပျက်သလိုပါပဲလား'ဟု တစ်ဦးသောသူကဆို၏။ ဒေးဗစ်၏ ရင်းနှီးသော မိတ်ဆွေရောင်းရင်း 'ဘာလ်ကက်ဇီ နယ်လ်ဆင်'လည်း လွန်ခဲ့သော လအနည်းငယ်က လေဖြတ်၍ကွယ်လွန်ခဲ့ပြီ။ သည်သတင်းကိုကြားသော် ဒေးဗစ်က မေ့ပင်မေ့သွား၏။ အလုပ်သမားသမဂ္ဂမှ ထက်မြက်သော ခေါင်းဆောင်တစ်ဦးဖြစ်သည့် 'ဒါဝ်ဟော့ဇ်'သည်လည်း ကားတိုက်မှု ဖြင့် သေဆုံးခဲ့၏။ 'အီလီယဟုရီလော့ဇ်'လည်း မရှိတော့ပြီ။

အမေရိကန် ဂျူးအဖွဲ့အစည်းသည်လည်း ပုဂ္ဂိုလ်ရေးပြိုင်ဆိုင်မှုများ ဆန့်ကျင်ဘက် ဩဇာလွှမ်းမှုများကြောင့် ကွဲခဲ့ပြဲခဲ့ပြီ။ ဥရောပမှ ဂျူးများလည်း တုန်လှုပ်မတက် အသတ်ခံခဲ့ရပြီ။ အသက်မသေကျန်ရစ်သူ အများအပြားသည်လည်း အရှေ့ဥရောပနိုင်ငံများတွင် ပိတ်မိနေပေမည်။ ပါလက်စတိုင်းနေဂျူးများ စစ် အခြေအနေသည်လည်း ရှုပ်ရှုပ်ထွေးထွေး။ (၁၉၄၄)ခုနှစ်၌ 'အလုပ်သမားပါတီ' (မပိုင်)တွင်လည်း ကွဲပြန်၏။ ဒေးဗစ်က လိမ္မာပါးနပ်စွာဖြင့် ပါတီမဲ့ဆိုရှယ်လစ် အုပ်စုအား မိမိဘက်သို့ သိမ်းသွင်းစည်းရုံးနိုင်ခဲ့သော်လည်း လုပ်သားအစည်းအရုံး ကြီး၏လုပ်ငန်းများ အားပျော့ခဲ့၏။

ထိုအခိုက်တွင် အာရပ်ကမ္ဘာက အင်အားစုစည်းမိလေပြီ။ ကိုင်ရိုမြို့တွင် အရှေ့အလယ်ပိုင်းဒေသမှ အာရပ်ခေါင်းဆောင်များက စုရုံး၍ 'အန်ထော်နီအီဒင်' ( Anthony Eden ) ၏ရှေ့မှောက်တွင်ပင် 'အာရပ်အဖွဲ့ကြီး' ( Arab League ) ကို အုတ်မြစ်ချခဲ့၏။ 'ဒါမတ်စကပ်မြို့' (ဆီးရီးယားနိုင်ငံ)နှင့် 'ဘီရွတ်မြို့တော်'

(လက်ဘနွန်နိုင်ငံ)တို့တွင် ဆင်နွှဲသော အောင်ပွဲခံအခမ်းအနားများသည်လည်း ဂျူးဆန့်ကျင်ရေး အဓိကရှုထောင့်ဖြင့် အဆုံးသပ်ခဲ့၏။ ဆော်ဒီအာရေဗျ ဘုရင်ကလည်း အပေါင်းအသင်းမိတ်ဆွေများအား အမေရိကန်က ဂျူးဆန့်ကျင်ရေးအတွက် အာရပ်တို့ကို အကူအညီပေးလိမ့်မည်ဟုသာ တီးတိုးပြောနေ၏။

သို့ရာတွင် အခြေအနေအရပ်ရပ်က မျှော်လင့်ချက်ကင်းမဲ့သည်တော့ မဟုတ်။ ဗြိတိသျှထောက်လှမ်းရေးဌာနကြီးမှ အရာရှိကြီးတစ်ဦးက 'ယော်လ်တာ ကွန်ဖရင့်'တွင် ကြီးသုံးကြီးခေါင်းဆောင်များက ပါလက်စတိုင်းတွင် ဂျူးနိုင်ငံ ထူထောင်သင့်သည်ဟုဆုံးဖြတ်ကြောင်း၊ ဒေးဗစ်ကို နှစ်ကိုယ်ကြားပြောထား၏။ ချာချီက နယ်မြေခွဲခြားရေးအစီအစဉ်ကို လေ့လာနေသည်ဟုဆို၏။ ယောလ်တာမှ အပြန်တွင် သမ္မတရူးစဘဲ့လ်က အမေရိကန်ဂျူးအဖွဲ့မှ ခေါင်းဆောင်တစ်ဦး ဖြစ်သော 'စတီဗင်ဝိုက်စ်'အား သို့ကလို ပြောခဲ့၏။

'ခင်ဗျားတို့ကို စတာလင်က ဆန့်ကျင်တယ်လို့ဆိုတာ အခြေအမြစ်မရှိပါ ဘူး။ စတာလင်လဲ ကျုပ်တို့ဘက်ကပါပဲ။ ချာချီကလဲ နိုင်ငံတည်ထောင်ဖို့ သဘော တူတယ်' ဟူသတည်း . . .။

စတုတ္ထအင်အားကြီးနိုင်ငံအဖြစ် ဒေးဗစ်က 'ဒီဂေါလ်' (ပြင်သစ်)၏ ထောက်ခံမှုကိုရလိမ့်မည်ဟု ယုံကြည်ပြီးသား။ စစ်ကြီးအတွင်းက 'ဒီဂေါလ်'၏ ကိုယ်စားလှယ်များက လက်ဘနွန်နိုင်ငံတွင်းနေထိုင်ကြသော ဆီးရီးယားမှ ခရစ်ယာန် ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် 'မာရွန်နိုက်စ်'ခေါင်းဆောင်များနှင့် အဆက်အသွယ် ပုပ်သည်။ 'မာရွန်နိုက်စ်'တို့ကလည်း မိမိတို့လူနည်းစုအတွက် သီးခြားလွတ်လပ် သော နိုင်ငံကို လိုချင်ကြသည်။ မိမိတို့နှင့် နယ်ချင်းစပ်လျက် အိမ်နီးချင်းနိုင်ငံအဖြစ် ဂျူးနိုင်ငံကို ရှိစေလိုသောဆန္ဒရှိ၏။ ဂျူးနိုင်ငံနှင့် ခရစ်ယာန်နိုင်ငံတို့ နှစ်နိုင်ငံပူးပေါင်း၍ ကျယ်ပြန့်သော အာရပ်တို့ကို အံတုဆန့်ကျင်ရန်ဖြစ်၏။

'မာရွန်နိုက်စ်'တို့ကလည်း ပြင်သစ်တို့ထံမှ ထောက်ခံမှုရမည်ဟု ယုံကြည် ထား၏။ သို့ရာတွင် (ဟစ်တလာသစ္စာတော်ခံ) 'ဗစ်ကီ' ( Vichy ) အစိုးရအဖွဲ့မှ မဟုတ် . . . ဒီဂေါလ်၏ 'လွတ်လပ်သော ပြင်သစ်အဖွဲ့'ထံမှ ဖြစ်၏။ နောင်သော အခါ 'ဒီဂေါလ်'က ပါလက်စတိုင်းသို့ အလည်အပတ်ရောက်လာသောအခါ များစွာ သဘောကျအားရမိသည်။

လအတန်ကြာသော် ဒေးဗစ်က 'ဂျော့ဘီဒေါ့လ်' (George Bidault) နှင့်တွေ့ရန် ပဲရစ်မြို့သို့သွားသောအခါ 'ဂျော့ဘီဒေါ့လ်'က'ဒေးဗစ်'ကို ယုံယုံ

ကြည်ကြည်ဖြင့် ပြောပြခဲ့၏။

'ဘီဗင်း' ( **Bevin** ) နဲ့တွေ့ဖို့ ကျုပ်လန်ဒန်သွားတုန်းက၊ ဒီဂေါလ်က ကျုပ်ကို ပြောတယ်။ 'ကျုပ် ပါလက်စတိုင်းကိုရောက်ခဲ့တယ်။ ဂျူးလူမျိုးတွေသာ အဲဒီတိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်မယ့်သူတွေပဲလို့ ဘီဗင်ကို ပြောလိုက်စမ်းပါ' တဲ့။

အားတက်ဖွယ်ရာ ကောလဟာလသတင်းများ တိုးတိုးတိတ်တိတ်ပေးသောကတိများ၊ စသည့် ယုံတမ်းစကားများကိုသာ ဘာများအားထားစရာရှိမှာလဲ . . . ။

(၁၉၄၂)ခုနှစ်တွင် ကျင်းပသော 'ကဖားဗစ်ကိုင်း'ညီလာခံတွင် ဒေးဗစ်ဘင်ဂူရီယန်က အဆိုပြုခဲ့၏။ ယင်းအဆိုကို ဝိုင်းဝန်းဝေဖန်ပြစ်တင်ကြ၏။

'ဘယ်သူတစ်ဦးတစ်ယောက်ကမှ ကျုပ်တို့နိုင်ငံကို တည်ထောင်ပေးလိမ့်မည်မဟုတ် . . . ။ ဂျူးနိုင်ငံရဖို့အတွက် ကျုပ်တို့တတွေကိုသာ အားကိုးရလိမ့်မယ် . . . 'တဲ့။

ဒေးဗစ်က နိုင်ငံတကာညီလာခံများကို ကျော်လွှန်ခဲ့ပြီး ရှေ့ကိုကြိုမြင်သည်။ လက်နက်များသည်သာလျှင် နောက်ဆုံး၌ နိုင်ငံ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးပေလိမ့်မည်။ သည်လက်နက်များကို မရမနေဖြစ်အောင် ရယူရမည်။

(၁၉၄၅)ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့။

ဒေးဗစ်ဘင်ဂူရီယန် တစ်ယောက် နယူးယောက်မြို့သို့ ရောက်လာ၏။

ဇူလိုင်လ (၁)ရက်နေ့ ဂျူးလူမျိုး သန်းကြွယ်သူဌေးကြီး နှစ်ဆယ်ယောက်ခန့်က နယူးယောက်မြို့၊ အရှေ့ - ၅၇ လမ်း၊ အမှတ် - ၄၅၅ တိုက်ခန်းတွင် စုရုံးကြ၏။ ပူးပေါင်းကြံစည်မှုတစ်ရပ်ကို ရဲရဲဝံ့ဝံ့ချမှတ်ကြ၏။ ဒေးဗစ်က သွယ်သွယ်ဝိုက်ဝိုက် ပြောမနေတော့ဘဲ ပြောင်ချပြ၏။ မကြာမတင်မှာပင် သို့မဟုတ် ချက်ချင်းလက်ငင်းဆိုသလို ပါလက်စတိုင်းမှ ဂျူးလူမျိုးများသည် မိမိတို့ ဘဝရပ်တည်ရေးအတွက် များပြားလှသော အာရပ်လက်နက်ကိုင်တပ်များအား လက်နက်စွဲကိုင်တိုက်ရပေလိမ့်မည်။ ပေါ်ပေါက်လာတော့မည့် ဂျူးနိုင်ငံသည် လက်နက်ထုတ်စက်ရုံလိုအပ်ပေမည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုက မိမိတို့လက်နက်ထုတ်စက်ရုံများကို ပိတ်တော့မည်။ ယင်းစက်ပစ္စည်း အလုပ်ရုံများကို ဈေးချိုချိုနှင့် ရောင်းချပေလိမ့်မည်။ သည်အခွင့်အရေးကို ယခုပင် ယူလိုက ယူစေတော့။ နောက်မှဆိုရနိုင်တော့ . . . ။ သို့ရာတွင် ငွေက ဒေါ်လာသန်းချီ၍ လို၏။

ဒေးဗစ်က သုံးနာရီကြာမျှ စကားပြောသည်။ ပြီးလျှင် ဒေးဗစ်၏ လက်ထောက်အရာရှိများ 'ကပ္ပလင်' ( **Kaplan** ) နှင့် 'ရှိလော့ချ်'တို့က အရှေ့အလယ်ပိုင်း၏ နိုင်ငံရေးအခြေအနေ ငွေရေးကြေးရေးပြဿနာများကို သုံးသပ်ပြ၏။ စည်းဝေးပွဲက ညနေ ၅-နာရီထိကြာ၏။ စည်းဝေးပြီး၍ ခန်းမကြီးမှမထွက်မီ စည်းဝေးပွဲတက်ရောက်သူများက ဒေးဗစ်၏ အစီအစဉ်များကို လုံးလုံးလျားလျား ထောက်ခံကြသည်။ 'ဆွန်းဘွန်းသိပ္ပံဋ္ဌာန'ဟူသော နာမည်ကိုဆောင်ပြီး လျှို့ဝှက်အဖွဲ့အစည်းတစ်ခုကို တည်ထောင်သည်။

နောက်လများတွင် အဆိုပါအဖွဲ့မှ ဂျူးလူမျိုး (၁၈)ဦးက 'သိပ္ပံဋ္ဌာန'အတွက် ဒေါ်လာသန်းပေါင်းစွာရသည်ထိ စုဆောင်းပေးနိုင်ခဲ့သည်။ ပထမဆုံးရသောငွေတစ်သန်းကို အကြီးစားစက်မှုလက်မှုလုပ်ငန်းများအတွက် အသုံးချသည်။

စစ်ကြီးပြီးသည်နှင့် အမြူးနေကြချိန်တွင် အမေရိကန်ပြည်ထောင်စုက စစ်လက်နက်ပစ္စည်းများကို လက်လွတ်စပယ်ရောင်းချင်တိုင်းရောင်းနေ၏။ ဝယ်သူက မည်သူမည်ဝါဖြစ်သည်ကိုပင် အမှုမထား။ စက်ပစ္စည်းများကို အပိုင်းပိုင်းဖြုတ်၍ သေတ္တာကြီးများတွင်ထည့်ကာ စက်မှုလုပ်ငန်းအတွက် စက်ပစ္စည်းများအဖြစ် ပါလက်စတိုင်းသို့ သင်္ဘောဖြင့်ပို့ခဲ့၏။ ဗြိတိသျှအာဏာပိုင်များကလည်း အဖြစ်မှန်ကိုမသိ . . .။ ပြည်တွင်းသို့ပို့သည်ကို ခွင့်ပြုခဲ့ပြန်သည်။ လွတ်လပ်ရေးကြေငြာသောအခါ သည်စက်ပစ္စည်းများဖြင့် အစ္စရေးတပ်မတော်အတွက် အပေါ့စားလက်နက်များကို ထုတ်လုပ်၏။

ဒေးဗစ်ဘင်ဂူရီယန်က (၁၉၄၅)ခုနှစ်၊ ဇူလိုင်လ (၁)ရက်၊ စည်းဝေးပွဲ သဘောသဘာဝနှင့် ပတ်သက်၍ သူ့နေ့စဉ်မှတ်တမ်းတင်စာအုပ်တွင် မဖော်ပြမိခဲ့၊ စည်းဝေးပွဲတက်ရောက်ခဲ့သူများ၏အမည်များကိုသာ မှတ်တမ်းတင်ထား၏၊ ပြီးတော့ ဆက်လိုက်သေး၏။

'အမေရိကန်ပြည်ထောင်စုမှာ ကျင်းပခဲ့တဲ့ အကောင်းဆုံး ဇီယွန်ညီလာခံပါပဲ'တဲ့။

အင်္ဂလန်နိုင်ငံသို့ 'ကွင်းအဲလိဇဘက်' (အဲလိဇဘက်ဘုရင်မကြီး) သင်္ဘောဖြင့် ပြန်လာခိုက် ဗြိတိသျှအထွေထွေရွေးကောက်ပွဲတွင် လေဘာပါတီက အနိုင်ရကြောင်း သတင်းရသည်။ အက်တလီက ဝန်ကြီးချုပ် 'ဘီဗင်း'ကို နိုင်ငံခြားရေးဝန်ကြီး ရာထူး အပ်နှင်းသည်။

လေဘာပါတီ၏ အောင်ပွဲသတင်းကြောင့် ပါလက်စတိုင်းမှ ဂျူးများက

ဝမ်းသာလွန်း၍ လမ်းမပေါ်ထွက် က ကြ၏။ လေဘာပါတီက ဇီယွန်တို့မိတ်ဆွေ ဖြစ်သောကြောင့်လည်း ဂျူးနိုင်ငံတည်ထောင်ဖို့ အချိန်ဝေးတော့မည်မဟုတ်။ (၁၉၄၄)ခုနှစ်တွင် လေဘာပါတီခေါင်းဆောင်များတွင် ဂျူးနိုင်ငံတည်ထောင်ဖို့ အစီအစဉ်ကို အားတက်သရောထောက်ခံခဲ့သူ 'ဘီဗင်း'မှာလည်း ယခုအစိုးရအဖွဲ့တွင် နိုင်ငံခြားရေး ဝန်ကြီးဖြစ်လာပြန်၏။ ကမ္ဘာ့ဂျူးအဖွဲ့အစည်းကလည်း လေဘာပါတီက ကတိပြုထား သည့်အတိုင်း အကောင်အထည်ဖော်လိမ့်မည်ဟု စွဲစွဲမြဲမြဲ ယုံကြည်၏။

သို့သော် လေဘာပါတီက ဂျူးနိုင်ငံတည်ထောင်စေလိမ့်မည် ဟူသည်ကို သံသယရှိနေသူ ဂျူးလူမျိုးအချို့လည်းရှိ၏။ ဒေးဗစ်နှင့် တစ်ချိန်တည်း လန်ဒန်သို့ ရောက်ခဲ့သော ဇီယွန်ဝါဒီတစ်စုက 'တိုင်းမ်'သတင်းစာတွင် အက်တလီ၊ ဘီဗင်းနှင့် အာရပ်ယူနီဖောင်း ဝတ်ထားသော 'နိုရီဆတ်'တို့ ပူးတွဲရိုက်ထားသည့် ဓါတ်ပုံကို တွေ့ကြသည်။

လေဘာပါတီဝင်များအပေါ် အယုံကြီးယုံ၊ အားအကိုးကြီးကိုးခဲ့သော ဒေးဗစ်က သည်တစ်ကြိမ်တော့ မှားပြီဆိုသည်ကိုသိသည်။ စိတ်အားထက်သန်နေသူ မိမိလုပ်ဖော်ကိုင်ဖက်များအား 'ဘရိတ်'အုပ်ရလိမ့်မည်ဟု ထင်သည်။

'အာဏာအပြောင်းအလဲအပေါ် သိပ်လဲ အားကိုးအားထားပြုမနေနဲ့ တို့ယ့်လူတို့ . . .'

ဟု လန်ဒန်တွင် ကျင်းပသော ညီလာခံ၌ မိန့်ခွန်းခြွေရင်း ဒေးဗစ်က သတိပေးစကားဆိုခဲ့၏။

'အာဏာရလာတဲ့ ပါတီတစ်ခုဟာ အတိုက်အခံဘဝတုန်းကထားတဲ့ သဘောထားအတိုင်း ထားမှထားပါ့မလားဆိုတဲ့ အမြင်ဟာမှန်တယ်။ အကယ်၍ အကြောင်းတစ်ခုခုကြောင့် ကျုပ်တို့ရဲ့သမိုင်းအရ ရပိုင်ခွင့်များကို လျစ်လျူရှုပြီး နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေဖို့ အခွင့်အရေးကို ဟန့်တားပိတ်ပင်ရင် ပါလက်စတိုင်းက ကျုပ်တို့တွေကတော့ အလျှော့မပေးဘူး။ အင်အားကြီးလှတဲ့ ဗြိတိသျှရှေ့မှာ ကျုပ်တို့က တုန်လှုပ်သွားလိမ့်မယ်မဟုတ်။ ကျုပ်တို့က ဗြိတိသျှကိုလည်း တိုက်မှာပဲ'။

မကြာပါ။ သူပြောခဲ့သည်မှာ မှန်ကြောင်း ဒေးဗစ်က မျက်ဝါးထင်ထင် တွေ့ရတော့၏။ အတိုက်အခံပြုသူတစ်ဦးက လေဘာပါတီတွင် ပေါ်လာခဲ့၏။ အစ ကမူ ဒေးဗစ်တို့က လေဘာအစိုးရကို 'ညီအစ်ကိုတမျှ ရင်းနှီးနေသော အစိုးရ'အဖြစ် သဘောထားကာ မျှော်တစ်လင့်လင့် ဖြစ်ခဲ့သည်။ ခေါင်းမာသော ဘီဗင်းက ဇီယွန်ကို

ရှိသမျှအင်အား ထက်စွမ်းသမျှ ပညာတို့ဖြင့် ဆန့်ကျင်သည်။ အတိုက်အခံပြုသည်။ ဂျူးနိုင်ငံ တည်ထောင်ရေးကိုလည်း ဟန့်တားပိတ်ပင်သည်။ သို့ရာတွင် 'ဘီဗင်း ခြယ်လှယ်နိုင်သောခေတ်'က ကြားကာလမျှသာ။ လှုပ်ရှားမှုကြီး တစ်ခုလုံးကို တစ်ဦး တစ်ယောက်သော ပုဂ္ဂိုလ်က သွေးရူးသွေးတန်း ဆန့်ကျင်ရန် အားထုတ်ခြင်းမျှသာ။ 'ဘီဗင်း'လည်း လျောကျနောက်ဆုံး ရှိပေမည်။

စစ်ပြီးခေတ် ကမ္ဘာ့အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်လာသည်။ အကျဉ်း စခန်းမှ ကြောက်စရာအဖြစ်များ၊ ဓါတ်ငွေ့ခန်းမကြီးများနှင့် ရက်ရက်စက်စက် သတ်ဖြတ်ပုံများကို ပြည့်ပြည့်စုံစုံ ဖော်ထုတ်လာသောအခါ ဂျူးလူမျိုးတို့အပေါ် ထားခဲ့သော သဘောထားများကြောင့် မိမိတွင် အပြစ်မကင်းဟူသော သဘောများ ပေါ်ခဲ့၏။ အကျဉ်းစခန်းများမှ မသေဘဲကျန်ရစ်သူ ထောင်သောင်းများစွာတို့က လုံခြုံစိတ်ချရာ နေရာများကို ရှာနေကြသည်။ တစ်ကမ္ဘာလုံးက ဂျူးတို့အပေါ် ဂရုဏာ သက်မိကြသည်။

အမေရိကန်သမ္မတ 'ဟယ်ရီထရူးမင်း'သည် အစ္စရေးနိုင်ငံ တည်ထောင် ရေးတွင် ထိပ်တန်းမှ ပါဝင်ခဲ့သူတစ်ဦး ဖြစ်၏။ 'ထရူးမင်း'က မိမိအရင် သမ္မတဖြစ်သူ 'ရူစဘဲ့လ်'၏ အရှေ့အလယ်ပိုင်းအပေါ်ထားရှိသောဝါဒကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခဲ့သည်။ သူ့ 'ဘဝမှတ်တမ်း'စာအုပ်တွင် ထရူးမင်းက မိမိသဘောထား လုပ်ရပ်ကို ရှင်းလင်းထားသည်။ ဂျူးလူမျိုးတို့ ကြိတ်မှတ်ခံစားခဲ့ရသော အတိဒုက္ခ အပေါ် ဂရုဏာသက်မိခြင်း၊ မိမိတို့ ဘိုးဘေးဘီဘင်များ ခေါင်းချခဲ့ရာဒေသတွင် မိမိတို့နိုင်ငံ တည်ထောင်ခွင့်ရှိသည်ဟု ယုံကြည်ခြင်းတို့ကြောင့် ဖြစ်သည်ဟုဆို၏။ သို့ဆိုခြင်းကလည်း မှန်ပါ၏။ သို့ရာတွင် မကြာမီကျင်းပမည့် သမ္မတရွေးကောက်ပွဲ တွင် နယူးယောက်ပြည်နယ်က အရေးကြီးသောကဏ္ဍမှ ပါဝင်နေခြင်းကလည်း သမ္မတကြီးစိတ်ကို လွှမ်းနေပုံရ၏။ နယူးယောက်ပြည်နယ်မှ ဂျူးလူမျိုးတို့၏မဲက မိမိအနိုင်ရရှိရေးအတွက် အဆုံးအဖြတ်ပေးနိုင်သည် မဟုတ်ပါလား။

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့တွင် ပုဂ္ဂိုလ်ကြီးနှစ်ဦးက တစ်ပြိုင်တည်း အာဏာရလာခြင်းသည် အဆုံးတွင်မူ ဇီယွန်တို့ အကျိုးစီးပွားကို အန္တရာယ်မပြု။ ရန်သူဖြစ်နေသော 'ဘီဗင်း'လို ပုဂ္ဂိုလ်က ဗြိတိန်အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသော်လည်း မဟာမိတ်ပုဂ္ဂိုလ်တစ်ဦးက အိမ်ဖြူတော်တွင် နေရာရနေပြီ။

အဖြစ်အပျက်များက မြန်ဆန်လွန်းသည်။ စစ်ကြီးအပြီး ဂျူးလူမျိုးတို့

အရေးဆိုတောင်းခံသည်က စင်စစ် အနည်းအကျဉ်းသာ။ ခေါင်းဆောင်များက ကြီးကြီးကျယ်ကျယ် တောင်းခံမိမည်ကို စိုးရိမ်ကြောက်ရွံ့ဟန်ရှိ၏။ သူတို့ မျှော်မှန်းနေသော ဂျူးနိုင်ငံ အကောင်အထည် ပေါ်မှပေါ်လာပါ့မလားဟု ယုံကြည်စိတ်ချမှု နည်းသည်ကြောင့်လည်း ဖြစ်၏။

စစ်ကြီးအပြီး ပထမဆုံး ဇီယွန်အဖွဲ့ချုပ်ညီလာခံကို လန်ဒန်မြို့၌ (၁၉၄၅) ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသည်။ ညီလာခံမကျင်းပမီ 'မိုရှေရှာတော့'က သတင်းစာ တွန်ဖရင့် တစ်ရပ်ကျင်းပသည်။ ဒေးဗစ်က အမေရိကမှလာရာ လမ်းခုလပ်တွင်ပင် ရှိနေသေး၏။ ဂျူးအဖွဲ့ချုပ်က ဂျူးလူမျိုးတစ်သိန်းအား ပါလက်စတိုင်းသို့ ဝင်ခွင့်ပြုရန် လက်မှတ်ထုတ်ပေးဖို့ကိုသာ တောင်းဆိုကြောင်း 'ရှာတော့'က သတင်းစာဆရာများသို့ ပြောပြ၏။ ဘေးတွင်ထိုင်နေသူ ဒေါက်တာဘိုဂျာက လက်မောင်းကိုတို့၍ သတိပေးသည်။

'ခင်ဗျား ဘာတွေပြောနေတာလဲ။ ပါလက်စတိုင်းမှာ ဂျူးနိုင်ငံတည်ထောင်ဖို့ အရေးမဆိုတော့ဘူးလား။ ဘော်လ်တီမိုး အစီအစဉ်အတိုင်းလေ'

'ဒါတော့မတတ်နိုင်ဘူး၊ ဒါ ဝိုက်ဇ်မင်ရဲ့ အမိန့်အတိုင်းပြောရတာ'

'ရှာတော့'ကလည်း ပြန်ဖြေသည်။

နောက် (၂)ရက်အကြာ ဇီယွန်အဖွဲ့ချုပ်ညီလာခံ ကျင်းပသောအခါ ဝင်ပန်းနွမ်းရိပြီး မကျန်းမမာတော့ပြီဖြစ်သော ဒေါက်တာဝိုက်ဇ်မင်က ပြည်ပမှ ဂျူးလူမျိုးတစ်သိန်းအား ပါလက်စတိုင်းသို့ ဝင်ခွင့်ပေးဖို့ကိုသာ ထပ်မံတောင်းဆိုပြန်၏။

ညီလာခံမကျင်းပမီ တစ်ရက်အလိုကမှ လန်ဒန်သို့ရောက်လာသော ဒေးဗစ်ဘင်ဂူရီယန်က ညီလာခံစင်မြင့်ကိုခုန်တက်ပြီး စားပွဲကိုလက်ဖြင့် ထုကာ ထုကာ ဒေါသူပုန်ထတော့၏။

'ဒီပုဂ္ဂိုလ်ကြီးက၊ သူ့သဘောနဲ့သူပြောနေတာပါ ပါလက်စတိုင်းက ဇီယွန်အဖွဲ့ချုပ်၊ ညွှန်ကြားရေးမှူးများအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ အခြေခံအားဖြင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ ဒီလိုအဆိုမျိုးတင်ပြဖို့ ဒီပုဂ္ဂိုလ်ကြီးကို အာဏာမပေးခဲ့ပါဘူး'ဟု သတည်း။

သည်ပုဂ္ဂိုလ်နှစ်ဦး၏ ပဋိပက္ခက ပြန်ပေါ်လာပြန်၏။ နောက်တစ်နေ့တွင် ဘင်ဂူရီယန်က 'ဂျူးနိုင်ငံတည်ဆောက်ရေးသည်သာ ကျုပ်တို့ရဲ့မျှော်မှန်းချက်ဖြစ်၏' ဟူသော ဘာသာရပ်နှင့်ပတ်သက်၍ တက်တက်ကြွကြွ မိန့်ခွန်းခြွေ၏။

သို့တစေ ပြင်ပမှ ဂျူးလူမျိုးတစ်သိန်းအတွက် ပါလက်စတိုင်းသို့ ဝင်ခွင့်လက်မှတ်ထုတ်ပေးရန် တောင်းဆိုခြင်းကိုမူ မရုပ်သိမ်း၊ ဗြိတိသျှအစိုးရ၏ တုန့်ပြန်မှုသည် လေဘာပါတီခေါင်းဆောင်များက ဇီယွန်ခေါင်းဆောင်များပေးခဲ့သော ကတိအတိုင်း ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ပြက်ပြက်ထင်ထင် လှစ်ပြပေလိမ့်မည်။ အမေရိကန်သမ္မတထရူးမင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဒူဝီတို့က ပြည်ဝင်ခွင့်လက်မှတ်များ ထုတ်ပေးပါမည့်အကြောင်း ဗြိတိသျှဝန်ကြီးချုပ် အက်တလီသို့ မေတ္တာရပ်ခံသည်။

'ကျုပ်က ဂျူးလူမျိုးနှစ်သိန်းအတွက်တောင် ပြည်ဝင်ခွင့်လက်မှတ် တောင်းမှာကိုပါ ထောက်ခံဖို့ဆန္ဒရှိပါတယ်။ ဒါပေမယ့် ခင်ဗျားတို့က တစ်သိန်းအတွက်ပဲ တောင်းတာကိုး'

ဟု ထရူးမင်းက ဇီယွန်ခေါင်းဆောင်များကို ပြောပြ၏။

သို့ရာတွင် ဂျူး တစ်သိန်းအတွက် ပြည်ဝင်လက်မှတ်ကိုပင် ထုတ်ပေးရန် ငြင်းဆိုလိမ့်မည်ဟူသော ကောလဟာလသတင်းက ဂျူးလျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့သို့ ပြန်လာ၏။ တစ်ဖန် လေဘာအစိုးရက ယခင်ကထားခဲ့သော ကတိများကို မတည်တော့ဟုလည်း သိရပြန်၏။

သည့်တွင် ဒေးဗစ်ကလည်း မဆိုင်းမတွ နည်းဗျူဟာပြောင်းလိုက်၏၊ သူ့ဘဝတစ်လျှောက်တွင် လိုအပ်လာပါက သည်သို့လုပ်စမြဲ။ စစ်ကြီးလည်းပြီး၏၊ နာဇီ-ဂျာမနီ၏ လည်မျိုညစ်ခံနေရချိန် ဗြိတိသျှအပေါ် ထားရှိအပ်သော ဝတ္တရားလည်းမရှိတော့။ ပါလက်စတိုင်းနေ ဂျူးတို့က ဗြိတိသျှတို့ကို စစ်ပြုရပေလိမ့်မည်တကား။

အောက်တိုဘာလ (၁)ရက်နေ့၊ ထိပ်တန်းလျှို့ဝှက်ညွှန်ကြားစာ တစ်စောင် 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်များဆီသို့ ရောက်လာ၏။ စာတွင် ဒေးဗစ်ဘင်ဂူရီယန်က လက်မှတ်ရေးထိုးထားသည်၊ ဗြိတိသျှတို့အား ဆန့်ကျင်အတိုက်အခံပြုရေး အစီအစဉ်နှင့်ပတ်သက်၍ ညွှန်ကြားစာတွင် အသေးစိတ်ဖော်ပြထားသည်။

ပေါ်လာမည့်စစ်ပွဲ၏ အစပမာဏဖြစ်၏။ မည်သို့ဆိုစေ ကျူးကျော်လွန်လွန်းမဖြစ်မိစေရန် ရည်မှန်းထားဆဲ၊ ဗြိတိသျှတို့အား ဆန့်ကျင်အတိုက်အခံပြုရေးအစီအစဉ်တွင် ပြည်ပမှ ဂျူးများ ပါလက်စတိုင်းဝင်ခွင့်အရေးကို တိုးဆောင်ရွက်ပြီး တားမြစ်ပိတ်ပင်ထားသော နယ်မြေများ၌ သမကျေးရွာသစ်များထူထောင်ရန်နှင့်

ပြင်သစ်နိုင်ငံတွင် ဌာနချုပ်ဖွင့်ပြီးဖြစ်သော ဒုတိယအကြိမ် တရားမဝင်ခိုးဝင်သည့် အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ပြရန်တို့ ပါဝင်သည်။ 'အလီယာဂျီမာလ်' ( **Aliyah Gimel** ) ဟုခေါ်၏။ ပြင်သစ်ရှိအဖွဲ့ချုပ်က ဂျူးလူမျိုးများအား ပါလက်စတိုင်းသို့သွားရန် သင်္ဘောတင်ပေးသည်သာမဟုတ်သေး။ အကယ်၍ ဗြိတိသျှတို့က လမ်းခုလပ်မှ ကြားဖြတ်တားမြစ်သော် မည်သို့ခုခံရမည်ဆိုသည့် နည်းလမ်းများကိုပါ သင်ကြားပေး၏။ ဗြိတိသျှဆန့်ကျင်ရေးတို့တွင် ဆန္ဒပြခြင်း၊ အခွန်အတုတ်မပေးဘဲ နေခြင်း' စသည် စသည်တို့လည်းပါ၏။

စစ်ရေးအရ ဆန့်ကျင်ရန်ကိုလည်း ဘေးဖယ်မထား။ သို့တစေ ဗြိတိသျှနှင့် အာရပ်တို့အား အကြမ်းဖက်လုပ်ရပ်များဖြင့် ဆန့်ကျင်အတိုက်အခံပြုခြင်းကိုမူ ထိုအချိန်အထိ မကျင့်သုံးရန် တားမြစ်ထား၏။ သို့သော် စစ်စခန်းများအား အဖျက်လုပ်ငန်းများလုပ်ခြင်း တိုက်ခိုက်ခြင်းကိုမူ မျှော်မှန်းထား၏။

အောက်တိုဘာလ (၄)ရက်နေ့၊ ည (၉)နာရီ 'ပါးလ်မတ်ချ်'မှ တပ်ဖွဲ့တစ်ဖွဲ့က 'အက်လစ်' ( **Atlit** )ရှိ အခိုင်အမာကာရံထားသော စခန်းကို နံရံဖောက်၍ ထိန်းသိမ်းထားသော တရားမဝင် ပြည်တွင်းဝင်လာသူ ဂျူးလူမျိုး၂၀၀-အား လွှတ်ပေးလိုက်သည်။ ပထမဆုံးအကြိမ် ဗြိတိသျှတို့အား စစ်ဆင်ရေးနွှဲခဲ့ခြင်းတည်း။

(၁၉၄၅)ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်နေ့ 'ဘီဗင်း'က အောက်လွှတ်တော်တွင် ဇီယွန်အဖွဲ့၏ အရေးဆိုတောင်းဆိုချက်မှန်သမျှကို ဗြိတိသျှအစိုးရက ငြင်းပယ်လိုက်ပြီး ပြည်ပမှ ဂျူးများ ပြည်ဝင်ခွင့်ကိုလည်း (၁၉၃၉)ခုနှစ်က စက္ကူဖြူစာတမ်းတွင် ကန့်သတ်ခဲ့သည့်အတိုင်း ဆက်လက်ထားရှိရန် ရည်ရွယ်ကြောင်းဖြင့်ဆို၏။ ခွင့်ပြုချက်အရဆိုလျှင် ပြည်ပမှ ဂျူးလူမျိုးများ တစ်လလျှင် (၁၅၀၀)နှုန်းဖြင့်သာ ဝင်ခွင့်ရမည်။ သို့သော် အမေရိကန်ကို နှစ်သိမ့်စေရန်ဆိုပြီး ဥရောပတွင် အခြေမဲ့ အနေမဲ့ဖြစ်သူများ၏ ပြဿနာကိုလေ့လာရန် 'စုံစမ်းရေးကော်မရှင်'တစ်ရပ်ကို ဖွဲ့မည် ဆို၏။

ပါလက်စတိုင်းနိုင်ငံအနှံ့တွင် ဆန္ဒပြပွဲများ ပေါ်လာ၏။ လန်ဒန်တွင် ဒေးဗစ်ဘင်ဂူရီယန်က ဂျူးလူမျိုး သမိုင်းပညာရှင် စာရေးဆရာဖြစ်သူ 'ဟယ်ရိုလက်စကီး' ( **Harold Laski** ) နှင့် သွားတွေ့သည်။ 'လက်စကီး'သည် လေဘာပါတီ၏ ဥက္ကဋ္ဌဖြစ်၏။ ပြည်ပမှဂျူးများကိုတိုး၍ တရားမဝင်သွင်းရန်နှင့် ဗြိတိသျှတို့အား ဆက်နက်စွဲကိုင်ဆန့်ကျင်ရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း လက်စကီးကို ထုတ်ဖော်ပြောပြသည်။ ဗြိတိန်နိုင်ငံကို အုပ်ချုပ်နေသော အာဏာရ လေဘာပါတီ၏ ဥက္ကဋ္ဌကြီးကိုယ်တိုင်က ဆုမင်္ဂလာတောင်းပေးရှာ၏။

'မင်းတို့နဲ့အတူ ဘုရားသခင် အစဉ်ရှိပါစေ'တဲ့။

ဂျူးတို့၏ ပုန်ကန်သောင်းကျန်းမှုများမှာ တစ်နေ့တစ်ခြား တိုးလာသည်။ နိုဝင်ဘာလတွင် ပြည်ပမှ ဂျူးများ တရားမဝင် ခိုးဝင်လာမည်ကို စောင့်ကြပ်ကြည့်ရှုရသော ဗြိတိသျှသင်္ဘောအချို့နှစ်မြုပ်ကုန်၏။ မီးရထားလမ်းတစ်လျှောက် နေရာပေါင်း ၁၈၆-နေရာတွင် အဖျက်လုပ်ငန်းများ လုပ်ခဲ့သည်။ မကြာပါ တရားမဝင် ခိုးဝင်လာသည့် ပြည်ပမှ ဂျူးလူမျိုးများ တင်ဆောင်လာသော သင်္ဘောများကို ထောက်လှမ်းသတင်းရသည်။ ဟိုင်ဖာမြို့မှ "ရေဒါ"ဌာနလည်း ဖောက်ခွဲဖျက်ဆီးခံရသည်။ ၁၉၄၆-ခုနှစ်၊ ဖေဖော်ဝါရီလတွင် နယ်ခြားတစ်လျှောက် ကင်းစောင့်ရသော နယ်လှည့်ဗြိတိသျှအဖွဲ့စခန်းများကို 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့များက တိုက်ခိုက်ကြ၏။ အခြား အခြားသော တရားမဝင် လက်နက်ကိုင်အဖွဲ့အစည်းများကလည်း ဗြိတိသျှတို့ အသုံးပြုသော လေယာဉ်ကွင်းများကို တိုက်ခိုက်ကြ၏။

ဒေးဗစ်ဘင်ဂူရီယန်၏ သူလျှို ထောက်လှမ်းရေးတာဝန်ခံများကလည်း အမေရိကန် ပြည်သိမ်းတပ်များမှ ဂျာမန်လက်နက်များကို ဝယ်ယူရာတွင် လက်နက်ခဲယမ်းမီးကျောက် အများအပြားရရှိရန်အတွက် ပြင်သစ်တော်လှန်ရေးသမားများနှင့် ဆွေးနွေးညှိနှိုင်းရာတွင် ပျားပန်းခတ်မျှ အလုပ်ရှုပ်နေသည်။

'စုံစမ်းရေးကော်မရှင်'၏ အစီရင်ခံစာကို ဧပြီလတွင် ထုတ်ပြန်ကြေငြာသည်။ အစီရင်ခံစာက ဂျူးနိုင်ငံတည်ထောင်ရေးကို မထောက်ခံ။ သို့ရာတွင် ဂျာမန်လူမျိုး ဂျူးအနွယ်ဝင် စစ်ပြေးဒုက္ခသည် (၁၅၀၀)ကို ပြည်ဝင်ခွင့်လက်မှတ် ချက်ချင်းထုတ်ပေးရန်အတွက်ကိုမူ ထောက်ခံထား၏။ ဒေးဗစ်တစ်ယောက် အကြီးအကျယ် စိတ်ပျက်မိသည်။ သူတို့ အရေးကြီးသည်က ဂျူးနိုင်ငံ . . .။

သို့ရာတွင် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာကို ဗြိတိသျှအစိုးရက လက်ခံပါမည်လား။ သို့ရာတွင် မေလ၌ အက်တလီက ကြေငြာချက်ထုတ်ပြန်သည်။

'ဂျူးတော်လှန်ရေးသမားများက လက်နက်မချမချင်း စုံစမ်းရေးကော်မရှင်၏ ထောက်ခံချက်ကို မည်သူမျှ အရေးယူဆောင်ရွက်မည်မဟုတ်'တဲ့။

ဂျူးတော်လှန်ရေးအဖွဲ့က လက်နက်ချရန် ငြင်းဆိုသည်။ ပါလက်စတိုင်းတွင် တဖန် မီးဟုန်းဟုန်းတောက်ပြန်ချေပြီ။ မြို့ကြီးပြကြီးများတွင် ဆန္ဒပြပွဲကြီးများ ပေါ်လာသည်။ ဇီယွန်အဖွဲ့မှ ခေါင်းဆောင်များက ပါလက်စတိုင်းသို့ ခိုဝင်လာသော ဂျူးများအား ရက်ရက်စက်စက်ပြုသည်ကို အစာငတ်ခံ ဆန္ဒပြ၏။

(၁၉၄၆)ခု၊ ဇွန်လ (၁၈)ရက်နေ့ ပါးလ်မတ်ချ်အဖွဲ့များက ဂျော်ဒန်မြစ်

ပေါ်ရှိ တံတား (၁၁)ခုကို တိုက်ခိုက်ကြ၏။ ဆယ်ခုကို ဖျက်ဆီးခဲ့၏။ ဗြိတိသျှ အာဏာပိုင်တို့က ဇီယွန်ခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်၍ ကလဲ့စားချေ တုန့်ပြန်ခဲ့၏။

ဇွန်လ (၂၉)ရက်၊ စနေနေ့ သန်းခေါင်အချိန်။

ဗြိတိသျှလက်နက်ကိုင်တပ်များက မြို့နှင့် သမတေ့ရွာအချို့သို့ ဝင်ရောက်ပြီး ဂျူးအဖွဲ့ချုပ်နှင့် 'အမျိုးသားကောင်စီ' ခေါင်းဆောင်များကို ဖမ်းဆီးသည်။ 'ဗျာတော့' 'ဂရင်းဘောင်းရီးမတ်ဇ်'တို့လည်းပါ၏။ မြို့ကြီးများတွင် နေဝင်မီးငြိမ်း အမိန့်ထုတ်ထား၏။ ဂျူးလူမျိုး ထောင်နှင့်ချီ၍ အဖမ်းခံကြရ၏။ ကြမ်းကြမ်း တမ်းတမ်း အကိုင်အတွယ်ခံရပြီး စစ်ကြောမေးမြန်းခံရ၏။ ငါးဦးမှုသေခဲ့၏။ 'ယာဂေါ်'တွင် လက်နက်ပုန်းများကို ဗြိတိသျှတပ်များက တွေ့သွား၏။ ဂျူးအဖွဲ့ မှုခွဲများကို ဗြိတိသျှတပ်များက ရှာဖွေသည်။ စုစုပေါင်း ဂျူးလူမျိုးသုံးထောင်အား ထိန်းသိမ်းရေးစခန်းများတွင် ချုပ်နှောင်ထား၏။

ထိုအခိုက် ဒေးဗစ်ဘင်ဂူရီယန်က ဥရောပတစ်ခွင်တွင်း ခရီးလှည့်နေသည်။ ဒေါက်တာဝိုက်ဇ်မင်သာမက အခြားသော အလယ်အလတ်ဝါဒီသမား ဂျူးလူမျိုးများ တစ်ဦးတစ်ယောက်မျှ အဖမ်းမခံရကြ။ 'ဘီဗင်း'က သောင်းကျန်းသူများအား ဝိုင်းကျဉ်၍ ဗြိတိသျှတို့နှင့် ပူးပေါင်းဆောင်ရွက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် အလယ်အလတ်ဝါဒီ ဂျူးလူမျိုးများထဲမှ ခေါင်းဆောင်သစ်များ ရွေးချယ်ရန် အားထုတ်သည်။

အခြေအနေ တင်းမာသထက်တင်းမာလာသည်။ ဂျူးတော်လှန်ရေးကိုလည်း ရိုက်ခတ်လာ၏။

လက်ျာဂိုဏ်းဖြစ်သော 'အတ်ဇယ်လ်'အဖွဲ့က 'တာချစ်စစ်ဆင်ရေး ( **Operation Tehik** )ကို ဆင်နွှဲ၏။ (၁၉၄၆)ခုနှစ်၊ ဇူလိုင်လ၊ (၂၂) ရက်နေ့၊ 'အတ်ဇယ်လ်'အဖွဲ့မှ အဖျက်သမားတပ်ဖွဲ့တစ်ဖွဲ့က ဂျေရုစလင်မြို့ရှိ 'ဘုရင်ဒေးဗစ် ဟိုတယ်( **King David Hotel** )သို့ အာရပ်လူမျိုးများအဖြစ် အယောင်ဆောင်လျက် ဝင်ကြ၏။ ဟိုတယ်တွင် ဗြိတိသျှစစ်ဌာနချုပ် ဖွင့်ထားသည်။ မကြာပါ ကြောက်စရာ ပေါက်ကွဲမှုကြီးကြောင့် တစ်မြို့လုံး သိမ့်သိမ့်တုန်သွား၏။ မီးခိုးများ၊ ဖုံများ ငြိမ်သွားသောအခါ အပျက်အစီးများအောက်တွင် အလောင်း (၂၀၀)ကျော်ကို ကောက်ယူရရှိ၏။ အများအားဖြင့် ဗြိတိသျှလူမျိုးများဖြစ်၏။ အာရပ်နှင့်ဂျူးလူမျိုးအနည်းငယ်၏ အလောင်းများလည်းတွေ့ရ၏။

အဖွဲ့နှင့်ခေါင်းဆောင်များပင် အံ့ဩတုန်လှုပ်သွား၏။ 'ဟာဂါနာ' ကာကွယ်ရေးအဖွဲ့အကြီးအကဲများက 'အတ်ဇယ်လ်'အဖွဲ့၏ အဖျက်လုပ်ငန်းစဉ်ကို ကြိုတင်သိထား၏။ သို့တစေ သည်မျှ အသေအပျောက်ရှိမည်မဟုတ်ဟု မျှော်လင့်မိကြသည်။ သေဆုံးသူများစာရင်းကို ကြေငြာသောအခါ 'ဟာဂါနာ'ကာကွယ်ရေးအဖွဲ့က မိမိတို့နှင့်မပတ်သက်ကြောင်း လူသိရှင်ကြားကြေငြာထားရသည်။ 'ဘုရင်ဒေးဗစ်ဟော်တယ်'မှ ပေါက်ကွဲမှုက ဂျူးတော်လှန်ရေးအုပ်စု၏ ညီညွတ်သောတပ်ဦးကို အစိတ်စိတ်အမွှာမွှာ ကွဲစေခဲ့သည်။

'အတ်ဇယ်လ်အဖွဲ့ဟာ ဂျူးလူမျိုးများရဲ့ ရန်သူပဲ'

ဟု ဒေးဗစ်က ပဲရစ်မြို့တွင် ( **France Soir** ) သတင်းထောက်သို့ ပြောပြ၏။ သည်နေရာတွင် လက်တွဲဖြုတ်ကြရ၏။ သည်အချိန် သည်အခါမှစ၍ ကိုယ့်ဘာသာကိုယ် တိုက်ပွဲဝင်ကြရ၏။ 'အတ်ဇယ်လ်'အဖွဲ့က အကြမ်းဖက်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မြဲ ဆောင်ရွက်၏။ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော 'အတိုက်အခံပြုသည့် အဖွဲ့အစည်းများကို ဆန့်ကျင်တိုက်ရန်'ဟူသော ခေါင်းစဉ်လည်း 'ဟာဂါနာ' ကာကွယ်ရေးအဖွဲ့အစည်း ရ-သုံး ငွေစာရင်းတွင် ပေါ်လာ၏။

စက်တင်ဘာလ။ အခြေအနေ အကြပ်အတည်းဖြစ်လာသည်။ 'ဘုရင်ဒေးဗစ်ဟော်တယ်'၌ဖြစ်ခဲ့သော ကြေကွဲဖွယ်ရာဖြစ်ရပ်ကို ဗြိတိသျှပါလီမန်တွင် အခြေတင် ဆွေးနွေးကြသည်။ ချာချီက အပြောကောင်း၊ အဟောကောင်းသည့် သူ့ပညာကို အစွမ်းကုန်အသုံးချ၍ ဇီယွန်၏သဘောထား အယူအဆကို ထောက်ခံသည်။ လေဘာအစိုးရအဖွဲ့လည်း ညှပ်ပူးညှပ်ပိတ် အဖိခံနေရသည်။ သို့အတွက် လူတိုင်းကို စိတ်ကျေနပ်ပေမည်။ နည်းလမ်းတစ်ရပ်ကို သွေးရူးသွေးတန်းရှာဖို့ ကြိုးစားရတော့၏။ နောက်ဆုံးတွင် 'မော်ရစ်ဆင်စီမံကိန်း' ( **Morrison Plan** ) ဟူ၍ပေါ်လာခဲ့သည်။ ပါလက်စတိုင်းအား ဂျူးတို့အပိုင်ဒေသနှင့် အာရပ်ပိုင်ဒေသ ဟု ခွဲခြားသတ်မှတ်ရန် အစီအစဉ်တစ်ရပ်ပင်။

ဇီယွန်အဖွဲ့ချုပ်၊ ညွှန်ကြားရေးမှူးအဖွဲ့ စည်းဝေးပွဲကို ပဲရစ်မြို့တွင် ကျင်းပသည်။ ပါလက်စတိုင်းတွင် အထိန်းသိမ်းခံနေရသော ခေါင်းဆောင်အများအပြား မတက်ရောက်နိုင်။ စည်းဝေးပွဲက သုံးရက်ကြာသည်။ စည်းဝေးပွဲပြီးဆုံးသောအခါ 'ဘော်လ်တီမိုးအစီအစဉ်'ကို အတည်ပြုခဲ့ကြသည်။ ဒေးဗစ်ဘင်ဂူရီယန်၏ အဆေးတကြီး မေတ္တာရပ်ခံချက်အရ လက်နက်များဝယ်ရန် ဒေါ်လာသုံးသန်းကို ဒေးဗစ်လက်ဝယ်အပ်ခဲ့သည်။ 'မော်ရစ်ဆင်စီမံကိန်း'ကို လက်မခံ။ သည်စီမံကိန်းနှင့်

ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်းမှန်သမျှကို ပြစ်တင်ရှုတ်ချသည်။

ဒေးဗစ်ဘင်ဂူရီယန်နှင့် 'စနက်ရှ်'တို့နှစ်ဦး ပဲရစ်တွင်နေရစ်သည်။ သူတို့နှစ်ဦး ဗြိတိသျှပိုင်မြေပေါ် ခြေချခဲ့လျှင် ချက်ချင်းဖမ်းရန် ဝရမ်းထုတ်ထား၏။

ပဲရစ်စည်းဝေးပွဲတွင် မည်သို့ပင်ဆုံးဖြတ်ခဲ့ဆုံးဖြတ်ခဲ့ မပြတ်သားသူအလယ်အလတ်ဝါဒီများက ဗြိတိသျှအစိုးရနှင့် ဆွေးနွေးညှိနှိုင်းသည်။ 'ဘီဗင်း'ကမူ အလယ်အလတ်ဝါဒီများနှင့် တက်တက်ကြွကြွလုပ်သူများကြား အကွဲအပြဲဖြစ်စေဖို့ သတ်လျှိုရန် အကြံကိုမူ လက်လွှတ်မခံ . . . 'မော်ရစ်ဆင် စီမံကိန်း'နှင့်ပတ်သက်ပြီး ဒေါက်တာဝိုက်ဇ်မင်တို့အဖွဲ့နှင့် စကားပြောရန်ကိုလည်း လက်မလျှော့ . . .။

ဒေးဗစ်၏ တုန့်ပြန်မှုကလည်း ထုံးစံအတိုင်း မြန်သည်။ လျှင်သည်။ အားနှင့်မာန်နှင့်။ ရာထူးမှထွက်မည်ဟု ခြိမ်းခြောက်ခြင်းက သူ့အဖို့ အကောင်းဆုံးအထိရောက်ဆုံးလက်နက် စက်တင်ဘာလ (၁၃)ရက်နေ့။ ဒေးဗစ်က လန်ဒန်မှအဖွဲ့သို့ စာရေးအကြောင်းကြားသည်။

'ဇီယွန်ညွန့်ကြားရေးမှူးများအဖွဲ့'မှ ကျုပ်ဟာ ခင်ဗျားတို့ရဲ့ လုပ်ဖော်ကိုင်ဘက်ရယ်လို့ ကျုပ်ကိုယ်ကျုပ် သဘောမထားတော့ဘူး။ ဒီအချိန်ကစပြီး ကျုပ်နာမည်သုံးပြီး ပြောလားဆိုလားမလုပ်နဲ့ ကျုပ်လဲ ခင်ဗျားတို့လုပ်ရပ်တွေအတွက် တာဝန်မယူနိုင်ဘူး'

တစ်ချိန်တည်းမှာပင် ဒေးဗစ်က ( **Institute X** ) ဆိုသော အကြမ်းဖက်လုပ်ရပ်များလုပ်ရန် 'ဟာဂါနာ'ကာကွယ်ရေးအဖွဲ့၏ လျှို့ဝှက်ကော်မတီကို ပြန်လည်ဖော်ထုတ်ဖို့ တဖန်ကြိုးပမ်းပြန်သည်။ ပါလက်စတိုင်းတွင် စစ်ဆင်ရေးများ ဆင်နွှဲရန်အတွက် 'ပြည်ပြေး ဇီယွန်ညွန့်ကြားရေးမှူးများအဖွဲ့'ကို ဖွဲ့စည်းရကောင်းလေမည်လားဟု စဉ်းစားနေမိကြောင်း၊ အမေရိကန် ဇီယွန်အဖွဲ့ခေါင်းဆောင် 'အဘာဟစ်တလာဆေးလ်ဗား'ထံ ရေးသည့်စာတွင် ဖော်ပြထား၏။ မိမိနှင့်အတူ ဟိုတယ်တွင် တည်းခိုနေသော အာရှတိုက်သားတစ်ဦးနှင့် စကားလက်ဆုံကြရာမှ ပေါ်လာသော အကြံအစည်ဖြစ်၏။ ထိုသူမှာ မုတ်ဆိတ်ရှည်ရှည်ပါးပါးနှင့် 'ဟိုချီမင်း'တည်း။ ဒေးဗစ်ဘင်ဂူရီယန်နှင့် ဟိုချီမင်းတို့နှစ်ဦးရင်းနှီးခင်မင်ခဲ့ကြ၏။

လုပ်ဖော်ကိုယ်ဖက်များ ပို့ပေးသော ဒေးဗစ်၏ရာဇသံနှင့် အပေးအယူအလျှော့အတင်းမလုပ်သော 'ဘီဗင်း'၏ သဘောထားကြောင့် အလယ်အလတ်ဝါဒီများ နောက်ဆုတ်ကြရတော့၏။ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးညှိနှိုင်းပြောဆိုနေခြင်းကို ရပ်လိုက်၏။ ပဲရစ်သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပြီး ဒေးဗစ်မပါဘဲ မည်သို့မျှ

ဆက်မလုပ်တော့ကြောင်း အကြောင်းကြားသည်။

'ဘီဗင်း'တစ်ယောက် အခွင့်အရေးတစ်ရပ်ကို လက်လွှတ်ခဲ့ရ၏။ အကယ်၍သာ 'ဘီဗင်း'က ခေါင်းမမာဘဲ အလှည့်အပွဲသာ ကျင်ကျင်လည်လည်လုပ်ခဲ့ပါက အလယ်အလတ်ဝါဒီများနှင့် တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုသူများကြား တည်းတည်းကလေးမျှသာရှိသော ဆက်ဆံရေးက လုံးဝပြတ်သွားစေရန် အားထုတ်ရာတွင် အောင်မြင်မည်သာ . . .။

စစ်ကြီးအပြီး ပထမဆုံး ဇီယွန်အဖွဲ့ချုပ်ညီလာခံကို (၁၉၄၆)ခုနှစ် ဒီဇင်ဘာလတွင် 'ဘေဆယ်လ်'မြို့၌ ကျင်းပပေမည်။ 'ဘေဆယ်လ်'သည် ဇီယွန်ဝါဒထွန်းကားရှင်သန်ရာအရပ်၊ ဒေးဗစ်ဘင်ဂူရီယန်က သူ့ဝါဒကိုသာ ချမှတ်စေရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်၏။ ဒေါက်တာဝိုက်ဇ်မင်နှင့် ဒေးဗစ်တို့အကြားပေါ်ခဲ့သော ပဋိပက္ခဇာတ်လမ်း၏ နောက်ဆုံးအခန်းက ယခုမှစပေတော့မည်။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## စစ်ရေးခေါင်းဆောင်

ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ပဋိပက္ခက ညီလာခံ စလျှင်စခြင်း ပေါ်လာတော့၏။ ဒေးဗစ်ဘင်ဂူရီယန်၏ ဂျူးနိုင်ငံတည်ထောင်ရေး အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရေးမူဝါဒနှင့် ဒေါက်တာဝိုက်ဇ်မင်၏ ဗြိတိသျှနိုင်ငံနှင့် ရင်ကြားစေ့သော ဖြေရှင်းချက်ကို ရှာဖွေရေးမူဝါဒ၊ နှစ်ခုတွင် တစ်ခုခုကို ညီလာခံ တက်ရောက်လာသော ကိုယ်စားလှယ်များက ရွေးချယ်ရပေလိမ့်မည်။ အလုပ်သမားပါတီ (မေပိုင်) ကိုယ်စားလှယ်များအတွင်း၌ပင်လျှင် တုန့်ဆိုင်းဆိုင်းဖြစ်သည့် လက္ခဏာများ ပေါ်လာ၏။

ဂျူးအဖွဲ့ချုပ်၏ ဘဏ္ဍာထိန်း 'ကပ္ပလင်' ဦးဆောင်သည့် အလယ်အလတ် ဝါဒီမှ အရေးကြီးသော အုပ်စုတစ်စုက အသက်အရွယ်အိုမင်းနေသော ဒေါက်တာ ဝိုက်ဇ်မင်ကို လက်မလွှတ်လိုကြ။ သည်အတွက်ကြောင့် ဒေးဗစ်က စိတ်အပျက်ကြီး ပျက်မိပြီး ဆက်လက်တိုက်ပွဲမဝင်တော့ဘဲ လက်မြှောက်ထွက်ခွာသွားတော့ရန်ပင် ထင်မြင်လာစရာရှိ၏။

ကိုယ်စားလှယ်တစ်ဦးက အကြံပေးလာ၏။

'ညီလာခံတက်ရောက်လာတဲ့ အလုပ်သမားပါတီကိုယ်စားလှယ်များရဲ့ ညည်းဝေးပွဲကို အမြန်ဆုံးခေါ်ကြစို့လား . . .။ ခင်ဗျားက အများစုရဲ့ ဆန္ဒမဲကိုသာ ရမယ်ဆိုရင် ကျုပ်တို့တွေ ဆက်နေမယ်၊ အဲ မရဘူးဆိုရင်တော့ ခင်ဗျားကို ကျုပ်တို့

ထားရစ်ခဲ့မယ်'

အချိန်အတန်ကြာ အပြန်အလှန် အခြေအတင် ဆွေးနွေးပြီးမှ ဒေးဗစ်က သဘောတူသည်။ ညလုံးပေါက် ထိုင်ရဖွယ်ရှိ၏။ 'မစ္စစ်ဂိုလ်ဒါမေယာ'က သဘာပတိ အဖြစ် ဆောင်ရွက်သည်၊ တက်ရောက်လာကြသူများတွင် ခေါင်းဆောင်ကြီးများ ဖြစ်သော 'ရှာတော့'၊ 'အက်ရှ်ကိုလ်း' (**Eshkol**)နှင့် လီဗွန် (**Levon**) တို့ ရှိနေကြ၏။ ၎င်းတို့အပြင် လူငယ်ကိုယ်စားလှယ်နှစ်ဦးလည်း ပါလာ၏။ 'မိုရှေဒါယန်း' (**Moshe Dayan**) အသက် (၃၁)နှစ်နှင့် 'ရှီမွန်ပဲရီးစ်' (**Shimonperes**) အသက် (၂၃)နှစ်တို့ ဖြစ်၏။ အခြေအတင်စကားစစ်ထိုးပွဲက ရုတ်ချည်းပြင်းထန်လာပြီး တစ်ညလုံးလည်း ပြင်းပြင်းထန်ထန်ဆွေးနွေး၏။ အရုဏ်ကျင်း၍ မိုးလင်းလာသောအခါ မဲဆန္ဒယူ သည်။ ဒေးဗစ်ဘင်ဂူရီယန်ပင် အောင်ပွဲခံသည်။ ထိုအချိန်မှစ၍ ညီလာခံ၏ အဓိက ဦးတည်ချက်မှာ အဘယ်လမ်းစဉ်ဖြစ်သည်ကို သံသယဖြစ်စရာမလိုတော့။

ဒေးဗစ်ဘင်ဂူရီယန်က ကျိန်းသေပေါက် အနိုင်ရရှိရေးအတွက် ဖြစ်နိုင် သည်မှန်သမျှကို ဆောင်ရွက်၏။ သူထင်မြင်ယူဆသည့်အတိုင်း အမေရိကန်ဂျူး များက ကမ္ဘာ့ဇီယွန်အဖွဲ့ချုပ်တွင် အဓိကအခန်းမှ ပါဝင်လာကြသည်။ 'အဘာတီလာ ဆေးလ်ဘား' ဖြစ်၏။ ဆေးလ်ဘားက ဒေးဗစ်၏ ပါလက်စတိုင်းနိုင်ငံ အနောက်ဘက် ခြမ်းတွင် ဂျူးနိုင်ငံတည်ထောင်မည်ဆိုသော စီမံကိန်းကို ဆန့်ကျင်အတိုက်အခံပြု သည်။ သူက 'ထရန့်စ်ဂျော်ဒန်'အပါအဝင် နယ်မြေကျယ်ကျယ်ဝန်းဝန်းကို တောင်းဆို သည်။ ကမ္ဘာ့ဇီယွန်အဖွဲ့ လှုပ်ရှားမှုမှန်သမျှကိုလည်း အမေရိကန်မှသာ ကြီးကိုင်လို သည်။ အမေရိကန်ပြည်ထောင်စုတွင် ဂျူးလူမျိုးများ သန်းချီ၍ရှိနေသောကြောင့် လည်း တင်းနိုင်စွမ်းရှိ၏။ ဒေးဗစ်က ထိုနှစ်ချက်စလုံးကို ဟန့်တားပိတ်ပင်၏။ သို့ရာ တွင် ပါလက်စတိုင်းအား အာရပ်တို့နေထိုင်ရာဒေသနှင့် ဂျူးတို့နေထိုင်ရာ ဒေသဟူ၍ နှစ်ပိုင်းပိုင်းရန်ကိုမူ ဒေးဗစ်ထောက်ခံ၏။ အမေရိကန် ဇီယွန်ခေါင်းဆောင်များ၏ ကျောထောက်နောက်ခံအားပေးမှုဖြင့် ဒေးဗစ်က မိမိမူဝါဒကို လက်ခံလိမ့်မည်ဟု သောမျှော်လင့်ချက်ဖြင့် 'ဘေဆယ်လ်'ညီလာခံသို့ တက်ရောက်ခဲ့၏။

ဒေါက်တာဝိုက်ဇ်မင်က မိမိအရေးနိမ့်ပါသည်ဟုတော့ ဝန်မခံ. . .။ သို့ရာ တွင် ကိုယ်စားလှယ်အနည်းငယ်မျှသာလျှင် ဗြိတိန်နိုင်ငံတော်အပေါ် မျှော်လင့်ချက် ထားနေဆဲ အလုပ်သမားပါတီ (မေပိုင်)ကိုယ်စားလှယ်များက ညလုံးပေါက် ထိုင်ခဲ့၏၊ ဒေးဗစ်တစ်ယောက် ဆန္ဒမဲအများဆုံးရမှာ သေချာနေ၏။ ညီလာခံ အဆုံးမသတ်မီ ပင် ဝိုက်ဇ်မင်က ထွက်ခွာသွားတော့၏။ သူက သည်ပွဲတွင် အရေးနိမ့်သည်သာ

မဟုတ်သေး။ ဇီယွန်အဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ်ပင် ပြန်လည်မရွေးမခံရ။ ဝိုက်ဇ်မင် တစ်ယောက် အဆင်းသာယာပါစေတော့ ဟူသောသဘောဖြင့် ဥက္ကဋ္ဌသစ်ကိုပင် မရွေးတော့။ ဇီယွန်အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကိုသာ အာဏာကုန် လွှဲတော့သည်။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌမှာ ဒေးဗစ်ဖြစ်လာ၏။

သည်ပွဲမှာ ဒေါက်တာဝိုက်ဇ်မင်ထွက်သွားခြင်းသည် သူ့ခေတ်သူ့အခါလည်း နိဂုံးချုပ်လေပြီတည်း။ သို့ရာတွင် ဗြိတိသျှကို စစ်ပြုလာချိန်တွင် ဒေါက်တာဝိုက်ဇ်မင်သည် လှုပ်ရှားမှုတစ်ခုလုံးကို ပဲ့ကိုင်နိုင်စွမ်းရှိသူမဟုတ်။ အနားယူတော့အံ့ဆဲဆဲရှိနေသော ဝိုက်ဇ်မင်အား ဒေးဗစ်က (၁၉၃၅)ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဂျူးလူမျိုးများအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ရန် ဒေးဗစ်က နေရာပေးခဲ့သည်။ သို့ရာတွင် ဗြိတိသျှတို့နှင့် ဆက်ဆံရေးမျက်မှောက်ကာလတွင် အခြေအနေကပြောလို့မရ။ ဝိုက်ဇ်မင်မှာ အသက်အရွယ်လည်းကြီးပြီ။ ကျန်းကျန်းမာမာလည်းမရှိတော့ ပြောင်းလဲနေသောအခြေအနေကိုလည်း သိနိုင်စွမ်းမရှိတော့ပေ။ ဗြိတိသျှနိုင်ငံကို သံယောဇဉ်တွယ်သော စိတ်ကသာ သူ့ကိုလွှမ်းမိုးနေဆဲ . . .။

(၁၉၄၇)ခုနှစ်၊ ဧပြီလ အစ္စရေးနိုင်ငံအဖြစ် လွတ်လပ်ရေးမကြေငြာမီအထိ ဒေါက်တာဝိုက်ဇ်မင်က 'ဘော်လ်ဖိုးအစီအစဉ်'အား အတိုက်အခံပြုနေဆဲ။

ဒေးဗစ်ဘင်ဂူရီယန်က ပို၍ ခေါင်းဆောင်မှုထက်မြက်သည်။ အဖြစ်အပျက်များကိုလည်း ရှိရင်းစွဲအတိုင်း ပုံမှန်မြင်နိုင်စွမ်းရှိ၏။ သို့ကြောင့်လည်း (၂၂)ကြိမ်မြောက် ဇီယွန်အဖွဲ့ချုပ်ညီလာခံမှပေးအပ်သော တာဝန်ဝတ္တရားများကို ကျေကျေနပ်နပ် လက်ခံခဲ့ခြင်းဖြစ်၏။ ပါလက်စတိုင်းနေ ဂျူးများ၏ ကာကွယ်ရေးတာဝန်ကို ဒေးဗစ်သို့အပ်နှင်းသည်။ နောင်ပေါ်ပေါက်လာတော့မည့် အစ္စရေးနိုင်ငံအတွက် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးက အသင့်ရှိပြီးဖြစ်၏။

သို့တစေ ဒေးဗစ် အရေးတကြီးဆောင်ရွက်ရမည့်လုပ်ငန်းရှိ၏။ (၁၉၄၇)ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် ဗြိတိသျှအစိုးရအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းရန် (၂)နှစ်ကြာမျှ တိုက်ခဲ့ ခိုက်ခဲ့ရသူနှင့်လည်း ရင်ဆိုင်ရန် ဒေးဗစ်တစ်ယောက် လန်ဒန်သို့ရောက်လာ၏။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး'ဘီဗင်း'မှာ မကျန်းမမာဖြစ်နေ၏။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ်တာဝန်များနှင့်ပိနေပြီ။ 'ဘီဗင်း'က စိတ်ဆိုးလွယ်၏။ ပါလက်စတိုင်းအရေးအခင်းပြဿနာများက သူ့အား ဂျူးဆန့်ကျင် သဘောထားခံယူလာစေရန် တွန်းပို့သကဲ့သို့ ရှိ၏။ လေဘာပါတီညီလာခံတွင် 'ဘီဗင်း' က အမေရိကန်သမ္မတ 'ထရူးမင်း'အား ထိကပါး ရိကပါးပြောသည်။

'ဂျူးလူမျိုးတစ်သိန်း ပါလက်စတိုင်းသို့ ဝင်ခွင့်တောင်းဆိုတာကို အမေရိကန်က ထောက်ခံမှာပေါ့။ နယူးယောက်မှာ ဂျူးတွေက သူတို့လိုတာထက် ပိုနေမှကိုး'

ထရူးမင်းက ရွေးကောက်ပွဲတွင် မဲရရှိရေးအတွက်ကြောင့် ဂျူးတွေကို မျက်နှာသာလုပ်နေခြင်းဖြစ်သည်ဟု 'ဘီဗင်း'က စွပ်စွဲသည်။

ပထမဆုံးအကြိမ် ဒေးဗစ်နှင့် 'ဘီဗင်း'တို့ စည်းဝေးပွဲကို စိတ်ညစ်ညူးစရာကောင်းသည့် ဝန်းကျင်တွင် ကျင်းပခဲ့သည်။ အချိန်က မှောင်မှောင် ဖယောင်းတိုင်ကသုံးလေးတိုင်မျှသာ ထွန်းညှိထား၏။ ဆောင်းဒဏ်နှင့် လောင်စာရှားပါးခြင်း၊ လျှပ်စစ်မီးပျက်ခြင်းက အစိုးရရုံးဌာနများကိုပင် ချမ်းသာမပေး။ စင်စစ် ပုဂ္ဂိုလ်ကြီးနှစ်ဦးတွေ့သည်က အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးနှင့် ပါလက်စတိုင်းမှ ဂျူးကိုယ်စားလှယ်တို့သာမန်တွေ့ဆုံခြင်းသာတည်း။ တရားဝင် တွေ့ဆုံခြင်းမျိုးမဟုတ်။ တစ်ချိန်တည်းတွင် ဗြိတိသျှအစိုးရနှင့် အာရပ်ကိုယ်စားလှယ်အဖွဲ့တို့ တရားဝင်ဆွေးနွေးကြ၏။ သည်သို့သော အစီအစဉ်များက 'စိန့်ဂျိမ်းနန်းတော်' (ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာန)က (၁၉၃၉)ခုနှစ်က လုပ်ရပ်များကို ပြန်လည်သတိရစရာပင်။ သို့သော် ထိုအချိန် ထိုအခါမှစ၍ အတော်အတန် ပြောင်းလဲခဲ့ပါပြီ။ ဂျူးလူထုများက ကမ္ဘာ့လူမျိုး၏ ကရုဏာကိုရခဲ့ပြီ၊ အမေရိကန်ကဲ့သို့သော အရှိန်အဝါကြီးသည့် မဟာမိတ်လည်းရှိနေပြီ။ တစ်ခုကမူ ယခုထိ အပြောင်းအလဲမရှိသေး။ တစ်ဘက်နှင့် တစ်ဘက်ရင်ကြားစေ့၍ မရနိုင်အောင် ရှိနေဆဲ။

လိပ်ခဲတည်းလည်းဖြစ်နေခြင်းကို ကျော်လွှားလွန်မြောက်ရန်အတွက် အားထုတ်သည့်အနေဖြင့် ဒေးဗစ်နှင့် 'ဘီဗင်း'တို့ နောက်ဆုံးအကြိမ် တွေ့ဆုံဆွေးနွေး၏။

'ခင်ဗျားက ကျုပ်တို့အပေါ် ထားရှိတဲ့ သဘောထားရဲ့အကြောင်းရင်းက ဘယ်လိုလဲဆိုတာ သိပ်သိချင်တယ်။ ခင်ဗျားကလဲ ထုတ်ဖော်ပြောလိမ့်မယ် မဟုတ်ဘူးလို့ ထင်မိတယ်'

ဟု ဒေးဗစ်ကဆို၏။

'ဘီဗင်း'အဖြေကလည်း ပွင့်ပွင့်လင်းလင်းရှိ၏။

'အရှေ့အလယ်ပိုင်းဒေသမှာ ငြိမ်းချမ်းရေးထိန်းသိမ်းဖို့သာ ကျုပ်တို့ ရှာကြံနေတာ . . .'တဲ့။

'နဂေ့ဗ်' ( **Negev** ) သဲကန္တာရကို ခင်ဗျားစိတ်မဝင်စားဘူးလား'

'နဂေ့ဗ်သဲကန္တာရ'တွင် ရေနံကြောကြီးရှိနေသည်ကိုသိကြောင်း 'ဘီဗင်း'

ဝန်ခံသည်။ သဲကန္တာရတွင် တူးမြောင်းဖောက်လုပ်မည်ကိုလည်း သူသိ၏။

'ဒါပေမယ့် ရေနံအစမ်းတွင်းတူးတိုင်း ခင်ဗျားကရောက်လာပြီး ဟိုစကား ပြော ဒီစကားပြောပြီး၊ သဲကန္တာရထဲမှာ ရွာတည်လိုတည်နဲ့'

ဟု 'ဘီဗင်း'က ခနဲ့လိုက်ပြီး။

ပါလက်စတိုင်းတွင် ဂျူး၏နိုင်ငံတည်ထောင်ခဲ့ပါက ပါလက်စတိုင်းရှိ ဗြိတိသျှတို့၏ ကတိသစ္စာပြုရန်ပင် ဒေးဗစ်က အသင့်ရှိ၏။ သို့ရာတွင် သူတို့နှစ်ဦး၏ အမြင်က မည်သို့မျှ ရင်ကြားစေ၍မရနိုင်။

ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များ ပဏာမညှိနှိုင်းဆွေးနွေးပြီး သုံးရက် အကြာတွင် 'ဘီဗင်း'က လက်မြှောက်အရှုံးပေးတော့သည်။ ဖေဖော်ဝါရီလ (၁၄)ရက် နေ့ ဗြိတိသျှအစိုးရ၏ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂသို့ တင်ပြမည်ဖြစ်ကြောင်း ကြေငြာသည်။

ထိုအချိန်ထိုအခါမှစ၍ ဂျူးနိုင်ငံတည်ထောင်ရေးအတွက် နွှဲခဲ့သော နိုင်ငံရေးတိုက်ပွဲသည် ကမ္ဘာ့စာနယ်ဇင်းများနှင့် ကမ္ဘာ့ပြည်သူတို့၏ ထင်မြင်ယူဆ ချက်များ အလေးပေးမှုကို ရရှိခဲ့၏။ ချမ်းလည်းချမ်းသာ၊ ဩဇာတိက္ကမလည်းရှိသူ အမေရိကန် ဇီယွန်ခေါင်းဆောင်များက သမ္မတအိမ်ဖြူတော်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနကိုသာမက အခြားသော အနောက်နိုင်ငံများကိုပါ မိမိတို့အရေးကို ထောက်ခံရန် ဆက်လက်အကြပ်ကိုင်သွားမည်။ စင်စစ် လွယ်ကူသောအလုပ်မဟုတ်။ အာရပ် အုပ်စုက ကုလသမဂ္ဂတွင် အလုံးအရင်းနှင့် အတိုက်အခံပြုပေလိမ့်မည်။ ဂျူးတို့က ကုလသမဂ္ဂတွင် ကိုယ်စားလှယ်မရှိ။

သည်တိုက်ပွဲတွင် ဒေးဗစ်ဘင်ဂူရီယန်က လုံးဝမပါဝင် မပတ်သတ်ခဲ့ ဇီယွန် အဖွဲ့ညီလာခံက အပ်နှင်းခဲ့သည့် အလုပ်အတွက်သာ အလေးပေးပြီး မိမိပုဂ္ဂိုလ်ရေး တိုက်ပွဲအတွက်သာ အရေးယူဆောင်ရွက်လျက်ရှိ၏။ ဒေးဗစ်က အသက် (၆၀)ပင် ရှိနေပြီ၊ စစ်တပ်ကိစ္စရပ်များနှင့်ပတ်သက်၍ အခြေခံသဘောမျှသာ သူသိသည်။ သည်မှ သူက လက်နက်ခဲယမ်းမီးကျောက်ကိစ္စ၊ ထောက်လှမ်းရေးကိစ္စနှင့် ကာကွယ် ရေးကိစ္စများကို ဂရုတစိုက်ဆောင်ရွက်နေ၏။

တယ်လ်အဗီးမြို့မှ ကရင်ကေရီမတ်သဲ လမ်းမကြီးပေါ် ရှိဒေးဗစ်အိမ်ခန်း မှာ စစ်ဆင်ရေးအမိန့်ပေးရာ အခန်းသဖွယ်ဖြစ်လာ၏။ ရတတ်သမျှ စစ်ရေးဥပဒေ များ စစ်ဆင်ရေးနည်းပရိယာယ် စာအုပ်များကို အပတ်တကုတ် ဖတ်ရှုလေ့လာ သည်။ ဖော့ချ်၊ ကလော့စ်ဝစ် (**Klausewitz**)၊ လစ်ဒယ်လ်တတ် (**Liddellitart**)

စသည့် စစ်ပညာရှင်အကျော်အမော်များ၏ စာပေများကိုလေ့လာသည်။ သူ့လက်ထောက် လူငယ်အရာရှိများကပင် 'အဘိုးကြီး'ဟု သမုတ်လာကြသည်ထိ ဆံပင်ဖြူစပြုလာသော ဒေးဗစ်က စစ်တပ်လက်စွဲကျမ်းများကို ဘာသာစကားစုံဖြင့် လေ့လာသည်။ ဖတ်ရုံမျှမဟုတ်၊ မှတ်စုစာများရေးမှတ်၏။ ကိန်းဂဏန်းများနှင့် အသေးစိတ်ကူးယူ၏။ အရေးကြီးသည်ဟုထင်ရသော သဘောတရားများကို ရေးမှတ်ထားပြန်၏။ တစ်ချိန်တည်းမှာပင် ပါလက်စတိုင်းနိုင်ငံ၏ စစ်ရေးစစ်ရာများနှင့် ပတ်သက်ပြီး လူငယ်များမှာ ဒေးဗစ်ထံနေ့စဉ်လာသော ဧည့်သည်များဖြစ်လာ၏။ လက်ထဲတွင် မှတ်စုစာအုပ်ကိုင်လျက်၊ နှာခေါင်းတွင် မျက်မှန်တပ်လျက်၊ 'ဟာဂါနာ' ကာကွယ်ရေးအဖွဲ့မှ အရာရှိများ တင်ပြသည်များကို ဂရုတစိုက်နားထောင်၏။ သူသိချင်သည်ကလည်း များလှပါဘိ။ လက်နက်ပစ္စည်းများ၊ ခဲယမ်းမီးကျောက်ကိစ္စရပ်များ၊ လေ့ကျင့်ရေးတပ်ဖွဲ့များ၏ အင်အား၊ တပ်သားများ စိတ်ဓာတ်အခြေအနေများနှင့်ပတ်သက်၍ မေးခွန်းများထုတ်တတ်၏။ ငယ်ရွယ်သူ အရာရှိများက သည်သို့လျှင် အပြန်အလှန်ဆွေးနွေး၍ မေးသမျှဖြေကြားရသည်ကိုလျှင် 'ဘင်ဂူရီယန်၏ ဆွေးနွေးခန်း'ဟုပင် ဆိုခဲ့၏။

ဒေးဗစ်က အရာရှိများကိုလည်း သူတို့ပြောသည့် နာမည်အတိုင်း ခေါ်လေ့ရှိ၏။ တစ်ဦး၏အမည်က 'အစ္စရေးဂဲလီလီ' ( **Israel Galili** ) တဲ့။ 'အိုင်ဂဲလ်'နှစ်ဦးရှိ၏။ တစ်ဦးက 'အိုင်ဂဲလ်ယာဒင်း' ( **Igel Yadin** )နှင့် ကျန်တစ်ဦးက 'အိုင်ဂဲလ် အယ်လွန်' ( **Igal Alon** )တို့တည်း။ စစ်ဦးစီးမှူးမှာ 'ဂျေကော့ ဒေါ့စ်ထရိုဗ်စကီး' ( **Jacob Dostrovski** )ဖြစ်၏။ မကြာမီ အစ္စရေးတပ်မတော်၏ ကာကွယ်ရေး ဦးစီးချုပ် ဖြစ်လာမည့်သူတည်း။ ကျန်သူများတွင် 'လက်စ်ကော့စ်' ( **Laskov** 'ဒါယန်း' 'ဆာဒါး'ချ်'တို့ ပါဝင်၏။ ဒေးဗစ်က သူတို့တစ်တွေအသိုင်းအဝိုင်းတွင် နေသော်လည်း အခက်အခဲမရှိ။ ဒေးဗစ်က ဂျူးတပ်မတော်ကို ဖွဲ့စည်းရန် ရှေ့ရှုလျက်ရှိ၏။ 'ပါးလ်မတ်ချ်' 'ဟာဂါနာ' အတ်ဇယ်လ်နှင့် အခြားအပျော်တမ်းလက်နက်ကိုင်တပ်များကိုစုစည်းပြီး ခိုင်မာသောတပ်ပေါင်းစုဖွဲ့စည်းရန် အားထုတ်လျက်ရှိ၏။ ဒေးဗစ်က တပ်မတော်ကိုပင် ချစ်လာတော့၏။

သို့ရာတွင် ထိုအချိန်၌ ပါလက်စတိုင်းနှင့် ကမ္ဘာတစ်ခွင်တွင် အရေးကြီးသော အဖြစ်အပျက်များ ပေါ်ပေါက်နေသည်။ 'ဟာဂါနာ'ကာကွယ်ရေးအဖွဲ့နှင့် ပတ်သက်၍ အရေးတကြီးအဆုံးအဖြတ်ပေးရမည်လည်းရှိ၏။ ဒေးဗစ်အား တိုင်ပင်ကြသည်။

'အခု ငါတို့မမေ့ကြနဲ့ဦး။ သိစရာမှန်သမျှကို ငါအကုန်လုံး မသိရသေးဘူး၊ လက်တွေ့မလုပ်ဆောင်မီ အရာရာကို သိပါရစေအုံး'။

အရာရာကို ဒေးဗစ်သိခွင့်ရ၏။ ကျေးရွာများ၊ ထွန်ယက်စိုက်ပျိုးသော သမရိုပ်သာများသို့ လှည့်လည်သည်။ ထိုနေရာများရှိ အယောင်ဆောင်အမျိုးမျိုးဖြင့် နေကြရသော 'ဟာဂါနာ'ကာကွယ်ရေး တပ်ဖွဲ့များကို လှည့်လည်စစ်ဆေးသည်။ ကာကွယ်ရေးတပ်ဖွဲ့များကို လှည့်လည်စစ် ဆေးသည်။ ကာကွယ်ရေးလုပ်ငန်းများ၊ လက်နက်ပစ္စည်းများကိုပါ စစ်ဆေးသည်။ လေ့ကျင့်ခန်းယူ သင်တန်းများကိုလည်း တက်ရောက်လေ့လာသည်။ 'ဟာဂါနာ'ကာ ကွယ်ရေးတပ်ဖွဲ့များ၏ ထူးထူးခြားခြား လုပ်ရပ်များကို အသေးစိတ်မေးခွန်းထုတ် သည်။

အချက်အလက်' ကိန်းဂဏန်းများဖြင့် ပြည့်နေသော အနက်ရောင် မှတ်တမ်းစာအုပ်များမှာ ဒေးဗစ်၏စားပွဲပေါ် တွင် စုပုံလျက်။ 'ဟာဂါနာ'ကာကွယ်ရေး တပ်ဖွဲ့က ဒေးဗစ်အားမပြောဘဲ၊ အသိမပေးဘဲ ချန်လှပ်ထားသည်ဟူ၍မရှိ။ (၁၉၄၇)ခုနှစ်တွင် ဒေးဗစ်သိရသော အသေးစိတ် လက်နက်စာရင်းမှာ ရိုင်ဖယ် (၁၀၀၇၃)လက်၊ စက်သေနတ်အသေးစား (၁၉၀၀)၊ အပေါ့စား စက်သေနတ် (၄၆၄)လက်၊ စက်ကြီး (၁၈၆)လက်၊ ၂-လက်မမော်တာ (၆၇၂)လက်၊ ၃-လက်မ မော်တာ (၉၆)လက်ရှိ၏။ အကြီးစားစက်ကြီး (၁)လက်ရှိ၏။ စစ်မြေပြင်သုံး အမြောက်တင့်ကားနှင့် စစ်သင်္ဘောတစ်စင်းတစ်လေမျှမရှိ . . .။

သို့ရာတွင် လူအင်အားအနေဖြင့် 'ပါးလ်မတ်ချ်'တပ်မတော်တွင် (၂၂၀၀)၊ လှည့်လည်သွားလာနေသော တပ်ဖွဲ့များတွင် (၇၀၀၀)၊ ဒေသခံတပ်ဖွဲ့များတွင် (၂၇၀၀၀)၊ လူငယ်တပ်ဖွဲ့တွင် (၉၀၀၀)ရှိ၏။ ယောကျ်ား၊ မိန်းမ စုစုပေါင်းအင်အား (၄၅၃၄၀)ရှိ၏။

ဒေးဗစ်တစ်ယောက် ဂုဏ်ယူဝင့်ကြွားစရာတစ်ချက်ရှိ၏။ လက်နက်ကိုင် တပ်ဖွဲ့ဝင်အားလုံးမှာ မိမိတို့ဆန္ဒသက်သက်ဖြင့် ဝင်လာသူများဖြစ်၏။ ဘာအတွက် တိုက်ပွဲဝင်နေသည်ကို သူတို့တစ်တွေ ကောင်းကောင်းသိ၏။ သို့ရာတွင် အားနည်း ချက် တစ်ချက်ရှိ၏။ စည်းကမ်းတကျမရှိလှ။ အများစုမှာ အမြဲတမ်းတပ်မတော်တွင် တာဝန် ထမ်းဆောင်ခဲ့သူများမဟုတ်ကြ။ ကျေးရွာများ ကာကွယ်ရေးတွင် ထူးချွန်သူ များ ဖြစ်၏။ အမြဲတမ်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရင်ဆိုင်ရသော အခါယ်သို့ နိုင်နည်း။ ခေတ်သစ်စစ်ပွဲကို သူတို့တစ်တွေတိုက်နိုင်ပါ့မလား။

ပါလက်စတိုင်းမှ အာရပ်လက်နက်ကိုင် အဖွဲ့အစည်းများကို ဒေးဗစ်က

မစိုးရိမ်၊ မကြောက်။ ဒေးဗစ်၏ လုပ်ဖော်ကိုင်ဘက်များက ပါလက်စတိုင်းမှ ဗြိတိသျှ တို့ထွက်လေမလား။ ကုလသမဂ္ဂက ဂျူးတွေကို လွတ်လပ်ရေးပေးမှာလား။ အကယ် ၍ ပါလက်စတိုင်းမှ အင်္ဂလိပ်တို့ ထွက်ခွာသွားပြီး ကုလသမဂ္ဂက ဂျူးတွေကို လွတ်လပ်ရေးပေးခဲ့လျှင် အာရပ်တို့ကလည်း ဘာမျှမလုပ်ဘဲ လက်ပိုက်ကြည့်နေမှာ လား။ သူတို့တစ်တွေက သည်သို့လျှင် မေးခွန်းများ ထုတ်ကြသော်လည်း ဒေးဗစ်ကမူ ရှေ့ကို ကွက်ကျော်မြင်နေသည်။ ကြိုတင်မြင်ရသည်က သူ့အတွက် စိုးရိမ်ပူပန်စရာ၊ အချို့သောသူများက ပါလက်စတိုင်းမှ အာရပ်လက်နက်ကိုင်တပ်ဖွဲ့များ အကြောင်း ကိုသာ တဖွဖွ ပြောနေကြသည်။ သူကြောက်သည်က အာရပ်နိုင်ငံများမှ အမြဲတမ်း လက်နက်ကိုင် စစ်တပ်ကြီးများတည်း။ အခြားသူများက ဒေးဗစ်အတွေးကို အလေး မထားကြ။ ဂရုမစိုက်။ သူ့အပေါင်းအသင်းများက အချင်းချင်း တီးတိုးတီးတိုး ပြောနေ ကြသည်။ ပြောကြသည်ကလည်း ယခင် ယခင်ကအတိုင်းပင်။ ဒေးဗစ်တစ်ယောက် ရူးနေပြီတဲ့ . . . . ။

(၁၉၄၇)ခုနှစ်က အီဂျစ်ဆီးရီးယား၊ လက်ဘနွန်၊ အီရတ်၊ ထရန့်စ်ဂျော်ဒန် နှင့် ဆော်ဒီအာရေဗျနိုင်ငံများ၏ စုစုပေါင်းလက်နက်ကိုင်အင်အား (၁၃၅၀၀၀)ရှိ၏၊ အီဂျစ်နိုင်ငံတွင်ပင် လေယာဉ်ပျံ (၁၇၇)စင်း၏။ ထရန်ဂျော်ဒန်နိုင်ငံက အရှေ့ အလယ်ပိုင်းဒေသတွင် အကောင်းဆုံးလက်နက်ကိုင်တပ်ဖွဲ့ 'အာရပ်လီးဂျင်း' (Arab Legion) ရှိ၏၊ ကောင်းကောင်းလေ့ကျင့်ထားသည်။ ဗြိတိသျှအရာရှိများက အုပ်ချုပ် ၏။

(၁၉၄၇)ခုနှစ် မေလ။ ဒေးဗစ်၏ မေတ္တာရပ်ခံချက်အရ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်များက တိုက်ခိုက်လာလျှင် မည်သို့ရင်ဆိုင်ရမည် ဆိုသည်နှင့်ပတ်သက်ပြီး အစီအစဉ်ရေးဆွဲကြသည်။ လူပေါင်း (၆၀၀၀၀)ငြ လက်နက်တပ်ဆင်ပေးနိုင်ရန် မျှော်မှန်းထားသည်။ ရင်ဆိုင်တိုက်ဖွဲ့ကြီးများကို ရှောင်ရှားပေးရမည်။ ဂျူးလက်နက်ကိုင်တပ်များကို ပြောက်ကျားစစ်ဆင်ရေးအတွက် သာ လေ့ကျင့်ထားခြင်းကြောင့်တည်း။ ကာကွယ်ရေးတွင် အတွင်းကျနေရာမှ ခုခံ ကို အသုံးချမည်။ 'ကွန်မန်ဒို' တပ်ဖွဲ့များက လောင်စာနှင့် ရိက္ခာသိုလှောင်ခန်း များကို တိုက်ခိုက်မည်။ လောင်စာနှင့် ရိက္ခာသိုလှောင်ရာစခန်းများကို ဖျက်ဆီးမည်။ တိုက်ပွဲတွင် တစ်ဘက်က အမြောက်များကို အသုံးမချနိုင်အောင် အဟန့်အတား လုပ်မည်။ သည်သဘောတရားများကိုသာ အသုံးချရန် စီစဉ်ထားသည်။

နွေဦးတုအကုန်တွင် 'ဟာဂါနာ' ကာကွယ်ရေးခေါင်းဆောင်များနှင့် အလည်

သမားပါတီ (မေပိုင်)မှ ခေါင်းဆောင်များ ဆွေးနွေးပွဲကို ပါတီဌာနချုပ် အဆောက်အဦတွင် ကျင်းပသည်။ နောင်တစ်ချိန်အစ္စရေးတပ်မတော်၏ ထိပ်တန်းအရာရှိကြီးများဖြစ်လာမည့် ပုဂ္ဂိုလ်ကြီးများ အစုံအညီတက်ရောက်လာ၏။ သည်ဆွေးနွေးပွဲတွင်လည်း ဒေးဗစ်က ဖြစ်ပေါ်လာမည့် အန္တရာယ်ကိုပင် ထုတ်ဖော်ပြောပြန်သည်။

'သည်စစ်ပွဲက ရှောင်လွှဲလို့မရဘူး။ စစ်မျက်နှာတိုင်းမှာ ကျုပ်တို့တိုက်ရလိမ့်မည်။ လေယာဉ်ပျံတွေ၊ တင့်ကားတွေ အမြောက်လက်နက်တွေလိုတယ်'။

ဟု ဒေးဗစ်က အလေးအနက်ထားပြီးပြောသည်။

အားလုံးသောသူများက မကြားသယောင်ဟန်ပြုကြ၏။ အချို့သောသူများက ပြုံးမိကြသည်။

'အဘိုးကြီးတော့ ရူးနေပြီ . . . .'

အချို့ကလည်း သို့ကလိုဆိုကြ၏။

'လေယာဉ်ပျံနဲ့တင့်ကားတွေများ လိုသတဲ့။ မိုက်လိုက်ပါဘိ'

ဟု ဆိုသူများကလည်းမရှား။

တကယ့်တကယ် တိုက်ရမည့်စစ်ပွဲက မကြာမတင်မှာပင် ပေါ်လာလိမ့်မည်ဟု မည်သူတစ်ဦးတစ်ယောက်က ယုံကြမှာပါလိမ့် . . . .။

ပါလက်စတိုင်း ပြဿနာက ဖြေရှင်းရန်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထူးစည်းဝေးပွဲကို 'အောင်မြင်ရာကန်တော်ကြီး' **(Lake Sucess)** တွင် ကျင်းပခဲ့သည်။

စည်းဝေးပွဲမှ ထွက်ပေါ်လာသောအဖြေမှာ တကယ့်အားရစရာပါ။ မမှော်နိုင် မပန်းနိုင်သော ဂျူးအဖွဲ့ချုပ်ကိုယ်စားလှယ် 'ရှာတော့'ကလည်း အတော်အတန်အောင်မြင်မှုရပါ၏။ ဇီယွန်တို့၏ ကိုယ်ကျိုးအတွက် အမေရိကန်က ထောက်ခံမည်မှာသေချာ၏။ တောင်အမေရိကမှ နိုင်ငံအများအပြားကလည်း ဂျူးတို့ဘက်မှရှိ၏၊ ဂျူးကိုယ်စားလှယ်အဖွဲ့ကလည်း နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များအား မိမိတို့အရေးကိစ္စကို ရှင်းပြရန်ခွင့်ပြုသင့်သည်ဟု အထွေထွေအတွင်းရေးမှူးချုပ် 'ထရိုင်ဂွီးလီးဗ်' **( Trygve Lie )** က သဘောတူ၏။ အမေရိကန် ဇီယွန်အဖွဲ့ ကိုယ်စား 'အဘာလိဟာဆေးလ်ဘား'ကပြောရာတွင်လည်း ကိုယ်စားလှယ်များအား ဘဝင်ခိုက်စေခဲ့၏။

(၁၉၄၇)ခု၊ ဇွန်လ၊ ကုလသမဂ္ဂစုံစမ်းရေး ကော်မရှင်အား အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ခဲ့၏။ အဖွဲ့ဝင် (၁၁)ဦးတွင် ဩစတြေးလျ၊ ကနေဒါ၊

ချက်ကိုစလိုဗေးကီးယား၊ ဂွာတီမာလာ၊ ဟော်လန်၊ အိန္ဒိယ၊ ပီရူး၊ ဥရုဂွေးနှင့် ယူဂိုစလားဗီးယားနိုင်ငံများ ပါဝင်သည်။ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေအနေ တင်းမာဆိုးရွားနေသည့်အချိန် .... ထိုသို့သော အခြေအနေမျိုးတွင် ကော်မရှင်ကလည်း မိမိတို့တာဝန်များကို သတိကြီးစွာထား၍ ဆောင်ရွက်နေရသည်။

ဒေးဗစ်ဘင်ဂူရီယန် ရှာတော့ ဒေါက်တာဝိုက်ဇ်မင်တို့နှင့် အခြားသော ဂျူးလူမျိုးအဖွဲ့ကိုယ်စားလှယ်များက စုံစမ်းရေးကော်မရှင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၏။

အာရပ်ကိုယ်စားလှယ်များက ကော်မရှင်အဖွဲ့ကို သပိတ်မှောက်သည်။ နောင်သောအခါမှ ဘီရွတ်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။

သို့ရာတွင် ( Exodus )အမည်ရှိ သင်္ဘောဟောင်းကြီးပေါ်ရှိ ပါလက်စတိုင်းသို့ တရားမဝင်ခိုးဝင်လာသော ဂျူးလူမျိုး (၄၅၀၀)တို့၏ ကံကြမ္မာကို အကြီးအကျယ်အကျိုးပြုခဲ့သည်။

ယခင်က 'သမ္မတကြီးဝါးဖီးလ်'ဟု တွင်ခဲ့သော သင်္ဘောကြီးကို ဆွန်ဘွန်သိပ္ပံဌာနက အမေရိကတွင် ဝယ်ယူခဲ့သည်။ နာမည်ပြောင်းပြီးသော် ဇွန် (၁၁)ရက်နေ့၌ ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ 'ဆေတီး'မှ ထွက်ခွာခဲ့သည်။ ပင်လယ်ထဲရောက်သည်နှင့် ဗြိတိသျှစစ်သင်္ဘောသုံးစင်းက ရပ်တန့်စေခဲ့သည်။ တရားမဝင်ခိုးဝင်လာသူပြည်ဝမှ ဂျူးလူမျိုးအမြောက်အများကို တင်ဆောင်လာသော သင်္ဘောကပိတ်ဆို့ထားသည်ကို ထိုးဖောက်သွားနိုင်လိမ့်မည်မဟုတ် ....။ တရားမဝင် ခိုးဝင်လာသည်ကို အာပေးအားမြောက်ပြုကာ စည်းရုံးခဲ့သူများကမူ အထင်တစ်မျိုးရှိ၏။ သင်္ဘောဖြစ်ရပ်မှန်ကို ကမ္ဘာ့သတင်းလောကတွင် ဖော်ပြပေးပါက ထိုအခိုက် ပါလက်စတိုင်းတွင်ရောက်နေသော စုံစမ်းရေးကော်မရှင်အား တွေးစရာအချက်ကို ချပြနိုင်လိမ့်မည်။

မည်သို့ပင်ဆိုစေ သည်သင်္ဘောပေါ်မှဖော်ခဲ့သော လုပ်ဇာတ်က ကော်မရှင်အဖွဲ့ဝင်များကို ဂယက်ရိုက်ခဲ့သည်ကတော့ အမှန်ပါ။ 'အိပ်စ်ဝိုးဒပ်စ်'သင်္ဘောပေါ်မှ ခရီးသည်များကလည်း ဗြိတိသျှတို့အား ပြန်လည်ခုခံသည်။ ပြည်ပမှ ဂျူးလူမျိုးသုံးဦး ကျဆုံးသည်။ နောက်ဆုံးတွင် ' Exodus ' သင်္ဘောလည်း ဟိုင်ဖာမြို့တွင်ဆိုက်၏။ ကုန်းပေါ်ခြေချသည်နှင့် ဗြိတိသျှအာဏာပိုင်များက သင်္ဘောသုံးစင်းပေါ်သို့ လွှဲခဲ့၍ အမြဲတင်ပို့သည်။ ထိုသင်္ဘောသုံးစင်းက ခရီးသည်များကို ပြင်သစ်နိုင်ငံသို့ပင် ပြန်ခေါ်သွား။ ခရီးဆုံးရောက်သော် အစောင့်များက အမြဲဆင်းခိုင်းသော်လည်း ခင်း

သည်များကမဆင်းဘဲ အစာငတ်ခံဆန္ဒပြကြသည်။ ဗြိတိသျှအစိုးရက ခရီးသည်များ မူလပထမလာခဲ့သည့် နာဇီအကျဉ်းစခန်းဟောင်းများရှိရာ ဂျာမနီသို့ ပြန်ပို့မည်ဟု ကြေငြာကာ သည်ကိစ္စကို မကျောင်မလည် ကိုင်တွယ်လာပြန်၏။

**'Exodus'** သင်္ဘောအရေးအခင်းက ကမ္ဘာ့လူထုစိတ်ကို တဖန် လှုံ့ဆော်ခဲ့ပြန်သည်။ ဒေးဗစ်ဘင်ဂူရီယန်နှင့် ညင်သာပျော့ပြောင်းသော ဝိုက်ဇ်မင်တို့ရန်ပွဲကိုလည်း ပြန်လည်ဖော်ထုတ်လာကြပြန်၏။ ဒေါက်တာဝိုက်ဇ်မင်က ပါလက်စတိုင်းသို့ ခိုးဝင်ကြမည့် ခရီးသည်များ ခံစားနေရသော ဒုက္ခဝေဒနာများကို အဆုံးသတ်စေချင်လိုသောဆန္ဒကြောင့် ဇီယွန်အဖွဲ့ချုပ်က ဆောင်ရွက်နေသည့် နိုင်ငံရေးတိုက်ပွဲတိုပင် ပျက်စီးလျှင်ပျက်စီးပါစေတော့ဟု သဘောပိုက်ကာ 'ဘီဗင်း'ကိုအဆက်အသွယ်ပြုရန် 'လီယွန်ဘလ်နံ'သို့ မေတ္တာရပ်ခံသည်။ ပြီးလျှင် တရားမဝင် ခိုးဝင်မည့်သူများကို ပြင်သစ်နိုင်ငံသို့ပင် ပို့ပေးရန်အဆိုပြုသည်။ သို့ဆိုလျှင် ဂျူးအဖွဲ့ချုပ်က ခရီးသည်များအား ကမ်းပေါ် သို့တက်ရန် ညွှန်ကြားပေးမည်ဟု ကတိပြု၏။

စင်စစ် သည်သို့ဆိုခြင်းက လက်မြှောက်အရှုံးပေးရာကျ၏။ ထိုအချိန်တွင် ဂျီနီဗာသို့ ရောက်နေသော ဒေးဗစ်ဘင်ဂူရီယန်က ရှုးရှုးရှဲရှဲနှင့် ဒေါသထွက်တော့၏၊ ချက်ချင်း လန်ဒန်သို့ တယ်လီဖုန်းဆက်သည်။ ပဲရစ်သို့ သူ့အဆက်အသွယ်များကို တပ်လှန့်လိုက်ပြီး ဝိုက်ဇ်မင်တောင်းဆိုချက်နှင့် ဖီလာဆန့်ကျင်သော အရေးဆိုချက်ကို အချိန်မီတောင်းဆိုနိုင်ခဲ့သည်။

'ဗြိတိသျှတို့က မိမိတို့အတွက် အခွင့်သာစေဖို့ ကျုပ်တို့အပေါ် အကြပ်ကိုင်ရန် ဒေါက်တာဝိုက်ဇ်မင်ကို အသုံးချခဲ့တယ်'ဟု မိုရေရှာတော့က ဝန်ခံခဲ့သည်။

'ဒီလို လုပ်ရအောင် ဝိုက်ဇ်မင်မှာ ဘယ်လိုအခွင့်အာဏာများရှိလို့လဲ အခုသူက ဇီယွန်အဖွဲ့မှာ ဘာရာထူးရာခံမှ ရှိတဲ့သူမဟုတ်ဘူး'ဟူ၍သာ ဒေးဗစ်က တဖွဖွပြောရင်း ပြစ်တင်နေ၏။

လန်ဒန်ရှိ ဇီယွန်ညွှန်ကြားရေးမှူးများ၊ အဖွဲ့ဝင်များသို့ ရေးသည့်စာတွင် ဒေးဗစ်က သည်ကဲ့သို့ တင်ပြခဲ့ပြန်သည်။

'ညွှန်ကြားရေးမှူးအဖွဲ့ရဲ့ လုပ်ငန်းတွေမှာ ဝိုက်ဇ်မင်က ဝင်နှောင့်ယှက်တာ၊ ဗြိတိသျှအစိုးရအဖွဲ့နဲ့ ဂျူးအဖွဲ့ချုပ်ကြားမှာ သံတမန်ကိုယ်စားလှယ်အဖြစ်၊ စေ့စပ်သူကြားလူအဖြစ် ဂိုက်ဖမ်းတာတွေကို ကျုပ်ဆန့်ကျင်တယ်။ ဒီပုဂ္ဂိုလ်ကို အင်္ဂလန်မှာပဲဖြစ်ဖြစ်၊ အမေရိကန်မှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးတာဝန်တစ်ခုခု ပေးအပ်ခိုင်းစေတာကိုလည်း ကျုပ်ဆန့်ကျင်တယ်။

ဒေးဗစ်၏ ဂျူးနိုင်ငံ တည်ထောင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းမှုကို မည်သို့မျှဟန့်တားနိုင်စွမ်းမရှိ။ ဇူလိုင်လ၊ 'ဟာဂါနာ'ကာကွယ်ရေးအဖွဲ့ခေါင်းဆောင်ဟောင်းများက ပေးသောအကြံကို ဒေးဗစ်ကပယ်ချခဲ့သည်။ သူတို့တစ်တွေက စစ်ဖြစ်လာပါက မည်သို့သော ဗျူဟာချမှတ်မည်ဆိုသော ဒေးဗစ်၏သဘောထားကို သဘောမတူကြ။

'ကျုပ်မြင်တွေ့နေရတဲ့ ဟာဂါနာအဖွဲ့အစည်းဟာ ဆောင်ရွက်ရမယ့် အခန်းကဏ္ဍနဲ့ မညီညွတ်၊ မလိုက်အောင် ဖြစ်နေတယ်။ ဒါဟာ အတိတ်ကို ဝေဖန်ရှုတ်ချတာမဟုတ်။ အနာဂတ်အတွက် ထင်မြင်ယူဆခြင်း ဖြစ်တယ်'

ဟု ဒေးဗစ်က မှတ်တမ်းစာအုပ်တွင် ရေးမှတ်ခဲ့သည်။

အနာဂတ်အတွက် တွေးတောရင်းက မည်သူတွေကပဲ ကန့်ကွက်ကန့်ကွက် ဒေးဗစ်က ပါလက်စတိုင်းနေ ဂျူးများကို အထွေထွေလှုပ်ရှားမှုအတွက် ပြင်ဆင်မှုများပြုလုပ်ရန် တောင်းဆိုသည်။ 'ရှုံးတယ်'လို့ပဲ အခေါ်ခံရ၊ ခံရ ဒေးဗစ်က အကြီးစားလက်နက်များ တပ်ဆင်ရန် ညွှန်ကြားချက်များပေးသည်။ အထူးသဖြင့် လေယာဉ်ပျံများကို ဥရောပနှင့် အမေရိကန်တို့မှ ဝယ်ယူစေ၏။ လေယာဉ်မှူးများလည်း ပါလက်စတိုင်းသို့လာရန် အဆင်သင့်ဖြစ်ကြဖို့ မေတ္တာရပ်ခံထားသည်။ စစ်ရေးပါရဂူ၏ လုပ်အားကိုလည်းရယူရန် ဒေးဗစ်ကအားထုတ်သည်။ စစ်အတွက် လိုအပ်သော လက်နက်ကိရိယာများ၏ လေးပုံတစ်ပုံမျှကို ဥရောပသို့ ချက်ခြင်းပို့ထားစေသည်။ သို့မှသာ လိုအပ်လျှင် လိုအပ်ခြင်း ပါလက်စတိုင်းသို့အရောက် ပေးပို့နိုင်ပေမည်။

စင်စစ် မလိုအပ်ဟူသော ကြိုတင်ပြင်ဆင်မှုသည်မရှိ။ အဖြစ်အပျက်များက မြန်ဆန်လွန်းသည်။

စက်တင်ဘာလ၊ ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်က အစီရင်ခံစာကို ထုတ်ပြန်ကြေငြာသည်။ ပါလက်စတိုင်းအား ဂျူးနယ်မြေ၊ အာရပ်နယ်မြေဟု ခွဲခြားသတ်မှတ်ရန်အတွက် ထောက်ခံမဲ (၈)မဲ၊ ကန့်ကွက်မဲ (၃)မဲဖြင့် ဆုံးဖြတ်ခဲ့၏။ သည်ကိစ္စရပ်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက မဲပေး ဆုံးဖြတ်ရပေလိမ့်မည်။ အာရပ်နိုင်ငံများက ပြင်းပြင်းထန်ထန် ကန့်ကွက်ကြသည်။ ဆီးရီးယားနှင့် ထရန်စ်ဂျော်ဒန်နိုင်ငံများက စစ်တပ်ကို တပ်လှန့်လိုက်သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မဲမပေးမီကာလတွင် နောက်ကွယ်မှ လှုပ်ရှားမှုများက သဲသဲမဲမဲရှိနေသည်။ 'ရှာတော့'နှင့် 'ဆေးလ်ဘား'တို့ ခေါင်းဆောင်

မှုဖြင့် ပါလက်စတိုင်းနှင့် အမေရိကန်တို့၏ ဇီယွန်အဖွဲ့အစည်းများက ပါလက်စတိုင်းနယ်ခွဲခြားသတ်မှတ်ရေးကို လိုလားခဲ့သော နိုင်ငံများ၏ထောက်ခံမဲကို ကျိန်းသေရရှိရန် တတ်စွမ်းသမျှ ဆောင်ရွက်လျှက်ရှိ၏။ ကွန်မြူနစ်အုပ်စုဝင်နိုင်ငံများနှင့် အနောက်နိုင်ငံအများစုက သည်စီမံကိန်းအတွက် ထောက်ခံကြမည်ဟု ထင်ရ၏။

ဒေးဗစ်ဘင်ဂူရီယန်ကမူ ကာကွယ်ရေးပြဿနာများနှင့် အလုပ်ရှုပ်နေသည်။ ပါလက်စတိုင်းမှ တစ်ဦးတစ်ယောက်မျှ အာရပ်တို့က တိုက်ခိုက်လာမည့် အန္တရာယ်အား အလေးအနက်ထားသည့်ကို မတွေ့ရသောအခါ အံ့ဩမိသည်။ စစ်တပ်နှင့်အတူ စစ်တုပ်ခွဲများတွင် မင်းမဲ့ဝါဒများနှင့် မင်းမဲ့နည်းများရှိနေခြင်းကို ဒေးဗစ်က အကြီးအကျယ်ဒေါသထွက်မိသည်။ 'ဟာဂါနာ' ကာကွယ်ရေးအဖွဲ့များတွင် အသုံးပြုရမည့် ပြုပြင်ပြောင်းလဲရေး စည်းမျဉ်းများကို ဒေးဗစ်ကိုယ်တိုင် ရေးဆွဲသည်။

(၁၉၄၇)ခု၊ နိုဝင်ဘာလ (၂၉) ရက်နေ့။

အဆုံးအဖြတ်ပေးမည့် ဆန္ဒမဲပေးခြင်းကို ကုလသမဂ္ဂတွင် ပါလက်စတိုင်းစံတော်ချိန် ည (၁၀း၀၀)နာရီတွင်မှ အစပြုသည်။ များစွာသော ဂျူးများက တယ်လ်အဗီးနှင့် ဂျေရုစလင်မြို့၏ လမ်းဆုံလမ်းခွဥ္စုရုံးလျှက်၊ အချို့ကလည်းအိမ်ရှိ ရေဒီယိုဘေးတွင်ဝိုင်းကြလျှက် ဆန္ဒမဲပေးခြင်းနှင့် မည်သို့သော ရလာဒ်ပေါ်လာမည်ကို စောင့်မျှော်နေကြသည်။

သို့ရာတွင် ဒေးဗစ်ဘင်ဂူရီယန်ကမူ အိပ်ရာအစောကြီးဝင်ခဲ့၏။ အဖြစ်အပျက်တစ်ခုအပေါ် အလေးအနက်ထားပြီး စိတ်ထိခိုက်လွယ်သူ ဒေးဗစ်လို ပုဂ္ဂိုလ်တစ်ဦးက သူ့ကိုယ်သူ နိုင်နိုင်နင်းနင်းရှိသည်မှာ စင်စစ် အံ့ဩစရာ။ ဒေးဗစ်က ပင်လယ်သေ'တစ်ဂိုက် ဒေသတစ်ခွင် ခရီးထွက်ခဲ့ပြီး ကာလီယာဟိုတယ်တွင် တစ်ညအိပ်စက် နားနေခိုက်ဖြစ်သည်။ မနက်အစောကြီး သူနိုးရသည်။ ဟိုတယ်အပြင်ဘက် ပင်လယ်သေ'ကမ်းခြေတွင် လရောင်အောက်၌ အလုပ်သမားများက ပျော်ပျော်ပါးပါး ကခုန်မြူးတူးနေကြသည်။ ကမ္ဘာတွင် ထူးခြားသော သည်ဒေသ 'သောဒုံ' ( Sodon ) နှင့် ဂေါ်ခ်နောရပ် ( Gonorah )။ ထိုသို့မျက်နှာမူရာ သည်အရပ်တွင် ဒေးဗစ်ဘင်ဂူရီယန်က ဂျူးနိုင်ငံတည်ထောင်ဖို့ကို ကုလသမဂ္ဂက ထောက်ခံမဲ (၃၃)မဲ၊ ကန့်ကွက်မဲ (၁၂)မဲ၊ ကြားနေ (၁၀)မဲဖြင့် အတည်ပြုခဲ့ပြီဆိုသော သတင်းကိုကြားရ၏။

နောက်တစ်နေ့တွင် ဂျေရုစလင်ရှိ မိမိရုံးခန်းသို့ ဒေးဗစ်ပြန်ရောက်လာသည်။ လမ်းတစ်ကာလမ်းတွင် ပျော်ရွှင်မြူးတူးနေကြသော လူထုပရိသတ်များနှင့်

ပြည့်လျှက်ရှိ၏။ သို့ရာတွင် ဒေးဗစ်ကမူ သူတို့ပျော်သလို မပျော်နိုင်။

'အစ္စရေးတွင် ပျော်ရွှင်ခြင်းက လူတိုင်းအသဲနှလုံးတွင် လွှမ်းနေသော်လည်း ကျုပ်ကမူ စိုးရိမ်ပူပန်စိတ်ကြောင့် တထိတ်ထိတ်ဖြစ်နေသည်"

ဟု ဒေးဗစ်က မှတ်တမ်းတင်ခဲ့သည်။

ထုံးစံအတိုင်း ဒေးဗစ်က ရှေ့ရင်ဆိုင်ရမည့် အန္တရာယ်များကို တွေးတော နေမိ၏။ သည်တစ်ကြိမ် ရင်ဆိုင်ရမည့် အန္တရာယ်က အခက်အခဲဆုံး ဖြစ်သည်။ သွေးထွက်သံယို အများဆုံးဖြစ်ပေမည်။

နိုဝင်ဘာလ (၃၀)ရက်နေ့။ ထိုနေ့မှာပင် အာရပ်လက်နက်ကိုင်အဖွဲ့ တစ်ချို့က ခရီးသွားဂျူးများကို တိုက်ခိုက်သည်။ ဂျူးလူမျိုး (၇) ဦးသေဆုံးခဲ့သည်။ ဗြိတိသျှတပ်အင်အား တစ်သိန်းရှိနေသော်လည်း ဂျူးနိုင်ငံဟု တကယ်တမ်း ပေါ်ပေါက်လာရန် နောက် (၅)လမျှ ကြာဦးမည်။ လက်နက်ကိုင်အာရပ် အဖွဲ့များက ပါလက်စတိုင်း နိုင်ငံအနှံ့တွင် လှုပ်ရှားလာပြီး ဂျူးများကို ကျယ်ကျယ်ပြန့်ပြန့် တိုက်လာ၏။

## ဘတစ်ပြန်ကျားတစ်ပြန်

နိုင်ငံဟု မပေါ်သေး။ စိတ်ကူးစိတ်သန်းဖြင့် သတ်မှတ်ထားသော အဆင့်တွင်သာရှိသေးသည့်နယ်မြေတွင် သည်စစ်ပွဲဖြစ်လာခြင်းတည်း။

အစ္စရေးနိုင်ငံဟု နောက် (၄-၅)လကြာမှ တရားဝင်ပေါ်ပေါက်လာပေမည်။ နိုင်ငံဟု တိတိပပမရှိသေး။ 'သန့်ရှင်းသောနယ်မြေ' အညွှန်းပြ မြေပုံပေါ်တွင် ကုလသမဂ္ဂအရာရှိများက ကွေးကွေးကောက်ကောက်ဆွဲထားသည့် အဆင့်သာရှိ၏။ ဂျူးလူမျိုးများသို့ ရှည်လျားကျဉ်းမြောင်းလှသည့် ကမ်းခြေဒေသသုံးနေရာကို ပိုင်းပေးသည်။ ဆက်စပ်နေသည့်နေရာများကို အာရပ်တို့ကို သတ်မှတ်ပေးသည်။ ဂျေရုစလင်အား နိုင်ငံတစ်ကာမြို့တော်အဖြစ် သတ်မှတ်မည်။ ဂျူးတို့ကမ်းမြောင်ဒေသမှာ ဂျော်ဒန်မြစ်ဖျားခံရာဒေသမှ ဆီးနိုးယားနှင့် လက်ဘနွန်တောင်ခြေအထိ ကျယ်၏။ ဂလီလီဝန်းကျင် တောင်ကုန်းတောင်တန်းများတစ်လျှောက် နယ်ခြားမျဉ်းက ကွေ့ကောက်လျက်ရှိ၏။ ဂလီလီမှာ အာရပ်တို့ပိုင်နယ်မြေတွင်းတွင်ရှိ၏။ မြောက်ပိုင်းဒေသတောင်များ ဝန်းရံထားသည့် 'စိန့်ရှန်ဒီအာ'မြေပြန့်လွင်ပြင်မှသည် ကမ်းခြေနှင့်ဆက်စပ်လျက်ရှိသော လွင်ပြင်အစအထိ ကျယ်၏။ သည်ကမ်းခြေအနီး လွင်ပြင်ဒေသသည် 'ဖိလစ္စတင်း' ( **Philistines** ) တို့၏ ဇာတိချက်ကြွေမွေးရပ်မြေတည်း။ သည်နယ်မြေတွင် ဂျူးလူမျိုးအများအပြား နေထိုင်သည်။ ဟိုင်ဖာမြို့နှင့် လှပသော

သဘောဆိပ်သည်လည်းကောင်း၊ ဂျူးတို့မြို့တော် တယ်လ်အဗီးသည်လည်းကောင်း သည့်နယ်မြေတွင်းပါ၏။

ကုလသမဂ္ဂကလည်း ရက်ရက်ရောရောရှိပါ၏။ ကျောက်ခဲအတိရှိသော 'နဂျစ်သဲကန္တာရ'တစ်ခုလုံးလိုလိုကို ပါပေးသေး၏။ အရှေ့ဘက်နယ်စပ်တွင်မူ ဆားငံရေရှိရာ ပင်လယ်သေ . . . .။ တောင်ဘက်တွင်မူ လှိုင်းလုံးကြီး တဝုန်းဝုန်းထနေသော 'ပင်လယ်နီ'ရှိ၏။ ဂျူးတို့ပိုင်နယ်မြေသည် 'ဘီယာရှီဗာ' ( Beersheba ) ရွာမရောက်ခင်ပင် ဆုံးတော့သည်။ ('ဘီယာရှီဗာ'သည် 'အီဗရာဟမ်' ( Abraham) ၏ ဇာတိကျေးရွာ ဖြစ်၏။) 'ဂါဇာ'ရောက်လုရောက်ခင်တွင်ပင် ဂျူး ပိုင်နယ် အဆုံးသတ်ခဲ့သည်။ 'ဂါဇာ'သည် အာရပ်တို့ပေးအပ်ခဲ့သော ကမ်းမြောင်ဒေသ၏ မြို့တော်ဖြစ်၏။ ဂျေရုစလင်မြို့တော်နှင့် ဆက်သွယ်မိသည့် တစ်ခုတည်းသော လမ်းမှာ အာရပ်တို့ပိုင်နယ်မြေအတွင်းရှိ လမ်းကျဉ်းကလေးသာဖြစ်၏။'သန့်ရှင်းသော မြို့တော်'သို့ ဝင်ရန်မှာ အာရပ်တို့၏ စိတ်စေတနာအပေါ် လုံးလုံးလျားလျားတည်၏၊

အာရပ်တို့က သို့ကလို နယ်မြေပိုင်းခြားခြင်းကို မလိုလား . . .။ ထို့ကြောင့် အစွမ်းကုန်တိုက်ဖျက်ရန် ရည်ရွယ်သည်။

ကုလသမဂ္ဂဆိုင်ရာ ဗြိတိသျှကိုယ်စားအဖွဲ့ခေါင်းဆောင် 'ဆာအလက်ဇန္ဒား ကာဒိုဂင်'က မိမိတို့အစိုးရအဖွဲ့သည် ကုလသမဂ္ဂ၏ အဆုံးအဖြတ်ကို လေးစားမည်ဖြစ်ကြောင်း စီစဉ်ထားသည့်အတိုင်း (၁၉၄၈)ခုနှစ်၊ မေလ (၁၅)ရက်နေ့တွင် ဗြိတိသျှတပ်များ ပါလက်စတိုင်းမှ အပြီးအပိုင် ဆုတ်ခွာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အကြောင်းကြား၏။ အခိုက်အတန့်တွင်မူ ဗြိတိသျှတပ်များက မည်သည့်ဘက်မှမလိုက်။ ကြားနေမည်ဟုဆိုသည်။ တစ်နည်းဆိုသော် ဂျူးနှင့် အာရပ်တို့ အပြန်အလှန်သတ်ဖြတ်နေခြင်းကို လုပ်ချင်ရာလုပ်စေတော့ဟု သဘောထားကာ လျစ်လျူရှုထားမည်ဆိုသည့်သဘော . . . .။ မည်သို့အဖြေထွက်လာမည်ကို စောင့်ကြည့်နေရန်မလို . . . .။ အာရပ်လူဦးရေက သန်း(၄၀) ဂျူးလူမျိုးက(၆၅၀၀၀၀)သာရှိရာ မည်သို့အဖြေထွက်လာမည်ကို အဘယ်သူ သံသယရှိမည်နည်း။

ဗြိတိသျှတို့က အင်အားအလုံးအရင်းနှင့်ရှိနေဆဲ . . . သည်အချိန်မှာပင် စစ်က ပါလက်စတိုင်းတစ်ပြည်လုံးသို့ ကူးစက်ပျံ့နှံ့ခဲ့၏။ သမိုင်းတွင် ထူးထူးဆန်းဆန်း ဖြစ်ခဲ့သော စစ်များတွင် သည်စစ်လည်း အပါအဝင်ဖြစ်၏။ စစ်မျက်နှာ သတ်သတ်မှတ်မှတ်မရှိ . . . .။ စစ်မြေပြင် သတ်သတ်မှတ်မှတ်မရှိ . . . .။ နေရာတိုင်းတွင်

အပစ်အခတ်၊ အတိုက်အခိုက်များရှိ၏။ 'နဂျစ်သဲကန္တာရ'အတွင်း ဟိုတစ်ကွက်၊ သည်တစ်ကွက် ရှိနေသော ကျေးရွာများပတ်ပတ်လည်တွင်လည်းကောင်း၊ တယ်လ်အဗီးနှင့် ဂျေရုစလင်မြို့ပြင်များရှိ ပိုက်လိုင်းများတစ်လျှောက်တွင်လည်းကောင်း၊ ဟိုင်ဖာတွင်လည်းကောင်း၊ လမ်းတစ်လျှောက် စိမ်းစိမ်းစိုစို လှိုမြောင်ဒေသမကျန် 'ရှာရွန်' (**Sharon**) နှင့် 'ဂျက်ဇ်ရီးလ်' (**Jezreel**)ရှိ လိမ္မော်ခြံများ၌လည်းကောင်း၊ ပလစပ်တိုက်ခိုက်ကြ၏။ သည်စစ်ပွဲက အမြဲတမ်း တပ်ကြီးနှင့်တိုက်ကြသည့် စစ်ပွဲမျိုး မဟုတ်။ အာရပ်လက်နက်ကိုင် တပ်ဖွဲ့များက 'ဟာဂါနာ'နှင့် 'ပါးလ်မတ်ချ်' တပ်ဖွဲ့များကို ဖိတိုက်နေသည့်စစ်ပွဲ . . . . ရိုင်ဖယ်၊ စက်သေနတ်နှင့် လက်ပစ်ဗုံး၊ စတင်းဂန်းတို့ ပြိုင်ကြသည့်စစ်ပွဲ . . . . ဂျူးလူမျိုးတို့အဖို့ သည်စစ်ပွဲ တွင် အနိုင်ယူမည်လား၊ သို့မဟုတ် မျိုးပြုတ်ခံမည်လားဟူသော လမ်းနှစ်သွယ်တွင် တစ်ခုခုကို ရွေးရပေမည်။ စစ်ပွဲအစပထမတွင် ဂျူးတို့က အနိုင်ရမည်ဆိုသည်မှာ တကယ့် ဖြစ်တောင့်ဖြစ်ခဲ . . . .။

စစ်ပွဲမှာ တဖြည်းဖြည်းစလာ၏။ ချုံခိုတိုက်ခြင်း၊ ယာဉ်များကိုတိုက်ခြင်း၊ ဂျူးကျေးရွာများနှင့် သမဘုံကျေးရွာများကို ဝင်စီးခြင်းများဖြင့် ပဏာမပျိုးခဲ့၏။ သို့ရာတွင် အာရပ်လက်နက်ကိုင်တပ်ဖွဲ့ကလည်း များပါဘိ။

မကြာပါ။ အာရပ်တို့က ဟိုတစ်ကွက်၊ သည်တစ်ကွက် ကြိုကြား ကြိုကြား တိုက်နေရာမှ မဟာဗျူဟာစစ်ဆင်ဖို့ တစ်ဆင့်လှမ်းခဲ့သည်။ သို့တိုင်အောင် အာရပ်တို့က အမြဲတမ်းစစ်များကို အသုံးမပြုသေး . . . .။ အာရပ်နိုင်ငံများမှ လက်နက်ကိုင်တပ်များက သည်စစ်ပွဲတွင် ဝင်တိုက်ခွင့်မရနိုင်သေး . . . .။ ပါလက်စတိုင်းတွင် ဗြိတိသျှအလံက လွင့်နေဆဲ။ သို့ရာတွင် ထိုအခိုက်အတန့်၌ ဂျူးတို့ကိုတိုက်ရန် အကောင်းဆုံးနည်းလမ်းမှာ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပြီး ဘော်လှန်ရေးစခန်းများနှင့် တသီးတခြားဖြစ်စေရန်ပင်။ ပြီးမှ တစ်ခုချင်း သုတ်သင်သွားရန်ဖြစ်၏။

သည်သို့သော စစ်ဆင်ရေးနည်းဗျူဟာကို မည်သို့အကောင်းဆုံး တုန့်ပြန်ရန်နှင့်ပတ်သက်ပြီး ဂျူးတို့တွင် စိတ်ကူးစိတ်သန်း မပေါ်သေး။ လမ်းများကိုပွင့်စေရန် ကားတန်းကြီးများ (ကွန်ဗွိုင်း)ကို လက်နက်ကိုင်အစောင့်အရှောက်များဖြင့် သွားစေ၊ လာစေသည်။ တိုက်စစ်ဆင်ရေးတွင် အတွေ့အကြုံမရှိ။ တသီးတခြား၊ ဟိုတစ်ကွက်၊ သည်တစ်စုဖြစ်နေသော နေရာများကိုသာ ကာကွယ်ခြင်း၊ ကလဲ့စားချေ တိုက်ခိုက်ခြင်းများကိုသာ အားထားလျက်ရှိနေဆဲ . . . .။ ရံဖန်ရံခါ အာရပ်တို့ကြား ထိတ်ထိတ်

ပျာပျာ ဖြစ်စေစိမ့်ငှာ၊ ဂျူး 'ကွန်မန်ဒို'တပ်ဖွဲ့များက အာရပ်ကျေးရွာများကို ဝင်စီးကာ နေအိမ်များ၊ အချက်အချာနေရာများတွင် ဗုံးဖောက်ခဲ့သည်။ သုံးရေ၊ သောက်ရေ တွင်းများကို ဖျက်ဆီးသည်။ သို့သော်လည်း သည်နည်းက အကျိုးမရှိခဲ့။ တစ်နိုင်ငံလုံး က အမုန်းပွားစေသည်သာ အဖတ်တင်ပေမည်။

တစ်နေ့တခြား အခြေအနေ ဆိုးရွားလာသည်။ အာရပ်တို့၏ တိုက်ခိုက်မှုများ တိုးသထက်တိုးလာခဲ့လျှင် အကောင်းဆုံးနည်းလမ်းမှာ တကွဲတပြား ဝေးဝေး လံလံရှိသော ကျေးရွာများမှ ဆုတ်ခွာပြီး ကာကွယ်ရေးစည်းများ ထားရှိရေးကိုသာ အာရုံစိုက်ရန် အချို့သော ဂျူးခေါင်းဆောင်များက ဆိုလာကြ၏။

'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့များ၏ ဌာနချုပ်မှာ တယ်လ်အဗီးမြို့ ပင်လယ်ကမ်းစပ်ရှိ 'အိမ်နီကြီး'ဖြစ်၏။ သည်ဌာနချုပ်မှာနေ၍ ဒေးဗစ်က ညွှန်ကြားချက်များ ထုတ်ပြန်လျှက်ရှိ၏။ ဂျူးကျေးရွာ တစ်ရွာပဲဖြစ်ဖြစ်၊ အလှမ်းဝေးသည့် စခန်းပဲဖြစ်ဖြစ် မည်သည့်နေရာ၊ မည်သည့်ဒေသတွင်ပဲရှိရှိ၊ ဒေးဗစ်က လက်လွှတ် မခံလို ကျေးရွာတစ်ရွာ သို့မဟုတ် စခန်းတစ်ခုတိုင်းကို 'စတာလင်ဂရက်' တိုက်ပွဲ မှာကဲ့သို့ နောက်မဆုတ်တမ်း အသက်ပေးခုခံရန် အသင့်ရှိ၏။

ဒေးဗစ်၏ လုပ်ဖော်ကိုင်ဘက်များကမူ ဒေးဗစ်ဖြစ်စေချင်သလို လူ ငါး ထောင်အား 'နဂုစ်သဲကန္တာရ'သို့ ပို့ခြင်းသည် သေမင်းထောင်ချောက်ဖြစ်၏။ သို့သော် အခြေအတင်ဆွေးနွေးပြီးသောအခါမှ ဒေးဗစ်အဆိုကို လက်ခံလာကြသည်။ ထောင် ပေါင်းများစွာသော စစ်သားများကို 'နဂုစ်သဲကန္တာရ'သို့ ပို့ပေးသည်။ သို့ကြောင့်လည်း ဘယ်ကျေးရွာကိုမျှ အာရပ်လက်နက်ကိုင်တပ်ဖွဲ့များက သိမ်းပိုက်ရန် မအောင်မြင်ခဲ့။ စစ်ရေးခေါင်းဆောင်တစ်ဦးအဖြစ် ဒေးဗစ်က သူ့အရည်အချင်းကို ပြနိုင်လေပြီ။

'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့ကဲ့သို့သော မိမိတို့ဆန္ဒဖြင့် လိုလားသူများကို သာ စုစည်းထားသည့်တပ်သည် တင်းကြပ်သည့် စစ်စည်းကမ်းများကို လွယ်လွယ် ကူကူနှင့် အထာကျဖို့ရန် မဖြစ်နိုင်။ အမြဲတမ်း စစ်တပ်တစ်ခုကဲ့သို့ အတွေ့အကြုံ မရှိ။ လေ့ကျင့်ရေး အဆင့်အတန်းက ညံ့လွန်းသေးသည်။ စီမံခန့်ခွဲရေးသည် ပြောပ လောက်အောင်ပင် မရှိသေး။ စုဆောင်းထားသည့် စစ်သားဦးရေပြစာရင်း မှန်မှန် အထက်အမိန့် မနာခံသည်များပင်ရှိ၏။

ခေါင်းဆောင်များက ခုခံစစ် ကျင့်သုံးနည်းများကို စွဲစွဲမြဲမြဲလက်ကိုင်ပြု လျှက်ပင်ရှိ၏။ သို့ရာတွင် အာရပ်လက်နက်ကိုင်တပ်ဖွဲ့များကို ခံချရာတွင် ထိရောက် သော နည်းဗျူဟာတစ်ရပ်ဖြစ်သော်လည်း အမြဲတမ်းစစ်တပ်၏ တပ်ဖွဲ့များ

နှင့်ရင်ဆိုင်ရာတွင် နည်းနည်းမျှ အားမကိုးနိုင်သည်ကိုမူ သတိမထားမိကြ။ 'ပါးလ်မတ်ချ်'တပ်မဟာတစ်ခုကိုပင် စစ်ရေးအရ ပြည့်စုံလုံလောက်နေပြီဟုပင် မှတ်ယူထားကြသည်။ အရည်အသွေးများ ရှိသည်ဆိုဦးတော့ 'ပါးလ်မတ်ချ်'တပ်ဖွဲ့များက အမြဲတမ်းစစ်တပ်နှင့် ရင်ဆိုင်တိုက်ခဲ့ရသည့် အတွေ့အကြုံ လုံးဝမရှိခဲ့။

ခေတ်သစ်စစ်ဆင်ရေးများကို တကယ်တမ်း သိနားလည်သူများမှာလည်း ဒုတိယကမ္ဘာစစ်ကြီးတွင် တိုက်ခိုက်ခဲ့ကြသော ဂျူးတပ်မဟာမှ စစ်မှုထမ်းဟောင်းများသာဖြစ်၏။ သူတို့တစ်တွေကိုလည်း 'ဟာဂါနာ'ကာကွယ်ရေး တပ်ဖွဲ့ခေါင်းဆောင်များက သံသယဖြင့်သာ လက်ခံထားကြရ၏။ 'ပါးလ်မတ်ချ်'တပ်ဖွဲ့များက မိမိတို့အရာရှိများထံမှသာ အမိန့်နာခံလေ့ရှိ၏။ တခြားအာဏာပိုင်များကို အသိအမှတ်မပြုလိုကြ . . . .။

ကာကွယ်ရေးတပ်ဖွဲ့များအတွက် အဘယ်သူတွင် တာဝန်ရှိသနည်း။ 'လုံခြုံရေးကော်မတီ'ကဲ့သို့သော အဖွဲ့အစည်းများရှိ၏။ သို့ရာတွင် စစ်ဆင်ရေးကိစ္စရပ်များတွင် ဝင်စွက်ပြောခွင့်မရှိ။ ဂျူးအဖွဲ့ချုပ်က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး 'အစ္စရေးဂလီလီ'ခေါင်းဆောင်သော 'အမျိုးသားစစ်ဌာနချုပ်'လည်းရှိပြန်၏။ စစ်ဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့များဆိုင်ရာ ဝန်ကြီး၏လက်အောက်တွင် ရှိပေမည်။ လိုအပ်သောပြောင်းလဲမှုများ ပြုလုပ်ရာတွင် ပြဿနာပေါ်ပေမည်။ 'ပါးလ်မတ်ချ်'နှင့် 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့ဝင်များက အသစ်ဖွဲ့စည်းသော ပုဂ္ဂိုလ်များကို ကလန်ကဆန်မလုပ်ဘဲ နေလိမ့်မည်မဟုတ် . . . .။

စိတ်ကူးယဉ်ရမည့်အချိန်ကာလကုန်ပါပြီ။ နိုင်ငံတော်အဖွဲ့အစည်း တစ်ခု၏ လုပ်ရိုးလုပ်စဉ်များကို လမ်းဖယ်ပေးရမည်။ ထိုပုဂ္ဂိုလ်ကြီးများအား အဘယ်သို့သဘောပေါက်စေအံ့နည်း။

ဒေးဗစ်ခေါင်းထဲတွင် အခြားစိတ်ကူးစရာများ ရှိပြန်သည်။ လက်နက်ကိုင်တိုက်နေရသူဦးရေက မလုံလောက်။ တကယ်တမ်း ထိထိရောက်ရောက် တိုက်နိုင်သည့် လက်နက်ကိုင်တပ်ဖွဲ့ဆို၍ 'ပါးလ်မတ်ချ်'သာလျှင်ရှိ၏။ 'ပါးလ်မတ်ချ်'၌ လူအင်အား (၂၅၀၀) တပ်သားစာရင်းမှာလည်း စာရွက်ပေါ်တွင်သာရှိ၏။ သို့မဟုတ် လိုအပ်သော စစ်ရေးလေ့ကျင့်ခန်း လုံးဝမရှိသူများဖြစ်၏။ သို့ရာတွင် ပို၍ အရေးကြီးသည်က 'အတ်ဇယ်လ်'နှင့် 'လီဟီး'လျှို့ဝှက်အဖွဲ့အစည်းများဖြစ်၏။ နိုင်ငံအဆောက်အအုံတွင် သီးခြားလွတ်လပ်နေသော ထိုအဖွဲ့အစည်းများအတွက် နေရာမရှိ။ ထိုအဖွဲ့အစည်းများကို နေရာမရှိ။ ထိုအဖွဲ့အစည်းများကို စစ်တပ်အတွင်းသို့ သွတ်သွင်း

ရပေလိမ့်မည်။

စစ်သုံးလက်နက်ပစ္စည်းဟူ၍ ပြောပလောက်အောင်မရှိ။ ယူနီဖောင်းဝတ်စုံမရှိ။ လူတိုင်းကိုင်ရန် သေနတ်လက်နက်များပင် ပြည့်စုံအောင်မရှိ။ တပ်ဖွဲ့များမှ လက်နက်အများစုမှာ အမှိုက်ပုံတွင်သာ ပစ်ထားရန်သင့်တော့သည့် အခြေအနေတွင်ရှိ၏။ ထိုအထဲမှ အကောင်းဆုံးလက်နက်များသည်လည်း ကျေးရွာကာကွယ်ရေးအတွက်သာလျှင် အသုံးပြုနိုင်တော့သည့် အဆင့်သာရှိတော့၏။ အဟောင်းအမြင်း အတိုအစများဖြင့် လှို့ဝှက်စွာပေါင်းစပ်ထားသည့် စက်သေနတ်များပင်လျှင် မကြာခဏ ကျည်မထွက်တော့။ သရော်ပြောင်လှောင်ခဲ့သော စကားပင်ရှိခဲ့၏။

'စတင်းဂန်းနဲ့ တံမြက်စည်း ဘာများခြားလို့လဲ'

သည်အမေးအတွက် အဖြေက . . . .

'တံမြက်စည်းကသာ ကျည်ထွက်ချင် ထွက်မယ်'ဟု ဖြစ်၏။

ရိုင်ဖယ်သေနတ်တစ်လက်အတွက် ပျမ်းမျှခြင်းအားဖြင့် ကျည်အတောင့် (၅၀)ရှိ၏။ ဂျူးနိုင်ငံ တည်ထောင်လာသည်အထိ (၅) လကြာမျှ ဆွဲသုံးရပေမည်။ တစ်မိနစ် ကျည် (၆၀၀)ပစ်နိုင်သော စက်သေနတ်များလည်းရှိ၏။ သို့ရာတွင် စက်သေနတ်တစ်လက်အတွက် ကျည် (၅၀၀)သာ ခွဲဝေပေးနိုင်သည်။

ဒေးဗစ်က ဗိုလ်ချုပ်ကြီးတစ်ဦးဦးကို ရှာကြံနေသည်။ ရှာဖွေတွေ့နိုင်သည့်နေရာက အမေရိကန်ပြည်ထောင်စု စစ်ကြီးအတွင်း အမေရိကစစ်တပ်တွင်ဂျူးလူမျိုးအများအပြားက ထိပ်တန်းရာထူးကြီးများကို ရရှိခဲ့သည်။ သို့သော် တစ်ဦးတစ်လေမှပါလက်စတိုင်း စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်လိုစိတ်မရှိကြ။စိတ်ဝင်စားကြောင်း ပြလာသည့် တစ်ဦးတည်းသော အရာရှိက ဦးစွာပထမ ဗြိတိသျှအစိုးရ၏အတည်ပြုချက် ရယူလိုသေးသည်။ ရယ်စရာပင် ကောင်းသေးတော့။

မည်သို့ဆိုစေ ကမ္ဘာအနှံ့မှ ကျွမ်းကျင်သူများ၊ ပါရဂူများအပြင် ကြည်းတပ်နှင့် ရေတပ်အရာရှိများ လေယာဉ်မှူးများ တဖွဲဖွဲရောက်လာကြသည်။

'ဒီပုဂ္ဂိုလ်တွေရဲ့ အကူအညီသာမရရင် ဒီစစ်ပွဲကို နိုင်မှနိုင်ပါ့မလားလို့ကျုပ်တွေးမိတယ်'

ဟု ဒေးဗစ်ဘင်ဂူရီယန်က နောင်သောအခါတွင် ပြောပြသည်။

လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူရေးအတွက်လည်း ဒေးဗစ်မရမနေ ကြိုးစား၏။ 'အထူးအဝယ်တော်'များက ကမ္ဘာတစ်ခွင်လှည့်လည်ပြီး ရတော

သမ္မုကို ဝယ်လျက်ရှိ၏။ ဟောင်းနွမ်းနေပြီးဖြစ်သော လေယာဉ်ပျံများ၊ ပျက်စီးနေသော တင့်ကားများ၊ ပြတိုက်တွင်ထားရတော့မည့် အခြေအနေရှိသော အမြောက်လက်နက်များ၊ စက်သေနတ်များ၊ ရိုင်ဖယ်သေနတ်များ၊ ခဲယမ်းမီးကျောက်စသည်သည်ဖြင့် 'အဝယ်တော်များ'က ဝယ်ယူရရှိသော ပစ္စည်းများကို ဝယ်ယူသောနိုင်ငံမှ ပြည်ပထုတ်ရန် နည်းအမျိုးမျိုးထွင်ခဲ့သည်။ ပါလက်စတိုင်းသို့ တင်ပို့ဖို့ အသင့်ဖြစ်စေရန် ဥရောပတစ်နေရာရာတွင် သိုဝှက်ထားရှိ၏။ 'ပနားမားလေကြောင်း'ဟူသော အမည်တပ်၍ အမေရိကန်ပြည်ထောင်စုမှ လေယာဉ်ပျံဝယ်ယူသည်။ ဝယ်ယူပြီး လေယာဉ်ပျံများအား လက်တင်အမေရိကသို့ ပျံစေသည်။ ထိုမှတစ်ဆင့် အရှေ့အလယ်ပိုင်းဒေသသို့ ခရီးဆက်စေသည်။

အင်္ဂလန်တွင် ရုပ်ရှင်ကုမ္ပဏီထောင်၍ စစ်ဇာတ်ကားရိုက်မည့် ဟန်ဆောင်ပြီး လေယာဉ်များကို ကွင်းများမှ ပျံသန်းခွင့်ရယူခဲ့သည်။ အဆိုပါ လေယာဉ်များက အင်္ဂလန်ရှိ လေယာဉ်ကွင်းများပေါ်သို့ ပြန်မဆင်းဖြစ်။

ပဲရစ်တွင် ဗိုလ်ချုပ်ကြီး 'ဒီလာမိနမ်'က ပါလက်စတိုင်း ဂျူးများကို ပြင်သစ်နိုင်ငံက အကူအညီပေးမည်ဟု ကတိပြုသည်။

ချက်နိုင်ငံတွင် အဝယ်တော်တစ်ဦးက အနာဂတ်ဂျူးနိုင်ငံအတွက် တင်ပို့ရန် လက်နက်ပစ္စည်းအမြောက်အများကို ကန်ထရိုက်ယူ ဝယ်ခဲ့သည်။

သို့ကလို စစ်လက်နက်ပစ္စည်းများ ဝယ်ယူရန်အတွက် ဒေးဗစ်က ဒေါ်လာသန်းနှင့်ချီ၍လိုသည်။ ပါလက်စတိုင်း၌ အပြင်းအထန် တိုက်ပွဲများဖြစ်နေသည့် အရေးကြီးသော အချိန်တွင် အမေရိကန်သို့ ကိုယ်တိုင်သွားပြီး ရံပုံငွေကောက်ခံရန် ကြံစည်မိသည်။ သို့ရာတွင် အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များက ကန့်ကွက်ကြသည်။ ဘုန်းတော်ကြီး (ရဗီ)ဟေးလ်လား ဆေးလ်ဘားက ရံပုံငွေကောက်ခံပေးသည်။ သို့သော် သည်မျှနှင့် မလုံလောက်။ 'ဂိုလ်ဒါမေယာဆန်'အား အမေရိကန်သို့ အရေးတကြီးစေလွှတ်ရသည်။ 'ဂိုလ်ဒါ'က မယုံနိုင်လောက်အောင် စွမ်းဆောင်ခဲ့၏။

'လျှမ်းလျှမ်းတောက် အရှိန်အဝါကြီးခဲ့တဲ့ အချိန်အခါကို ပြန်ပြောင်းပြောပြတဲ့အခါ မွေးကင်းစ ဂျူးနိုင်ငံကလေး အသက်ဆက်ရေးအတွက် ရံပုံငွေရအောင် စွမ်းဆောင်ခဲ့တဲ့ ဂျူးအမျိုးသမီးတစ်ယောက်ကို မမေ့ပြလို့မဖြစ်ဘူး'

ဟု ဒေးဗစ်က 'ဂိုလ်ဒါ'ကို ချီးကျူးစကားပြောသည်။

သို့ရာတွင် စစ်လက်နက်ပစ္စည်းများ ပါလက်စတိုင်းသို့ ရောက်မလာခဲ့။ ဗြိတိသျှအစိုးရက မိမိတို့အုပ်ချုပ်ခွင့်အာဏာရက် ကုန်ဆုံးသည်အထိ ပိတ်ပင်ထား

သည်။

'ဒီတိုင်းပြည်မှာ တို့တစ်တွေရှိနေသရွေ့ ဒီတိုင်းပြည်ကို တို့အုပ်ချုပ်တယ် အဲ . . . . နောက်ဆိုရင်တော့ မင်းတို့ သဘောလုပ်ချင်တာလုပ်'ဆိုသည့် သဘောပင် ဖြစ်၏။

သည်ကိစ္စတွင် 'ရှာတော့'က စိတ်ဆိုးမာန်ဆိုးဖြင့် မှတ်ချက်ချခဲ့သည်။

"ပြိတိန်နိုင်ငံကတော့ ဘုရင်လူဝီ (၁၄)နှင့် လူဝီ (၁၅)တို့နှစ်ဦးပေါင်းထားတဲ့ အတိုင်း 'နိုင်ငံဆိုတာကျုပ်ပဲ၊ ကျုပ်မရှိတော့တဲ့ နောက်တော့ ဖြစ်ချင်ရာဖြစ်ပေါ့'လို့ ဆိုသယောင်ရှိတော့တယ်တဲ့"

ဝယ်ယူထားတဲ့ လက်နက်ပစ္စည်းများက ဥရောပမှာ စုပုံနေတာကို ပါလက်စတိုင်းမှ ဂျူးများက အဝေးကသာလှမ်းကြည့်နေရရုံကလွဲ၍ ဘာမျှမတတ်နိုင်၊ လက်ဝယ်ရှိ မလောက်မင လက်နက်ပစ္စည်းများနှင့် ပိတ်ဆို့ထားခြင်းကို ရုပ်သိမ်းသည်အထိ ခုခံနိုင်လိမ့်မည်ဟုတော့ ယုံကြည်၏။

အာရပ်လက်နက်ကိုင်အဖွဲ့များက ပို၍ ပို၍ လှုပ်ရှားလာသည်။ ဆောင်းအခါ မရပ်မနား ပြင်းပြင်းထန်ထန်ရွာနေသည့်မိုးသည်ပင် အာရပ်လက်နက်ကိုင်တပ်များက ဆက်သွယ်ရေးလမ်းကြောင်းများ တိုက်ခိုက်ခြင်းကို ဟန့်တားနိုင်စွမ်းမရှိခဲ့။ အာရပ်တို့က ဂျေရုစလင်မြို့သို့ သွားရာလမ်းကြောင်းကို ဖြတ်တောက်ခဲ့သည်၊ ဒေးဗစ်ဘင်ဂူရီယန်က အကြီးအကျယ် စိတ်ပျက်မိသည်။ သူ့စိတ်ဝယ် ဂျေရုစလင်မြို့သွားလမ်း၏ ကံကြမ္မာသည် စစ်မှုပေါ်လာမည့်ရလာဒ်ကို အဆုံးအဖြတ်ပေးလိမ့်မည်ဟုသာ ထင်နေသည်။

ဂျူးနိုင်ငံတွင် ဂျေရုစလင်မြို့မပါဝင်။ သို့ရာတွင် ဂျေရုစလင်မြို့တွင် နေထိုင်သော ဂျူးလူမျိုး (၁)သိန်းကို ကျန် ပါလက်စတိုင်းနေ ဂျူးများနှင့် အဆက်အသွယ်ပြတ်ခဲ့ပြီ။ လက်နက်ချရပါက ကျန်ဂျူးလူမျိုးတစ်ရပ်လုံး၏ စိတ်ဓာတ်အား အကြီးအကျယ် ထိခိုက်မည်ကို ဒေးဗစ်သိ၏။ 'သန့်ရှင်းသောမြို့တော်' ဂျေရုစလင်နှင့် ဆက်သွယ်ရာလမ်းကြောင်းကို ဖွင့်စေရပေလိမ့်မည်။

စစ်ရေးခေါင်းဆောင်မှာလည်း ဂျူးနိုင်ငံဖြစ်ပေါ်ရေးအတွက် ဒေးဗစ်ဘင်ဂူရီယန်၏ တိုက်ပွဲဝင်ခြင်းကို အားတက်သရော ထောက်ခံသူများဖြစ်၏။ များစွာသော နိုင်ငံရေးသမားများနှင့် နိုင်ငံ၀န်ထမ်းများက စစ်၏သဘောသဘာဝကို နားမလည်ကြ။

ကမ္ဘာ့ဂျူးလူမျိုးတစ်ရပ်လုံး၏ ကံကြမ္မာသည် အဝတ်ဆင်းရဲ အစားဆင်းရဲ

လက်နက်ပစ္စည်းချို့တဲ့သော ထောင်ဂဏန်းမျှသာရှိသည့် အပျော်တမ်းစစ်သားများ၏ အားထုတ်မှုပေါ်တွင်သာ တည်မှီနေသည်ဆိုသော အချက်ကိုလည်း သဘောမပေါက်ကြ။ တိုက်ပွဲများက နယ်ပျံ့လာချိန်တွင် နိုင်ငံရေးသမားများက အနာဂတ်အစိုးရ အဖွဲ့အတွက် ဝန်ကြီးအဖွဲ့ဝင်များ၊ ဥပဒေပြုလွှတ်တော် အမတ်ရာထူးအတွက် ဆွေးနွေးညှိနှိုင်းကာ အလုပ်ရှုပ်နေကြ၏။

ဖေဖော်ဝါရီလဆန်းတွင် အားလုံးသော အာရပ်လက်နက်ကိုင်တပ်ဖွဲ့များက စတင်တိုက်ခိုက်လာသည်။ သို့ရာတွင် ဂျူးတို့ကလည်း ခေသူများမဟုတ်ကြ။ အာရပ် တို့ရန်ကို ခုခံနိုင်စွမ်းရှိ၏။ 'ကောက်ဂျီ'ဦးဆောင်သည့် အာရပ်တပ်များက ဂျော်ဒန် မြစ်ဝှမ်းဒေသတွင် ဂျူးကျေးရွာများကို တိုက်ခိုက်ရာ မအောင်မြင်ဘဲ မိမိလူရာနှင့် ချီပြီးကျဆုံးခဲ့သည့်ကြောင့် ဆက်တိုက်အမှားများ ကျူးလွန်ခဲ့သည်။ 'နဂျစ်သဲကန္တာရ'တွင် 'ဘီဒိုယင်း'တို့လည်း တပ်လန့်ခဲ့ကြ၏။ 'အားလ်ဟူစိန်ဏီ'၏တပ်ကမူ ဂျေရုစလင်တစ်ဝိုက်တွင် အနိုင်အမာ တပ်စွဲနေဆဲ 'ဆာလမီ' (**Salame**)က တယ်လ်အဗီးတွင် ဂျူးများက ကြိုတင်ပြင်ဆင်ထားသည်ကို မထိုးဖောက်နိုင်ခဲ့ . . . .

ဂျေရုစလင်မြို့မှ ဂျူးများက သေရေးရှင်ရေးအဖြစ်တို့နှင့် ရင်ဆိုင်နေရသည်ကြောင့် အကြီးအကျယ် စိတ်ဓာတ်ကျနေကြသည်။ ဖေဖော်ဝါရီလတွင် စစ်ယူနီဖောင်းဝတ် ဗြိတိသျှဖက်ဆစ်များက ဂျူးပိုင်အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော 'ဂျေရုစလင်ဖို့စ်'သတင်းစာတိုက်ကို ဖောက်ခွဲဖျက်ဆီးလိုက်၏။ လူတစ်ရာကျော်သေဆုံးခဲ့၏။ ဗြိတိသျှတပ်များက 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့များကို ဖမ်းဆီးပြီး လက်နက်သိမ်းကာ လူကိုအာရပ်လူအုပ်ထဲသို့ ထိုးအပ်လိုက်၏။

သွေးထွက်သံယိုမှုများ မပေါ်ရလေအောင် ဗြိတိသျှတို့က ဘာဆိုဘာမျှမလုပ် ပါလက်စတိုင်းမှ ထွက်ခွာဖို့သာ ပြင်ဆင်နေ၏။ ဆုတ်ခွာရာတွင် မိမိတို့၏ အဆက်အသွယ်လမ်းကြောင်းများကို အကာအကွယ်ပေးရန်အတွက်သာ စိတ်ဝင်စားမှုရှိ၏။ ဗြိတိသျှထိပ်တန်းအရာရှိကြီးများက ဒေးဗစ်ကို သို့ကလိုဆို၏။

'အကယ်၍ ဂျူးတို့ကသာ ကျုပ်တို့ကို မေတ္တာရပ်ခံရင် ကျုပ်တို့က အခြေအနေအေးဆေးတည်ငြိမ်ဖို့ လုပ်ရမှာပေါ့'တဲ့။

'ဖီးလ်မာရှယ်လ်မွန်ဂိုမာ့ရီ'က ပြောင်ပြောင်ပင်ဖြစ်၏။

'ဂျူးတွေက သူတို့ချည်းခုခံကာကွယ်နိုင်စွမ်း မရှိပါဘူး၊ ကျုပ်တို့ အကူအညီကို တောင်းခံကြရမှာပါ'တဲ့။

ကုလသမဂ္ဂကလည်း မိမိ၏ ဆုံးဖြတ်ချက်ကိုပင် သံသယစိတ်များဝင်လာ

သည်။ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်လာသည်။ ပထမသော် ကုလသမဂ္ဂက သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ခဲ့သည်ကို ဂုဏ်ယူနေမိသည်။ အံ့ဩနေမိသည်။ ယခုသော် ဂျူးနိုင်ငံ တည်ထောင်ခြင်းဖြင့် မိမိတို့၏ ဆုံးဖြတ်ချက်မှန်မှ မှန်ပါလေမလား၊ အလျင်စလို လုပ်ရာများကျလေမည်လားဟု တွေးမိလာသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရေနံကုမ္ပဏီကြီးများက တန်းစီပြီး သမ္မတကို ဆန့်ကျင်နေကြသည်ဟူသော ကြောက်စရာသတင်းဆိုးများက နယူးယောက်မှ တယ်လ်အဗီးသို့ ပျံ့လာ၏။

'တို့တစ်တွေမှာသာ လက်နက်ရှိရင် ဒီရန်ကို တို့ခွင်းနိုင်ပါတယ်၊ ကုလ သမဂ္ဂလည်း မလိုပါဘူး'

ဟု ဒေးဗစ်ဘင်ဂူရီယန်က 'အိမ်နီတော်'တွင် စိတ်ဆိုးဆိုးဖြင့်ပြော၏။

ဂျူးနိုင်ငံတည်ထောင်ခြင်းကို လိုလားကြသည့် မဟာမိတ်နိုင်ငံများတွင် စိုးရိမ်စိတ်များ တွေဝေစိတ်များကို ပပျောက်စေရန် ဂျူးတို့က လျှပ်တစ်ပြက်ဖြင့် အပြတ်နိုင်ဖို့လိုသည်။ သို့ရာတွင် တကယ်ဖြစ်လာသည်က ပြောင်းပြန် ....။

သံတမန်နှင့် စစ်ဘက်ဆိုင်ရာ အသိုင်းအဝန်းနှင့် ဂျူးလူမျိုးတို့လောကတွင် စိတ်ဓာတ်ကျဆင်းလာသည်။ အများက ကြေကွဲဝမ်းနည်းစရာအဖြစ်များကြောင့် ဂျူးနိုင်ငံ တည်ထောင်ရေးကို မျှော်မှန်းကာ အိပ်မက်မက်ခဲ့ခြင်းသည်လည်း ဆုံးခန်း တိုင်လေပြီဟု ထင်ခဲ့၏။

စစ်စတင်ဖြစ်ပေါ်သည့်အချိန်မှစ၍ ဒေးဗစ်ဘင်ဂူရီယန်က အာရပ်တို့အား ထိုးစစ်ဆင်ရန် တောင်းဆိုခဲ့သည်။ အာရပ်လက်နက်ကိုင်တပ်များက တိုက်ခိုက်လာ ခြင်းကို မှန်ကန်သော ပြန်လည်တုံ့ပြန်မှုမှာ အာရပ်လူမျိုးတို့၏ ပတိုချက်မကို တန်ပြန်တိုက်ခိုက်ခြင်းက သေချာသည်ဟု တွေးမိသည်။ (၁၉၄၇)ခု၊ ဒီဇင်ဘာလ (၁၉)ရက်နေ့က 'ဟာဂါနာ' ကာကွယ်ရေးခေါင်းဆောင်များနှင့်အတူ ဝါဒရေးရာ စည်းဝေးပွဲကျင်းပရာတွင် ကလဲ့စားချေတိုက်ခိုက်မည့် လုပ်နည်းလုပ်ဟန်ကို ဒေးဗစ်က ပြစ်တင်ဝေဖန်သည်။ 'ကျူးကျော်တိုက်ခိုက်သည့် ကာကွယ်ရေး' (**Aggressive defence**) စနစ်ကို ကျင့်သုံးဖို့ တောင်းဆိုသည်။ နောက်သတင်းတစ်ပတ်ကြာ သည်အထိ ဒေးဗစ်က သည်အယူအဆကို 'ဟာဂါနာ' ကာကွယ်ရေးခေါင်းဆောင် များအား ထပ်တလဲလဲပြော၍သာ နေခဲ့၏။ အာရပ်တို့အား ထိုးစစ်ဆင်ရန်အဆိုပြု သည်ကို ထိုစဉ်က အားတက်သရော ထောက်ခံသူမှာ 'မိုရှေဒါယန်း'ဖြစ်၏။

သို့ရာတွင် ပါလက်စတိုင်း ဂျူးများက တုန့်ပြန်ကလဲ့စားချေခြင်းနှင့် ငြိ

သတ္တိပြောင်သော နည်းဗျူဟာများအား ချမှတ်ခြင်းကို စွန့်လွှတ်နိုင်စွမ်းမရှိကြ။ ဂျူးတို့က ကျေးရွာတစ်ရွာ၊ သမဘုံရိပ်သာတစ်ခု လက်လွှတ်မဆုံးရှုံးသေး . . . .။ အာရပ်တို့ဘက်က အသာစီးရနေသည်မှာ အထင်အရှား။ တိုက်ပွဲ၏ စရိုက်လက္ခဏာနှင့်ပုံစံကို အာရပ်တို့ကသာ ပဲ့ကိုင်နေသလိုလို . . . .။

မတ်လဆန်းတွင် အာရပ်တို့က လမ်းပန်းဆက်သွယ်ရေးအား ဖြတ်တောက်ရန်ကိုသာ အာရုံစိုက်လာ၏။ ဂျူးတို့ကလည်း ပြန်လည်ကလဲ့စားချေတိုက်ခြင်းမျိုး ဆက်သွယ်ရေးလမ်းကြောင်း ပွင့်စေရန်အတွက် ပို၍များပြားသော 'ကွန်ဗွိုင်း'များဖြင့် သွားခြင်းမျိုးသာ ဆက်၍လုပ်မြဲလုပ်လျက်ရှိ၏။ သည်သို့ဖြင့် ဂျူးများမှာ အကြီးအကျယ် အတိဒုက္ခရောက်လုဆဲဆဲ ဖြစ်ရပြန်၏။

မတ်လ (၂၆)ရက်၊ ဂျူး'ကွန်ဗွိုင်း'က 'အတ်ဇီယွန်' အခြေချစခန်းကို ဝိုင်းထားသော အာရပ်တို့တပ်များအား ထိုးဖောက်ဝင်သွားနိုင်ခဲ့၏။ သို့ရာတွင် ဂျူးတို့အောင်ပွဲက တခဏမျှသာ 'ကွန်ဗွိုင်း'အပြန်တွင် လမ်းကိုပိတ်ဆို့ထားခြင်းနှင့် ဝင်တိုးပြီးတိုက်ပွဲဖြစ်ရာ ဂျူးတို့ဘက်မှ တော်တော်များများကျဆုံးခဲ့၏။ မသေကျန်ရစ်သူများက ဗြိတိသျှတို့ထံမှ အကူအညီမတောင်းခံချင်ပါဘဲလျက် တောင်းခံခဲ့ရသည်။ ဗြိတိသျှတို့က ဂျူးတို့ထံမှ လက်နက်ကို သိမ်းယူပြီးအာရပ်တို့ကို ထိုလက်နက်များလွှဲပြောင်းပေးလိုက်သည်။ ထိုနေ့မှာပင် ဂျူးကွန်ဗွိုင်းတစ်စုသည်လည်း တောင်ဘက်ပိုင်း၌ ချုံခိုတိုက်ခြင်းကို ခံရပြန်၏။ အာရပ်တို့ပင် နောက်တစ်ကြိမ် အောင်ပွဲခံရပြန်သည်။ 'နဂျစ်သဲကန္တာရ'သို့ သွားရာလမ်းသို့ ဖြတ်တောက်နိုင်ခဲ့၏။ 'နဂျစ်သဲကန္တာရ'ရှိ ဂျူးကျေးရွာစခန်းများလည်း ကျန်ဂျူးတို့မြို့ရွာများနှင့် လုံးဝ အဆက်အသွယ်ပြတ်သွားသည်။

မတ်လ (၂၇)ရက်နေ့၊ ဂဲလီလီ အနောက်ဘက် 'ထီထိုင်းမ်' သမကျေးရွာသွား ဂျူးကွန်ဗွိုင်းလည်း ချုံခိုတိုက်ခံရသည်။ နောက်ဆုံး ထိုနေရာမှ မဆုတ်ခွာမီ ဂျူးဘက်မှ (၄၂)ဦး ကျဆုံးခဲ့၏။

နောက်တစ်နေ့တွင် ဂျူးတို့ကြုံတွေ့ရသမျှ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးတို့တွင် အဆိုးရွားတကာ့ အဆိုးရွားဆုံး ဖြစ်ခဲ့၏။ ဂျေရုစလင်မြို့တော်သို့သွားရာ ကွေ့ကွေ့ကောက်ကောက် လမ်းဘက်အနီး သစ်ပင်ထူထပ်သော တောင်ခြေအောက်တွင် ဖြစ်ခဲ့၏၊ ထိုနေရာ၌ ဂျူးတို့ ကွန်ဗွိုင်းတွင် အကြီးကျယ်ဆုံးကားတပ်ကြီးမှာ 'အားလ်ဟူစိန်ကျ်'၏ တပ်များက ချုံခိုတိုက်သည်ကို အငိုက်မိကာခံရပြန်သည်။ ကား အတော်များများ မီးလောင်ပျက်စီးသွားသည်၊ အကျအဆုံးကလည်း များပါဘိ။ ဂျေရုစလင်မြို့

သွားရာလမ်းလည်း ပြတ်တောက်ခဲ့ရပြန်ပြီ။

'ခင်ဗျားတို့အခြေအနေက (၁၉၄၀) ခုနှစ် နော်ဝေနိုင်ငံအခြေအနေ ထက်ပင် ဆိုးသေးတော့'

ဟု ပါလက်စတိုင်းရှိ ကုလသမဂ္ဂ ကြီးကြပ်ရေးအဖွဲ့ဝင် 'ဗိုလ်မှူးကြီးလန်း' က သူ့သဘောကို တင်ပြခဲ့သည်။

အခြေအနေက တကယ်ပင် ဘေးကြပ်နံကြပ် သေရေးရှင်ရေး ....။

ဂျူးလူမျိုးများအားလုံး ပြုတ်ပြုတ်မပြုန်းမိ သွေးထွက်သံယိုမှုများကို ရပ်တန်းကရပ်ရန် အာရပ်တို့နှင့် သဘောတူညီမှုရယူရန်နှင့် ဂျူးနိုင်ငံတည်ထောင် ရေးစိတ်ကူးကိုလည်း လက်လျှော့လိုက်ရန် ဂျူးအသိုင်းအဝိုင်းတွင် ပြောစပြုလာကြ၏။ လူဂုဏ်တန်ဂျူးများက မိမိတို့ကလေးများကို ပြည်ပသို့ပင် ပို့ကြ၏။ ဂျူးနိုင်ငံ တည်ထောင်လိုသော ပြင်းပြသည့်ဆန္ဒကို မေ့ပျောက်စေ၍ ကုလသမဂ္ဂနှင့် နိုင်ငံကြီး များအပေါ် လုံးလုံးလျားလျား အားထားကြရန် သဘောအမျိုးမျိုးတင်ပြလာသည်။

အမေရိကန်ပြည်ထောင်စုကလည်း သည်သို့ပင်အဆိုပြု၏။

သမ္မတအိမ်ဖြူတော်ကပင် အကြပ်ကိုင်သည့်အဖွဲ့များ၏ ဆန္ဒကို လိုက်လျော၍ နယ်မြေခွဲရေးအစီအစဉ်ကို ပယ်ဖျက်ရန် ပြင်ဆင်ထားသည်။

ဖေဖော်ဝါရီလ (၁၃) ရက်နေ့ အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန် သံတမန်များက သမ္မတထရူးမင်းထံသို့ လျှို့ဝှက်အစီရင်ခံစာ ပေးပို့သည်။ အစီရင်ခံ စာ၌ မတ်လကုန်တွင် အာရပ်တို့က ဂျူးတို့အား အကြီးအကျယ် ထိုးစစ်ဆင်လိမ့်မည် ဟုဖော်ပြထား၏။ အာရပ်တို့ နောက်ဆုတ်ကြရန် အမေရိကန်သမ္မတက အာရပ်တို့ အားအစီရင်ခံသည့် တစ်ချိန်တည်းမှာပင် ဇီယွန်ခေါင်းဆောင်များအား အတွေ့ခံသည် ဟုဆိုသည်။

ထိုအချိန်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ချက်နိုင်ငံတွင် ကွန်မြူနစ်တို့ အာဏာသိမ်းပိုက်သွားသည်ကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ဝါရှင်တန်၊ လန်ဒန်နှင့် ပဲရစ်တွင် နောက်တဖန် စစ်ကြီး ဖြစ်လိမ့်ဦးမည်ဟူသော ကောလဟာလ သတင်းများက တောမီးအလား ပျံ့နေသည်။ ပါလက်စတိုင်းသည် လည်း ကမ္ဘာစစ်ဖြစ်စေမည့် မီးပွားကလေး ဖြစ်လာပြန်သည်။ ထို့ကြောင့် နယ်မြေ ခွဲခြားရေးအစီအစဉ်ကို 'စတေး'လျှင်လည်း စတေးရစေတော့။ ပါလက်စတိုင်းသို့ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို မရမနေ စီစဉ်မှ ဖြစ်ပေမည်။ ဂျူးနိုင်ငံ သည်လည်း 'စစ်အေး'၏ ပထမဆုံးသော 'သားကောင်အမဲ' ဖြစ်ပေဦးမည်။ က

အဖွဲ့ဆိုင်ရာ အမေရိကန်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အထက်လွှတ်တော် အမတ် 'ဝါရင်အော်စတင်'က အဆိုတစ်ခုကို တင်သွင်းသည်။ အမေရိကန် ပြည်ထောင်စုက ပါလက်စတိုင်း နယ်မြေခွဲခြား သတ်မှတ်ရေး အစီအစဉ်ကို ရွှတ်ချ ကြောင်း ပါလက်စတိုင်းအား ကုလသမဂ္ဂ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိသင့် ကြောင်းဖြင့် အဆိုတွင်ပါရှိသည်။

ဂျူးနိုင်ငံသည် မွေးမွေးချင်း ပျက်စီးခဲ့ရသည့် ကလေးပမာနှယ် . . . .။

မတ်လကုန် သတင်းဝတ်တွင် ဂျူးတို့က ဆက်တိုက်အရေးနိမ့်ခဲ့သည် ကြောင့် ဇီယွန်ချစ်သူ့မဟာမိတ်အတွင်း၌ ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့၏။ ဂျေရုစလင် သို့သွားရာလမ်းပေါ်တွင် ဂျူး 'ကွန်ဗွိုင်း' ကားတပ်ကြီးတစ်တပ်လုံး ပြုတ်သွားသည့် သတင်းကို ဗိုလ်ချုပ်ကြီးမာရှယ်လ်ကကြားလျှင် ဂျူးလူမျိုးများ ငှက်ကလေး၊ ကြက် ကလေးပမာ အသတ်ခံကြရတော့မည်ဟု မြင်ယောင်မိလာသည်။ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့အပေါ် ယခင်ကရှိခဲ့သော ယုံကြည်စိတ်ချခြင်းများလည်း ပျောက်ကုန်တော့၏။ ပါလက်စတိုင်းသို့ ပါရဂူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ ကိုစေလွှတ်ပြီး၊ သည်အချိန် သည်အခါတွင် ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေငြာ ခြင်းမှာ မိုက်ရာကျမည်ဟု သဘောပေါက်နားလည်အောင်ရှင်းပြရန် စီမံကိန်း တစ်ရပ်ကို အရေးတကြီးရေးဆွဲလျက်ရှိ၏။ ကိုယ်စားလှယ်အဖွဲ့အား သမ္မတ အမှုမင်းစီးသည့် အထူးလေယာဉ်ဖြင့် ပို့ရန်ပင်ပြင်ဆင်နေကြ၏။ သည်စီမံကိန်းတွင် အမေရိကန် ဇီယွန်ခေါင်းဆောင်များလည်း ပါဝင်ခဲ့၏။

အမေရိကန်တို့က ပါလက်စတိုင်းတွင် တိုက်ပွဲဝင်နေကြသူပုဂ္ဂိုလ်များ၊ အထူးသဖြင့် ဒေးဗစ်ဘင်ဂူရီယန်၏ သဘောလက္ခဏာကို ရေးရေး ၍ တွေးမိပုံမပေါ် . . . .။

မတ်လ (၂၀) ရက်နေ့။ ပါလက်စတိုင်းအား ကုလသမဂ္ဂထိန်းသိမ်း အုပ်ချုပ်မှုအောက်တွင်ရှိရန် အမေရိကန်တို့က အဆိုတင်သွင်းသည်ကို ကြားသော အခါ ဒေးဗစ်က မချုပ်တည်းနိုင်တော့။

'အမေရိကန်တို့ရဲ့အဆိုက ကျုပ်တို့ထက် ကုလသမဂ္ဂကို ပိုပြီးထိခိုက်တယ်။ ဒီအဆိုကြောင့် ပါလက်စတိုင်း အခြေအနေကိုလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲစေမှာ မဟုတ်။ ပြီး ဂျူးနိုင်ငံ တည်ထောင်ခြင်းကိုလည်း ဟန့်တားပိတ်ပင်လို့ ရမှာမဟုတ်။ တကယ်တော့ ဂျူးနိုင်ငံတည်ထောင်ဖို့ဆိုတာ နိုဝင်ဘာလ (၂၉)ရက်နေ့က ကုလ သမဂ္ဂဆုံးဖြတ်ချက်ပေါ် တည်တာမဟုတ်ဘူး။ အဲ ကုလသမဂ္ဂဆုံးဖြတ်ချက်က

စိတ်ဓာတ်ရေးရော၊ နိုင်ငံရေးအရပါ အကြီးအကျယ် တန်ဖိုးရှိတာတော့ အမှန်ပဲ၊ ဒီတိုင်းပြည်ရဲ့ အားပြိုင်ပွဲမှာ နိုင်ဖို့က ကျုပ်တို့အပေါ်မှာသာ တည်တယ်။ ဂျူးနိုင်ငံကို ကျုပ်တို့ရဲ့အားနဲ့သာ ထူထောင်ရမယ်။ ဒီတိုင်းပြည်ရဲ့ကြမ္မာကို ကျုပ်တို့ကသာ အဆုံးအဖြတ်ပေးရမယ်။ ဂျူးနိုင်ငံတည်ထောင်ရေးမှာ ကျုပ်တို့သာ အခြေခံဖြစ်တယ်။ ကျုပ်တို့သာ ဒီနိုင်ငံကိုတည်ထောင်မယ်။ ယာယီပဲဖြစ်ဖြစ်၊ ထာဝရပဲဖြစ်ဖြစ် ဘယ်လိုအကာအကွယ်ပေးတာမျိုးကိုမှ ကျုပ်တို့လက်မခံနိုင်ဘူး။ နောင်အနာဂတ်မှာ ဘာပဲဖြစ်ဖြစ် ပြည်ပအစိုးရပုံစံမျိုးကို ကျုပ်တို့ သဘောမတူနိုင်ဘူး။ ဗြိတိသျှတို့ အုပ်ချုပ်ရေး အမြန်ဖယ်ရှားဖို့ ဗြိတိသျှစစ်တပ်တွေ အမြန်ရုတ်သိမ်းဖို့ ကျုပ်တို့ တောင်းဆိုတယ်။ ကျုပ်တို့ရဲ့ နိုင်ငံရေး အစီအစဉ်က အပြောင်းအလဲမရှိဘူး။ ဒီအစီအစဉ်ကို အချုပ်အားဖြင့် အချက်သုံးချက်နဲ့ မှတ်သားလို့ရပါတယ်။ (၁) လုံခြုံရေး (၂) ဂျူးနိုင်ငံတည်ထောင်ရေးနဲ့ (၃) ဂျူး-အာရပ် ငြိမ်းချမ်းရေးပဲ'

ဟု ဒေးဗစ်က စိတ်ဆိုးဆိုးဖြင့် ပြောခဲ့၏။

သို့ကလို ပြင်းပြင်းထန်ထန်ပြောခဲ့သည့် စကားရပ်များမှာ ဒေးဗစ်ဘင်ဂူရီယန်၏ တုန့်ပြန်ဖြေကြားချက် တစ်စိတ်တစ်ဒေသသာ ဖြစ်၏။ သည်ထက် ပို၍ ပို၍ ပြင်းထန်သောတုန့်ပြန်မှုက နောက် (၁၀)ရက်အကြာတွင် ပေါ်ခဲ့၏။

မတ်လ (၃၀)ရက်နေ့။ ကုလသမဂ္ဂတွင် အမေရိကန်တို့က အပေါ်အခေါ် ရပ်စဲရေးအဆိုကို တင်သွင်းချိန်တွင် ဒေးဗစ်ဘင်ဂူရီယန်က အာခံ၍ '၁၃-ဦး ကော်မတီ'ကို ဖွဲ့စည်းကြောင်း ကြေငြာလိုက်သည်။ နောက် (၄၅)ရက်အကြာတွင် ပေါ်ပေါက်လာမည့် ဂျူးနိုင်ငံအတွက် ယာယီအစိုးရအဖွဲ့ ဖြစ်၏။

ပါလက်စတိုင်းနှင့် နယူးယောက်ရှိ အညွှန်ခံ အရှုံးပေးလိုသော ဂျူးများအားလည်း တုန့်ပြန်ချက်ဖြစ်၏။

မတ်လ (၃၀) ရက်နေ့ ညနေခင်း။ ဒေးဗစ်ဘင်ဂူရီယန်က စစ်ဦးစီးအဖွဲ့ဝင်များ၏ စည်းဝေးပွဲကို ခေါ်ယူသည်။ ရှိသမျှတပ်များကိုသုံး၍ ဂျေရုစလင်မြို့ သွားရာလမ်းကို ဖွင့်ရန်တောင်းဆိုသည်။ 'စစ်ဆင်ရေးဦးစီးချုပ်' 'ဟီဂဲလ်ဆူကီနစ်'က အင်အား (၄၀၀) ပို့ရန် အဆိုပြုသည်။

'အင်အား တစ်ထောင့်ငါးရာပေ့' ဟု ဒေးဗစ်က တန်ပြန်အဆိုပြု၏။

ဒေးဗစ်အဆိုကြောင့် တပ်မှူးများမှာ တအံ့တသြ ဖြစ်ကြရသည်။ သို့ရာတွင် ဒေးဗစ်၏ ဆုံးဖြတ်ချက်ကို မည်သို့မျှ ပြောင်းလဲနိုင်စွမ်း ရှိအံ့မထင်။

ထိုညတွင်ပင် အခြားစစ်မျက်နှာမှတပ်များကို ချက်ခြင်းရုပ်သိမ်းသည်။

ဂျူးတို့က ဆင်နွှဲသည့် အကြီးအကျယ်ဆုံး စစ်ဆင်ရေးအတွက်ဖြစ်၏။

သည်ညတွင်ပင် 'စကိုင်းမာစတာ' ( Skymaster ) လေယာဉ်တစ်စင်းသည် ချက်နိုင်ငံမှတိုက်ရိုက်ပျံသန်းလာပြီး ပါလက်စတိုင်းရှိ လေယာဉ်ကွင်းအတွင်းသို့ ဆင်းသက်ခဲ့သည်။ လေယာဉ်ပျံနှင့်အတူ မကြာသေးမီကမှ ပရာဟာမြို့တော် (ချက်နိုင်ငံ)တွင် လက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်အရ ပထမဦးဆုံးအကြိမ် တင်ဆောင်လာသော လက်နက်ခဲယမ်းမီးကျောက်များ ပါလာသည်။ ရိုင်ဖယ်သေနတ် အလက် (၂၀၀)၊ စက်သေနတ်အလက် (၄၀၀) ထောင်ပေါင်းများစွာသော ကျည်များကို ဂျူးစစ်သားများကို ထိုနေရာတွင်ပင် လွှဲပြောင်းတပ်ဆင်ပေးလိုက်သည်။

(၁၉၄၈)ခုနှစ်၊ ဧပြီလ၊ (၁) ရက်နေ့။

'နတ်ခ်ရှုန်စစ်ဆင်ရေး ( Operation Nakhshon ) စတော့သည် ဆယ်ရက် အကြာတွင် 'အာလ်းဟူစိန်ဏီ'၏တပ်များ ပျက်စီးသွား၏။ ဂျေရုစလင်မြို့ ခန်းကျင် အချက်အချာနေရာများကို ဂျူးတို့က သိမ်းပိုက်နိုင်ခဲ့သည်။ သန့်ရှင်းသော မြို့တော်သို့သွားရာလမ်း ပွင့်ခဲ့လေပြီ။ ကက်စတယ်လ်တောင်ကုန်း ( Mount Kastel ) ညတိုက်ပွဲတွင် 'အာလ်းဟူစိန်ဏီ'ကျဆုံးခဲ့သည်။

သည်အဖြစ်က အခြေအနေကို ကပြောင်းကပြန် ဖြစ်စေခဲ့သည်။ ထိုအခါမှစ၍ ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေငြာသည်အထိ ဂျူးတို့က အောင်ပွဲအဆင့်ဆင့် ဆက်ကာခံခဲ့သည်။ ဂျူးတို့က အသာစီးစရလေပြီ။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## နိုင်ငံရေးလွှန့်ပွဲ

ဒေးဗစ်ဘင်ဂူရီယန်သည် စစ်ဆင်ရေးများတွင်သာ နစ်မွန်းနေသည်။ စစ်ရေးစစ်ရာနှင့် မည်သို့မျှ မပတ်သက်သော ကိစ္စဟူသမျှကို လုံးဝစိတ်မဝင်စား။ မိန့်ခွန်းခြွေသည့်များ၊ နိုင်ငံရေးအလှည့်အဖွဲ့များ၊ ကုလသမဂ္ဂတွင် မဲဆန္ဒပေးခြင်း ကိစ္စများက ရှေ့တန်းစစ်မျက်နှာတွင် နေ့စဉ်ဖြစ်ပျက်မှုများနှင့် နှိုင်းယှဉ်လျှင် ဘာမျှ အရေးမကြီး။ စိုးစဉ်းမျှ ထူးခြားမှုမရှိ။ မိမိတို့၏ ရှန်းကန်တိုက်ပွဲဝင်နေရခြင်း စည်းဝေးခန်းမှာ ဆွေးနွေး၍မပြီး။ စစ်မြေပြင်တွင်မှ ယတိပြတ် အဆုံးသတ်လိမ့်မည် ဟု ဒေးဗစ်က ယခင့်ယခင်များထက် ပို၍ယုံကြည်လာမိသည်။

မတ်လ (၃၁) ရက်နေ့မှစ၍ ဂျူးတို့ကသာ အောင်ပွဲအဆင့်ဆင့် ဆွတ်ခူး နိုင်ခဲ့ပြီ။ ထိုညက 'စကိုင်းမာ်စတာ' လေယာဉ်ပျံတစ်စင်းသာ မဟုတ်သေး၊ ကာ သဘော်၊ 'နိုရာ'သည်လည်း ဝိုင်းဝန်းပိတ်ဆို့ထားသည့်ကြားက ဝဲတ်တဆိတ်ဝင်ခဲ့ ပါလက်စတိုင်း ဆိပ်ကမ်းသို့ ရောက်လာ၏။ 'နတ်ခ်ရှွန် စစ်ဆင်ရေး'သည် အရှုံးအနိုင် ကို အဆုံးအဖြတ်ပေးခဲ့၏။

တယ်လ်အဗီးမြို့ ပတ်ဝန်းကျင်တွင် 'ဟာဆန်ဆလာမိ' ဦးဆောင်သော အာရပ်လက်နက်ကိုင်တပ်များကို အနိုင်ရခဲ့၏။ 'ဆလာမိ'ကိုယ်တိုင် တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ 'အားလ်ဟူစိန်ဇာ'၏ တပ်များသည်လည်း မိမိတို့ခေါင်းဆောင်

တော့သည်ကြောင့် ဂျေရုစလင်မြို့ဝန်းကျင်တွင် အကျအဆုံးများစွာဖြင့် အရေးနိမ့်ခဲ့ကြသည်။ 'ကောက်ဂျီ'သည် 'ဂဲလီလီ'အရပ်တွင် ရှိရင်းစွဲထက် တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိ။ 'နဂျစ်သဲကန္တာရ'တွင် အာရပ်တို့က ဂျူးသမကျေးရွာ၏ အတာအရန်ကို ချိုးဖောက်ခဲ့သည်။

ဂျူးတို့က 'တိုင်ဗားရီးယတ်'နှင့် 'ဂျာဖာ'မြို့အနီး ကျေးရွာများကို သိမ်းပိုက်နိုင်ခဲ့၏။ ဂဲလီလီနှင့် နဂျစ်သဲကန္တာရဒေသမှ အချို့နယ်မြေအစိတ်အပိုင်းများကိုလည်း ဂျူးတို့က သိမ်းပိုက်နိုင်ခဲ့၏။

ပြီးလျှင် ရက်စက်မှုများ၊ သွေးထွက်သံယိုမှုများ ပေါ်ခဲ့၏။ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော 'အတ်ဇယ်လ်'နှင့် 'လီဟီး'တို့မှ တပ်ဖွဲ့များက ဧပြီလ (၉)ရက်နေ့တွင် ဂျေရုစလင်မြို့တော် အနောက်ဘက်ရှိ 'ဒါယာဇင်း'ကျေးရွာကလေးကိုတိုက်ခိုက်သိမ်းပိုက်လိုက်သည်။ အဖြစ်အပျက်က တကယ့်ကြောက်ခမန်းလိလိ ဂျူးအကြမ်းဖက်သမားများက အာရပ် ရွာသူရွာသား၊ ယောကျ်ား၊ မိန်းမ၊ ကလေးပါကျော် စုစုပေါင်း (၂၅၄) ယောက်ကို သတ်ဖြတ်လိုက်၏။

သည်ဖြစ်ရပ်ကြောင့် ဒေးဗစ်ဘင်ဂူရီယန်လည်း အံ့ဩတုန်လှုပ်သွား၏။

အာရပ်တို့ကလည်း တန်းတူရည်တူ ရက်စက်၍ ပြန်လည်ကလဲ့စားချေသည်။ ဧပြီလ (၁၃)ရက်နေ့ 'စကိုးပတ်စ်'တောင်ကုန်း ( **Mount Secopus** )ရှိ 'ဟီဗရူးတက္ကသိုလ်'သို့ သွားသော ဆရာဝန်၊ သူနာပြုဆရာမများ၊ ပညာရှင်များကို သယ်ဆောင်သွားသည့် မော်တော်ကားတပ်ကြီးကို အာရပ်တို့က တိုက်ခိုက်သည်။ သေဆုံးသူ ဂျူးလူမျိုး (၇၇)ဦးတွင် ဒေးဗစ်ဘင်ဂူရီယန်၏ သမီးထွေးနှင့်စေ့စပ်ထားသူ ဆေးကျောင်းသားကလေးလည်း ပါခဲ့၏။

သို့ရာတွင် ဂျူးတို့က ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်အိမ်ကို စွန့်ခွာမသွားကြ။ ဂျေရုစလင်သွားရာလမ်းကို ဖွင့်ပြီးသည်နှင့် ပထမဦးဆုံး မြို့ထဲသို့သွားရာ မော်တော်ကားတပ်တွင် ဒေးဗစ်ဘင်ဂူရီယန်လည်း လိုက်ပါလာ၏။

'ဂျူးတွေရဲ့ ရှုထောင့်အမြင်ကပဲ ကြည့်ကြည့်၊ နိုင်ငံတကာအမြင်နဲ့ပဲ ကြည့်ကြည့် ဂျေရုစလင်ဟာ၊ ဂျေရုစလင်ပဲ၊ ဂျေရုစလင်ဟာ ဂျူးနိုင်ငံရဲ့မြို့တော် ဖြစ်လာရမယ်' ဟု ဒေးဗစ်က ကြေငြာသည်။

'သန့်ရှင်းသော မြို့တော်' ဂျေရုစလင်အား ဒါဝိတ်မင်းကြီးလက်ထက်က နိုင်ငံတော်ကလုပ်ခဲ့သည့် တာဝန်များကို ပြန်လည်အပ်နှင်းဆောင်ရွက်ရန် ဒေးဗစ်ဘင်ဂူရီယန်က ကြိတ်၍စိတ်ကူးထားသည်။

ယဉ်ချိုးဓာပေ

အကြီးစား လက်နက်ကြီးများ လိုအပ်နေခြင်းသည်လည်း ဒေးဗစ်၏ ကြိတ်ကာ စိတ်ကူးခြင်းတစ်ခုဖြစ်၏။ 'ဟာဂါနာ'ကာကွယ်ရေးတပ်မှ အရာရှိများက ပင် ထင့်ကားနှင့် စစ်မြေပြင်ပစ် အမြောက်လက်နက်ကြီးများကို လက်ဝယ်ရှိဖို့ အရေး ကြီးသည်ဟူသော အချက်ကိုပင် သတိမထားမိကြ။

ဆောင်းတစ်နေ့၊ ဒေးဗစ်ဘင်ဂူရီယန်က ထိပ်တန်းအရာရှိများအား မိမိ အိမ်တွင်ကျင်းပသော စည်းဝေးပွဲသို့ ဆင့်ခေါ်သည်။ တပ်မှူးများကို ဒေးဗစ်က ဝတ်ရုံဟောင်းကြီးခြုံလျက် လက်ခံတွေ့ဆုံသည်။ ချက်ချင်းပင် လက်နက်ပြဿနာကို မေး၏။ 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့မှ လိုအပ်နေသော လက်နက်၊ ခဲ၊ ယမ်း မီးကျောက်ပစ္စည်းများကို ထုတ်ပြသည်။ ရိုင်ဖယ်သေနတ်ကလည်းများ၊ စက်သေနတ် အရေအတွက်ကလည်းများ၊ ခဲ၊ ယမ်း၊ မီးကျောက် အရေအတွက်ကလည်း အလွန် များပါဘိ။ ဒေးဗစ်က စာရင်းများကို ချက်ချင်းရေးမှတ်သည်။ ပြီးတော့ မေးခွန်း ထုတ်သည်။

'ဒါနဲ့ တင့်ကားတွေ၊ အမြောက်လက်နက်တွေ၊ လေယာဉ်ပျံတွေကော' သည်မေးခွန်းကြောင့် အံ့သြသွားပြီး ငြိမ်နေကြ၏။

ဒေးဗစ်က စကားဆက်ပြန်သည်။

'မကြာမတင်မှာပဲ ငါတို့ဟာ အမြဲတမ်း စစ်တပ်တွေ၊ တင့်ကားတွေ လေယာဉ်တွေပိုင်တဲ့ အာရပ်ခုနှစ်နိုင်ငံရဲ့ တိုက်ခိုက်လာတာကို ခုခံကာကွယ်ရလိမ့် မယ်။ အကြီးစားလက်နက်တွေ မရှိရင် တို့တစ်တွေ ခုခံတွန်းလှန်နိုင်မှာ မဟုတ်ဘူး ဒီလက်နက်ပစ္စည်းတွေကို ဖြစ်နိုင်တဲ့နည်းနဲ့ရမှ ဖြစ်မယ်ဟေ့ . . . ရမှဖြစ်မယ် . . .

စည်းဝေးပြီးသည့်နောက် သတင်းပတ်များကုန်ဆုံးပြီး ဂျူးများကလည်း အောင်ပွဲဆက်တိုက် နွှဲခဲ့၏။ သို့ဖို့ကြောင့်လည်း မကြာမတင်မှာပင် အာရပ်နိုင်ငံများ ၏ အမြဲတမ်းစစ်တပ်ကြီးနှင့် ရင်ဆိုင်ရလိမ့်မယ်ဟု ဒေးဗစ်က စိတ်စွဲနေမိသည်။

'ဟာဂါနာ ကာကွယ်ရေးတပ်ဖွဲ့'များက အာရပ်တို့အား ဆက်တိုက်အရေး နိမ့်စေသည်ကြောင့် ပါလက်စတိုင်းမှ အာရပ်တို့က မိမိတို့ချည်း ဂျူးတွေအား အနိုင် ရနိုင်လိမ့်မည် မဟုတ်ကြောင်း သိစေပေလိမ့်မည်။ ထို့ကြောင့်လည်း 'အာရပ်နိုင်ငံ များအဖွဲ့'သို့ မေတ္တာရပ်ခံခဲ့၏။

'အာရပ်နိုင်ငံများအဖွဲ့ကလည်း ဂျူးတို့အပေါ် အောင်ပွဲခံရန်မှာ တင့်ကား လေယာဉ်ပျံများ အကူအညီနဲ့ အမြဲတမ်းစစ်တပ်ကြီးတွေကို သုံးမှဖြစ်မည်ဟု သဘော ပေါက်ခဲ့သည်'ဟု ဒေးဗစ်က (၁၉၄၈)ခုနှစ်၊ ဧပြီလ၊ (၂၀)ရက်နေ့တွင် ရေးခဲ့၏။

အကြီးစား စစ်လက်နက်ကြီးများလည်း ပါလက်စတိုင်းသို့ အလျင်စလို ရောက်ရှိလာနိုင်၏။ လက်နက်များကိုလည်း 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့ လျှို့ဝှက် လက်နက်သိုလှောင်ရာစခန်းများတွင် ထားရှိနိုင်၏။

သို့ရာတွင် ဒေးဗစ်အတွက် ရင်ဆိုင်တိုက်ရမည့် အန္တရာယ်အများဆုံး စစ်တပ်မှာ သူရဲ့ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့ သူ့လူများ၊ သူ့မဟာမိတ်များသာ ကြိတ်ပြီးတိုက်နေရသည့် သည်စစ်ပွဲတွင် ဒေးဗစ်မှာ သူ့အားသာ သူအားကိုးစရာ ရှိ၏။ သည်စစ်ပွဲက ဒေးဗစ်နှင့် ဂဲလီလီတို့ကြား ဖြစ်ပေါ်သည့်တိုက်ပွဲ။ ဒေးဗစ်နှင့် ဟာဂါနာ ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်များကြား ဖြစ်ရသောတိုက်ပွဲ။အနာဂါတ် အစ္စရေးတပ်မတော်၏ စစ်ဦးစီးအဖွဲ့အတွက် ဖြစ်ရသောတိုက်ပွဲ။

ဒေးဗစ်နှင့် သူ့လူများကြား အကျိတ်ကလေးများ ပေါ်ခဲ့သည်မှာ ကြာပြီ။ တစ်ဘက်နှင့်တစ်ဘက် သူနိုင်ကိုယ်နိုင် အားစမ်းပွဲနွှဲရမည်မှာ သေချာ၏။ ရှောင်လွှဲ၍မရ။ 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့များကို ဒေးဗစ်က ရှုတ်ချပြစ်တင်သည်မှာ လျှို့ဝှက်စကားမဟုတ်၊ လူတိုင်းအသိ။ လအတန်ကြာကပင် ဒေးဗစ်က 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့များ၏ ခုခံကာကွယ်ရေးမဟာဗျူဟာ၊ ခေတ်မမီတော့သော ဖွဲ့စည်းပုံများသည် ခေတ်သစ်လိုအပ်ချက်များ၊ ပုံစံသစ် စစ်ဆင်ရေးများနှင့် လိုက်လျောညီထွေဖြစ်အောင် မစွမ်းဆောင်နိုင်ပုံများကို ပြစ်တင်ဝေဖန်ခဲ့သည်။

ပါလက်စတိုင်းနေ ဂျူးများ၏ ကာကွယ်ရေးတပ်ဖွဲ့များတွင် ကွင်းဆက် အုပ်ချုပ်ရေး ဆောင်ရွက်ပုံများကိုလည်း ဒေးဗစ်က မကျေနပ်။ စင်စစ် မှန်ကန်သော အဆင့်ဆင့် ကွပ်ကဲအုပ်ချုပ်မှုမျိုး လုံးဝမရှိ။ 'အမျိုးသားစစ်ဦးစီးဌာနချုပ်'နှင့် 'စစ်ဦးစီးချုပ်'ဟူ၍ရှိပါ၏။ တဖန် 'လုံခြုံရေးကော်မတီ'ဟုလည်း ရှိ၏။ 'လုံခြုံရေး ကော်မတီ'၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ တိတိပပ မပြော နိုင်။

'ပါးလ်မတ်ချ်'ဆိုသည်ကလည်း သူ့စစ်ဦးစီးအဖွဲ့နှင့်သူ။ မည်သူ့ထံကမှ အမိန့်မနာခံ။ သဘောကွဲနေကြသည်။ 'အတ်ဇယ်လ်'နှင့် 'လီဟီး'သည် စစ်ဘက် ဆိုင်ရာအဖွဲ့အစည်းများမှ ဘေးဖယ်ခံထားရသည်။ သူတို့ကလည်း သူတို့ ရည်ရွယ် ချက်ကိုယ်စီနှင့် သူတို့ဟန်နှင့်။ ဒေးဗစ်ဘင်ဂူရီယန်က သည်သို့ တကွဲတပြားဖြစ်နေ ခြင်းကို လုံးဝဖျက်သိမ်းပြီး၊ တစ်ခုတည်းသော 'အမျိုးသားတပ်မတော်'ကို ပြန်လည် ဖွဲ့စည်းလို၏။ သည်တပ်က အနာဂတ်အစိုးရအဖွဲ့မှ ထုတ်သမျှအမိန့်ကို နာခံမည့် တပ် ဖြစ်ရပေမည်။

သည်ကဲ့သို့ ဘက်စုံဖြစ်နေသော တော်လှန်ရေးအင်အားစုများကို တစ်ခုတည်းသော အမြှတမ်းတပ်မတော်သို့ အသွင်ပြောင်းဖို့ပြဿနာအပြင် ပြောင်းလဲရေးတွင် အခြားအရေးကြီးသောကဏ္ဍကြောင့် ဒေးဗစ်မှာ ဗျာများနေ၏။ နိုင်ငံရေးအပြောင်းအလဲဖြစ်၏။

ပါးလ်မတ်ချ်တပ်မဟာကို 'တာဗင်ကိုင်း'၏ တပည့်များက ဖွဲ့စည်းသည်။ 'တာဗင်ကိုင်း'သည် 'သမကျေးရွာ ယူနီယံ' ( **Kibbutz Union** ) ခေါင်းဆောင်ဖြစ်သည်။ (၁၉၄၄)ခုနှစ်တွင် အလုပ်သမားပါတီ (မေပိုင်)မှ ခွဲထွက်သွားပြီး လက်ဝဲစွန်းအင်အားစုနှင့် ပူးပေါင်း၍ 'မပမ်း' ( **Mapam** ) ခေါ် 'ညီညွတ်ရေးလုပ်သားပါတီ' ( **United Workers** ) ကို ဖွဲ့စည်းတည်ထောင်၏။ နိုင်ငံဦးရေ၏ ငါးပုံတစ်ပုံမျှကို ကိုယ်စားပြုသော လူနည်းစုပါတီက အင်အားအတောင့်ဆုံး စစ်ရေးအင်အားအဖြစ် ကွပ်ကဲနိုင်စွမ်း ရှိလာသည်။ 'အမျိုးသားစစ်ဌာနချုပ်'၏ ခေါင်းဆောင် 'အစ္စရေးဂဲလီလီ'မှာ ညီညွတ်ရေးလုပ်သားပါတီဝင် ဖြစ်၏။ 'အစ္စရေးဂဲလီလီ'ကပင်လျှင် 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့ကို အုပ်ချုပ်၏။

ထိုမျှသာမဟုတ်။ ဂျူးနိုင်ငံတည်ထောင်ရေးကို လက်နက်အားကိုးဖြင့် အကောင်အထည် ဖော်နိုင်သော 'ပါးလ်မတ်ချ်'နှင့် 'ဟာဂါနာ' လက်နက်ကိုင် အဖွဲ့အစည်းများမှာ ဂျူးနိုင်ငံတည်ထောင်ရေးကို မလိုလားသော နိုင်ငံရေးပါတီတစ်ခု၏ ဩဇာတိက္ကမ လွှမ်းမိုးမှုအောက်တွင်ရှိနေကြ၏။ 'လက်ဝဲစွန်းပါတီ'က 'ဂျူး အာရပ်လူမျိုး စုပေါင်းနေထိုင်ရာ နိုင်ငံ'အဖြစ်ကို လိုလားသည်။ 'တာဗင်ကိုင်း'နှင့် သူ့အုပ်စုက 'ဘော်လ်ရှီဗီဇမ်အစီအစဉ်'ကိုလည်း ဆန့်ကျင်ကြသည်။ ပါလက်စတိုင်းတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း အုပ်ချုပ်ခွင့်မျိုးပေးရန်ကိုသာ အသနားခံသည်။

အကယ်၍ အစိုးရအဖွဲ့ နိုင်ငံခြားရေးဝါဒက မိမိတို့၏ သဘောနှင့် မဟပ်မိလျှင် မိမိတို့၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် ရှိသည့်အင်အားဖြင့် မည်သို့တုန့်ပြန်လာလိမ့်မည်နည်း။

သည်အန္တရာယ်များက တကယ်ပဲဖြစ်ဖြစ်၊ စိတ်ကူးယဉ်သက်သက်ပဲဖြစ်ဖြစ်၊ ဒေးဗစ်ဘင်ဂူရီယန်အား တစ္ဆေပမာခြောက်နေ၏။ အနေးနှင့်အမြန်ဆိုသလို ဒေးဗစ်က 'ပါးလ်မတ်ချ်'စစ်ဦးစီးအဖွဲ့ကို ဖြုတ်ချရပေတော့မည်။ စစ်ဦးစီးအဖွဲ့၏ စရိုက်လက္ခဏာကို ပုံစံပြောင်းရပေတော့မည်။ တသီးတခြား လွတ်လွတ်လပ်လပ်ရှိနေကာ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မနာလိုဝန်တိုနေသော လက်နက်ကိုင်အဖွဲ့အစည်းမှန်သမျှအား နိုင်ငံ၏တစ်ခုတည်းသော လက်နက်ကိုင်တပ်ဖွဲ့အဖြစ်သို့ ပူးပေါင်းစေရလိမ့်

မည်၊ 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့အပေါ် လုပ်ကိုင်ခြင်းကိုပါ ရုတ်သိမ်းရပေလိမ့်မည်၊ 'အမျိုးသားစစ်ဦးစီးဌာနချုပ်'ကိုပါ ဖျက်သိမ်းရပေလိမ့်မည်။ အချုပ်ဆိုသော် ဒေးဗစ်ဘင်ဂူရီယန်မှာ အလွန်တရာမှခက်ခဲ၍ အန္တရာယ်များသောလုပ်ငန်းနှင့် ရင်ဆိုင်ရပေလိမ့်မည်။ သည်လုပ်ငန်းတွင် ကြံ့ကြံ့ခံနိုင်စွမ်းရှိဖို့လိုမည်၊ အလှည့်အဖဲကောင်းရပေလိမ့်မည်။ တကယ်လက်တွေ့ အကောင်အထည်မဖော်မီ ဒေးဗစ်က အချိန်ကြာမြင့်စွာ စောင့်စားနေခဲ့၏။

(၁၉၄၈)ခုနှစ်၊ ဧပြီလ။ စစ်ရေး၊ နိုင်ငံရေးအခြေအနေ အကြပ်အတည်းပေါ်သည်က အထွတ်အထိပ် ရောက်နေစဉ်တွင်မှ ဒေးဗစ်က ထ 'ဆော်'တော့သည်။ သည်ပွဲက ဒေးဗစ်အဖို့ ဒုက္ခအကြီးအကျယ် ကျလုလုဖြစ်ခဲ့သည်။

ဂျူး-အာရပ်စစ်ပွဲအခြေအနေက သိသိသာသာ အခြေအနေပြောင်းသွားသည်၊ (၁၉၄၈)ခုနှစ်၊ ဧပြီလဆန်းတွင် ဒေးဗစ်ကလည်း 'အမျိုးသား စစ်ဦးစီးအဖွဲ့'သို့ တောင်ထိုးစစ်ဆင်သည်။ ထိုအချိန် မတိုင်မီကပင် ဒေးဗစ်က မိမိ၏ အနက်ရောင် အဖုံးရှိ မှတ်စုစာအုပ်တွင် မိန့်ခွန်းများ၊ အတွေးအခေါ်များအပေါ် ပြစ်တင်ရှုတ်ချမှုသာလျှင် ပြု၏။

ဂျူးနိုင်ငံ၏ဝါဒသည် အင်အားကြီး နှစ်နိုင်ငံကြားဝယ် တည့်တည့်မတ်မတ်ဖြင့် မတိမ်းမစောင်းရလေအောင် ထိန်းသွားဖို့လိုမည်။ သို့ရာတွင် ဒေးဗစ်က 'အနောက်နိုင်ငံများ မဟာမိတ်အဖွဲ့'သို့သာ စိတ်ညွတ်လျှက် ရှိသည်မှာ သေချာ၏။ အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်ရန် ဒေးဗစ်တွင် ရည်ရွယ်ချက်ရှိ၏၊ အတိတ်တွင် နာကြည်းစရာများရှိခဲ့၊ ဗြိတိန်နိုင်ငံနှင့် ခိုင်ခိုင်မာမာ အဆက်အသွယ်ထားရှိရန် ဒေးဗစ်ကမျှော်လင့်၏။ ဗြိတိသျှဓနသဟာယ နိုင်ငံများအဖွဲ့သို့ ဝင်ရန် ရည်ရွယ်သည်လား မပြောတတ်။ အမေရိကန်ဂျူးများ၏ ဩဇာတိက္ကမကို အသုံးပြု၍ မဟာမိတ်အဖြစ် ဆက်လက်ထိန်းသိမ်းရပေလိမ့်မည်။

ရုရှားက အစ္စရေးနိုင်ငံအား ကုလသမဂ္ဂတွင် ထောက်ခံခဲ့သည်၊ ဒေးဗစ်က အနောက်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၏။ သည်တွင် ရုရှားကို လိုလားသည့် 'ညီညွတ်ရေးလုပ်သားပါတီ' (မပမ်း)က အဟန့်အတား ဖြစ်လာပြန်သည်။

'ပါးလ်မတ်ချ်'တပ်ဖွဲ့ခေါင်းဆောင်များ၏ ပြဿနာတ (၁၉၄၈)ခုနှစ်၊ မေလတွင် တဖန် ပြန်ပေါ်လာပြန်၏။ 'နဂျစ်သဲကန္တာရ'စစ်မျက်နှာကို မိမိတို့ စစ်ဦးစီးအဖွဲ့၏ ကွပ်ကဲမှုအောက်တွင် ထားရှိရမည်ဟု တောင်းဆိုလာကြသည်။ ဒေးဗစ်က ပြင်းပြင်းထန်ထန် ကန့်ကွက်ဆန့်ကျင်သည်။ နှစ်ဘက် ညှိနှိုင်းဆွေးနွေး

ပွဲမှာလည်း ပြင်းထန်ခဲ့သည်။ သို့ရာတွင် နောက်ဆုံး၌ ဒေးဗစ်တင်ပြသော အမြင်ကိုသာ လက်ခံခဲ့သည်။

'ပါးလ်မတ်ချ်'တပ်ဖွဲ့က မည်သည့်စစ်မျက်နှာတွင်ပဲရှိရှိ မိမိတို့သဘော၊ မိမိတို့ဆန္ဒအတိုင်း သီးခြားလွတ်လပ်စွာ ဆောင်ရွက်နေဆဲ။ သို့ရာတွင် ဒေးဗစ်က 'ပါးလ်မတ်ချ်'အရေးတွင် ဝင်စွက်ရန် အချိန်မကျသေးပါ။ ပါးလ်မတ်ချ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ထိုအချိန်တွင်သာ ပြုပြင်ပြောင်းလဲစေပါက စစ်ရေး၊ အမျိုးသားရေးတို့တွင် မလိုလားသော ဂယက်ရိုက်မှုများ ပေါ်လာနိုင်သည်။ ပါးလ်မတ်ချ်တပ်ဖွဲ့ကို ဖျက်သိမ်းရန်မှာ အမြဲတမ်းတပ်မတော် ပေါ်ပေါက်လာမှ ဖြစ်ပေမည်။

သို့အတွက် ဒေးဗစ်က လက်နက်ကိုင်တပ်ဖွဲ့အားလုံးအပေါ် အပြီးအပိုင် တရားဝင်ကွပ်ကဲအုပ်ချုပ်ခွင့်ရရန် စတင်တိုက်ပွဲဝင်တော့သည်။ ဒေးဗစ်၏ ဦးစွာပထမ ရည်မှန်းချက်မှာ 'အမျိုးသားစစ်ဦးစီးအဖွဲ့'ကို ဖျက်သိမ်းရန်ဖြစ်၏။ ပြီးလျှင် ဦးစီးမှူး 'အစ္စရေးဂဲလီလီ'အား ရာထူးမှထုတ်ရန်ဖြစ်သည်။

ဒေးဗစ်ဘင်ဂူရီယန်က 'အစ္စရေးဂဲလီလီ'ကို အထင်မကြီး။ အစ္စရေးဂဲလီလီသည် ဉာဏ်အမြော်အမြင်ရှိ၏။ 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့အရေးကို ကိုယ်ရောစိတ်ပါ အပ်နှံထားသူ။ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ်အဖြစ်ဖြင့် လက်အောက်အရာရှိ၊ အရာခံ၊ အကြပ်သားများ၏ ယုံကြည်အားထားမှုကိုလည်း ရရှိထားသူ။ ဗြိတိသျှတို့၏ အုပ်ချုပ်ခွင့်အာဏာအောက်တွင်ရှိနေစဉ် 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့က နည်းလမ်းတကျ လုပ်ငန်းများဆောင်ရွက်နိုင်စေရန် အစ္စရေးဂဲလီလီမှာ မရှိမဖြစ်သော ခေါင်းဆောင်တစ်ဦး . . . ။ သို့ရာတွင် နောင်ပေါ်ပေါက်လာမည့် အစ္စရေးနိုင်ငံ အမြဲတမ်းတပ်မတော်တွင် အမျိုးသားစစ်ဦးစီးအဖွဲ့၏ ဦးစီးမှူးအတွက် နေရာမရှိ . . . . ။ တရားမျှတမှုရှိစေရန် ဒေးဗစ်က မိမိအဆိုပြု ထားသော စစ်ရေးအဖွဲ့အစည်းများတွင် အခြားအခြားသော ရာထူးများကို ပေးအပ်သည်၊ သို့ရာတွင် စစ်ရေးခေါင်းဆောင်များနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ကြား ခေတ်မမီတော့သော၊ ကွင်းဆက်ပမာထားရှိသော ကွပ်ကဲအုပ်ချုပ်မှုမှန်သမျှကို ဖျက်သိမ်းရန် စိတ်ဆုံးဖြတ်ထားပြီးဖြစ်၏။

(၁၉၄၈)ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့။ (၁၃) ဦးကော်မတီက ကြားကာလတွင် အုပ်ချုပ်ရေးအာဏာကို ထိန်းသိမ်းဆောင်ရွက်သည်။ ထို့ကြောင့် ကာကွယ်ရေးနှင့် စစ်ဆင်ရေးကိစ္စရပ်များကို ယာယီတာဝန်ယူရသည်။ ဒေးဗစ်ဘင်ဂူရီယန်က သည်အာဏာအပြောင်းအလဲကို ခုတုံးလုပ်၍ 'အမျိုးသားစစ်ဦးစီးအဖွဲ့ချုပ်'အား

ဖျက်သိမ်းရန် အခွင့်ကောင်းယူသည်။

ထိုမတိုင်မီ ဧပြီလ (၂၁) ရက်နေ့က စစ်ဦးစီးအဖွဲ့အာဏာကို '(၁၃) ဦး ကောင်စီ'သို့ လွှဲပြောင်းပေးရမည်ဟူ၍ အတိအလင်း ကြေငြာခဲ့သည်။

ဧပြီလ (၂၆)ရက်နေ့ ဒေးဗစ်က ရှေ့ခြေတစ်လှမ်း တိုးပြန်၏။ ဒေးဗစ်က 'အစ္စရေးဂဲလီလီ'အား ဆင့်ခေါ်၍ မိမိ၏ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောပြ၏။ သည်အချိန်ထိ နိုင်ငံရေးစနိုက် လက္ခဏာကို မပြောင်းလဲသော်လည်း 'ဟာဂါနာ' တာကွယ်ရေးတပ်ဖွဲ့တွင်း ဖြစ်ပေါ်နေသော အခြေအနေကိုမူ မကျေနပ်နိုင်ကြောင်း ထုတ်ဖော်ပြောပြသည်။ ကိစ္စများက အကျဉ်းအကြပ် အဆင့်သို့ပင် ရောက်နေပြီ။ ပါးလ်မတ်ချ်မှစ၍ အချို့သော ပြောင်းလဲမှုများက လိုအပ်နေပေပြီ။

'ပါးလ်မတ်ချ်'ဆိုသည်က နိုင်ငံရေးပါတီတစ်ခု၏ ခါးပိုက်ဆောင်တပ် ဖြစ်နေပြီ။ တပ်မှူးအချို့မှာ အရည်အချင်းပြည့်သူများမဟုတ်။ စည်းကမ်းနှင့် လေ့ကျင့်မှုများ တိုးတက်အောင် ဆောင်ရွက်ဖို့ လိုအပ်သေး၏။ 'အမျိုးသားစစ်ဦးစီး အဖွဲ့ချုပ်'၏ စစ်ဦးစီးမှုလုပ်ငန်းတာဝန်များ ဖျက်သိမ်းပြီဟု 'အစ္စရေးဂဲလီလီ'အား ထုတ်ပြောပြ၏။ သို့ရာတွင် ယခုအချိန်တွင် လူသိရှင်ကြား မကြေငြာဟုလည်း ပြောပြ ထား၏။

ညနေချမ်းတွင် 'အစ္စရေးဂဲလီလီ'က 'ပါးလ်မတ်ချ်'နှင့် သူ့ဦးစီးများအပေါ် ဒေးဗစ်က ဝေဖန်ပြစ်တင်မှုများအား ပြန်လည်ချေပရန် အကြံပေးချက်၊ အဆိုပြုချက် များနှင့် အတူရောက်လာသည်။ ဒေးဗစ်ကလည်း 'အစ္စရေးဂဲလီလီ'အဆိုမှန်သမျှကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ရာမှ နောက်ဆုံး 'အစ္စရေးဂဲလီလီ'က အလုပ်ဆုံးရှုံးသည် အထိပင် . . . .။ ဒေးဗစ်က သူ့ကိုယ်သူ အာဏာအရှိဆုံးဟု သတ်မှတ်ထားသည် ကြောင့် လက်မြှောက်အရှုံးပေးရန် စိုးစဉ်းမျှ ပြင်ဆင်မှုမရှိ။ 'ဂဲလီလီ' အထင်အမြင် အရဆိုလျှင် တပ်မှူးများက ဒေးဗစ်ဘင်ဂူရီယန်ထံမှ ညွှန်ကြားချက်များကို တိုက်ရိုက် ခံယူရန် မလိုလား . . . .။ ကြားလူရှိဖို့ သင့်သည်။ သူသာလျှင် ကြားလူအဖြစ် ဆောင်ရွက်ရန် အသင့်တော်ဆုံးဖြစ်သည်ဟုထင်၏။ သူတို့နှစ်ဦး ဆွေးနွေးညှိနှိုင်း ကြသည်မှာ အချိန်အကြာကြီး၊ သို့သော် အဆုံးတွင်မူ တစ်ဦးကမျှ တစ်လက်မမှ အလျှော့မပေးကြ . . . .။

နောက်တစ်နေ့တွင် သူတို့နှစ်ဦးက မိမိတို့၏ 'အလုပ်သမားပါတီ' (မပိုင်) နှင့် 'ညီညွတ်ရေးလုပ်သားပါတီ' (မပမ်း) ခေါင်းဆောင်များအား မိမိ၏ဆန့်ကျင်ဘက် အမြင်များကို တင်ပြကြ၏။ 'ညီညွတ်ရေးလုပ်သားပါတီ (မပမ်း) ခေါင်းဆောင်များက

'အစ္စရေးဂဲလီလီ'အား အလုပ်ထုတ်သည်ကိုမူ ဆန့်ကျင်ကန့်ကွက်ကြ၏။

မေလ (၂)ရက်နေ့၊ ဒေးဗစ်ဘင်ဂူရီယန်က မိမိဖွဲ့စည်းရန် ရည်ရွယ်ထား သော အဖွဲ့အစည်းတွင် မိမိနှင့်အတူ တာဝန်ထမ်းဆောင်ရန် နေရာပေးသည် သို့ရာတွင် 'အစ္စရေးဂဲလီလီ'က မည်သို့မျှ အဖြေမပေးခဲ့။ ထိုညနေမှာပင် ဒေးဗစ်က တပ်မှူးများနှင့် 'အမျိုးသားစစ်ဦးစီးအဖွဲ့'အား မိမိ၏ဆုံးဖြတ်ချက်ကို စာဖြင့် အကြောင်းကြားသည်။ စာပါ အကြောင်းအရာအရ မည်သို့မျှ သံသယဖြစ်စရာမ

"ဝန်ကြီးချုပ်ကြီး" (ဆက်) — 

"ဒီယွန်အသိုင်းအဝန်းဆိုင်ရာ လုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ နှင့်ပတ်သက်၍ စီမံခန့်ခွဲရေးရှုထောင့်မှကြည့်လျှင် စစ်ဦးစီးဌာနချုပ်တွင် ဂျူးအဖွဲ့ချု အလုပ်အမှုဆောင်ကော်မတီ၏ ကိုယ်စားလှယ်ကို မလိုအပ်သည့်အတွက် စစ်ဦးဌ ချုပ်ရာထူးကိုလည်း ပယ်ဖျက်လိုက်၏။ သည်စာသည် 'အစ္စရေးဂဲလီလီ'၏ လုပ်ငန်း တာဝန်များ ဆုံးခန်းတိုင်ပြီဖြစ်ကြောင်း သတင်းပါးလိုက်၏။ နောင်တွင် တပ်မှူးများ သည် လုံခြုံရေးတပ်များ၏ တပ်မင်း သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်ထံမှသာ တိုက်ရိုက် အမိန့်ခံယူရပေလိမ့်မည် . . . "။

ကိစ္စရပ်များက ထိပ်တိုက်တွေ့လေပြီ။ နောက်တစ်နေ့ နံနက်တွင် ဒေးဗစ် ဘင်ဂူရီယန်က 'အစ္စရေးဂဲလီလီ'သို့ နောက်တစ်ကြိမ် အလုပ်သစ်ပေးရန် ကမ်းလှမ်း ပြန်၏။ '၁၃-ဦးကောင်စီ'က ထိုနေ့လည်တွင် စည်းဝေးပွဲရှိ၏။ ထိုအချိန်တွင် 'အစ္စရေး ဂဲလီလီ'ထံမှအဖြေကိုရချင်သည်။ 'အစ္စရေးဂဲလီလီ'ကလည်း မွန်းလွဲပိုင်းတွင် တပ်မှူး များမှတစ်ဆင့် စာပြန်လိုက်သည်။ တပ်မှူးများထဲမှ (၄) ဦးက ဒေးဗစ်ဘင်ဂူရီယန်၏ ရုံးခန်းသို့ ရောက်လာ၏။ ဗိုလ်ချုပ်ကြီး 'အီလိယဟူကိုဟန်း' ( Elia hu Cohen ) (ခေါ်)ဘင်ဟား ( Ben Hur )၊ ဗိုလ်ချုပ်ကြီးဇာဗီဧယာလွန် ( ZviAyalon ) ဗိုလ်ချုပ်ကြီး 'အိုင်ဂလ်ဆူကာနစ်' ( Igal Sukenik ) (ခေါ်) 'ယာဒင်း' ( Yadin ) နှင့် ဗိုလ်ချုပ်ကြီး 'မိုရှေလာရာ' ( Moshe Lerer )တို့ဖြစ်၏။ လေးဦးစလုံးက 'အစ္စရေးဂဲလီလီ'အား ရာထူးမှ ထုတ်ပယ်သည်ကို ပြင်းပြင်းထန်ထန်ကန့်ကွက်ကြ၏။ ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး ဂျက်ကော့ဒိုရီ ( Jacob Dori ) က မကျန်းမမာဖြစ်နေ၍ စည်းဝေးပွဲမတက်နိုင်ခြင်းကြောင့် ကိစ္စရပ်များက ငြ ရှုပ်ထွေးလာ၏။

အခြေအနေက တင်းမာလျက် . . . .။

'ဘယ်သူက အမိန့်ပေးမှာလဲ'

'အကယ်၍ ဂဲလီလီကို ရာထူးကထုတ်ရင် ကာကွယ်ရေးအဖွဲ့အစည်း

ာယ်သို့အလုပ်လုပ်မှာလဲ'

ဗိုလ်ချုပ်ကြီးများက သည်ပြဿနာအတွက် အဖြေကိုသိချင်၏။

ဒေးဗစ်က ဗိုလ်ချုပ်ကြီးများကို စိတ်အေးအေးထားကြရန်ပြောသည်။ ဝန်ကြီးဌာနချုပ်အား မည်ကဲ့သို့ ပြန်လည်ဖွဲ့စည်းမည်ဆိုသည်ကို ရှင်းလင်းပြသည်။ ဗိုလ်ချုပ်ကြီးလေးဦးကတော့ ဒေးဗစ်ပြောသည်ကို နားမဝင်ကြ။ မိနစ်အနည်းငယ် အကြာတွင် ဂဲလီလီထံမှစာကို ဒေးဗစ်လက်ခံရရှိသည်။

'ခင်ဗျားအဆိုပြုတာကို ကျုပ် နောက်တစ်ကြိမ် ထပ်စဉ်းစားပါသေးတယ်။ ခင်ဗျားစိစဉ်နေတဲ့ အဖွဲ့အစည်းမျိုးမှာ ကျုပ်မပါဝင်ချင်ဘူး။ မဆောင်ရွက်ချင်ဘူး'

ယခုမှ တကယ် 'ကွဲ'ကြလေပြီ။

'၁၃-ဦးကောင်စီ စည်းဝေးပွဲက ဆော်ပွဲ နှက်ပွဲကြီးများဖြစ်လာ၏။ ပထမ အကြိမ် ဒေးဗစ်က မိမိတစ်ဦးတည်း အကျဉ်ခံရပြီဟု တွေးမိသည်။ 'ညီညွတ်ရေး ပါတီ' (မပမ်း)မှ '၁၃-ဦးကောင်စီ'ဝင်များက ဒေးဗစ်၏ ကောင်စီဝင်များကို ဆိုင်ပင်ဘဲ ဆုံးဖြတ်ခဲ့သည်ကို စိတ်ဆိုးမာန်ဆိုးဖြင့် ဝိုင်း 'နှက်' ကြသည်။ ဒေးဗစ်၏ ဆုံးဖြတ်ချက်ကို ဖျက်သိမ်း၍ ဂဲလီလီနှင့် တပ်မှူးများအား ဆွေးနွေးညှိနှိုင်းရမည်ဟု တောင်းခံသည်။ အခြားသော နိုင်ငံရေးပါတီများမှ '၁၃-ဦး ကောင်စီဝင်'များကမူ တစ်ခုမှ ပါဝင်ဆောင်ရွက်ခြင်းမရှိ။ မေးခွန်းများသာ တွင်တွင်ထုတ်နေသည်။ ပြဿနာကို အကျိုးရှိရှိ ကြိုးပမ်းအားထုတ်သူကား တစ်ဦးတည်းသာရှိ၏။ သူကား ရှာယတ်ဇ်'။ သူက ထိုပြဿနာများအား ခေတ္တခဏရွှေ့ဆိုင်းရန် အကြံပေးသည်။ ဒေးဗစ်ကမူ မိမိ၏အစီအစဉ်ဖြစ်သည့် လက်နက်ကိုင်တပ်ဖွဲ့များအား တပူး တစ်ပေါင်းတည်းရှိသော တပ်မတော်အဖြစ်ကိုလက်ခံပါမှ ကာကွယ် ရေးဝန်ကြီးဌာန ၏ ဘင်ဂူရီယန်က လက်ခံနိုင်ပေမည်။ ဆုံးဖြတ်ချက်မချရပါဘဲလျက် စည်းဝေးပွဲ အဆုံးသတ်နိုင်ခဲ့သည်။ ဒေးဗစ်တစ်ယောက် 'နန်းတွင်းအရေးတော်ပုံ' နွှဲနေသည်ဟု တည်း အချို့က ပြောလာကြသည်။

'ဟာဂါနာ'ကာကွယ်ရေး တပ်ဖွဲ့ခေါင်းဆောင်များက မေလ (၅)ရက်နေ့ တွင် ပြန်လည် 'တိုက်ပွဲ'ဝင်ကြပြန်၏။ သည်တစ်ကြိမ်တွင် သူတို့က ခြိမ်းခြောက် ကားများပင် ပြောလာသည်။ 'အစ္စရေးဂဲလီလီ' အား ဒေးဗစ်ဘင်ဂူရီယန်၏ ရုံးခန်း တွင်းသို့ ဆင့်ခေါ်ပြန်သည်။ အခြေအနေက ပို၍ဆိုးရွားလာသည်။ သို့ရာတွင် ဂဲလီလီက အလျှော့မပေး . . .။

ခင်ဗျားနဲ့ တပ်မှူးတွေကြားကရှိတဲ့အဆင့်မျိုး ကျုပ်ကိုပေးမယ်ဆိုတဲ့

သတ်မှတ်တဲ့မူရှိရင် ကျုပ်ပြန်ပြီး မူလအလုပ်တာဝန်များကို ပြန်ထမ်းဆောင်နိုင်မယ်။

'မဖြစ်ဘူး . . . . မဖြစ်ဘူး'

ဒေးဗစ်ကလည်း ခါးခါးသီးသီးဖြစ်၏။ အဆိုးဆုံး အခြေအနေ ဖြစ်ပေါ်လာသည်။

မေလ (၆)ရက်နေ့၊ နောက်တစ်နေ့နံနက်။ ဒေးဗစ်ဘင်ဂူရီယန်၏ ရုံးခန်းသို့ စာတစ်စောင် ရောက်လာသည်။

'ရှေ့တန်းစစ်မျက်နှာမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေကြောင့် 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ် ဩဇာတိက္ကမ ရှိသူတစ်ဦး အမြန်လိုအပ်နေပါပြီ။ 'အမျိုးသားစစ်ဌာနချုပ်'ရဲ့ စစ်ဦးစီးအရာရှိချုပ်ရာထူးကိုလည်း ဖျက်သိမ်းခဲ့ပြီ။ စစ်ဦးစီးမှူးများ အကြီးအကဲကလည်း မကျန်းမမာ ဖြစ်နေပြန်တာကြောင့် 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့မှာ တပ်မဟာ၊ တပ်ရင်းများကို ကွပ်ကဲနိုင်သူ၊ တပ်မှူးများကို ညွှန်ကြားနိုင်သူ ခေါင်းဆောင်မဲ့နေပါပြီ။ ဒီလိုအခြေအနေမျိုးဟာ စစ်တိုက်နေရတဲ့အခါမှာ ဘယ်လောက်ဒုက္ခရောက်စေတယ်ဆိုတာကို လွန်ခဲ့တဲ့ သုံးရက်က အတွေ့အကြုံများက သာဓကထူနေပါပြီ။ စစ်ဦးစီးများဌာနချုပ်က လာမယ့်နေ့ရက်များမှာ စစ်ဆင်ရေးများနဲ့ မေ (၁၅)အတွက် ပြင်ဆင်မှုများကို အဆုံးအဖြတ် ပေးလိမ့်မယ်လို့ တွေးထင်ကြပါတယ်။ ဒီကိစ္စကို အပြီးအပိုင်ပြေလည်အောင် မဖြေရှင်းဘဲရှိနေလျှင်၊ တပ်မှူးများက ကြီးလေးသောတာဝန်များကို ဆက်လက်မထမ်းဆောင်လိုကြတော့ပါ။ တိကျသောအစီအစဉ်များ လုပ်သည်အထိ 'အဲစွရေးဂဲလီလီ'အား မူလရာထူးတွင် ပြန်လည်တာဝန်ပေးရန် တောင်းဆိုကြပါတယ်။ ဒီကိစ္စကို အခုအစပြုပြီး စစ်ဆင်ရေးများနဲ့ ပတ်သက်လို့ မိမိတို့တာဝန်မရှိလို့ ယူဆရပါလိမ့်မယ်။

'ဇဗီယောလွန်' 'ဘိုင်ဂဲလိယာဒင်း' 'အဲလိမဟူဘင်ဟား' 'ဖီရှေဇာဒေါ်' နှင့် 'ဂိုးဇက်အဗီဒါ' တို့က လက်မှတ်ရေးထိုးထားကြသည်။

သည်စာက ရာဇသံဖြစ်၏။ ပုန်ကန်ခြင်းလည်းမဟုတ်။ ဒေးဗစ်ဘင်ဂူရီယန်က အလျှော့ပေးကာ 'အစွရေးဂဲလီလီ'အား မူလနေရာ ပြန်ပေးလျှင်ပေးသို့မဟုတ် နှုတ်ထွက်ဖို့သာရှိ၏။

တပ်မှူးများ၏စာက စစ်ပွဲအထွတ်အထိပ် ရောက်နေချိန်၊ နိုင်ငံလည်းသွေးချောင်းစီးတိုက်ပွဲများဖြင့် အတိဒုက္ခရောက်နေချိန်၊ အမေရိကန်ပြည်ထောင်စုဇီယွန်အဖွဲ့အစည်းများနှင့် ပါလက်စတိုင်းနေ ဂျူးခေါင်းဆောင်များက ဂျူးနိုင်ငံတည်ထောင်မည်ဟူသော ရည်ရွယ်ချက်ကို လက်လွှတ်လိုက်ရန် အကြပ်ကိုင်နေကြ

နှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေ၏။

သည်ရာဇသံက စစ်ဦးစီးဌာနတစ်ခုလုံး၏ ထောက်ခံမှုကို ရရှိထားသည်ကြောင့် တစ်ကြောင်း၊ ဒေးဗစ်ဘင်ဂူရီယန်ကို ကောင်းကောင်းသိသူများက သူသည်ဘယ်သောအခါမှ ဆုံးဖြတ်ထားသည်ကို နောက်ပြန်ဆုတ်တတ်သူ မဟုတ်ကြောင်း သဘောပေါက်ထားသည့်ကြောင့်တစ်ကြောင်း၊ သည်လုပ်ရပ်သည် စင်စစ်စွန့်စားခြင်းလည်း ဖြစ်၏။

မိတ်ဆွေ အပေါင်းအသင်းများ၏ အကျဉ်ခံရ လက်ဝဲစွန်းပါတီနှင့် အခြားနိုင်ငံရေးပါတီများ၏ တိုက်ခိုက်မှုလည်းခံရ စစ်ဦးစီးဌာန၏ အမိန့်မနာခံ ဖီဆန်သည်ကိုလည်းခံရ . . . ။ သည်သို့သော အကျဉ်းအကြပ်တွေ့ရချိန်တွင် ဒေးဗစ်ဘင်ဂူရီယန်က သူ့ဂုဏ်သိက္ခာ သူ ကျခံလျှင်ခံ၊ သို့မဟုတ် သည်နေရာက ထွက်သွားဖို့သာလျှင်ရှိတော့၏။

အခြားသူတစ်ဦးဦးသာ သည်သို့သော အခြေအနေနှင့် ရင်ဆိုင်ကြုံကြိုက်ရ၍၊ သည်သို့သော အကျဉ်ခံရလျှင် ရာထူးမှ နှုတ်ထွက်မည်သာ . . . . ။ သို့သော် ဒေးဗစ်ဘင်ဂူရီယန်က ထိုသို့မဟုတ် . . ။ သူ၏ သံမဏိစိတ်ထားကို ဆက်လက်ထိန်းသိမ်းသောအားဖြင့် ဒေးဗစ်က တစ်လက်မမျှ အလျှော့မပေး . . . . ။

ထိုနေ့ မွန်းလွဲတစ်နာရီတွင် ဒေးဗစ်က လက်မှတ်ရေးထိုးသူ ငါးဦးအားမိမိရုံးခန်းသို့ ဖိတ်ခေါ်ခဲ့သည်။ စစ်ဦးစီးများက ခြိမ်းခြောက်စာကို ဒေးဗစ်က ခပ်အေးအေးပင်သဘောထားကာ ဆက်ဆံ၏။ ဒေးဗစ်က ဗိုလ်ချုပ်ကြီး 'ဒိုရီ' အလုပ်တာဝန်များကို ပြန်လည်ထမ်းဆောင်သောအခါ မိမိတို့၏ အထွေထွေမကျေနပ်ချက်များကိုတင်ပြ၍ လက်ဗီအက်ရှ်ကိုးလ်နစ် (**Levi Shkolnik**)အပါအဝင် အခြားသူများပါတက် ရောက်မည့်စည်းဝေးပွဲ၌ မိမိတို့ပြဿနာများကိုပါ ထုတ်ဖော်ပြောပြကြရန်သာဆို၏။ နောက်ထပ်လိုက်လျောကာ အကြိုက်ဆောင်သည့် သဘောဖြင့် 'အစ္စရေးဂဲလီလီ' အား အလုပ်သဘောကို တိတိပပ သတ်မှတ်ချက်မရှိပါဘဲလျက်မိမိ၏ လက်အောက် အရာရှိအဖြစ်ဖြင့် အမှုထမ်းရန် မေတ္တာရပ်ခံသည်။

ဒေးဗစ်၏ သံမဏိစိတ်ထားကို တကယ်ရင်ဆိုင်ရပြန်သောအခါ စစ်ဦးစီးအရာရှိများက လက်မြှောက်အရှုံးပေးရ၏။ မိမိတို့တာဝန်များကို ဆက်လက်ထမ်းဆောင်ပါမည်ဟု ကတိပြုကြသည်။ သုံးရက်အကြာတွင် အစ္စရေးဂဲလီလီကစစ်ဘက်ဌာနတစ်နေရာတွင် ဆက်လက်အမှုထမ်းရန် သဘောတူကြ၏။ သူ့တာဝန်သူ့အလုပ်များကိုမူ ပီပီပြင်ပြင်၊ တိတိပပမရှိ။ သို့ရာတွင် ထိုဟာသည်ပင်လျှင်

ဒေးဗစ်၏ လိုက်လျောမှုတစ်ရပ်ဖြစ်၏၊ အမှန်ဆိုရသော် အစ္စရေးဂဲလီလီသည် 'ရှကိုးလ်နစ်'ကဲ့သို့ပင်လျှင် ဒေးဗစ်ဘင်ဂူရီယန်၏ လက်ထောက်အရာရှိအဖြစ်ဖြင့် နိုင်ငံ၏ စစ်ဘက်အဖွဲ့အစည်းတွင် ထိပ်တန်းအရာရှိ ဖြစ်လာခဲ့၏။ အစ္စရေးဂဲလီလီက စစ်တပ်များ ဟိုမှ ဒီမှ ရွေ့လျားစေရေး၊ လူအင်အားနှင့် စစ်ရေးပါရဂူများဆိုင်ရာတွင် ဌာနအကြီးအကဲ ဖြစ်လာသည်။

'ညီညွတ်ရေးလုပ်သားပါတီ' (မပမ်း)ခေါင်းဆောင်များက ကော်မတီ စည်းဝေးပွဲများတွင် ဒေးဗစ်ဘင်ဂူရီယန်ကိုသာ ဆက်ခါဆက်ခါ တိုက်တော့၏။ စစ်ဆင်ရေးများတွင် ဒေးဗစ်ဘင်ဂူရီယန်က အာဏာရှင်ဆန်ဆန် ချုပ်ကိုင်သည်ဟု စွပ်စွဲကြသည်။ ပါတီအာဘော်ဖြစ်သော 'အားလ်ဟာမစ်ရှ်မား' ( Al Hamish mar ) သတင်းစာမှနေ၍ ဒေးဗစ်၏ 'တစ်ဦးတည်းအာဏာရှင်ပြုကျင့်လိုသော ရည်ရွယ်ချက်များ' လို့ အကြီးအကျယ် ကန့်ကွက်ကြသည်။

သို့သော် ဒေးဗစ်ကို မိမိရှိရင်းစွဲနေရာမှ မည်သို့မျှ မဖယ်ရှားနိုင်ခဲ့။

'ကာကွယ်ရေးဝန်ကြီးဌာနရာထူးကို လက်ခံရာမှာ ကျုပ်မှာ ရည်ရွယ်ချက်တစ်ခုပဲရှိတယ်၊ အဲ. . . နိုင်ငံရဲ့ လုံခြုံရေးရရှိဖို့ပဲ၊ လက်နက်ကိုင်တပ်ဖွဲ့များရဲ့ ခေါင်းဆောင်အဖြစ်နဲ့ ကျုပ်ဘယ်နိုင်ငံရေးပါတီကိုမှ အသိအမှတ်မပြုဘူး . .' ဟု ဒေးဗစ်က 'အလုပ်သမားပါတီ' (မေပိုင်)စည်းဝေးပွဲတွင် ဆို၏။

စင်စစ် ဒေးဗစ်ဘင်ဂူရီယန်က တစ်ခုတည်းသော တပ်မတော်အဖြစ် ပူးပေါင်းဆောင်ရွက်ရန် မိမိချမှတ်ထားသောအချက်များနှင့် ညီညွတ်သည်ထိ စောင့်ပြီးမှ ကာကွယ်ရေးဝန်ကြီးဌာနရာထူးကို ရက်အနည်းငယ်အကြာတွင် လက်ခံခဲ့သည်။ သို့သော် လုပ်ဖော်ကိုင်ဘက်များ၏ ရှေ့မတိုးနောက်မဆုတ် တုန့်ဆိုင်းဆိုင်းရှိနေခြင်း၊ စစ်ရေးခေါင်းဆောင်များက မထောက်ခံဘဲနေခြင်း၊ လက်ဝဲစွန်းပါတီများ၏ ကန့်ကွက်ခြင်းများကို ဆက်လက်တိုက်ပွဲဝင်နေရဆဲ . . . .။

သို့သော် မိမိဆုံးဖြတ်ချက်ကိုချမှတ်ရန် ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ခဲ့သည်။ မေလ (၆) ရက်နေ့ကကဲ့သို့ ဝိုင်းပယ်မခံရတော့။

လက်နက်ကိုင်တပ်ဖွဲ့များအား အသစ်ပြုပြင်ဖွဲ့စည်းရန် လိုအပ်နေကြောင်း 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့နှင့် ပြည်သူလူထုအား သဘောပေါက်နားလည်အောင် နည်းလမ်းရှာကြံခဲ့၏။ သူ့လုပ်ရပ်ကို တရားဝင်ဖြစ်စေချင်သည်။ မိမိဖန်တီးသော ပြုပြင်ပြောင်းလဲရေးများက စစ်ဆင်ရေးများတွင် မည်သို့ အကျိုးသက်ရောက်သည်ကိုလည်း စဉ်းစားလျှက်သာရှိ၏။ ထို့ကြောင့်လည်း '၁၃-ဦးကောင်စီ'ကို မတ်လ

(၁၀) ရက်နေ့တွင် ဖွဲ့စည်းသောအခါ အမျိုးသားစစ်ဦးစီးဌာနချုပ်ကို မဖျက်သိမ်းခဲ့။ ခံပွဲအခြေအနေက ဂျူးတို့ဘက်က အသာစီးရသည်ထိ စောင့်ကြည့်နေ၏။ သို့ရာတွင် ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေငြာသည်အထိတော့ မစောင့်နိုင်။ ထိုအချိန်၌ ဆက်ရှိ တည်ဆဲအဖွဲ့အစည်းများ ဆက်လက်တည်ရှိဖို့အတွက် တရားဝင်ဖြစ်စေရန် ဆိုအပ်၏။ သည့်ပြင် မိမိ၏အစီအစဉ်များကို အတိုက်အခံပြုသည်များကလည်း ဆက်လက် ပြင်းထန်လာမည်။ အတိုက်အခံဘက်က ပို၍အားကောင်းလာနိုင်သည်။ အာရပ် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် အနိုင်ရပြီးနောက် ဂျူးနိုင်ငံတည်ထောင်ကြောင်းကြေငြာသောအခါ အာရပ်နိုင်ငံများက အမြဲတမ်းစစ်တပ်များနှင့် အားစမ်းရသည့်ပွဲမတိုင်မီ တိုတောင်းသောအချိန်အတွင်း ဒေးဗစ်က အလျင်စလိုလုပ်ခဲ့ခြင်းသည်။ ဒေးဗစ်ကမူ အာရပ်နိုင်ငံများသို့ အမြဲတမ်းစစ်တပ်များကို မိမိ၏အမြဲတမ်းစစ်တပ်ဖြင့် ရင်ဆိုင်ရန်အသင့် . . . .။

ဒေးဗစ်ဘင်ဂူရီယန်က လက်နက်ကိုင်တပ်ဖွဲ့များအပေါ် နိုင်ငံရေးသြဇာလွှမ်းနေမှုမှန်သမျှကို ပယ်ဖျက်ရန် သန္နိဋ္ဌာန်ချထားပြီးလေပြီ။ သို့ကြောင့်လည်း မိမိနှင့်တပ်မှူးများကြားတွင် 'အစ္စရေးဂဲလီလီ'အား နေရာခန့်ထားပေးရန် အဆိုပြုလာသည်ကို လက်မခံ ငြင်းပယ်ခဲ့၏။ ဂဲလီလီအား မိမိ၏လက်ထောက်အရာရှိအဖြစ်မှ ခန့်ထားနေရာပေးလို၏။ သို့ရာတွင် မိမိက တပ်မှူးများသို့ ပေးသောအမိန့်သည် ဂဲလီလီမှတစ်ဆင့်သွားရန် မည်သို့မျှမဖြစ်နိုင် . . . .။

ဂဲလီလီအား ရာထူးမှထုတ်ခြင်းသည် တစ်ခုတည်းသော တပ်မတော်အဖြစ် ခန်တီးရေးလုပ်ငန်းကြီး၏ အစပဏာမဖြစ်သည်ကို ဒေးဗစ်၏အတိုက်အခံများကပင် နောင် အတန်ကြာသည်အထိ မသိကြ . . . .။

ဤသည်မှာလည်း ဒေးဗစ်က ထိုမေလ (၆)ရက်နေ့က မိမိလုပ်ဖော်ကိုင်ဖက်များအပေါ် လွှမ်းမိုးနိုင်စွမ်းရှိခြင်းကြောင့် ဖြစ်နိုင်၏။ သည်တွင် ဒေးဗစ်က အမြဲတမ်းစစ်တပ် တည်ထောင်ရေးအတွက် ခိုင်မာသော အုတ်မြစ်ချနိုင်ပြီး၊ မေလ (၁၄)ရက်နေ့တွင် ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေငြာခြင်းဖြင့် သမိုင်းဖြစ်စဉ်ကိုပင် လွှမ်းမိုးခြယ်လှယ်နိုင်ခဲ့၏။

◆◆ ◆◆ ◆◆ ◆◆ ◆◆

## လွတ်လပ်ရေးသို့

'ပါလက်စတိုင်းနိုင်ငံတွင် ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ခွင့်အာဏာသည် မေလ (၁၄-၁၅) ညသန်းခေါင်ယံ (၁၂) နာရီ တစ်မိနစ်အကျော်တွင် တရားဝင် အဆုံးသတ်ပေလိမ့်မည်။ ဗြိတိသျှမင်းကြီးသည် မေလ (၁၄)ရက်နေ့တွင် ဂျေရုစလင် မြို့မှ ဟိုင်ဖာသို့ထွက်ခွာမည်။ သန်းခေါင့်တိတိတွင် ( HMS Euryalus ) စစ်သင်္ဘော ဖြင့်ထွက်ခွာမည်။ ဂျေရုစလင်နှင့် ပါလက်စတိုင်းနိုင်ငံနှင့် အခြားအရပ်များတွင်တပ်စွဲ ထားသော ကျွန်ုပ်တို့၏လက်နက်ကိုင်တပ်များအား မေလ (၁၄)ရက်နေ့မှ စတင် ရုပ်သိမ်းမည်'။

မေလ (၁၂) ရက်နေ့၊ ဗြိတိသျှအရာရှိတစ်ဦးက အဆိုပါ သတင်းပြန်တမ်း စာရွက်များကို သတင်းစာတိုက်များသို့ ဖြန့်ဝေလိုက်၏။ သို့ဖြင့် ပါလက်စတိုင်းတွင် ဗြိတိသျှတို့က နှစ်ပေါင်း(၃၀)ကြာမျှ အုပ်ချုပ်ခွင့်အာဏာဖြင့် စိုးမိုးခဲ့သည့်ခေတ် ဆုံးခန်းတိုင်ပြီ။ ဂျူးလူမျိုး (၆၅၀၀၀၀)အား သန်းပေါင်းများစွာသော အာရပ်လူမျိုးတို့ နှင့်ရင်ဆိုင်ရန် ပစ်ထားခဲ့လေသလား။ တကယ့်စစ်ပွဲက ယခုမှစပေမည်။ အဆုံးကား အပြုံလိုက်သတ်ပွဲကြီး သည်တွင် အစပြုပေတော့မည်။ ဗြိတိသျှတို့ အရေးမဟုတ် တော့။ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ရာတွင် ဗြိတိသျှတို့က အချိန်မဆွဲ . . . .။

ယခုသော် ဂျူးလူမျိုးတို့ကိုယ်တိုင်က ကုလသမဂ္ဂဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရပေတော့မည်။

ဂျူးလူမျိုးတို့ကိုယ်တိုင် အချိန်ကြာမြင့်စွာ ရုန်းကန်တိုက်ပွဲဝင်ခဲ့ရခြင်း၏ နောက်ဆုံးနှင့် အန္တရာယ်အများဆုံးသော အဆင့်သို့ သတ္တိရှိရှိ လှမ်းတက်ရပေတော့မည်။

ဂျူးလူမျိုးတို့ကိုယ်တိုင် 'ဂျူးနိုင်ငံ'ကို တည်ထောင်ရပေတော့မည်။

မတ်လကုန်လောက်တွင် ဂျူးတို့က စစ်ရေးအရဆုံးရှုံးရတော့မည့် အခြေအနေသို့ ရောက်လာသောအခါ ဂျူးနိုင်ငံလွတ်လပ်ရေး ကြေငြာရန်အသင့်ရှိနေသူ ဇီယွန်ခေါင်းဆောင် အနည်းငယ်မျှသာရှိတော့၏။ မကြာပါ ကြောက်စိတ်များ တဖြည်းဖြည်း ပပျောက်သွားပါ၏။ သို့တိုင်အောင် တစ်နေ့နှင့်တစ်နေ့ 'ဂျူးနိုင်ငံ' တည်ထောင်ရေးကို လိုလားသူနှင့် ဆန့်ကျင်သူတို့အတွင်း အခြေအနေက မငြိမ်မသက်။ ဟိုမှသည်မှ ပြောင်းနေဆဲ။ ခြုံခုန်နေကြဆဲ . . . . ။

ဧပြီလ (၁၀) ရက်နေ့။ ပါလက်စတိုင်းတွင် ကျင်းပသော ဇီယွန်အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးပွဲက နယ်မြေခွဲခြားသတ်မှတ်ရေးစီမံကိန်းကို ထောက်ခံမဲ (၄၀)၊ ကန့်ကွက်မဲ (၁၀)မဲဖြင့် အတည်ပြုခဲ့သည်။ အနာဂတ်ဂျူးနိုင်ငံတွင် ဦးဆောင်ရွက်ရန် အာရပ်တို့အား မေတ္တာရပ်ခံသည့်စာကိုပါ ကမ်းလှမ်းခဲ့သည်။

ကုလသမဂ္ဂတွင်လည်း ခြေရှုပ်နေကြသည်။ နယ်မြေခွဲခြား သတ်မှတ်ရေး ဆုံးဖြတ်ချက်ကို ဖျက်သိမ်းစေရန် အကြပ်ကိုင်ကြသည့်အဖွဲ့များက ခြေရှုပ်နေ၏။ မတ်လ (၁၈)ရက်နေ့တွင် မိမိပေါ် လစီမှ ကပြောင်းကပြန် လုပ်ပြီးသည်မှစ၍ အမေရိကန် ကိုယ်စားလှယ်အဖွဲ့က တစ်မျိုးပြီးတစ်မျိုး၊ တစ်ခုပြီးတစ်ခု အဆိုတင်သွင်းလျက်ရှိဆဲ။ အပစ်အခတ်ရပ်စဲရေး၊ စစ်ပြေငြိမ်းရေး၊ နိုင်ငံတစ်ကာ ထိန်းသိမ်းအုပ်ချုပ်ရေး၊ ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းရေး၊ စသည် စသည်ဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် 'ထရိုင်ဂီလီး' (**Trygve Lie**) က ရာထူးမှနုတ်ထွက်မည်ဟု ခြိမ်းခြောက်သည်။ သို့တစေ၊ အဆိုသစ်များနှင့် တန်ပြန်အဆိုများက ဝင်လာမစဲ။ တသဲသဲ။

အချို့သော ကိုယ်စားလှယ်အဖွဲ့များက ဂျေရုစလင်မြို့အား 'ကြက်ခြေနီ' အဖွဲ့က အုပ်ချုပ်ဖို့ အကြံဉာဏ်ပေးသည်။ အမေရိကန်ကိုယ်စားလှယ်အဖွဲ့က အရှေ့အလယ်ပိုင်းဒေသသို့ လက်နက်ပစ္စည်းတင်ပို့ခြင်းကို ပိတ်ပင်တားမြစ်ရန် အဆိုပြုသည်။

ဧပြီလတွင် ဂျူးလူမျိုးများက အောင်ပွဲအဆင့်ဆင့်ခံခဲ့၏။ သည်အောင်ပွဲ

များက အရေးပါ၏။ သို့သော် အဆုံးအဖြတ် ပေးနိုင်သည်တော့ မဟုတ်။ ဂျေရုစလင်မြို့သို့ သွားရာလမ်းကို အာရပ်တို့က တဖန် ဖြတ်တောက်လိုက်ပြန်သည်။

သို့သော် အရေးကြီးတကာ့ အကြီးဆုံးမှာ ပါလက်စတိုင်းစစ်ပွဲသို့ 'အာရပ်တပ်မတော်ကြီး ( **Arab Legion** ) ဝင်လာခြင်းဖြစ်၏။ ဗြိတိသျှအရာရှိများ ကွပ်ကဲသည့် အာရပ် အမြဲတမ်းစစ်တပ်ကြီးက ယခုလိုဝင်စွက်ခြင်းကြောင့် ကျန်အာရပ်နိုင်ငံများက စစ်တပ်များပါ လက်ရဲဇက်ရဲဖြစ်လာစေရန် လမ်းခင်းပေးသကဲ့သို့ရှိမည်။

ပြေလကုန်လောက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌကြီးက ဂျူးနှင့်အာရပ်တို့ကြား အတိုက်အခိုက် ရပ်စဲရေးသဘောတူရန် အဆိုတင်သွင်း၏။ သည်အဆိုကို 'မိုရှေရှာတော့'နှင့် 'ဧလိဇာကပ္ပလင်'တို့အပါအဝင် ဂျူးလူမျိုးခေါင်းဆောင်အချို့က သဘောတူ အတည်ပြုခဲ့ကြသည်။ သို့ရာတွင် အတိုက်အခိုက်ရပ်စဲရေးကိုသာ လက်ခံခဲ့လျှင် ဂျူးနိုင်ငံတည်ထောင်ရန် အစီအစဉ်ကို ကာလအတန်ကြာ ရွှေ့ဆိုင်းရပေလိမ့်မည်။

အမေရိကန်တို့ကမူ ထပ်တလဲလဲ သတိပေးနေဆဲ။

'လွတ်လပ်ရေး မကြေငြာနဲ့တဲ့'။

ဗြိတိသျှတို့၏ အုပ်ချုပ်ခွင့်အာဏာ မကုန်ဆုံးမီ ရက်အနည်းငယ်အလိုတွင် နောက်ဆုံး ဆုံးဖြတ်ချက်ကို ဆုံးဖြတ်ရန်ဖြစ်၏။

မေလ (၁၁)ရက်နေ့ ဒေးဗစ်ဘင်ဂူရီယန်နှင့် 'အစ္စရေးဂဲလီလီ'တို့၏ အချင်းချင်း ရန်မီးက လုံးဝဥဿုံမငြိမ်းသေး။ လက်ဝဲသတင်းစာများက ဒေးဗစ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချ တိုက်ခိုက်နေကြဆဲ။

'သို့ရာတွင် အရေးကြီးတော့ သွေးနီးလာကြရ၏။ ဒေးဗစ်ရော ဂဲလီလီပါ စစ်ဦးစီးအဖွဲ့ စည်းဝေးပွဲတွင် တက်ရောက်လာကြသည်။ လေတပ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အခြေအတင် ဆွေးနွေးကြသည်။ နိုင်ငံတွင်းရှိလေယာဉ်နှင့် ခရီးလမ်းခွတ်လပ်တွင်ပင်ရှိနေသေးသော ဝယ်ယူပြီးလေယာဉ်ပျံစာရင်းကို ပြုစုသည်။လက်နက်များ ကုန်းတွင်းသို့ သယ်ယူရမည့် ဦးစားပေးပြဿနာနှင့် ပတ်သက်၍လည်း ဖော်ထုတ်ကြသည်။ အချို့အရာရှိများက တိုးချဲ့လက်နက်ဆင်ပြီး လှုပ်ရှားရေးကို ဆောင်ရွက်ရန် တောင်းဆိုကြသည်။

'အိမ်နီတော်'ရှိ ဒေးဗစ်ဘင်ဂူရီယန် ရုံးခန်းအတွင်း ဆွေးနွေးကြသူများကို မြင်ရသူတိုင်းက ထိုသို့သော ပုဂ္ဂိုလ်များသည် ကျရာတာဝန်ကိုထမ်းဆောင်ကြရန် အသင့်ပြင်ထားလျက်ရှိကြောင်း၊ လွတ်လပ်ရေး ကြေငြာသည်ကို ထောက်ခံကြောင်း

နှင့် ဂျူးနိုင်ငံတော်ကို ကာကွယ်ရန် အသင့်ရှိနေကြောင်း မည်သို့မျှ သံသယဖြစ်ဖွယ်မရှိ။

သို့ရာတွင် အရပ်သားခေါင်းဆောင်များကမူ ထိုသို့မဟုတ်။ 'အိမ်နီတော်' စည်းဝေးပွဲမှ 'အလုပ်သမားပါတီ' (မေပိုင်)စည်းဝေးပွဲသို့ ဒေးဗစ်တစ်ယောက် သုတ်ခြေတင်သွားခဲ့ရသည်။ စည်းဝေးပွဲမှ ညှိနှိုင်းမည့်ဘာသာရပ်များထဲတွင် ဂျူးနိုင်ငံတည်ထောင်ရေးလည်း တစ်ခုအပါအဝင်။ အချေအတင် ပြင်းပြင်းထန်ထန် ဆွေးနွေးပြီးသည့်တိုင် သည်ပြဿနာက မရေမရာရှိနေဆဲ။

'မေလဆန်းရက်ပိုင်းရောက်သည်ထိ အလုပ်သမားပါတီ (မေပိုင်) ခေါင်းဆောင်အများစုက လွတ်လပ်ရေး ကြေငြာရမည်ကို တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေကြဆဲပင်ဟု 'ဧလီဇာလီဗင်း' ( **Eliezer Livne** )က သို့ကလို မှတ်တမ်းတင်ခဲ့သည်။

မှန်သောလမ်းကို ရွေးချယ်ဖို့ 'မိုရှေရှာတော့'က စိတ်ဒွိဟ ဖြစ်နေသည်။ တရားမဝင် စုပေါင်းဆုံစည်းကြရာတွင်ပဲဖြစ်ဖြစ်၊ ဂျူးအဖွဲ့ချုပ် စည်းဝေးပွဲများတွင်ပဲဖြစ်ဖြစ် 'မိုရှေရှာတော့'က သူ့သဘောကို တိတိပပ ထုတ်မပြော။ ယခုမူ ဗိုလ်ချုပ်မာရှယ်လ်နှင့်တွေ့ရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွား၏။ အများတစ်ကာ သိသည့်အတိုင်း မာရှယ်လ်က 'မိုရှေရှာတော့'အား ဒေးဗစ်ဘင်ဂူရီယန်ကို မထောက်ခံရန် သွေးဆောင်မည်သာ။ နိုင်ငံခြားရေးဝန်ကြီးဖြစ်နေသော မာရှယ်လ်က ဂျူးနှင့်အာရပ်တို့ အတိုက်အခိုက်ရပ်စဲရေးလုပ်ဖို့ကိုသာ အကြပ်ကိုင်နေသည်။ အာရပ်နှင့်ဂျူးတို့ရန်မီးက ကမ္ဘာစစ်မီးကြီးထိ ကူးစက်ပျံ့နှံ့သွားနိုင်၏။ အာရပ် စစ်တပ်သားများက ဂျူးတို့အား 'အပြုတ်တွယ်'ပေလိမ့်မည်။ ဂျူးတို့က အမေရိကန် ပြည်ထောင်စုမှ မည်သို့သော အကူအညီကိုမျှမမျှော်မှန်းနိုင်။ မာရှယ်လ်က သို့ကလိုဆို၍ အကြပ်ကိုင်နေ၏။ 'မိုရှေရှာတော့'ကလည်း ဇီယွန်တို့၏ အမြင်ကို ရှေ့တန်းတင်ကာ ဂျူးတို့က အမေရိကန်တို့ထံမှ အကူအညီတောင်းခံရန် ရည်ရွယ်ချက်မရှိကြောင်း အလေးထား ပြောကာ ပြန်လည်တုန့်ပြန်သည်။

'ခင်ဗျားတို့ဆီက ကျုပ်တို့တောင်းတာကတော့ ဝင်မစွက်ပါနဲ့လို့ပါဘဲ' ဟု ရှာတော့'က ပြတ်ပြတ်ပင်ဆိုခဲ့၏။

'မာရှယ်လ်'က လွယ်လွယ်နှင့်သဘောမပေါက်။ ဂျူးနိုင်ငံ တည်တံ့လိမ့်မည်ဟု မယုံကြည်၊ သံသယရှိသည်များကိုလည်း 'မိုရှေရှာတော့' သို့ ပွင့်ပွင့်လင်းလင်းထုတ်ပြောမည်။

မိုရှေရှာတော့ပြန်လာသောအခါ သူ့သဘောထားက မည်သို့ရှိမည်ကို

တယ်လ်အဗီးရှိ ပုဂ္ဂိုလ်များက ရေရေရာရာမသိကြ။ သို့ရာတွင် သူ့အကြောင်းကောင်းကောင်းသိသူများမှ ရင်တမမနှင့် 'လီဗင်း'က မိမိနှင့် ဒေးဗစ်ဘင်ဂူရီယန်တို့ စကားပြောဆိုခဲ့ရာမှ ဒေးဗစ်က အမေရိကန်ပြည်ထောင်စုသွား မိမိသံတမန်အပေါ် ထားရှိသော သဘောထား ပေါ်လွင်လာသည်ကို သတင်းပေး၏။

'ဗြိတိသျှတို့ရဲ့ အုပ်ချုပ်ခွင့်အာဏာကုန်ဆုံးဖို့ ရက်အနည်းငယ်ပဲ လိုတော့တယ်။ အဲဒီနေ့မှာ ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေငြာမယ်ဆို၊ ဘာကြောင့် အခုမကြေငြာသေးတာလဲ . . . .' ဟု 'လီဗင်း'က မေး၏။

'မိုရှေရှာတော့ ပြန်မလာမချင်း မကြေငြာချင်သေးလို့ပေါ့'ဟု ဒေးဗစ်က ပြန်ဖြေသည်။

'ရှာတော့က ဆန့်ကျင်ကန့်ကွက်မှာပဲ'

'လီဗင်း'က စကားဆက်ပြန်၏။ ဒေးဗစ်က ပြုံးလျက် . . . .

'ဘာမှမပူနဲ့ 'ရှာတော့' လေယာဉ်ပေါ်ကဆင်းတာနဲ့ တစ်ပြိုင်နက် ငါ့စစ်လက်ထောက် 'နဟီးမီးယား' ( **Nhemia** ) က ပြန်ပေးဆွဲသွားပြီး ငါ့ရုံးခန်းကို ခေါ်ခဲ့လိမ့်မယ်။ မင်းကို ငါကတိပေးပါမယ်။ သူထွက်ခွာသွားစဉ်က သူ့သဘောထားဟာ အခုနဲ့မတူ ကွဲပြားတယ်ဆိုတာ . . . .'

အလုပ်သမားပါတီ၏ ဗဟိုကော်မတီစည်းဝေးပွဲတွင် ဂျူးနိုင်ငံ တည်ထောင်ရေးကို ထောက်ခံပြီး 'ရှာတော့'က မိန့်ခွန်းပြောသွား၏။ သူ့တွင်ရှိခဲ့သော စိုးရိမ်စိတ်များ၊ ကြောက်ရွံ့စိတ်များ လုံးဝ ပပျောက်ခဲ့လေပြီ။ 'အလုပ်သမားပါတီ' ခေါင်းဆောင်ကြီးများအဖို့မူ အံ့ဩကုန်နိုင်ဖွယ်ပင်။

အရေးပါလှသည့် 'အလုပ်သမားပါတီ' ဗဟိုကော်မတီစည်းဝေးပွဲမှာ ရုတ်တရက်ပျောက်သွားသည်။ ဒေးဗစ်လက်ထဲသို့ စာကလေးတစ်စောင် လာထည့်သည်။ 'ဂိုလ်ဒါမေယာဆန်'ထံမှ ခပ်သော့သော့ရေးခြစ်ထားသော စာကလေးတစ်စောင်။ ဒေးဗစ်ကဖတ်သည်။ ပြီးလျှင် ထခုန်ပြီး သူ့ကားရှိရာသို့ ကဆုန်ပေါက်ပြေးသွား၏။ 'မိနစ်အနည်းငယ်အကြာတွင်' အိမ်နီတော်ကြီး၏ သူ့ရုံးခန်းရှိရာသို့ လှေခါးမှ အပြေးတက်သွားသည်။

'ဂိုလ်ဒါမေယာ'အား သံတမန်ရေးရာဌာန၏ ဌာနကြီးမှူးအဖြစ် ခန့်ခဲ့သည်။ နိုင်ငံခြားသို့ အဖန်ဖန်ခရီးထွက်၍ တိုင်းပြည်အကျိုး အောင်အောင်မြင်မြင် သယ်ပိုးခဲ့၏။ 'ဂိုလ်ဒါ'၏ လုပ်ဆောင်ချက်များတွင် အအောင်မြင်တကာ့ အအောင်မြင်ဆုံးမှာ 'ဟာဂါနာ'ကာကွယ်ရေး တပ်ဖွဲ့များအား လက်နက်တပ်ဆင်ပေး

ချန်ပိုင်ငွေ အမြောက်အများ ရှာပေးခြင်း ဖြစ်သည်။ 'ဂိုလ်ဒါ'သည် '၁၃-ဦးကောင်စီ' တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သင့်သည်ဟု ဒေးဗစ်က အတင်းအကြပ် တောင်းဆိုခဲ့သည်။ '၁၃-ဦးကောင်စီ'သည် နိုင်ငံသစ်အတွက် ယာယီအစိုးရ ဖြစ်ပေလိမ့်မည်။

စင်စစ် 'ဂိုလ်ဒါ'ကို မြတ်နိုးသူများတွင် ဒေးဗစ်ဘင်ဂူရီယန်တစ်ဦးသာ မဟုတ်။ ဂျော်ဒန်နိုင်ငံဘုရင် 'အဗ္ဗလ်ဒူလာ'ကလည်း 'ဂိုလ်ဒါ'၏ အရည်အချင်းများ၊ အသိပညာထက်မြက်မှုများကို အလွန်သဘောကျမိသည်။ အမျိုးသမီးများအပေါ် အထင်အမြင်သေးတတ်သော်လည်း၊ 'အဗ္ဗလ်ဒူလာ'က သည်ဂျူးအမျိုးသမီးကြီး အပေါ် လေးစားကြည်ညိုရင်းရှိကြောင်းကို မကွယ်မဝှက်ဆိုခဲ့၏။ 'ဂိုလ်ဒါ'အား (၁၉၄၇)ခုနှစ်က ဘုရင်အဗ္ဗဒူလ်လာနှင့် တိတ်တဆိတ်ဆွေးနွေးရန် စေလွှတ်တာဝန် ပေးခဲ့ဖူး၏။ အကယ်၍ အာရပ်နိုင်ငံများတွင် စည်းကမ်းတကျနှင့်အင်အားအတောင့် ဆုံး စစ်တပ်ရှိသောနိုင်ငံနှင့် စစ်ဖြစ်ရမည့် ဘေးအန္တရာယ်နှင့် ရှောင်ဖယ်နိုင်ခဲ့ လျှင် ဂျူးနိုင်ငံ၏ ကံကြမ္မာသည် မျှော်လင့်စရာမဲ့တော့မည်မဟုတ်။

သို့ရာတွင် မေ (၈)ရက်နေ့၌ ပဲရစ်သို့ ကြောက်စရာသတင်းတစ်ရပ် လွင့် လာခဲ့၏။ ပဲရစ်ရှိ ဂျူးအထူးသံတမန် 'မောရစ်ဖစ်ရှာ'က ပါလက်စတိုင်း တစ်နိုင်ငံ လုံးအား ဂျော်ဒန်ဘုရင်၏ အုပ်ချုပ်မှုအောက်တွင်ထားရှိမည်ဟု ဗြိတိန်နှင့် ဂျော်ဒန် နိုင်ငံ သဘောတူစာချုပ်တွင် လျှို့ဝှက်ချက်တစ်ခုပါ သဘောတူထားသည်ဆိုသော သတင်းကို ကြားရ၏။ သည်သတင်း မှားသည်ပဲဖြစ်စေ၊ မှန်သည်ပဲဖြစ်စေ ဟုတ် မဟုတ် ဖြေရှင်းချက်တောင်းရမည်သာ။ ထို့ကြောင့် မေလ (၁၀)ရက်နေ့တွင် 'ဂိုလ်ဒါ' က အာရပ်အမျိုးသမီးကြီးယောင်ဆောင်၍ ဂျော်ဒန်ဘုရင်နှင့် နောက်တစ်ဖန် သွား တွေ့သည်။ အင်မတန်မှ အန္တရာယ်များသည်။ သို့ကြောင့်လည်း 'ဂိုလ်ဒါ'သွားရာ လမ်းတစ်လျှောက်တွင် စုံထောက်များက နေရာယူကာ စောင့်ရှောက်ခဲ့ရ၏။

'ဂိုလ်ဒါ'က ဂျော်ဒန်ဘုရင် 'အဗ္ဗလ်ဒူလာ'နှင့် တွေ့ဖြစ်ခဲ့ပြန်သည်။ ဂျော်ဒန် ဘုရင်၏လေသံက ပြောင်းသွားပြီ။ ဂျူးတို့အား ယာယီအားဖြင့် ဂျူး-အာရပ် နိုင်ငံ့ အတွင်း ယာယီရပ်တည်ခွင့် ပေးထားမည်ဟု ဆိုလာပြန်သည်။

ထိုစဉ်က ဘုရင်'အဗ္ဗလ်ဒူလာ'ကို နောက်ဆုံးတွေ့ခြင်းပဲဟု 'ဂိုလ်ဒါ'သတိ မထားမိ။ စစ်ကြီးပြီးသည်နှင့် တယူသန်အာရပ်တို့က ဂျော်ဒန်ဘုရင်အား ဂျူးလူမျိုး တို့အပေါ် ဂရုဏာသက်ရပါမည်လားဟုဆိုပြီး ဂျေရုစလင်မြို့ နောက်ဖေးလမ်းကြား တွင် လုပ်ကြံသတ်ဖြတ်ခဲ့၏။

'ဂိုလ်ဒါ'တစ်ယောက် 'တယ်လ်အဗိး'သို့ ပြန်သောအခါ နယ်စပ်၌ တင့်ကား

နှင့် အမြောက်တင်ယာဉ်များက ဂျော်ဒန်နယ်စပ်ကို ဖြတ်ကျော်၍ ပါလက်စတိုင်းသို့ ဦးတည်သွားနေသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရသည်။ အီရတ် စစ်တပ်များလည်း ရှေ့တန်းစစ်မျက်နှာသို့ ချီတက်နေသည်ကို တွေ့ရ၏။

'တယ်လ်အဗီး'သို့ ရောက်လျှင်ရောက်ခြင်း 'အလုပ်သမားပါတီ' စည်းဝေးပွဲကျင်းပနေရာဆီသို့ ဒေးဗစ်အား သတင်းပို့ရန် သုတ်ခြေတင်ခဲ့ပြန်၏။

ဒေးဗစ်အဖို့ သည်အချိန်တွင် မိမိဆန္ဒအတိုင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားခြင်းက အရေးကြီးတကာ့ အရေးကြီးဆုံးဖြစ်၏။

ဂျူးလူမျိုးတို့ ရာနှင့်သောင်းနှင့်ချီ၍ အစုလိုက်အပြုံလိုက် အသတ်ခံရမည့် သည်စစ်ပွဲတွင် ဝင်တိုက်စေခြင်းကြောင့် သူ့အတွက် မှန်ပါမလား။

'မိုရှေရှာတော့'က ရှေ့မတိုး နောက်မဆုတ်နှင့် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၏။ 'ကပ္ပလင်'နှင့် 'ရှုပရင်းဇာတ်'တို့ကမူ ယှဉ်ပြိုင်စစ်တိုက်နိုင်မည်ကို ဆန့်ကျင်ကန့်ကွက်ကြ၏။ လက်ဝဲစွန်းပါတီများကမူ ဂျူးနိုင်ငံတည်ထောင်ရေးကို လုံးဝမလိုလား။ အမေရိကန်တို့က အတိုက်အခိုက်ရပ်စဲရန်ကိုသာ အကြပ်ကိုင်နေသည်၊ ဂျူးလက်နက်ကိုင် တပ်များကလည်း အမြတ်မ်း စစ်တပ်ကြီးကို ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းမရှိ။ သည်စစ်ပွဲတွင် ဂျော်ဒန်နိုင်ငံက လက်ရှောင်နေလိမ့်မည်ဟူသော မျှော်လင့်ချက်သည်လည်း ပျက်ပြားခဲ့ရလေပြီ။

ဒေးဗစ်က 'ဟာဂါနာ'ကာကွယ်ရေးတပ်ဖွဲ့ကို အသုံးပြု၍ အရာရာကို စွန့်နိုင်ပါ့မလား။

ဂျူးနိုင်ငံတည်ထောင်ရေးကို အတင်းအကြပ် တိုက်တွန်းရန် ဒေးဗစ်တွင် အခွင့်အရေးမှ ရှိပါ့မလား။

စစ်တပ်ကမူ ဒေးဗစ်ဘင်ဂူရီယန်ကို ထောက်ခံမည်သာ။ သို့သော် သည်မျှနှင့် လုံလောက်ပါ့မလား။ သံသယဖြစ်ဖွယ်ရှိ၏။ ဒေးဗစ်တစ်ဦးတည်းသာ အဆုံးအဖြတ် ပေးရလိမ့်မည်။ မည်သို့သော အဆုံးအဖြတ်ကိုပင်ချချ၊ အခြားသူများလည်း ထပ်ကြပ်မကွာ လိုက်လာမည်ဟု ဒေးဗစ်ကောင်းကောင်းသိ၏။ အကယ်၍ မဟုတ်မမှန် အလွဲလွဲအချော်ချော် ဆုံးဖြတ်ခဲ့သော် ဂျူးနိုင်ငံ တည်ထောင်ရန်ဟူသော မျှော်လင့်ချက်သည်လည်း ရာသက်ပန် ဆုံးခန်းတိုင်ပေတော့မည်။

သို့သော် ဒေးဗစ်ကမူ စိတ်ဆုံးဖြတ်ပြီးလျှင် မည်သို့မျှနောက်ဆုတ်တတ်သူ မဟုတ်။ သူ့အား မည်သို့မျှ ကိုင်လှုပ်နိုင်သည်မဟုတ်။ အောင်ပွဲမုချခံရမည်ဟု စွဲစွဲမြဲမြဲယုံကြည်သည်။ သူ့မိန့်ခွန်းများ၊ သူနှင့်ဆွေးနွေးမှုများနှင့် အမဲရောင် မှတ်တမ်း

တအုပ်တွင် သူ့အမြင်များကို ရေးခြစ်သည်များတွင် ဘယ်သောအခါမှ သံသယ ဟူသော စကားကို နေရာမပေး။

'ကျုပ်တို့သာ အနှက်ခံရရင် ဘာဖြစ်လေမလဲ' ဟူသော မေးခွန်းမျိုးကို ဘယ်သောအခါမှ ကိုယ့်ကိုယ်ကို မမေးမိခဲ့။

နောက်ဆုံး အောင်ပွဲခံရမည်ဟု ခေါင်းမာမာနှင့် ခွဲခွဲမြဲမြဲ စိတ်ချ ယုံကြည်ခြင်းသည် အခြားအခြားသော သူများအား သဘောပေါက် နားလည်လက်ခံလာစေ၏။

'အိမ်နီတော်'ရှိ မိမိရုံးခန်းသို့ ပြန်ရောက်သည်နှင့် တပ်မှူးများ၏အရေးပေါ် စည်းဝေးပွဲကို ဆင့်ခေါ်သည်။ 'ဂိုလ်ဒါ'နှင့် ဘုရင်အဗ္ဗလ်ဒူလာတို့ ပြောခဲ့သောစကား 'မို့ရှေ့ရှာတော့'၏ အစီရင်ခံစာတို့မှာ အတိတ်တွင်ကျန်ခဲ့ပြီး ယခုဆွေးနွေးပွဲတွင် အနာဂတ်အတွက် စဉ်းစားရပေတော့မည်။ 'အိမ်နီတော်' ဆွေးနွေးပွဲမှာ ညနေထိ ထိုင်ခဲ့သည်။ တပ်မှူးများမှာ စစ်အတွက်ပြင်ဆင်မှုများ လုပ်ရသည့်ကြောင့် ပျားပန်းခတ်မျှ အလုပ်ရှုပ်နေကြသည်။

နောက်တစ်နေ့ နံနက် မေလ (၁၂) ရက်နေ့၊ ဂျော်ဒန်နိုင်ငံ၏ 'အာရပ်တပ်မတော်'မှ အင်အား (၁၅၀၀၀)ခန့်က တင့်ကားများ မြေပြင်ပစ် အမြောက်ကြီးများအကူအညီဖြင့် ဂျူးနယ်မြေတွင်းသို့ ဝင်လာခဲ့၏။

နာရီအနည်းငယ်အကြာတွင် ဗြိတိသျှအရာရှိတစ်ဦးက မကြာမီဗြိတိသျှမဟာမင်းကြီး ပါလက်စတိုင်းမှ ထွက်သွားမည်ဖြစ်ကြောင်း သတင်းပြန်တမ်းကို ထုတ်ပြသည်။

ထိုနေ့နံနက်တွင် ကျင်းပသော 'ကာကွယ်ရေးကော်မတီ'အရေးပေါ်စည်းဝေးပွဲတွင် မိမိအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လာသည်များကို ဒေးဗစ်က ပြေး၍ရင်ဆိုင်ရန် သတ္တိအပြည့်အဝ ရှိဖို့လို၏။ 'အစ္စရေးဂဲလီလီ'အား ရာထူးမှ အနားယူစေရန် ဒေးဗစ်က ဆုံးဖြတ်ခြင်းကို တစ်ဦးတည်းအာဏာရှင်စနစ် ကျင့်သုံးသည်။ အတွင်းမှ အဖျက်လုပ်ငန်းလုပ်သည်ဟု ဝင်စွပ်စွဲကြ၏။ မျက်မှောက်ရင်ဆိုင်နေရသော အန္တရာယ်ကို နှိုးမယ်ဖွဲ့၍ သည်ကဲ့သို့ စွပ်စွဲလာသည်များကို ရှောင်ကွင်းရန် ဒေးဗစ်က အားမထုတ် . . .။ စစ်ရေးစစ်ရာများနှင့် ပတ်သက်၍ သော့ချက်ဖြစ်သော ရာထူးတွင် ရှိနေသရွေ့ သည်သို့သော အတိုက်အခံများ ပေါ်လာမည်ကို ကြိုတင်ခန့်မှန်းပြီးသား။ သည်သို့လျှင် တိုက်ခိုက်လာသည်များကိုလည်း ဒေးဗစ်က ခယိမ်းမယိုင် ကြံ့ကြံ့ခိုင်ခိုင် ခုခံသည်လည်းရှိ၏။ လက်နက်ကိုင်တပ်ဖွဲ့များအား

တစ်စုတစည်းတည်းဖြစ်ရေးကို ကျေနပ်ကြသည်ဟူသော အဖြေကိုရပါမှ ကာကွယ်ရေးဝန်ကြီးဌာနရာထူးကို မိမိလက်ခံဆောင်ရွက်နိုင်မည်ဟုသာ ထပ်တလဲလဲပြောခဲ့သည်။

'အချို့ အချို့သော ကိစ္စရပ်များနဲ့ ပတ်သက်ပြီး ကျုပ်ကို ခြိမ်းခြောက်ကြတယ်။ မဟုတ်မမှန် သွားပုပ်လေလွင့်ပြောကြတယ်။ အဲဒီလို တိုက်ခိုက်လာတာတွေကို ကျုပ်က ငြင်းလဲငြင်းမနေတော့ဘူး။ သို့ကလို စွပ်စွဲတာ မှားပါတယ်ရယ်လို့လည်း ရှင်းပြမနေတော့ပါဘူး။ လုံခြုံရေးကြောင့် ကျုပ် နှုတ်ပိတ်နေရလိမ့်မယ် . . . .'ဟု ဒေးဗစ်က ရှင်းပြခဲ့သည်။

'အစ္စရေးဂဲလီလီ'အား ရာထူးမှထုတ်ခဲ့ခြင်းကိစ္စက '၁၃-ဦးကောင်စီ' စည်းဝေးပွဲအထိပင် တစ်ကောက်ကောက်လိုက်နေတော့၏။ သို့သော် မကြာပါ။ ထိုအကြောင်းအရာကို စည်းဝေးပွဲ အကြောင်းအရာမှ ပယ်ဖြုတ်လိုက်၏။ သည်ထက် အလွန့်အလွန် အရေးကြီးသည့် ကိစ္စများကို ဆွေးနွေးရန်ရှိသေး၏။ အထူးသဖြင့် နောက် (၄၂) နာရီတွင် ဗြိတိသျှတို့၏ အုပ်ချုပ်ခွင့်အာဏာ ဆုံးခန်းတိုင်သောအခါ ဂျူးနိုင်ငံ တည်ထောင်ကြောင်း၊ ကြေငြာမည်လား၊ မကြေငြာတော့ဘူးလားဆိုသည်က အရေးကြီးတကာ့ အကြီးဆုံး။ ကော်မတီက အတောမသတ် ဆွေးနွေးကြပြီး နောက်ဆုံး ဦးဆောင်အဖွဲ့က အဆုံးအဖြတ်ပေးရန် ချန်လှပ်ထားသည်။ '၁၃-ဦး ကော်မတီ'ကသာ သည်ပြဿနာကို ဖြေရှင်းရပေတော့မည်။ လွယ်လွယ်ကူကူနှင့် ပြီးလိမ့်မည်တော့ မဟုတ် . . . .။

'၁၃-ဦးကောင်စီ'က (၁၂)နာရီကျော်ကြာမျှ အစည်းဝေးထိုင်ခဲ့၏။ ထို အစည်းဝေးသို့ ကောင်စီဝင်သုံးဦးမတက်နိုင်ခဲ့။ တက်ရောက်လာကြသူ အချို့က လည်း အခြေအနေ မရေမရာဖြစ်ရခြင်းကြောင့် တွေဝေနေကြ၏။ သို့မဟုတ် အမေရိ ကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂတို့အား အာခံရမည်ကိုလည်း ကြောက်နေခြင်း လည်းဖြစ်မည်။ ဇီယွန်အဖွဲ့ရံပုံငွေကို ပိတ်ပင်တားမြစ်မည်ဟု အမေရိကန်က ခြိမ်း ခြောက်ကြောင်းဖြင့် ထိတ်လန့်စရာသတင်းများကို ကြားရ၏။ နောက်ဆုံးပြဿနာကို ဖြေရှင်းသည့်အနေဖြင့် ကုလသမဂ္ဂ၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့ က အတိုက်အခိုက်ရပ်စဲရေးအဆိုပြုချက်နှင့် နိုင်ငံခြားမှ အကာအကွယ်ပေး ထိန်း သိမ်းစောင့်ရှောက်ရေး အစီအစဉ်များပါ ပုံစံကို တင်ပြလာသည်။

ပါလက်စတိုင်းမှ စစ်ရေးအခြေအနေကလည်း ဆိုးရွားလှပါဘိ . . . .။ 'အတ်ဇီယွန်' ကျေးရွာအုပ်စုလည်း အာရပ်တို့ ဝိုင်းဝန်းပိတ်ဆို့သည်ကို ခံနေရ၏။

အချိန်မရွေး အာရပ်တို့လက်တွင်းသို့ ကျသွားနိုင်၏။

'ဂိုလ်ဒါ'နှင့် 'မိုရှေရှာတော့'တို့ကလည်း မိမိတို့လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အစီရင်ခံစာများကို အသီးသီးတင်သွင်းကြ၏။ အတိုက်အခိုက် ရပ်စဲရေး အကြံပေးချက်ကို အစည်းဝေးတွင်တင်ပြလာသည်။ အကယ်၍ အတိုက် အခိုက်ရပ်စေရေးကို သဘောတူပါက ဂျူးနိုင်ငံတည်ထောင်ရေးကို လက်လွှတ်ဆုံးရှုံး ရပေလိမ့်မည်။ အကယ်၍ လက်မခံငြင်းပယ်ပြန်ပါကလည်း ကိုယ့်သေတွင်း ကိုယ်တူးရာ ကျပေလိမ့်မည်။

စစ်ရေးအခြေအနေနှင့် ပတ်သက်၍ အစီရင်ခံရန် 'အစ္စရေးဂဲလီလီ'နှင့် 'ယာဒင်း'တို့အား ဆင့်ခေါ်လိုက်၏။ အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ ဒေးဗစ်က သုံးသပ်ချက်အရှည်ကြီးကို တင်ပြပြန်၏။ ပြီးလျှင် ယုတ္တိတန်သော ကောက်ချက်ကို ဆွဲယူ၏။

'ကျုပ်- အထင်ပြောရရင်တော့ အကယ်၍ ကျုပ်တို့က အသစ်ဝင်လာ သူများဖြင့် တိုး၍ လက်နက်တပ်ဆင်လှုပ်ရှားစေနိုင်ရေးကို ဆောင်ရွက်မယ်ဆိုရင် စစ်လေ့ကျင့်ရေးကို မြန်သထက်မြန်အောင် ပေးနိုင်ပြီး လက်နက်တပ်ဆင်ရေးကို အပြီးအပိုင် ဆောင်ရွက်ပါက ကျုပ်တို့ ကြံ့ကြံ့ခံခုခံနိုင်လိမ့်မယ် . . . ။ အဲ . . . . နိုင်ချင် နိုင်နိုင်သဗျ . . . . ။ ကျုပ်တို့ဘက်ကလည်း ဆုံးရှုံးမှုတွေရှိမှာဘဲ၊ ဒါသေချာ ဘယ်။ ဒါပေမယ့် ဒီအဖြစ်က ပေါ့ပေါ့တန်တန်နဲ့ လွန်မြောက်ကျော်လွှားနိုင်မယ် လို့လည်း မျှော်လင့်မနေနဲ့ . . . . 'ဒေးဗစ်က တဖန် စကားဆက်ပြန်၏။

'အတ်ဇီယွန်ကျေးရွာအုပ်စုမှာ ဘေးကျပ်နံကျပ်နဲ့ အတိဒုက္ခတွေ့ရတာ မို့ကြောင့် ကျုပ်ရဲ့ သန္နိဋ္ဌာန်ချထားတာကို မယိမ်းမယိုင်စေပါဘူး။ ဒီလိုအဖြစ်မျိုးနဲ့ လည်း ကြုံရဆုံရလိမ့်မယ်လို့ မျှော်လင့်ပြီးသား။ အဲ . . . . . ဒီထက်အဖြစ်ဆိုးမှာကိုပဲ စိုးရိမ်မိတယ်။ ဘယ်လိုဖြစ်လာမယ်ဆိုတဲ့ ရလာဒ်ကတော့ အာရပ်တပ်မတော် အားလုံးကို ချေမှုန်းနိုင်စွမ်းရှိတာအပေါ် တည်တယ်။ အာရပ်တပ်များကို ချေမှုန်းနိုင် ခြင်းသာ စစ်ပွဲမှာ အဆုံးအဖြတ်ဖြစ်တယ်'။

အာရပ်စစ်တပ်ကြီးကို ချေမှုန်းသုတ်သင်ရမှာလား။ ရယ်စရာကောင်းပါ ဘဲ။ အခြားသောကောင်စီဝင်များက နာမည်ကျော် 'အာရပ်စစ်တပ်ကြီး'က ဂျူးခံတပ် စခန်းများကို တံမြက်စည်းသိမ်းသလို လုံးဝဖျက်သိမ်းစေတော့မည့် အန္တရာယ်ကို တွေးပြီး ကြောက်ဒူးတုန်နေစဉ်တွင် ဒေးဗစ်ကမူ 'အာရပ်စစ်တပ်ကြီး' ချီလာသည်ကို ခုခံတန့်စေမည်သာ မဟုတ်သေး။ တပ်လန်သွားပြီး လုံးဝဥဿုံသုတ်သင်ရန် အထိကို

ပါ စဉ်းစားတွေးတောနေမိသည်။ မည်သို့ဆိုစေ ဒေးဗစ်၏ သဘောထားကို ကောင်စီဝင်များက သဘောကျသည်။ သို့ကြောင့်လည်း မဲခွဲဆုံးဖြတ်သောအခါ ကောင်စီဝင် (၁၀)ဦးတက်ရောက်ခဲ့သည် တွင် (၆)ဦးက အတိုက်အခိုက် ရပ်စဲရေးအဆိုပြုသည်ကို လက်မခံငြင်းပယ်ရန်ဘက်မှ ထောက်ခံမဲပေးခဲ့၏။ တစ်နည်းသော် ဂျူးနိုင်ငံ တည်ထောင်ကြောင်း ကြေငြာဖြစ်မည်။ မကြာတော့။

စည်းဝေးပွဲကို ခေတ္တခဏရပ်ဆိုင်းပြီး တဖန် ဆက်ဆွေးနွေးကြပြန်သည်။

'လွတ်လပ်ရေးကို မည်သို့မည်ပုံ ကြေငြာသင့်သနည်း'

နိုင်ငံသစ်ကို မည်သို့နာမည်ပေးမည်နည်း။ အချို့က 'ဂျူးဒီးယား' ( **Judaea** )ဟုပေးရန် အဆိုပြုကြသည်။ အချို့ကလည်း 'ဇီယွန်'ဟု ခေါ်ဆိုရန် အကြံပေးကြသည်။ အချေအတင်ပြောဆိုကြပြီးမှ ကောင်စီက 'အစ္စရေး'ဟု တရားဝင်ခေါ်ဆိုရန် ယတိပြတ်ဆုံးဖြတ်သည်။

တစ်ဖန် နယ်ခြားသတ်မှတ်ရေးနှင့် ပတ်သက်၍ အချေအတင် ဆွေးနွေးကြပြန်သည်။ ကောင်စီဝင်တစ်ဦးက လွတ်လပ်ရေး ကြေငြာစာတမ်းတွင် နယ်နိမိတ်သတ်ပတ်ချက် အတိအကျကိုပါ အချက်တစ်ချက်ဖြင့် ဖော်ပြ ပါစေလိုသည်။ ဒေးဗစ်ဘင်ဂူရီယန်က သဘောမတူ . . . .။

'ဒီမှာ . . . . အမေရိကန်လွတ်လပ်ရေး ကြေငြာစာတမ်းကို နမူနာကြည့်ပါလား။ နယ်မြေသတ်မှတ်ချက် လုံးဝမပါဘူး။ ကျုပ်တို့နိုင်ငံရဲ့ နယ်နိမိတ်ကိုလည်း ပြောဖို့မလိုပါဘူး။ အာရပ်တို့က ကျုပ်တို့ကို စစ်တိုက်နေပြီ။ အဲ ကျုပ်တို့က အာရပ်တို့ကို အနိုင်ရလိုက်ရင် ဂဲလီလီရေအိုင်ရဲ့ အနောက်ဘက်ခြမ်းနဲ့ ဂျေရုစလင်မြို့သွားရာလမ်း တစ်ဘက်တစ်ချက်မှာရှိတဲ့ နယ်မြေလည်း ဂျူးနိုင်ငံတော်ပိုင်နယ်မြေ ဖြစ်လာလိမ့်မပေါ့ . . . .'။

ဂျူးနိုင်ငံတည်ထောင်ရေးအတွက် ကုလသမဂ္ဂမှ သတ်မှတ်ပေးသော နယ်နိမိတ်အတွင်း ထိန်းသိမ်းထားရှိရန် ဒေးဗစ်တွင် ရည်ရွယ်ချက်မရှိ။ နယ်မြေတိုးချဲ့ရန် အခွင့်အလမ်းများပေါ်လာမည်မှာ သေချာသည်ဟု တွက်ပြီးသား။ ဒေးပဝေသဏီက ဂျူးနိုင်ငံသမိုင်းတင်ခဲ့သော နယ်နိမိတ်များကို အဓိပ္ပါယ်မရှိ ပြောမနေတော့။ ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။ ပြီးမှ သူ့ရည်မှန်းချက်သို့ တစ်လှမ်းချင်း လှမ်းလျှောက်ရှိ၏။

ထောက်ခံမဲ (၅)မဲ၊ ကန့်ကွက်မဲ (၄)မဲဖြင့် နယ်နိမိတ်သတ်မှတ်ရေး အဆိုကိုလည်း ပွတ်ခါသီခါအောင်မြင်ခဲ့ပြန်၏။ ကောင်စီအစည်းဝေးမှာ ညဥ့်အတော်

နက်မှ ပြီးခဲ့၏။ သို့ရာတွင် 'မိုရှေးရှာတော့'နှင့် ကော်မတီကမူ လွတ်လပ်ရေးကြေငြာ စာတမ်းအတွက် ရေးဆွဲနေကြ၏။

အလုပ်သမားပါတီ ဗဟိုကော်မတီက စည်းဝေးပွဲများ ဆွေးနွေးညှိနှိုင်းပွဲများနှင့် အားအင်ကုန်ခမ်း မောလျနေသည့်ကြားက ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေငြာရန် ဆန္ဒမဲပေးကြသည်။ ဗဟိုကော်မတီဝင် သုံးပုံတစ်ပုံက ကန့်ကွက်သည်။

ထိုသို့မတိုင်မီကပင် စိတ်ဆုံးဖြတ်ထားပြီးဖြစ်၍ ယင်းသို့ယတိပြတ်ဆုံးဖြတ်လိုက်သည်ကြောင့် တွန့်ဆုတ် တွန့်ဆုတ်အဖြစ်မှန်သမျှကို ပယ်ရှားနိုင်ခဲ့သူ ခေါင်းဆောင်တစ်ဦးရှိ၏။ 'အတ်ဇယ်လ်'မှ 'မိနာဟမ်ဘီဂင်း'တည်း။ 'ဘီဂင်း'က မိန့်ခွန်းနှစ်ခုပြောရန် ပြင်ဆင်ထားပြီးဖြစ်၏။ တစ်ခုသောမိန့်ခွန်းမှာ အကယ်၍ ဂျူးနိုင်ငံ တည်ထောင်ရန် ဆန္ဒမဲပေးလျှင် ဂျူးနိုင်ငံအပေါ် သစ္စာခံရမည်ဖြစ်ကြောင်း ကြေငြာရန်ဖြစ်သည်။ နောက်တစ်ခုက မိမိပါတီအနေဖြင့် ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေငြာသည့် မိန့်ခွန်းကိုသာ ပြောတော့သည်။

ဒေးဗစ်ဘင်ဂူရီယန်က တစ်မနက်လုံး တပ်မှူးများနှင့် ဆွေးနွေးစည်းဝေးနေရသည်နှင့် အချိန်ကုန်ခဲ့သည်။ 'ဆာဖတ်' ( Safed )က ဂျူးစစ်တပ်များသို့ ခုနစ်တပင် လက်နက်ချခဲ့ပြီ။ 'ဂျာဖာ'ရှိ အာရပ်ထိပ်သီး ခေါင်းဆောင်များကလည်း လက်နက်ချစာချုပ်ကိုပင် လက်မှတ်ထိုးတော့မည်။

သို့သော် 'အတ်ဇီယွန်' ကျေးရွာအုပ်စု အခြေအနေကမူ မျှော်လင့်စရာမရှိ။ 'အတ်ဇီယွန်' ကျေးရွာအုပ်စုမှာ အာရပ်တို့လက်တွင်းသို့ ကျသွားပြီ။ အာရပ်စစ်တပ်မှ ဘင့်ကားများက နေရာအနှံ့သို့ ဖိတိုက်နေသည်။

တောင်ဘက်စစ်မျက်နှာတွင် အီဂျစ်တပ်များက တစ်သီးတစ်ခြား ဖြစ်နေသော ဂျူးစခန်းများကို ဖိတိုက်နေသည်။ အမေရိကန်ပြည်ထောင်စုမှလာသော သတင်းစကားများက ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အခြေအနေ ရှုပ်ထွေးနေပြန်သည်တဲ့ . . . .။

နယူးယောက်တွင် ဇရာအို ဒေါက်တာဝိုက်ဇ်မင်က သမ္မတ ထရူးမင်းထံ သနားစဖွယ် စာရေးပို့ခဲ့သည်။ ဂျူးနိုင်ငံကို အသိအမှတ်ပြုပါတဲ့။ သို့သော် . . . . ထိုအချိန်တွင် ဂျူးနိုင်ငံတည်ထောင်ကြောင်းပင် တရားဝင်မကြေငြာရသေး။

'တယ်လ်အဗီး'တွင် အလုပ်တွေ ရှုပ်နေသည်မှာ 'ဖျား' မတတ် . . . .။ ဂျူးနိုင်ငံတည်ထောင်ကြောင်းကို မေလ (၁၄) ရက်နေ့တွင် ကြေငြာမှ ဖြစ်မည်။ နောက်တစ်နေ့သည် စနေနေ့၊ ဥပုသ်နေ့က ဂျူးလူမျိုးများအတွက် အမွန်မြတ်ဆုံး။

မေလ (၁၃) ရက်နေ့ ညနေ။ လွတ်လပ်ရေး ကြေငြာစာတမ်း၏ စာကြမ်းက ကောင်စီစည်းဝေးပွဲ စားပွဲပေါ်တွင် အသင့် . . .။ စာကြမ်းကိုဖတ်ကြည့်ပြီး ဒေးဗစ်က မကြိုက် . . .။ လက်ဆွဲအိတ်ထဲထည့်၍ အိမ်သို့ယူသွားသည်၊ အိမ်ရောက်လျှင် နာရီအတော်ကြာမျှ စားပွဲတွင် ထိုင်ပြင်ဆင်သည်။

နောက်တစ်နေ့ နေထွက်လာသော် ဂျေရုစလင်မြို့ရှိ အစိုးရအိမ်တော် စောင့်တပ်က၊ လက်နက်များကို ဗိုလ်ချုပ်ကြီး 'ကန်နင်းဟမ်း' လက်သို့အပ်လိုက်သည်။ ပါလက်စတိုင်းနိုင်ငံ၏ နောက်ဆုံးမဟာမင်းကြီးသည် တိုင်းပြည်မှ အပြီးအပိုင် ထွက်ခွာလေသည်။ မဟာမင်းကြီးစီးသောကားနှင့် အစောင့်များက လူသူလေးပါး ကင်းနေသော ဂျေရုစလင်မြို့တွင်းမှ လမ်းအတိုင်း 'ကလန်ဒီးယား' လေဆိပ်သို့ ဦးတည်မောင်းသွားသည်။ လေဆိပ်မှတစ်ဆင့် 'ဟိုင်ဖာ'မြို့သို့ ခရီးဆက်မည်၊ 'ဟိုင်ဖာ'ရောက်လျှင် ( **Hms Eurylus** ) စစ်သင်္ဘောပေါ်တက်၍ ဗြိတိသျှတို့အုပ်ချုပ်ခွင့်ကုန်ဆုံးမည့် သန်းခေါင်ယံအထိ စောင့်နေပေမည်။ ပြီးမှ 'မောလ်' မြို့သို့ ထွက်ခွာမည်။ နိုင်ငံအနှံ့ရှိ ဗြိတိသျှတပ်စခန်းများမှ ကားတန်းကြီးများက၊ နယ်စပ်သို့ ဦးတည်မောင်းနေကြသည်။ အချို့က သန်းခေါင်ယံမတိုင်မီ နယ်စပ်ကို ဖြတ်ကျော်မည်၊ အချို့က 'ဟိုင်ဖာ'သို့ ဦးတည်သွားနေကြသည်။ 'ဟိုင်ဖာ'တွင် နောက်ကြောင်းမှ အကာအကွယ်ပေးရန်၊ ဇွန်လ (၃၀)ရက်နေ့ထိ စခန်းချရန် သတ်မှတ်ထားသည်၊ ဆုတ်ခွာနေသော ဗြိတိသျှတပ်များက မိမိတို့နောက်ကျောတွင် အခြေအနေ ပရမ်းပတာ ဖြစ်ကျန်ခဲ့သည်ကိုမူ သိမှသိကြပါလေစ . . . .။

မေလ (၁၄) ရက်နေ့။ ထိုနေ့တစ်မနက်လုံး ဒေးဗစ်သည် စစ်ရေးကိစ္စများနှင့် ပျားပန်းခတ်မျှ အလုပ်ရှုပ်နေသည်။

ဂျူးလူမျိုးတို့က နှစ်ပေါင်း နှစ်ထောင်မျှ စောင့်ခဲ့ရသည့် သမိုင်းတွင်ရစ်မည့်သည်နေ့သည်ရက်တွင်ပင် ဒေးဗစ်က စိတ်လှုပ်ရှားမှုမပြ . . . . ထုံးစံအတိုင်း နံနက် (၇)နာရီတွင် အိပ်ယာမှထ၍ ချစ်ဇနီး 'ပေါလာ'နှင့်အတူ နံနက်စာစားသည်။ ပြီးလျှင် ဂျစ်ကားတစ်စင်းဖြင့် ရုံးစိုက်ရာ 'အိမ်နီတော်' သို့လာခဲ့သည်၊ 'အိမ်နီတော်'တွင် လက်ထောက်အရာရှိများက စစ်ဆင်ရေး မြေပုံအညွှန်းများဖြင့် အသင့်စောင့် နေကြ၏။

မြောက်ပိုင်းတွင် အပြင်းအထန်တိုက်ပွဲများ ဖြစ်နေသည်။ ဂျေရုစလင်အနီး ထိုးစစ်ဆင်နေသော ဂျူးတပ်ကို အာရပ်တို့က တွန်းလှန်နိုင်ခဲ့သည်၊ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့၏ တစ်ခုတည်းသော မြေပြင်ပစ်အမြောက်ကြီးမှာ အာရပ်

လက်တွင်းကျသွားခဲ့၏။ 'အိဂုဲယာဒင်း'သည် စခန်းချထားသော ကျေးရွာနှစ်ရွာမှ အခြေမလှ၍ ဆုတ်ခွာခဲ့ရ၏။ ဒေးဗစ်က တိုးချဲ့လက်နက်တပ်ဆင်ရေးနှင့် 'အတ်ဇယ်လ်' ပါတီက မိမိ၏ လက်နက်ကိုင်တပ်ဖွဲ့အား 'ဟာဂါနာ' စစ်ဦးစီးချုပ် ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးရန် သဘောတူသည်ကို ဆွေးနွေးသည်။ ထိုအခိုက် ကောင်းကင်ယံမှ လေယာဉ်တစ်စင်း ပျံသန်းသွားသည့်အသံကို ကြားရ၏။

'ဗြိတိသျှတပ်တွေ တကယ်ပဲ ထွက်သွားကြတာကိုး' ဟု တိုးတိုးကလေး ရေရွတ်မိသည်။

သို့ရာတွင် ဗြိတိသျှတို့က အပြီးအပိုင် ထွက်မသွားခင်တစ်ချက်တော့ 'နှက်' သွားသေးသည်။ နှုတ်ဆက်သည့် သဘောလားတော့ မပြောတတ် . . . .။ သူတို့ လုပ်ပိုင်ခွင့်အာဏာကို နောက်ဆုံးကုန်ဆုံးသည့် ညသန်းခေါင်ယံအထိ အသုံးချသွား သေး၏။ 'ဟာဂါနာ' ကာကွယ်ရေး တပ်ဖွဲ့အတွက် အမြောက်လက်နက်ကြီးများ သယ်ယူလာသော သင်္ဘောတစ်စင်းကို တယ်လ်အဗီးမြို့အလွန် ပင်လယ်ပြင်တွင် ကမ်းမကပ်ရလေအောင် တားမြစ်ပိတ်ပင်ခဲ့သည်။

ဒေးဗစ်ဘင်ဂူရီယန် အိမ်ပြန်ရောက်သောအခါ မိုရှေရှာတော့က စောင့်နေ သည်ကို တွေ့ရ၏။ နိုင်ငံတကာ အခြေအနေကို အသိပေးရန် စောင့်နေခြင်းပါ။

'အေး . . . . ငါတို့ သိသင့်တာကတော့ အမေရိကန်တို့က လက်နက် အားကိုး ခြိမ်းခြောက်ကာ တကယ်ပဲ လုပ်သလား၊ မလုပ်ဘူးလားဆိုတာဘဲ . . . .။ တကယ်ပဲလုပ်လုပ်၊ မလုပ်လုပ် ကြောက်စရာတော့ မဟုတ်ပါဘူးကွ . . . .။ တကယ်လို့ အမေရိကန်က လက်နက်အားကိုးနဲ့ တို့တစ်တွေကို မဆန့်ကျင်ဘူး ဆိုရင်တော့ ကောင်းတာပေါ့ကွာ . . . .။ တကယ်လို့ အမေရိကန်ကသာ ပါလက် စတိုင်းသို့ လက်နက်ကိုင်တပ်များ ပို့မယ်ဆိုရင်တော့၊ အဲ . . . . တို့တစ်တွေ အတွက် နိုင်ငံရေး အမြတ်ထုတ်စရာ ရတာပဲပေါ့ . . . .'။

မွန်းလွဲတစ်နာရီတွင် ဂျူးနိုင်ငံတည်ထောင်ကြောင်း မကြေငြာမီ '၁၃-ဦး ကောင်စီ'၏ နောက်ဆုံးစည်းဝေးပွဲကို ကျင်းပမည်။ စည်းဝေးပွဲတက်ရန် အိမ်မှ မထွက်ခွာမီ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့မှ တပ်မှူးများနှင့် ခေတ္တခဏမျှ ဆွေးနွေး ကြသေးသည်။ ယခုတိုင် မကျန်းမမာ ဖြစ်နေသေးသော ဗိုလ်ချုပ်ကြီး 'ဒိုရီ'၏ နေရာ တွင် လူစားခန့်ရတော့သည်။

ညနေ (၄)နာရီတွင် ဒေးဗစ်ဘင်ဂူရီယန်က 'တယ်လ်အဗီး'ရှိ ပန်းချီပြတိုက် လေ့ကားသို့ အပြေးတက်သွား၏။ သည်နေရာတွင် ဂျူးနိုင်ငံတည်ထောင်ကြောင်း

ကြေငြာမည်ကို တစ်နည်းနည်းဖြင့်သိရ၍ စုရုံးရောက်ရှိလာကြသော လူထု ပရိတ်သတ်ကြီးကို စစ်တပ်နှင့်ရဲတို့က ထိန်းထိန်းသိမ်းသိမ်း လုပ်နေရသည်။ ပန်းချီကား ပြပွဲကျင်းပရာ ခန်းမကြီးတွင် လူကြီးလူကောင်းများ၊ သတင်းစာဆရာများနှင့် ဓာတ်ပုံဆရာများ (၂၀၀)ခန့် စုရုံးရောက်ရှိနေ၏။ စင်မြင့်ပေါ်ရှိ စားပွဲရှည်ကြီး နောက်တွင် '၁၃-ဦးကောင်စီ'ဝင်များနေရာယူ၍ ထိုင်နေကြသည်။ သူတို့ခေါင်းပေါ် နံရံတွင် 'ဟာဇယ်'၏ ဓာတ်ပုံကို အပြာနှင့်အဖြူရောင်ရှိ အလံနှစ်ခုကြားတွင် ချိတ်ဆွဲထားသည်။ တယ်လ်အဗီးသံစုံတီးဝိုင်းအဖွဲ့ကြီးက အပေါ်ထပ်ခိုးတွင် နေရာယူလျက်ရှိ၏။ အလုပ်သမားများက နောက်ဆုံးအချိန်ထိ အလုပ်ရှုပ်နေကြဆဲ ပန်းချီကားများကိုပင် ဖယ်ရှားရန်အချိန်မရလိုက်။ ဂျူးနိုင်ငံတည်ထောင်ကြောင်းကို ပန်းချီဆရာ 'ချာဝဲလ်' ရေးဆွဲသည့် ကျောက်ပြားများကို ကိုင်နေသော ဂျူးများဟု အမည်ပေးထားသော ပန်းချီကားနှင့် မင်ကော့ဗ်စကီး ရေးဆွဲသည့် 'လူသတ်ပွဲ'ဟု အမည်ပေးထားသော ပန်းချီကားချပ်များ အောက်တည့်တည့်တွင် ကြေငြာသည်။

ဒေးဗစ်က မတ်တပ်ရပ်လိုက်သည်။ စိတ်လှုပ်ရှားနေခြင်းကို ချုပ်တည်းပြီး 'လွတ်လပ်ရေး ကြေငြာစာတမ်း'ကို ဖတ်ကြားသည်။ အစ္စရေးနိုင်ငံ တည်ထောင်ကြောင်း ကြေငြာစာတမ်းပေါ်တွင် (၃၇)ဦးက လက်မှတ်ရေးထိုးထားသည်။ သို့သော် တစ်ဦးသောပုဂ္ဂိုလ်၏ လက်မှတ်တော့မပါ။ သူကား ဒေါက်တာဝိုက်ဇ်မင်။ ထိုအချိန်တွင် နယူးယောက်၌ပင် ရှိနေသေးသည်။

စိတ်တက်ကြွလှုပ်ရှားမှုများ ငြိမ်သွားသောအခါ ဘုန်းတော်ကြီး ဖစ်ရှ်မင်းက ကောင်းချီးမင်္ဂလာပေးပြီးသည်နှင့် သံစုံတီးဝိုင်းအဖွဲ့က အမျိုးသားသီချင်းကို တီးမှုတ်သည်။ ပြီးလျှင် ဒေးဗစ်က စစ်ဌာနချုပ်သို့ အပြေးအလွှားသွား၏။ တိုက်ပွဲများက နေရာအနှံ့တွင် ဖြစ်နေသည်။

လန်ဒန်တွင် ပါလက်စတိုင်း၌ ဗြိတိသျှတို့ အုပ်ချုပ်ခွင့်အာဏာ ကုန်ဆုံးကြောင်း ကြေငြာသည်ကို ပါလီမန်အမတ် အနည်းငယ်သာလျှင် ဘောဟ်လွှတ်တော် အဆောက်အဦတွင် နားထောင်ရန် စောင့်ကျန်ရစ်သည်။ အနည်းငယ်သာ ဂရုစိုက်သည့် သဘော . . . . ။

နယူးယောက်တွင် ကုလသမဂ္ဂကော်မတီက ပါလက်စတိုင်းအရေးကို ဆက်လက်ဆွေးနွေးကြဆဲ။ ပါလက်စတိုင်းသည် လုံးဝမရှိတော့၊ အစ္စရေးနိုင်ငံပေါ်ပေါက်လာပြီဟူသော အချက်ကို လျစ်လျူရှုထားကြသည်။

မေလ (၁၅)ရက်နေ့ မနက်။ အာရပ်စစ်တပ်များက ... ယ်စပ်နေရာ

အနီးတွင် နယ်ခြားကို ဖြတ်ကျော်ဝင်လာကြသည်။ အာရပ်လေယာဉ်ပျံများက ဘာယ်လ်အဗီးမြို့ကို ဗုံးကြဲတိုက်ခိုက်၏။ သည်စစ်ပွဲတွင် ဂျူးအတွက် အောင်ပွဲနှင့်ပင် အဆုံးသတ်လေမလား။ အန္တရာယ်နှင့် ကြုံရလေမလား။ မည်သူမျှ အတတ်မပြော နိုင်။

သို့သော် ....

ဆိုးသည်ပဲဖြစ်ဖြစ်၊ ကောင်းသည်ပဲဖြစ်ဖြစ်၊ ထိုမေလ (၁၄)ရက်နေ့၌ ဒေးဗစ်က သမိုင်းတွင် လူသေသော်လည်း နာမည်မသေသူများစာရင်းတွင် နေရာ ယူလိုက်လေပြီ။

◂▸ ◂▸ ◂▸ ◂▸ ◂▸

## အောင်နိုင်သူ

(၁၉၄၈)ခုနှစ်၊ မေလ၊ (၁၄)ရက်။

သောကြာနေ့။

ညနေ (၄) နာရီ လွတ်လပ်ရေးကြေငြာပြီးပြီ။ ဂျူးနိုင်ငံလည်း ပေါ်ပေါက်လာခဲ့ပြီ။ သည်နိုင်ငံ၏ ကံကြမ္မာသည် လက်နက်ကိုင်တပ်များ၏လက်တွင် ရှိနေသည်။

(အစ္စရေးနိုင်ငံတည်ထောင်ကြောင်း) ကြေငြာသည့်ပွဲပြီးသည်နှင့် ဌာနချုပ်သို့ ပြန်လာခဲ့သည်။ စိုးရိမ်နေရသော အခြေအနေကို ဆွေးနွေးရန် စည်းဝေးပွဲကျင်းပသည်။ ထိတ်ထိတ်ပျာပျာ ဖြစ်စရာ သတင်းအစီရင်ခံစာများတွင် 'အာရပ်စစ်တပ်ကြီး၏ ယန္တရားစစ်ကြောင်းများ၊ ဆီးရီးယားနိုင်ငံတွင် စစ်တပ်များ စုစည်းပြင်ဆင်နေသည်များကို ဖော်ပြထား၏။ အာရပ်တပ်များက တယ်လ်အဗီးနှင့် (၁၅)မိုင်မျှပင် မကွာဝေးတော့သော 'လိုင်ဒါ'သို့ ပင်ရောက်ရှိနေကြောင်း သတင်းကြားရ၏။ တစ်ဘက်တွင်လည်း ကျွပ်တို့တပ်များ ဂဲလီလီအနောက်ဘက်တွင် နေရာအနှံ့မှ ရှေ့သို့ချီလျက်ရှိ၏။ ဂျေရုစလင်မြို့တော်၏ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းနှင့်အခြား အချက်အခြာနေရာများကို သိမ်းယူထားသည်။

ယဉ်မျိုးဓာ၆ပ

'တယ်လ်အဗီးမှ ဂျေရုစလင်မြို့သို့သွားရာ လမ်းတစ်ဖက်တစ်ချက်တွင်ရှိ နယ်မြေကို ထိုးစစ်ဆင်ပြီး သိမ်းယူရန် ကျုပ်အဆိုပြုသည်ကို စစ်ဌာနချုပ်မှ အားလုံးလိုလိုက ဆန့်ကျင်ကန့်ကွက်ကြသည်။ တပ်အလုံအလောက်မရှိပြီး ရန်သူ၏အကြံကိုလည်း မသိရဟု အကြောင်းပြကြသည်။ "၁၃-ဦးကောင်စီ"၏ မဖြစ်မနေ ဆုံးဖြတ်ချက်မရှိပါဘဲလျက် ကျုပ်က စစ်ဦးစီးဌာနချုပ်မှ တကယ်တမ်း စဉ်းစားဝေဖန်သုံးသပ်သည့် သဘောထားကို ဆန့်ကျင်၍ အမိန့်မပေးလို။ သို့တစေ ဂျေရုစလင်မြို့၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့်နယ်မြေအား သိမ်းပိုက်ရန် အခွင့်အရေးကိုမူ လက်လွှတ်ရမည်ကြောင့် စိတ်မကောင်းဖြစ်မိ၏။ စစ်ပွဲမည်သို့ အဆုံးသတ်လာမည်ဟူသော အချက်ကလည်း သည်နယ်မြေပေါ်တွင် တည်မှီနေ၏။ ညနေချမ်းတွင် 'နဂျစ်သဲကန္တာရ'မှ သတင်းဆိုးကို ကြားရပြန်သည်။ တယ်လ်အဗီးမြို့လည်း သည်ည ဗုံးကြဲတိုက်ခိုက်ခံရဦးမည်လား ....'

သမိုင်းတင်ရစ်မည့် ထို မေလ (၁၄)ရက် နေ့လည်ခင်းအဖြစ်အပျက်များကို ဒေးဗစ်ဘင်ဂူရီယန်က သည်သို့လျှင် မှတ်တမ်းတင်ထားသည်။ မိမိကိုယ်တိုင်ကိုယ်ကျ ကြေငြာခဲ့သည်ကြောင့် ဂျူးနိုင်ငံအကောင်အထည် ပေါ်လာသည့်အတွက် ထိုအချိန်က စိတ်ဝယ်ခံစားရချက်များကို နည်းနည်းမျှမဖော်ပြခဲ့ ....။

စင်စစ် အခြားသော လူများထက်ဒေးဗစ်က အစ္စရေးနိုင်ငံလွတ်လပ်ရေးခင်ကြီးဟုပင် ထိုက်ထိုက်တန်တန် ခံယူသင့်သူပါ။ သို့တစေ စာပေ၊ ရသ ဂုဏ်မြောက်လောက်အောင် ရေးချိန်လည်းမရ၊ ဆန္ဒလည်း အလျင်းမရှိ ....။ အချို့သောသူများက သည်ဖြစ်ရပ်ကြောင့် ဒေးဗစ်သည် အပြောသမားမဟုတ်၊ အလုပ်သမားဖြစ်ကြောင်း သာဓကထူခဲ့သည်ဟု ဆိုကြပေလိမ့်မည်။ အချို့ကလည်း အလွန်အမင်း စိတ်တက်ကြွလှုပ်ရှားနေသူက သူ့ရင်ကို ပွင့်ပွင့်လင်းလင်း လှစ်ပြနိုင်စွမ်းမရှိ။ သူ့ ခံစားချက်ကို ထုတ်ဖော်ပြောပြနိုင်စွမ်းမရှိဟု ဆိုကြပေလိမ့်မည်။

သို့သော် ထိုအချိန်က ဒေးဗစ်က ဥာဏ်၊ ခွန်အားတို့နှင့် စစ်ရေးကိစ္စများအတွက် အာရုံစိုက် အလေးပေးဆောင်ရွက်နေ၏။ နိုင်ငံရေးနှင့်ပတ်သက်၍ ဒေးဗစ်အား စကားပြောလိုသူ မိတ်ဆွေတိုင်း ဒေးဗစ်ထံမှ သည်သို့သော အဖြေကိုသာ ကြားခဲ့ရ၏။

'ကျုပ်တို့တော့ စစ်ဖြစ်နေသမျှ ကာလပတ်လုံး အစ္စရေးနိုင်ငံရယ်လို့

မတည်ရှိသေးဘူးဗျာ . . . . 'တဲ့။

အာရပ်တို့ကလည်း မျက်မှောက်အခြေအနေကို သည်အတိုင်းမြင်သည်။ ယန္တရား စစ်ကြောင်းများဖြင့် ထိုးစစ်ဆင်တိုက်ခိုက်လာခြင်းကပင်လျှင် အစ္စရေးနိုင်ငံအား ကမ္ဘာ့မြေပုံပေါ်မှ မြန်နိုင်သမျှ အမြန်ဆုံးဖယ်ရှားရန် ရည်ရွယ်ချက်ရှိ၏။

မေလ (၁၅) ရက်နေ့။ အာရပ်အမြှတမ်း စစ်တပ်ကြီးများ၏ စစ်ကြောင်းများက 'တယ်လ်အဗီး'မြို့သို့ အရှေ့မြောက်ထောင့်တို့မှ ချီတက်လာနေကြသည်။ ကြောက်စရာစစ်က လာချေပြီ။

တယ်လ်အဗီးမြို့ပေါ်သို့ နံနက် (၆)နာရီတွင် ပထမဆုံးကျသည်။ ဥပုသ်နေ့ ဒေးဗစ်အိမ်တွင်မရှိ အသံလွှင့်စတူဒီယိုအတွင်းမှနေ၍ အမေရိကန် ပြည်ထောင်စုသို့ သတင်းလွှင့်လျက်ရှိ၏။ ဒေးဗစ်အား မနက် (၂)နာရီတွင် အိပ်ယာထက်မှနှိုး၍ သမ္မတ'ထရူးမင်း'က နိုင်ငံခြားရေးဝန်ကြီးဌာနကိုပင် မတိုင်ပင်တော့ဘဲ အစ္စရေးနိုင်ငံအား အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း ပြောပြကြသည်။ စင်စစ် ဒေါက်တာဝိုက်ဇ်မင်ကလည်း အမေရိကန်မှနေ၍ တတ်စွမ်းသည့်ဘက်မှ အကျိုးပြုခဲ့ပြန်၏။ ထိုအခိုက် အီဂျစ်ဗုံးကြဲလေယာဉ်ပျံများက ဗုံးကြဲသည်ကြောင့် အသံလွှင့်ဌာန၏ အဆောက်အဦမှာ တုန်လှုပ်သွား၏။

'အခု ခင်ဗျားတို့ကြားရတဲ့ ပေါက်ကွဲသံတွေဟာ အာရပ်လေယာဉ်တွေက တယ်လ်အဗီးကို ဗုံးကြဲနေတာပဲဗျို့'ဟု ဒေးဗစ်ဘင်ဂူရီယန်က စကားပြောခွက်မှနေ၍ အေးအေးဆေးဆေး ရှင်းပြနေသည်။ ပြီးလျှင် မူလကပြင်ဆင်ထားသည့် မိန့်ခွန်းကိုပင် ခုနကပြောတဲ့ သည်အသံနေ အသံထားအတိုင်း ဆက်ပြောနေပြန်၏။

နာရီအနည်းငယ်အကြာတွင် ဒေးဗစ်သည် စစ်တပ်စည်းဝေးပွဲသို့ ရောက်သွားပြန်သည်။ အခြေအနေက ဆိုးရွားသထက် ဆိုးရွားလာ၏။ အီဂျစ်ယန္တရားနှင့် တင့်ကားများက 'ဆိုင်းနိုင်း' (Sinai) သဲကန္တာရကိုဖြတ်၍ ရှေ့သို့တိုးလာနေပြီ။ မြောက်ပိုင်းတွင် လီဘာနွန်တပ်များက အင်အားနည်းသည်။ တိုးတက်မှု အနည်းငယ်သာရှိ၏။ သို့ရာတွင် ဆီးရီးယားနှင့် အာရပ်နိုင်ငံများမှ လေယာဉ်ပျံများကမူ ဂဲလီလီဒေသရှိ သမကျေးရွာများနှင့် ဂျော်ဒန်ချိုင့်ဝှမ်းဒေသတို့တွင် ဗုံးမိုးရွာချနေသည်။ အရှေ့ဘက်တွင် 'အာရပ်စစ်တပ်ကြီး'က ဂျေရုစလင်မြို့သို့ ချဉ်းကပ်လာနေသည်။ 'အာရပ်စစ်တပ်ကြီး'က ဂျေရုစလင်မြို့သွားရာလမ်းကို မိုးနေသော . . . . 'လထာန်း' အချက်အခြာစခန်းကို သိမ်းပိုက်ထားဆဲ . . . .။

ပေါ်ပေါက်လာသည့် အဖြစ်အပျက်များက လွန်ခဲ့သောလများတွင်

ဒေးဗစ်က မနားမနေ စိုက်လိုက်မတ်တတ် တိုက်ပွဲဝင် အတိုက်အခံလုပ်ခဲ့သည်များမှာ သွေးထွက်အောင်မှန်ကြောင်း သာဓကထူလျက်ရှိ၏။

အာရပ်တို့၏ အမြောက်တမ်းစစ်တပ်ကိုရင်ဆိုင်ရန် နည်းလမ်းတစ်ခုတည်းသာ ရှိ၏။ ဂျူးအမြောက်တမ်းစစ်တပ်နှင့် ရင်ဆိုင်တိုက်ရန်ဖြစ်၏။ တင့်ကားနှင့် အမြောက်များကို တင့်ကား၊ အမြောက်များနှင့်ပင် ရင်ဆိုင်ရပေမည်။ သို့သော် ဂျူးတို့လက်ဝယ်တွင် တင့်ကားတို့ အမြောက်လက်နက်ကြီးများ မရှိသေး . . . .။

ဂျူးနိုင်ငံတည်ထောင်ပြီးစ ရက်အနည်းငယ်အတွင်းတွင် သည်နိုင်ငံ သက်ဆိုးရှည်မည်မဟုတ်ဟု ထင်ခဲ့ရသည်။ အာရပ်စစ်တပ်များက ဒီရေအလား တက်လာသည်ကို ဟန့်တားနိုင်ရန် ဘာဆိုဘာမျှမရှိ။ ဂျော်ဒန်ချိုင့်ဝှမ်းဒေသမှ လာသော ကိုယ်စားလှယ်အဖွဲ့က ဒေးဗစ်ဘင်ဂူရီယန်ထံလာ၍ တပ်ကူများပို့ပေးရန် မေတ္တာရပ်ခံလာသည်။

'ဟော့ . . . . ငါတို့မှာ အမြောက်လည်း လုံလုံလောက်လောက်မရှိ။ လေယာဉ်ပျံလည်း လုံလုံလောက်လောက်မရှိ၊ လူအင်အားလည်း လုံလုံလောက် လောက်မရှိဘူး။ တစ်တိုင်းပြည်လုံး ရှေ့တန်းရောက်နေပြီး နောက်ထပ် စစ်ကူပေးဖို့ ငါတို့မှာ မရှိဘူး . . . .'ဟူ၍သာ သူက ဖြေနေရသည်။

သို့သော် အကူအညီပေးလိုက်ပါ၏။ မြေပြင်ပစ် အမြောက်(၄)လက် အစ္စရေးနိုင်ငံသို့ ပထမဆုံးအသုတ်ရောက်သည့် စစ်ပစ္စည်းများ။ ကမ္ဘာ့အရပ်ရပ်ရှိ စစ်လက်နက်ပစ္စည်း ထိန်းသိမ်းပြသသော ပြတိုက်များက သည်လက်နက်များကို ရှေးက ရှေးဟောင်းပစ္စည်းအဖြစ် လိုချင်လိုက်မည့်ဖြစ်ခြင်း . . . .။

မည်သို့ဆိုစေ တကယ်အသုံးဝင်မည့် အမြောက်ကြီးများ၊ ဂျူးနိုင်ငံသို့ စတင် ရောက်ရှိလာလေပြီ။ ကမ္ဘာ့အရပ်ရပ်တွင် ဒေးဗစ်ဘင်ဂူရီယန်၏ အထူးစေတမန်များ ပါဝင်သည့် လျှို့ဝှက်အဖွဲ့အစည်းက အချိန်ကျသည်နှင့် အကျိုးပြုလာကြ၏။ လွတ်လပ်ရေး ကြေငြာလိုက်သည်နှင့် ချက်နိုင်ငံ၊ ပြင်သစ်၊ ဖင်လန်၊ ပနားမား၊ အမေရိကား (သို့မဟုတ်) မက္ကစီကိုနိုင်ငံများက ဝယ်ယူရရှိခဲ့သော စစ်ပစ္စည်းအဟောင်း များကို သင်္ဘောဟောင်းကြီးများ ရှေးခေတ်သုံး လေယာဉ်များပေါ် တင်ကာ အစ္စရေး နိုင်ငံများသို့ ဦးတည်သွားနေကြ၏။ အချိန်လို၍ တက်သုတ်နှင်နေကြရ၏။ ဆိပ်ကမ်း သို့ဆိုက်လာသော သင်္ဘောမှန်သမျှနှင့် အစ္စရေးမြေပြင်ပေါ် ဆင်းသက်လာသည့် လေယာဉ်မှန်သမျှက ရိုင်ဖယ်သေနတ်များ၊ စတင်းဂန်းများနှင့် ခဲယမ်း မီးကျောက် များ မြေပြင်ပစ်အမြောက်များနှင့် သံချပ်ကာကားများ၊ လေယာဉ်အစိတ်အပိုင်း

များကို အိတ်သွန်ဖာမှောက်ချနေသည်။ လေယာဉ်အစိတ်အပိုင်းများကို ရောက်ရာ နေရာတွင်ပင် ခေါ်လာသော 'ချက်'အတတ်ပညာရှင်များက တပ်ဆင်နေကြ၏၊ ချက်နိုင်ငံလုပ် မြေပြင်ပစ်အမြောက်တပ်များကို ဝယ်ယူရန် လျို့ဝှက်စွာ သဘောတူ စာချုပ်ကိုပင် ချုပ်နိုင်ခဲ့၏။ ပြင်သစ်နိုင်ငံများနှင့် လျို့ဝှက်စီစဉ်ချက်အရ 'ဟော့ချ်ကစ်' အမျိုးအစား တင့်ကားများနှင့် တစ်ချိန်က အုံ့ဩယူရလောက်အောင် အစွမ်းထက် သည့် လက်နက်များပါရရှိခဲ့သည်။ ရတတ်သမျှ လူအင်အားနှင့် လက်နက်တပ်ဆင် ပေးခြင်းကိုလည်း ခုလျင်စလိုလုပ်ကြသည်။ ပြည်ပမှ ခိုဝင်လာသော ဂျူးလူမျိုး များလည်း သင်္ဘောပေါ်မှဆင်းသည်နှင့် လေ့ကျင့်ရေးစခန်းများသို့ တန်းသွားရသည် များပင် ရှိ၏။ ဆိုက်ပရပ်စ်၊ ပြင်သစ်နှင့် အီတလီနိုင်ငံများရှိ လေ့ကျင့်ရေးစခန်းများသို့ တက်ခဲ့ရသော အရာရှိများနှင့် အခြားအဆင့်များကို အစ္စရေးတပ်မတော်တွင် အမှုထမ်းကြရန် အမြန်ဆုံးပို့ပေးရ၏။

အာရပ်စစ်တပ်များကဲ့သို့ တန်းတူရည်တူ လက်နက်တပ်ဆင်လာနိုင်ရန် လပေါင်းများစွာ ကုန်လွန်ခဲ့ရ၏။ စစ်စတိုက်၍ သတင်းနှစ်ပတ်မျှပင်မကြာ၊ ဂျူးတို့က ကြံ့ကြံ့ခံ ခုခံနိုင်မည်မှာ သေချာလာ၏။တရှိန်ထိုးတက်လာသော အာရပ်စစ်ကြောင်း များကို ဟန့်တားနိုင်စွမ်းရှိလာပြီ၊ 'ပင်လယ်တွင်းသို့ လွှင့်ပစ်ခံရမည့်'အန္တရာယ်မှ ရှောင်ရှားနိုင်ခဲ့ပြီ။ အစပထမကမူ အာရပ်တို့က ဂျူးလူမျိုးများအား ပင်လယ်တွင်းသို့ မောင်းထုတ်နိုင်လိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့၏။

မြောက်ပိုင်းတွင် ဆီးရီးယား၊ အီရတ်နှင့် လက်ဘနွန်တပ်များကို ရှေ့မတိုးနိုင်အောင် ဟန့်တားနိုင်ခဲ့ပြီ၊ တောင်ဘက်တွင်လည်း အီဂျစ်တပ်များအား တယ်လ်အဗီးမြို့နှင့် မိုင် (၂၀)မျှပင် ကွာဝေးသည်ထိရောက်စေကာမူ ရှေ့မတိုးနိုင် အောင် ပိတ်ဆို့နိုင်ခဲ့လေပြီ။ အီဂျစ်တို့က တယ်လ်အဗီးကို မီးလောင်ပြင်ဖြစ်စေပြီး တစ်နိုင်ငံလုံးကိုပါ သိမ်းပိုက်မည်ဟုဆိုခဲ့သည်။ သို့ရာတွင် ယခုတော့ သူတို့လေသံ ပြောင်းသွားပြီ။ နဂစ်သဲကန္တာရကို ကျန်ဒေသများနှင့် အဆက်အသွယ်ပြတ်စေ ရန်သာ သူတို့ ရည်ရွယ်ခဲ့ပါသည်တဲ့။

'အာရပ်စစ်တပ်ကြီး'ကလည်း ဟိုင်ဖာကို မေလ (၂၀)ရက်နေ့တွင် မိမိတို့ လက်တွင်းသို့ကျစေ၍တယ်လ်အဗီးနှင့် ဂျေရုစလင်ကို မေ (၂၅)ရက်နေ့တွင် ကုန်စေ မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ ထိုနေ့ ထိုရက်တွင် ဂျော်ဒန်ဘုရင် 'အဗ္ဗလ်ဒူလာ'က မင်းခမ်းမင်းနားဖြင့် ပါလက်စတိုင်းနိုင်ငံ၏ ဘုရင်အဖြစ် ရာဇဘိသေက ခံယူပေမည်။ သို့သော် ထိုအစီအစဉ်ကမူ ထုတ်ဖော်မပြခဲ့ . . .

သို့သော် ဒေးဗစ်ကလည်း သည်စစ်ပွဲတွင် မိမိရည်ရွယ်ချက်ကို ထုတ်ဖော်ပြောနိုင်စွမ်းရှိလာလေပြီ။ သူဖြစ်စေချင်သည့်ဆန္ဒကလည်း အာရပ်တို့ဖြစ်စေချင်သည့်ဆန္ဒထက် မနည်းလှ။ နယ်မြေတိုးချဲ့ရန် သန္နိဋ္ဌာန်ချထားသည်ကို လှစ်ပြရာတွင်လည်း သူမသာ ကိုယ်မသာ။

ဒေးဗစ်ကမူ ဂျူးလူမျိုးတို့က နေရင်းဌာနေ မွေးရပ်မြေမှ ရေမြေခြားတိုင်းတစ်ပါးတွင် အကွဲကွဲအပြားပြား နှစ်ပေါင်း (၁၈၃၅)ခုမျှ နေခဲ့ရသည်ကို ရေတွက်မနေတော့၊ ခေတ်သစ်အစ္စရေးနိုင်ငံက ရှေးခေတ် 'ဒါဝိတ်မင်းကြီး၏နိုင်ငံတော်' ဆက်ခံခြင်းသာ ခေတ်သစ်အစ္စရေးနိုင်ငံ၏ ရန်သူများသည်လည်း ရှေးခေတ်နိုင်ငံ၏ ရန်သူများပင်ဖြစ်၏။ အီဂျစ်မှ ဖာရောက်ဘုရင်များ၊ အစ္စရီးယား (**Assyria**) နှင့် ချားလ်ဒီးယား (**Chaldea**)တို့သည်လည်း တစ်ချိန်က ဂျူးတို့၏ ရန်သူများပင် မဟုတ်ပါလား။ သို့ကြောင့်လည်း ယခုဆင်နွှဲနေရသော စစ်ပွဲသည် တစ်ချိန်က အိမ်နီးချင်းနိုင်ငံများနှင့် စစ်ဖြစ်ခဲ့ခြင်း အဆက်သာဖြစ်၏။

မေလ (၂၁)ရက်နေ့။

ဒေးဗစ်ဘင်ဂူရီယန်က သူ့မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားသည်။

'အာရပ်မဟာမိတ်နိုင်ငံများမှာ လက်ဘနွန်နိုင်ငံက ပြဿနာဖြစ်နေတယ်။ လက်ဘနွန်ဟာ ခရစ်ယာန်ဘာသာဝင်များ လွှမ်းမိုးတဲ့နိုင်ငံ တည်ထောင်သင့်တယ်။ အဲဒီနိုင်ငံရဲ့ တောင်ဘက်စွန်းနယ်နိမိတ်ဟာ 'လီတာနီမြစ်'ဖြစ်စေရမယ်။ အဆိုပါနိုင်ငံနဲ့ ကျုပ်တို့က မဟာမိတ်စာချုပ်ချုပ်မယ်။ ပြီး 'အာရပ်စစ်တပ်ကြီး'ရဲ့ အင်အားကို ချိုးဖျက်နိုင်ပြီး ဂျော်ဒန်နိုင်ငံ၏မြို့တော် 'အာမာန်'ကို ဗုံးကြဲတိုက်ခိုက်နိုင်ပြီဆိုရင်တော့ 'ထရန့်စ်ဂျော်ဒန်'ကိုလည်း ဖျက်သိမ်းလိုက်မယ်။ အဲဒါပြီးရင် ဆီးရီးယား ကျမှာပဲ။ အဲ အီဂျစ်က ကျုပ်တို့ စစ်တိုက်ခဲ့သေးရင်တော့ ကျုပ်တို့က ပို့ဆက် အလက်ဇန္ဒြီးယားနဲ့ ကိုင်ရိုမြို့များကို ဗုံးကြဲမယ်။ အဲဒီလိုနဲ့ စစ်ပွဲကို အဆုံးသတ်စေမယ်။ ဘိုးဘေးတို့ရဲ့ ကိုယ်စား အီဂျစ်၊ ဆီးရီးယားနဲ့ ချားလ်ဒီးယားနိုင်ငံတွေကို ရာဇဝင်ကြွေးဆပ်မယ်'

ဒေးဗစ်က စစ်လက်စွဲကျမ်းများကို အကျိုးရှိရှိလေ့လာနိုင်ခဲ့၏။ ရင်ဆိုင်နေရသော မဟာမိတ်အင်အားစုများကို အနိုင်ရရှိရန်မှာ တစ်နိုင်ငံချင်းခွဲစေပြီးမှ တစ်နိုင်ငံချင်း ရှင်းပြစ်ရမည်။ 'နွားအုပ်ကိုကွဲစေပြီးမှ ကျားကတစ်ကောင်ချင်းကိုက်သည့်သဘော'သည် နည်းဗျူဟာကိုပင်လျှင် နိုင်ငံတွင်း၌ မိမိအား အတိုက်အခံပြုလာသည့်အင်အားစု ဖြိုခွင်းရာတွင်လည်း ကျင့်သုံးခဲ့သည်။

အခိုက်အတန့်တွင်မူ ပထမဦးဆုံးရရှိမည့် လေယာဉ်ပျံဖြင့် အာမာန်၊

ဒါမတ်စကပ်မြို့တော်များအပြင် အီဂျစ်နှင့် လက်ဘနွန်နိုင်ငံတွင်းသို့ ထိုးဖောက်ဝင်ရောက်ပြီးသည်နှင့် အီဂျစ်တို့အား တန်ပြန်ထိုးစစ်ဆင်ရပေလိမ့်မည်။ အဆုံးတွင် ဂျူးတို့က နဂျစ်သဲကန္တာရကို သိမ်းပိုက်ရပေလိမ့်မည်။

စင်စစ် ဂျူးနိုင်ငံသမိုင်းကို အစပင်မပြုရသေးမီမှာပင် အချက်တစ်ချက်က အထင်အရှား အခြားမဟုတ်။ ကုလသမဂ္ဂမှ သတ်မှတ်ပေးသော နယ်ခြားနယ်နိမိတ်သည်လည်းကောင်း၊ (၁၉၈၄)ခုနှစ် စစ်ပွဲတွင် လက်နက်အားကိုးဖြင့် တိုးချဲ့ရရှိလာသော နယ်မြေအကျယ်အဝန်းသည်လည်းကောင်း၊ ဒေးဗစ်အဖို့ အတိအကျသတ်မှတ်ထားသော နယ်နိမိတ်မဟုတ် . . .။

စစ်ဆင်ရေးကိစ္စများတွင် နစ်မြုပ်နေရသည်ကြောင့် နိုင်ငံသစ်အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ရမည်ကိုပါ ဒေးဗစ်မေ့နေပြီ။ သို့ရာတွင် အစိုးရအဖွဲ့ စည်းဝေးပွဲများက ရံဖန်ရံခါ ဝန်ကြီးဌာန တာဝန်ခံရမှုများ၊ ဝတ္တရားများနှင့်ပတ်သက်၍ အပြန်အလှန်ပြောရ စကားများရသည်ကြောင့် စည်းဝေးပွဲကျင်းပနေသည့်ကြားကပင် အခန်းမှထွက်၍ စစ်ဌာနချုပ် အဆောက်အဦသို့ ပြန်လာတတ်သည်။

စစ်ဦးစီးဌာနချုပ်မှ တယ်လ်အဗီးမြို့ရှိ မြေထဲပင်လယ်ကို မိုး၍မြင်နေသော စိမ်းစိမ်းစိုစို တောင်စောင်းမှ တစ်ချိန်က မိသားစုပိုင် ဟိုတယ် အဆောက်အဦလက်နက်ခဲယမ်းမီးကျောက်များ သယ်ဆောင်လာသော စစ်သင်္ဘောများက တယ်လ်အဗီးသို့ ချဉ်းကပ်လာနေသည်ကို အထင်းသားမြင်နေရ၏။

ဒေးဗစ်က စစ်ဆင်ရေးကိစ္စများကို အနီးကပ် လေ့လာဆောင်ရွက်သည်။ တပ်မှူးများကို ကိုယ်တိုင်ကိုယ်ကျ အမိန့်ပေးသည်။ ညွှန်ကြားသည်။ မေ (၆)ရက်နေ့က အရေးနိမ့်ခဲ့ရသော ပုန်ကန်မှုပြီးသည့်နောက် အတော်အဲတန်ငြိမ်သက်သွားသည်ဟု ဆိုရမည်ဖြစ်သော်လည်း အောက်တွင်မူ လှိုက်စားနေဆဲပင်ရှိသေးသည်။ အစ္စရေးဂဲလ်လီလီ၏ ရာထူးကိစ္စက အနည်မထိုင်သေး။ အစ္စရေးကာကွယ်ရေးတပ်မတော် **( Israeli Defence Army )**ဟု အမည်ပြောင်းခဲ့သည့်တိုင် နိုင်ငံရေးပါတီများ၏ကြိုးကိုင်မှုများနှင့် မကင်းရှင်းသေး။ ပါးလ်မတ်ချ်က ယခုဟိုင် သီးခြားလွတ်လပ်နေဆဲ။ စစ်ဆင်ရေးကိစ္စများနှင့်ပတ်သက်၍ သဘောကွဲကြသည့် အကြိမ်များလည်း မနည်း။ ဒေးဗစ်အဖို့မူ စစ်ဆင်ရေး၏အချုပ်မှာ ဂျေရုစလင်သာဖြစ်၏။

စစ်ဗိုလ်ချုပ်ကြီးများပေးသည့် အကြံကို ဖီလာဆန့်ကျင်၍ ဒေးဗစ်က ဂျေရုစလင်မြို့စစ်မျက်နှာသို့ စစ်တပ်များပို့နေသည်။ ရှေးမြို့တော်ကို သိမ်းပိုက်မ

သာ ဆန္ဒပြင်းပြနေသည်။ ဂျေရုစလင်မြို့သွားရာလမ်းပေါ်ရှိ 'လထရွန်း'သည် အချက်အခြာနေရာဟုလည်း ခံယူသဘောပေါက်ထားသည်။

'လထရွန်း'သည် အသဲကွဲစရာ၊ ရင်နင့်စရာ အရေးနိမ့်ခဲ့ရသည့် အဖြစ်အပျက်များ၏ သင်္ကေတဖြစ်လာ၏။ လထရွန်းစခန်းကို တိုက်ခိုက်သိမ်းပိုက်နိုင်ရန် ဒေးဗစ်က အရည်အသွေးမြင့်သောတပ်များနှင့် အရာရှိများကို အသုံးချသည်။ အကြမ်းပတမ်းခံနိုင်ရည်ရှိသော ပါးလ်မတ်ချ်တပ်ဖွဲ့များ၊ လက်စတော့ ဦးစီးသည့် သံချပ်ကားတပ်၊ အသစ်ဖွဲ့စည်းခဲ့သော အမှတ် (၇)တပ်မဟာတို့အား နာမည်ကျော် 'ပါးလ်မတ်ချ်' တပ်ဗိုလ်ချုပ်ကြီး 'ဂဲလီလီ'အလွန် အမေရိကန်လူမျိုး 'မားကပ်စ်'တို့ကို ကွပ်ကဲအုပ်ချုပ်စေသည်။

စင်စစ် 'လထရွန်း'သို့ စစ်ဆင်ရေးသည် ဒေးဗစ်အတွက် ပုဂ္ဂိုလ်ရေးသိက္ခာကျစရာဖြစ်ခဲ့ရသည်။ သူ့ သံမဏိဆုံးဖြတ်ချက်များသည် တစ်ချိန်က အောင်ပွဲအဆင့်ဆင့် ဆက်တိုက်ခံခဲ့သော်လည်း သည်တစ်ကြိမ်တွင် မရှုမလှရှုံးရသည်။

သို့တစေ သည်အရှုံးကိုပင် အရှုံးဟုမဆိုသာ၊ အာရပ်စစ်တပ်ကြီးမှ တပ်မှူးများက 'လထရွန်း'မှ ခုခံတိုက်ခိုက်နေသော အာရပ်စစ်တပ်ကို အင်အားဖြည့်ရန် ဂျေရုစလင်စစ်မျက်နှာမှ အာရပ်တပ်များကို ရုပ်သိမ်းခဲ့၏။ 'လထရွန်း'တိုက်ပွဲတွင် တိုက်ခဲ့ရသော ဂျူးများက နောက်ဆုံးအဓိက စစ်ပွဲဖြစ်သော 'ဂျေရုစလင်မြို့တိုက်ပွဲ' တွင်မူ အောင်ပွဲခံနိုင်သေးသည်။

နောက်တစ်ကြိမ် . . .

အစ္စရေးနိုင်ငံ၊ အစ္စရေးတပ်မတော်၏ ကြမ္မာနှင့်ဒေးဗစ်ဘင်ဂူရီယန်၏ အနာဂတ်ခရီးကို အဆုံးအဖြတ်ပေးမည့်တိုက်ပွဲတစ်ပွဲ ပေါ်လာခဲ့ပြန်သည်။ သည်တစ်ကြိမ်တိုက်ရမည့် စစ်ပွဲတွင် ရန်သူက အာရပ်တို့မဟုတ်တော့။ ဗြိတိသျှလည်း မဟုတ်။ ကုလသမဂ္ဂလည်းမဟုတ်။ ဂျူးအချင်းချင်း သွေးချောင်းစီးတိုက်ခဲ့ရသည့်ပွဲ . . .။ အိမ်ကြက်ချင်း ခွပ်ရသည့်ပွဲ။ လွတ်လပ်ရေးတိုက်ပွဲတွင် ကြေကွဲစရာ အကောင်းဆုံးတိုက်ပွဲ။ လက်နက်ခဲယမ်းမီးကျောက်နှင့် ပြည်ပမှ ဂျူးလူမျိုးတင်ဆောင်လာသော အမေရိကန်သင်္ဘောငယ်လေး 'အော်လ်တာလီးနား' ( **Altalena** )ကြောင့် ဖြစ်ခဲ့သည့် ရန်ပွဲပါ။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## အော်လ်တာလီးနားသင်္ဘောပြဿနာ

'အော်လ်တာလီးနား'သည် 'ဗလာဒီမာဂျာဘိုတင်စကီး'၏ ကလောင်နာမည်ဖြစ်၏။ အမေရိကန်ရေတပ်မှ အမေရိကန်ဂျူးတစ်စုက ဒေါ်လာ (၇၅၀၀၀) ဖြင့် ဝယ်ယူခဲ့သော သင်္ဘောကလေးကို 'အော်လ်တာလီးနား'ဟု မှည့်ခေါ်ထားသည်။ သင်္ဘောဝယ်ယူသော အမေရိကန်ဂျူးတစ်စုကို ဇာတ်ညွှန်းဆရာ 'ဘင်ဟာတ်ချ်'နှင့် ဝတ္ထုစာရေးဆရာ 'လူဝီဘရောင်းဖီးလ်'တို့က ဦးဆောင်သည်။ သူတို့နှစ်ဦးစလုံးက 'အတ်ဇယ်လ်'ပါတီကို ထောက်ခံသူများဖြစ်၏။

သည်သင်္ဘောကလေး လက်ဝယ်ရရှိလာသည်နှင့် အတ်ဇယ်လ်ပါတီခေါင်းဆောင်များက အစ္စရေးနိုင်ငံသို့ပို့ရန် လက်နက်ပစ္စည်း ခဲယမ်းမီးကျောက်များအများအပြားရရှိဖို့ ဆောင်ရွက်လာသည်။ 'အတ်ဇယ်လ်'သည် အစ္စရေးနိုင်ငံတွင်လက်နက်အင်အားအတောင့်ဆုံး အဖွဲ့အစည်းဖြစ်လာပေတော့မည်။

တဖန် ပြင်သစ်အစိုးရနှင့်လည်း တိတ်တဆိတ် ဆက်သွယ်ပြန်သည်။ စင်စစ် ပြင်သစ်တို့က အစ္စရေးတပ်မတော်အား ယခင့်ယခင်ထဲကပင် အကူအညီပေးလျက်ရှိ၏။ 'အတ်ဇယ်လ်'အဖွဲ့၏ စီမံကိန်းများပေါ် ဘဝင်ကျနေကြောင်းသတင်းများကြားရသည်။ သို့ရာတွင် အစိုးရအဖွဲ့အဆင့်ဖြင့် ဆုံးဖြတ်ချက်မရသေး။ ပြင်သစ်နိုင်ငံရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန် 'ရွှန်းမိုးရင်း'က အတ်ဇယ်လ်အဖွဲ့

လက်နက်များပေးရန် မေတ္တာရပ်ခံလာသည်ကို နိုင်ငံခြားရေးဝန်ကြီး 'ဂျော့ဘီဒေါ်လ်' နားသို့ပေါက်အောင် ဆောင်ရွက်ပေးသည်။ 'ဂျော့ဘီဒေါ်လ်' အစ္စရေးအပေါ် ထားရှိသော သဘောထားက ရန်မူသည့်သဘောမရှိစေကာမူ ခပ်တန်းတန်းသဘောရှိ၏။ သို့ရာတွင် 'အတ်ဇယ်လ်'အဖွဲ့၏ တောင်းခံခြင်းကို ပြင်သစ်အစိုးရက ပေးဖို့ သဘောတူဟန်ရှိသည်။ ချင်းချက်တော့ရှိသည်။ ပါလက်စတိုင်းရှိ ပြင်သစ် ကက်သလစ် ခရစ်ယာန်သာသနာပြု အဖွဲ့အစည်းများအား အတ်ဇယ်လ်၏ လက်နက်ကိုင်အဖွဲ့များက ကာကွယ်စောင့်ရှောက်ပေးရမည် . . . တဲ့။

ပြင်သစ်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းနေရ၍ အချိန်ကဖင့်ပြန်၊ ဥရောပမှ လက်နက်ပစ္စည်းများ လိုသလောက်မရသေးပြန်သည့်အတွက် 'အတ်ဇယ်လ်' အဖွဲ့ ကိုယ်စားလှယ်များက 'အော်လ်တာလီးနား'သင်္ဘောထွက်ရမည့်ရက်ကို ဆိုင်းစေခဲ့၏။

(၁၉၄၈)ခု၊ ဇွန်လ (၁၁)ရက်နေ့၊ 'အော်လ်တာလီးနား'သင်္ဘောသည် လက်နက်နှင့် ခဲယမ်းမီးကျောက်များတင်လျက် အစ္စရေးနိုင်ငံသို့ ထွက်ခွာတော့သည်။ လက်နက်ခဲယမ်းမီးကျောက်များမှာ အချို့ကို နည်းအမျိုးမျိုးဖြင့် ဝယ်ယူ၍ အချို့မှာ ပြင်သစ်အာဏာပိုင်များက အခမဲ့ပေးခဲ့၏။ အစ္စရေးနိုင်ငံသစ်သို့ ခိုလှုံရန်လိုက်ပါလာသူ (၈၀၀)ခန့်လည်း သင်္ဘောပေါ်တွင်ပါ၏။ 'အတ်ဇယ်လ်'အဖွဲ့အတွက် စစ်မှုထမ်းမည့်သူများဖြစ်သည်။

သို့သော် အော်လ်တာလီးနားသင်္ဘောက ထိုအချိန်တွင် အစ္စရေးနိုင်ငံ ပင်လယ်ကမ်းခြေသို့ ဆိုက်ရောက်လာခြင်းက 'အတ်ဇယ်လ်'အဖွဲ့ ခေါင်းဆောင်များ အတွင်း တစ်နည်းနည်းအရှုပ်တော်ပုံ ပေါ်စေသည်။

အစ္စရေးနိုင်ငံတည်ထောင်ကြောင်းကို မကြေငြာမီတွင်ပင် 'မိနာဟမ် ဘီဂင်း'က 'အတ်ဇယ်လ်'အဖွဲ့အား ယာယီအစိုးရ ထိန်းကွပ်မှုအောက်တွင် ထားရှိပါမည်ဟု လူသိရှင်ကြား ကြေငြာခဲ့၏။

ဇွန် (၁)ရက်နေ့၊ စစ်ပွဲမှာ သတင်းနှစ်ပတ်မျှကြာခဲ့ရာ 'ဘီဂင်း'က မိမိအဖွဲ့၏ လက်နက်ကိုင်တပ်ဖွဲ့များ အမျိုးသားတပ်မတော်နှင့် လက်တွဲပူးပေါင်းတိုက်ရန် အမိန့်ပေးခဲ့သည်ထိ တစ်ဆင့်လှမ်းတက်လာပြန်သည်။ လက်နက်ကိုင်တပ်ဖွဲ့များအား စုစည်းဖွဲ့စည်းသည်အထိ မိမိတို့၏ ကွပ်ကဲရေးဌာနချုပ်ကို ယာယီအစီအစဉ်အဖြစ် ဆက်လက်ထားရှိပေမည်။ သည်သဘောတူညီချက်အရ 'အတ်ဇယ်လ်' အဖွဲ့က ရတတ်သမျှ လက်နက်ပစ္စည်းများနှင့် နိုင်ငံခြားအဆက်အသွယ်မှန်သမျှအား အမျိုးသားစစ်ကွပ်ကဲမှုဌာနချုပ်အောက်တွင် ထားရှိခဲ့သည်။ နိုင်ငံတစ်ကာ မြို့တော်

အဖြစ်ပင်ရှိနေသေးသည့် ဂျေရုစလင်မြို့မှ အခြေအနေကြောင့် ချွင်းချက်တစ်ခု ပေါ်လာသည်။ ဒေးဗစ်ဘင်ဂူရီယန်က ဂျေရုစလင်အား မြို့တော်အဖြစ်သတ်မှတ်မည်ဟု ကြိမ်းဝါးခဲ့သည်။ သို့သော် ဂျေရုစလင်သည်ပင် အစ္စရေးနိုင်ငံ နယ်နိမိတ်သတ်မှတ်ချက်တွင် လုံးဝမပါဝင်ခဲ့။ သို့ကြောင့် ဂျေရုစလင်မြို့ရှိ 'အတ်ဇယ်လ်' အဖွဲ့ကလာပ်စည်းခွဲက 'ဟာဂါနာ'၊ 'ပါးလ်မတ်ချ်'အဖွဲ့အစည်းများဖြင့် မပူးပေါင်း။ မိမိသဘော၊ မိမိဆန္ဒဖြင့် လုပ်ချင်ရာလုပ်၍ လှုပ်ရှားနေသည်။ 'ဟာဂါနာ'နှင့် 'ပါးလ်မတ်ချ်'အဖွဲ့အစည်းများကမူ အစ္စရေးနိုင်ငံ စစ်ဦးစီးကွပ်ကဲမှုဌာနချုပ်အောက်တွင် ထားရှိ သည်။

သို့ရာတွင် ဘီဂင်းနှင့် ဒေးဗစ်ဘင်ဂူရီယန်တို့၏ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်ကို အမိပွါယ်ဖေါ်ရန်မလွယ်လှ . . .။

'အမျိုးသားတပ်မတော်ဟူသော အဓိပ္ပါယ်ကို ဒေးဗစ်မှ တစ်ပါး အဘယ်သူများ သိသေးသနည်း'

နှစ်ပေါင်းနှစ်ထောင်မျှ နိုင်ငံမဲ့ဘဝဖြင့် ကျင်လည်ခဲ့ရသော လူမျိုးအတွက်။ စင်စစ် နိုင်ငံဆိုသည်ပင် ထူးထူးဆန်းဆန်း . . .။ ကိုယ်က သူ့မယုံ၊ သူက ကိုယ့်မယုံသည့်ဘဝ။ 'ဟာဂါနာ' ကာကွယ်ရေးတပ်ဖွဲ့မှ ကမကထပြု၍ ဖွဲ့စည်းထားသော တပ်မတော်တွင် ပါဝင်လက်တွဲဆောင်ရွက်ရမည်မှာ 'အတ်ဇယ်လ်'အဖွဲ့အဖို့ နည်းနည်းမျှ ဘဝင်မကျနိုင်။ 'ဟာဂါနာ' ဆိုသည် တစ်ချိန်က မိမိတို့အား ဆန့်ကျင်ခဲ့သည်အဖွဲ့အစည်း။ ပြီး မိမိတို့အား လိုက်လံဖမ်းဆီးရန် ညွှန်ကြားမှုပြုခဲ့သည်မှာလဲ ဒေးဗစ်ဘင်ဂူရီယန် မည်သို့ဆိုစေ သဘောတူစာချုပ်ကမူ အခိုက်အတန့်အားဖြင့် အေးဆေးငြိမ်သက်သွားစေသည်မှာ အမှန်။ သို့ရာတွင် မုန်တိုင်းထန်တော့မည့်ဆဲဆဲ ငြိမ်သက်ခြင်းတည်း။

'အော်လ်တာလီးနား'သင်္ဘောရောက်လာခြင်းပင်လျှင် တစ်ဖက်နှင့်တစ်ဖက် စိတ်ကောင်းစေတနာကောင်းမှ ရှိပါလေစ ဆိုသည်ကို မှန်းဆနိုင်၏။ 'ဘီဂင်း'က 'ဒေးဗစ်ဘင်ဂူရီယန်'၏ ကိုယ်စားလှယ်များဖြစ်ကြသော 'ဂဲလီလီ'နှင့် 'လက်ဗီအက်ရှ်ကိုးလ်'တို့အား မိမိဌာနချုပ်သို့ ဖိတ်ခေါ်သည်။ 'အော်လ်တာလီးနား' သင်္ဘောနှင့် သင်္ဘောပါပစ္စည်းများကို ဝယ်ယူရန်ကမ်းလှမ်းခြင်းတည်း။ 'ဂဲလီလီ'နှင့် 'လက်ဗီအက်ရှ်ကိုးလ်'တို့ကလည်း လက်မခံကြ။ ထိုစဉ်က လက်နက်ဝယ်ယူရေးကိစ္စမှာ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်သည်။ သို့ရာတွင် 'အတ်ဇယ်လ်'အဖွဲ့အစည်းကမူ သင်္ဘောစင်းလုံးပြည့် လက်နက်ခဲယမ်းမီးကျောက်များ ပါလာသည်ကို ဟိုးလေး

တကျော်လုပ်နေကြသည်။ မြေထဲပင်လယ်ဒေသတစ်ပိုက်ရှိ ထောက်လှမ်းရေးသမားများက မသိချင်အဆုံး။ သို့ကြောင့် လူသိရှင်ကြားလုပ်နေ၍လည်း မည်သို့မျှမထူး . . .။

'ဘီဂင်း'က သင်္ဘောကို ထွက်ခွာရန် အမိန့်ပေးလိုက်၏။ ဇွန် (၁၁)ရက်နေ့။ 'အော်လ်တာလီးနား'သင်္ဘောက ဒီတော့ မြို့ဆိပ်ကမ်းမှ ထွက်ခွာသည်။ ကုန်က အပြည့်။ သို့ရာတွင် ထိုနေ့မှာပင် ပေါ်ပေါက်လာသော ဖြစ်ရပ်သစ်များက အခြေအနေကို ပို၍ပို၍ပင် ရှုပ်ထွေးစေပါ၏။ ကုလသမဂ္ဂက စေ့စပ်သည်ကြောင့် သတင်း (၄)ပတ်မျှ အပစ်အခတ်ရပ်စဲရန် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့၏။ ထိုအတောအတွင်း ပြည်ပမှ လက်နက်ခဲယမ်းမီးကျောက်များကို ခိုးမသွင်းရန် တားမြစ်သည်ဟူသော အချက်တစ်ချက်လည်း သဘောတူစာချုပ်တွင်ပါ၏။

'အော်လ်တာလီးနား' သင်္ဘောကို ဘယ်သို့ဖြေရှင်းမည်လဲ။

လွယ်ပါသည်။ စစ်လက်နက်ခဲယမ်းမီးကျောက်များတင်ပြီး အစ္စရေးနိုင်ငံသို့ ချဉ်းကပ်လာသည့် အခြားအခြားသော သင်္ဘောများထုံးကို နှလုံးမူရုံပဲပေါ့။ လူသူလေးပါးကင်းသော ပင်လယ်ကမ်းခြေတစ်နေရာတွင် ကုန်းပေါ်တင်ရပေလိမ့်မည်။ ကုလသမဂ္ဂမှ စောင့်ကြပ်ကြည့်ရှုသူများက အာရုံစိုက်နေသည့်ကြားက ကွေ့ကွင်းရှောင်ရှားရာတွင် ဂျူးလူမျိုးများ အထူးကျွမ်းကျင်နေလေပြီ။

သည်သို့ပင် သဘောပေါက်နားလည်ထားသည်ကြောင့် ဂဲလီလီနှင့် ဘီဂင်းတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြ၏။ သို့ရာတွင် ဇွန်လ (၁၇)ရက်နေ့၌ 'ဘီဂင်း'က ဝန်ချတောင်းပန်သည်။ သူ့အပေါင်းအသင်းများက သည်လက်နက်ခဲယမ်းမီးကျောက်များအား အမျိုးသားစစ်ဦးစီးကွပ်ကဲမှုဌာနချုပ်လက်အောက်သို့ လွှဲပြောင်းမပေးဘဲ နိုင်ငံတစ်ဝှမ်းနေရာအနှံ့တွင် တာဝန်ထမ်းဆောင်နေသော 'အတ်ဇယ်လ်'၏ လက်နက်ကိုင်အဖွဲ့အစည်းများသို့ ဖြန့်ဝေပေးသည်တဲ့ . . .။

'ဒီလက်နက်တွေက ကျုပ်တို့ပိုင်ပဲ။ ဒီတော့ ကျုပ်တို့လူတွေကို အရင်ဆုံးလက်နက်တပ်ဆင်ပေးတာဟာ သဘာဝကျတာပေါ့ . . .'

ပြီးလျှင် ပြင်းပြင်းထန်ထန်ပုတ်ခတ်ဝေဖန် ဆွေးနွေးကြ၏။ (၁၉၄၈)ခုနှစ်၊ ဇွန်လတွင်းသို့ပင် ချဉ်းနင်းဝင်ခဲ့ပြီ။ သို့တစေ အစ္စရေးသည် စင်စစ်နိုင်ငံဟု ဆိုရလောက်အောင် အခြားအခြားသောနိုင်ငံများနှင့် တန်းတူရည်တူမဖြစ်သေး . . .။

'အတ်ဇယ်လ်'ပါတီအဖွဲ့ခေါင်းဆောင်များက လက်နက်ခဲယမ်းမီးကျောက်ပစ္စည်းများကို မိမိကိုယ်တိုင် ကုန်းပေါ် သို့ သယ်ယူရန် ဆုံးဖြတ်ထား၏။ အစိုးရ၏

ညွှန်ကြားချက်ကို ဂရုမစိုက်သည့် အပြုအမူကို စည်းမဲ့ကမ်းမဲ့ဖြစ်သည်ဆိုခြင်းထက် ပို၍ လွန်ကဲသည်ဟု 'ဂဲလီလီ'က ယူဆ၏။ 'အတ်ဇယ်လ်'အဖွဲ့ အစည်းကဲ့သို့သော ရန်လိုသည့် လူနည်းစုအဖွဲ့တွင် 'အော်လ်တာလီးနား'သင်္ဘောပေါ်မှ လက်နက်ခဲယမ်းမီးကျောက် အမြောက်အများကို ပုံအပ်လိုက်ပါက နိုင်ငံတော်အာဏာပိုင်အဖွဲ့ အစည်းများအတွက် အန္တရာယ်ဖြစ်သည်ဟု ထင်၏။ ဒေးဗစ်ဘင်ဂူရီယန်က မိမိသဘောထားကို သဘောပေါက်နားလည်အောင် ချက်ခြင်းရှင်းပြသည်။ သင်္ဘောပေါ်မှ လက်နက်ပစ္စည်းများ ကုန်းပေါ်ရောက်သည်နှင့် နိုင်ငံအစိုးရအာဏာပိုင်များသို့ အပ်နှံရမည်ဖြစ်ပြီး 'အတ်ဇယ်လ်'အဖွဲ့ အစည်းကလည်း အမျိုးသားတပ်မတော်၏ အခြားအခြားသော တပ်ရင်းတပ်ဖွဲ့များနည်းတူ ခွဲတမ်းဖြင့် ရမည်တဲ့ . . .။

အဖြစ်အပျက်များက မြန်မြန်ဆန်ဆန် ဖြစ်ခဲ့သည်။

ဇွန်လ (၂၀)ရက်နေ့။

'အော်လ်တာလီးနား'သင်္ဘောက အစ္စရေးနိုင်ငံ ရေပိုင်နက်အတွင်းသို့ ဝင်လာခဲ့ပြီး 'ကဖားဗစ်ကင်း'ကျေးရွာအနီးတွင် ကျောက်ချနေသည်။ 'အတ်ဇယ်လ်' ပါတီလက်အောက်ခံတပ်ဖွဲ့များမှ စစ်သားများက မိခင်တပ်ရင်းမှခွန်ခွာ၍ လက်နက်များသယ်ယူရန် ကမ်းခြေတွင်ရပ်စောင့်လျက်ရှိ၏။ သည်လက်နက်ပစ္စည်းများကို သယ်ယူရန် တပ်မတော်မှ မော်တော်ယာဉ်များကိုပါ ခိုးယူကြ၏။

လက်နက်ပစ္စည်းများကို အတိုက်အခံပြုသူများကို ကုန်းပေါ်သို့ ချဝေခြင်းက မွေးကင်းစနိုင်ငံ၏ အာဏာပိုင်များအား ဆန့်ကျင်ကန့်လန့်လုပ်ခြင်း၏ ပဏာမပေပဲလား။

ယာယီအစိုးရအဖွဲ့ အစည်းအဝေးကို တယ်လ်အဗီးမြို့တွင် ကျင်းပသည်။ ဒေးဗစ်ဘင်ဂူရီယန်က ခပ်မဆိတ် တိတ်တိတ်ပင်နေလိုက်၏။ ယတိပြတ် စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။ ရက်ကရက်အဖြစ်အပျက်များ ပြောင်းလဲလာပြီး အရေးတကြီး အဆုံးအဖြတ်များ ပေးစရာရှိလေသည့်အတိုင်း ဒေးဗစ်သည် ပုံချိုးခဲ့၏။

'ဒီအဖြစ်အပျက်က သိပ်အရေးကြီးတယ်၊ နှစ်နိုင်ငံတော့ ဘယ်နည်းနဲ့မှ မဖြစ်စေရဘူးဟေ့ . . . အဲ . . . စစ်တပ်လဲ နှစ်ခုမဖြစ်စေရဘူး။ အခုအချိန်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ဖောက်ဖျက်တဲ့အတွက် နိုင်ငံရေးနှင့် နိုင်ငံတကာအရေးအခင်းတွေ ဘယ်လောက်ရှုပ်ထွေးလာမယ်ဆိုတာကို ဆွေးနွေးမပြချင်တော့ဘူး။ စစ်ဖြစ်နေရတဲ့ကာလမှာ ကျုပ်တို့နိုင်ငံရေးကို စိတ်မဝင်စားနိုင်ပါဘူး။ ဒါပေမယ့် ကျုပ်တို့တစ်ခုခုတော့ ဆုံးဖြတ်ချက်ချရလိမ့်မယ်။ ဘီဂင်းကို အာဏာ

အပ်နှင်းမလား၊ ဒါမှမဟုတ် ဘီဂင်းရဲ့ တစ်သီးတစ်ခြား လွတ်လွတ်လပ်လပ် ထင်ရာ စိုင်းနေတာကို ရပ်တန်းက ရပ်စေမလား၊ ဘီဂင်းက ကျုပ်တို့ရဲ့ အဆုံးအဖြတ်ကို မခံရင် ကျုပ်တို့ သူ့ကိုဆော်ရမှာပဲ'

အစိုးရအဖွဲ့ဝင်များက နောက်တဖန် ဖြေရှင်းချက်ရှာကြသည်။ အချို့က ချက်ခြင်း အဆုံးအဖြတ်မပေးဘဲ အချိန်ဆွဲထားစေလိုသည်။ အချို့က 'ဘီဂင်း'အား ဖမ်းဆီးရန် အကြံပေးလာသည်။

ဒေးဗစ်ဘင်ဂူရီယန်က 'ဂဲလီလီ'နှင့် 'ယာဒင်း'တို့အား အခေါ်လွှတ်လိုက် သည်။ 'အတ်ဇယ်လ်'အဖွဲ့လုပ်ရပ်များကို ဖန့်တားနှိမ်နင်းဖို့ တပ်ရင်း နှစ်ရင်းမျှ လိုမည်ဟု သူတို့ကတင်ပြကြသည်။ အကယ်၍ အာဏာဖီဆန်သူများက ရပ်တန်းက ရပ်ဘဲ ဆက်လက်လုပ်မြဲလုပ်မည်ဆိုပါက အင်အားသုံး၍ နှိမ်နင်းရန် ဒေးဗစ်က ဆိုသည်။

'သူတို့လက်ဝယ်မှာ ရိုင်ဖယ်သေနတ် အလက် (၅၀၀၀)နဲ့ စက်သေနတ် (၂၅၀)ရှိတယ်ဆိုတာသာ တကယ်မှန်ရင် သူတို့တစ်တွေလုပ်ရပ်ဟာ နောင်မကြာခင် ပေါ်လာတော့မယ့်လုပ်ရပ်နဲ့စာရင် မဖြစ်လောက်ဘူး။ အဲ . . . ဒီလိုသာဆိုရင် နှစ်နိုင်ငံပေါ်လာလိမ့်မယ့် လက်နက်တပ်ဖွဲ့လဲ နှစ်ခုဖြစ်လာလိမ့်မယ်'

အကယ်၍ 'အတ်ဇယ်လ်'ပါတီခေါင်းဆောင်များက သည်သတိပေးချက် ကို လက်မခံ။ ငြင်းပယ်ခဲ့လျှင် အကြမ်းနည်းကို အသုံးချရန် ဝန်ကြီးအားလုံးက အတည်ပြုကြ၏။ နှစ်ဘက်အားပြိုင်မှုက မလွဲမသွေ တွေ့ရပေတော့မည်။

နောက်တစ်နေ့နံနက်တွင် 'ဘီဂင်း'က ဘင်ဂူရီယန်၏ ရာဇသံကို လက်မခံ ငြင်းပယ်ခဲ့၏။ 'ဘီဂင်း'က အရပ်ဝတ်ဖြင့်ပင် သောင်စပ်တွင်ရပ်လျက် သင်္ဘောပေါ်မှ လက်နက်များ ကမ်းပေါ်သယ်ယူရေးကို ကိုယ်တိုင်ကိုယ်ကျ ညွှန်ကြားလျက်ရှိ၏။ 'အော်လ်တာလီးနား'သင်္ဘောက ကမ်းနှင့် ကပ်နိုင်သမျှကပ်လျက် လက်နက်ခဲယမ်း မီးကျောက်များကို ယခုမှ လက်ဖြစ် ရေပေါ်တံတားပေါ်သို့ ချကြသည်။

'မစိုးရိမ်နဲ့ ဒါအရေးမကြီး၊ ဒီအရပ်မှာက ဒီလိုပဲ ရာဇသံပေးနေကြ နောက်တော့လဲ ဘာမှဖြစ်တာမဟုတ်ဘူး'

ဟူ၍ ဘီဂင်းက သင်္ဘောမာလိန်မှူးကိုပင် အားပေးနေ၏။

တကယ်တော့ ဘီဂင်းအတွက် မှားလေပြီ။ စာရွက်တစ်ရွက်ပေါ်တွင် အလျင်စလို ရေးထားသော သတိပေးစာနောက်တွင် 'ဗူးဆိုဖရုံမသီး'သူ ဒေးဗစ် ဘင်ဂူရီယန်ရှိနေသည်။ ညနေ (၄)နာရီထိုးသည်နှင့် လက်ဖြစ်ဆိပ်ခံဘောတံတားကို

မိုးမြင်နေရသော တောင်စောင်းလိမ်မွှော်ခြံတွင် တစ်ဖက်နှင့်တစ်ဖက် စတင်ပစ်ခတ်ကြသည်။ ပင်လယ်ပြင်ဘက်တွင်လည်း အစ္စရေးရေတပ်မတော်မှ စစ်သင်္ဘောငယ်များပေါ်လာ၏။ ကမ်းခြေသဲသောင်ပြင်တွင် စုပုံလျက်ရှိနေသေးသည့် ခဲယမ်းမီးကျောက်များပေါ်သို့ စက်သေနတ်ကျည်ဆံနှင့် မော်တာကျည်ဆံများက ကျပြန်သည်။ 'အတ်ဇယ်လ်'အဖွဲ့ဝင် လက်နက်ကိုင်ရဲဘော်များက စက်ဝိုင်းခြမ်းပုံသဏ္ဍာန် ဝိုင်းခံထားရသည်မှ ဖောက်ထွက်ရန် အားထုတ်သေး၏။ မအောင်မြင်ခဲ့။ နာရီ အနည်းငယ်ကြာတိုက်ကြပြီးမှ 'အတ်ဇယ်လ်'အဖွဲ့က လက်နက်ချသည်။ ခေါင်းဆောင်တစ်ဦးက လက်နက်ချစာချုပ်ကို လက်မှတ်ရေးထိုးသည်။ လက်နက်ချစာချုပ်အရ လက်နက်ခဲယမ်းမီးကျောက်ပစ္စည်းများကို အမျိုးသားတပ်မတော်သို့ ထိုးအပ်ရ၏။ လက်နက်ပစ္စည်းများကို ကမ်းပေါ်သယ်ချသော သေတ္တာများအား ယူကြ၏။ 'အတ်ဇယ်လ်'အဖွဲ့ဝင်များကိုလည်း သုံ့ပန်းအဖြစ်ဖမ်းခဲ့သည်။

ဘီဂင်းကမူ လက်နက်မချ။ 'အော်လ်တာလီးနား'သင်္ဘောပေါ်သို့ တက်သွားပြီး ကမ်းခြေအတိုင်း ခုတ်မောင်းသွားသည်။ နောက်တစ်နေ့မနက် (၂)နာရီ တွင် တယ်လ်အဗီးမြို့စွန် ပင်လယ်ပြင်တွင် ကျောက်ချထားသည်။

ကမ်းခြေနှင့် တိုက်အနည်းငယ်သာ ဝေးတော့သည်။ ဗိမ်ခံဟိုတယ်ကြီးများနှင့် မျက်စောင်းထိုးပင်လယ်ပြင်တွင်ဖြစ်၏။ သည်နေရာတွင်မှ 'အော်လ်တာလီးနား' သင်္ဘောအရေးအခင်း၏ နောက်ဆုံးနှင့် ကြေကွဲဖွယ်ရာအဖြစ်က ပေါ်လာတော့၏။

လင်းအရုဏ်ကျင်းသည်နှင့် လူများက နေရာအနှံ့မှ ပင်လယ်ကမ်းစပ်သို့ ပြေးဆင်းလာကြသည်။ 'အတ်ဇယ်လ်'အဖွဲ့လိုလားသူ ထောက်ခံသူများက မြို့နှင့် မြို့ပျားနေရာများမှာ ဝမ်းပန်းတသာ ဆင်းလာကြသည်။ လှေများဖြင့် သင်္ဘောဆီသို့ သွားကြပြီး လက်နက်ခဲယမ်းမီးကျောက်ထည့်သေတ္တာများဖြင့် ပြန်လာကြ၏။ ဘာပဲဖြစ်ဖြစ် 'အတ်ဇယ်လ်'အဖွဲ့က လက်နက်များကို ကမ်းပေါ်သို့ သယ်ချကြ၏။ တယ်လ်အဗီးတွင်ရှိသော စစ်တပ်များမှာ အင်အားနည်းသည်ဟု ယူဆဟန်ရှိ၏။

ကုလသမဂ္ဂကြီးကြပ်ရေးအဖွဲ့ဝင်များမှာ ဟိုတယ်ပြတင်းပေါက်မှကြည့်နေ သည်။ 'အတ်ဇယ်လ်'အဖွဲ့ကမူ မတိုက်ရဘဲလျက် လက်နက်ပစ္စည်းများကို အသာတကြည် ထိုးမအပ်လို။

အရေးပေါ် အစိုးရအဖွဲ့ အစည်းအဝေးကို ကျင်းပသည်။ အခြေအနေ က ယမန်နေ့ကနှင့်မတူ ကြောက်စိတ်များက လွှမ်းနေသည်။ ဂျူးကြောင့် ဂျူး သွေးမြေကျခဲ့ရပြီ။ မဖြစ်သင့် မဖြစ်ထိုက်သော အကြီးဆုံးပြစ်မှုပင် မဟုတ်ပါလော

ဝန်ကြီးအများစုက မူလက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သော အကြမ်းဖက်နှိမ်နင်းရန်ကိုပင် ဆက်လုပ်ရန်တိုက်တွန်းသည်။ အချို့ကလည်း 'အတ်ဇယ်လ်'အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းပြီး နှစ်ဖက်အပေးအယူလုပ်ကာ ဖြေရှင်းစေလို၏။ အစိုးရအဖွဲ့သိက္ခာကျသည်ဟုပင်ဆိုဆို၊ အရေးကြီးဆုံးက ပြည်တွင်းစစ်ကိုရှောင်ရပေလိမ့်မည်။

သို့သော် . . . ဒေးဗစ်ဘင်ဂူရီယန်ကမူ တစ်လက်မမျှ အလျှော့မပေး။

'အတ်ဇယ်လ်နဲ့ ဘယ်သောအခါမှ မစေ့စပ်စတမ်း'တဲ့။

ဒေးဗစ်ကမူ သို့ကလိုသာ ကြိမ်းဝါးနေတော့သည်။

ဝန်ကြီးအဖွဲ့ စည်းဝေးပွဲကျင်းပနေချိန်မှာပင် ဆက်သားတစ်ဦးရောက်လာသည်။ 'အော်လ်တာလီးနား'သင်္ဘောပေါ်မှ လက်နက်ခဲယမ်းမီးကျောက်ပစ္စည်းများကမ်းပေါ်သို့ ချခဲ့ပြီး 'အတ်ဇယ်လ်'အဖွဲ့က နိုင်ငံတော်၏အမိန့်ကို လက်မခံဟုသတင်းပို့လာသည်။

အကယ်၍ 'အတ်ဇယ်လ်'ပါတီခေါင်းဆောင်များက အမိန့်မနာခံဘဲ ဇွတ်တရွတ်လုပ်နေခဲ့လျှင် အကြမ်းဖက်နှိမ်နင်းရန်အတွက် ဝန်ကြီးတစ်ဖွဲ့လုံး၏ တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုမှုကို သည်တစ်ကြိမ်တွင်လည်း ဒေးဗစ်ရပြန်၏။

လက်နက်ချရန် အကြိမ်ကြိမ်ပြောပြီးမှ ဇိမ်ခံဟိုတယ်ကြီးများရှေ့ ပင်လယ်ကမ်းစပ်သဲသောင်ပြင်တွင်း စစ်ခင်းကြသည်။ နိုင်ငံခြားသား အလည်အပတ် ရောက်လာသူနှင့် သတင်းထောက်များက ပွဲကြီးပွဲကောင်းမို့ ကြည့်ကောင်းနေသည်ထင့်။ အစ္စရေးတပ်မတော်က 'ပါးလ်မတ်ချ်'လက်နက်ကိုင်တပ်ဖွဲ့များ အပါအဝင် တယ်လ်အဗီးဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်စစ်တပ်များကိုပါ ထပ်ကူညီရသည်။ 'အော်လ်တာလီးနား'သင်္ဘောက သန္တာကျောက်တန်းတွင်ကပ်လျက် ကျောက်ချထားသည်။ သင်္ဘောပေါ်မှလူများက ကုန်းပတ်ပေါ်မှ စက်သေနတ်များဖြင့် ကမ်းခြေမှပစ်သည်ကို ပြန်ပစ်နေကြသည်။ အခြေအနေရှုပ်ထွေးနေချိန်တွင် မြေပြင်ပစ်အမြောက်ကြီးတစ်လက်ကိုပါ ဆွဲယူလာသည်။ ဒေးဗစ်ဘင်ဂူရီယန်၏ သဘောတူညီချက်ကို ရယူကာ အုပ်ချုပ်သူအရာရှိက သင်္ဘောကို အမြောက်ဖြင့်ပစ်ရန် အမိန့်ပေးသည်။ ခဲယမ်းမီးကျောက်များ အမြောက်အများကျန်ရှိနေသေးသည်ကြောင့် အကယ်၍ သင်္ဘောကိုထိမှန်ပြီး ပေါက်ကွဲလျှင် ကမ်းခြေသို့ မျက်နှာမူထားသော အဆောက်အဦများကိုပါ ပျက်စီးစေမည့် အန္တရာယ်ရှိနေသည်။ သို့ရာတွင် ပစ်မိန့်ပေးသားပြီးဖြစ်သည်။ ပထမအချက်က သင်္ဘောကို မထိမှန်ဘဲ လုံးဝလွဲသွားသည်။

ဒုတိယတစ်ချက်က တိုက်ရိုက်ထိမှန်သည်။ ပေါက်ကွဲသည်နှင့်အတူ သင်္ဘောတစ်စင်း
လုံးသို့ မီးကူးစက်လောင်သွားသည်။ သင်္ဘောပေါ်မှ 'အတ်ဇယ်လ်'အဖွဲ့ဝင်များက
ခုန်ချကြ၍ ကမ်းခြေသို့ ကူးကြသည်။ သင်္ဘောပေါ်မှ နောက်ဆုံးစွန့်ခွာသူမှာ 'ဘီဂင်း'
မိနစ်အနည်းငယ်ကြာလျှင် သင်္ဘောတစ်စင်းလုံး ပျက်စီးဆုံးရှုံးခဲ့သည်။ သို့တစေ
မျှော်လင့်သလောက် အန္တရာယ်မများခဲ့။

ထိုနေ့မှာပင် ဒေးဗစ်ဘင်ဂူရီယန်၏အမိန့်အရ တစ်နိုင်ငံလုံးတွင်
'အတ်ဇယ်လ်'ပါတီအဖွဲ့ဝင်များကို ဖမ်းဆီး၍ ပါတီလက်အောက်ခံ လက်နက်ကိုင်
တပ်ဖွဲ့များမှ လက်နက်များကိုပါ သိမ်းဆည်းလိုက်၏။ သည်သို့ ပြင်းပြင်းထန်ထန်
နှိမ်နင်းလိုက်သည်ကြောင့် 'အတ်ဇယ်လ်'ပါတီက နောက်တစ်ကြိမ် ခေါင်းမထောင်နိုင်
တော့။ ရန်ဆူး ရန်ညှောင့်မှန်သမျှကို ဖယ်ရှားနိုင်ခဲ့လေပြီ။

ညနေတွင် 'ဘီဂင်း'က လျှို့ဝှက်အသံလွှင့်ဌာနမှနေ၍ ဒေးဗစ်အား သူ့
သောကြောင်သူ၊ အာဏာရှင်ဆန်သူဟု စွပ်စွဲပြောဆိုသည်။ သို့ရာတွင် မိမိလူများကိုမူ
အစ္စရေးတပ်မတော်အား မခုခံရန် အမိန့်ထုတ်လိုက်သည်။

နောက်တစ်နေ့ . . .

ဒေးဗစ်၏လုပ်ရပ်ကို ကန့်ကွက်သောအားဖြင့် ဝန်ကြီးနှစ်ဦးက ရာထူးမှ
နုတ်ထွက်ကြသည်။ သို့ရာတွင် ယာယီဥပဒေပြုလွှတ်တော်က ဒေးဗစ်အားယုံကြည်
ကြောင်း ထောက်ခံမဲ ပေးခဲ့သည်။ ထိုအခိုက်တွင် မီးဟုန်းဟုန်းတောက်လောင်နေ
သော 'အော်လ်တာလီးနား'သင်္ဘောမှ မီးခိုးများက တယ်လ်အဗီးမြို့ပေါ်တွင်
ရွေ့လျားလျက်ရှိနေဆဲ။

ဂျေရုစလင်မြို့ရှိ အတ်ဇယ်လ်ပါတီ၏ လက်နက်တပ်ဖွဲ့မှလွဲ၍ တစ်မြို့လုံးမှ
'အတ်ဇယ်လ်'ပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့မှန်သမျှကို ဖျက်သိမ်းလိုက်သည်။
လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား အမျိုးသားတပ်မတော်တွင် ဝင်ရောက်အမှုထမ်း
စေခဲ့၏။

ပြည်တွင်းစစ်ဖြစ်မည့် အန္တရာယ်မှ ကင်းလွတ်နိုင်ခဲ့လေပြီ။ သို့သော်
အချင်းချင်း မုန်းစိတ်ပွား၍ အာဃာတရှိနေခဲ့လေပြီ။

အကယ်၍ 'အော်လ်တာလီးနား'သင်္ဘောပေါ်မှ လက်နက်ခဲယမ်းမီး
ကျောက်များကိုသာ ကုန်းပေါ်သို့ အောင်အောင်မြင်မြင်ချနိုင်ပါက 'အတ်ဇယ်လ်'
ပါတီက အစ္စရေးနိုင်ငံတွင် အာဏာသိမ်းရန် အားထုတ်လိမ့်မည်ဟုတော့ ဒေးဗစ်
ယုံကြည်သည်။ အာဏာဖီဆန်သူ 'အတ်ဇယ်လ်'ပါတီ၏ ရည်မှန်းချက်မှာ ဂျေရုစလင်

တွင် မိမိတို့သာမင်းမူကာ သန့်ရှင်းရာမြို့တော်နှင့် အနီးအနားတစ်ဝိုက်နယ်မြေအား ဒုတိယဂျူးနိုင်ငံအဖြစ် ကြေငြာနိုင်ရန်သာဖြစ်သည်ဟု အချို့က ဆို၏။ သည်လို ရည်ရွယ်ချက်မျိုး အလျဉ်းမရှိဟုတော့ 'ဘီဂင်း'က ပြောပြသည်။

ပြည်တွင်းစစ်ဖြစ်လျှင်လည်း ဖြစ်စေတော့ဟု စွန့်ပြီး 'အော်လ်တာလီးနား' သင်္ဘောအရေးအခင်းတွင် 'အတ်ဇယ်လ်'ပါတီအား အပြတ်နှိမ်နင်းခဲ့ခြင်းသည် ဒေးဗစ်တစ်သက်တာ၌ အရေးတကြီး အဆုံးအဖြတ်ပေးရချိန်အဖြစ် မော်ကွန်းတင် ကျန်ရစ်ခဲ့၏။ သည်အဖြစ်ကြောင့် ကမ္ဘာ့အရပ်ရပ်က မွေးကင်းစအစ္စရေးနိုင်ငံပေါ် လေးစားလာသည်။ စီမံခန့်ခွဲ အုပ်ချုပ်နိုင်စွမ်းရှိသည်။ မိမိအား အာဏာလက်လွှတ် ဖြစ်အောင် အားထုတ်ခဲ့ခြင်းကိုလည်း နှိမ်နင်းနိုင်စွမ်းရှိကြောင်း သာဓကထူနိုင်သည် မဟုတ်ပါလား . . .။

ဒေးဗစ်ကလည်း မိမိရည်မှန်းချက်များ အောင်မြင်ရေးအတွက် 'အတ်ဇယ်လ်'ပါတီခေါင်းဆောင် အသင်းများနှင့်မှ တမင်သက်သက် ရင်ဆိုင်ခဲ့ခြင်း များဖြစ်လေမလား . . .။

စင်စစ် 'အော်လ်တာလီးနား' သင်္ဘောအရေးအခင်းက သူ့စိတ်ကြိုက်ဖြစ်ခဲ့ ရသည်တော့မဟုတ် . . .။ သို့ရာတွင် သည်အဖြစ်ကို ခုတုံးလုပ်၍ 'အတ်ဇယ်လ်' ပါတီခေါင်းဆောင်များနှင့်တော့ စာရင်းရှင်းခွင့်ကြုံသည်ကို အလွတ်မခံဘဲ အသုံးချ နိုင်ခဲ့သည်။

'အတ်ဇယ်လ်'ပါတီလက်အောက်ခံ လက်နက်ကိုင်တပ်ဖွဲ့များမှ လက်နက် များ သိမ်းယူခဲ့သည်ကြောင့် တစ်ကြောင်း၊ သည်ပုန်ကန်မှုဖြစ်ရပ်မှ သတိရစရာများ ကို ပြန်လည်ဖော်ထုတ်ခဲ့ခြင်းကြောင့်တစ်ကြောင်း၊ အချိန်ကြာမြင့်စွာကပင် မျှော်လင့် တောင့်တခဲ့သည့် ဆန္ဒများအလိုကို ဖြည့်လာခဲ့သည်။ ပုန်ကန်သောင်းကျန်းသူ အဖွဲ့ အစည်းများ စစ်ပုံသဏ္ဌာန်မှန်သမျှ လုံးဝပပျောက်၍ တပ်မတော်တွင် တာဝန်သိသိ အမှုထမ်းစေလိုသည်မှာ ဒေးဗစ်၏ ပြင်းပြသောဆန္ဒဖြစ်၏။ တစ်စည်းတစ်လုံးတည်း ရှိပြီး နိုင်ငံရေးသြဇာအာဏာ လွှမ်းမိုးမှုကင်းသော တပ်မတော်ဖြစ်ရပေမည်။ သည်အဆင့်ရောက်ဖို့မှု အချိန်စောင့်ရပေဦးမည်။

'အော်လ်တာလီးနား' သင်္ဘောအား အမြောက်နှင့်ပစ်ခဲ့ပြီး သတင်း တစ်ပတ်အကြာတွင် ဒေးဗစ်က နောက်တစ်ကြိမ် အချင်းချင်းခွပ်ရပြန်သည်။ သည် တစ်ကြိမ်တွင် ဒေးဗစ်ရန်ဘက်များမှာ တပ်မှူးများတည်း . . .။

'အတ်ဇယ်လ်'ပါတီအား အပြတ်နှိမ်နင်းရန် ထောက်ခံခဲ့သူများဖြစ်၏။

## တပ်မှူးများက အာခံပြန်

(၁၉၄၈)ခုနှစ်၊ ဇွန်လ (၂၇)ရက်နေ့။

အစ္စရေးနိုင်ငံ နယ်နိမိတ်များတွင် အေးချမ်းသာယာလျက်ပင်ရှိ၏။

ကုလသမဂ္ဂမှ ဖျန်ဖြေရေးသမား 'အောင်သွယ်'အဖြစ် ခန့်အပ်တာဝန်ပေး ခဲ့သော မင်းသားဘားနက်ဒေါ့ (**.Count Bna dotte**) ဖရေးဆွဲသတ်မှတ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်သက်တမ်းသည် ဇူလိုင်လ (၉)ရက်နေ့ထိ ရှိပေ မည်။

တယ်လ်အဗီးမြို့ အစိုးရရုံး အဆောက်အဦအတွင်းရှိ ပန်းခြံတွင် လူတစ်စ က ပြုံးပြုံးရီရီဖြင့် ဓါတ်ပုံရိုက်ခဲ့ကြသည်။ အစ္စရေးနိုင်ငံ ကာကွယ်ရေးတပ်မတော်မ ကာကီ ယူနီဖောင်းဝတ် ဗိုလ်ချုပ်ကြီးများ၊ ဟာဂါနာ 'ကာကွယ်ရေးတပ်ဖွဲ့'နှင့် 'ပါးလ်မတ်ချ်' လက်နက်ကိုင် တပ်ဖွဲ့များမှ စစ်မှုထမ်းဟောင်းများ သူတို့အလယ်တွင် အဖြူရောင်ဝတ်စုံနှင့် အရပ်သားသုံးဦး (ဂဲလီလီ၊ အက်ရှတိုးလ်နှင့် ဒေးဗစ်ဘင်ဂူ ရီယန်) ဖနီးပေါ်လာက ဒေးဗစ်ပုခုံးထက်တွင် ခေါင်းမှီလျက် အဖိုးကြီး(ဒေးဗစ်)မှာ ပျော်တပြုံးပြုံး . . . ။ တစ်ချိန်က အိပ်မက်မျှသာ မက်ခဲ့နိုင်သောအဖြစ်။ ယနေ့ အကောင်အထည်ပေါ်လာခဲ့၏။ တပ်မှူးများက တပ်မတော်နှင့် နိုင်ငံတော်အစိုးရ အပေါ် သစ္စာခံကြောင်းကို ကျမ်းသစ္စာကျိန်ဆိုကြ၏။ အလားတူ ကျမ်းသစ္စာကျိန်ဆိ

ပွဲများကို တပ်စခန်းများတွင် ကျင်းပသည်။

တစ်ခေတ်တော့ ကုန်ပြီ။ 'ဟာဂါနာ' 'ပါးလ်မတ်ချ်' 'အတ်ဇယ်လ်'နှင့် 'လီဟီး' သီးခြားလက်နက်ကိုင်တပ်ဖွဲ့များ မီးဇာကုန်ဆီခမ်းသည့်အချိန်ဖြစ်၏။ နောင်တွင် တပ်မတော်သည် ဒေးဗစ်ဘင်ဂူရီယန် မျှော်မှန်းသည့်အတိုင်း ဖြစ်လာပေတော့မည်။

သို့သော်. . . တကယ့်တိုက်ပွဲက အခုမှ အစပြုတော့မည်။ တပြုံးပြုံးနှင့် ပျော်နေဟန်ရှိသူများ၏ နောက်ကွယ်တွင် နောက်ဆုံးအားပြိုင်မှုအတွက် ဟန်ပြင်ထားကြလေပြီ။

မေလ (၆)ရက်နေ့တွင် ဒေးဗစ်ဘင်ဂူရီယန်ကို တပ်မှူးများက အတိုက်အခံပြုနိုင်ခဲ့စဉ် ဒေးဗစ်က အောင်ပွဲခံနိုင်သည်မှာ မှန်၏။ သို့တစေ အချင်းချင်း အတွင်းကြိတ် အားပြိုင်ပွဲတွင်တော့ ဒေးဗစ်မအောင်မြင်သေး . . .။ ဒေးဗစ်က အကြပ်ကိုင်ခဲ့သည်ကြောင့် 'ဂဲလီလီ'က အလျှော့ပေးခဲ့ရ၏။ သို့တစေ တပ်မှူးများအတွင်း မကျေနပ်မှုများလည်း လုံးဝ ပပျောက်သွားသည်တော့မဟုတ် . . .။ မဟာဗျူဟာနှင့်ပတ်သက်၍ တပ်မှူးများအချင်းချင်း တပ်မှူးများနှင့် ဒေးဗစ်ဘင်ဂူရီယန်တို့ သဘောထား မတိုက်ဆိုင်ကြသေး . . .။

နောက်ပိုင်းသတင်းပတ်များအတွင်း အရေးကြီးသည့် အဖြစ်အပျက်များ ပေါ်ခဲ့၏။ 'ဂဲလီလီ'မှတဆင့် တပ်မှူးများသို့ ပေးအပ်ခဲ့သောအမိန့်များမှာ မိမိပေးခဲ့သမျှအမိန့် အတိုင်း ထပ်တူထပ်မျှမဟုတ်ကြောင်း အကြိမ်များစွာ ကြုံတွေ့ခဲ့ရသည်။ တပ်မှူးများ ခန့်ထားရေးတွင် မိမိအမိန့်ဖြင့် ခန့်ထားခြင်းများသည်လည်း အကောင်အထည်မပေါ်ခဲ့သည်များလည်း ရှိ၏။

ဂျေရုစလင်မြို့တော်အနီး 'ကာရပ်အနာဗင်း'အရပ်တွင် တပ်စွဲထားသော 'ပါးလ်မတ်ချ်'တပ်ဖွဲ့များက အခြားတပ်ဖွဲ့များသို့ ပေးပို့သောလက်နက်၊ ယာဉ်နှင့် ရိက္ခာများကို သိမ်းယူကြသည်။ ဒေးဗစ်က အမိန့်ပေးသည်ကိုပင် မနာခံကြ။ သိမ်းယူသောပစ္စည်းများကို ပြန်မပေး။

'ပါးလ်မတ်ချ်'တပ်မဟာနှင့် ဂျေရုစလင် ရှေ့တန်းစစ်မျက်နှာမှ အမေရိကန်လူမျိုး ဗိုလ်မှူးကြီး 'မားကပ်စ်'တို့ ဆက်ဆံရေးမှာ အဆိုးဆုံးဖြစ်တော့မယောင်ယောင် . . .။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်အကောင်အထည်ဖော်ရန် နာရီအနည်းငယ်အလိုတွင် အစောင့်တစ်ဦးက 'ဗိုလ်မှူးကြီး မားကပ်စ်'ကို ပစ်သတ်သည်။ 'ပါးလ်မတ်ချ်'ခေါင်းဆောင်များက အမိန့်ပေး၍ လုပ်ကြံသတ်ဖြတ်ရသည်ဟု

သတင်းဖြစ်နေသည်။

ဒေးဗစ်ဘင်ဂူရီယန်၏ အမိန့်အရ စုံစမ်းရေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းစုံစမ်းစေရာ မတော်တဆ ထိခိုက်မှုဖြစ်သည်ဆိုပြီး အမှုပိတ်ခဲ့သည်။ သို့တစေသည်အဖြေက အခြေအနေတင်းမာနေခြင်းနှင့် သံသယဖြစ်နေသည်ကိုတော့ မပြေစေနိုင်ခဲ့ . . .။

'ဂဲလီလီ'အား မူလနေရာတွင် ပြန်လည်ခန့်အပ်ရန် 'ညီညွတ်ရေးလုပ်သား' ပါတီခေါင်းဆောင်များက ဒေးဗစ်ဘင်ဂူရီယန်အား အကြပ်ကိုင်လျက်ရှိသည်။ ရသမျှအစီရင်ခံစာနှင့် သတင်းစာများအရ စစ်ဦးစီးဌာနချုပ် အထက်အရာရှိများအပိုင်းတွင် စည်းစနစ်မရှိကြောင်း သိရ၏။

အပစ်အခတ်ရပ်စဲရေး စတင်သောအခါ အစွရေးတပ်မတော်အား ပြန်လည်ဖွဲ့စည်းရန် အချိန်ကျပြီဟု ဒေးဗစ်က မှတ်ယူလိုက်၏။ ဂျူးနိုင်ငံတည်ထောင်ကြောင်း ကြေညာပြီး ရက်အနည်းငယ်အတွင်းမှာပင် ဒေးဗစ်က ဝန်ကြီးချုပ်ရာထူးအပြင် ကာကွယ်ရေးဝန်ကြီးအဖြစ်ပါ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်။ စစ်ဆင်ရေးများတွင် ညွှန်ကြားသမှု ပြုနိုင်သကဲ့သို့ ယခုကိစ္စများတွင်လည်း ဆောင်ရွက်ရန် မိမိ၌အာဏာရှိသည်ဟု ခံယူထား၏။

ဇွန်လတစ်လလုံး စစ်ဦးစီးဌာနချုပ်တွင် ပြုပြင်ပြောင်းလဲလိုသည်မှန်သမျှကို ပြုပြင်ပြောင်းလဲစေ၏။ ရာထူးတိုးမြှင့်ပေးခြင်း နေရာအရွှေ့အပြောင်းလုပ်ခြင်းတို့က 'ညီညွတ်ရေးလုပ်သားပါတီ' 'ပါးလ်မတ်ချ်'ခေါင်းဆောင်များနှင့် ဂဲလီလီအားထောက်ခံသူများကို သစ္စာခံခြင်း နည်းသထက်နည်းသွားစေရန် အဓိကရည်ရွယ်ချက်ဖြင့် လုပ်ခဲ့သည်။ စစ်ဌာနချုပ်တပ်မှူးရာထူးများကို တတ်နိုင်သမျှ နိုင်ငံရေးပါတီများမပတ်သက်သူများနှင့် စစ်သားသက်သက်ဖြစ်၍ စစ်ဆင်ရေးများတွင် သမ္မာရင့်သူများကိုသာ ဦးစားပေး ခန့်အပ်သည်။

ရှေ့တန်းစစ်မျက်နှာတွင် စစ်ဘက်ကသာ ပြောရေးဆိုရေးရှိပေတော့မည်။ နိုင်ငံရေးစွက်ဖက်မှု ရှိတော့မည်မဟုတ် . . .။ မိမိဆုံးဖြတ်ချက်များက အများတကာကန့်ကွက်လာစရာရှိသည်ကို ကောင်းကောင်းသိသည်ကြောင့် ဒေးဗစ်က စစ်တပ်အတွင်း ပြုပြင်ပြောင်းလဲရေးများကို သည်အချိန်တွင်မှ ရွှေး၍ဆောင်ရွက်ခဲ့ခြင်းပါ။ စစ်ဦးစီးဌာနချုပ်ကို အသိမပေး။ ဇွန်လ (၂၉)ရက်နေ့ထိ စောင့်နေခဲ့သည်။ ပြင်းပြင်းထန်ထန် တုန့်ပြန်လာကြသည်။ မေ (၆)ရက်က ပုန်ကန်သည့်အတိုင်း ဖြစ်လာပြန်သည်။

•

**ယဉ်ချိုးစာပေ**

'ခွဲထွက်သွားတဲ့ အုပ်စုများမှ အဖွဲ့ဝင်တွေဆီက စာတွေကိုလက်ခံရရှိခဲ့ပါတယ် . . .။ ယာဒင်း၊ ဂဲလီလီ၊ ဘင်ဟား၊ ယောလွန်တို့အားလုံးက နှုတ်ထွက်စာများ တင်ကြတယ်။ လက်ရှိအစိုးရအဖွဲ့ကိုလဲ စွပ်စွဲချက်များတင်တယ်။ သူတို့ရဲ့ နှုတ်ထွက်စာကို အစိုးရတစ်ဖွဲ့လုံးကိုပါ အသိပေးဖို့ အားလုံးကပဲ ပြောလာကြတယ်။ ဂဲလီလီစာတွင် '**ကိုယ်ရေးလျှို့ဝှက်**'ဟုဆိုပြီး ကျုပ်ကိုပေးခဲ့ပေမယ့် မိတ္တူကို ဝန်ကြီးအဖွဲ့ဝင်အားလုံးသို့ ပေးပို့ထားပြီးဖြစ်တယ်။

ဟု ဒေးဗစ်ဘင်ဂူရီယန်က ဇူလိုင်လ (၁)ရက်နေ့တွင် သို့ကလိုရေးမှတ်ထားသည်။ နောက်တစ်ကြိမ် အချင်းချင်း ရန်စောင်မှုများမပေါ်မီ သီတင်းတစ်ပတ်အလိုတွင်ဖြစ်၏။

ဒေးဗစ်က 'အီဂဲလ်ယာဒင်း'အား ချက်ခြင်းအခေါ်လွှတ်လိုက်သည်။ ယာဒင်းကို ခင်တွယ်သည်။ မည်သို့နည်းနှင့်မျှ လက်လွှတ်ဆုံးရှုံးမှုမခံနိုင် . . .။ သူတို့နှစ်ဦးတွေ့သည်က အလွန်ကြည့်၍ကောင်း၏။ 'ယာဒင်း'က အကျိုးနှင့်အကြောင်းနှင့် ရှင်းလင်းပြောပြသည်ကို နားမထောင် . . .။ မိမိရပ်တည်မှုမှ တစ်လက်မမျှ အလျှော့မပေး. . .။ ဒေးဗစ်က သည်အချက်ကို အစိုးရအဖွဲ့သို့ ချပြရတော့သည်။

နောက်တစ်နေ့ဝန်ကြီးအဖွဲ့ဝင် (၁၃)ဦးတို့ တွေ့ဆုံသောအခါ အခြေအနေတင်းမာလျက်ရှိ၏။ ဒေးဗစ်ဘင်ဂူရီယန်က စတင်ထိုးစစ်ဆင်သည်။

'ကျုပ်လက်ခံရရှိတဲ့ စာလေးတစ်စောင်ဟာ 'ဂဲလီလီ' 'ယာဒင်း'နဲ့ 'ယောလွန်' သုံးဦးက စစ်ဦးစီးဌာနချုပ်ကို ပြုပြင်ရန်အဆိုပြုတာကို ကျုပ်တို့က လက်မခံတဲ့အတွက်ကြောင့် ဖြစ်တယ်။ သူတို့အဆိုပြုချက်က တပ်မတော်တစ်ခုလုံးက ပါတီတစ်ခုခုရဲ့ လက်ကိုင်တုတ်ဖြစ်ဖို့လို့ ကျုပ်ထင်မြင်ယူဆတဲ့အတွက် သူတို့အစီအစဉ်ကို ကျုပ်အတည်မပြုခဲ့ဘူး . . .'

ဟု ဆိုသည်။

တပ်မတော်အား မည်သို့ ပြုပြင်ပြောင်းလဲသင့်သည်ဆိုခြင်းအပေါ် မိမိ၏ အစီအစဉ်ကို ဝန်ကြီးအဖွဲ့ဝင်များသို့ အသိပေးသောအခါ ဒေးဗစ်က သူစိတ်ဝယ်ခံစားရသည်ကို မကွယ်မဝှက် ဖွင့်ချသည်။

'တပ်မဟာမှူး (၁၃)ဦးရှိတဲ့အနက်မှာ (၈)ဦးက 'လုပ်သားညီညွတ်ရေးပါတီ' (မေပိုင်)ဝင်တွေ၊ (၂)ဦးက အလုပ်သမားပါတီဝင်နဲ့ ကျန် (၃)ဦးက ဘယ်နိုင်ငံရေးပါတီဝင်မှ မဟုတ်သူတွေဖြစ်တယ်' ဟုဆို၏။

ပြီးလျှင် ဒေးဗစ်ဘင်ဂူရီယန်က 'ပါးလ်မတ်ချ်'အဖွဲ့အား အာဏာဖီဆန် အမိန့်မနာခံသည်ကို အပြစ်တင်ရှုတ်ချ၏။ စစ်တပ်အတွင်း နိုင်ငံရေးဖက်စွက်မှုများကို ပြင်းပြင်းထန်ထန်တိုက်တော့သည်။ မိမိထင်မြင်သော ပြုပြင်ပြောင်းလဲရေးများကို အကောင်အထည်မဖော်ပါက တဖန် 'ဂဲလီလီ' က မိမိအား အကြပ်ကိုင်လာလျှင် ရာထူးမှ နှုတ်ထွက်မည်ဟုဆိုသည်။

'ဒီလုပ်ရပ်က တကယ်တော့ စစ်တပ်ကပုန်ကန်တာပဲ၊ ကျုပ်အပေါ် တိုက်ကွက်ဆင်လာတာပဲ။ ဒီကိစ္စကို စုံစမ်းစစ်ဆေးပြီး ထင်မြင်ချက်ကို တင်ပြဖို့ ဝန်ကြီးသုံးဦးကို ကော်မရှင်ဖွဲ့ စုံစမ်းစေဖို့ ကျုပ်တောင်းခံပါတယ် . . .'

ဟု ပြန်ပြောသည်။

ရှင်းပါသည်။ အာဏာအတွက် တိုက်ပွဲဝင်ကြခြင်း၊ စစ်တပ်ကို ချုပ်ကိုင်နိုင်ခွင့်ရရန် အားပြိုင်ခြင်းဖြစ်၏။ သည်ပွဲတွင် ဒေးဗစ်ဘင်ဂူရီယန်က တစ်ဖက်၊ ဒေးဗစ် အမိန့်ကို မနာခံသူတစ်စုက တစ်ဖက် အားပြိုင်ခြင်းဖြစ်သည်။ ထိုလူစုက ဒေးဗစ်အား ရာထူးမှ တကယ်ဖယ်ရှားနိုင်စွမ်းရှိသူများဖြစ်၏။ ဒေးဗစ်အတွက် အန္တရာယ်များပါဘိ။ သို့သော် သူကမမှု။ တပ်မှူးများက 'ချဲလင်း'လုပ်လာခြင်းကို ဒေးဗစ်က ရင်ဆိုင်ရန် အသင့်။

နိုင်ငံရေးပါတီ၏ လက်ကိုင်တုတ်စစ်တပ် ဖြစ်စေရမည်လား။

အမျိုးသားတပ်မတော်က ဖြစ်စေရမည်လား . . .

တစ်နည်းဆိုသော် . . .

'ညီညွတ်ရေးလုပ်သားပါတီ'က ခြယ်လှယ်လွှမ်းမိုးသော စစ်တပ် ဖြစ်စေရမည်လား။

ပြည်သူတစ်ရပ်လုံး၏ ပြည်သူ့တပ်မတော် ဖြစ်စေရမည်လား။

'ဂဲလီလီ'ရဲ့ ကိုယ်ပိုင်စစ်တပ် ဖြစ်စေရမည်လား။

'ဒေးဗစ်ဘင်ဂူရီယန်'ရဲ့ စစ်တပ် ဖြစ်စေရမည်လား။

'ညီညွတ်ရေးလုပ်သား'ပါတီက ဒေးဗစ်ဘင်ဂူရီယန်ကို ဆက်ကာဆက်ကာ သွားပုပ်လေလွင့်ပြောကာ အပုပ်ချသည်။ ဒေးဗစ်နှင့်ပတ်သက်၍ မဟုတ်မမှန် သတင်းများလွှင့်ကြသည်။

ဝန်ကြီးအဖွဲ့ဝင် (၅)ဦးပါသော စုံစမ်းရေးကော်မတီကို ဖွဲ့သည်။

(၅)ဦးကော်မတီစည်းဝေးပွဲကို ဇူလိုင်လ (၃)ရက်နေ့တွင် ကျင်းပသည်၊ အပစ်အခတ်ရပ်စဲရေး ကာလကုန်ရန် (၅)ရက်မျှအလိုတွင်ဖြစ်သည်။ ဒေးဗစ်

ဘင်ဂူရီယန်ကို ဝိုင်း'တွယ်'ကြသည်။ ကော်မတီရှေ့တွင် သက်သေခံရန်ရောက်လာသော 'ဂဲလီလီ'က အခြေအနေဆိုးရွားနေသယောင်ယောင်ဖြင့် ပုံကြီးချဲ့ထွက်ဆိုသွားသည်။ 'အမျိုးသားစစ်ဦးစီးဌာနချုပ်'မှ မိမိအားရာထူးမှဖယ်ရှားခဲ့သည့် အချိန်မှစ၍ ကွပ်ကဲမှုမထိရောက်သည်ကြောင့် တပ်ရင်းတပ်ဖွဲ့များ၊ ဖရိုဖရဲဖြစ်ရကြောင်း စစ်ရေးကိစ္စများတွင် ဒေးဗစ်က စွက်ဖက်တတ်သည်ကြောင့် အကြီးအကျယ်ဒုက္ခရောက်ကြောင်းဖြင့် ဆိုသည်။ တပ်မှူးများက မည်သူ့အမိန့်ကို နာခံရမည်ကို မသိကြတော့။ လက်နက်ကိုင် တပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မရှိတော့ကြောင်း ဗဟိုချုပ်ကိုင်မှုကဲလွန်းသည်ကြောင့် စစ်တပ်တစ်ဖွဲ့လုံး နစ်နာရကြောင်းဖြင့် ထောက်ပြပြန်သည်။

'ယာဒင်း'အလှည့်တွင်မူ ထိန်းထိန်းသိမ်းသိမ်း အစစ်ခံသွားသည်။ 'ဂဲလီလီ'ကဲ့သို့ ကြောက်ခမန်းလိလိဖြစ်နေကြောင်းပြောမပြ။ သို့သော်လည်း ထိတ်လန့်စရာတော့ဖြစ်၏။ ဒေးဗစ်ဘင်ဂူရီယန်၏သဘောထား၊ အထွေထွေ မကျေနပ်မယုံစားမှုများ၊ ဂျေရုစလင်စစ်မျက်နှာတွင် ဒေးဗစ်ကျင့်သုံးစေသော နည်းဗျူဟာ၊ ရဲစွမ်းသတ္တိအပြည့်ရှိ၍ စည်းကမ်းတကျရှိသော 'ပါးလ်မတ်ခ်ျ'အပေါ် ထားရှိသော ဒေးဗစ်၏သဘောထားတို့ကို ပြစ်တင်ဝေဖန်သွား၏။

ကော်မတီက ဒေးဗစ်နှင့် စစ်ဘက်ထိပ်တန်းအရာရှိကြီးများ ထိပ်တိုက်တွေ့နေကြပြီဟုသာ ကောက်ချက်ချရတော့သည်။

ဇူလိုင်လ (၆)ရက်နေ့။

နောက်တစ်ကြိမ် ရန်စောင်မှုများဖြစ်မလာမီ (၄၈)နာရီအလိုတွင် ဒေးဗစ်က ကော်မတီရှေ့မှောက်သို့ တဖန် ရောက်လာပြန်သည်။ကော်မတီဝင်အချို့က စစ်ချက်များမှ မိမိတို့ကောက်ချက်ဆွဲရသည်များကို ဒေးဗစ်သို့ထုတ်ပြသည်။ အများစုက ဒေးဗစ်ဘင်ဂူရီယန်၏အကူ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပုဂ္ဂိုလ်နှစ်ဦးကို ခန့်အပ်တာဝန်ပေးရန် သဘောတူကြသည်။ တစ်ဦးက 'အစ္စရေးဂဲလီလီ' ဖြစ်နိုင်စရာရှိ၍ ဒေးဗစ်နှင့် စစ်ဦးစီးဌာနချုပ်ကြား ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ယူရပေမည်။ တစ်နည်းဆိုသော် 'အမျိုးသားစစ်ဦးစီးချုပ်'ရာထူးကို ပြန်လည်ဖော်ထုတ်ခြင်းတည်း။

ဒေးဗစ်က ကော်မတီစည်းဝေးခန်းမှ ချက်ခြင်းထွက်သွား၏။ သည်တစ်ကြိမ်တွင် ဒေးဗစ်အရေးနိမ့်ချေပြီ။ နာရီအနည်းငယ်အကြာတွင် ကော်မတီကို ပေးစာတစ်စောင်ရောက်လာ၏။ သည်စာကြောင့် ကော်မတီဝင်များ ထိတ်ထိတ်

ပျာပျာ ဖြစ်ကြရသည်။ 'အဖိုးကြီး'ရာထူးမှ နှုတ်ထွက်သွားသည် . . . တဲ့။

တကယ်ရာထူးမှ ထွက်ခြင်းလား . . . ရာဇသံပေးသည့် သဘောလား။

တကယ်စွန့်သွားခြင်းလား . . . နိုင်ငံရေးလှည့်ကွက်များလား . . .။

'ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ်မှ နှုတ်ထွက်ပါသည်။ လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ မဲပေးနိုင်ခွင့်မရရှိစေဘဲ အကြံပေးအရာရှိအဖြစ် ကျွန်တော့်အား အသုံးပြုလိုက ပြုနိုင်ပါသည်။ အစိုးရအဖွဲ့၏အချိန် အလဟဿ မဖြစ်စေရန် ကျွန်တော့်အား ဆက်လက်ဦးဆောင်စေမည်ဆိုပါက ကာကွယ်ရေးဝန်ကြီးဌာန ပြုပြင်ပြောင်းလဲရေးအတွက် ခင်ဗျားတို့အဆိုပြုထားတာကို ချောင်ထိုးထားလိုက်စမ်းပါ . . .'

အခြေအနေနဲ့ပတ်သက်၍ ကော်မတီက အဆုံးအဖြတ်ပေးရန်ဟူသောမှုကို ဒေးဗစ်ဘင်ဂူရီယန်က လက်ခံထားပြီးဖြစ်၍ အများစုက မိမိနှင့်သဘောထား မတိုက်ဆိုင်ကြောင်း ပြက်ပြက်ထင်ထင် တွေ့လာရသောအခါ ဒေးဗစ်က နောက်သို့ ဆုတ်ရန် ပြင်လာတော့သည်။

နှုတ်ထွက်စာကိုတော့ ပေးသည်။ သို့ရာတွင် မိမိတင်ပြသော စည်းကမ်းများကို လက်ခံမည်ဆိုပါက ဆက်လက် တာဝန်ထမ်းဆောင်မည်ကိုလည်း သိထားစေသည်။

နောက်တစ်ကြိမ် ပစ်ကြခတ်ကြ တိုက်ကြရန် (၃၆)နာရီမျှသာလိုတော့၏။ အားလုံး ပြောကြဆိုကြပြီးသည်နှင့် ဒေးဗစ်က နှုတ်ထွက်စာကို အပြီးအပိုင် တင်လိုက်သည်။ စစ်နိုင်ရေးမှာ စင်စစ် ဒေးဗစ်အပေါ် တည်မှီနေသည်။

စိုးရိမ်သောကအပြည့်နှင့် ထိတ်ထိတ်ပျာပျာဖြစ်နေသော အစိုးရအဖွဲ့၏ အရေးပေါ် အစည်းဝေးကျင်းပသည်။

ဒေးဗစ်ဘင်ဂူရီယန် ရောက်မလာ . . . ဖျားနေသည်တဲ့။

ကဲ . . . ဘာလုပ်ကြမည်လဲ။

ဒေးဗစ်၏အဆိုအတိုင်း လက်ခံပါက စစ်ဦးစီးဌာနချုပ်မှ ဆူကြပူကြပေလိမ့်မည်။ အကယ်၍ သူ့သဘောကိုလက်မခံပါက နိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာအောင် ဖန်တီးနိုင်သူ၊ သည်ကဲ့သို့သော အကြပ်အတည်းကာလတွင် နိုင်ငံတွင် ဦးစီးဦးဆောင်နိုင်သူ ပုဂ္ဂိုလ်တစ်ဦး လက်လွတ်ဆုံးရှုံးရပေမည်။ ဆုပ်လည်းစူး၊ စားလည်းရှူးဆိုသော အခြေအနေ . . .။

သည်စည်းဝေးပွဲမှာ ရှုပ်ရှုပ်ထွေးထွေးနှင့် ဘာမျှရေရေရာရာမဖြစ်ခဲ့

ဘာဆုံးဖြတ်ချက်မျှ မချနိုင်ခဲ့ . . . ဒေးဗစ်ဘင်ဂူရီယန်၏ အာဏာရှင်ဆန်ဆန် အပြုအမူကို မကျေနပ်၍ ဝန်ကြီးများက ကန့်ကွက်ကြ၏။ ဆန္ဒမရှိသည်ကို အတင်း အကြပ်လုပ်စေသည်ဟု စွပ်စွဲကြ၏။ မိမိအား မကျေနပ်သူများနှင့် အလုပ်တွဲလုပ် နိုင်စွမ်းမရှိ အာဏာကို တစ်ဦးတည်းချုပ်ကိုင်သည်။ အကောင်အထည် မဖော်နိုင် သော စီမံကိန်းများကိုမှ ရေးဆွဲချမှတ်သည်ဟူ၍ ဒေးဗစ်အား စွပ်စွဲကြသည်၊ ပြစ်တင် ရှုတ်ချကြသည်။

သို့သော် . . . ဒေးဗစ်အား ဆက်လက်တာဝန်ယူဆောင်ရွက်ရန် ထိုဝန်ကြီးများကပင် မေတ္တာရပ်ခံသည်။

ကော်မတီ၏ အကြံပေးချက်များသည် အမှိုက်တောင်းတွင်းသို့ ရောက်ခဲ့ လေပြီ . . .။

သည်အစည်းဝေးတွင် ဒေးဗစ်အား သစ္စာရှိရှိထောက်ခံခဲ့သူမှာ 'မိုရှေ ရှာတော့' ဖြစ်သည်။ 'ရှာတော့'က ဟီဗရူးနာမည် 'ရှာရတ်'ဟု ပြောင်းခဲ့သည်။ 'ရှာရတ်'က ဝန်ကြီးများစွပ်စွဲသည်ကို ဒေးဗစ်ဘက်မှ မားမားမတ်မတ်ရပ်လျက် ခုခံ ကာကွယ်သွားသည်။ ဒေးဗစ်အား မီးတောင်နှင့်နှိုင်းယှဉ်၍ 'ရှာရတ်'က ဖြေရှင်းပြရာ တွင် မီးတောင်ပေါက်ကွဲလျှင် အရာရာကို ကာကွယ်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပေါက်ကွဲခြင်းဖြင့် ချော်ရေချော်မြုပ်များ ချောင်းစီးထွက်လာရာ ထိတွေ့သမျှ အရာ အားလုံးကို မီးလောင်စေနိုင်သည်တဲ့ . . .။

'ဘန်စတိန်း' ( **Bernstein** )ကမူ ဒေးဗစ်အား 'ကိုယ့်ဂိုးကိုယ်ပြန်သွင်းသူ' အဖြစ်နှင့် နှိုင်းယှဉ်ခဲ့သည်။

'ညီညွတ်ရေးလုပ်သားပါတီ'ဝင် ဝန်ကြီးများကမူ ဒေးဗစ်အား အာဏာရှင် အဖြစ် စွပ်စွဲကြသည်။

မည်သို့ဆိုစေ ဒေးဗစ်တစ်ယောက်မရှိလျှင် မိမိတို့ဘာမျှမတတ်နိုင်ကြောင်း သူတို့တစ်တွေအားလုံးအသိ။ 'ကပ္ပလင်'နှင့် အခြား 'အလုပ်သမားပါတီ'ဝင် ဝန်ကြီးများက ဒေးဗစ်ဘင်ဂူရီယန်ဘက်မှ ရပ်တည်ကြသည်၊ သို့ကြောင့်လည်း အဆုံးအဖြတ်ပေးရာတွင် မိမိတို့ဘက်မှ အလေးသာခဲ့၏။

သည်စည်းဝေးပွဲ၌ ဒေးဗစ်တစ်ယောက် ဂက်ဝက်ကွဲရှုံးတော့မည်ဟု ထင်ခဲ့ ရသည်။ သို့တစေ အောင်လံတလူလူဖြင့် ပွဲသိမ်းခဲ့ပြန်၏။ ထိုအချိန် ထိုအခါမှစ၍ နောက်အနားယူသည့် (၁၉၆၃)ခုနှစ်အထိ ဒေးဗစ်ကို မည်သူမျှအာမခံတော့။

ဒေးဗစ်ကား သမိုင်းမှ ရွေးကောက်တင်မြှောက်သော ခေါင်းဆောင်ဖြစ်၏။

သည့်ကဲ့သို့ ခေါင်းဆောင်အား ချွင်းချက်မရှိ အလျှော့ပေးရစေတော့၊ ဖြတ်လို့မဖြစ်။

ထိုညနေတွင် ဒေးဗစ်ဘင်ဂူရီယန်က ဆက်လက်တာဝန်ထမ်းဆောင်ရန် သဘောတူသည်။ စစ်ဆင်ရေးတွင်ပဲဖြစ်ဖြစ်၊ တပ်မတော်အား ပြုပြင်ပြောင်းလဲရေးတွင်ပဲဖြစ်ဖြစ်၊ သူ့လက် သူခြေ ဖြစ်ပေလိမ့်မည်။ ပုန်ကန်မှုများ နိုင်ငံရေးအရ နှုတ်လှန်ထိုးမှုများလည်း အဆုံးသတ်ခဲ့လေပြီ။

သည်ညနေတွင်ပင် အစ္စရေးဂလီလီလည်း သူ့သမံကျေးရွာသို့သွား၍ ခိုလှုံသည်။ အရေးနိမ့်ခဲ့ရသူတစ်ဦးဖြစ်၏။ ဒေးဗစ်ဘင်ဂူရီယန်အား အာခံဝံ့သူဖြစ်ခဲ့သည်ကြောင့် နိုင်ငံရေးလောကမှ အငြိမ်းစားယူခဲ့သည့်ကာလ၏ အစဖြစ်တော့သည်။

သည်ညနေတွင်ပင် 'နဂျစ်သဲကန္တာရ'နယ်စပ်တွင် တိုက်ပွဲများ စတင်တိုက်ခိုက်၏။ အပစ်အခတ် ရပ်စဲရေး သဘောတူခဲ့ပြီမဟုတ်ပါလား . . .။

အစ္စရေးတပ်မတော်အား တစ်စုတည်းသော တပ်မတော်အဖြစ် စည်းရုံးသိမ်းသွင်းစေပြီး၊ နိုင်ငံရေးပယောဂကင်းသော တပ်မတော်အဖြစ် ပြုပြင်ပြောင်းလဲရေးအတွက် ဒေးဗစ်အဖို့ အဟန့်အတား အနှောက်အယှက်ဟူ၍ လုံးဝမရှိတော့၊ ဩဂုတ်လတွင် ဂျေရုစလင်ရှိ 'အတ်ဇယ်လ်'နှင့် 'လီဟီး'ပါတီများ လက်အောက်ခံ လက်နက်ကိုင်တပ်ဖွဲ့များအား အမျိုးသားတပ်မတော်တွင်းသို့ သွတ်သွင်းရန်အတွက် ယင်းပါတီ ခေါင်းဆောင်များနှင့် ဆွေးနွေးသည်။ 'အတ်ဇယ်လ်'ပါတီအား အကြွင်းမဲ့ ဖျက်နှိမ်နင်းရန် ဒေးဗစ်က လျှို့ဝှက်စွာ အစီအစဉ်များရေးဆွဲထားရှိ၏။ သို့ရာတွင် သည်အစီအစဉ်ကို အကောင်အထည်ဖော်ရန် မလိုအပ်တော့ . . .။

စက်တင်ဘာလလယ်တွင် ကုလသမဂ္ဂကိုယ်စားလှယ် 'ကောင့်ဘားနက်ဒေါ့'နှင့် သူ့လက်ထောက် ပြင်သစ်ဗိုလ်မှူးကြီး 'ဆာရော့လ်' ( **Serrault** )တို့ကို ဂျေရုစလင်မြို့လည်ခေါင်တွင် အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်လိုက်၏။ သည်အဖြစ်ကို အခွင့်ကောင်းယူ၍ ခါးပိုက်ဆောင် လက်နက်ကိုင်တပ်များကို အပြီးသတ်နှိမ်နင်းရန် ဒေးဗစ်က ဆုံးဖြတ်ထား၏။ အစီရင်ခံစာများသည် လူသတ်မှုတွင် 'ဘီဂင်း'၏ လူများလက်ချက်မဟုတ်မှန်း သိရသော်လည်း ဂျေရုစလင် ဒေသတစ်ဝိုက်ရှိ 'အတ်ဇယ်လ်' ပါတီလက်အောက်ခံ စစ်တပ်များကို ဖျက်သိမ်းရန် ဒေးဗစ်က တောင်းဆို၏။

နောက်ဆုံးပွဲက (၁၉၄၈)ခု၊ အောက်တိုဘာလကုန်တွင် ဖြစ်ပေါ်ခဲ့သည်။ သည်အချိန်တွင် အစ္စရေးတပ်မတော်မှာ အင်အားတစ်သိန်းမျှ ရှိနေပြီ၊ လေထီး

တပ်ဖွဲ့များလည်းရှိသည်။ ယန္တရားတပ်များလည်းရှိသည်။ လေတပ်နှင့်ရေတပ် အကူအညီများပင်ရနေပြီ။ 'ပါးလ်မတ်ချ်' လက်အောက်ခံ လက်နက်ကိုင်တပ်ဖွဲ့များသာလျှင် လေ့ကျင့်ရေး ကောင်းကောင်းရထားသော တပ်များမဟုတ်တော့ . . .။

အောက်တိုဘာ (၂၈)ရက်နေ့။

ဒေးဗစ်ဘင်ဂူရီယန်၏အမိန့်ဖြင့် စစ်ဦးစီးချုပ်ကြီး 'ဂျက်ကော့ဗိုရီ'က 'ပါးလ်မတ်ချ်'တပ်ဖွဲ့အား တသီးတခြား လွတ်လပ်စွာ စစ်ဆင်ရေးလုပ်ခြင်းမှ ရပ်တန်းကရပ်ရန် အကြောင်းကြားလိုက်သည်။ နောင်တွင် 'ပါးလ်မတ်ချ်'၏ တပ်မဟာများနှင့် တပ်မှူးအားလုံးသည် စစ်ဦးစီးချုပ်ရုံး၏ အမိန့်ကိုသာ နာခံရပေလိမ့်မည်။

သည်အဖြစ်ကို 'ညီညွတ်ရေးလုပ်သား' ပါတီခေါင်းဆောင်များက မဟုတ်မမှန်စွပ်စွဲကာ တို့မီး ရှို့မီးလုပ်ဖို့ ကြိုးစားကြသေးသည်။ သို့ရာတွင် ဘာမှအရာမထင်ခဲ့ . . .။ 'ပါးလ်မတ်ချ်' လက်နက်ကိုင်တပ်ဖွဲ့များ၏ ဘဝနိဂုံးချုပ်ခဲ့ပြီ။ ကိုယ်ပိုင်တပ်များ ခါးပိုက်ဆောင်တပ်များ၏ ခေတ်ကာလ နေဝင်ခဲ့လေပြီ။

ဒေးဗစ်က သို့ကလို တိုက်ပွဲဝင်ခဲ့ရခြင်း၏ နောက်ကွယ်တွင် အဘယ်သို့သော ရည်ရွယ်ချက်များရှိသည်ဟု တစ်ဦးတစ်ယောက်မျှ သတိမထားမိကြ။ ဒေးဗစ်အား အတိုက်အခံပြုကြသူများကလည်း ဒေးဗစ်၏ ရေရှည်ရည်မှန်းချက်များကို စိုးစဉ်းမျှသိဟန်မတူ . . .။

မည်သို့ဆိုစေကာမူ . . .

'လွတ်လပ်ရေးစစ်ပွဲ'က အစ္စရေးနိုင်ငံအား အခြေခိုင်စေခဲ့၏။ သည်စစ်ကြောင့် နိုင်ငံရေးစွက်ဖက်မှုကင်းသော အမျိုးသား အမြဲတမ်းတပ်မတော်ကြီး ပေါက်ဖွားလာခဲ့ရ၏။

◆◆ ◆◆ ◆◆ ◆◆ ◆◆

## ရေလေလိုလေပါပဲ

(၁၉၄၈)ခုနှစ်၊ ဇူလိုင်လ ပထမပတ်တွင် နှစ်ဖက် အပစ်အခတ် ရပ်စဲလျက် ရှိနေ၏။ အပစ်အခတ်ရပ်စဲနေသည်ကို ဂျူးတို့က အခွင့်ကောင်းယူ၍ အမြတ်ထုတ်သည်။ ကုလသမဂ္ဂကြီးကြပ်ရေးအဖွဲ့ကို ဂျူးတို့က မျက်လှည့်ပြနိုင်ခဲ့၏။ လက်နက်ခဲယမ်းမီးကျောက် အပြည့်တင်လာသည့် ပြင်သစ်နှင့် အီတလီမှလာသော သင်္ဘောများက အစ္စရေးဆိပ်ကမ်းများသို့ အောင်မြင်စွာ ဆိုက်ကပ်နိုင်ခဲ့၏။ အပစ်အခတ်ရပ်စဲနေသည့် ကာလအတွင်း ပြည်ပမှ ဂျူးအမျိုးအနွယ်ဝင်များ မဝင်ရလေအောင် တားမြစ်ပိတ်ဆို့ထားသည့်ကြားက နည်းအမျိုးမျိုး၊ ပရိယာယ်အဖုံဖုံ ကျင့်သုံးလျက် ဝင်လာကြသည်ကလည်း မစဲ . . .။

ဂျူးလက်နက်တပ်ဖွဲ့သစ်များ ဖွဲ့စည်းသည်။ လက်နက်သစ်များ တပ်ဆင်လျက် အရေးပေါ် စစ်သင်တန်းများ ပေးသည်။ တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်တို့ကိုလည်း ကမ္ဘာအရပ်ရပ်မှ ရောက်လာကြသည့် အပျော်တမ်းတပ်များကပင် ကိုင်တွယ်မောင်းနှင်ကြ၏။ အပစ်အခတ်ရပ်စဲရေးကာလ ကုန်ဆုံးသောအခါ ဂျူးတို့မှာ ယခင်ကထက်ပို၍ အင်အားတောင့်တင်းနေလေပြီ . . .။

ယခင်အခါများကလို သေရေးရှင်ရေး ပြဿနာမဟုတ်တော့။ ယခင်ကလိုလည်း ခံစစ်ဘဝဖြင့် ကြံ့ကြံ့ခံရတော့မည့် အခြေအနေလည်း မဟုတ်တော့ . . .။

အစ္စရေးစစ်တပ်သည် ထိုးစစ်ဆင်နိုင်သည့် အသွင်သို့ တမဟုတ်ခြင်း ကူးပြောင်းနိုင်ခဲ့၏။ လက်နက်ကိုင်အင်အား တိုးလာသည်နှင့်အမျှ အကြံကလည်း ကြီးသည်။ အင်အားကို အသုံးချ၍ လက်ရှိနိုင်ငံနယ်နိမိတ်ကို တိုးချဲ့ရန် ရည်ရွယ်ခဲ့သည်။

ဂျူးတို့အား နဂျစ်သဲကန္တာရ ကမ်းမြောင်လွင်ပြင်နှင့် ဂဲလီလီ၏ အရှေ့ခြမ်းတို့ကို ပေးရန်ဟူသော မူလသတ်မှတ်ချက်သည် ဒေးဗစ်၏ နယ်မြေတိုးချဲ့ရေးဝါဒ၏ တစ်ခဏသာ ဖြစ်ပေမည်။

ဒေးဗစ်က ဂဲလီလီဒေသ၏ ကျန်အစိတ်အပိုင်းများ၊ ကမ်းမြောင်လွင်ပြင်ဒေသမှ ဂျော်ဒန်မြစ်ကမ်းအထိ ဂျေရုစလင်အား အစ္စရေးနိုင်ငံမြို့တော်အဖြစ် သာမက 'ပင်လယ်သေ'ကို မိုးမြင်နေရသော 'ဂျူးဒီးယား'တောင်ကုန်းဒေသပါမကျန် လိုချင်သည်။ ထို့ပြင် 'နဂျစ်သဲကန္တာရ' ဒေသအကုန်လုံးနှင့် 'ဂါဇာ'မြို့ကိုပါ အစ္စရေးနိုင်ငံ နယ်နိမိတ်အတွင်းသို့ သိမ်းသွင်းလိုက်၏။

သို့သော် . . . ဒေးဗစ်၏ မူဝါဒများက အပြောင်းအလဲမြန်သည်။

အကယ်၍ အာရပ်တို့နှင့် ထာဝရငြိမ်းချမ်းရေးရရန် အာမခံချက်ရှိပါက နယ်မြေသိမ်းပိုက်လိုသည်ကို လက်လွှတ်ရန်အသင့်ရှိ၏။ အာရပ်လူမျိုး အများစုပါလာမည့် ကျယ်ပြန့်သောနယ်မြေကိုမူ သိပ်မလိုချင်။ မြေပွေးခါးပိုက်ဆောင် ထမ်းရသကဲ့သို့ ရှိချိမ့်မည် မဟုတ်ပါလား။

ဇူလိုင်လ (၉)ရက်နေ့။ အပစ်အခတ်ရပ်စဲရေးကာလ ဆုံးခန်းတိုင်လေပြီ။ စစ်မျက်နှာပြင်အားလုံးတွင် သဲသဲမဲမဲ ပစ်ကြခတ်ကြ ပြန်သည်။ မကြာပါ (၁၀)ရက်အကြာတွင် ဒုတိယအကြိမ် အပစ်အခတ်ရပ်စဲရေးကို ရက်အကန့်အသတ်မရှိ သတ်မှတ်လိုက်ကြပြန်၏။

အာရပ်-အစ္စရေးပြဿနာကိုဖြေရှင်းရန် သံတမန်ရေးရာနည်းများကိုပါ ကျင့်သုံးလာ၏။ 'ကောင့်ဘားနက်ဒေါ့'က ငြိမ်းချမ်းစွာ ဖြေရှင်းရန်အဆိုများ တင်သွင်းလာ၏။ သူ့အဆိုတွင် အာရပ်စစ်ပြေးဒုက္ခသည်များအား မူလဌာနေတွင် ပြန်လည်နေထိုင်ခွင့်ပြုရန် အာရပ်-အစ္စရေးတို့၏ စီးပွားရေး၊ နိုင်ငံရေးပူးပေါင်းမှုများ ဖွဲ့စည်းတည်ထောင်ရန်၊ ဂဲလီလီဒေသ အနောက်ဘက်ကမ်းခြေကိုရမည်ဖြစ်၍ 'နဂျစ်သဲကန္တာရ'မှ နယ်မြေအချို့အား စွန့်လွှတ်ရန်၊ ဂျေရုစလင်မြို့တော်အား အာရပ်တို့ကပင် ဆက်လက်သိမ်းပိုက်ထားစေလိုသော်လည်း ထိုနယ်မြေအတွင်းရှိ ဂျူးများကို လွတ်လွတ်လပ်လပ် သွားလာလုပ်ကိုင်ခွင့်များပေးရန်ကို တောင်းဆိုသည်။

'ကောင့်ဘားနက်ဒေါ်'၏ အဆိုများကို ဒေးဗစ်အပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆွေးနွေးသောအခါ အကြိတ်အနယ်ဖြစ်ခဲ့၏။ အကယ်၍ ဂျေရုစလင်မြို့နှင့် အစ္စရေးနိုင်ငံနယ်မြေအား ဆက်သွယ်ရာလမ်းကြောင်းဖြင့် လွတ်လွတ်လပ်လပ် ကူးသန်းခွင့်ပြုပါက ဂျေရုစလင်မြို့အား အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်ရေးနယ်မြေအဖြစ် သတ်မှတ်သည်ကို 'မိုရှေရှာရတ်'ကလက်ခံလိုသည်။ သို့သော် အစ္စရေးပိုင်နယ်မြေအတွင်းသို့ အာရပ်စစ်ပြေးဒုက္ခသည်များ ပြန်လည်ဝင်ရောက်နေထိုင်ခွင့်ပေးရေးအဆိုကိုမူ အကြောက်အကန် ကန့်ကွက်သည်။ သို့ပေမယ့် ကျောက်တုံးကျောက်ခဲထူထပ်သော 'နဂျစ်သဲကန္တာရ'ကို လက်လွှတ်၍ သစ်တောထူထပ်သောဂါလီလီဒေသကို ရယူလို၏။

ဒေးဗစ်ဘင်ဂူရီယန်က ဒေါသူပုန်ထတော့၏။ 'နဂျစ်သဲကန္တာရ' 'ပင်လယ်သေ'နှင့် 'ပင်လယ်နီ'သို့ ထွက်ပေါက်များကို ဘယ်သို့သောနည်းနှင့်မျှ လက်လွှတ်မခံနိုင်တဲ့၊ 'နဂျစ်သဲကန္တာရ'သည် လူသူနေထိုင်ရန်ပင်မသင့်ဟု ပါရဂူများက တင်ပြလာသည်ကိုပင် ဒေးဗစ်ကလက်မခံ။ ဂျေရုစလင်မြို့တော်အားလည်း အစ္စရေးနိုင်ငံတွင်းပါဝင်လာစေရမည်ဟုသာ တွင်တွင်တောင်းဆိုသည်။ အာရပ်စစ်ပြေးဒုက္ခသည်များပြန်လည်နေထိုင်ရေးကိုမူ ဒေးဗစ်ကလည်း လက်မခံနိုင် . . .။

ဩဂုတ်လ အကယ်၍ အာရပ်စစ်ပြေးဒုက္ခသည်များအား ပြန်လည်အခြေစိုက်နေထိုင်ခွင့်မပြုလျှင် အစ္စရေးနိုင်ငံအား ထိရောက်စွာအရေးယူမည်ဟု အမေရိကန်က ခြိမ်းခြောက်တော့သည်။ ဒေးဗစ်က ဂရုမစိုက်၊ လျစ်လျူရှုထားလိုက်၏၊ သူ့တွင် အကြံတစ်ခုတည်းသာရှိ၏။ နယ်နိမိတ်များတိုးချဲ့ရန် 'နဂျစ်သဲကန္တာရ'နှင့် ဂါလီလီအရပ်မှ ကျန်နယ်မြေများ သိမ်းပိုက်ရန်နှင့် ဂျေရုစလင်သို့ သွားရာလမ်းများရယူနိုင်ရန် စစ်ဆင်ရေးပြင်ဆင်ဖို့သာ ဒေးဗစ်က ဦးကျောက်ထဲတွင်ရှိ၏။ သည်အစီအစဉ်ကို လက်လွှတ်ဖို့ မည်သို့မျှတိုက်တွန်း၍မရ။ သို့သော် သည်အချိန်တွင် 'ထ'လုပ်ရန်မသင့်ဟုတော့ သူသိ၏။ အခြေအနေ အေးဆေးငြိမ်သက်လာပြီး ရှေ့တန်းစစ်မျက်နှာများတွင် အပစ်အခတ်ရပ်စဲသောအခါ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ပဲဖြစ်ဖြစ်၊ ချုပ်ဆိုသောအခါ စာချုပ်ပါအချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်ရပေလိမ့်မည်။ ထိုသို့သော စပ်ကူးမတ်ကူးကာလကိုမှ ရွေး၍ အစ္စရေးကအလျှင်စလို ဆောင်ရွက်ရလိမ့်မည်ဟု ဒေးဗစ်က ကြိတ်ကြံထား၏။

ပြဿနာပေါ်လျှင် စက်တင်ဘာလလယ်တွင်မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်နိုင်ပေမည်။ သည်အချိန်တွင်မှ ဒေးဗစ်အစီအစဉ်အတိုင်း တစ်စခန်း

ထံ'ရန် စစ်ဘက်နှင့် သံတမန်ဘက်မှ ပုဂ္ဂိုလ်များက သဘောတူကြ၏။ သည်အချိန်တွင် အလှည့်ကျ လုံခြုံရေးကောင်စီဥက္ကဋ္ဌမှာ အမေရိကန်ဖြစ်ပေမည်။ မိမိတို့က ကြည့်ရှုစောင့်ရှောက်နေရသော အစ္စရေးနိုင်ငံအပေါ် ပြင်းပြင်းထန်ထန် အရေးမယူရလေအောင် ဟန့်တားပိတ်ပင်ပေလိမ့်မည်။ အမေရိကန်သမ္မတရွေးကောက်ပွဲလည်း အချိန်နီးကပ်နေပြီဖြစ်၍ ထရူးမင်းက ဂျူးလူမျိုးမဲဆန္ဒရှင်များ စိတ်ထိခိုက် စေမည်များကိုမူ ဆောင်ရွက်လိမ့်မည်မဟုတ်။ သည်အချိန်ကိုမှ စောင့်၍ရွေးခဲ့၏။

ဒေးဗစ်က 'ကောင့်ဘားနက်ဒေါ့'၏ အကြံပေးချက်ကို ခါးခါးသီးသီး ငြင်းပယ်၏။ သို့ရာတွင် (၁၉၄၈)ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်းတွင် သည်အဆို၊ သည်အကြံပေးချက်များက ကုလသမဂ္ဂ၏ ဝါဒရေးသဘောထားအသွင် ဆောင်လာ၏။ သည်နေ့မှာပင် 'ကောင့်ဘားနက်ဒေါ့'လည်း လုပ်ကြံခံရ၏။ သူ့အကြံပေးချက်များကို နောက်ဆုံးသေတမ်းစာသဖွယ် မှတ်ယူကျင့်သုံးလာစပြု၏။ ကုလသမဂ္ဂ၏ ပထမဦးဆုံးနှင့် နောက်ဆုံးဆန္ဒအဖြစ် သဘောထားလာကြ၏။

သို့သော် . . . ဒေးဗစ်ကမူ မတုန်လှုပ် . . .။

အောက်တိုဘာလ (၁၆)ရက်နေ့။

အီဂျစ်တို့က အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်သည်ဟု စွပ်စွဲကာ အစ္စရေးတပ်များက-တောင်ဘက်သို့ စစ်ဆင်ရေးပြုလာတော့သည်။

သည်တစ်ကြိမ်စစ်ပွဲတွင် အစ္စရေးနိုင်ငံအား ကမ္ဘာက 'ကျူးကျော်သူ'ဟု အစွပ်စွဲခံရလိမ့်မည်ကို ကြိုတင်တွက်ဆထားပြီးသား။ သို့ကြောင့် စစ်တိုက်ဖို့ဆုံးဖြတ်ရာတွင် ပေါ့ပေါ့တန်တန် လုပ်ခဲ့သည်တော့မဟုတ်။ စစ်တိုက်ဖို့အတွက် ဒေးဗစ်က အပေါင်းအသင်းများနှင့် အတိုက်အခံပြော၍ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်၏။ ဂျေရုစလင်သည် အစ္စရေးနိုင်ငံ၏ မြို့တော်ဖြစ်ရမည်ဟူသော အစွဲအလန်းက ဒေးဗစ်ကို ဖမ်းစားနေသည်မဟုတ်ပါလား။

'အစ္စရေးနိုင်ငံတည်ထောင်ကြောင်း' ကြေငြာရန်ဆုံးဖြတ်ခဲ့ပြီးသည့်နောက် အရေးကြီးဆုံး ဆုံးဖြတ်ချက်တစ်ခုကို ယခုချခဲ့ရပြန်သည်။

ဟု ဒေးဗစ်မှတ်တမ်းတင်ခဲ့သည်။

မှန်သည်။ ဒေးဗစ်မျှော်မှန်းသည့်အတိုင်း ကုလသမဂ္ဂက ချက်ခြင်းတုန့်ပြန်လာ၏။

ဒေးဗစ် ကြိုတင်မှန်းဆခဲ့သည့်အတိုင်း အခြားအာရပ်စစ်တပ်များက တုတ်တုတ်မျှမလှုပ်။ သို့ကြောင့်လည်း ဒါယန်းစီစဉ်ထားသည့် ဂျေရုစလင် တောင်

ဘက်ခြမ်းသို့ တိုက်ခိုက်မည့် စစ်ဆင်ရေးကို စစ်ဦးစီးအဖွဲ့၏ သဘောတူညီချက် ရထားသော်လည်း ဒေးဗစ်အမိန့်ဖြင့် ရုပ်သိမ်းခဲ့ရ၏။ ကျန်အာရပ်နိုင်ငံများကို ရန်မစရန်ဖြစ်၏။

ဂျော်ဒန်စစ်တပ်များကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတိုင်း လိုက်နာကျင့်သုံးရန် အမိန့်ထုတ်ထားကြောင်းသိရ၏။

သည်စစ်ပွဲမှ ဒေးဗစ် အလွန်မင်းတပ်မက်နေသော နဂျစ်သဲကန္တာရ နယ်မြေကို ရရှိခဲ့၏။

ပြည်ပဂယက်က မည်သို့ ရိုက်ခတ်လာသနည်း။

ပထမဦးဆုံးပေါ်လာသည်က အမေရိကန်သမ္မတ ထရူးမင်း၏အမိန့် . . .။ ကုလသမဂ္ဂတွင် ဗြိတိသျှနှင့် တရုတ်အမျိုးသား အစိုးရကိုယ်စားလှယ်များက တင်သွင်းလာမည့် အစ္စရေးဆန့်ကျင်ရေးအဆိုများကို လုံခြုံရေးကောင်စီတွင် အမေရိကန်တပ်ဖွဲ့က ပိတ်ပင်တားမြစ်ရမည်တဲ့ . . .။

ကုလသမဂ္ဂကလည်း အစ္စရေးတပ်များအား နဂျစ်သဲကန္တာရနယ်မြေ အပါအဝင် သိမ်းပိုက်ထားသောနယ်မြေများမှ ရုပ်သိမ်းပေးရန် တောင်းဆိုသည်။

အစ္စရေးအစိုးရကလည်း ငြင်းသည်။

ယခင်ကမူ ကုလသမဂ္ဂသည် အစ္စရေးနိုင်ငံက လူဦးရေ (၇)သိန်းမျှနှင့် သန်းပေါင်း(၂၇)သန်းရှိ အာရပ်တို့အား သတ္တိရှိရှိ ရင်ဆိုင်သည်ကိုကြည့်ပြီး ကရုဏာသက်မိကြသည်။ ယခုမူ အစ္စရေးသည် မိမိရပ်တည်ရေးအတွက် မဟုတ်တော့ဘဲ စစ်တိုက်နေခြင်းဖြစ်သည်ကို ပြက်ပြက်ထင်ထင် တွေ့မြင်လာရသောအခါ အစ္စရေးနိုင်ငံအပေါ် အမုန်းပွားလာကြ၏။

သို့ကြောင့်လည်း သိမ်းပိုက်ထားသော နယ်မြေများမှ အစ္စရေးတပ်များ အမြန်ဆုံး ရုပ်သိမ်းပေးရန် အတင်းအကြပ်တောင်းဆိုပြန်၏။

အစ္စရေးအစိုးရအဖွဲ့ အစည်းအဝေးကို ချက်ခြင်းခေါ်ပြီး ကုလသမဂ္ဂက ပေးလာသည့် ရာဇသံကို ဆွေးနွေးကြသည်။ သည်တစ်ကြိမ်တွင်လည်း အစ္စရေးတို့က အလျှော့မပေး . . .။

အမေရိကန်ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရသော သမ္မတ ထရူးမင်းက ပဲရစ်မြို့ရှိ အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်ထံ တယ်လီဖုန်းဆက်၍ အစ္စရေးနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများအပါအဝင် အရေးယူဆောင်ရွက်ရန် မိမိ မလိုလားကြောင်း ပြောဆို၏။ နိုင်ငံရေးဝန်ကြီး မာရှယ်က

ဒေါ်ပွဲပြီး ရာထူးမှနုတ်ထွက်မည်ဟု ခြိမ်းခြောက်၏။

ဒေးဗစ်ဘင်ဂူရီယန်က ခေါင်းမာပါဘိ . . .။

နဂျစ်သဲကန္တာရနယ်မြေမှ အစ္စရေးတပ်များ ရုပ်သိမ်းဖို့မဆိုထားနှင့် နောက်တစ်နေရာသို့ စစ်ဆင်ရေးလုပ်ဖို့ရန်ပင် အမိန့်ပေးပြန်သည်။ နဂျစ်သဲကန္တာရမှ အစ္စရေးတပ်များကို ရုပ်သိမ်းပေးရန် ငြင်းဆိုသည်မဟုတ်သေး . . .။ အရှေ့ဘက်ခြမ်းနှင့် ပင်လယ်သေသို့ သွားရာလမ်းများကို စစ်မျက်နှာသစ် ဖွင့်ပြန်၏။

ဂျေရုစလင်မြို့တော် အခြေအနေကမူ နိုင်ငံရေးနှင့် ဘာသာရေးရာ အခြေအနေများပေါ် မူတည်၏။ သည့်အတွက်ကြောင့်လည်း ဒေးဗစ်က ဂျေရုစလင်မြို့ကို နောက်တစ်ကြိမ် စစ်ဆင်ရေးမပြုဘဲနေ၏။ အနောက်အုပ်စုနိုင်ငံများကပါ စိတ်မျက်လာမည်စိုး၍ ကျန်ဒေသများမှ စစ်တပ်များ ရုပ်သိမ်းပေးရသည်ထက် ဂျေရုစလင်မြို့တော်အား အာရပ်ပိုင်အခြမ်းနှင့် ဂျူးပိုင်အခြမ်းဟူ၍ ခွဲခြားသတ်မှတ်သည်ကိုပင် ဒေးဗစ်က လိုလား၏။

ဂျေရုစလင်မြို့အား အစ္စရေးနိုင်ငံအဖြစ် သိမ်းသွင်းရန်ဆန္ဒမရှိပါဟု တဖွဖွပြောရင်းကပင် ဒေးဗစ်က အစိုးရအလုပ်ဌာနများကို ဂျေရုစလင်သို့ ပြောင်းရွှေ့ဖွင့်လှစ်စေ၏။ စောစောပိုင်းကမူ အစ္စရေးအစိုးရအဖွဲ့က ဂျေရုစလင်အား နိုင်ငံအာဏာပိုင်မြို့တော်အဖြစ်လက်ခံရန် ဆုံးဖြတ်ချက်ကိုပင် ဒေးဗစ်ကိုယ်တိုင် ပယ်ဖျက်စေခဲ့၏။ ထိုစဉ် ဒေးဗစ်အစီအစဉ်မှာ ရှေးမြို့ဟောင်းကြီးကို အစ္စရေးနိုင်ငံအစိုးရအဖွဲ့၏ ရုံးစိုက်ရာမြို့တော်အဖြစ် သတ်မှတ်ရန်တည်း . . .။

ယခု အခြေအနေတွင် ဒေးဗစ်မှာ ကြိုးတန်းလျှောက်နေသူပမာ . . .။ ခြေတစ်ချက်ချော်သည်နှင့် အကျိုးနည်းရမည်မှာ မလွဲ . . .။

ဂျေရုစလင်မြို့နှင့် အစ္စရေးပိုင်နယ်မြေကို ဆက်သွယ်ရန်အတွက် အာရပ်တို့နယ်မြေကို တတ်နိုင်သမျှရှောင်ပြီး မော်တော်ကားလမ်း ဖောက်လုပ်သည်။ ဂျေရုစလင်ကို သိမ်းပိုက်လျှင် ကုလသမဂ္ဂကို အာခံရာကျပေမည်။

နှစ်ဘက်သဘောတူညီချက်ကို အခြေခံ၍ ဂျေရုစလင်မြို့အား နှစ်ခြမ်းခွဲပြီး အာရပ်တစ်ခြမ်း၊ အစ္စရေးတစ်ခြမ်းဟု ခွဲခြားသတ်မှတ်လျှင် လက်ခံနိုင်စရာရှိ၏။

သည်တစ်ကြိမ်တွင် ဒေးဗစ်နှင့် အစ္စရေးတပ်များက လွန်လွန်းသည်ဟု ဆိုရမည်လား . . .။

ဂါဇာနယ်မြေကို သိမ်းပိုက်ရန် ရည်ရွယ်လျက် ဒီဇင်ဘာလ (၂၂)ရက်နေ့တွင် အစ္စရေးတို့က 'ဟာရိုဗ်'စစ်ဆင်ရေးကို စခဲ့သည်။ ဒီဇင်ဘာလ (၂၉)ရက်နေ့

တွင်မူ အစ္စရေးတို့က မိမိနယ်နိမိတ်ကိုကျော်၍ အီဂျစ်ပိုင် ဆိုင်းနိုင်းနယ်မြေတွင်းသို့ ကျူးကျော်ဝင်လာခဲ့၏။ နယ်မြေတစ်ချို့ကို အစ္စရေးတို့က သိမ်းပိုက်ခဲ့သည်။

မကြာပါ။ သည်ဂယက်က အကြီးအကျယ်ရိုက်ခတ်လာတော့သည်။

ဒီဇင်ဘာလ (၁၃)ရက်နေ့ မွန်းတည့်ချိန်တိုင် ဘရီယတ်ကန်တော်ကြီးတွင် အပန်းဖြေအနားယူနေရာသို့ ရောက်လာသည်။ နှစ်သစ်ကူးအကြို . . အခြေအနေ အရပ်ရပ်ကြောင့် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းခဲ့သည့်အချိန်ကို သတိထားချိန် မရလိုက်ကြ . . .။

အမေရိကန်သံအမတ်ကြီးက လက်ဆွဲအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး ဒေးပစ်သို့ ဖတ်ပြ၏။

'အခုဖော်ပြမယ့်အကြောင်းအရာ အခြေအနေများကြောင့် ဝန်ကြီးချုပ်နဲ့ တွေ့ပြီး အကြောင်းကြားဖို့ အမေရိကန်သမ္မတကြီးက ကျွန်တော့်ကို ညွှန်ကြားပါတယ် . . .'

'အစ္စရေးလက်နက်ကိုင်တပ်များက ကြိုတင်ပြင်ဆင်တိုက်ခိုက်ပြီး အီဂျစ်နယ်မြေတွင်းသို့ ကျူးကျော်ဝင်ကြောင်း တာဝန်ရှိဌာနမှ ကျွန်တော်တို့ရဲ့အစိုးရအဖွဲ့က ဤစီရင်ခံစာတစ်စောင် လက်ခံရရှိပါတယ်။'

'အခြေအနေကို စိုးရိမ်ရတယ်လို့ ဗြိတိသျှအစိုးရက သုံးသပ်မိပြီး အကယ်၍ အစ္စရေးတပ်များက အီဂျစ်တို့ပိုင်နယ်မြေမှ မရုပ်သိမ်းလျှင် (၁၉၃၆)ခုနှစ် စာချုပ်အရ ဗြိတိသျှအစိုးရက မိမိထမ်းဆောင်ရမယ့်တာဝန်ကို မဆောင်ရွက်လိုပါဘဲလျက် ဆောင်ရွက်ရလိမ့်မည်လို့ အမေရိကန်အစိုးရကို အကြောင်းကြားပါတယ်'။

'အစ္စရေးနိုင်ငံကို ပထမဆုံး အသိအမှတ်ပြုခဲ့ပြီး ယခုတစ်ဖန် ကုလသမဂ္ဂသို့ ဝင်ခွင့်ရရေးအတွက် ထောက်ခံလျက်ရှိနေသော အမေရိကန်အစိုးရ အစ္စရေးနိုင်ငံရဲ့ လုပ်ရပ်ဟာ အရှေ့အလယ်ပိုင်းဒေသရဲ့ ငြိမ်းချမ်းရေးကို အန္တရာယ်ဖြစ်စေတယ်ဆိုတာ အစ္စရေးအစိုးရက သတိချပ်စေချင်ပါတယ်။ အစ္စရေးနိုင်ငံက ကုလသမဂ္ဂသို့ ဝင်ခွင့်ရရေးလျှောက်ထားရာမှ အမေရိကန်အစိုးရက ငြိမ်းချမ်းရေး မြတ်နိုးသောနိုင်ငံဖြစ်ပါတယ်'ရယ်လို့ ထောက်ခံခဲ့ရာမှအစ အစ္စရေးနိုင်ငံအပေါ် ထားရှိတဲ့ အမေရိကန်အစိုးရရဲ့ သဘောထားအပြင်၊ အစ္စရေးနိုင်ငံနဲ့ ဆက်ဆံရေး စရိုက်လက္ခဏာကိုပါ ပြန်လည်သုံးသပ်ရပါလိမ့်မယ် . . .'

အစ္စရေးအစိုးရက ငြိမ်းချမ်းရေးမျှော်မှန်းချက်များရှိကြောင်း သာကေပြဖို့နဲ့ ခိုက်ရန်ဖြစ်ပွားမှု ကျယ်ပြန့်မလာလေအောင် ရှောင်ရှားဖို့အတွက် အနည်းဆုံး

လိုအပ်ချက်ကတော့ အီဂျစ်တို့ပိုင်နယ်မြေမှ အစ္စရေးတပ်များကို အမြန်ဆုံး ရုပ်သိမ်းပေးဖို့သာ ဖြစ်ပါတယ်။

အစ္စရေးအစိုးရထံက ပြန်ကြားချက် အပြည့်အစုံကို စောင့်မျှော်နေဆဲမှာ သတင်းစာများကို ဒီအကြောင်းမပေါက်ကြားစေရပါ။

အမေရိကန်အစိုးရ၏ စာက ပြင်းထန်လှ၏။ သို့သော် စဉ်းစားစိတ်ကူးယဉ်နေချိန်မရှိ . . .။

ဒေးဗစ်ကိုယ်တိုင် အစ္စရေးတပ်များကို အမြန်ဆုံးရုပ်သိမ်းရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း အမေရိကန်သံအမတ်ကြီးကို ပြောပြသည်။ ဗြိတိသျှအစိုးရ၏ သဘောထားကိုလည်း ဒေးဗစ်က ပြင်းပြင်းထန်ထန် ဖြစ်တင်ကန့်ကွက်သည်။

ကျေနပ်နှစ်သိမ့်သွားသော အမေရိကန်သံအမတ်ကြီး၏ လက်ထောက်အရာရှိက ဝါရှင်တန်သို့ပို့ရန် သံကြိုးစာကို စီကုံးရေးသားနေခိုက် ဒေးဗစ်က သံအမတ်ကြီးဘက်လှည့်၍ အမေရိကန်အစိုးရအကြောင်းကြားစာ၏ ရင့်ရင့်သီးသီး ခက်ခက်ထန်ထန် အသုံးအနှုန်းများကြောင့် မိမိအံ့သြမိကြောင်းပြောပြ၏။

'အင်အားကြီးနိုင်ငံတစ်နိုင်ငံက ပါမွှားနိုင်ငံလေးတစ်နိုင်ငံကို ဒီလိုအမူအယာမျိုးနဲ့ ပြောဖို့လိုပါ့မလားဗျာ'တဲ့ . . .။

ဗြိတိသျှအစိုးရက အမေရိကန်သမ္မတအပေါ် အကြပ်ကိုင် ဖိနှိပ်အားပေးပုံရသည်မှာ အထင်အရှား။

အမေရိကန်သံအမတ်ကြီးထွက်သွားသည်နှင့် ဒေးဗစ်က အိပ်ယာသို့ဝင်သည်၊ ချက်ခြင်းအိပ်ပျော်သွား၏။ သည်တစ်ကြိမ်တွင် အမေရိကန်နှင့် ဗြိတိသျှတို့က ဒေးဗစ်လုပ်ရပ်များကို ရပ်တန့်ကရပ်စေခဲ့၏။ သည်တစ်ကြိမ်တွင် ဒေးဗစ်က ခြေလွန်လက်လွန် ဖြစ်ခဲ့သည်မဟုတ်ပါလား။

သည်အဖြစ်ကြောင့် ဂါဇာနယ်မြေကိုသိမ်းယူရန် ဒေးဗစ်၏ ဆန္ဒမပြည့်တော့။

နှစ်နိုင်ငံစစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန်အတွက်ချက်ခြင်း အပစ်အခတ်ရပ်စဲရန် အီဂျစ်အစိုးရက ဇန်နဝါရီလ (၇) ရက်နေ့တွင် ကမ်းလှမ်းခဲ့၏။

အီဂျစ်ပိုင် ဂါဇာကို လက်လွှတ်ရသော်လည်း ဒေးဗစ်ကတစ်မျိုးကြံပြန်၏။ နဂျစ်သဲကန္တာရနယ်မြေတစ်ခုလုံးကို သိမ်းပိုက်ရည်ရွယ်ချက်ဖြင့် စစ်ဆင်ရေးတစ်ခုစပြန်၏။

မတ်လ (၁၀) ရက်နေ့၊ သဲကန္တာရနယ်မြေကို အမြန်ဆုံး ဖြတ်သန်းပြီး

အင်္ဂဘာပင်လယ်ကွေ့ထိပ်ရှိ 'အီလတ်သ်'မြို့ ( Elath ) ကို သိမ်းပိုက်လိုက်၏။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့ကပင် အီဂျစ်နှင့် အစ္စရေးတို့က စစ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

တစ်လအကြာတွင် လက်ဘနွန်နိုင်ငံက အစ္စရေးတို့နှင့် အလားတူစာချုပ် ချုပ်ဆိုခဲ့ပြန်၏။ ဧပြီလ (၃) ရက်နေ့တွင် ဂျော်ဒန်တို့ကပါ လက်မှတ်ထိုးပြန်သည်။

သည်စစ်ပွဲတွင် အစ္စရေးက အနိုင်ရလိုက်၏။

ဒေးဗစ်ဘင်ဂူရီယန်လည်း စစ်အောင်နိုင်သူဖြစ်၏။

သို့သော် . . . . သို့သော်

ငြိမ်းချမ်းရေးကို အရယူနိုင်သောသူ ဖြစ်နိုင်ပါမည်လား။

## ဂျူးချာချီ

'နုနယ်သေးတဲ့ အစ္စရေးနိုင်ငံ အစိုးရအဖွဲ့ရဲ့လုပ်ရပ်တွေကို ကျုပ်ဂရုတစိုက် လေ့လာနေခဲ့တယ်။ အစိုးရအဖွဲ့ရဲ့လုပ်ရပ်ကို ကိုင်တွယ်မှုများက အများစုဟာ ကပျက်ကချော်နိုင်တယ်လို့ ဆိုရပေမယ့် အကျဉ်းအကြပ်တွေ့နေရတဲ့ အချိန်အခါမျိုးမှာ ကောင်းကောင်းမွန်မွန် ဆောင်ရွက်နေတယ်။ ဒေးဗစ်ဘင်ဂူရီယန်ဟာ ဝန်ကြီးချုပ်အဖြစ် ကာကွယ်ရေးဝန်ကြီးအဖြစ်နဲ့ အတော်အောင်မြင်နေတယ်။ ဒါပေမယ့် ဘင်ဂူရီယန်ကိုတွေးတိုင်း ဝင်စတန်ချာချီကို သတိရမိတယ်။ ချာချီဟာ စစ်ကြီးကာလမှာ အတော်ဆုံးခေါင်းဆောင်ဖြစ်ပေမယ့် ငြိမ်းချမ်းရေးကာလမှာ သိပ်မတော်လှဘူး။ ဘင်ဂူရီယန်ဟာ အေးဆေးတည်ငြိမ်တယ်။ မဖြစ်မနေလုပ်တတ်တဲ့ စိတ်ရှိတယ်။ ပြီး ရဲစွမ်းသတ္တိလည်းအပြည့်ရှိတယ်'။

(၁၉၄၈)ခုနှစ်၊ အောက်တိုဘာလတွင် ဒေါက်တာဝိုက်ဇ်မင်က သို့ကလို မှတ်ချက်ချသည်။ ဒေးဗစ်ဘင်ဂူရီယန် (သို့မဟုတ်) စစ်ရေးခေါင်းဆောင် (သို့မဟုတ်) ဂျူးချာချီ။ စစ်အပြီး ငြိမ်းချမ်းရေးကို ရှေ့ရှုလာချိန်တွင် အစ္စရေးဇာတ်ခုံပေါ်မှ မှေးမှိန်ပျောက်ကွယ်သွားရမည်မှာလွဲ . . . .။

အစ္စရေးနိုင်ငံသည်လည်း အခြားအခြားသော နိုင်ငံများနည်းတူ စစ်ပြီးခြင်းသည် ငြိမ်းချမ်းရေး၏ အစပဏာမဖြစ်ရမည်။

ယဉ်မျိုးဓာပေ

အစ္စရေးနိုင်ငံသည် မိမိရပ်တည်မှုကို တရားနည်းလမ်းမှန်ကန်သည်ဟု ပြရပေဦးမည်။ ပြည်သူအား နိုင်ငံအရေးအခင်းများတွင် တက်ကြွစွာပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးရပေဦးမည်။ ကမ္ဘာ့ဒေသအရပ်ရပ်တွင် တကွဲတပြားရှိနေကြသော ဂျူးများကို ဖိတ်ခေါ်ပြီး အချင်းချင်းစည်းရုံးစေရပေမည်။ ရှေးခေတ် ဣသရေလနိုင်ငံအား ဆက်ခံသည့်နိုင်ငံသစ်အဖြစ် ပြန်လည်တည်ထောင်ရပေဦးမည်။

စစ်ပြီး၍ ငြိမ်သက်သွားသည်ဆိုသော်လည်း ခေတ္တခဏသာတည်း။ နှစ်ပေါင်းများစွာကြာသည်ထိ ဒေးဗစ်ကဲ့သို့သော စစ်ရေးခေါင်းဆောင်ကြီးတစ်ဦးကိုမူ လိုအပ်နေမည်မှာအမှန် ....။

မည်သို့ဆိုစေ စစ်အပြီးကာလသည် တိုင်းတစ်ပါးတွင် နိုင်ငံမဲ့ဘဝဖြင့် သိမ်သိမ်ငယ်ငယ်နေကြရသော ဂျူးအနွယ်များအား အမိနိုင်ငံတွင်းသို့ စည်းရုံးသိမ်းသွင်းအခြေစိုက်နေစေခြင်းက ဂုဏ်ရောင်ထွန်းပြောင်သည့် တကယ့်အောင်ပွဲ။ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ဂျူးအနွယ်များ အစ္စရေးနိုင်ငံသို့ လာရောက်အခြေစိုက်ကြသည်။ လေးနှစ်ကာလအတွင်း (၇)သိန်းကျော် ဝင်လာသည်။ အစ္စရေးနိုင်ငံ လူဦးရေသည်လည်း နှစ်ဆမျှတိုးလာ၏။ ဂျာမနီမှ၊ မော်ရိုကိုမှ ဝေးလံသော အိန္ဒိယတောင်အာဖရိကချောင်များမှ ပိုလန်၊ ရှုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ပါးရှား၊ တူရကီနိုင်ငံများရှိ ကျေးရွာများမှ ဂျူးအနွယ်ဝင်များ တဖွဲဖွဲရောက်လာသည်။ သင်္ဘောနှင့်တစ်မျိုး၊ လေယာဉ်ပျံဖြင့်တစ်သွယ်၊ ဘာသာစကားအမျိုးမျိုးပြောကြသော ဂျူးများက ရာနှင့်ချီ၍ရောက်လာကြသည်။ အသားရောင်လတ်သောဂျူး၊ အချို့ဂျူးက မျက်လုံးကလေးပြာပြာ၊ အချို့ကျပြန်လည်း ငချိတ်တစ်မျှ အသားမဲလှသည့်ဂျူး စုံသည်။ အနောက်နိုင်ငံများရောက် ဂျူးလူမျိုးပညာရှင် အကျော်အမော်များ။ အရှေ့ဘက်ခြမ်းမှ အလယ်ခေတ်က ဂျူးလူမျိုး တစ်စုတစ်ဝေးကြီး ပေါ်လာတတ်သည်။ 'ဘေဘီလုံစစ်ဆင်ရေး' ( **Operation Babylon** ) အရ အီရတ်နိုင်ငံမှ ဂျူးများကို လေယာဉ်ဖြင့်ခေါ်လာကြသည်။ ကော်ဇောပျံစစ်ဆင်ရေး ( **Operation Flying Carpet** ) ဖြင့် ယီမင်နိုင်ငံတွင်းမှ ဂျူးများကို အစ္စရေးနိုင်ငံတွင်းသို့ ခေါ်လာခဲ့ကြသည်။ အမေရိကနှင့် ဥရောပနိုင်ငံများရှိ တက္ကသိုလ်များမှ ပါမောက္ခရာထူးများ လစ်လပ်သွားရ၏။ သုတေသနဗိမာန်များမှ ညွှန်ကြားရေးမှူးနေရာများလည်း လစ်လပ်သွားခဲ့ပြန်သည်။ အင်ဂျင်နီယာများ၊ ကုန်သည်ပွဲစားများ စသည့် ဂျူးအနွယ်ဝင်များသည် ကမ္ဘာ့ဒေသအသီးသီးမှ နည်းမျိုးစုံဖြင့် သန့်ရှင်းရာနယ်မြေ အစ္စရေးသို့ အရောက်လှမ်းခဲ့ကြ၏။

အစ္စရေးနိုင်ငံက ရောက်လာသမျှ ဂျူးအနွယ်ဝင်အားလုံးကို **သိမ်းကျုံး**

လက်ခံရသည်။ ပြီးလျှင် သူတို့၏အမြင်၊ အတွေးအခေါ်မှန်သမျှကို ကာလ၊ ဒေသနှင့် လိုက်လျောညီထွေဖြစ်ရလေအောင် ပြောင်းလဲစေရသည်။ ပညာပေး ပြုပြင်ရသည်။ ကုန်သည်ပွဲစား၊ စာရေးစာချီ အမှုထမ်းများမှ ရောက်လာသူများသည် ရှေ့ဆောင် ရှေ့ရွက်ပြုရသူများ၊ လယ်တောမှ အလုပ်သမားအဖြစ်သို့ ဘဝပြောင်းကြရသည်။ လူလတ်တန်းစားအလွှာဝင်များကမူ စုပေါင်းသမကျေးရွာတွင် အလုပ်လုပ်ကြရသည်။ အရှေ့အနောက်ရိုးရာယဉ်ကျေးမှုများ၊ အမျိုးသားဓလေ့ထုံးတမ်းစဉ်လာများကို စွန့်ပယ်၍ အစ္စရေးတို့၏ လူမှုရေးပုံစံသစ်ကို လေ့ကျင့်ခံယူစေရသည်။ စင်စစ် ပြုပြင်ပြောင်းလဲစေရေးသည် နေ့ချင်းညချင်း ပြီးစီးအောင်မြင်နိုင်သည်မဟုတ် . . .။

အစ္စရေးနိုင်ငံတည်ထောင်ခါစကာလတွင် ရှေးယခင်ကလို နို့နှင့်ပျားရည် မစီးခဲ့။ ပြည်သူအားလုံး ခြိုးခြိုးခြံခြံနှင့် ဆင်းဆင်းရဲရဲ နေခဲ့ရသည့်ကာလ။ အခွန်အတုတ် အမြောက်အများ စည်းကြပ်ကောက်ခံရသည့် ကာလ။ 'ရာရှင်'စနစ်ဖြင့် တင်းတင်းကြပ်ကြပ် ရိက္ခာဝေငှဖြန့်ဖြူးရသည့်ကာလ။ အားလုံးက ဝိုင်းကန့်ကွက်ကြသည်။

ဒေးဗစ်ဘင်ဂူရီယန်ကမူ ပါရဂူများ ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီ၏ အကြံပေးသည်ကို ဆန့်ကျင်၍ ငွေကြေးပါရဂူများက ဝိုင်းဝန်းကန့်ကွက်သည်ကို လျစ်လျူရှု၍ ယုတ္တိတန်သည်မှန်သမျှကို ကျောခိုင်း၍ 'ဇီယွန်သို့ပြန်လာကြ'ဟူသော မူဝါဒကိုသာ စွဲစွဲမြဲမြဲ ကိုင်တွယ်ကျင့်သုံးမြဲ ကျင့်သုံးလျက်ရှိ၏။

စင်စစ် အစ္စရေးနိုင်ငံဟု တည်ထောင်ခြင်းသည် ကမ္ဘာအရပ်ရပ်ရှိ ဂျူးလူမျိုးမှန်သမျှအား လက်ခံပြီး နေရာထိုင်ခင်းပေးရန်ဟူသည့် တစ်ခုတည်းသော ရည်ရွယ်ချက်ရှိခဲ့၏။ တိုင်းတစ်ပါးတွင်နေထိုင်မယ့် ဘဝဖြင့် သိမ်သိမ်ငယ်ငယ်နေရသည်မှ တင့်တောင့်တင့်တယ် ဖြစ်စေရန်ဟူသော ရည်မှန်းချက်ရှိခဲ့သည်။ ဒေးဗစ်က သည်ရည်မှန်းချက်ကိုပင် ထောက်ပြလျက် လာသမျှ ဂျူးအနွယ်ဝင်များကို လက်ခံရန် ပြောနေ၏။

သည်နိုင်ငံမြေပေါ်တွင် သည်ရေကို သောက်နေသူမှန်သမျှ၊ လူတိုင်း လူတိုင်းက သည်ရှုန်းကန်တိုက်ပွဲဝင်နေရခြင်းတွင် တစ်တပ်တအား ပါဝင်မှုဖြစ်သည်။ စင်စစ် အခက်အခဲ အကြပ်အတည်းများနှင့် ရင်ဆိုင်နေရသော သည်နှစ်များက သတ္တိ ဗျတ္တိ၊ စွမ်းပကားများ မွေးထုတ်ပေးရာ ကာလများဟုဆိုလျှင် မှားအံ့မထင်။ သဲကန္တာရ၊ တောင်ကုန်းတောင်စောင်းများ၊ ခြောက်သယောင်းနေသော တောနက်သက်သက်ဒေသများတွင် ဂျူးတို့ အခြေစိုက်တည်ထောင်သော ကျေးရွာများ မှိုပေါက်

သလို ပေါ်လာသည်။ မြို့ကြီးပြကြီးများတွင်လည်း နောက်ထပ်တစ်သုတ်ပြီး တစ်သုတ်ရောက်လာသူ ဂျူးအနွယ်ဝင်များ ခေတ္တခဏ တည်းခိုစခန်းချဖို့ တဲကြီးများ ထိုးပေးထားသည်။ သဘာဝအလှပျက်လျှင် ပျက်စေတော့။ လက်ငင်းချက်ခြင်း နေရာထိုင်ခင်းပေးရမည်က အဓိကဖြေရှင်းရမည့် ပြဿနာ။ စက်ရုံအလုပ်ရုံများ တိုးချဲ့ဆောက်ရ၊ စက်မှုလုပ်ငန်းသစ်များ တည်ထွင်ကြံဆရန်နှင့် . . . .။

ကျွမ်းကျင်သူပါရဂူများ အဆိုအရ နဂျစ်သဲကန္တာရသည် လူသူလေးပါး နေထိုင်ရန် မသင့်၊ နေလို့မရ၊ မည်သို့သော သီးနှံပင်မှ စိုက်ပျိုး၍မရဟု ဒေးဗစ်ကို အစီရင်ခံသည်။ သို့ကလိုဆိုပြန်လျှင် ဒေးဗစ်က ဒေါသူပုန်ထပြန်သည်။

'ကျွမ်းကျင်သူ ပါရဂူဆိုတဲ့သူတွေ ဘယ်သူတွေလဲကွ။ ဒီမှာဟေ့ ကိုယ်တိုင် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် စိုက်ပျိုးပြီးလို့ အောင်မြင်ပါမှ ပါရဂူလို့ ခေါ်ခံထိုက်တာ . . ။ မအောင်မြင်ဘူးဆိုရင်တော့ ပါရဂူမဟုတ်သေးဘူးဟေ့ . . . .။ ဘာကြောင့်လဲဆိုတော့ စိုက်ပျိုးအောင်မြင်ဖို့ နည်းလမ်းမှန် တို့မှ မတွေ့ သေးဘဲကိုး'။

ဒေးဗစ်အဖို့ ဟီဗရူးဘာသာစကားတွင် မဖြစ်နိုင်ဆိုသော စကားမရှိ . . .။

ဂျူးနိုင်ငံ တည်ထောင်စနှစ်များက ဒေးဗစ်၏လှုပ်ရှားမှုများကို လေ့လာပြီး အတ္ထုပ္ပတ္တိ ပြုစုသူတစ်ဦးအဖို့ ဓာတ်ပုံမှတ်တမ်းတင်မိသားစု 'အယ်လ်ဘမ်' စာအုပ် ကြီးကို တစ်ရွက်ချင်းလှန်ကြည့်နေရသည့်နှယ်၊ သမကျေးရွာသစ်ဖွင့်ပွဲတွင် ဒေးဗစ် ကိုယ်တိုင် အုတ်မြစ်ချခဲ့သည်။ ပြည်ပမှဒိုဝင်လာပြီး အခြေစိုက်လာသူ ဂျူးကျေးရွာ များကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လည်ပတ်သည်။ အမျိုးသားဥပဒေပြု လွှတ်တော်တွင် ရှေ့ဆောင်ရှေ့ရွက်ပြုသည်။ သူ့ပတ်ဝန်းကျင်၌ ဖြစ်ပျက်မှုမှန်သမျှ တွင် သူမပါလျှင်မပြီး . . .။ ကျေးရွာသစ်ထူထောင်ရာတွင်လည်း သူပါစမြဲ၊ စက်ရုံ သစ် ဆောက်ရာတွင်လည်း သူရောက်စမြဲ၊ သိပ္ပံအဆောက်အဦသစ် ဖွင့်ပွဲတွင်လည်း သူ ရှေ့က။ သည်လှုပ်ရှားမှုအားလုံးကပင် သူ့ဖြစ်စဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်၏။

သို့သော် . . . . သူ့ လှုပ်ရှားမှုအရပ်ရပ်တွင် အများစုမှာ အစွဲရေး တပ်မတော်နှင့် ပတ်သက်သည်ချည်း။ သည်တပ်မတော်က သူ့အတွက် ဂုဏ်ယူစရာ၊ နှလုံးချမ်းမြေ့စရာ . . .။ သူ့ဘဝတွင် အကြိတ်အနယ်ရုန်းကန်ခဲ့ပြီးမှ တပ်မတော်ကို ဂျူးနိုင်ငံ၌ နိုင်ငံရေးမစွက်ဖက်ရသည့် တစ်ခုတည်းသော အဖွဲ့အစည်းအဖြစ် ရပ်တည်စေရာတွင် အောင်မြင်ခဲ့၏။ တပ်မတော်အရာရှိကြီးများကို နိုင်ငံတွင် အစွမ်းရှိသူပုဂ္ဂိုလ်များ၊ ကိုယ်ကျိုးမဖက်သည့် ရှေ့ဆောင်ရှေ့ရွက် လမ်းပြသူများ

အဖြစ် သဘောပိုက်ထားသည်။ တပ်မတော်သားများက လမ်းဖောက်ရာတွင်လည်း ပါ၏။ ကျေးရွာသစ်ထူထောင်ရာတွင်လည်းပါ၏။ တစ်ဖက်ကတိုက်လာပါက အသင့် ရင်ဆိုင်ရန် သဲကန္တာရများ၌ အခြေစိုက်စခန်းများဖွင့်၍ စိုက်ပျိုးထွန်ယက်ခြင်းကို 'နာဟာလ်' ( **Nahal** )ခေါ် အထူးတပ်က တာဝန်ယူရသည်။ စစ်တပ်ကပင် ကမတထပြု၍ ပြည်ပမှအသစ်ရောက်လာသူ ဂျူးအနွယ်ဝင်များအတွက် ဟီဗရူး ဘာသာစကားသင်တန်းများ၊ အထွေထွေဘာသာရပ်များ၊ ပညာရပ်များကို သင်ကြား ပို့ချပေးသည်။

အရာရှိငယ်များ၊ စစ်သားရဲဘော်များရှေ့တွင် ရောက်နေချိန်၌ ဒေးဗစ်မှာ ပျော်မဆုံး . . . ။ တပ်စခန်းများသို့ မကြာခဏ အလည်အပတ်သွားကာ တပ်သား သစ်များနှင့် တွေ့ရာလေးပါး ရောက်တတ်ရာရာ စကားလက်ဆုံပြော၏။ ညတိုက်ပွဲ လေ့ကျင့်ရာတွင်လည်း ဒေးဗစ်ရောက်လာတတ်သည်။ ထွန်ယက်စိုက်ပျိုးခြင်း မပြုရ သေးသည့် မြေရိုင်းဒေသများကိုလည်း ကားတန်းရှေ့ဆုံးမှ ဂျစ်ကားစီး၍ သွားတတ် သည်။ တိုက်ပွဲတွင် ဒဏ်ရာရခဲ့သော ရဲဘော်များထံသွားရောက်၍ အားပေးနှစ်သိမ့် တတ်သည်။

ဒေးဗစ်၏လက်ထက်တွင် အစ္စရေးတပ်မတော်သည် အရှိန်အဝါကြီးသော အဖွဲ့အစည်းဖြစ်၏။ သို့ရာတွင် လွတ်လပ်ရေးတိုက်ပွဲကြီး နောက်ဆုံးတိုက်ပွဲကို အမြောက်လက်နက်ကြီးများ၊ တင့်ကားများ အကူအညီမပါဘဲလျက် တစ်ဦး တစ်ယောက်တည်း ရင်ဆိုင်တိုက်ခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲအပြီး လပေါင်းများ စွာ ကြာမြင့်ပေါ်ခဲ့သော သည်တိုက်ပွဲမှာ ဂျေရုစလင်မြို့သို့ သူပိုင်သင့်၊ ငါပိုင်သင့် တိုက်ရသည့်တိုက်ပွဲဖြစ်၏။

သည်တစ်ကြိမ်တွင် ဒေးဗစ်က အာရပ်တို့ကိုသာ အာခံသည်မဟုတ်။ ကုလသမဂ္ဂ၊ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကပြည်ထောင်စုတို့ ဆန္ဒကိုပါ အာခံခဲ့သည်။ ဂျေရုစလင်မြို့ကို ဂျူးတပ်များက လောလောဆယ်တွင် သိမ်းပိုက်ထား၏။ သို့တစေ ဂျေရုစလင်အား အပြည်ပြည်ဆိုင်ရာ ဇုံနယ်မြေအဖြစ် ကုလသမဂ္ဂက သတ်မှတ်ထား သည့် ဆုံးဖြတ်ချက်မှာ အာဏာတည်ဆဲ . . . ။ အားလုံးကို လျစ်လျူရှု၍ ဒေးဗစ်က ဂျေရုစလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ရန် တိုက်ပွဲဝင်နေ၏။

(၁၉၄၉)ခုနှစ်၊ မေ (၁၁) ရက်နေ့ အစ္စရေးနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်လာသည်။ နိုင်ငံခြားရေးဝန်ကြီး 'မိုရှေရှာရတ်'နှင့် နိုင်ငံခြားရေးဌာန ခန့်မှတ်ရာတွင် တာဝန်ရှိပုဂ္ဂိုလ်တစ်စုက ကမ္ဘာ့အဖွဲ့အစည်းအား အစဉ်တစိုက်

ကြည်ညိုလေးစားပါကြောင်း အာပေါက်မတတ် ပြောရသည်မှာအမော။ ဒေးဗစ်က အောက်ကျို့ပြီးမပြော။ သည်အချက်တွင် ဒေးဗစ်နှင့်ရှာရတ်တို့ သဘောထား အကြီး အကျယ်ကွဲခဲ့၏။ ကုလသမဂ္ဂသည် (၁၉၄၇)ခု၊ နိုဝင်ဘာလ (၂၉)ရက်နေ့ ဆုံးဖြတ် ချက်ကို မလိုက်နာ။ အာရပ်တို့နှင့် ရင်ဆိုင်တိုက်ခိုက်ရချိန်၌ ဂျူးတို့ လက်နက် အကူ အညီပေးရန်ကိုပါ ကုလသမဂ္ဂ ငြင်းဆိုခဲ့သည်ကြောင့် ကုလသမဂ္ဂသည် အစ္စရေးနိုင်ငံ တည်ထောင်နိုင်ရန် ဖန်တီးပေးခဲ့သည့် အဖွဲ့အစည်း၏ ရသင့်ရထိုက်၊ ခံစားသင့် ခံစားထိုက်သော လေးစားမှုများ လက်လွတ်ဆုံးရှုံးခဲ့ပြီဟု ဒေးဗစ်က သဘောရသည်။ လွတ်လပ်ရေးစစ်ပွဲကာလတွင်းက သိမ်းပိုက်ရရှိခဲ့သည့် နယ်မြေများမှ စစ်တပ်များသို့ ပြန်လည်ရုပ်သိမ်းရန် အာရပ်စစ်ပြေးဒုက္ခသည်များအား မိမိတို့နေအိမ်များသို့ ပြန်ခ ခွင့်ပြုရန်တို့ကို ပစ်ပစ်ခါခါ ငြင်းဆိုခဲ့ခြင်းဖြင့် ဒေးဗစ်က ကုလသမဂ္ဂကို အာခံခဲ့ပုံး၏ နှစ်ပေါင်းများစွာ ရင်းရင်းနှီးနှီး လက်တွဲဆောင်ရွက်ခဲ့ပြီးမှ ဂျေရုစလင်မြို့တော် ပြဿနာကြောင့် ဒေးဗစ်နှင့် မိုရှေးရှာရတ်တို့ အကြီးအကျယ် 'ချ' ကြရပေတော့မည်။

(၁၉၄၉)ခုနှစ်ကုန်တွင် အထွေထွေညီလာခံက ဂျေရုစလင်မြို့တော်အား ကုလသမဂ္ဂအုပ်ချုပ်မှုနယ်မြေအောက်တွင် ထားရှိရန် ဆုံးဖြတ်ခဲ့လေသည်။ ဒေးဗစ် ကလည်း သည်ဆုံးဖြတ်ချက်ကို မဆိုင်းမတွ ပြန်လည်တုန့်ပြန်သည်။

'ဂျေရုစလင်မြို့တော်ဟာ ဂျူးလူမျိုးတို့သမိုင်းအရ၊ ဘာသာရေးအရ ဆက်နွယ်နေတာကြောင့် ဂျူးနိုင်ငံရဲ့ တစ်စိတ်တစ်ဒေသဖြစ်သင့်တယ်။ ဂျေရုစလင် သည် အခြားဘာသာရေး အသင်းအဖွဲ့များ၏ သန့်ရှင်းရာနယ်မြေဖြစ်တာကြောင့် လည်း ကျုပ်တို့ ဂုဏ်ယူပါတယ်။ ဒီနေရာမှာ အခြားဘာသာဝင်များကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို အပြည့်အဝပေးပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂက ဂျေရုစလင်မြို့တော်ကို အစ္စရေးနိုင်ငံနဲ့ ခွဲခြားတာကိုပဲဖြစ်ဖြစ်၊ အစ္စရေးနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်မှုကို ထိပါးစေတာကိုပဲဖြစ်ဖြစ် ကျုပ်တို့ခွင့်မပြုနိုင်ဘူး'။

အစ္စရေးနိုင်ငံ တည်ထောင်ခဲ့သည့်အချိန်မှစ၍ ဂျေရုစလင်မြို့အား နိုင်ငံ မြို့တော်အဖြစ်ထားရှိရန် ဒေးဗစ်က စိတ်ဆန္ဒရှိခဲ့၏။

(၁၉၄၇)ခုနှစ်တွင် ဂျေရုစလင်မြို့တော်မှ မစွန့်ခွာလို့မဖြစ်၍ စွန့်ခွာခဲ့ ရစဉ်က ရုံးခန်းသော့ကို အကျီအိတ်ထဲထည့်ရင်း လက်ထောက်အရာရှိတစ်ဦးသို့ တိုးတိုးကလေးပြောပြမိသည်။

'ဒီသော့တော့ သိမ်းထားမှဖြစ်မယ်ထင်တယ်ဟေ့၊ ဒီနေရာကို ငါပြန်လာ ရအုံးမှာ သေချာပါတယ် . . . .'တဲ့။

ယဉ်ချိုးစာပေ

သို့သော် ဒေးဗစ် စောင့်ရပေဦးမည်။

ဂျေရုစလင်မြို့တော်ကို ပြန်လည်သိမ်းပိုက်သောအခါ ဒေးဗစ်က မိမိ၏ အုပ်ချုပ်ရေးရုံးကို ဂျေရုစလင်မြို့သို့ စတီပြောင်းရွှေ့သည်။ သို့သော် ကုလသမဂ္ဂကို အာခံပြီး အစ္စရေးအလံတော်ကိုမူ ပြောင်ပြောင်တင်းတင်း လွှင့်မထူရဲသေး။ အထွေထွေညီလာခံ၏ မကြာသေးခင်ကမှ ဆုံးဖြတ်ချက်အရ အချိန်ဆွဲစောင့်မနေနိုင်။ မြန်နိုင်သမျှ မြန်မြန်ဆောင်ရွက်ရပေလိမ့်မည်။

'ဂျေရုစလင်ကို မြို့တော်အဖြစ် သတ်မှတ်လို့ ကျုပ်တို့အတွက် မလုံခြုံဘူး' မိုရှေရှာရတ်က သို့ကလို ဆင်ခြေပေးသည်။

'ဒါပေမယ့် အခုလို ရွှေ့တန်းစခန်းကိုမှ ကျုပ်တို့က မြို့တော်သတ်မှတ်ခဲ့ရင် အာရပ်တို့အတွက် မလုံမခြုံ ဖြစ်သွားစေလိမ့်မယ် . . . . ' ဟု ဒေးဗစ်ကလည်း သူ့အမြင်ဖြင့် တုန့်ပြန်သည်။

နောက်ပိုင်းရက်များတွင် အခြေအနေက တင်းမာလာတော့၏။ သည်အစီအစဉ်ကြောင့် ပေါ်လာမည့်နိုင်ငံရေးပြဿနာများကိုသာ ဒေးဗစ်က ချိန်ဆနေမိသည်၊ နိုင်ငံခြားရေးဝန်ကြီး 'မိုရှေရှာရတ်'က အမေရိကသို့ ထွက်ခွာသွားသည်။ အမေရိကမှနေ၍ သည်အစီအစဉ်ကို ဖျက်သိမ်းရန် သို့မဟုတ်က ပို၍သင့်တော်မည့် အချိန်ကြမှ ဆောင်ရွက်ရန်ကိုသာ တဖွဖွပြောရင်းကြိမ်ဖန်များစွာ သံကြိုးရိုက်လျက်ရှိ၏။

သို့သော် အချိန်က အမြန်ဆုံးဆောင်ရွက်ဖို့သာ အခွင့်ကြုံလျက်ရှိ၏။ နေ့စဉ်နှင့်အမျှ ကုလသမဂ္ဂ ဂျေရုစလင်အား နိုင်ငံတကာပိုင်မြို့တော်အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ချက်အား အကောင်အထည်ပေါ်လာမည်ကို ရင်တမမနှင့် ရှိနေရ၏။ ထုံးစံအတိုင်း ဒေးဗစ်က ဘယ်သူ့ကိုမှ မတိုင်ပင်တော့။ သူ့ဟာသူ ဆုံးဖြတ်ချက်ချလိုက်၏။

ဒီဇင်ဘာလဆန်းတွင် 'မိုရှေရှာရတ်'က ကန့်ကွက်နေသည့်ကြားမှ ဒေးဗစ်က မိမိအစီအစဉ်အတိုင်း ဆောင်ရွက်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူလေသည်။

ဝန်ကြီးဌာနအသီးသီးအတွက် ရုံးဖွင့်ရန် အဆောက်အဦများကို ဂျေရုစလင်တွင် ပြင်ဆင်မွမ်းမံလျက်ရှိ၏။ လုံခြုံရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနကိုမူ တယ်လ်အဗီးမြို့တွင်ပင် ထားရှိ၏။ (၁၉၄၉)ခု၊ ဒီဇင်ဘာလ၊ (၁၃)ရက်နေ့ အစ္စရေးနိုင်ငံ၏ အစိုးရရုံးစိုက်ရာမြို့တော်ကို ဂျေရုစလင်သို့ ပြောင်းရွှေ့လိုက်ကြောင်း

ဒေးဗစ်က လူသိရှင်ကြား ကြေငြာတော့သည်။ နောက်တစ်နေ့တွင် ရုံးသုံးကိရိယာ စာရွက်စာတမ်း၊ ဖိုင်တွဲများတင်ဆောင်ကာ လော်ရီကားကြီးများဖြင့် 'သန့်ရှင်းရာ မြို့တော်'သို့ ဘုရားဖူးသွားသကဲ့သို့ တသီတတန်းကြီးသွားကြ၏။

နိုင်ငံတိုင်းက သည်လုပ်ရပ်ကို သဘောမတူကြောင်းဖြင့် တိတိလင်းလင်း ထုတ်ဖော်ပြောလာကြသည်။ ပြင်သစ်နိုင်ငံက အစ္စရေးနိုင်ငံအား ရှုတ်ချရန်အဆိုကို ကုလသမဂ္ဂသို့ တင်သွင်းသည်။ အခြားနိုင်ငံများကလည်း အလားတူကန့်ကွက်ကြသည်။ သို့သော် ဂျေရုစလင်သည် အစ္စရေးနိုင်ငံ မြို့တော်အဖြစ် တည်မြဲတည်ဆဲ . ။

ကုလသမဂ္ဂမှ ပြန်လာသောအခါ 'မိုရှေရှာရက်'က နှုတ်ထွက်စာတင်သည်။ ဒေးဗစ်က 'ရှာရက်'၏ နှုတ်ထွက်စာကို လက်မခံ။ 'မိုရှေရှာရက်'ကလည်း အခြေအနေသစ်နှင့် လိုက်လျောညီထွေဖြစ်အောင် အလိုက်သင့်နေသည်။ သို့ရာတွင် နိုင်ငံခြားသံတမန်များအား မြို့တော်ပြောင်းရွှေ့ခြင်းကို ဂရုမစိုက်ဘဲ တယ်လ်အဗီးတွင်ပင် သံရုံး ဖွင့်မြဲဖွင့်ထားရန် ညွှန်ကြားထားသည်။ သို့အတွက် အခိုက်အတန့်တွင် ရှာရက်၏ နိုင်ငံခြားရေးဝန်ကြီးဌာနကိုမူ တယ်လ်အဗီးတွင်ပင် ဆက်လက်ထားရှိနေ၏။ နောင်သောအခါ (၁၉၅၃)ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနကိုပါ ဂျေရုစလင်သို့ ပြောင်းရွှေ့ ဖွင့်ခွင့်ပြုသည်။ နိုင်ငံခြားသံတမန်များမှာ နေ့စဉ်နှင့်အမျှ ဂျေရုစလင်နှင့် တယ်လ်အဗီးကို ကူးလူးသွားလာရန် ဆန္ဒမရှိပါဘဲလျက် သွားချည်လာလှည့် နေရ၏။

ဒေးဗစ်က ဂျေရုစလင်မြို့ရှိ ပန်းနုရောင်အုတ်တိုက်တွင် ရုံးခန်းဖွင့်သည်။ တစ်ချိန်က ဂျူးအဖွဲ့အစည်းဌာနချုပ်ရုံး အဆောက်အဦ ဂျေရုစလင်မှ ထွက်ခွာခဲ့စဉ်က ထိုရုံးခန်းအဆောက်အဦဒေသကို ဒေးဗစ်က သိမ်းဆည်းခဲ့သည်မှာ မှန်သယောင်ယောင်။

သည်နောက်ဆုံးတိုက်ပွဲတွင်လည်း ဒေးဗစ်နိုင်ခဲ့ပြန်၏။ သည်အချိန်မှစ၍ အရာရာသည် ချောချောမွေ့မွေ့မဖြစ်တော့။ သည်အတိုင်း ပုံမှန်သွားနေမည် မဟုတ်တော့။ အစ္စရေးနိုင်ငံမြို့တော်ကို ဂျေရုစလင်သို့ ပြောင်းခဲ့ခြင်းမှာ ဒေးဗစ်ဦးစီးဦးဆောင်သည့် နောက်ဆုံးလုပ်ရပ်ပင် ဖြစ်လိမ့်မည်။ သည်ကိစ္စနှင့် အခြားသူများအား မိမိခေါင်းဆောင်မှုကို မမှိတ်မသုန်လိုက်စေရာတွင် ဒေးဗစ်အောင်မြင်သည်။ နောင်တွင် သည်သို့လုပ်၍မဖြစ်တော့။ မိမိ၏လက်အောက်ငယ်သားများကို လုပ်ချင်သလို လုပ်နိုင်ရန် လွတ်လပ်မှုပေးလာရတော့သည်။ သို့ဆိုစေ သည်အချိန် သည်အခါမှစ၍ ဒေးဗစ်၏ တစ်ဦးတစ်ယောက်တည်း ခေါင်းဆောင်မှု ဆုံးဖြတ်မှုများ

အခန်းကဏ္ဍ နိဂုံးချုပ်ခဲ့လေပြီ။

နောင်သောအချိန်များတွင် ယခင်က မိမိတစ်ဦးတည်း ထမ်းခဲ့ရသော နိုင်ငံဝန်ထုပ်ဝန်ပိုးကို အများနှင့်မျှ၍ ထမ်းလာရသည်။ စွမ်းရည်ရှိလူငယ်များလည်း နေရာရလာသည်။ မိမိတို့အရည်အချင်းကို သိသိသာသာပြနိုင်ခဲ့သည်။ ခေါင်းဆောင်၏ အရိပ်နောက်မှ ပုန်းလျှိုးကွယ်လျှိုးဖြင့် တာဝန်ယူရသည့်ခေတ် ကုန်ခဲ့ပြီ။

သို့တစေ အစ္စရေးနိုင်ငံအဖို့ ထူးထူးခြားခြား အစွမ်းထက်သည့် ခေါင်းဆောင်တစ်ဦး၏ ရှေ့ဆောင်ရှေ့ရွက်ပြုသည်ကိုတော့ လိုစမြဲ . . . .။

ဒေးဗစ်ကလည်း မော်ပမ်းနွမ်းလျ၍ လာချေပြီ။ အသက် (၆၃)နှစ်ရှိပြီ။ တစ်ချိန်လုံး စစ်တိုက်ခဲ့ရသည်ကြောင့်လည်း အားအင်ကုန်ခမ်းလာ၏။ မကြာမတင်မှာပင် နိုင်ငံရေးဇာတ်ခုံမှ ခေတ္တခဏမျှ အနားယူရပေလိမ့်မည်။

အခိုက်အတန့်ပင် ဒေးဗစ်နှင့် ဒေါက်တာဝိုက်ဇ်မင်တို့ သူနိုင်ကိုယ်နိုင် ဆွဲသည့်လွန်ပွဲက တဖန်ပေါ်လာပြန်၏။ လွန်ခဲ့သော နှစ်ပေါင်း(၃၀)အတွင်း ကမ္ဘာ့ဇီယွန်လှုပ်ရှားမှုကြီးသည် ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ သဘောတူညီချက်များ၊ သဘောကွဲလွဲမှုများ၊ အပြန်အလှန်လေးစားချစ်ခင်မှုများ၊ ရံဖန်ရံခါ ဇာက်ကက်လန် နှုတ်လှန်ထိုးရန်ပွဲများကြားမှ တစ်စ တစ်စ ကြီးပွားတိုးတက်လာခဲ့၏။

ပါလက်စတိုင်းတွင် ဗြိတိသျှတို့၏ အုပ်ချုပ်ခွင့်အာဏာ ဆုံးခန်းတိုင်လုနီးနီးတွင် သည်ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ဆက်ဆံရေးသည် လုံးဝဥသုံဖြစ်တော့မည့် အခြေသို့ပင် ဆိုက်ခဲ့၏။ သို့သော် (၁၉၄၈)ခုနှစ်တွင် ဒေးဗစ်က ဒေါက်တာဝိုက်ဇ်မင်သို့ ချဉ်းကပ်ခဲ့ပြန်၏။ သံကြိုးစာတစ်စောင်က ဒေးဗစ်၊ ကပ္ပလင်၊ ရှာရတ်၊ ရာမက်ဇ်နှင့် ဂိုလ်ဒါမေယာတို့က လက်မှတ်ရေးထိုးလျက်၊ လွတ်လပ်ရေးကြေငြာပြီး နောက်တစ်ရက် (မေလ ၁၅ ရက်နေ့)တွင် အစ္စရေးနိုင်ငံ၏ သမ္မတကြီးအဖြစ် အမြန်ဆုံးဆောင်ရွက်စေကြောင်းဖြင့် အကြောင်းကြားလိုက်၏။ သို့ဖြင့် ဒေါက်တာဝိုက်ဇ်မင်တစ်ယောက် အစ္စရေးနိုင်ငံ၏ ပထမဦးဆုံး သမ္မတဖြစ်လာရတော့သည်။

သမ္မတအဖြစ် ဝန်ကြီးအဖွဲ့အစည်းအဝေးများ ကျင်းပခြင်း၊ သံတမန်များခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ နိုင်ငံခြားရေးဝါဒချမှတ်ရာတွင် ဆောင်ရွက်ရမည်။ နိုင်ငံခြားရေးဝါဒချမှတ်ရာတွင်ပါ သူသြဇာကင်းလိမ့်မည်မဟုတ်ဟုထင်၏။

သို့သော် မကြာပါ။ သမ္မတအဖြစ် နိုင်ငံ့ဥသျှောင် ဖြစ်သော်လည်း သူ့တွင်ဘာအာဏာမျှမရှိ။ ဒေါက်တာဝိုက်ဇ်မင် အကြီးအကျယ် စိတ်ပျက်မိသည်။ သို့ကြောင့်လည်း ဖိတ်ခေါ်သည်ကို ချက်ခြင်းမလာဘဲ ဆွစ်ဇာလန်၊ ပဲရစ်တို့တွင်ဝင်၍

အချိန်ဖြုန်းနေသည်။ မကျေနပ်ကြောင်းပြခဲ့၏။

ဒေါက်တာဝိုက်ဇ်မင်အား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ရန် ဥပဒေပြုလွှတ်တော် ဒေးဗစ်ကိုယ်တိုင် အဆိုတင်သွင်းခဲ့သည်။ သို့သော် သမ္မတဖြစ်လာသော ဒေါက်တာဝိုက်ဇ်မင်သည် နိုင်ငံ စီမံခန့်ခွဲရေးကိစ္စရပ်များတွင် စွက်ခွင့် မရှိစေရဟူသော အချက်ပါရှိ၏။ တံဆိပ်တုံးသမ္မတ၊ အမည်ခံသမ္မတအဖြစ်ကိုမူ ဒေါက်တာဝိုက်ဇ်မင် မကြိုက်။

'သမ္မတရာထူးခံ သာမန်သမ္မတထက်တော့ ကျုပ်က ပိုပါသေးတယ်'

ဟု သတင်းစာဆရာများအား မိမိ မကျေနပ်ချက်ကို ရင်ဖွင့်ခဲ့ဖူးသည်။

သို့သော် ထူးမခြားနား။ ဒေးဗစ်ဘင်ဂူရီယန်ကဲ့သို့သော ပုဂ္ဂိုလ်ကြီး တစ်ယောက်က ဝန်ကြီးချုပ်အဖြစ်ရှိနေသော အကြင်နိုင်ငံတွင် သမ္မတသည် အမည်ခံအဖြစ်မှလွဲ၍ ပို၍ အာဏာမရှိနိုင် . . .။

အစ္စရေးနိုင်ငံ သမ္မတအဖြစ် ဒေါက်တာဝိုက်ဇ်မင်က မိမိနေဝင်ချိန်ကာလကို 'ရီဟိုးဗို့သ်' ( **Rehovoth** ) ရှိ 'သိပ္ပံသုတေသနဗိမာန်'တွင် အချိန်ကုန်လွန်စေခဲ့၏။ ဇီယွန်လောက၏ ဘုရင်တစ်ဆူအဖြစ် နေခဲ့ရသော ဒေါက်တာဝိုက်ဇ်မင်အဖို့ ကြေကွဲစရာ၊ ခံပြင်းစရာ နေ့ရက်များသာဖြစ်၏။ နိုင်ငံ့ပွဲလမ်းသဘင်များ၊ စစ်ရေးပြ အခမ်းအနားများတွင် အလေးပြုခံရန်အတွက်သာလျှင် ပရိသတ်ရှေ့ ထွက်တော့သည်။

သို့ကြောင့်လည်း သမ္မတ ဒေါက်တာဝိုက်ဇ်မင်အား 'ရီဟိုးဗို့သ်'မှ အကျဉ်းသားဟု ခေါ် တွင်ခဲ့၏။ 'သိပ္ပံသုတေသနဗိမာန်'တွင်ပင် (၁၉၅၂)ခုနှစ်၊ ဒီဇင်ဘာလ၌ ဒေါက်တာဝိုက်ဇ်မင် ကွယ်လွန်ခဲ့၏။

စင်စစ် ဒေါက်တာဝိုက်ဇ်မင်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးတစ်ဦးအဖို့ ဒေးဗစ်ပေးသော ကြမ္မာမျိုးကို မခံစားထိုက် . . . .။ သည်အဖြစ်မျိုးနှင့် မကြုံထိုက် . . . .။

သို့သော် . . . . သို့သော် . . .

ဒေါက်တာဝိုက်ဇ်မင်တွင် ထူးခြားသည့် အရည်အချင်းများရှိသည်မှန်သော်လည်း၊ ဒေးဗစ်ကဲ့သို့ 'တုံးဆိုတိုက်၊ ကျားဆိုကိုက်'ဟူသော ဇွဲမျိုးမရှိ . . . .။

သို့ကြောင့် သည်သို့သော အရည်အချင်းများ လိုအပ်နေချိန်တွင် ဒေါက်တာဝိုက်ဇ်မင်က ဒေးဗစ်ကို အရှုံးပေးရတော့၏။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## သမြေတစ်စက် သေနတ်တစ်လက်

လွတ်လပ်ရေးစစ်ပွဲပြီးသည့်အချိန်မှစ၍ အစ္စရေးနိုင်ငံက အာရပ်နိုင်ငံများနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ရန် ဒေးဗစ်က မျှော်လင့်နေဆဲ . . .။ အနောက်အုပ်စုသို့ တိမ်းနေသော လက်ဘနွန်နိုင်ငံက အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုလိုသည်။ သို့သော် အစ္စရေးနှင့် ငြိမ်းချမ်းရေးကမ်းလှမ်းသည့် ပထမဦးဆုံးသော အာရပ်အုပ်စုဝင်နိုင်ငံမဖြစ်လို . . . .။ ဒုတိယဖြစ်ရလျှင် ငြိမ်းချမ်းရေးကမ်းလှမ်းရန်အသင့် . . . .။

သို့သော် မည်သည့်အာရပ်နိုင်ငံက ပထမဆုံး အစ္စရေးနှင့် ငြိမ်းချမ်းရေးကမ်းသည့်နိုင်ငံ ဖြစ်မည်နည်း။

ဂျော်ဒန်နိုင်ငံဘုရင် 'အဗ္ဗလ်ဒူလာ'က (၁၉၄၉)နှင့် (၁၉၅၀)ခုနှစ်များတွင် 'မိုရှေဒါယန်း'နှင့် တိတ်တဆိတ်တွေ့ဆုံ၍ ငြိမ်းချမ်းရေး ဆွေးနွေးခဲ့၏။ ဘုရင်အဗ္ဗလ်ဒူလာက အာရပ်စစ်ပြေးများ အခြေစိုက်နေထိုင်ရာ ဂါဇာကမ်းမြောင်ဒေသအား ဂျော်ဒန်ကို အုပ်ချုပ်ပိုင်ခွင့်ပေးရေး၊ အစ္စရေးနိုင်ငံမှ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဟိုင်ဖာသို့ ဝင်ထွက်ခွင့်ပေးရေးကို တောင်းဆိုသည်။ မိမိဘက်မှလည်း လိုက်လျော အခွင့်အရေးပေးနိုင်သည်များကို ဆောင်ရွက်ပေးမည်ဆို၏။ ဘုရင်အဗ္ဗလ်ဒူလာ၏ အဆိုပြုချက်ကို အစ္စရေးနိုင်ငံက စိတ်ဝင်စားသည်။ အထူးသဖြင့်

ဂျော်ဒန်နိုင်ငံက လိုက်လျောသည့်အချက်များတွင် အစ္စရေးက ဂျေရုစလင်မြို့အား ဝင်ခွင့်ထွက်ခွင့်အရေးများ ရမည်ဆိုသောကြောင့်တည်း။

အခိုက်အတန့်တွင် ဂါဇာကမ်းမြောင်ဒေသကို အီဂျစ်နိုင်ငံက သိမ်းပိုက်ထားသည်။ ထိုဒေသကို ဂျော်ဒန်နိုင်ငံသို့ လွှဲပြောင်းပေးရန်မှာ အာရပ်နိုင်ငံအချင်းချင်း ဆွေးနွေးညှိနှိုင်းရမည့် ပြဿနာဖြစ်၏။ အစ္စရေးအစိုးရအဖွဲ့နှင့် အထူးသဖြင့် ဒေးဗစ်ဘင်ဂူရီယန်တို့က မိမိတို့နယ်စပ်တွင် အီဂျစ်ကဲ့သို့သောနိုင်ငံထက် ဂျော်ဒန်ကဲ့သို့သော အင်အားငယ်သည့်နိုင်ငံများကို ရှိစေချင်၏။ လူဦးရေသန်း (၂၀)မျှရှိနေသော အီဂျစ်နိုင်ငံသည် အာရပ်ကမ္ဘာတွင် ထိပ်သီးနိုင်ငံဖြစ်လာဖွယ်ရာရှိ၏။ သို့ကြောင့်လည်း ဒေးဗစ်က ဂျော်ဒန်နိုင်ငံအား မြေထဲပင်လယ်သို့ ထွက်ပေါက်အဖြစ် ဟိုင်ဖာမြို့သို့ ဝင်ခွင့် ထွက်ခွင့်ပေးခြင်းသည် အကယ်၍ ဟိုင်ဖာမြို့သာ အစ္စရေးနိုင်ငံတောင်ပိုင်း ဒေသတွင်သာရှိပါက သည်အစီအစဉ်ကို ဒေးဗစ်က ခါးခါးသီးသီးငြင်းမိမည်။ နိုင်ငံကို ခါးလယ်မှ ထက်ဝက်ပိုင်းဖြတ်စေမည့်အန္တရာယ်က ကြီးမားလှပါဘိ။ မြောက်ပိုင်းဒေသတွင် အစ္စရေးလူဦးရေက ထူထပ်သည်။ ထို့ကြောင့်လည်း ထိုနေရာတွင် ဂျော်ဒန်တို့၏ ကားတန်းကြီး ဖြတ်သန်းခွင့်ပေး၍လည်း ကြောက်စရာမလို။

ဒေးဗစ်ဘင်ဂူရီယန်က ဖြတ်သန်းခွင့် လမ်းအကျယ်အဝန်းကို 'ကိုက်' အကျယ်အဝန်းနှင့်သာ ပေးလိုသည်။ ဂျော်ဒန်နိုင်ငံက 'မိုင်'အကျယ်အဝန်းနှင့် လိုချင်၏။ သည်တွင် နှစ်ဖက်သဘောထားညှိမရတော့ . . . .။ ဂျော်ဒန်ဝန်ကြီးချုပ်က ရာထူးမှ နှုတ်ထွက်မည်ဆိုပြီး ခြိမ်းခြောက်သည်။ ဘုရင်အဗ္ဗလ်ဒူလာလည်း ငြိမ်ငြိမ်မနေနိုင်တော့ . . . .။ မိမိတစတင် အကြံပြုခဲ့သည်ကို ပြန်လည်ရုပ်သိမ်းသည်။ အောင်အောင်မြင်မြင် လက်မှတ်ရေးထိုးနိုင်လုဆဲဆဲကြပါမှ သည်စီမံကိန်းပျက်ခဲ့၏။ သို့သော် ဘုရင်အဗ္ဗလ်ဒူလာက ဂျူးတို့နှင့်တစ်ဦးနှင့်တစ်ဦး သူ့သဘော ကိုယ့်သဘော နားလည်ရန် ဆက်လက်ကြိုးပမ်းသည်။ ဂျူးတို့၏အကူအညီဖြင့် ဂျော်ဒန်နိုင်ငံအား ခေတ်မီတိုးတက်သော နိုင်ငံဖြစ်စေနိုင်မည်ဟု ဘုရင်အဗ္ဗလ်ဒူလာက ယုံကြည်၏။ သို့သော် အဗ္ဗလ်ဒူလာ၏ အစိုးရအဖွဲ့က ဘုရင်ထက်ပင်ပို၍ အမျိုးသားစိတ်ဓာတ်ပြင်းသည်။ အာရပ်စည်းလုံးညီညွတ်ရေးကို ပို၍အလေးပေးလိုသည်။

ဘုရင်အဗ္ဗလ်ဒူလာက အစ္စရေးတို့နှင့် သဘောတူညီချက်ရရှိလေအောင် အသက်ပေး၍ ကြိုးပမ်းခဲ့၏။ မကြာပါ လအနည်းငယ်အတွင်း ဂျေရုစလင်မြို့ဟောင်းရှိဗလီတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရသည်။ ဘုရင်အဗ္ဗလ်ဒူလာကဲ့သို့သော အစ္စရေးနှင့် ချစ်ကြည်ရင်းနှီးရေးကို ဖော်လိုသည့် လက်ဘနွန်နိုင်ငံ

ဝန်ကြီးချုပ် 'ရိုးယတ်အားလ်ဆိုး' ( **Rujad el solh** )လည်း ဘုရင်အဗ္ဗလ်ဒူလာ
လုပ်ကြံမခံရမီ ရက်အနည်းငယ်ပင် သည်ကြမ္မာမျိုးနှင့် တွေ့ကြုံခဲ့ရပြီးဖြစ်၏။

နောက်ပိုင်းတွင်လည်း အာရပ်အုပ်စုဝင်နိုင်ငံအချို့နှင့် အစ္စရေးတို့ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန် အားထုတ်ခဲ့သည်များရှိ၏။ (၁၉၄၉)ခုနှစ်တွင် ဆွစ်နိုင်ငံ၊ လော်ရိမ်းတွင်တစ်ကြိမ်၊ (၁၉၅၁)ခုနှစ် ပဲရစ်တွင်တစ်ကြိမ် ဆွေးနွေးခဲ့ဖူး၏။ သို့သော် မည်သို့မျှ အကျိုးမထူးခဲ့ . . . .။ (၁၉၅၂)ခုနှစ်မှစ၍ အစ္စရေးနှင့် အာရပ်နိုင်ငံများကြားတွင် အခြေအနေတင်းမာလာသည်။ နောက်ဆုံး (၁၉၅၆)ခုနှစ် အီဂျစ်နှင့် ဒုတိယအကြိမ် စစ်တိုက်ရသည်ထိ အခြေအနေဆိုးရွားလာသည်။

အခြေအနေက အစ္စရေးနိုင်ငံအား 'ပြုတ်တူ'နှင့်ညှပ်တော့မည့်နှယ် အာရပ် စစ်ပြေးဒုက္ခသည်များက ငြိမ်ငြိမ်မနေနိုင်တော့ . . . .။ ငုံ့ခံမနေနိုင်တော့ . . . .။ နယ်စပ်တစ်လျှောက်တွင် အပစ်အခတ်များရှိသည့် အခြေအနေက လုံလုံခြုံခြုံမရှိလှ။

အစ္စရေးနိုင်ငံတည်ထောင်ခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် အချိန်မရွေး ပေါက်ကွဲစေနိုင်သော ယမ်းအိုးကြီးကို ချပေးသကဲ့သို့ ဖြစ်သည်ဟု အင်အားကြီးနိုင်ငံများက သဘောပေါက်လာသည်။ (၁၉၅၀)ခုနှစ်တွင် အနောက် အုပ်စုကြီး သုံးအုပ်စုကြီးများက အရှေ့အလယ်ပိုင်းဒေသတွင် 'ပိုနေမြဲ ကျားနေမြဲ' ဖြစ်စေရမည်။ တစ်ဖက်နှင့်တစ်ဖက် စစ်ရေးအရ ဟန်ချက်ညီညီရှိစေရမည်ဟု ပူးတွဲ ကြေငြာချက်ဖြင့် အာမခံချက်ပေးသည်။

(၁၉၅၁)ခုနှစ်၊ မတ်လ။ အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် ဂျူးနှင့်အာရပ်တို့ တိုက်ကြသည်။ ထိုနှစ်ကုန်ပိုင်းတွင် လုံခြုံရေးကောင်စီက စူးအက်တူးမြောင်းအတွင်း၊ အစ္စရေးပိုင်သင်္ဘောများအား ဖြတ်သန်းခွင့်ပေးရန် အီဂျစ်နိုင်ငံအား မေတ္တာရပ်ခံ သည်။ သို့သော် မည်သို့မျှ အကြောင်းမထူး . . . .။ အီဂျစ်က 'အကာဘာ ပင်လယ်ကွေ့' ( **Gulf of A kaba** )မှ 'တိုင်ရန်' ( **Tiran** ) နှင့် 'ဆန်နီဖာ' (**Sanifor**) ကျွန်းကလေးနှစ်ခုကိုပင် သိမ်းပိုက်လိုက်၏။ အကာဘာပင်လယ်ကွေ့ မြောက်စွန်းရှိ အစ္စရေးပိုင် 'အီလတ်သ်'သင်္ဘောဆိပ်ကမ်းမြို့သို့သွားလိုလျှင် ကျွန်းကလေးများ အနားမှ ကပ်ဖြတ်၍ မသွားလို့မဖြစ် . . . .။

(၁၉၅၂)ခုနှစ်တွင် အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံတို့ဆက်ဆံရေး တင်းမာလာ သည်ကြောင့် အစ္စရေးနိုင်ငံ အရှေ့ဘက်နယ်နိမိတ်တစ်လျှောက် မီးဟုန်းဟုန်း တောက်လောင်ခဲ့သည်။ ဂျော်ဒန်နိုင်ငံအား ကာကွယ်ပေးနေသော ဗြိတိန်နိုင်ငံက စစ်လက်နက်ပစ္စည်းများထောက်ပံ့ရန် အစ္စရေးနိုင်ငံက မေတ္တာရပ်ခံသည်ကို ခါးခါး

သီးသီးပြင်းပယ်သည်။ သို့ကြောင့် ဒေးဗစ်ဘင်ဂူရီယန်၏ ကိုယ်စားလှယ်များက ပြင်သစ်နိုင်ငံဘက်သို့ ခြေဦးလှည့်၏။

လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူဖို့ ငွေအမြောက်အများလိုသည်။ ပြင်ပမှ ဂျူးအနွယ်ဝင်များ အစ္စရေးနိုင်ငံအတွင်းသို့ ခိုဝင်လာသည့်အတွက် ကုန်ကျသည့် စရိတ်စကကြီးခြင်းကြောင့် ရံပုံငွေကို သန်းနှင့်ချီ၍ရရန် အပူတပြင်း ရှာနေပြန်သည်။ နေရာဌာနပေါင်းစုံမှ ချေးငွေများရယူသည်။ အမေရိကန် ဂျူးအနွယ်ဝင်များထံမှ ထောက်ပံ့သည့် ရံပုံငွေများရသည်။ သို့သော် သည်မျှနှင့် မလုံလောက်။ ငွေရေးကြေးရေး အကြပ်အတည်းနှင့် ရင်ဆိုင်ရတော့မည့် အခြေသို့ရောက်ခဲ့၏။ ဖွံ့ဖြိုးရေး အခြေအနေတည်တံ့ရေးနှင့် ကာကွယ်ရေးအတွက် ရင်းနှီးငွေလို၏။ ငွေ . . . ငွေ . . . ငွေ ငွေဘယ်ကရမည်နည်း။

ဒေးဗစ်ဘင်ဂူရီယန်အဖို့ သူ့သက်တမ်းတစ်လျှောက် အရေးကြီးတကာ့ အကြီးဆုံးနှင့် အခက်ခဲတကာ့ အခက်ခဲဆုံး၊ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရသည်။ အရေးတကြီး အပူတပြင်းလိုနေသော လက်နက်ခဲယမ်းမီးကျောက်အတွက် အနောက်ဂျာမနီနိုင်ငံသို့ ချဉ်းကပ်သည်။ အနောက်ဂျာမနီနိုင်ငံက နာဇီတို့သတ်ခဲ့သည့် ဂျူးများအတွက် စစ်လျော်ကြေးပေးမည်ဆိုသောအခါ အစ္စရေးနိုင်ငံတွင် အခေ အတင်ဆွေးနွေးကြနှင့် စကားများကုန်သည်။ ဥရောပတွင် အခြေမဲ့အနေမဲ့ ဖြစ်နေရှာသော ဂျူးများကို သိမ်းသွင်းရေးလုပ်ငန်းတွင် အစ္စရေးနိုင်ငံအားကူညီရန် လျော်ကြေးငွေပေးမည်ဟု ဂျာမနီဝန်ကြီးချုပ် 'အေဒီနော'ကဆို၏။

ဒီလိုကြောက်စရာကောင်းတဲ့ သတ္တဝါတွေဆီက ငွေယူပြီး အစ္စရေးနိုင်ငံက နာဇီတို့ရဲ့ လုပ်ဖော်ကိုင်ဖက်အဖြစ်မခံနိုင် . . . . ဟု နိုင်ငံရေးပါတီများနှင့် အဖွဲ့ အစည်း၏ ပြောရေးခွင့်ရှိသူကဆို၏။

သို့သော် ဒေးဗစ်ဘင်ဂူရီယန်ကမူ ဂျာမနီကပေးသည့် ထောက်ပံ့ငွေကို လက်ခံရယူရန်အသင့်။ သူက ဆင်ခြေနှစ်ရပ်ပေးသည်။ ဂျာမနီတို့ပေးသည့် လျော်ကြေးငွေမှာ နာဇီတို့လက်ဝယ် သန်းပေါင်းများစွာ သေခဲ့ရသော ဂျူးလူမျိုးများအတွက်မဟုတ်၊ ၎င်းတို့ပိုင်ပစ္စည်းများကို နာဇီတို့က မတရားသိမ်းပိုက်ခဲ့ခြင်းကြောင့် လျော်ကြေးပေးခြင်းဖြစ်သည်ဟု အကြောင်းပြသည်။

အစ္စရေးနိုင်ငံအား တစ်နည်းတစ်ဖုံအားဖြင့် လုံခြုံရေးရရှိစေရန်မှာ ဒေးဗစ်၏ အဓိက ရည်ရွယ်ချက်ဖြစ်၏။ အစ္စရေးနိုင်ငံ လုံခြုံရေးရရန်အတွက် ဒေးဗစ်က ဘာမဆိုလုပ်ရဲသည်။

ရှေ့မတိုးသာ နောက်မဆုတ်သာ အကျဉ်းအကြပ် တွေ့နေရသည့် အခြေအနေကြောင့် ပြည်သူများ ချောက်ချားနေရသည်။ အာဏာရရှိရေးအတွက် သေသေကြေကြေ ရှုန်းကန်အားထုတ်ခြင်းက နောက်ဆုံး အဆုံးအဖြတ်ပေးပေတော့မည်။

ဒီဇင်ဘာလကုန်တွင် အနောက်ဂျာမနီအစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှုများ အဆုံးသတ်ခဲ့ပြီ။ သည်ကိစ္စနှင့်ပတ်သတ်၍ အစွရေးဥပဒေပြုလွှတ်တော်က (၁၉၅၂) ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့တွင် မဲခွဲဆုံးဖြတ်မည်။

ထိုနေ့မနက်က ဂျေရုစလင်မြို့မြင်ကွင်းမှာ ထူးထူးခြားခြားဖြစ်နေသည်။ လွှတ်တော်အဆောက်အဦ ပတ်ပတ်လည်တွင် သံဆူးကြိုးအထပ်ထပ်ကာထားသည်။ အကယ်၍ ဆန္ဒပြပွဲများပေါ်ပေါက်ခဲ့သော် နှိမ်နှင်းရန် ရဲအဖွဲ့ဝင် (၆၀၀)ကိုပါ ချထားသည်။

ယခင် 'အတ်ဇယ်ပါတီ' ခေါင်းဆောင်ဟောင်း 'ဘီဂင်း'က အတိုက်အခံပါတီ 'ဟီရုသ်' ( Heruth ) ခေါင်းဆောင်အနေဖြင့် ဒေးဗစ်၏အစီအစဉ်ကို ဆန့်ကျင်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်သည်။ ကွန်မြူနစ်ပါတီနှင့် အခြားလက်ဝဲအင်အားစုများလည်း ဆန့်ကျင်ကြမည်။

ညနေ (၄း၃၀)နာရီအချိန်တွင် ဒေးဗစ်က လွှတ်တော်အဆောက်အဦ၏ သီးသန့်နေရာတွင် နေရာယူပြီးသည်နှင့် စစ်လျော်ကြေးရရှိရန်အတွက် ဂျာမန်ပြည်ထောင်စုသမ္မတနိုင်ငံနှင့် ဆွေးနွေးပွဲများလုပ်သင့်ကြောင်းအဆိုကို တင်သွင်း၏။ သည်တွင် လွှတ်တော်အဆောက်အဦတွင် မုန်တိုင်းထန်လာ၏။ အဆောက်အဦတွင် နေရာအနှံ့မှ လွှတ်တော်အမတ်များက ဒေါသူပုန်ထကာ ဝိုင်းကန့်ကွက်ကြသည်။ သို့သော် အဆိုးရွားဆုံး အခြေအနေသို့မဆိုက်သေး။

လွှတ်တော်အဆောက်အဦအပြင်ဘက် ကိုက်အနည်းငယ်အကွာတွင် 'ဘီဂင်း'က ထောင်သောင်းများစွာသော လူအုပ်ကြီးကို မိန့်ခွန်းခြွေသည်။ လူအုပ်ကြီးက လွှတ်တော်အဆောက်အဦသို့ ချီတက်လာကြပြီ။ စိတ်ဓာတ်တက်ကြွနေသော လူငယ်တစ်စုက အဆောက်အဦကို ခဲနှင့်ပေါက် မှန်တော်ကားများကို မီးရှို့ကြသည်။

'ဘီဂင်း'က တဖန် လွှတ်တော်အဆောက်အဦအတွင်းဝင်၍ ဒေးဗစ်အား 'ဖက်ဆစ်' လူဆိုးကြီးဟု ကင်မွန်းတပ်ကာ ကန့်ကွက်သည်။ လွှတ်တော် ဥက္ကဋ္ဌက စည်းစောင့်ရန်နှင့် ရန့်ရင်းကြမ်းတမ်းသော စကားအသုံးအနှုန်းများမပြောရန် သတိပေးရသည်အထိဖြစ်၏။

'ကဲ . . . . ကျုပ်စကားမပြောရဘူးဆိုရင် တစ်ခြားဘယ်သူမှလည်း

မပြောရဘူး' ဟု 'ဘီဂင်း'က ပြန်အော်သည်။

လွှတ်တော်အဆောက်အဦအပြင်တွင် ဆန္ဒပြလူထုကြီးက ရဲအဖွဲ့ဝင်များနှင့် ထွေးလုံးရစ်ပတ်ဖြစ်ကာ အဆောက်အဦကြီးကိုပင် အန္တရာယ်ပေးလာတော့လုဆဲဆဲဖြစ်နေသည်။

မတတ်သာသည့်အဆုံးတွင် စစ်တပ်ဖြင့် အခြေအနေထိန်းသိမ်းရန် ဒေးဗစ်က အမိန့်ပေးလိုက်သည်။ စစ်တပ်ကလည်း အချိန်မီရောက်လာသည်။ အချင်းဖြစ်နေရာ ကြည့်ရသည်မှာ စစ်မြေပြင်ပမာ မီးရှို့ခံရသည့် ကားများမှ မီးခိုးများက တငွေ့ငွေ့တက်နေဆဲ။ ကွင်းပြင်ပတ်ဝန်းကျင်တွင် ခဲများ၊ တုတ်ကျိုးများဖြင့် ခြေချစရာပင်မရှိ။ လွှတ်တော်အဆောက်အဦ မှန်ပြတင်းများ တစ်ခုမကျန် ကွဲကုန်သည်။ ရဲအဖွဲ့ဝင် တစ်ရာကျော်မျှ ဒဏ်ရာရခဲ့သည်။

ပြည်တွင်းစစ်ဖြစ်သည်ထိများ ကျယ်ပြန့်သွားလေမည်လား။

'ဘီဂင်း'က မိမိနှင့် မိမိအပေါင်းအသင်းများက လွှတ်တော်အမတ်များ လွတ်ငြိမ်းခွင့် အခွင့်အရေးကို လေးစားလိုက်နာမည်မဟုတ်ကြောင်း ကြေငြာသည်၊ တစ်တိုင်းတစ်ပြည်လုံးက စိုးရိမ်ပူပန်နေသည်။

ဒေးဗစ်၏စွမ်းအား ဒေးဗစ်၏တည်ငြိမ်မှုက အကျိုးရှိသည်။ မဲမပေးဘဲ ကြားနေရန် စိတ်ကူးထားသူများ နှစ်ဖက်ရင်ကြားစေ့ပေးရေးကိုသာ အာရုံစိုက်နေသူများက ဒေးဗစ်၏ မိမိကိုယ်အပေါ် မိမိယုံကြည်စိတ်ချမှုများကို မျက်ဝါးထင်ထင်မြင်လာရသောအခါ ဒေးဗစ်ကို ထောက်ခံချင်စိတ်ပေါ်လာ၏။

ဇန်နဝါရီလ (၉)ရက်နေ့ လွှတ်တော်က ဒေးဗစ်ဦးဆောင်သည့် အစိုးရအဖွဲ့အား အယုံအကြည်ရှိကြောင်း မဲပေး၍ ထောက်ခံကြသည်။ ထောက်ခံမဲ (၆၁)မဲ ကန့်ကွက်မဲ (၅၀)ဖြင့် အနိုင်ရခဲ့သည်။ ပြည်တွင်းစစ်ဖြစ်မည့် အရိပ်အယောင်များ မရှိတော့ . . . .။

(၁၉၅၃)ခုနှစ်ကုန်တွင် ဂျာမန်စစ်လျော်ကြေးအဖြစ် စက်ပစ္စည်းများ၊ စက်မှုလုပ်ငန်းကိရိယာများ၊ ရေနံ၊ မီးရထားနှင့်သင်္ဘောများ အစ္စရေးနိုင်ငံသို့ ရောက်လာသည်။ လာမည့်နှစ်အနည်းငယ်အတွင်း အစ္စရေးဖွံ့ဖြိုးရေး၊ လုံခြုံရေးအတွက် အာမခံချက် ရရှိသွားပေသည်။

ထိုနှစ်မှာပင် မောပမ်းနွမ်းနယ်ပြီး အားအင်ကုန်ခမ်းနေသော ဒေးဗစ်ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပြီး၊ နိုင်ငံရေးရာထူးများမှ ခေတ္တခဏ အနားယူလိုက်သည်။ အချိန်အတန်ကြာပင် နိုင်ငံရေးဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ခဲ့ရသည်ကြောင့်

နှမ်းလျှလျှဖြစ်ခဲ့ရသည်။ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းရွက်ခဲ့သည်မှာ (၅)နှစ်မျှမဟုတ်။ စင်စစ် ကမ္ဘာ့ဇီယွန်အဖွဲ့ကြီးခေါင်းဆောင်အဖြစ် တာဝန်ယူရသည်မှာ ရေတွက်လျှင် အနှစ် (၂၀)ရှိချေပြီ။

သို့သော် တစ်သက်လုံး စစ်တိုက်ကာ အမြဲရုန်းကန်လှုပ်ရှားခဲ့သည့် ဒေးဗစ်ကဲ့သို့သော ပုဂ္ဂိုလ်များအဖို့ ငြိမ်းငြိမ်းချမ်းချမ်းနေရပြန်တော့လည်း စိတ်ငြီးငွေ့စရာဖြစ်လာတော့သည်။ ညွန့်ပေါင်းအစိုးရဖွဲ့ခြင်းကို ဒေးဗစ်မကြိုက်။ အထွေထွေရွေးကောက်ပွဲတွင်လည်း မိမိပါတီက အစိုးရဖွဲ့နိုင်ရလောက်အောင် အပြတ်အသတ်နိုင်သည်ဟု မရှိသေး။ နိုင်ငံရေးပါတီများအချင်းချင်း အတိုက်အခံမှန်သမျှကို ဖယ်ရှားရန်မှာ များစွာအခက်အခဲတွေ့ရပါသည်။ တစ်ခုတည်းသော ပညာရေးစနစ်တည်ထောင်ရန်မှာလည်း အခက်အခဲနှင့်ကြုံရသည်။ ပြည်သူတို့က ဒေးဗစ်ပါတီကို မလိုလားသော်လည်း ဒေးဗစ်အတွက် မဲဆန္ဒပေး၍ တစ်ခဲနက်ထောက်ခံကြသည်။ စင်စစ်ဒေးဗစ်သည် ပါတီနိုင်ငံရေးတို့၏ အပေါ်မှရှိနေသည်။ နိုင်ငံတစ်ခုလုံး၏ ခေါင်းဆောင်ကြီးဖြစ်ပြီး တစ်စုတစ်ဖွဲ့၏ အကျိုးစီးပွားအတွက် အသုံးချရမည့် ပုဂ္ဂိုလ်အမျိုးအစားမဟုတ်။

ရာသက်ပန် အနားယူရန်မရည်ရွယ်။ (၂)နှစ်တန်သည် (၃)နှစ်တန်သည်ဖြင့် ခေတ္တခဏအနားယူရန်သာ။ တယ်လ်အဗီးရှိ နေအိမ်စာဖတ်ခန်းတွင် စာအုပ်များကြား၌ နစ်မြုပ်နေမည့်အဖြစ်ကိုတော့ မခံနိုင်။ ကျောက်တုံးကျောက်ခဲများဖြင့် ပြွမ်းသော နဂျစ်သဲကန္တာရတို့တွင် အနားယူရန် ဆန္ဒပြင်းပြလျက်ရှိ၏။

လွန်ခဲ့သော လအနည်းငယ်အတွင်းက စစ်တပ်မှ ဂျစ်ကားများဖြင့် နဂျစ်သဲကန္တာရ မြေရိုင်းဒေသကို ဖြတ်မောင်းသွားသည်။ လူငယ်တစ်စုက အသင့်ဆောက်ပြီး အိမ်များထူနေလျက် တဲများထိုးလျက်နေသည်ကိုတွေ့လျှင် ဂျစ်ကားကို ရပ်တန့်စေ၍ ဆင်းပြီးနှုတ်ဆက်သည်။ လူငယ်တစ်စုအား ဘာလုပ်ဖို့ရည်ရွယ်သနည်းဟု မေး၏။

'ဒီသမကျေးရွာကို ဇေဒီဗိုကာလို့ခေါ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ကမှ ကျွန်တော်တို့ တည်ထောင်ခဲ့ပါတယ်'တဲ့။

အော် . . . . နဂျစ်သဲကန္တာရထဲမှ သမကျေးရွာပါတဲ့။

(၁၉၃၅)ခုနှစ်မှစ၍ နဂျစ်သဲကန္တာရမြေရိုင်းတွင် ကျေးရွာတည်ထောင်ရန် အိမ်မက်မက်ခဲ့သည့် ဒေးဗစ်ကဲ့သို့သောပုဂ္ဂိုလ်အဖို့ ယခုအခါ လူငယ်တစ်စုက အကောင်အထည် ဖော်နေသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရသောအခါ အတိုင်း

အဆမရှိ ဝမ်းသာအားရမိသည်။ တစ်ချိန်က သူ့အိပ်မက်က ယခုလက်တွေ့ အကောင်အထည်ဖော်လာပြီ။ သည်နေရာတွင် နိုင်ငံရေးမရှိ။ အကောက်ကြံ ခြေထိုး ခြင်းမရှိ။ သည်နေရာတွင် အလုပ်သာရှိသည်။ တကယ်အလုပ်မလုပ်လို့မဖြစ်။ တိုင်းပြည်လူထုနှင့် လူငယ်ထုကို မိမိကိုယ်တိုင်ကိုယ်ကျ သင်ခန်းစာပေးသင့်သည်။ တစ်ချိန်က ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူတို့၏ စိတ်ဓာတ်ကို ပြန်လည်ဖော်ထုတ်ကောင်း ဖော်ထုတ်နိုင်မည် မဟုတ်ပါလား။

(၁၉၅၃)ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့ ဒေးဗစ်တို့ဇနီးမောင်နှံသည် ဇေဒီဗိုကာသမကျေးရွာသို့သွား၍ အခြေစိုက်နေသည်။ သစ်သားအိမ်မှာ သူတို့ လင်မယား၏ ဂေဟာကလေးဖြစ်လာသည်။ အသက်(၆၈)နှစ်တွင် ဒေးဗစ်က ကိုယ်တိုင်သစ်ပင်စိုက်၊ ကောက်ရိုးသယ်၊ သိုးမွေးခြင်းလုပ်ငန်းဖြင့် အချိန်တွေကို ကုန်လွန်စေခဲ့၏။ သည်အချိန်များက သူ့ဘဝတွင် အပျော်ဆုံး။

သို့သော် သူ့ရည်ရွယ်ချက် မအောင်မြင်။ ပြည်သူလူထုသို့ မေတ္တာရပ်ခံ လျက် တယ်လ်အဗီးမြို့တွင်ကျင်းပသော လူငယ်များညီလာခံတွင် အကြိမ်ကြိမ် မိန့်ခွန်းပြောလျက် သတင်းစာ၊ စာစောင်များတွင် ဆောင်းပါးများရေးလျက် တိုက်တွန်းခဲ့သော်လည်း ပြည်သူလူထုက မတုန်မလှုပ်။ သည်သို့ဆိုလျှင် ဒေးဗစ်က အကြီးအကျယ် စိတ်ပျက်ဝမ်းနည်းရပြန်သည်။ အစ္စရေးနိုင်ငံ၏ ဆုံးရှုံးမှုပင်ဟု ဒေးဗစ် မြင်လာသည်။

ထိုအခိုက် ဝန်ကြီးချုပ်သစ် 'မိုရှေရှာရတ်'မှာ အကြီးအကျယ် အကြပ် အတည်းနှင့် ရင်ဆိုင်နေရသည်။ 'လေဗွန်အရေးအခင်း' ( **The Levon Affair** ) ဟုတွင်လာသည့် ထိပ်တန်းလျှို့ဝှက်ပေါက်ကြားမှုကြောင့် အကြပ်ရိုက်နေသည်။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## သူပြန်လာပြီ

အစ္စရေးနိုင်ငံသို့ ပတ်ဝန်းကျင်အဖြစ်အပျက်များက ဂယက်ရိုက်လာခြင်းကြောင့် အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

ဗြိတိန်နိုင်ငံက စူးအက်ဒေသမှ မိမိတပ်များ ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေငြာသည်။ သည်သတင်းကြောင့် အီဂျစ်တို့ကပင် အံ့ဩခဲ့ရ၏။ ၎င်းအကယ်၍ ဗြိတိသျှတို့သာ တူးမြောင်းဒေသမှ ရုပ်သိမ်းသွားပါက အီဂျစ်၏အန္တရာယ်ကို အစ္စရေး ဘာစိုးရိမ်နေရသည် မဟုတ်ပါလား။

ဇူလိုင်လ (၁၆)ရက်နေ့။ နေ့ခင်း နေပူကျဲကျဲတွင် ဂျေရုစလင်မြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာနအနီးရှိ အဆောက်အဦအတွင်းမှ အရာရှိတစ်ဦး သုတ်သီးသုတ်ပြာနှင့် ထွက်လာသည်ကို အနီးအနားရှိလူများက သတိထားမိချင်မှ သတိထားပေလိမ့်မည်။ သူ့ကို ဗိုလ်မှူးကြီး 'က'လို့ ခေါ်ကြပါစို့။ တန်ပြန်ထောက်လှမ်းရေးဌာနခွဲ တာဝန်ခံ။ ကာကွယ်ရေးဝန်ကြီး'လေဗွန်'နှင့် စကားပြောအပြီး သို့ကလိုအပြေးအလွှား ထွက်လာခြင်းပါ။ သူနောက်လုပ်ရမည့်တာဝန်မှာ ကိုင်ရိုမှ ကိုယ့်ဘက်သားထံ လျှို့ဝှက်ညွှန်ကြားချက်များ ပေးပို့ရန်ဖြစ်၏။ သည်ညွှန်ကြားချက်ဖြင့် အကြမ်းဖက်လုပ်ငန်းများကို စတင်ဆောင်ရွက်စေလိမ့်မည်။ သည်တွင် နောင်သောအခါ 'လေဗွန်အရေးအခင်း'ဟု နာမည်ကျော်လာသည့် အရှေ့အလယ်ပိုင်းဒေသ၌

အကြီးအကျယ် တုန်လှုပ်စရာဖြစ်သော လျှို့ဝှက်ထောက်လှမ်းရေးကိစ္စများ၏ သပွတ်အူဇာတ်လမ်းလည်း ဗူးပေါ်သလို ပေါ်လာခဲ့ရ၏။

'အစိုးရအဖွဲ့ထဲကို လေဗွန်ဝင်လာကတည်းက ဒီကိစ္စတွေ စတာပါပဲ . . .' ဟု ထိုစဉ်က ဝန်ကြီးတစ်ဦးဖြစ်သူ 'လက်ဗီအက်ရှ်ကိုးလ်'က မှတ်ချက်ပေး၏။

မှန်သည်။ အစိုးရအဖွဲ့တွင် 'လေဗွန်'မှာ ကြောက်စရာအကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်၏။ သူ့စရိုက်၊ သူ့အကျင့်က ဆန်းပြားသည်။ နှုတ်ကြမ်း၊ လျှာကြမ်းမှုလည်း အတိုက်အခံများက ကြောက်သည်။ သူ့နာမည်ရင်းမှာ 'လိုဘိန်းနီကာ' ( **Loubia Niker** ) ဖြစ်၏။ ထိုအမည်မှ 'ပီးဟတ်စ်လေဗွန်'အမည်သို့ ပြောင်းခဲ့သည်။ ထက်မြက်သည်၊ ဉာဏ်ပညာရှိသည်၊ စိတ်ဓာတ်ကြံ့ခိုင်သည်၊ ခန့်ခန့်ချောချော ထိပ်တန်းခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လာနိုင်သည်။ အရည်အချင်းအပြည့်အဝ ရှိသူ။ သို့သော် ထိမထင်ပြုတတ်သည့် အကျင့်ဂုဏ်မောက်ကာ ဆောင့်မကြိုးသည် ကြောင့် လုပ်ဖော်ကိုင်ဖက်များနှင့် အစေးမကပ်၊ ငယ်စဉ်ဘဝက အကြီးအကျယ် စိတ်ပျက်စရာများနှင့် ကြုံခဲ့ရ၍လည်း ကြီးသည်ထိ ခံပြင်းလျက်ရှိနေဆဲ . . . .၊

လူငယ်တစ်ဦးအဖြစ် 'အလုပ်သမားပါတီ'၏ 'စပရင်းဇတ်'နှင့် 'ကပ္ပလင်' တို့ဦးဆောင်သော အလယ်အလတ်ဝါဒီအုပ်စုတွင် တက်ကြွသော ပါတီဝင်တစ်ဦး ဖြစ်၏။ ဒေးဗစ်ဘင်ဂူရီယန်၏ လှုပ်ရှားသော မူဝါဒများကို ကြိမ်ဖန်များစွာ ပြစ်တင် ရှုတ်ချခဲ့၏။ နောက်ပိုင်းတွင် 'လေဗွန်'အား စိုက်ပျိုးရေးဝန်ကြီး ခန့်အပ်ခဲ့သည်။ ဒေးဗစ်ဘင်ဂူရီယန်၏ နောက်ဆုံးအစိုးရအဖွဲ့တွင် ရာထူးလက်ကိုင်မရှိ ဝန်ကြီး ဖြစ်လာသည်။

'လေဗွန်'ကို အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များက မကြိုက်။ 'လေဗွန်' ၏ စစ်တပ်ဆန့်ကျင့်ရေးစိတ်ဓာတ်များက လူတိုင်းအသိ။ စစ်တပ်မှ အရာရှိများက လေဗွန်ဆိုလျှင် အမြဲမကောင်းပြောတတ်သည်။ 'အလုပ်သမားပါတီ'ခေါင်းဆောင် များက 'လေဗွန်'အား အကြံကြီးသူ၊ ဆက်ဆံရေးကြမ်းသူမို့ အန္တရာယ်ကောင်အဖြစ် မြင်ကြသည်။

သို့သော် သို့ကလို'လေဗွန်'နှင့် ပတ်သက်၍ မကျေနပ်ချက်များ ပေါ်ထွက် နေသော်လည်း ဒေးဗစ်ဘင်ဂူရီယန်က 'လေဗွန်'အား ကာကွယ်ရေးဝန်ကြီးအဖြစ် မိမိနေရာကို ဆက်ခံစေရမည်ဟူသော ဆုံးဖြတ်ချက်မှ တစ်ပြားသားမျှ အလျှော့ မပေး။ 'လေဗွန်'သည် ဒေးဗစ်၏ အရိုက်အရာကိုဆက်ခံ၍ တစ်ချိန်တွင် ဝန်ကြီး ချုပ်ဖြစ်လာလိမ့်မည်ဟု အများကထင်လာသည်။

သို့သော် ဒေးဗစ်က ဝန်ကြီးချုပ်အဖြစ် 'ရှာရတ်'နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် 'လေဗွန်'ကို ခန့်ရန်အဆိုပြုသောအခါ 'ဂိုလ်ဒါမေယာ' 'လက်ဗီအက်ရှ်ကိုးလ်' တို့က အန္တရာယ်ကောင်း 'လေဗွန်'ကို နေရာမပေးရန် ဒေးဗစ်အား သတိပေးသေး၏။ 'လေဗွန်'၏ တက်တက်ကြွကြွ လှုပ်ရှားတတ်သည့် အရည်အချင်း၊ စီးပွားရေးငွေကြေးကိစ္စရပ်များတွင် ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်စွမ်းရှိသည်တို့ကြောင့် လေဗွန်နှင့်ပတ်သတ်၍ သတိပေးစကားများကို ဒေးဗစ်က လျစ်လျူရှုထားလိုက်တော့၏။ 'လေဗွန်'နှင့် 'ဇေဒီဗိုကာ' သမကျေးရွာသို့ မထွက်ခွာမီတွင် ဒေးဗစ်က နိုင်ငံရေးနှင့် စစ်ရေးတို့၏ အချက်အချာဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာနကို 'လေဗွန်'သို့ ဝကွက်အပ်လိုက်၏။

'လေဗွန်'က အမျိုးသားလွှတ်တော်ရှေ့တွင်ပဲဖြစ်ဖြစ်၊ သတင်းစာဆရာများနှင့် တွေ့ဆုံရာမှာပဲဖြစ်ဖြစ် မထိမ့်မြင်ပြုတတ်သည်။ ရိုင်းရိုင်းစိုင်းစိုင်း ပြောတတ်ဆိုတတ်သည်။ စစ်ပွဲအောင်မြင်မှုမှန်သမျှကိုလည်း မိမိကြောင့် အနိုင်ရသလိုလို အမှတ်ယူတတ်သေးသည်။ ကိုယ့်ကိုယ်ကို ထင်ပေါ်စေရန် နည်းအမျိုးမျိုးကို ကျင့်သုံးသည်။

ထိမထင်ထောင့်မကျိုးသည့် အပြုအမူနှင့် ရည်ရည်မွန်မွန်မရှိသည်ကြောင့် အလုပ်သမားပါတီခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သူ့ကိုဝိုင်းပယ်ကြသည်။ ဝန်ကြီးချုပ်'ရှာရတ်'ကိုယ်တိုင်ပင် 'လေဗွန်'၏ နှုတ်ကြမ်း၊ လျှာကြမ်းပြော၊ မခန့်လေးစားဆက်ဆံသည်ကြောင့် အရှက်တကွဲဖြစ်ရသည်။ အများဗဟိုကာရှေ့တွင် လူရယ်စရာအဖြစ်များနှင့် ကြုံခဲ့ရသည်။ ရာထူးမှ နှုတ်ထွက်တော့မည်ဟုပင် စိတ်ကူးရသည်ထိ စိတ်ထိခိုက်ရ၏။

'လေဗွန်'က ဝန်ကြီးချုပ် 'မိုရှေရှာရတ်'ကို ပြည့်ပြည့်စုံစုံမပေး၊ အစီရင်မခံစစ်ရေးလှုပ်ရှားမှုများကိုလည်း မှန်မှန်ကန်ကန်မပြော၊ လိုသလိုပြုပြင်ပြီးမှ ပြောတတ်သည်။ အချို့ကိစ္စများတွင် 'ရှာရတ်'ကို လုံးဝအသိအပေး ဖုံးဖိထားတတ်သည်။

'လေဗွန်'နှင့် 'မိုရှေရှာရတ်'တို့၏ ဆက်ဆံရေးမှာ တစ်နေ့တခြားဆိုးသထက်ဆိုးလာသည်။ သို့သော် ပြဿနာများကိုဖော်ထုတ်စေပြီး ရင်ဆိုင်ရမည့်အစား ဝန်ကြီးချုပ်က အစိုးရအဖွဲ့ကို အသိမပေး ထိမ်ချက်ထားသော လုံခြုံရေးကိစ္စများအား ကိုင်တွယ်ရန်အတွက် 'အလုပ်သမားပါတီဝင်' ဝန်ကြီးများထဲမှ လက်ရွေးစင်များဖြင့် ကော်မတီတစ်ခုကို ဖွဲ့လိုက်၏။ သည်နည်းဖြင့် 'ရှာရတ်'က 'လေဗွန်'နှင့် ထိပ်တိုက်တိုးရမည့်အဖြစ်မှ ခေါင်းရှောင်သွား၏။ သို့သော် သည်အစီအစဉ်ကြောင့် ဝန်ကြီးချုပ်

ဝုဏ်တက်စေလိမ့်မည်မဟုတ်။

စစ်တပ်နှင့် 'အလုပ်သမားပါတီ' ခေါင်းဆောင်များကသာ 'လေဗွန်'အား မကျေမနပ်ဖြစ်ကြသည်မဟုတ်။ တတိယစစ်မျက်နှာကလည်း ပေါ်လာပြန်၏။ ကာကွယ်ရေးဝန်ကြီးဌာနချုပ်တွင် ထိပ်တန်းရာထူးများကို ဆက်ခံနေကြသော ဒေးဗစ်၏ အန္တေဝါသိက တပည့်ကျော်များကလည်း နည်းနည်းမှမကျေနပ်နိုင်။ ဒေးဗစ်တစ်ယောက် ဝန်ကြီးချုပ်မှမထွက်မီမှာပင် 'မိုရှေဒါယန်း'အား စစ်ဦးစီးချုပ်အဖြစ် 'ရှိမွန်ပဲရီးစ်'က ကာကွယ်ရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် အသီးသီးတာဝန်ထမ်းဆောင်နေကြ၏။ နှစ်ဦးစလုံးမှာ ဒေးဗစ်၏လူယုံတော်များ ဖြစ်၏။ ဒေးဗစ်၏ 'ဘောင်းတော်ငြိမ့် စိတ်တော်သိ'များပေ။ ဒေးဗစ်လက်ထက်က ဆိုလျှင် သူတို့နှစ်ဦး လုပ်ပိုင်ခွင့်များအပြည့်ပေး၍ သင့်တော်သလို စိတ်တိုင်းကျ ဆောင်ရွက်ခွင့်ပေးထားသည်။ ယခု 'လေဗွန်'လက်ထက်တွင် အခြေအနေ ပြောင်းသွားလေပြီ။ သူတို့နှစ်ဦးအပေါ် သံသယရှိ၏။ သူ့ကို အသိမပေးဘဲလျက် မိမိတို့က အဆုံးအဖြတ်မပေးရဟု 'လေဗွန်'က ပညတ်ထား၏။ သည်သို့ စည်းကမ်း ချမှတ်ခြင်းကို 'ဒါယန်း'နှင့် 'ပဲရီးစ်'တို့နှစ်ဦးက ဆန့်ကျင်ကြသည်။

'ပဲရီးစ်'က ဂဲလီလီနယ်ရှိ သမကျေးရွာ ဇာတိသားဖြစ်၍ နိုင်ငံခြားသွား စစ်ဘက်ကိုယ်စားလှယ်အဖွဲ့ လုပ်ငန်းများကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်ခဲ့၍ နာမည်ရသူဖြစ်၏။ 'ဒါယန်း'ကမူ 'ပဲရီးစ်'ထက် (၈)နှစ်ခန့်မျှကြီး၍ စစ်ဆင်ရေးတွင် 'ဟီးရိုး'အဖြစ် အသိအမှတ်ပြုခံထားရသောပုဂ္ဂိုလ်ဖြစ်၏။ သူ့အတွေး သူ့လုပ်ရပ် များက စစ်သားဆန်သည်။

'လေဗွန်'အား အတိုက်အခံပြုဆန့်ကျင်ရေးတွင် 'ဒါယန်း'နှင့် 'ပဲရီးစ်'ပါ နှစ်ဦးစလုံးက ပါဝင်ပတ်သက်နေသည်။ 'လေဗွန်'၏ သံသယစိတ်ကြောင့် ပြင်သစ်မှ တင့်ကားများ ဝယ်ယူရေးအတွက် ပထမဆုံးအကြိမ် ဆွေးနွေးပွဲမှာ ပျက်ရတော့မည် အထိဖြစ်ခဲ့၏။ လူတိုင်းကို 'လေဗွန်'က သံသယရှိနေသည်။ 'ဒါယန်း'နှင့် 'ပဲရီးစ်' တို့ကြား တစ်ဦးနှင့်တစ်ဦး အထင်မှားအမြင်မှားဖြစ်ရလေအောင် သတ်လျှိုသည်။ စင်စစ် 'လေဗွန်'သည် အာစရိဒေးဗစ်ကိုပင် ချမ်းသာမပေး . . . .။

'သူရေးတဲ့ဆောင်းပါးတွေ ကျုပ်မဖတ်ပါဘူးဗျာ။ ဆောင်းပါးတွေက ကြီးကြီးကျယ်ကျယ်ထင်ရပေမယ့် တကယ်တော့ အဓိပ္ပါယ်ဘာမှမရှိဘူး'ဟု ဒေးဗစ် ရေးသော ဆောင်းပါးနှင့်ပတ်သက်၍ 'လေဗွန်'က ပါမောက္ခတစ်ဦးအား ပြောခဲ့ဖူး သည်။

အခြားပုဂ္ဂိုလ်တစ်ဦးကိုလည်း သည်သို့လျှင် ကြွားဝါပြောဖူး၏။

'အရင်တုန်းက ကာကွယ်ရေးဝန်ကြီးဆိုတာ မည်ကာမတ္တပဲ၊ အခုမှ တကယ့်ကာကွယ်ရေးဝန်ကြီးရယ်လို့ ရှိလာရတာဗျို့'တဲ့။

'လေဗွန်'ကို မကျေနပ်ကြောင်း ပထမဆုံး ဖော်ထုတ်သူမှာ 'ဒါယန်း' ဖြစ်၏။ (၁၉၅၄)ခုနှစ်၊ ဇွန်လတွင် 'ဒါယန်း'က စစ်ဦးစီးချုပ်ရာထူးမှ နုတ်ထွက်စာ တင်သည်။ ဒေးဗစ်ဘင်ဂူရီယန်နှင့် ဆွေးနွေးပြီးမှ 'ဒါယန်း'နှင့် 'လေဗွန်'တို့ ရင်ကြား စေ့တော့သည်။ 'ပဲရီးစ်'နှင့် 'လေဗွန်'တို့မှာ တစ်ဦးနှင့်တစ်ဦး စကားပင်မပြောကြ။ တစ်ဦးနှင့်တစ်ဦးစာပေး၍ သတင်းပို့ဆက်သားမှ တစ်ဆင့်သာ အဆက်အသွယ် ပြုကြ၏။

'ဒါယန်း'နှင့် 'ပဲရီးစ်'တို့က ဒေးဗစ်နေရာ ဇေဒီဗိုကာကျေးရွာသို့ မကြာခဏ သွား၍ အကြောင်းစုံပြောပြ၏။ သူတို့နှစ်ဦး ကမ္မကထပြု၍ 'အလုပ်သမားပါတီ'က 'လေဗွန်' ဆန့်ကျင်ရေးလုပ်ရန် အကြံရှိ၏။ သူတို့ပြောသမျှကို ဒေးဗစ်က နားထောင် လျက်သာရှိ၏။ သူ့သဘော သူ့ထင်မြင်ချက်ကိုမူ မပြော ....။

ထိုအခိုက် အနောက်အုပ်စုနိုင်ငံကြီးများက အာရပ်နိုင်ငံများသို့ လက်နက် ပစ္စည်းများ ထောက်ပံ့လျက်ရှိနေကြသည်။ အစ္စရေးနိုင်ငံကိုမူ မပေးကြ။ ဗြိတိသျှ တို့ကလည်း စူးအက်တူးမြောင်းဒေသမှ ထွက်ခွာတော့မည်ဖြစ်၍ ဟန်တပြင်ပြင်နှင့် အစ္စရေးဂျော်ဒန်နယ်စပ်တွင်လည်း အခြေအနေတင်းမာလျက် အစ္စရေးတပ်မတော် တွင်လည်း ကြောက်ခမန်းလိလိ စိတ်ဓာတ်ကျနေကြ၏။ 'မိုရှေရှာရတ်'နှင့် 'လေဗွန်' တို့လည်း အမျိုးသားလွှတ်တော်တွင် ထိပ်တိုက်တွေ့ကြသည်။ 'အလုပ်သမားပါတီ' ခေါင်းဆောင်များက ဘာလုပ်ရမည်ကိုပင် မသိကြတော့။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြ၏။ အထွေထွေရွေးကောက်ပွဲကြီးတွင်လည်း တစ်နှစ်အတွင်း ကျင်းပပေ တော့မည်။

'လေဗွန်'အရေးအခင်းဟု ပေါ်လာခိုက်တွင် အရပ်ရပ်အခြေအနေမှာ သို့ကလိုဖြစ်၏။

ဗြိတိသျှတို့အား စူးအက်တူးမြောင်းဒေသကို စွန့်ခွာသွားခြင်းမှ ဟန့်တား ရန်၊ သို့မဟုတ် မူသေဆုံးဖြတ်ချက်ကို ပြောင်းရန်မှာ အစ္စရေးထောက်လှမ်းရေးအဖွဲ့ အစီအစဉ်၏ အဓိကရည်ရွယ်ချက် ဖြစ်သည်။ လန်ဒန်မှလာသော လျှို့ဝှက် ကြေးနန်းစာများက အစ္စရေးအစိုးရအဖွဲ့ကို စိုးရိမ်သောက ဖြစ်စေ၏။ ဇူလိုင်လဆန်း တွင် ဗြိတိသျှဝန်ကြီးချုပ် ချာချီက စူးအက်မှထွက်ခွာရန် ယတိပြတ်ဆုံးဖြတ်ပြီးဟန်တူ

သည်။

(၁၉၅၄)ခု၊ ဇူလိုင်လလယ်တွင် တူးမြောင်းဒေသမှ ဗြိတိသျှတပ်များ အပြီးအပိုင် ရုပ်သိမ်းတော့မည့်အရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံသဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုရန်မှာ ရက်မျှသာလိုတော့ကြောင်း သိရ၏။ သည်အချိန်တွင် ရှုပ်ရှုပ်ချွံချွံဆောင်ရွက်မှုဖြစ်မည်ဟု အစ္စရေးထောက်လှမ်းရေးအဖွဲ့က သဘောပေါက်လာ၏။

(၁၉၅၁)ခုနှစ်မှစ၍ အစ္စရေးက အီဂျစ်နိုင်ငံတွင်း၌ သူလျှိုလုပ်ငန်းကိုစတင်မြေတောင်မြှောက်ပေးခဲ့၏။ သို့သော် ပြည့်ပြည့်စုံစုံမဟုတ်သေး။ အပျော်တမ်းလုပ်နေသည့် အဆင့်တွင်သာ ရှိ၏။ အစ္စရေးသူလျှိုများမှာ အသက် (၂၀)ဝန်းကျင်ရှိ လူငယ်များဖြစ်သည်။ ကိုင်ရိုနှင့် အလက်ဇန္ဒြီးယားတွင်နေသော လူကုံထံမိသားစုမှ ဆင်းသက်ခဲ့သူများဖြစ်၏။ အချင်းချင်းလည်းသိ၏။ သူတို့နှင့်ဆက်သွယ်သော စာရွက်စာတမ်းများ၊ ဓာတ်ပုံများကို မိမိတို့နေအိမ်တွင် ဖြစ်သလိုထားတတ်ကြသည်။ သူလျှိုဂိုဏ်းတစ်ဂိုဏ်းလုံး ဖမ်းမိပြီးဖြိုဖျက်ရန်မှာ တစ်ယောက်ယောက်ကိုသာ ဖမ်းမိဖို့လိုသည်။ တစ်ယောက်သာဖမ်းမိလျှင်၊ အားလုံးပေါ်၍ တစ်ဂိုဏ်းလုံးပြိုသွားပေမည်။ စင်စစ် သည်သူလျှိုအဖွဲ့အစည်းအား စစ်ဖြစ်ချိန်၌ အီဂျစ်၏နောက်ကျောတွင် လှုပ်ရှားရန်သာအဓိကရည်ရွယ်၏။ သို့သော် အကျင့်မရှိ၊ အသိဉာဏ်မရင့်သေးသော သူများကိုမှ ဗြိတိသျှတို့အား စူးအက်ဒေသမှ မထွက်ရလေအောင် သွေးဆောင်ဖြားယောင်းရန်အတွက် အသုံးချဖို့ အစ္စရေးကဆုံးဖြတ်သည်။

ထိုနှစ် မေနှင့် ဇွန်လများတွင် ထိုအဖွဲ့မှ အစ္စရေးလူငယ်ခေါင်းဆောင်နှစ်ဦးက နာမည်တုများဖြင့် ဥရောပသို့ရောက်လာ၏။ ၎င်းတို့ကပင် သူလျှိုအဖွဲ့ဝင်များကို ညွှန်ကြားချက်ပေးသည်။ အထက်မှ အမိန့်ရသည်နှင့် ထိုအဖွဲ့က ကိုင်ရိုနှင့် အလက်ဇန္ဒြီးယားမြို့များရှိ ရုပ်ရှင်ရုံ၊ စာတိုက်များ၊ မီးရထားဘူတာရုံများနှင့် အထူးသဖြင့် ဗြိတိသျှပြန်ကြားရေးဌာန အဆောက်အဦ၊ ယဉ်ကျေးမှုဌာန အဆောက်အဦများ၊ သံရုံးအဆောက်အဦများကို ဗုံးဖောက်ခွဲလျက် အကြမ်းဖက်တိုက်ခိုက်ရန်ဖြစ်၏။ အကြမ်းဖက်တိုက်ခိုက်ခြင်းဖြင့် ဗဟိုအာဏာပိုင်များ၏ အားနည်းချက်နှင့် မစွမ်းဆောင်နိုင်မှုများကို အီဂျစ်ပြည်သူများကို သိစေအပ်မည်။ အီဂျစ်တို့ ကတိပေးသည်ကိုလည်း ဗြိတိသျှတို့က အယုံအကြည်နည်းစေရန် ဖန်တီးပေးပေမည်။

စင်စစ် သည်အစီအစဉ်မှာ အမိပ္ပါယ်မဲ့လွန်းသည်။ နိုင်ငံရေးရာကိစ္စရပ်များတွင် ဗဟုသုတပြည့်ပြည့်ဝဝမရှိကြောင်း ပြက်ပြက်ထင်ထင် လှစ်ပြသကဲ့သို့လည်း

ရှိ၏။ သို့ရာစေ အစ္စရေးထောက်လှမ်းရေးတပ်ဖွဲ့မှ ခေါင်းဆောင်များကမူ တစ်ပွဲ ဘစ်လမ်းတော့ စမ်းကြည့်ချင်သေးသည်။ အစီအစဉ်အတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်ထား၏။ ဇူလိုင်လဆန်းတွင် အားလုံးအဆင်သင့်ဖြစ်နေ၏။ 'မီးစိမ်းပြ' အမိန့် ပေးဖို့သာလို၏။ ဇူလိုင်လ (၁၆)ရက်နေ့ နေ့ခင်းအချိန်တွင် ကာကွယ်ရေးဝန်ကြီး 'လေဗွန်'နှင့် တွေ့ဆုံပြောဆိုပြီးသည်နှင့် ဗိုလ်မှူးကြီး'က'ထံက ချက်ခြင်းအမိန့်ပေး 'မီးစိမ်း'ပြတော့သည်။

သို့သော် ကိုင်ရိုနှင့် အလက်ဇန္ဒြီးယားရှိ အစ္စရေးသူလျှိုအဖွဲ့က ပွဲမစမီ ကပင် အရေးနိမ့်တော့မည်ကို ဗိုလ်မှူးကြီး 'က'ပင် လုံးဝမသိ။ ကိုင်ရိုရှိ ထက်မြက်သော သူလျှို 'ခ'သည် နှစ်ဘက်ချွန်သူလျှိုဖြစ်နေသည်ကို သူလုံးလုံးမသိ . . . .။

စင်စစ် ဗုံးဖောက်ခွဲမှုမှအစ အကြမ်းဖက်လုပ်ရပ်များကို ဗိုလ်မှူးကြီး 'က' အမိန့်မပေးရမီ သတင်းနှစ်ပတ်ထဲက အစပြုခဲ့လေပြီ။ သူလျှို 'ခ'သည် အီဂျစ်တန်ပြန် ထောက်လှမ်းရေး၏ အမိန့်အရ အစ္စရေးသူလျှိုများကိုဖမ်းနိုင်ရန် ထောင်ချောက် ဆီသို့ မျှားခေါ်သွားခဲ့သည်။

ဇူလိုင်လ (၂)ရက်နေ့တွင် အစ္စရေးသူလျှိုများ၏ ဗုံးများက စာတိုက်နှင့် မီးရထား၊ ဘူတာရုံ၊ စတိုခန်းတွင် ပေါက်ကွဲကုန်သည်။ အပျက်အစီးနည်းနည်းသာ ရှိ၏။ ဇူလိုင်လ (၁၄)ရက်နေ့တွင်လည်း ကိုင်ရိုနှင့် အလက်ဇန္ဒြီးယားမြို့များရှိ အမေရိကန်ပြန်ကြားရေးဌာန အဆောက်အဦများ၊ အမေရိကန် ကောင်စစ်ဝန်ရုံး များ၊ အမေရိကန်သံရုံး အဆောက်အဦတွင်ပါ အလားတူဗုံးပေါက်ကွဲမှုများ ဖြစ်ခဲ့၏။ သည်တစ်ကြိမ်တွင်လည်း အပျက်အစီးက မပြောပလောက်။ သို့သော် အစ္စရေး တို့ မျှော်မှန်းသည်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက်ရှိ၏။ ဗုံးပေါက်ကွဲမှုများက အမေရိကန်ပိုင်ဌာန အဆောက်အဦများတွင် ဖြစ်နေသည်။ အီဂျစ်တို့က မိမိတို့ အောင်မြင်မှုအတွက် ကြိတ်၍ ကိုယ့်ကိုယ်ကိုချီးမွမ်းနေကြ၏။ သည်အဖြစ်ကြောင့် အမေရိကန်နှင့် အစ္စရေးဆက်ဆံရေးတွင် အဖုအထစ်ကလေးများ ပေါ်လာစေရန် ရန်စပေးခဲ့သည်။ ဗြိတိသျှအစိုးရနှင့်ပတ်သတ်သော အဆောက်အဦများတွင်သာ ဗုံးဖောက်ခွဲရန် အစီအစဉ်ရှိသော်လည်း တကယ့်ဖြစ်ရပ်တွင်မူ အမေရိကန်အစိုးရနှင့် ပတ်သတ်သော အဆောက်အဦများတွင် ဗုံးကွဲရသည်ကို အစ္စရေးထောက်လှမ်းရေးမှ ခေါင်းဆောင်များက အတန်ကြာသည်ထိ သဘောမပေါက်နိုင်ခဲ့။ သူလျှို 'ခ'၏ နှစ်ဖက်ချွန်လုပ်ရပ်များ ပေါ်လာတော့မှ အဖြစ်စုံကိုသိရတော့၏။

ဇူလိုင်လ (၁၆)ရက်နေ့ နောက်ပိုင်းရက်များတွင်လည်း ကိုင်ရိုနှင့်

အလက်ဇန္ဒြီးယားမြို့များတွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ သို့သော် အန္တရာယ်မများ။ ဇူလိုင်လ (၂၃)ရက်နေ့တွင် အလက်ဇန္ဒြီးယားမြို့ရှိ ရုပ်ရှင်ရုံ အပေါက်ဝ၌ ဥရောပတိုက်သား မျက်နှာပေါက်ရှိ လူငယ်တစ်ဦးကိုတွေ့ရသည်။ သူ့ဘောင်းဘီအိတ်အတွင်းမှ မီးခိုးများထွက်နေပြီး လူငယ်မှာ အကြီးအကျယ်ဒုက္ခဝေဒနာခံနေရသည့်အလား လိမ်ကောက်နေ၏။ အကြမ်းဖက်သမားများ၏ ဗုံးက ချက်ခြင်းပေါက်ကွဲခဲ့သည်ဟုဆို၏။

သည်တွင် အစ္စရေးတို့၏ သူလျှိုလုပ်ငန်းကြီးလည်း ပေါက်ကွဲခြင်းနှင့်အတူ ဖူးပေါ်သလိုပေါ်လာ၏။ အဖမ်းခံရသောသူနှင့် အပေါင်းပါများ၏ နေအိမ်မှ စာရွက်စာတမ်းများ၊ ပုံနှိပ်စက်တစ်လုံး၊ ရေဒီယိုအသံလွှင့်စက်များကို အာဏာပိုင်များက ဖမ်းဆီးရမိ၏။ အစကတည်းက မသေချာမရေရာသော သည်စစ်ဆင်ရေးသည် နောက်ဆုံး အရှုံးနှင့်အဆုံးသတ်ခဲ့ရ၏။

အီဂျစ်တွင် အစ္စရေးသူလျှိုများ အဖမ်းခံရသည်ကို ဗိုလ်မှူးကြီး 'က' ချက်ခြင်းသိရ၏။ ကာကွယ်ရေးဝန်ကြီး 'လေဗွန်' အစီအစဉ်အတိုင်း စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်စေခဲ့သော်လည်း အရေးနိမ့်ခဲ့ကြောင်းဖြင့် အစီရင်ခံသည်။ အစီရင်ခံစာကို လေဗွန်က လက်ခံရရှိပြီးကြောင်း လက်မှတ်တိုထိုးပေးသည်။ ထိုစဉ်က သည်စစ်ဆင်ရေးအား မိမိကအတည်ပြုခဲ့သည်ကို 'လေဗွန်'က မငြင်းခဲ့၊ (၂)လအကြာတွင် မိမိနှင့် ဗိုလ်မှူးကြီး 'က'တို့ တွေ့ဆုံစကားမပြောမီ သတင်းနှစ်ပတ်ကပင် စစ်ဆင်ရေးစတင်နေပြီဖြစ်ကြောင်း သိရသောအခါ စစ်ဆင်ရေးပထမပိုင်းတွင် အရေးနိမ့်ခဲ့သည်များကို ဖုံးဖိထားရန်အတွက် မိမိထံမှ အတည်ပြုချက်ရယူသည်ဟု ယူဆလာ၏။ သို့ကြောင့် မိမိသဘောတူညီချက်သည် စစ်ဆင်ရေးဒုတိယပိုင်းနှင့်သာ အကျုံးဝင်သည်ဟု ယူဆ၏။ သည်ကိစ္စကြောင့် 'လေဗွန်'က ဗိုလ်မှူးကြီး 'က'ကို အလွန်စိတ်ဆိုး၏။ နောင်သောအခါတွင် ဇူလိုင်လ (၁၆)ရက်နေ့က မိမိသည် ဗိုလ်မှူးကြီး'က'နှင့်ပင် မတွေ့ဆုံခဲ့ကြောင်း အကြောက်အကန်ငြင်းတော့သည်။

ဒေးဗစ်ဘင်ဂူရီယန်က ဩဂုတ်လ (၂၄)ရက်နေ့တွင် မိမိနေ့စဉ်မှတ်တမ်းစာအုပ်၌ သည်သို့လျှင် ရေးမှတ်ထား၏။

ဒီနေ့မွန်းတည့်ချိန်မှာ 'မိုရှေဒါယန်း' ရောက်လာတယ်။ မိမိမရှိတုန်းမှာ 'လေဗွန်'က မိုက်မဲလှတဲ့ စစ်ဆင်ရေးအမိန့်ကို ပေးခဲ့ကြောင်း၊ 'မိုရှေ'က ကျုပ်ကိုပြောပြတယ်။ ဒီစစ်ဆင်ရေးလည်း ရှုံးနိမ့်သွားခဲ့တယ်။ တကယ်တော့ ဒီစစ်ဆင်ရေးဟာ အစကတည်းက အရေးနိမ့်မယ်ဆိုတာ သူတို့သိဖို့ကောင်းတယ်။ ဒီကိစ္စဟာ

ဖြစ်မှုကြောင်းအရ အရေးယူထိုက်တယ်'

အောက်တိုဘာလ (၅)ရက်နေ့။ အီဂျစ်အစိုးရက အစ္စရေးသူလျှိုလုပ်ငန်းကြီးကို ဖော်ထုတ်နိုင်ကြောင်း တရားဝင်ကြေငြာသည်။

အောက်တိုဘာလ (၁၀)ရက်နေ့။ ကိုင်ရိုမြို့တွင် အစိုးရရှေ့နေက တရားခံအစ္စရေးသူလျှိုများ၏ အမည်များကို ဖော်ထုတ်သည်။

အောက်တိုဘာလ (၁၆)ရက်နေ့။ ဇေဒီဗိုကာကျေးရွာတွင် ဒေးဗစ်ဘင်ဂူရီယန်က အသက် (၆၀)နှစ်ပြည့်မွေးနေ့ကို ကျင်းပသည်။ 'လက်ဗီအက်ရှ်ကိုးလ်'လည်း မွေးနေ့ပွဲသို့ တက်ရောက်လာသည်။ ဒေးဗစ်အား 'လေဗွန်'၏လုပ်ရပ်များကို အကြောင်းစုံဖွင့်ပြောပြသည်။ 'လေဗွန်'က အစိုးရအဖွဲ့ကို မတိုင်ပင်ဘဲ အမိန့်ပေးခဲ့ခြင်းကို ဒေးဗစ်က အကြီးအကျယ်ဒေါပွတော့သည်။

ဝန်ကြီးချုပ် 'မိုရှေရှာရက်'ကမူ ပို၍ပင်မသိ။ အီဂျစ်တို့၏ စွပ်စွဲချက်ကိုကြားရသော 'ရှာရက်'က အီဂျစ်နေ ဂျူးလူမျိုးများအား အန္တရာယ်ပေးရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် မုသားပြောခြင်းဖြစ်ကြောင်းဖြင့် ကြေငြာ၏။ 'ရှာရက်'အား တိုးတိုးတိတ်တိတ်နှင့် အဖြစ်စုံကိုပြောပြသောအခါမှ 'လေဗွန်'နှင့် သည်ကိစ္စတွင် ပါဝင်ပတ်သက်ကြသော စစ်တပ်ထိပ်တန်းအရာရှိကြီးများကို ထုချေလွှာတောင်းတော့သည်။ ဗိုလ်မှူးကြီး 'က'နှင့် 'လေဗွန်'တို့အကြိမ်ကြိမ် တွေ့ဆုံကြပြီး နောက်ဆုံးတွင်မူ လုံးဝ အဆက်အသွယ်ပြတ်သွားတော့သည်။

ထိုအခိုက် အီဂျစ်၌ ဖမ်းဆီးထားသော အစ္စရေးသူလျှိုများအား စွဲချက်တင်သည်ကို လူသိရှင်ကြား ကြေငြာသည်။ ဒီဇင်ဘာလ (၇)ရက်နေ့တွင် စတင်တရားစွဲသည်။

အစ္စရေးနိုင်ငံ တယ်လ်အဗီးမြို့တွင်လည်း အလားတူ တရားစီရင်ရေးတစ်ခုကို စတင်စစ်ဆေးနေ၏။ သည်ကိစ္စတွင် 'လေဗွန်'က မိမိမသိရကြောင်းကို အထောက်အထားမပြနိုင်။ အမိန့်ပေးရခြင်း၏ ဇစ်မြစ်ကို စုံစမ်းစစ်ဆေးမှုပြုပါရန် 'ရှာရက်'ကို တောင်းဆိုလာရ၏။ ဒီဇင်ဘာလ (၁၂)ရက်နေ့တွင် စုံစမ်းရေးကော်မရှင်က ရှာဖွေတွေ့ရှိချက်ကို တင်ပြလာသည်။ အပြစ်မကင်းဟု ဆိုကြ၏။

သို့သော် သူတို့ထွက်ချက်မှာ သံသယဖြစ်ဖွယ်ရှိ၏။ သည်အရေးတွင် 'ဒါယန်း'နှင့် 'ပဲရီးစ်'တို့ လုံးဝပါဝင်ပတ်သက်ခြင်းမရှိ၍ သက်သေအဖြစ် အစစ်ဆေးခံရန် မလိုအပ်။ သို့သော် စစ်တပ်အသိုင်းအဝန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနတွင်လက်ရှိမည်သို့ စိတ်သဘောရှိကြသည်ကို သိရှိရန်အတွက် စုံစမ်းရေးကော်မရှင်က

ဆင့်ခေါ်ကာ စစ်ဆေးမေးမြန်းခဲ့၏။

ထိုအခိုက် ကိုင်ရိုတွင် သူလျှိုများအား တရားရုံးမှ စစ်ဆေးမှုလည်း အပြီးသတ်ခဲ့၏။ တရားခံတစ်ဦးက အမှုစစ်ဆေးဆဲမှာပင် အချုပ်ခန်းအတွင်း၌ ကိုယ့်ကိုကိုယ် သတ်သေလိုက်၏။ အစိုးရရှေ့နေက တရားခံအချို့အား သေဒဏ်ပေးရန် တောင်းဆိုသည်။ ကြင်နာသဖြင့်လွှတ်ပေးရန် ကမ္ဘာအရပ်ရပ်မှ မေတ္တာရပ်ခံစာများလည်း ရောက်လာ၏။ ပုဂ္ဂိုလ်ကြီးအချို့ကလည်း အီဂျစ်အာဏာပိုင်များသို့ ချဉ်းကပ်ခဲ့သေး၏။ အထူးသဖြင့် ပြင်သစ်မှလူကြီးများက သည်ကိစ္စတွင် အလှုပ်ရှားဆုံးဖြစ်၏။ တရားခံအချို့မှာပြင်သစ်နိုင်ငံသားများဖြစ်၏။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး 'အဂ္ဂါဖော်ရေး'က အီဂျစ်သမ္မတ 'နတ်ဆာ'ထံသို့ပင် စာရေးကာ မေတ္တာရပ်ခံသည်။

ဇန်နဝါရီလ (၂၇)ရက်နေ့တွင် စစ်ခုံရုံးက စီရင်ချက်ချခဲ့လေသည်။ တရားခံနှစ်ဦးကိုမူ အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၇)နှစ်ချခဲ့သည်။ တဖန် တရားခံနှစ်ဦးကိုလည်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၅)နှစ်အပြစ်ပေး၏။ နောက်တရားခံနှစ်ဦးကိုလည်း အလုပ်ကြမ်းနှင့် တစ်သက်တစ်ကျွန်း အပြစ်ပေး၏။ ခေါင်းဆောင်နှစ်ဦးအား သေဒဏ်ပေးလိုက်သည်။ (၄)ရက်အကြာတွင် သေဒဏ်အပြစ်ပေးခံရသော တရားခံနှစ်ဦးအား ကိုင်ရိုမြို့ရှိ အကျဉ်းထောင်တွင် စီရင်လိုက်၏။

'လေဗွန်'က စုံစမ်းရေးကော်မရှင်၏ ဆုံးဖြတ်ချက်ကြောင့် အကြီးအကျယ် ဒေါပွသည်။ ဗိုလ်မှူးကြီး'က'အား အခြားတစ်နေရာရာသို့ ပြောင်းရွှေ့တာဝန်ပေးရန် 'လေဗွန်'က ဝန်ကြီးချုပ် 'ရှာရတ်'အား တောင်းဆိုသည်။ 'ပဲရီးစ်'အား ပြန်လည်ခေါ်ယူသည်။ ကာကွယ်ရေးဝန်ကြီးဌာနကိုလည်း လုံးဝဥဿုံပြန်လည်ဖွဲ့စည်းသည်။ 'ရှာရတ်'ကမူ ထုံးစံအတိုင်း တွေဝေနေ၏။ ဗိုလ်မှူးကြီး 'က'ကို ခေါ်ယူ၍ ရာထူးမှ နှုတ်ထွက်စာတင်ရန် ညွှန်ကြားသည်။

'ဒါ . . . မတရားဘူး၊ တကယ်လို့ ကျုပ်ကို ထွက်ဖို့ပြောလာရင်တော့ ဘာကြောင့်ထွက်တယ်ဆိုတာ လူသိရှင်ကြားပြောဖို့ ကျုပ်မှာ အခွင့်အရေးရှိတယ်၊ ဒါပေမယ့် ကျုပ်သဘောနဲ့ကျုပ် ဘယ်တော့မှ မထွက်ဘူး'

ဟု ဗိုလ်မှူးကြီး 'က'က ပြန်ပြောသည်။

'အလုပ်သမားပါတီ' ခေါင်းဆောင်များ အတွင်း၌လည်း အခြေအနေ ရှုပ်ထွေးကုန်တော့၏။ သည်ကိစ္စအား အတွင်းကျကျအဖြစ်မှန်ကို သိသူများကလည်း နှုတ်ပိတ်ခံထားရ၍ ဘာဆိုဘာမျှ မပြောနိုင်။ ခေါင်းဆောင်အများစုကမူ 'လေဗွန်' သည် အစိုးရအဖွဲ့ဝင်အဖြစ်မှ ထွက်သင့်သည်ဟုသာ သဘောရကြသည်။ နောက်ဆုံး

မတတ်သာသည့်အဆုံး၌ အခက်အခဲနှင့် ကြုံဆုံရချိန်၌ လမ်းညွှန်သမှု ပြုနိုင်သူတစ်ဦးဆီသို့ ခြေဦးလှည့်ရတော့၏။ 'ရှာရတ်' 'ဂိုလ်ဒါမေယာ'နှင့် 'လက်ဗီအက်ရှ်ကိုးလ်'တို့ သုံးဦးအား 'ဇေဒီဗိုကာ'ကျေးရွာသို့ အရောက်လှမ်းခဲ့ကြသည်။

'ကျွန်တော်တို့ ဘာလုပ်ရမလဲ . . .'

သူတို့အားလုံး နှုတ်မှထွက်လာသည့် မေးခွန်းက သည်မျှသာ။ ပြောသမျှအားလုံး ငြိမ်ငြိမ်သက်သက်နှင့် နားထောင်ပြီးမှ ဒေးဗစ်က သည်သို့လျှင် ပြောလာတော့၏။

သို့သော် 'လေဗွန်'နေရာတွင် မည်သူ့အား အစားထိုးခန့်ထားမည်နည်း။

ဖေဖော်ဝါရီလ (၁၇)ရက်နေ့ မနက်လင်းအားကြီးအချိန်။ နေဟီးမီးယားက နဂျစ်သဲကန္တာရဆီသို့ သွားနေ၏။ 'ရှာရတ်'က 'လေဗွန်'နှင့် တွေ့ဆုံစကားပြော၏။ မကြာပါ 'လေဗွန်'လည်း ရာထူးမှ နှုတ်ထွက်လိုက်သည်။

ဒေးဗစ်ဘင်ဂူရီယန်အား အနားယူအငြိမ်းစားဘဝဖြင့် နေ့နေရာမှ ထွက်လာပြီး ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူထမ်းဆောင်ဖို့ ဖြားယောင်းပြောဆိုရန် 'နေဟီးမီးယား'ကို တာဝန်ပေးထားသည်။

'နေဟီးမီးယား'ပြောသမျှကို ဒေးဗစ်က မျက်မှောင်ကုတ်၍ နားထောင်နေ၏။ ညနေခင်းတွင်မှ နောက်ဆုံး အဆုံးအဖြတ်ပေးရမည့်ချိန်သို့ ရောက်လာတော့သည်။

သည်ကိစ္စနှင့်ပတ်သက်၍ ဒေးဗစ်က ထုံးစံအတိုင်း ကောက်ခြစ်ထားလိုက်သည်။

'မွန်းလွဲပိုင်း'တွင် 'ဂိုလ်ဒါ'နှင့် 'နမား'တို့နှစ်ဦး ရောက်လာကြ၏။ နိုင်ငံလုံခြုံရေးသည် အန္တရာယ်နှင့်ကြုံနေရသည်။ 'လေဗွန်'သည်လည်း ရာထူးမှနှုတ်ထွက်ရန် သေချာ၏။ သူ့နေရာတွင် လူစားထိုးခန့်ထားရန်အတွက်လည်း တစ်ဦးတစ်ယောက်မျှမရှိ . . .။ ကျုပ်က ကာကွယ်ရေးဝန်ကြီးဌာနသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်၏။ ကာကွယ်ရေးနှင့် စစ်တပ်ကိစ္စရပ်များက အရာရာထက်ပို၍ အလေးပေးရမည် . . .'

ထိုည ၁၁-နာရီတွင် အသံလွှင့်သူက ဒေးဗစ်ဘင်ဂူရီယန် ပြန်လာတော့မည့်အကြောင်း သတင်းကြေငြာသည်။ နောက်တစ်နေ့မနက်တွင် အားရနှစ်ထောင်းကြောင်း နှုတ်ဆက်စာများ ဇေဒီဗိုကာကျေးရွာရှိ နေအိမ်သို့ တဖွဲဖွဲရောက်လာ၏။ ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် ဒေးဗစ်ဘင်ဂူရီယန်က ဂျေရုစလင်မြို့သို့ ရောက်

လာပြီး ကျမ်းသစ္စာကျိန်ဆိုလိုက်၏။

စင်စစ် ဒေးဗစ်သည် အငြိမ်းစားယူနေခြင်းမှ စွန့်ခွာလာရသည်ကို နည်းနည်းမှ မလိုလား . . .။

'အကယ်၍ အကြပ်အတည်းက ဒီလောက်အရေးမကြီးခဲ့ရင် ဇေဒီဗိုကာ ကျေးရွာက ကျုပ်ကို လယ်ထွန်စက်အလုံး (၁၀၀)ကျော်နဲ့ လာဆွဲလို့တောင် မရဘူး မှတ်'

ဟုဆို၏။

'လေဗွန်အရေးအခင်း'နှင့်ပတ်သက်၍ ဒေးဗစ်က နောက်ထပ်စုံစမ်း မေးမြန်းခြင်းမပြု . . .။ သို့သော် ဒေးဗစ်က ဗိုလ်မှူးကြီး'က'အား အခြားဌာနတစ်ခု သို့ ပြောင်းရွှေ့လိုက်၏။ 'လေဗွန်'နှင့်ပတ်သက်၍မူ ၎င်းအား 'အလုပ်သမားအဖွဲ့ ချုပ်ကြီး'တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားခြင်းကို ဒေးဗစ်က မည်သို့မှမပြော 'လေဗွန်အရေးအခင်း'က သည်နေရာတွင်ပင် တစ်စခန်းသိမ်းလိုက် ရ၏။

သို့သော် ၅-နှစ်ခန့်အကြာတွင် သည်ကိစ္စပြန်ပေါ်လာပြန်သည်။ ယခင် တစ်ကြိမ်ကထက် ပို၍ပြင်းထန်လာသည်။ ဒေးဗစ်ဘင်ဂူရီယန်က ကာကွယ်ရေး ဝန်ကြီးဌာနသို့ပြန်လာပြီးမှ ကြေကွဲဖွယ်ရာ သည်ဇာတ်လမ်းတွင် တစ်ခန်းရပ် ခဲ့လေပြီ။

ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပို၍ကြီးကျယ်သည့် အရေးအခင်းတစ်ရပ် ပေါ်လာပြန်၏။

ဂါဇာဒေသတွင် အစ္စရေးတပ်များကို ပြန်လည်ကလဲ့စားချေ တုန့်ပြန်ရာ တွင် အီဂျစ်စစ်သား (၄၀)မျှ ကျဆုံးခဲ့ရပြန်၏။ သည်အရေးအခင်းကြောင့် 'နတ်ဆာ'က အစ္စရေးနိုင်ငံနှင့်ဆက်ဆံရေးတွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာပေတော့ မည်။ သည်အချိန်တွင် စူးအက်တူးမြောင်းအရေးအခင်းကလည်း အမှတ်မထင်ပေါ် လာ၏။

## အာဏာရှင် ဘင်ဂူရီယန် . . . တဲ့

(၁၉၅၅)ခုနှစ် အရှေ့အလယ်ပိုင်းဒေသတွင် စောင့်နေကြသော အာရပ်နှင့် အစ္စရေးနိုင်ငံများက နိုင်ငံခြားမှလက်နက်များ အလုအယက်ဝယ်နေကြ၏။ 'သူ့ထက် ငါသာရန်'ဟူသောသဘောဖြင့် အပြေးအလွှား အားပြိုင်နေကြသည်။

ထိုနှစ်နွေဦးတုတွင် အစ္စရေးနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနေသည်။ 'အလုပ်သမားပါတီ'က (၅)နေရာတွင် အရေးနိမ့်၏။ 'ရှာရတ်'၏ 'အလိုလိုက် အကြိုက်ဆောင်'သောဝါဒအပေါ် ပြည်သူတွေက မကျေနပ်သည့်သင်္ကေတဟု သဘောရကြ၏။

အစ္စရေးနိုင်ငံက အလျှော့မပေး၊ တင်းကြပ်သည့်ဝါဒကို ချမှတ်ကျင့်သုံးလိမ့်မည်ဟု ထင်ရ၏။

သို့သော် . . . တကယ် ခပ်တင်းတင်း ခပ်ပြတ်ပြတ်လုပ်သည်က အီဂျစ်ဖြစ်၏။ ပင်လယ်နီမှတစ်ဆင့် အစ္စရေးနိုင်ငံသင်္ဘောဆိပ်ဖြစ်သော 'အီလတ်သ်'သို့ သင်္ဘောများဝင်ထွက်သွားလာရာ တံခါးပေါက်သဖွယ်ဖြစ်သည့် ထိပ်ဝကို ပိတ်ဆို့လိုက်သည်။

အခြေအနေက ဆိုးရွားသထက်ဆိုးရွားလာ၏။ အမေရိကန်နှင့် ကာကွယ်ရေးစာချုပ်ချုပ်ဆိုရန် အစ္စရေးနိုင်ငံက အကြံပြုလာသည်ကို အမေရိကန်တို့က

လက်မခံ ပယ်ချခဲ့၏။ ဒေးဗစ်ဘင်ဂူရီယန်ကလည်း မကျန်းမမာဖြစ်ပြန် အစိုးရအဖွဲ့သစ်ဖွဲ့စည်းရန် တာဝန်ကလည်း ရှိနေပြန် . . . အတော်အကြပ်ရိုက်နေသည့်အချိန်။

ယာယီအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်သူ 'ရှာရတ်'က အာရပ်တို့ကို ရင်ဆိုင်ရန် ဥရောပသို့ စစ်လက်နက်ပစ္စည်းဝယ်ရန် ထွက်ခဲ့သည်။ 'ပဲရီးစ်'ကလည်း ပဲရစ်သို့ထွက်ခဲ့သည်။ ပြင်သစ်နိုင်ငံက 'မစ်ထရီ'လေယာဉ် (၂၄)စင်းပေးမည်ဟူသော ကတိရခဲ့သည်။ 'ပဲရီးစ်'နှင့်အဖွဲ့က ပြင်သစ်ကာကွယ်ရေးဝန်ကြီးသစ် ဗိုလ်ချုပ်ကြီး 'ဘီလ်ဝေ့'နှင့် ဆက်လက်ဆွေးနွေးရန် ကျန်ရစ်သည်။ လေယာဉ်သာမကသေး တင့်ကားနှင့်အမြောက်လက်နက်များပါပေးမည်ဟု ပြင်သစ်က ကတိပေးသည်။ စာချုပ်လက်မှတ်ရေးထိုးရန် နိုဝင်ဘာလ (၁၂)ရက်နေ့ကို သတ်မှတ်လိုက်သည်။

သို့သော် အစ္စရေးနိုင်ငံသို့ ကံဆိုးမိုးမှောင်ကျရပြန်သည်။ လက်နက်ပစ္စည်းပေးမည်ဟု ကတိပေးခဲ့သော ပြင်သစ်အစိုးရသည် ရက်အနည်းငယ်အတွင်း ပြုတ်ကျသွားသည်။ အစိုးရအဖွဲ့သစ်က အစိုးရအဖွဲ့ဟောင်းနှင့်ရရှိသော သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်မည်၊ မဖော်မည်မှာလည်း မသေချာ။

မည်သို့ဆိုစေ ဒေးဗစ်က အဆိုးဆုံးကိုမှင်ရင်ဆိုင်တွေ့ရန် အသင့်ပြင်ထား၏။ ကောင်းကောင်း ကျန်းကျန်းမာမာမဖြစ်သေးမီမှာပင် 'ဒါယန်း'ကို အခေါ်လွှတ်၍ နှစ်ဦးသားအခြေအနေကို ဆွေးနွေးတိုင်ပင်ကြသည်။ အီဂျစ်တို့က မိမိတပ်များကို လက်နက်သစ်များတပ်ဆင်ပြီး ကောင်းစွာလေ့ကျင့်ပေးသည်နှင့် ထိုးစစ်ဆင်လာလိမ့်မည်ဟု နှစ်ဦးစလုံးက သဘောရကြသည်။ အစ္စရေးနိုင်ငံအဖို့ ကာကွယ်စစ်ကိုသာ မဟာဗျူဟာအဖြစ် ကျင့်သုံးရန်မှလွဲ၍ အခြားမရှိ။

အစီအစဉ်သုံးရပ်ကို ပြင်ဆင်ထားရန် ဒေးဗစ်က 'မိုရှေဒါယန်း'ကို စေခိုင်းသည်။ 'ဂါဇာ'ကမ်းမြောင်ဒေသကို အစ္စရေးက စတင်တိုက်ခိုက်ရန် 'ဆိုင်းနိုင်း'ကျွန်းစွယ်တွင်းသို့ ထိုးစစ်ဆင်ချီတက်ရန်နှင့် 'အီလတ်သ်'ဆိပ်ကမ်းသို့ ချဉ်းကပ်ရေလမ်းခရီးများကို ပိတ်ဆို့ထားသည့် အီဂျစ်တို့အား အချက်အခြာနေရာများမှ ဖယ်ရှားရန်ဖြစ်၏။ လုပ်ငန်းစဖို့ နောက်ဆုံးအကြိမ်ဖြင့် (၃)လသတ်မှတ်ခဲ့သည်။

ဒေးဗစ်ဘင်ဂူရီယန်က မိမိဦးဆောင်သော အစိုးရအဖွဲ့အား ပါလီမန်သို့တင်ပြသည့်အချိန်ထိ ကျန်းကျန်းမာမာမရှိသေး။ ပါလီမန်တွင်း အီဂျစ်တို့ သတိပေးစကားပြောရာ၌ ထိုစဉ်က မိန့်ခွန်းများတွင် မပါမပြီး အမြဲထည့်ပြောလေ့ရှိသည့်စကားရပ်လည်းပါခဲ့သည်။

'ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ဆွေးနွေးရန် အီဂျစ်နိုင်ငံဝန်ကြီးချုပ်နှ

ပဲဖြစ်ဖြစ်၊ အခြား မည်သည့်အာရပ်ခေါင်းဆောင်များနဲ့ပဲဖြစ်ဖြစ် ဘယ်နေရာ ဘယ်ဒေသမှာမဆို အချိန်မရွေးတွေ့ရန်အသင့်ပါပဲ' . . . တဲ့။

ပြောနေကြစကားမို့ မည်သူကမျှ အလေးမပေး မဝေဖန်ကြသော်လည်း၊ သည်အချက်သည် သူ့မိန့်ခွန်းတစ်ခုလုံးတွင် အရေးအကြီးဆုံးဖြစ်သည်။ ဒေးဗစ်သည် ထိုအချိန်က အာရပ်တို့နှင့် တိတ်တဆိတ်လျှို့ဝှက်စွာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လုပ်နေပြီမဟုတ်ပါလား။

အရှေ့အလယ်ပိုင်းဒေသတွင် အခြေအနေက ပေါက်ကွဲလုဆဲဆဲရှိနေသည်ဟု ရိပ်စားမိလာသည်။ ချက်-အီဂျစ် လက်နက်ဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုပြီးကြောင်း သိရကတည်းက အခြေအနေသည် သွေးထွက်သံယိုမှုများ ပေါ်လာလိမ့်မည်ဟု ကြိုမြင်မိသည်။ သို့ကြောင့်လည်း အိုက်ဆင်ဟောင်ဝါက သည်အရေးအခင်းကို ဖြစ်သည့်နည်းဖြင့် ကာကွယ်လိုသည်။ သို့ကြောင့်လည်း အရှေ့အလယ်ပိုင်းဒေသမှ ပြဿနာအထွေထွေအပြားပြားအတွက် အံ့ဩယူရလောက်သည့် ဖြေရှင်းချက်မျိုး ရှာကြံပေးရန် သူ့မိတ်ဆွေရင်းချာတစ်ယောက်ကိုပင် အိုက်ဆင်ဟောင်ဝါက တာဝန်ပေးခဲ့၏။

သို့ရာတွင် အံ့ဩရလောက်အောင် ဖြေရှင်းချက်မရှိ၊ သည်အချက်ကို အိုက်ဆင်ဟောင်ဝါက နောင်သောအခါ မျက်ဝါးထင်ထင် တွေ့မြင်လာရသည်။ ငြိမ်းချမ်းရေးလုပ်ငန်း အစပဏာမတွင် အားရစရာ။ အိုက်ဆင်ဟောင်ဝါ၏ ကိုယ်စားလှယ်ကို ဒေးဗစ်ဘင်ဂူရီယန်က လက်ကမ်း၍ကြိုဆိုခဲ့သည်။ နတ်ဆာကလည်း လှိုက်လှိုက်လှဲလှဲကြိုဆိုသည်။ ဂျူးနှင့်အာရပ်တို့ကြား ငြိမ်းချမ်းရေးရရှိရန်မှာ သူ၏ တစ်ခုတည်းသော ဆန္ဒဖြစ်ပါသည်ဟုပင် နတ်ဆာက ထုတ်ဖော်ပြောသေး၏။ အမေရိကန်တို့မှတစ်ဆင့် အစ္စရေးနိုင်ငံမှ စေ့စပ်ဆွေးနွေးရန် အသင့်ရှိသည်ဟုလည်း အာမခံပေး၏။

သည်တွင် အမေရိကန်သမ္မတ၏ ကိုယ်စားလှယ်ကြီးများလည်း ဝမ်းသာအားရစွာဖြင့် ဝါရှင်တန်သို့ ပြန်သွားသည်။ စေ့စပ်ဆွေးနွေးရန်အတွက် အခြေခံရရန် တယ်လ်အဗီးမြို့သို့ တဖန် ထွက်ခွာပြန်၏။ ငြိမ်းချမ်းရေးရရှိရန်အတွက် အစွမ်းကုန်ဆောင်ရွက်ဖို့ စိတ်ဆုံးဖြတ်ထားပြီးဖြစ်၏။

သို့သော် သူ့ငြိမ်းချမ်းရေးခရီးက ထင်တိုင်းမပေါက်ခဲ့။ စင်စစ် အထင်နှင့်အမြင်က ပါစင်အောင်လွှဲခဲ့ရ၏။ ဖြစ်စေချင်သည်ကတစ်မျိုး၊ တကယ်ဖြစ်သည်က တစ်မျိုး။ ငြိမ်းချမ်းရေးရရန် အခွင့်အလမ်းကမသာ။

(၁၉၅၅)ခု၊ နိုဝင်ဘာလတွင်ဖြစ်သည်။ ဒေးဗစ်ဘင်ဂူရီယန်က 'မိုရှေ ဒါယန်း'နှင့် သူ့စစ်ဦးစီးအဖွဲ့က ကြိုတင်ပြင်ဆင်ထားခဲ့သည့်အတိုင်း 'အီလတ်သ်'သို့ ချဉ်းကပ်ရာလမ်းကြောင်းများရှိ အီဂျစ်တို့အား အသာစီးရနေသော နေရာများမှ ဖယ်ရှားရန် အမိန့်ထုတ်လိုက်၏။ ငြိမ်းချမ်းရေးသမား 'ရှာရတ်' အပါအဝင် ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးအများစုက သည်အစီအစဉ်ကို ချောင်ထိုးထားရန် မဲပေးဆုံးဖြတ်ကြ၏။ မိမိတင်ပြချက်သည်သာလျှင် 'အီလတ်သ်'ကို ပိတ်ဆို့ထားခြင်းမှ ဖယ်ရှားနိုင်သည်။ တစ်ခုတည်းတော့ ရတော့မယောင်ယောင် . . . .။

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဒေးဗစ်က ဘဝင်မကျ။ သို့ရာတွင် ခုခံကာကွယ်စစ်သည်သာလျှင် အီဂျစ်၏ တစ်နေ့တစ်ခြား လက်နက်အင်အား တိုးပွားများပြားသည့် ပြဿနာကို ဖြေရှင်းနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု ဆိုခဲ့ခြင်းသည်လည်း မသေချာမရေရာတော့။ ချက်နိုင်ငံက အီဂျစ်သို့ပေးခဲ့သော လက်နက်ခဲယမ်းမီးကျောက်ပမာဏကို အသုံးချ၍မရနိုင်လေအောင် အစ္စရေးနိုင်ငံကသာ လုံလောက်သောခဲယမ်းမီးကျောက်ရပါက အရှေ့အလယ်ပိုင်းဒေသ အခြေအနေသည် မူလရှိသည့်အတိုင်း 'ပိုနေမြဲ ကျားနေမြဲ' အခြေအနေသို့ ပြန်ရောက်ပေလိမ့်မည်။

'လက်နက်ခဲယမ်းမီးကျောက်ရမှ ဖြစ်မယ်လေ . . . . မရရင်တော့ ဘာလို့စစ်တိုက်တော့မလဲ . . . .'ဟု ဒေးဗစ်က ဆိုသည်။

ရှင်းပါသည်။ သည်အချိန်က စစ်ပွဲဝင်ရန် သင့်သည့်အချိန်မဟုတ် . . . . လက်နက်ခဲယမ်းမီးကျောက်ရရန်မှာ အဓိကရည်မှန်းချက်ဖြစ်၏။ အကြိမ်ကြိမ်လေ့လာဆွေးနွေးပြီးနောက် စစ်ဦးစီးမှူးများက လိုအပ်သော လက်နက်ခဲယမ်းမီးကျောက်အမျိုးအစားနှင့် အရေအတွက်အတိအကျကို အသေးစိတ်စာရင်းပြု၍ပေးသည်။ ဂျက်တိုက်လေယာဉ်များနှင့် တင့်ကားများလိုသည်။ ပြင်သစ်နှင့် အမေရိကန်လုပ်များကို ရနိုင်သည်။

ဆုံးဖြတ်ချက်ချပြီးသည်နှင့် လက်တွေ့အကောင်အထည်ဖော်၏။ ဆုံးဖြတ်ပြီးလျှင် ဒေးဗစ်က စိတ်မရှည်တော့ . . . .။ ဝါရှင်တန်ရှိ အမေရိကန်ပြည်ထောင်စု အစ္စရေးသံအမတ်ကြီး 'အဘာအီဗန်' ( **Abba Eban** )ထံ သံကြိုးစာများဖြင့် ညွှန်ကြားချက်များကို အမြန်ဆုံးပို့သည်။ အီဗန်က အမေရိကပြည်ထောင်စုအစိုးရသို့ တင်ပြရန်စာကို အသေးစိတ်ပြင်ဆင်ချိန်ဖြစ်၏။ ထိုစာတွင် အစ္စရေးနိုင်ငံက လိုအပ်သောလက်နက်ပစ္စည်းစာရင်းကို ပူးတွဲတင်ပေးလိုက်သည်။ သို့သော် ရနိုင်ဖို့ အခွင့်

အလမ်းက သိပ်မရှိ . . . .။

တစ်ချိန်တည်းမှာပင် လက်နက်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ရံပုံငွေအမြောက်အမြားရရန် အပူတပြင်းဆောင်ရွက်သည်။ ဒုတိယစစ်ဆင်ရေးသဘောဖြစ်၏။

တတိယစစ်ဆင်ရေးမှာ ပြင်သစ်သို့ချဉ်းကပ်ရန်တည်း။ နောင်ပေါ်ပေါက်လာသည့်အခြေအနေအရ ပြင်သစ်သို့ချဉ်းကပ်ခြင်းက အမှန်ဆုံးဖြစ်ခဲ့၏။ အစပထမတွင် 'မိုရှေဒါယန်း'က ဖြစ်မှဖြစ်ပါ့မလားဟု သံသယရှိ၏။ သို့သော် သည်ကိစ္စတွင် ဖြစ်ကိုဖြစ်ရမည်ဟု တယူသန်ယုံကြည်ခဲ့သော ဒေးဗစ်ဘင်ဂူရီယန်က အနိုင်လုခဲ့ပြန်သည်။ 'ပဲရီးစ်'က မြို့တော်သို့ ရောက်ခဲ့ပြန်သည်။ တစ်ကြိမ်တွင်လည်း ပါလီမန်ရွေးကောက်ပွဲတွင်ကျင်းပရန် နီးကပ်နေသည့်အချိန်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရပြန်သည်။

'ခင်ဗျားတို့ကို အကူအညီပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်'

ပြင်သစ်ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် 'ဂိုင်းမိုလက်' ( **Guy mollet** )က 'ပဲရီးစ်'နှင့် အတွေ့တွင် သို့ကလို ဆိုခဲ့သည်။

မကြာပါ။ လအနည်းငယ်အတွင်း 'ဂိုင်းမိုလက်'က ဝန်ကြီးချုပ်ဖြစ်လာသည်။ (၁၉၅၆)ခုနှစ် ဇန်နဝါရီလတွင်ဖြစ်၏။

ဧပြီလ (၁၂)ရက်နေ့။ 'ပဲရီးစ်'က 'မက်တစ်ဂနွန်'ဟိုတယ် ( **Hotel Matignon** )ခေါ် ပြင်သစ်ဝန်ကြီးချုပ်နေအိမ်သို့ ရောက်လာပြန်သည်။ သူနှင့်အတူ ဒေးဗစ်ဘင်ဂူရီယန်ထံမှ စာပါလာ၏။

အရှေ့အလယ်ပိုင်းဒေသတွင် အခြေအနေက ဆိုးရွားလာသည်။ ဒီဇင်ဘာလတွင် အီဂျစ်တို့က အစ္စရေးတို့ပိုင်နယ်မြေတွင်းသို့ ဝင်စီးလာသည်။ ဆီးရီးယားနိုင်ငံက နယ်စပ်တစ်လျှောက်ရှိ ဂျူးကျေးရွာများကို အမြောက်နှင့်ပစ်သည်။'တိုင်ဘာရီယတ်' ကန်တော်ကြီးအတွင်းမှ ဂျူးငါးဖမ်းလှေကလေးများကို ပစ်သည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အခြေအနေက တင်းမာသထက်တင်းမာလာ၏။ ကုလသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီးဘန်း ( **Gen-Burns** )က ဖျန်ဖြေသည်။ မရ . . . .။

ဂျူးတို့က တုန့်ပြန်ကလဲ့စားချေသည်။ ဂါဇာကမ်းမြောင်ဒေသကို ဗုံးကျဲသည်။ များစွာ ပျက်စီးဆုံးရှုံးစေခဲ့၏။ တောင်ဘက်နယ်စပ်တွင်လည်း အစ္စရေးက အမြောက်လက်နက်ကြီးများ ခြေလျင်တပ်များကိုအသုံးပြု၍ စစ်ခင်းလာသည်။

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ဖြစ်တော့မည်မှာ သေချာ၏။ ကုလသမဂ္ဂက စစ်မဖြစ်ရလေအောင် အမျိုးမျိုးအဖုံဖုံကြိုးစားသည်။ အကျိုးမထူး. . ။

ဧပြီလ (၁၁)ရက်နေ့။ ဒေးဗစ်ဘင်ဂူရီယန်က စစ်ဦးစီးအရာရှိများနှင့် တွေ့ဆုံဆွေးနွေးသည်။ တစ်ဖက်က တိုက်ခိုက်လာမည့်အန္တရာယ်ကို ရင်ဆိုင်ရန် အသင့်ရှိနေကြဖို့ ညွှန်ကြားချက်များထုတ်ပြန်သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင်၊ နယူးယောက်မှ ရောက်ရှိလာပြီး စစ်မဖြစ်ကြဖို့ ကြိုးစားသည်။

ထိုအခိုက် ဒေးဗစ်က 'ပဲရီးစ်'အား ပြင်သစ်နိုင်ငံအကူအညီကို အလျင်စလို လိုအပ်နေကြောင်း တင်ပြရန်စေလွှတ်သည်။ ဆိုခဲ့သည့်အတိုင်း ဧပြီလ (၁၂) ရက်နေ့တွင် 'ပဲရီးစ်' တစ်ယောက် ပဲရစ်မြို့သို့ရောက်ခဲ့ခြင်းတည်း။

ပြင်သစ်ဝန်ကြီးချုပ် 'ဂိုင်းမိုလက်'ကလည်း အစ္စရေးတို့ တင်ပြလာသော လိုအပ်သည့် လက်နက်စာရင်းအတိအကျကို 'ပဲရီးစ်'နှင့် ဆွေးနွေးညှိနှိုင်းသည်။ 'ဂိုင်းမိုလက်'က လွန်ခဲ့သောအကြိမ်တွေ့စဉ် ပြောခဲ့သည့်အတိုင်း ယခုအခါတွင်လည်း ထပ်တလဲလဲပြောသည်။

ခင်ဗျားတို့ကို ကျုပ်တို့ ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ် . . . . တဲ့။

ပြောသည့်အတိုင်းလည်း လက်တွေ့ဆောင်ရွက်သည်။ ပြင်သစ်မှ 'ဂိုင်းမိုလက်' ဦးဆောင်သော ဆိုရှယ်လစ်အစိုးရအဖွဲ့နှင့် အစ္စရေးနိုင်ငံမှ ဒေးဗစ်ဘင်ဂူရီယန်ခေါင်းဆောင်သော အစိုးရအဖွဲ့တို့ ချစ်ကြည်ရင်းနှီးမှုရှိခဲ့သော်လည်း စင်စစ် အယ်လ်ဂျီးရီးယား အရေးအခင်းကြောင့် နှစ်နိုင်ငံရင်းနှီးမှုကို ဖန်တီးပေးခဲ့သည်။

အယ်လ်ဂျီးရီးယားအရေးအခင်း ပြဿနာများကို ဖြေရှင်းရန်မှာ ပြင်သစ်ဆန့်ကျင်ရေး ပုန်ကန်မှုများကို အားပေးအားမြှောက်ပြုနေသည်ဟု ယုံကြည်နေရသော 'နတ်ဆာ'ကို 'ဆော်'ပါမှဖြစ်မည်ဟု မြင်နေသည်။ 'နတ်ဆာ' ကျဆုံးသွားပါက အယ်လ်ဂျီးရီးယားမှ ပုန်ကန်မှုလည်း အရေးနိမ့်သွားမည်ထင်၏။ သည်တော့ အစ္စရေးကို လက်နက်တပ်ဆင်ပေးခြင်းက 'နတ်ဆာ'ကို အလဲထိုးနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဟု ယူဆသည်။

မေလတွင် ပြင်သစ်က **Mystere**(၄) အမျိုးအစား လေယာဉ်ပျံ (၁၂)စင်းကို နှစ်သုတ်ခွဲ၍ အစ္စရေးနိုင်ငံသို့ပို့သည်။ တင့်ကားများလည်းပါသည်။ ဥရောပနိုင်ငံ နိုင်ငံတစ်ခုက အစ္စရေးအား လက်နက်တပ်ဆင်ပေးသည်ကိုမှ အမေရိကန်က

ပို၍သဘောကျသည်။ ဇွန်လနှင့်နောက်လများတွင် ထိပ်တန်းလျှို့ဝှက်သဘောတူစာချုပ်ဖြင့် လက်နက်ပစ္စည်း အမြောက်အများကို အစ္စရေးသို့ ပို့ပေး၏။ သည်ကိစ္စကို အမေရိကန်အစိုးရကိုလည်း အသိမပေး၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနကိုလည်း မသိစေခဲ့။ အရှေ့အလယ်ပိုင်းဒေသမှ ပြင်သစ်တို့၏ နောက်ဆုံးကျန်ရှိသော အကျိုးစီးပွားများကို အန္တရာယ်ဖြစ်စေမည်ကြောင့် အာရပ်တို့ကိုဆန့်ကျင်ပြီး အစ္စရေးအား မျက်နှာလိုမျက်နှာရ အကူအညီပေးခြင်းကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက မလိုလား။

သို့ကလို အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက အောင်မြင်မှုများရသလောက် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အကြိတ်အခဲများ ရက်တရက်ပေါ်လာသည်နှင့် ကြုံကြိုက်နေသည်။ "မိုရှေရှာရတ်"က ဒေးဗစ်ဘင်ဂူရီယန်နှင့် သဘောထားလုံးဝမတိုက်ဆိုင်သည်ကြောင့် ရာထူးမှနုတ်ထွက်သည်။ ပုဂ္ဂိုလ်ကြီးနှစ်ဦးကြား လွဲရှောင်မရနိုင်သော အကွဲအပြဲက နောက်ဆုံး ဗူးပေါ်သလိုပေါ်လာတော့၏။

ဒေးဗစ်နှင့်ရှာရတ်တို့မှာ တပူးတွဲတွဲ လက်တွဲလုပ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာခဲ့ပြီ။ သို့သော် (၁၉၅၃)ခုနှစ်တွင်း ဒေးဗစ်အနားယူသောအခါ သူတို့နှစ်ဦးကြား ဆက်ဆံရေးတွင် အဖုအထစ်ကလေးများပေါ်လာခဲ့သည်။ တစ်စတစ်စ ကြီးထွားလာသည်။

ဒေးဗစ်က မိမိ၏ ဝန်ကြီးချုပ်ရာထူးကို "အက်ရှ်ကိုးလ်"အား ဆက်ခံစေချင်သည်။ "ရှာရတ်"ကိုတော့ ဝန်ကြီးချုပ်ရာထူးကို မဆက်ခံစေချင်။ (၁၉၅၄)ခုနှစ် ဒေးဗစ်ဘင်ဂူရီယန် ပြန်လာမည်ဟူသော သတင်းထွက်လာသည်နှင့် "ရှာရတ်"က မှတ်ချက်ချသည်။

"ဒေးဗစ်တစ်ယောက် ဇေဒီဗိုကာမှပြန်လာရင် ကျုပ်အဖို့တော့ အစိုးရအဖွဲ့က နုတ်ထွက်ပြီး ဇနီးနဲ့အတူ ဘီးယားရှီဗာသို့သွားကာ ကလေးတွေကိုစာသင်ဖို့ပဲ ရှိတော့တယ်"တဲ့။

နည်းလမ်းရွေးခြယ်ရာတွင်ပဲဖြစ်ဖြစ်၊ နိုင်ငံရေးအမြင်တွင်ပဲဖြစ်ဖြစ်၊ မိမိနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သောကြောင့် ဒေးဗစ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မဖြစ်နိုင်တော့ဟု 'ရှာရတ်'က တွေးထင်မိ၏။

စင်စစ် 'ရှာရတ်'က ဒေးဗစ်အပေါ် ပုဂ္ဂိုလ်ရေးအရ ကြည်ညိုခဲ့သည်ကိုမူ တစ်ရွေးသားမျှမလျှော့ခဲ့ ကြည်ညိုမြဲကြည်ညိုလျက် ရင်ဖွင့်၍ကြိုမည့်သာကြိုရသည်။ စင်စစ်ဒေးဗစ် ပြန်လာရခြင်းကပင်လျှင် မိမိ၏နိုင်ငံရေးဘဝ နိဂုံးချုပ်ပြီဟူ၍မူ

သိနှင့်ပြီးသား . . . .။

ဒေးဗစ်ဘင်ဂူရီယန်က ကာကွယ်ရေးဝန်ကြီးဌာနကို တာဝန်ယူပြီး ရက်များ မကြာမီမှာပင် အာရပ်တို့က ကြိုကြားကြိုကြားတိုက်ခိုက်သည့် ကိစ္စရပ်များနှင့် ချမှတ်ရသည့် မူဝါဒအပေါ် နှစ်ဦးသား အကြီးအကျယ် သဘောကွဲလွဲကြသည်။ ဒေးဗစ်က ခါးကိုခါးချင်း၊ လှံကိုလှံချင်း တုန့်ပြန်ချင်သည့် 'ရှာရတ်'ကမူ ကိုယ့်ဘက်မှ အလျှော့ပေးလျှင် ပေးရပါစေ၊ သည်ကိစ္စရပ်များကို ကုလသမဂ္ဂမစ်ရှင်အဖွဲ့ကသာ ကိုင်တွယ်ဖြေရှင်းစေလိုသည်။ အလျှော့ပေးရသည်ဆိုခြင်းကို ဒေးဗစ်က လုံးလုံး လက်မခံနိုင် . . . .။

(၁၉၅၅)ခုနှစ်၊ ဧပြီလ ဒေးဗစ်နှင့် 'ရှာရတ်'တို့ အကွဲအပြဲကို လူတိုင်းသိလာ၏။ သို့သော် သူတို့နှစ်ဦးကြား သဘောကွဲလွဲမှုက 'ရှာရတ်'နှင့် 'လေဗွန်'တို့ကြား ဖြစ်ခဲ့သည့် ဆက်ဆံရေးအသွင်မျိုးမရှိ ၊ နှစ်ဦးစလုံးက ရိုးရိုးဖြောင့်ဖြောင့်သမား၊ သိက္ခာသမာဓိ ရှိသူများချည်း။ သို့ကြောင့်လည်း သူတို့နှစ်ဦးကြား နိုင်ငံရေးအမြင် ကွဲလွဲမှုများကို လူပုံလယ်တွင် အထုပ်ဖြေပြီး အပြန်အလှန်အရှက်ခွဲကြရသည့် အဖြစ်မျိုးသို့ မရောက်ခဲ့။ သို့သော် ဒေးဗစ်ကမူ 'ရှာရတ်'ကို 'တွယ်'ဖို့ ကြံလာသည့် အခွင့်အရေးကိုမူ လက်လွှတ်မခံ။

ထိုနှစ်နွေရာသီ မဲဆွယ်တရားများတွင် 'ရှာရတ်'က ဒေးဗစ်ဘင်ဂူရီယန်ကို ထောက်ခံသည်။ အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ပြန်ရရေးအတွက်လည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးသည်။ ရွေးကောက်ပွဲပြီးသည့်အခါ 'ရှာရတ်'ကရာထူးမှ နှုတ်ထွက်လိုသည်။ သို့ရာတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်ပြီးတာဝန်ယူရမည်ဟု ဒေးဗစ်က အကြပ်ကိုင်ပြန်သည်။

လက်ရှိနိုင်ငံရေး၊ စစ်ရေးအခြေအနေအရပ်ရပ်ကြောင့် ဒေးဗစ်က တင်းတင်းကြပ်ကြပ်မလုပ်လျှင် မဖြစ်ဟုဆိုသည်။ 'ရှာရတ်'ကမူ စစ်ရေးအရ ဖြေရှင်းသည်ကိုဆန့်ကျင်ပြီး၊ နိုင်ငံရေးအရဖြေရှင်းရန် တောင်းဆိုသူတစ်စုကို ခေါင်းဆောင်လျက်ရှိ၏။

ဒီဇင်ဘာလတွင် 'ရှာရတ်'နှင့် အပေါင်းပါတစ်စုက ဆိုင်းနိုင်းကျွန်းဆွယ်၌ အီဂျစ်တို့အား အစ္စရေးက စတင်ထိုးစစ်ဆင်ရန်အစီအစဉ်ကို ဆန့်ကျင်တိုက်ဖျက်ရာ၌ အောင်မြင်ကြ၏။

နောက်တစ်လကြာ 'ရှာရတ်'က ဝါရှင်တန်သို့သွား၍ အမေရိကန်မှ လက်နက်ပစ္စည်းများရရန် ဆွေးနွေးနေခိုက်ဖြစ်သည်။ ဒေးဗစ်၏အမိန့်ဖြင့်

'တိုက်ဘားရီယတ်'ကန်တော်ကြီးကို မိုးမြင်နေရသော ဆီးရီးယားတို့၏ ကင်တန်းများကို အစ္စရေးတို့က တိုက်ခိုက်ချေမှုန်းကြောင်း သတင်းကြားရသောအခါ အတော်တုန်လှုပ်သွားမိသည်။

အစ္စရေးနိုင်ငံသို့ ပြန်အရောက်တွင် သည်ကိစ္စကို 'ရှာရတ်'က ပြဿနာအဖြစ် ဖန်တီးဖော်ထုတ်သည်။ နောက်နောင် တုန့်ပြန်ကလဲ့စားချေရာတွင် နိုင်ငံခြားရေးဝန်ကြီးထံမှ ခွင့်ပြုချက်မရဘဲ ကာကွယ်ရေးဝန်ကြီးက မဆောင်ရွက်ရဟု ဝန်ကြီးအဖွဲ့ အစည်းအဝေးက ဆုံးဖြတ်လိုက်၏။

ဖေဖော်ဝါရီလနှင့် မတ်လတွင် 'ရှာရတ်'နှင့် ဒေးဗစ်တို့ ကတုံးကတိုက်ဖြစ်ကြပြန်၏။ သည်တစ်ကြိမ်တွင် အီဂျစ်တို့က 'ညဂျဒ်'အရပ်တွင် သဲကြီးမဲကြီးဖိတွယ်နေခြင်းနှင့် ပတ်သက်နေသည်။ ထိုအရပ်ဒေသတွင် နောက်ထပ် သမကျေးရွာများ မထူထောင်ဖို့ ကုလသမဂ္ဂက အစ္စရေးအား သတိပေး၏။ 'ရှာရတ်'က လိုက်နာရန် သဘောတူသည်။ ဒေးဗစ်က အစ္စရေးတို့၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ဓာစ်လက်မမှအလျှော့မပေးလို ကုလသမဂ္ဂကပြောသည်ကို ဆန့်ကျင်၏။ 'ရှာရတ်'၏ဩဇာလွှမ်းမိုးနေသည်ကြောင့် အစိုးရအဖွဲ့က သည်ကိစ္စတွင် ဒေးဗစ်ကို မထောက်ခံ . . . . ။

(၁၉၅၆)ခု၊ ဇွန်လ။ လွဲရှောင်လို့ မရသည့်အဖြစ်က ပေါ်ကိုပေါ်လာတော့သည်။ အာရပ်တို့နှင့် သူနိုင်ကိုယ်နိုင်အားပြိုင်လိုသည်မှာ ဒေးဗစ်၏ဝါဒဖြစ်သည်။ 'ရှာရတ်'ကမူ အာရပ်တို့နှင့် ထိပ်တိုက်တိုးရမည့်အဖြစ်ကို ဖြစ်သည့်နည်းနှင့် ရှောင်ချင်သည်။ တကယ့်ယတိပြတ် အဆုံးအဖြတ်ပေးရမည့် အချိန်ကျရောက်လာပြီဟု ဒေးဗစ်က တွက်မိသည်။

ဇွန်လ (၃)ရက် ညနေခင်းအချိန်၊ သတင်းပတ်အတန်ကြာမျှ တစ်ယောက်နှင့်တစ်ယောက် နှုတ်မဆက် စကားမပြောခဲ့ဘဲနေခဲ့သူ ဒေးဗစ်နှင့် 'ရှာရတ်'တို့နှစ်ဦး ဆုံမိကြသည်။ မိမိတို့အယူအဆသဘောထားကို ရင်ဖွင့်ကြသည်။ ပွင့်ပွင့်လင်းလင်း ဆိုကြသည်။

'ကျုပ်တော့ ခင်ဗျားနဲ့တွဲပြီး ဆက်အလုပ်လုပ်လို့ မဖြစ်တော့ဘူး။ ခင်ဗျားထွက်ရင်လဲထွက်၊ ကျုပ်ထွက်ရင်လဲ ထွက်မှဖြစ်တော့မယ်'ဟု ဒေးဗစ်က ပွင့်ပွင့်လင်းလင်း ဆိုသည်။

'ရှာရတ်'က ဝန်ကြီးအဖြစ်မှ နှုတ်ထွက်စာတင်သည်။ သို့သော် ရက်အတန်ကြာသည်ထိ တာဝန်ယူမြဲနေရန် ဒေးဗစ်ကပင် မေတ္တာရပ်ခံသည်။

ပြီးလျှင် ဒေးဗစ်က 'အလုပ်သမားပါတီ' ခေါင်းဆောင်များအား 'ရှာရက်' နေရာတွင် 'ဂိုလ်ဒါမေယာ'တို့ အစားထိုး တာဝန်ပေးချင်ကြောင်း ပြောပြသည်။ စင်စစ် မစ္စစ်ဂိုလ်ဒါမေယာ၏ အမြင်များက ဒေးဗစ်အမြင်နှင့် တစ်ထပ်တည်းရှိ၏။

ဇွန်လ (၁၈)ရက်နေ့ 'ရှာရက်'က နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ နှုတ်ထွက်ကြောင်းကို ဝန်ကြီးအဖွဲ့သို့ ကြေငြာသည်။ ထိုအခါ ဒေးဗစ်နှင့် 'အလုပ်သမားပါတီဝင်' ဝန်ကြီးများက စေ့စေ့ကြည့်နေကြသည်။ သို့ရာတွင် တစ်ခွန်းတစ်ပါဒမျှ မပြောကြ။ အချို့က 'ရှာရက်'အားချဉ်းကပ်၍ စိတ်ပြောင်းရန် မေတ္တာရပ်ခံကြသည်။ သို့သော် အကြောင်းမထူး။ အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များအား နှုတ်ဆက်ပြီး ခန်းမထဲမှ ထွက်ခွာသွား၏။

ဝန်ကြီးအဖွဲ့မှ 'ရှာရက်'နှုတ်ထွက်သွားသည်နှင့် အစိုးရအဖွဲ့ဝင်များက အကြိတ်အနယ် ဆွေးနွေးကြသည်။ 'ရှာရက်'တစ်ယောက် ဝန်ကြီးအဖြစ်မှ နှုတ်ထွက်သွားရစေသည်အထိ ဖြစ်ပျက်ခဲ့သည့်အကြောင်းမှန်ကိုမူ ဒေးဗစ်ရော 'ရှာရက်' မထုတ်ဖော်ခဲ့ . . . .။

သို့သော် အရေးကြီးမိန့်ခွန်းတွင် သည်ကိစ္စကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောသည်။

'မကြာမတင်မှာဘဲ ကာကွယ်ရေးကိစ္စတွေက အကျဉ်းအကြပ်နဲ့ ရင်ဆိုင်တွေ့နေရချိန် နိုင်ငံခြားရေးဝါဒလည်း အန္တရာယ်နဲ့ရင်ဆိုင်နေရချိန်၊ အဲဒီလို အချိန်မျိုးမှာ ကာကွယ်ရေးဝန်ကြီးနဲ့ နိုင်ငံခြားရေးဝန်ကြီးတို့က တစ်သဘောတည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးဟာ မရှိလျှင်မဖြစ်၊ မလုပ်လျှင်မဖြစ်တဲ့ အခြေအနေမျိုးပေါ်လာတယ်။ အကျိုးတူကိစ္စရပ်များ ကိုင်တွယ်ဆောင်ရွက်နေရတာကြောင့် ဒီဝန်ကြီးဌာနနှစ်ခုဟာ သင့်သင့်မြတ်မြတ်ဆက်ဆံရေးရှိဖို့ အထူးလိုအပ်တယ်။ သဘောထားကွဲပြားခြားနားတာက အကျိုးဖြစ်ထွန်းတယ်ဆိုတာမှန်ပေမယ့် ဝန်ကြီးနှစ်ဦးကြားမှာ အနီးစပ်ဆုံးဝါဒရေးအမြင် ရင်းရင်းနှီးနှီး သဘောပေါက်နားလည်မှုကလည်း လိုအပ်တယ်။ အဲဒါတွေကြောင့် 'ရှာရက်'ရာထူးက နှုတ်ထွက်ဖို့ အကြောင်းဖန်လာရတယ်'

ဒေးဗစ်က 'ရှာရက်'ထံပေးစာတွင် သူ့အသံက ပို၍မာကြောသည်။ ထိုးနှက်သကဲ့သို့ပင်ရှိ၏။ သူ့အပေါ် မကျေနပ်၍ မလိုတမာ စိတ်ထားပင်ထားထား ရက်ရက်စက်စက်ပြန် 'ပက်'တတ်သည်မှာ ဒေးဗစ်၏ဝသီပင်ဖြစ်၏။

'ခင်ဗျားတို့က ထိခိုက်နစ်နာစေမလားလို့ ကျုပ် စိုးရိမ်မိပါတယ် . . . .

ဒါပေမယ့် ကျုပ်စိတ်ထဲက ခင်ဗျားကို မထိခိုက်၊ မနစ်နာစေချင်တာအမှန်ဘဲ။ ဘုရားသခင်ကိုပဲ သက်သေထူရမှာပါ။ ဒါပေမယ့် ဒီကိစ္စမှာ ကျုပ်သဘောထားကို ပြောပြဖို့တော့လိုမယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့် ခင်ဗျားကို နိုင်ငံခြားရေးဝန်ကြီးရာထူးအဖြစ် ဆက်လက်ထားရှိလို့ နိုင်ငံအတွက် အကျိုးမရှိဘူးလို့ ကျွန်တော်ဆုံးဖြတ်ခဲ့ရပါတယ်။

သည်လိုအရှက်တကွဲ လုပ်ခံရသည်ကို 'ရှာရတ်'က တစ်သက်မမေ့နိုင်ခဲ့။ ရာထူးမှနုတ်ထွက်သွားသည်ကြောင့် ပြည်သူလူထုအတွင်း သို့လော သို့လောထင်စရာများဖြစ်ခဲ့၏။ ဂယက်ထန်ခဲ့၏။ အတိုက်အခံပါတီနှင့် အခြားနိုင်ငံရေးပါတီများက 'အာဏာရှင်ဘင်ဂူရီယန်'ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ တစ်ချိန်လုံး ဒေးဗစ်ဦးဆောင်မှုကို မမိုတ်မသုန်ခံယူခဲ့ကြသော 'အလုပ်သမားပါတီ'ဝင်များကပင်လျှင် သံသယရှိလာသည်ကို ပထမဦးဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြောဆိုသည်ထိပင် ဖြစ်ခဲ့၏။

ဒေးဗစ်ဘင်ဂူရီယန်က ဘာမျှမပြော ပြန်မချေပ။ 'ရှာရတ်'တစ်ယောက် မရှိတော့သည်ကြောင့် အချိန်ကြာမြင့်စွာကပင် မိမိမျှော်မှန်းထားသည့်အတိုင်း အီဂျစ်အား ထိုးစစ်ဆင်ရန် လမ်းဖွင့်ပြီမဟုတ်ပါလား။

အကယ်၍ 'ရှာရတ်'သာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်ရှိနေပါက 'စူးအက်အရေးအခင်းစစ်ပွဲ'ဟူ၍ သမိုင်းတွင် ပေါ်လာလိမ့်မည်မဟုတ်။ သို့သော် ယခုမူ အနှောင့်အယှက် အတားအဆီးမရှိတော့ပြီ။ ပြင်သစ်တို့ကလည်း လက်နက်ခဲယမ်းမီးကျောက် အမြောက်အများပေးသည်။ အစ္စရေးတပ်မတော်ကလည်း စစ်ပွဲဝင်ရန်အသင့်။ အီဂျစ်က စစ်စတင်တိုက်ခိုက်မည့် အန္တရာယ်ကလည်း ကြီးသထက်ကြီးလာ၏။

ဗြိတိသျှဝန်ကြီးချုပ် 'အီဒင်'က အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့သို့သွားပြီးနောက် အာရပ်တို့အား ကျေနပ်နှစ်သိမ့်စေရန် အစ္စရေးအား အပြည်ပြည်က အကြပ်ကိုင်နိုင်စရာ အကြောင်းများရှိ၏။ အစ္စရေးက လက်ဦးမှုရယူ တိုက်ခိုက်မှုဖြစ်မည်ဟု သဘောရကြ၏။ သို့သော် အစ္စရေးနိုင်ငံကို ဝိုင်းမပယ်ပါဟူ၍ဘဲဖြစ်ဖြစ်၊ ရုရှား၊ ဥရောပ၊ အမေရိကန်စစ်တပ်များက ဝင်မစွက်ပါဟူသော ကတိပဲဖြစ်ဖြစ် ရနိုင်စရာ အာမခံချက်မရှိ။

သို့သော် 'ရှာရတ်'ရာထူးမှနုတ်ထွက်ပြီး တစ်လအကြာတွင် ဒေးဗစ်လိုချင်သော အကြောင်းပြချက်က ပေါ်လာသည်။

(၁၉၅၆)ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့က အီဂျစ်သမ္မတ နတ်ဆာက စူးအက်တူးမြောင်းအား ပြည်သူသိမ်းလိုက်ကြောင်းကို ကမ္ဘာကို ကြေငြာသော အခါတွင် ဖြစ်၏။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## သူတို့တစ်တွေနဲ့ မောင်တိုင်ပင်

ဒေးဗစ်ကမူ လွတ်လပ်ရေးစစ်ပွဲပြီးသည့်အချိန်မှစ၍ အာရပ်စစ်တပ်များကို စုစည်းကာ အစ္စရေးနိုင်ငံအား ဘာသာရေးစစ်ပွဲအသွင်ဖြင့် ထိုးစစ်ဆင်လာမည်ကို သူအကြောက်ဆုံး . . . .။ ယခု ဒေးဗစ်ကြောက်ရမည့်သူမှာ အာရပ်ကမ္ဘာ၏ တက်သစ်စခေါင်းဆောင် 'နတ်ဆာ' . . . .။

အီဂျစ်တပ်မတော် အရာရှိငယ်တစ်ဦးအဝမှစ၍ အပေါင်းအသင်း အရာရှိတစ်စုနှင့်အတူ 'လွတ်လပ်သောအရာရှိများ' ဟူသောအမည်ဖြင့် လျှို့ဝှက် အဖွဲ့အစည်းကလေးဖွဲ့ကာ 'ဖာရောက်ဘုရင်' ဆန့်ကျင်ရေး၊ ဗြိတိသျှဆန့်ကျင်ရေးတို့ကို ကြိတ်ကြံခဲ့သည်။ (၁၉၅၂)ခုနှစ်တွင် 'နတ်ဆာပါဝင်သော စစ်တပ်အုပ်စု'က 'ဖာရောက်' ဘုရင်ကို နန်းချခဲ့သည်။ (၂)နှစ်ကြာ အချင်းချင်းအာဏာလုပွဲတွင် 'နတ်ဆာ'က ဗိုလ်ချုပ်ကြီးနဂျစ် ( **Neguib** )ကို ဖြုတ်ချကာ နေရာယူလိုက်သည်။ သို့ဖြင့် အသက် (၃၆)နှစ်အရွယ်တွင် ဗိုလ်မှူးကြီး 'နတ်ဆာ'သည် အီဂျစ်တိုင်းရင်းသား (၂၂)သန်း၏ ခေါင်းဆောင်ဖြစ်လာတော့သည်။

(၁၉၅၄)ခုနှစ်၊ ဇူလိုင် 'နတ်ဆာ'က စူးအက်တူးမြောင်းဒေသမှ ဗြိတိသျှတို့အား ထွက်ခွာစေခဲ့သည်။

သို့သော် အမေရိကန်ပြည်ထောင်စုက ဒေါ်လာ (၂၇)သန်းဖိုး လက်နက်

ပစ္စည်းများကို ရောင်းရန်ငြင်းပယ်ခဲ့ပြန်၊ တဖန် 'အစွမ်ရေကာတာ' ဆောက်လုပ်ရေးကို ငွေကြေးထောက်ပံ့ရန်လည်း ငြင်းဆိုခဲ့ပြန်သည်ကြောင့် နတ်ဆာက ဒေါသူပုန်ထကာ စူးအက်တူးမြောင်းကို ပြည်သူပိုင်သိမ်းသည်။

'နတ်ဆာ'က စူးအက်တူးမြောင်းကို သိမ်းလိုက်ပြီဆိုသောသတင်းက ကမ္ဘာအနှံ့ တောမီးလောင်သလို ပျံ့နှံ့သွားတော့သည်။

ပြင်သစ်နှင့်ဗြိတိသျှတို့က နှစ်နိုင်ငံပူးပေါင်း၍ သူတို့အဆိုအရ 'အလုပ်သင်အာဏာရှင်'ရဲ့ စော်စော်ကားကားပြုမှုကို ပြန်တွယ်ရန် ဆုံးဖြတ်ကြသည်။ တကယ်ထိခိုက်နစ်နာသူက ဗြိတိသျှ။ စင်စစ် စူးအက်တူးမြောင်းသည် အရှေ့ဖျားနှင့် ဓနသဟာယနိုင်ငံများသို့ ကူးသန်းသွားရာ ဖြတ်လမ်းဖြစ်သည်။ သို့ကြောင့် လက်လွှတ်ဆုံးရှုံးမခံလိုကြ။

သည်ပွဲတွင် ပြင်သစ်ကဝင်လာခြင်းမှာလည်း သူ့အကြောင်းနှင့်သူ ရှိလာ၏။ မိမိ၏ ကိုလိုနီဖြစ်သော အယ်လ်ဂျီးရီးယားမှ အမျိုးသားလွတ်မြောက်ရေးအဖွဲ့နှင့် နတ်ဆာမှာ မဟာမိတ်ဖြစ်သည်ဆိုသောအချက် . . . .။

ပြင်သစ်ရော အင်္ဂလိပ်တို့ကပါ အီဂျစ်နှင့်နတ်ဆာကို ဦးကျိုးစေရေးအတွက် စစ်ပြင်ဆင်မှုများကို လုပ်လာသည်။ ထိုအခိုက် ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရန် အမေရိကန်တို့က တိုက်တွန်းလာသည်။ ဗြိတိသျှဝန်ကြီးချုပ် 'အန်ထော်နီအီဒင်'က နိုင်ငံပေါင်းစုံညီလာခံကျင်းပ၍ ဖြေရှင်းရန်အဆိုပြုသည်။ အဆိုပါညီလာခံမှ စူးအက်တူးမြောင်းအား နိုင်ငံတစ်ကာ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင်ထားရှိရန် သဘောတူဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

သို့သော် သည်ပြဿနာအား ငြိမ်းချမ်းစွာဖြေရှင်းရေးမှာ လုံးဝအကောင်အထည်ပေါ်မလာ။ ဗြိတိသျှရော ပြင်သစ်ပါ စိတ်မရှည်တော့။ သို့ရာတွင် ဗြိတိသျှအစိုးရက အမေရိကန်တို့၏ အကြပ်ကိုင်တိုက်တွန်းနေသည်ကို သည်းခံဆောင်ရွက်နေဆဲ။ ကြာတော့ ဗြိတိသျှအစိုးရကိုယ်တိုင်က စစ်ရေးဖြင့်ဖြေရှင်းရန် တောင်းဆိုလာ၏။

စူးအက်တူးမြောင်းအား ပြည်သူပိုင်သိမ်းသည်ဆိုကတည်းက ရှီမွန်ပဲရီးစ်သည် ပြင်သစ်မှ လက်နက်ဝယ်ယူရေးအတွက် ဆွေးနွေးရန် ပဲရစ်သို့ ရောက်နေသည်။ ဒေးဗစ်ဘင်ဂူရီယွန်ထံမှ သံကြိုးဖြင့် ညွှန်ကြားချက်များ ထပ်မံရရှိသောအခါ အခြေအနေမှာ လိပ်ခဲတည်းလည်းဖြစ်နေဆဲ . . . .။

'ရှီမွန်ပဲရီးစ်'က ပြင်သစ်အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် တစ်ကြိမ်

တစ်ခါမျှ စစ်ရေးဖြင့်ဖြေရှင်းရန်အကြောင်းကို တစ်ခွန်းတစ်ပါဒမှ မဟာခဲ့ကြ။ မဆွေးနွေးခဲ့ကြ။

သို့သော် တစ်နေ့ 'ရှီမွန်ပဲရီးစ်'အား လူလွှတ်ခေါ်ယူပြီး မြေပုံများပတ်ပတ်လည်ချိတ်ဆွဲထားသော အခန်းတွင်းသို့ သွင်းလိုက်သည်။ အခန်းတွင်း၌ သူတွေ့ရသူများက ပြင်သစ် ကြည်း၊ ရေ၊ လေတပ်မတော်များမှ ထိပ်တန်းအရာရှိကြီးများ . . .။

သည်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဆိုင်းမပါ ဗုံမဆင့်တော့ဘဲ ပြော၏။

'ကျုပ်တို့ စူးအက်တူးမြောင်းကိစ္စ ဆွေးနွေးတိုင်ပင်နေကြတာဗျ။ အစ္စရေးစစ်တပ်က ဆိုင်းနိုင်းသဲကန္တာရကိုဖြတ်ပြီး တူးမြောင်းရောက်တဲ့ထိ ဘယ်လောက်ကြာ ချီတက်ရင်ရမလဲလို့ ခင်ဗျားထင်သလဲ။ ဒီကိစ္စကို ကျုပ်တို့လူတွေ အပြန်ပြန်အလှန်လှန် စဉ်းစားနေတာ သတင်း (၆)ပတ်တောင် ရှိပြီ'တဲ့။

'ကျုပ်တို့အဖို့ ဆိုင်းနိုင်းသဲကန္တာရကိုဖြတ်ပြီး တူးမြောင်းရောက်ဖို့ တစ်ပတ်ပဲကြာမယ်'

'ရှီမွန်ပဲရီးစ်'ကလည်း မဆိုင်းမတွဖြေသည်။

'ကဲ . . . ကျုပ်တို့က အီဂျစ်ကို စစ်တိုက်မယ်ဆိုရင် အစ္စရေးကရော ကျုပ်တို့နဲ့အတူ အီဂျစ်ကိုတိုက်နိုင်ပံ့မလား' ပြင်သစ်အရာရှိကြီးတစ်ဦးက မေးသည်။

'ဟုတ်ကဲ့'

'ရှီမွန်ပဲရီးစ်' အဖြေက တိုတိုတုတ်တုတ် သဘောတူကြောင်း ပြောလိုက်သည်။

အီဂျစ်နှင့် နတ်ဆာအား ပူးပေါင်းစစ်ဆင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲမှာ သည်မျှသာ ပြောဆိုခဲ့ကြသည်။ ဩဂုတ်လကုန်တွင် ဗြိတိသျှတို့က တုန့်ဆိုင်းဆိုင်းဖြစ်နေကြောင်း ထင်ရှားလာသည်ကြောင့် ပြင်သစ်တို့က အစ္စရေးဘက်သို့ လှည့်ခဲ့ခြင်းဖြစ်၏။ သည်တွင် အီဂျစ်အား စစ်ဆင်ရေးကို အီဂျစ်နိုင်ငံတွင် မိုးကာလမကျမီ နိုဝင်ဘာလ၊ ပထမ (၁၄)ရက်မြောက်နေ့ကို အကြမ်းဖျင်းသတ်မှတ်လိုက်ကြသည်။

စက်တင်ဘာလတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အစ္စရေးနိုင်ငံသည် ပြင်သစ်၊ အင်္ဂလိပ်တို့နှင့် လက်တွဲ၍ အီဂျစ်နိုင်ငံအား စစ်တိုက်နိုင်ပါမည်လားဟု စိတ်မချသလိုလို မေးပြန်၏။

ယခုအချိန်တွင်မူ 'ရှီမွန်ပဲရီးစ်'က သည်ကိစ္စကို ဒေးဗစ်ဘင်ဂူရီယန်ကို တင်ပြရပါလိမ့်မည်ဟု အဖြေပေးခဲ့ပြန်သည်။

'ရှီမွန်ပဲရီးစ်'က အမြန်သံကြိုးဖြင့် အကြောင်းကြားသည်။ ရက်အတန်ကြာသည်ထိ ဒေးဗစ်ဆီမှ အဖြေမရခဲ့။ နောက်တစ်ကြိမ် သံကြိုးပို့ပြန်သည်။ အကြောင်းမထူး . . . .။

ဒေးဗစ်ဘင်ဂူရီယန်က ဆိတ်ဆိတ်နေ နှုတ်ပိတ်ခြင်းကပင်လျှင် မိမိ၏လက်ထောက်အရာရှိက သူ့သဘောဖြင့်ဆောင်ရွက်နေခြင်းကို သဘောမတူကြောင်းထင်ရှား၏။ သို့သော် သဘောမတူကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းထုတ်မပြော၊ မိုရှေဒါယန်းနှင့် ရှီမွန်ပဲရီးစ်တို့က ပြင်သစ်အာဏာပိုင်များနှင့် ဆွေးနွေးခဲ့သည်များကိုပြန်လည်အစီရင်ခံသောအခါတွင်လည်း နားထောင်လျက်သာရှိ၏။ ရံဖန်ရံခါမေးခွန်း တစ်ခုစ နှစ်ခုစ မေးသည်သာရှိ၏။ သည်အပြုအမူက ဒေးဗစ်တစ်ယောက်စစ်ကို ရှောင်နိုင်သေးသည်ဟု မျှော်လင့်ချက်ထားကြောင်း သိသာထင်ရှား၏။ သို့ကြောင့်လည်း အချိန်ယူစောင့်နေ၏။

သို့ရာတွင် စက်တင်ဘာလအလယ်သို့ ရောက်လာသောအခါ အချိန်ယူစောင့်နေရန် အခြေအနေမပေးတော့။ သည်ပြဿနာကို ပြင်သစ်တို့က ပြန်ဖော်ပြန်သည်။

'စစ်ဆင်ရေးအတွက် ဗြိတိသျှတို့နဲ့ကျုပ်တို့ ညှိနှိုင်းသတ်မှတ်ထားတဲ့ရက်က ခင်ဗျားအတွက် အဆင်မပြေဖြစ်နေတယ်လို့ ထင်ပါတယ်။ ခင်ဗျားရဲ့ ထင်မြင်ချက်ကိုအတိအကျပြောပါ'

'ရှီမွန်ပဲရီးစ်'ကနောက်တစ်ကြိမ် သံကြိုးရိုက်လိုက်ပြန်၏။ သည်တစ်ကြိမ်တွင် အဖြေကိုချက်ခြင်းပြန်ရခဲ့သည်။

သူတို့ သတ်မှတ်ထားတဲ့ရက်က တို့တစ်တွေအတွက်ပါ အဆင်ပြေတယ်လို့ သူတို့ကိုပြောလိုက် . . . . တဲ့။

သည်တစ်ခါတွင် ဒေးဗစ်ဘင်ဂူရီယန်က နိုင်ငံ၏ကံကြမ္မာကို ပြင်သစ်တို့နှင့်အတူ ခံစားရန်စိတ်ဆုံးဖြတ်လိုက်ဟန်ရှိ၏။

အစ္စရေးနိုင်ငံ နယ်စပ်တစ်လျှောက် ဖြစ်ပေါ်နေသော မျက်မှောက်အရေးအခင်းများကြောင့် ဒေးဗစ်ဘင်ဂူရီယန် သို့ကလို အဆုံးအဖြတ်ပေးလိုက်ရဟန်ရှိ၏။ နယ်စပ်တစ်လျှောက်တွင် အာရပ်တို့ကို အစ္စရေးနိုင်ငံ၏ လက်စားချေ တုန့်ပြန်မှုများကြောင့် တစ်ဖက်နှင့်တစ်ဖက် ရန်စောင်နေကြသည်။ အာရပ်တို့က ဂျူးတို့အားသတ်ဖြတ်ခြင်းကပင်လျှင် သည်နှစ်နိုင်ငံပဋိပက္ခကို ပေါ်စေသည်လား . . . . သို့မဟုတ် အစ္စရေးတို့၏ လက်စားချေတုန့်ပြန်ခြင်းကပင်လျှင် အာရပ်တို့၏

အကြမ်းဖက်မှုများကို ဖြစ်စေသည်လား . . . .  တိတိပပ ပြော၍မရနိုင်တော့။

သည်သို့ဆိုလျှင် ကျယ်ကျယ်ပြန့်ပြန့် တုန့်ပြန်ဖို့ အချိန်တန်လေပြီ . . . .

ဗိုလ်ချုပ်ကြီး 'မိုရှေဒါယန်း'က သည်သို့လျှင် မှတ်တမ်းတင်ခဲ့သည်။

'ကျုပ်ရဲ့အယူအဆကို တင်ပြခဲ့ပါသည် . . . .  စစ်မတိုက်၊ ငြိမ်းချမ်းရေးလည်းမရသော အခြေအနေကို ဆက်လက်သည်းမခံနိုင်တော့။ ကျုပ်တို့ရဲ့ အိမ်နီးချင်းနိုင်ငံများအား ယခုလိုအကြမ်းဖက်လုပ်ရပ်များအား ရပ်တန်းကရပ် သို့မဟုတ်လျှင် ကျုပ်တို့ အတိအလင်းစစ်တိုက် . . . .၊ သည်နှစ်လမ်းတွင် တစ်လမ်းလမ်းကို ရွေးမှဖြစ်တော့မည်။ သည်ကိစ္စအတွက် ကျုပ်တို့လုပ်နိုင်တဲ့ နည်းလမ်းနှစ်ခုရှိသည်။ နေ့ခင်းကြောင်တောင်တွင်ပဲ သံချပ်ကာကား၊ လေယာဉ်များကို အသုံးပြုပြီး လက်စားချေတုန့်ပြန်လေမည်လား . . . .၊ သို့တည်းမဟုတ် . . . . နယ်စပ်ကိုဖြတ်ကျော်၍ ရန်သူနယ်မြေအတွင်း အချက်အခြာနေရာများကို သိမ်းပိုက်လေမည်လား . . . .။ ရည်မှန်းချက်မှာ 'ဂါဇာ' ကမ်းမြောင်ဒေသဖြစ်ရပေမည်။ သည်ဒေသတွင် ပြောက်ကျား ( **Fedayin** )များ၏ ဌာနချုပ်စခန်းတည်ရှိ၏။ ယခုအခိုက်အတန့်တွင် အီဂျစ်နိုင်ငံသည် မည်သည့် ဥရောပနိုင်ငံနှင့်မှ ကာကွယ်ရေး စာချုပ် မချုပ်ဆိုရသေး . . . .။ သည်အချိန်တွင် 'ဂါဇာ'အရပ်မှ နယ်စပ် အချက်အခြာနေရာများကို သိမ်းပိုက်နိုင်ပေမည်။

'အီလတ်သ်'ကို ပိတ်ဆို့ခြင်း၊ စူးအက်တူးမြောင်းအရေးအခင်း 'ချက်-အီဂျစ်' လက်နက်ဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ အစ္စရေး၏ လက်စားချေတုန့်ပြန်သည့် စစ်ဆင်ရေးနည်းဗျူဟာ အရေးနိမ့်ခြင်းနှင့် အရှေ့အလယ်ပိုင်းဒေသတွင် အခြေအနေအရပ်ရပ် ဆိုးရွားလာခြင်းတို့က စစ်ဖြစ်ရန် ဖန်တီးလာဟန်ရှိ၏။

သို့ကြောင့်လည်း၊ စက်တင်ဘာလကုန်တွင် ဒေးဗစ်က နှုတ်ပိတ်မနေနိုင်တော့ဘဲ 'ရှိမွန်ပဲရီးစ်'ဆီသို့ သံကြိုးစာဖြင့် အကြောင်းပြန်ခဲ့သည်။

ဒေးဗစ်ဘင်ဂူရီယန်၏ အကြောင်းပြန်စာကို 'ရှိမွန်ပဲရီးစ်'က ပြင်သစ်ကာကွယ်ရေးဝန်ကြီးသို့ ထုတ်ပြသောအခါ ပြင်သစ်အာဏာပိုင်များက ပြင်သစ်အစ္စရေးပူးပေါင်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် ပုံစံအမျိုးမျိုးကို ချပြသည်။ 'ရှိမွန်ပဲရီးစ်'၏ ပြန်ကြားချက်တွင် အီဂျစ်တို့အား ရင်ဆိုင်ရန်၊ အစ္စရေးတပ်အား လက်နက်ခဲယမ်းမီးကျောက် အမြောက်အများ ထောက်ပံ့ပေးရန် တောင်းဆိုထားသည်။

ပြင်သစ်နှင့် အစ္စရေးဝန်ကြီးများ စစ်ဘက်အရာရှိကြီးများ ဆွေးနွေးညှိနှိုင်းပွဲကျင်းပရန် စက်တင်ဘာလ (၂၉) ရက်နေ့ကို သတ်မှတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဗြိတိသျှတို့အား အသိပေးလိုက်သည်။

စက်တင်ဘာလ (၂၅) ရက်နေ့ 'ရှီမွန်ပဲရီးစ်' အစ္စရေးသို့ ပြန်လာသည်။ လေဆိပ်တွင် ဗိုလ်ချုပ်ကြီး 'မိုရှေဒါယန်း'က ခရီးဦးကြိုပြုသည်။ ပြီးလျှင် နှစ်ဦးသား လေယာဉ်ကွင်းငယ်ကလေးဆီသို့ အတူသွားကြသည်။ မကြာပါ။ လေယာဉ်ငယ်ကလေးတစ်စင်း လေယာဉ်ကွင်းသို့ ဆင်းလာသည်။ ဒေးဗစ်ဘင်ဂူရီယန် ဆင်းလာသည်။ တဖန် သုံးဦးသား ဂျေရုစလင်မြို့သို့ ကားဖြင့်ခရီးဆက်ကြသည်။ ထိုအကြောင်း၊ သည်အကြောင်းကို ဆွေးနွေးရင်းက 'ဒေးဗစ်'က ရှီမွန်ပဲရီးစ်သို့ လှည့်ပြောသည်။

'ဟေး . . . . ပြင်သစ်က နောက်ဆုံး သတင်းပြောစမ်း'

'ရှီမွန်ပဲရီးစ်'ကလည်း ကြားကြားသမျှ အဖြစ်အပျက်များကို မချွင်းမချန် ပြန်လည်တင်ပြသည်။ အင်္ဂလိပ်တို့နှင့် ဒုတိယအကြိမ် ဆွေးနွေးပြီး၊ အင်္ဂလိပ်တို့က မရေမရာ ရှိနေသေးသည်ကြောင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အကြီးအကျယ် စိတ်ပျက်ခဲ့ပုံ . . .။ 'အန်ထော်နီအီဒင်'က စစ်ဆင်ရေးကို ပါဝင်ဆောင်ရွက်လိမ့်မည်ဟူသော အချက်အပေါ် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက သံသယရှိပုံ . . . .၊ ပြီး . . . ပြင်သစ်တို့က မိမိတို့တစ်ဦးတည်းပင်ဖြစ်ဖြစ်၊ အီဂျစ်ကို စစ်ဆင်ရန်အတွက် ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနတွင် ဆန္ဒပြင်းပြနေပုံ၊ ဗြိတိသျှက မရေမရာဖြစ်နေရာမှ အချိန်တန်လျှင် စစ်ထဲဝင်လာစရာရှိသည်ဟု မျှော်လင့်ရပုံ စသည်ဖြင့် . . .။

ဒေးဗစ်က 'ရှီမွန်ပဲရီးစ်'အစီရင်ခံသည်ကို ငြိမ်ငြိမ်သက်သက် နားထောင်လျက်ရှိပါသည်။

စက်တင်ဘာလ (၂၈) ရက်နေ့ . . . .။ အစ္စရေးနိုင်ငံကိုယ်စားလှယ်(၄) ဦးက ပြင်သစ်လေတပ်မှ ဖုံးကြလေယာဉ်ပျံဖြင့် ပြင်သစ်နိုင်ငံသို့ ထွက်ခွာသွားသည်။ ဗိုလ်ချုပ်ကြီး 'မိုရှေဒါယန်း'၊ 'ရှီမွန်ပဲရီးစ်'၊ မစ္စဂိုလ်ဒါမေယာနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး 'မိုရှေကဲမဲယ်'တို့ဖြစ်သည်။ ခရီးရောက်မဆိုက်ပင် ပြင်သစ်အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ပြင်သစ်နိုင်ငံက အစ္စရေးနိုင်ငံအား စစ်လက်နက် ထောက်ပံ့ရန်ကိစ္စကိုသာ ဆွေးနွေးကြသည်။ နိုင်ငံရေးရာကိစ္စများ အီဂျစ်အား ထိုးစစ်ဆင်ရန်ကိစ္စများကို လုံးဝမပြောကြ။ အောက်တိုဘာလ (၁) ရက်နေ့တွင် ကိုယ်စားလှယ်များ အစ္စရေးနိုင်ငံသို့ ပြန်လာကြသည်။

နောက်တစ်နေ့တွင် ဗိုလ်ချုပ်ကြီး 'မိုရှေဒါယန်း'က စစ်ဦးစီးအရာရှိများကို ဆင့်ခေါ်၍ အီဂျစ်သို့ ထိုးစစ်ဆင်မည့် အစီအစဉ်ကို ထုတ်ဖော်ပြောသည်။ ဆိုင်းနိုင်း ကျွန်းဆွယ်တစ်ခုလုံးကို သိမ်းရန်နှင့် အီဂျစ်တို့အား 'အီလတ်သ်'သို့ ဝင်ရာလမ်းများရှိ အချက်အခြာနေရာများမှ ဖယ်ရှားပေးရန်တို့ကို ပြင်ဆင်ရန်အတွက် တပ်မှူးများကို ညွှန်ကြားသည်။ ထိုးစစ်စတင်ရန် အောက်တိုဘာလ (၂၀)ရက်နေ့ကို သတ်မှတ်သည်။

ထိုတစ်ချိန်လုံး ဒေးဗစ်ဘင်ဂူရီယန်က တစ်လုံးတစ်ပါဒမျှမဟ . . . ။ သူ့အနီးကပ်ပေါင်းသင်းနေသူ မိတ်ဆွေရင်းချာများကိုပင် ထုတ်မပြော။ သူ့အလုပ်သက်တမ်းတစ်လျှောက်တွင် သည်တစ်ခါလောက် အဆက်အသွယ်ပြတ်သည်အထိ မနေဘူးခဲ့။ ပေးစာများကို မှန်မှန်ဖတ်သည်။ အစီရင်ခံလာသည်ကို သေသေချာချာ ဂရုစိုက်နားထောင်သည်။ ရုံဖန်ရံခါ မေးခွန်းထုတ်သည်။ ပြီးလျှင် တဖန် သူ့အတွေးနှင့်သူ အလုပ်ရှုပ်နေတတ်ပြန်သည်။ တတ်နိုင်လျှင် အရှေ့အလယ်ပိုင်းဒေသ၌ အချင်းများမှုကို ရှောင်ချင်သည်။ ကမ္ဘာ့အမြင်က မည်သို့ဖြစ်လာမည်ကိုလည်း ကောင်းကောင်းရိပ်စားမိသည်။ သို့သော် အကယ်၍ အချင်းဖြစ်ခဲ့သော် ဗြိတိသျှတို့၏ သဘောထားက မည်သို့ရှိမည်ဟု တွေးတောပူပန်နေရခြင်းက သူ့စိတ်ကို အစဉ်လွှမ်းနေသည်။

ထိုအခိုက် ပဲရစ်သတင်းတစ်ရပ် ရောက်လာသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက လန်ဒန်တွင် ဗြိတိသျှအာဏာပိုင်များနှင့် ဆွေးနွေးသည်။ ကာကွယ်ရေးဝန်ကြီးဖြစ်လာမည့် 'ဆာအန်ထော်နီဟတ်က' ဒေးဗစ်ထံသို့ သံကြိုးစာတစ်စောင် ပို့လိုက်သည်။

'ဗြိတိသျှက စူးအက်တူးမြောင်းဒေသကို ထိုးစစ်ဆင်တဲ့ တစ်ချိန်တည်းမှာပဲ အစ္စရေးကလည်း စတင်တိုက်ရန် အသင့်မြတ်ဆုံး အချိန်ပါပဲ။ ဗြိတိသျှအစိုးရက အစ္စရေးတို့ရဲ့ ကျူးကျော်စိတ်ကို လူသိရှင်ကြား ရှုတ်ချမယ်။ ဒါပေမယ့် စစ်ပွဲအပြီး ကျင်းပပေမယ့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာတော့ အစ္စရေးတို့က အခွင့်အလမ်းသာရလေအောင် ဗြိတိသျှက အကူအညီပေးမယ်'

သည်သတင်းစကားကို ဒေးဗစ်က မည်သို့မျှ ထင်မြင်ချက်မပေး . . . . . ။ သို့သော် သူ့အပြုံးက သံသယရှိနေကြောင်း ပြလျက်ရှိ၏။ ဗြိတိသျှတို့က အစ္စရေးနှင့် အတူပူးပေါင်း၍ အီဂျစ်အား ထိုးစစ်ဆင်မည်ဆိုသည်ကို သူမယုံနိုင်၊ ပြီး . . . . ဗြိတိသျှတို့ မပါဘဲလျက် ထိုးစစ်ဆင်ဖြစ်မည်မဟုတ်ဟု စွဲစွဲမြဲမြဲ ယုံကြည်မိသည်။

ပြင်သစ်က အီဂျစ်ကို ထိုးစစ်ဆင်လျှင် ဆိုက်ပရပ်စ်ကျွန်းရှိ ဗြိတိသျှ စစ်စခန်းများကို အသုံးပြုရန် လိုအပ်မည်။ ပြင်သစ်က ထိုးစစ်ဆင်မည့် အစီအစဉ်ကို နောက်ဆုံးအချိန်ကျမှကပ်၍ စွန့်လွှတ်လိုက်ရန် ဗြိတိသျှတို့က ပြင်သစ်အား သွေးဆောင်ဖြားယောင်း ပြောနိုင်စွမ်းရှိ၏။ သည်တွင် အစ္စရေးတစ်နိုင်ငံတည်းသာ အီဂျစ်ကို တစ်ကိုယ်တော် ထိုးစစ်ဆင်နွှဲနေရပြီး ကမ္ဘာ့တဲ့တွေးခွက်တွင် ပက်လက်မျောဖွယ်ရာသာရှိတော့သည်။ ဗြိတိသျှတို့က မည်သို့ရည်ရွယ်ချက်ရှိသည်ကို မိမိသိကြောင်းဖြင့် တဖွဖွပြောနေသည်။

သို့သော် လက်တွေ့တွင်မူ ဗြိတိသျှတို့ကိုယ်တိုင်က သူတို့ဘာလုပ်ရမည်ကို ရေရေရာရာမသိကြ။ အန်ထော်နီအီဒင်က အရှေ့အလယ်ပိုင်းဒေသ ပေါ်လစီကို အမျိုးမျိုးပြောင်းနေသည်။

'အီဒင် (ဗြိတိသျှဝန်ကြီးချုပ်)လည်း နောက်ဆုံးမှာတော့ သည်ပွဲမှာဝင်လာလိမ့်မယ်လို့ ငါထင်တယ်။ ငါ့သဘောပြောရမယ်ဆိုရင် ပြင်သစ်က ဗြိတိသျှတို့မပါဘဲ တိုက်မှာမဟုတ်ဘူး။ ဒါကြောင့် ဗြိတိသျှတို့က အကြောင်းတစ်ခုခုပြပြီး ဒီကိစ္စကရှောင်ဖယ်သွားစေမယ့် ကိစ္စမျိုးကို တို့က အခုအချိန်မှာ ရှောင်ရလိမ့်မယ်။ ပြီးတော့ ကုလသမဂ္ဂမှာ တရားမျှတ မှန်ကန်တဲ့အခွင့်အရေးတွေ တောင်းဆိုနေတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကလည်း အခြေအနေ ယုတ်လျော့စေရန် မသင့်ဘူး'

သည်စာသားများက ဒေးဗစ်ဘင်ဂူရီယန်၏ အတွေးအမြင် မည်သို့ရှိမည်ကို သိစေ၏။ သည်စစ်ကို သူတိုက်ချင်သည်။ ပြင်သစ်ကိုလည်း မဟာမိတ်အဖြစ်လက်တွဲချင်သည်။ ပြင်သစ်ကလည်း ဗြိတိန်မပါဘဲ စစ်မတိုက်လိုဟု သူက သဘောရ၏။ သို့ကြောင့် သည်စစ်ပွဲတွင် ဗြိတိန်နိုင်ငံဝင်လာရန်လိုအပ်၏။ သို့သော် သူတို့အပေါ် စိတ်ချယုံကြည်၍တော့မဟုတ် . . . .။

ပြင်သစ်နှင့် အစ္စရေးနှစ်နိုင်ငံ ပူးပေါင်းစစ်ဆင်ရေးအဆိုကို ဒေးဗစ်က ပယ်ချခဲ့သည်။ ဗြိတိသျှတို့အပေါ် ဒေးဗစ်က သံသယရှိသည်မှာ အံ့သြစရာမဟုတ်၊ သို့သော် သည်စစ်ပွဲတွင် ဗြိတိသျှတို့ပါဝင်လာရေးကိုသာ သူက မျှော်လင့်သည်၊ စင်စစ် သူကြောက်သည်က ပြင်သစ်အပေါ် ဗြိတိန်က ဩဇာလွှမ်းမိုးနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သည်စစ်တွင် ဗြိတိန်ပါလာပါမှ အစ္စရေးပါ ပူးပေါင်းတိုက်ပွဲဝင်မည်ဟု ဆိုရခြင်းပါ။ နောင်ပေါ်လာသည့် ဖြစ်ရပ်များက ဒေးဗစ်ဘင်ဂူရီယန်၏ အယူအဆမှန်ကန်ကြောင်း သာဓကထူခဲ့သည်။

'နိုရီဆတ်'က လန်ဒန်မြို့သို့ ရောက်လာသည်။ အောက်တိုဘာလ (၈)

ရက်နေ့တွင် အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးအစီအစဉ် ပြန်လည်ဖော်ထုတ်ရန်အတွက် တင်ပြလာသည်။ (၁၉၄၇)ခုနှစ်က ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် နယ်နိမိတ်အတိုင်း ပြန်လည်ဆောင်ရွက်ရန် (လက်ရှိအစ္စရေးနိုင်ငံ အကျယ်အဝန်းကို ပြန်လည်ဖွဲ့ထုတ်ရန်ဖြစ်သည်)နှင့် အာရပ်လူမျိုးများအား အစ္စရေးနိုင်ငံတိုင်း၌ ပြန်လည်အခြေစိုက်နေထိုင်စေရန် အချက်တို့ဖြစ်သည်။

အောက်တိုဘာလ (၁၁) ရက်နေ့ အစ္စရေးစစ်တပ်များက 'ကာလ်ကီလီယာ' အရပ်တွင် ဂျော်ဒန်တို့အား ကလဲ့စားချေ တုန့်ပြန်တိုက်ခိုက်နေစဉ် ဘုရင်ဟူစိန်က ဗြိတိသျှနှင့် ကာကွယ်ရေးစာချုပ် ချုပ်ဆိုထားသည်ကို အခွင့်ကောင်းယူပြီး ဗြိတိသျှဘုရင့်တပ်မတော်က အစ္စရေးနိုင်ငံအား တိုက်ခိုက်ပေးရန် တောင်းဆိုသည်။ ဗြိတိန်နိုင်ငံကမလှုပ်။ သို့သော် ဂျော်ဒန်နိုင်ငံက မေတ္တာရပ်ခံလာသည်ကို အစ္စရေးခေါင်းဆောင်များ အသိပေးဖြစ်အောင်ပေးသည်။

နောက်တစ်နေ့ နောက်ထပ် သတင်းဆိုးကြားရပြန်သည်။ အီရတ်စစ်တပ်မှ တပ်မတစ်ခုကို ဂျော်ဒန်နိုင်ငံသို့ စေလွှတ်ခဲ့သည်တဲ့ . . . .။ ဂျော်ဒန်နိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးတော့မည်။ အီရတ်နိုင်ငံက အစ္စရေးနိုင်ငံနှင့် စစ်ပြေငြိမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာတွင် မပါဝင်ခဲ့။ အီရတ်စစ်တပ် ဂျော်ဒန်နိုင်ငံတွင်းသို့ ဝင်လာခြင်းကို အခွင့်ကောင်းယူ၍ ဂျော်ဒန်နိုင်ငံကို တိုက်ခိုက်ပါက ဗြိတိသျှတို့က လက်ပိုက်ကြည့်မနေနိုင် အာရပ်တို့ဘက်မှ ကူ၍တိုက်ရလိမ့်မည်ဟု ဗြိတိသျှသံမှူးက ဒေးဗစ်ဘင်ဂူရီယန်ကို သတိပေးသည်။

သို့ကလို ဗြိတိသျှသံမှူးက သတိပေးခြိမ်းခြောက်ပြန်တော့ ဒေးဗစ်က ဒေါပွသည်။ အစ္စရေးက မိမိအခွင့်အရေးကို လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရှိသည်ဟုသာ ပြန်ပြောခဲ့၏။

ပဋိပက္ခ ဖြစ်လာတော့မည်မှာမလွဲ။ သို့ရာတွင် ဒေးဗစ်က အီဂျစ်ကိုသာ အာရုံစူးစိုက်နေသည်။

အောက်တိုဘာ (၁၅) ရက်နေ့တွင် ဒေးဗစ်ပြောသည့်စကားများက လေ့လာသူများကိုပင် တုန်လှုပ်အံ့ဩစေခဲ့၏။

'အစ္စရေးရဲ့ အန္တရာယ်အများဆုံး ရန်သူဟာ အီဂျစ်ပဲဖြစ်သေးတယ်ဆိုတာ မမေ့ကြနဲ့'တဲ့။

ဂျော်ဒန်နယ် စစ်အရေးအခင်းများနှင့် ပတ်သက်၍ သတိပေးစကားပြောနေရင်းက ဒေးဗစ်သည် အီဂျစ်မှ ထွက်လာမည့်အန္တရာယ်ကိုသာ မိန့်ခွန်းပြောရာတွင်

အလေးပေးပြောခဲ့၏။

ထိုအခိုက် . . . .

အောက်တိုဘာလ (၁၃) ရက် စူးအက်တူးမြောင်း ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် ပြင်သစ်နှင့်ဗြိတိသျှတို့၏ စီမံကိန်းကို ဆိုဗီယက်ကိုယ်စားလှယ်က လုံခြုံရေးကောင်စီတွင် 'ဗီတို'အာဏာဖြင့် ပယ်ချလိုက်သည်။ သို့ကြောင့် ဗြိတိန်နှင့် ပြင်သစ်တို့အဖို့ လက်နက်အားကိုးဖြင့် ဖြေရှင်းရန်သာရှိတော့၏။အစ္စရေးနှင့်အီဂျစ်တို့ ပဋိပက္ခကို အခွင့်ကောင်းယူ၍ ပြင်သစ်နှင့်ဗြိတိန်တို့က အီဂျစ်ကို ဝိုင်း 'ချ'နိုင်သည်။ လကုန်တွင် အစ္စရေးကစ၍ ထိုးစစ်ဆင်ပေမည်။ သည်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ရန်ဘက်ဖြစ်နေသူများကို ခွဲစေသည့်သဘောဖြင့် ဝင်စွက်ဖက်ပြီး တူးမြောင်းကို ပြန်လည်သိမ်းပိုက်ရန် ကြံစည်ထား၏။

ပြင်သစ်လေတပ်မတော်မှ ဒုဦးစီးချုပ်ဗိုလ်ချုပ်ကြီး 'ချာလီ'က ဗြိတိသျှ ဝန်ကြီးချုပ် 'အီဒင်'နှင့် နိုင်ငံခြားရေးဝန်ကြီး 'ဆယ်လွင်လွိုက်'အား အရှေ့အလယ်ပိုင်း ဒေသ မြေပုံချပ်ကို အညွှန်းပြု၍ ရှင်းပြ၏။

'အစ္စရေးတို့က ဒီနေရာကို ရောက်လာလိမ့်မယ်'

'ဆိုင်းနိုင်း' ကျွန်းဆွယ်ကို ထောက်ပြပြီးဆို၏။

'အီဂျစ်တို့က ဒီနေရာမှာပဲ ရှိလိမ့်မယ်'

စူးအက်တူးမြောင်း အနောက်ဘက်ဒေသကိုထောက်၍ ပြောပြန်သည်။

'ဒီလိုဆို ကျုပ်တို့က ဘယ်နေရာမှာလဲ'

သည်အမေးကို ဗိုလ်ချုပ်ကြီးချာလီ ဖြေပုံကသည်သို့ . . . .

'ဟော . . . . ဟောဒီနေရာပဲ' တဲ့။

စူးအက်တူးမြောင်းဒေသကို ထောက်ပြပြီး သို့ကလို အားရပါးရ ဆိုလိုက် ၏။

အောက်တိုဘာလ (၁၆)ရက်နေ့၊ အီဒင်နှင့် ဆယ်လွင်လွိုက်တို့နှစ်ဦး ပဲရစ် သို့ အပြေးအလွှား ရောက်လာကြသည်။ ပြင်သစ်ဝန်ကြီးချုပ် 'မိုလက်' နိုင်ငံခြားရေး ဝန်ကြီး 'ပီနေး'တို့နှင့် (၅) နာရီကြာမျှ အချေအတင် ဆွေးနွေးသည်။

အီဂျစ်ကိုတိုက်လျှင် အခုတိုက်၊ နောင်မှတော့ မတိုက်သင့်ဟု အားလုံးက သဘောရကြသည်။ အစ္စရေးက အီဂျစ်အား ထိုးစစ်ဆင်သည်သာလျှင် ခုတုံးလုပ် တိုက်ခြင်းက အကောင်းဆုံး အမြတ်ထုတ်ခြင်း ဖြစ်သည်ဟုလည်း သဘောတူကြ သည်။

နိုင်ငံတစ်ကာအခြေအနေ အရပ်ရပ်ကလည်း အလွန်မှသင့်မြတ်သော အချိန်ဖြစ်၏။ သည်ကိစ္စတွင် ဆိုဗီယက်ယူနီယံက ဝင်စွက်လိမ့်မည်မဟုတ်ဟု ပြင်သစ်နိုင်ငံရေးဝန်ကြီးက ယုံကြည်သည်။ အမေရိကန်ကလည်း တကယ့်ဖြစ်ရပ်မှန်ကို သဘောပေါက်လက်ခံလာပြီး မိမိမဟာမိတ်များကို အရေးနိမ့်စေလိမ့်မည်မဟုတ်ဟု 'အီဒင်'က ထင်ကြေးပေးသည်။

အီဂျစ်ကိုတိုက်ခိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်လေပြီ . . . .။

ပြင်သစ်နိုင်ငံမှ မိတ်ဆွေများက ဒေးဗစ်ဘင်ဂူရီယန်ထံ စိတ်ချလက်ချ ဖြစ်စေဖို့ သံကြိုးစာတစ်စောင်ပို့လိုက်၏။

'ဗြိတိသျှတို့ကို စိတ်ချယုံကြည်ပါ . . . . တဲ့'။

သို့သော် . . . . သည်အချိန်တွင် အစ္စရေးတို့က 'မလုပ်လို'ဟု ဖြေရတော့မည့် အခြေအနေများ ဖြစ်လာခဲ့သည်။

အကြောင်းက သည်သို့ . . . .

အမေရိကန် လေယာဉ်ပျံတစ်စင်းက 'ဆိုင်းနိုင်း'သဲကန္တာရအပေါ်ကင်းထောက်ပျံသန်းခဲ့ပြီး မြေပြင်၌ ပြင်သစ်လုပ်ဗုံးကြဲတိုက်လေယာဉ် **(Mystera)** အမျိုးအစား အစင်း (၆၀)ခန့် တွေ့ရသည်ဟု သတင်းပို့ခဲ့ရာမှ သမ္မတအိုက်ဆင်ဟောင်ဝါက အစ္စရေးအား ပြင်းပြင်းထန်ထန် သတိပေးလာသောကြောင့်တည်း .။ စင်စစ်ပြင်သစ်တို့က အစ္စရေးသို့ပေးခဲ့သည့် လေယာဉ်မှာ အစင်း (၂၀)သာဖြစ်၏။

သည်အကြောင်းကြောင့် မဟုတ်လျှင် နောက်တစ်ကြောင်းကြောင့် ဖြစ်နိုင်၏။

ဗိုလ်ချုပ်ကြီး မိုရှေဒါယန်းက နိုင်ငံခြားစစ်တပ်များနှင့် လက်တွဲပြီး တိုက်ရမည်ကို ဆန္ဒမရှိဟုဆို၏။

သို့သော် . . . . အမှန်မှာ ဗြိတိသျှတို့၏ သဘောထားကြောင့် ဖြစ်သည်။ ပြင်သစ်ကတင်ပြသော အစီအစဉ်ကို ဗြိတိသျှတို့က သဘောတူခဲ့သော်လည်း အစ္စရေးက အလုံးအရင်းနှင့် စစ်မျက်နှာကျယ်ကျယ်ပြန့်ပြန့်ဖြင့်၍ ထိုးစစ်ဆင်စေလိုသည်။ သည်သို့ဆိုလျှင် တကယ့်စစ်ပွဲကြီးအသွင် ဆောင်လာပေလိမ့်မည်။ ပြီးတော့ ပြင်သစ်နှင့် အင်္ဂလိပ်ကို ငြိမ်းချမ်းရေးကယ်တင်ရှင်များအဖြစ် ရောက်အောင်ပို့ပေးသကဲ့သို့ရှိမည်။ သည့်အပြင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက စူးအက်တူးမြောင်းတစ်ဖက်တစ်ချက်ရှိ အီဂျစ်ရော အစ္စရေးတပ်များကိုပါ ဗုံးကြဲတိုက်ပြီး သို့မှသာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းလမ်းကို ကာကွယ်လိုသည့်ဆန္ဒဖြင့် ဝင်စွက်ရခြင်း

ဖြစ်သည်ဟု ပေါ်လွင်ရလေအောင်ဟု တင်ပြလာသည်ဆိုသည့် သတင်းကလည်း ဒေးဗစ်နားသို့ ပေါက်ခဲ့၏။ တဖန်သည်ထိုးစစ်အစီအစဉ်ကို ဗြိတိသျှ စစ်ဦးစီးဌာနချုပ်က သဘောမတူချင်ပါဘဲလျက် သဘောတူခဲ့ရသည်ဟုလည်း သတင်းထွက်လာ၏။

သို့ကြောင့် အစ္စရေးက ဗြိတိသျှတို့သဘောမမှန်၍ နောက်ဆုံးအချိန်ကြပါမှ 'မလုပ်'ဟု ဖြတ်ဖြတ်ပင်ဆိုခဲ့၏။

ဗြိတိသျှတို့က အီဂျစ်ရော မိမိကိုယ်ပါ မဆင်မခြင်၊ မညာမတာ ချမည်ဆိုခြင်းကိုလည်း မခံလို။ မိမိတပ်များကို အသေခံပြီး ဗြိတိသျှဂုဏ်သိက္ခာကို အရှေ့အလယ်ပိုင်းဒေသနှင့် ကမ္ဘာတွင်ပါ တိုးမြှင့်စေဖို့ နည်းနည်းမှမလိုလား ....။

အစ္စရေးက 'ဂါဇာ' ကမ်းမြောင်ဒေသမှ အီဂျစ်တို့ရန်ကို ရှင်းရန်နှင့် 'အီလတ်သ်'ချဉ်းကပ်ရာ ရေလမ်းကြောင်းကို ဖွင့်ပေးစေရန်သာ ရည်ရွယ်သည်။ (သည်အချက်ကို မိုရှေဒါယန်းက မိမိ၏ဘဝမှတ်တမ်းတွင် ဖော်ပြထားသည်။ စစ်တပ်အမိန့်အမှတ် (၁) ဖြစ်သည်)။

စင်စစ် သည်ကိစ္စတွင် အရေးပါသူက ဗြိတိသျှမဟုတ်။ မိမိသာဖြစ်သည်ဟု ဒေးဗစ်က ယုံကြည်ပြီးသား စူးအက်တူးမြောင်း အရေးအခင်းအတွက် ဆင်နွှဲမည့် သည်စစ်ပွဲ တိုက်ရန် မတိုက်ရန်ဆိုသည်မှာ ဒေးဗစ်အဆုံးအဖြတ်ပေါ်တွင်သာ တည်မှီသည်။ ၎င်းကြောင့် သူလိုချင်သည့် ပုံစံဖြင့်သာ သည်စစ်ပွဲကို နွှဲစေရမည် မဟုတ်ပါလား ....။

သည်သို့ဖြင့် ပဲရစ်မြို့စွန်ရှိ 'ဆပ်ဗရီးစ်' ( Sevres ) အရပ်မှ အိမ်သည် သမိုင်းဝင် ဖြစ်ရတော့၏။

## ဆိုင်းနိုင်းစစ်ဆင်ရေးကာလ

'ဆိုင်းနိုင်းကျွန်းစွယ်ရဲ့ ကံကြမ္မာ ဘယ်နည်းဘယ်ပုံ ဖန်လာလိမ့်မယ်ဆိုတာ ကျုပ်ဘယ်လိုမှ တွေးမရဘူး။ ကျုပ်တို့ စိတ်အဝင်စားဆုံးကတော့ 'အီလတ်သ်' ကမ်းမြောင်ဒေသနဲ့ ရေလက်ကြားပဲ။ ကျုပ်တို့က ဆိုင်းနိုင်းကျွန်းဆွယ်ကို သိမ်းပိုက်ခဲ့ရင် အချို့အင်အားကြီးနိုင်ငံများက ကျုပ်တို့တပ်တွေ ရုပ်သိမ်းဖို့ အကြပ်ကိုင်လိမ့်မယ်။ ပြင်သစ်နဲ့ အင်္ဂလိပ်ကတော့ ကျုပ်တို့ဘက်ကပဲ၊ ဒါပေမယ့် အမေရိကန်နဲ့ ရုရှားကလည်း ရှိသေးတယ်။ ကုလသမဂ္ဂ၊ နေရူး၊ အာရှနဲ့ အာဖရိကနိုင်ငံများလည်း ရှိသေးရဲ့။ ကျန်တာတွေထက် ကျုပ်တော့ အမေရိကန်ကိုပဲ တွေးနေမိတယ်။ ဘာကြောင့်ဆို အမေရိကန်ကသာ ကျုပ်တို့တပ်တွေကို ရုပ်သိမ်းဖို့အကြပ်ကိုင်မှာ။ အမေရိကန်ပြည်ထောင်စုက လက်နက်ကိုင်တပ်တွေ ပို့နေစရာမလိုဘူး။ အဲ သံတမန်အဆက်အသွယ်ဖြတ်လိုက်ပြီ။ ဂျူးတွေရဲ့ ထောက်ပံ့တဲ့ရန်ပုံငွေ မပေးရဘူးလို့ တားမြစ်မယ်။ အစ္စရေးနိုင်ငံကို အထောက်အပံ့ပေးခြင်းမှ ပိတ်ပင်တားမြစ်လိုက်တယ်လို့ ပြောရင်ပဲ လုံလောက်ပြီ။ အမေရိကန်ပြည်ထောင်စုက သူတို့အတွက် ကျုပ်တို့နဲ့ အာရပ်တို့အတွက် ဘာအရေးကြီးဆုံးလဲဆိုတာကိုသာ တွက်ကြည့်နေမှာပဲ။ သူတို့ဘယ်လို ဆုံးဖြတ်ကြမယ်ဆိုတာကတော့ ကျုပ်လဲ မပြောတတ်ဘူး . . . .'

'အကယ်၍ . . . . ငြိမ်းချမ်းရေးများ ကမ်းလှမ်းလာမယ်ဆိုရင်တော ကျုပ်

လက်ခံမှာပဲ။ ကျုပ်တို့အဖို့ အရေးတကြီးဖြစ်နေတာကတော့ ကျုပ်တို့သင်္ဘောကွေ လွတ်လွတ်လပ်လပ် ဝင်ထွက်သွားလာခွင့်ရဖို့ပဲ . . . .'

(၁၉၅၆)ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့။

ဒေးဗစ်ဘင်ဂူရီယန်က ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် သို့ကလို ထုတ်ဖော်ပြောဆိုသည်။ ဒေးဗစ်က 'ဂါဇာ'ကမ်းမြောင်ဒေသကို မသိမ်းလို။ သည်နယ်မြေက သူ့အဖို့ ဝန်ထုပ်ဝန်ပိုး ဖြစ်သည်ထင်၏။ ဆိုင်းနိုင်းကျွန်းဆွယ်မှလည်း ပြန်လည်ရုပ်သိမ်းဖို့ အကြပ်ကိုင်ခံရမည်မှာ သေချာ၏။

အောက်တိုဘာလ (၂၉) ရက်နေ့ ညနေခင်း . . . .

ဒေးဗစ်က အာရပ်တပ်များ နောက်ပိုင်းတွင် လေယာဉ်ပေါ်မှချထားခဲ့သော လေထီးတပ်သား (၃၉၅)ယောက်အတွက် ရင်တမမနှင့် သတင်းစောင့်နေသည်။ ဇနီး 'ပေါ်လာ'သည်လည်း မကျန်းမမာ ဖြစ်နေသည်ကြားက ဒေးဗစ်နှင့်အတူ သတင်းစောင့်လျက် . . . .။

ထိုအခိုက် . . . .။

သံကြိုးစာများက ပဲရစ်၊ လန်ဒန်၊ ဝါရှင်တန်မြို့ကြီးများတွင် ပလူပျံသလို အပြန်ပြန်အလှန်လှန် သံကြိုးစာတွေ ဟိုမှသည်မှ ပေးပို့နေကြ၏။ နယူးယောက်မြို့တွင် လုံခြုံရေးကောင်စီ၏ အရေးပေါ်စည်းဝေးပွဲ ကျင်းပလျက်ရှိ၏။

ထိုနေ့ မွန်းတည့်အချိန်တွင် 'ဆပ်ဗရီးစ်'တွင် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ပြင်သစ်နှင့်အင်္ဂလိပ်တို့က အီဂျစ်နှင့် အစ္စရေးအား ရာဇသံများ ပေးပို့ပေမည်။ သို့သော် အင်္ဂလိပ်တို့က အစီအစဉ်အတိုင်း ဆောင်ရွက်ဖို့ တွန့်ဆုတ်ဆုတ်ဖြစ်နေသည့် လက္ခဏာပေါ်နေ၏။ မွန်းလွဲ (၄) နာရီထိုးသည်ထိ ရာဇသံများ မပေးပို့ရသေး ရာဇသံစာများက အီဂျစ်ရော၊ အစ္စရေးပါ စူးအက်တူးမြောင်းဒေသမှ (၁၀) မိုင်အကွာထိ ဆုတ်ပေးရန် တောင်းဆိုထား၏။ ဤသည်မှာလည်း 'ဆပ်ဗရီးစ်' သဘောတူညီချက်အရဖြစ်၏။ ပြင်သစ်နှင့် အင်္ဂလိပ်တို့၏ရာဇသံကို အစ္စရေးက လက်ခံသည်။ ထိုညသန်းခေါင်ယံတွင် 'ဂိုလ်ဒါမေယာ'က လိုက်နာမည်ဟု အကြောင်းပြန်လိုက်၏။ မျှော်လင့်ခဲ့သည့်အတိုင်း အီဂျစ်က ရာဇသံကိုလက်မခံ . . . .။

အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါက ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်း၏။ 'ရှာမင်းအဒမ်'အား စေလွှတ်၍ အမေရိကန်ဂျူးယွန်ခေါင်းဆောင် 'အဗာဆေးလ်ဗား'နှင့် အဆက်အသွယ် လုပ်စေသည်။

'သမ္မတကြီးက ခင်ဗျားကို မစ္စတာဘင်ဂူရီယန်နဲ့ အမြန်ဆုံး အဆက်

အသွယ် ပြုစေချင်တယ်။ ဘင်ဂူရီယန်ကို ဒီသတင်းစကားပြောပေးပါတဲ့။ အစ္စရေးတို့ရဲ့ ရည်မှန်းချက်အတိုင်းလည်းရောက်ခဲ့ပြီ။ အကြမ်းဖက်သမားများရဲ့ စခန်းများလည်း ဖျက်ဆီးခံရပြီမို့ အစ္စရေးတပ်များကို အစ္စရေးနယ်မြေတို့ကို အမြန်ဆုံး ရုပ်သိမ်းပေးရန် သမ္မတကြီးအိုက်ဆင်ဟောင်ဝါက အဆိုပြုပါတယ်တဲ့။ အကယ်၍ အစ္စရေးတို့ကသာ မေတ္တာရပ်ခံတဲ့အတိုင်း ဆောင်ရွက်မယ်ဆိုရင် သမ္မတကြီးက အစ္စရေးနိုင်ငံအား အထူးလေးစားကြည်ညိုကြောင်းနဲ့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အလွန့်အလွန် ချစ်ကြည်ရင်းနှီးကြောင်း ကြေငြာချက်စာစောင်ကို အမြန်ဆုံးထုတ်ပေးမယ်တဲ့။ အစ္စရေးနိုင်ငံဟာ လက်ရှိ အင်္ဂလိပ်၊ ပြင်သစ်တို့နဲ့ အကျိုးစီးပွားတစ်ထပ်တည်းဖြစ်နေမယ့် အစ္စရေးနိုင်ငံရဲ့အားနဲ့ အနာဂတ်ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ခွဲခွာလို့မရနိုင်တဲ့ အချက်ကိုပါ မမေ့သင့်ဘူးလို့ဘဲ သမ္မတကြီးက အလေးအနက် ထောက်ပြလိုက်ပါတယ်လို့'

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ စည်းဝေးတက်ဖို့ နယူးယောက်မြို့သို့ ရောက်နေသော အစ္စရေးသံအမတ် "အဗာဟူဗန်"ထံ သည်သတင်းစကားကို အသိပေးခဲ့၏။ အမေရိကန်ကို လိုလားသောဆန္ဒကြောင့် "အီဗန်"က သမ္မတ အိုက်ဆင်ဟောင်ဝါ အဆိုပြုသည့်အတိုင်း လက်ခံရန် တိုက်တွန်းလေ၏။

"ဒီနေ့ဖြစ်ပေါ်လာတဲ့ တိုးတက်မှုဖြစ်ရပ်များကြောင့် ကျွန်တော်တို့ရဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးကို သေသေချာချာ ပြန်လည်သုံးသပ်စစ်ဆေးဖို့ အကြံပေးလိုပါတယ်"

အစ္စရေးနိုင်ငံတွင်မူ သည်နေ့ဖြစ်ပေါ်လာတဲ့ တိုးတက်မှုဖြစ်ရပ်ဆိုသည်မှာ ဆိုင်းနိုင်းကျွန်းဆွယ်တွင် အစ္စရေးတပ်များက အောင်ပွဲအဆင့်ဆင့်ခံခြင်းကို ဆိုသယောင်ယောင်။ အစ္စရေးတပ်များက စူးအက်တူးမြောင်းဒေသဆီသို့ ချီတက်မြဲ ချီတက်လျက် . . . .။

သို့သော် ထိုနေ့ညနေမှာပင် ဒေးဗစ်ဘင်ဂူရီယန်အဖို့ ရင်တမမဖြစ်ရသည်နှင့် ကြုံခဲ့ရ၏။ ကုလသမဂ္ဂက အစ္စရေးနိုင်ငံအား ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်ကို ပြင်သစ်နှင့် အင်္ဂလိပ်တို့က "ဗီတို"အာဏာဖြင့် ပယ်ချခဲ့၏။ သို့သော် (၃၁)ရက်နေ့ မိုးသောက်ချိန်တွင် အင်္ဂလိပ်၊ ပြင်သစ်စစ်လေယာဉ်များက အီဂျစ်လေယာဉ်ကွင်းများအား ဗုံးကြဲတိုက်ခိုက်ရန်ဖြစ်သော်လည်း ညနေထိ အချိန်ဆွဲထားလိုက်၏။ သည်တွင် ဒေးဗစ်တစ်ယောက် ဒေါသလည်းထွက်၊ အပူလုံးလည်း ကြွခဲ့ရ၏။ "မစ်တလာ"တောင်ကြားလမ်းတွင် ရောက်နေသော အစ္စရေးလေထီးတပ်အတွက်

စိုးရိမ်ပူပန်နေ၏။ လေယာဉ်တင်သင်္ဘောတစ်စီးကို ပြန်လည်ရုပ်သိမ်းရန်ပင် စိတ်ကူးမိသည်။ ထိုအခိုက် စစ်ဦးစီးချုပ် မိုရှေဒါယန်းရောက်လာပြီး ယန္တရားတပ်က လေထီးတပ်နှင့် ပူးပေါင်းမိ ပြီဖြစ်ကြောင်း လာရောက်အစီရင်ခံတော့မှ အပူလုံးကျခဲ့ရသည်။

လျှို့ဝှက်သဘောတူညီချက်အတိုင်း ပြင်သစ်နိုင်ငံက အီဂျစ်လေယာဉ်ကွင်းများကို ဗုံးကြဲတိုက်ခိုက်ခြင်း မပြုသေးသော်လည်း ဆိုင်းနိုင်းကျွန်းဆွယ်အတွင်းရှိ အစ္စရေးတပ်များအတွက် ရိက္ခာချပေးမြဲ ချပေးလျက်ရှိ၏။ အောက်တိုဘာ (၃၁)ရက်နေ့ နံနက်တွင် အစ္စရေးကမ်းခြေစောင့် ပြင်သစ်စစ်သင်္ဘောတစ်စင်းက "ဟိုင်ဖါ"သို့ အမြောက်နှင့် လာပစ်သော အီဂျစ်စစ်သင်္ဘော "အီဗရာဟင်"ကို ဖမ်းဆီးပေးခဲ့၏။ အစ္စရေးတပ်များ၏ထိုးစစ်ကို ဟန့်တားသည့်နေရာအချို့တွင် ပြင်သစ်တို့က ပင်လယ်ဘက်မှနေ၍ အမြောက်နှင့် ကူပစ်ပေးခဲ့သည်လည်းရှိ၏။

သို့သော် ကုလသမဂ္ဂ အထွေထွေညီလာခံကို အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်နိုင်ငံတို့၏ ထောက်ခံမှုဖြင့် ခေါ်ယူကျင်းပနေ၏။ သမ္မတအိုင်ဆင်ဟောင်ဝါက အစ္စရေးနိုင်ငံအား သိမ်းပိုက်ထားသော နယ်မြေများမှ အမြန်ဆုံးရုပ်သိမ်းပေးရန် အကြပ်ကိုင်လျက်ပင်ရှိ၏။ "ရှာမင်းအာဒမ်"ကလည်း "ဆေးလ်ဗား"ထံ တယ်လီဖုန်းဆက်သည်။ နောက်ဆုံး သမ္မတကြီးကိုယ်တိုင် အမေရိကန်ဇီယွန်ခေါင်းဆောင်နှင့် ကိုယ်တိုင် အဆက်အသွယ်ပြု၍ ပြောခဲ့ပါ၏။

"ခင်ဗျား ဘင်ဂူရီယန်နဲ့ အဆက်အသွယ် ရ ၊ မရနဲ့ မနေ့က ကျုပ်ပြောစေလိုတာကို ပြောပြီး မပြီး သိချင်တယ်။ ဒေးဗစ်က သူ့တပ်တွေကို ပြန်ရုပ်သိမ်းဖို့ ရည်ရွယ်သလား၊ ကျုပ်က ကျုပ်တို့ နှစ်နိုင်ငံဆက်ဆံရေးကို အမြန်ဆုံးတိုးတက်ကောင်းမွန်စေချင်နေတယ်ဆိုတာ ပြောပြလိုက်စမ်းပါ။ နောက်နာရီ အနည်းငယ်အတောအတွင်းမှာသာ ဒေးဗစ်က သူ့တပ်တွေကို ပြန်လည်ရုပ်သိမ်းရန် ရည်ရွယ်ကြောင်း ပြောခဲ့ရင်၊ ကျုပ်က ဒီညနေမှာ ရေဒီယိုနဲ့ ရုပ်မြင်သံကြားမှတစ်ဆင့် အစ္စရေးနိုင်ငံနဲ့ အရင်းနှီးဆုံးဖြစ်စေမယ့် ကြေငြာချက်ကို ထုတ်ပြန်မယ်ဆိုတာကိုပါ ဆက်ဆက်ပြောလိုက်စမ်းပါ"တဲ့။

သည်သို့ အကြောင်းကြားခံရပြန်တော့လည်း ဒေးဗစ်က ဒေါသူပုန်ထရပြန်၏။

အစ္စရေးသံအမတ်ကြီးကမူ အမေရိကန်၏ အဆိုပြုချက်ကို လက်ခံရန်မသိမသာ တိုက်တွန်းလျက်ရှိ၏။

ဒေးဗစ်ဘင်ဂူရီယန်ကမူ အင်္ဂလိပ်နှင့် ပြင်သစ်တို့က အီဂျစ်လေယာဉ်ကွင်း

များအား ပုံးကြတိုက်ခိုက်ဖို့ အချိန်ဆွဲနေသည့်အတွက် နည်းနည်းမှ စိတ်မရှည်နိုင်တော့။ သို့မှသာ နိုင်ငံတစ်ကာက အစ္စရေးနိုင်ငံငယ်ကလေးအား အကြပ်ကိုင်ပြီး အားပေးနေခြင်းကို "ဆပ်ဗရိုစ်" သဘောတူညီချက်တွင် လက်မှတ်ထိုးခဲ့သည့် တခြားနိုင်ငံများကပါ ခွဲဝေမျှခံစားရမည် မဟုတ်ပါလား။

ထိုည (၇)နာရီအချိန်တွင် ဗြိတိသျှ ဘုရင့်လေတပ်မတော်မှ လေယာဉ်များက အီဂျစ်လေယာဉ်ကွင်းများကို စတင်ပုံးကြတိုက်ခိုက်တော့သည်။

ဗြိတိသျှတို့က သို့ကလို ပုံးကြတိုက်မည့်အကြောင်း အီဂျစ်တို့သို့ ကြိုတင်သတိပေးထားပြီးဖြစ်၍ စစ်ရေးအရ ထိထိရောက်ရောက်မရှိ။

သို့သော် အစ္စရေးနိုင်ငံကိုမှ အကြပ်ကိုင်ဖိအားပေးခြင်းမှ အနည်းငယ်သက်သာရာရသွားတော့သည်။ နိုင်ငံတကာက ပြင်သစ်နှင့် ဗြိတိသျှတို့ဘက်သို့ အာရုံပြောင်းသွားသည်။ သမ္မတအိုက်ဆင်ဟောင်ဝါပင်လျှင် ဒေးဗစ်ဘင်ဂူရီယန်နှင့် အမြန်ဆုံး အဆက်အသွယ်ပြုရန် အမေရိကန် ဗီယွန်ခေါင်းဆောင်များအား နားပူနားဆာမလုပ်တော့။ ယခုမူ အင်္ဂလိပ်နှင့်ပြင်သစ်တို့ကိုသာ ဒေါပွနေတော့သည်။

ကုလသမဂ္ဂမှ အမြန်ဆုံး အပစ်အခတ်ရပ်စဲရန် တောင်းဆိုသည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။ အင်္ဂလိပ်နှင့်ပြင်သစ်တို့က မိမိတို့တပ်များကို နိုဝင်ဘာလ (၆)ရက်နေ့တွင် အီဂျစ်ကမ်းခြေပေါ် တက်ရန် သတ်မှတ်ထားပြီးဖြစ်၏။ ယခု ကုလသမဂ္ဂက အပစ်အခတ်ရပ်စဲရန် တောင်းဆိုသည်က လဆန်း (၁)ရက်နေ့ . . .။ ပြင်သစ်က မူလသတ်မှတ်ထားသည့်အတိုင်းသာ ဆောင်ရွက်ရန် ဗြိတိသျှတို့က လက်ပေါက်ကပ်နေပြန်၏။ စစ်ဆင်ရေးတွင် ဗြိတိသျှတို့က ဦးစီးကွပ်ကဲရန် သဘောတူခဲ့သည်။ ယခုမူ လက်မှိုင်ချရတော့မည်။

နိုဝင်ဘာလဆန်း (၁) ရက်နေ့မှာပင် အီဂျစ်တို့က စူးအက်တူးမြောင်းတွင်း၌ သင်္ဘောများကို နှစ်မြုပ်၍ ပိတ်ဆို့လိုက်၏။

(၂)ရက်နေ့။ ကုလသမဂ္ဂမှ အပစ်အခတ်ရပ်စဲရန်စာများကို အင်္ဂလိပ်၊ ပြင်သစ်နှင့် အစ္စရေးကိုယ်စားလှယ်များလက်သို့ ပေးအပ်လိုက်၏။

(၃)ရက်နေ့။ အစ္စရေးတပ်များက 'ဆိုင်းနိုင်း'ကျွန်းဆွယ်တစ်ခုလုံးအား သိမ်းပိုက်နိုင်ခဲ့၏။ ထိုနေ့ညနေတွင် အစ္စရေးသံအမတ်က ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေးကို အစ္စရေးတို့ဘက်မှ လိုက်နာကျင့်သုံးပြီဟု အကြောင်းကြား၏။

သည်အချိန်တွင် အင်္ဂလိပ်နှင့်ပြင်သစ်တို့ကသာ လှုပ်ရှားရန်အလှည့်ဖြစ်၏။ အမေရိကန်အကြပ်ကိုင် ဖိအားပေးနေခြင်းကို အင်္ဂလိပ်နှင့် ပြင်သစ်တို့က

အာခံလိမ့်မည်ဟု ဒေးဗစ်မထင် . . . .။

ငြိတ်သျှတို့က တုန့်ဆိုင်းဆိုင်း လုပ်နေသောကြောင့် မူလအစီအစဉ် ပျက်တော့မည်ကို ပြင်သစ်တို့က သဘောပေါက်လာသည်။ ကုလသမဂ္ဂ၏အထွေထွေ ညီလာခံကို နိုဝင်ဘာလ (၅) ရက်နေ့တွင် ကျင်းပဦးမည်။ အပစ်အခတ်ရပ်စဲရန် ပို၍ တောင်းဆိုလာမည်မှာ သေချာ၏။

ပြင်သစ်တို့က မူလအစီအစဉ်ကို အချိန်စေ့၍ အကောင်အထည်ဖော်ရန် ဆန္ဒပြင်းပြနေ၏။ တစ်နည်းဆိုသော် စူးအက်တူးမြောင်းကို အလျှင်စလို သိမ်းပိုက်လို၏။ မိုရှေဒါယန်းဆီသို့ ပြင်သစ်ဆက်သွယ်ရေးအရာရှိတစ်ဦး ရောက်လာသည်။ ပြင်သစ်တို့၏ အစီအစဉ်ကို အစ္စရေးနိုင်ငံက ပူးပေါင်းဆောင်ရွက်နိုင်၊ မနိုင်ကို လာရောက် တီးခေါက်ခြင်းတည်း။ ပြင်သစ်တို့ နိုဝင်ဘာလ (၃)ရက်နေ့၊ လင်းအရုဏ် အချိန်တွင် 'ပို့ဖောက်'အနီး၌ လေထီးတပ်များကိုချကာ မြို့ကိုသိမ်းပြီး တူးမြောင်း အတိုင်း ရှေ့ဆက်ချီတက် သိမ်းပိုက်ရန် စီစဉ်ထား၏။

အစ္စရေးတို့က 'ကင်တားရာ' မြို့ကို တိုက်ခိုက်ရန် ပြင်သစ်တို့က တောင်းဆို သည်။ သို့မှသာ အီဂျစ်တပ်များက 'ကင်တားရာ'သို့ အာရုံစိုက်နေခိုက်၊ ပြင်သစ်တို့က လေထီးတပ်များကိုချကာ ရှေ့တိုးသိမ်းပိုက်ရန် လွယ်ကူပေမည်။

သည်အစီအစဉ်ကို 'မိုရှေဒါယန်း'ကသဘောတူ၏။ ပြင်သစ်တပ်များကို ဆိုင်းနိုင်းကျွန်းဆွယ်ရှိ အစ္စရေးတို့သိမ်းပိုက်ထားသော ကားလမ်းကိုအသုံးပြုပြီး ချီတက်ရန်ပင် အဆိုပြုလိုက်သေး၏။ သို့သော် သူတစ်ယောက်တည်း သဘောနှင့် မပြီး။ ဒေးဗစ်၏ခွင့်ပြုချက်ကို ရယူရပေလိမ့်မည်။ ဒေးဗစ်ဆီမှ သဘောတူခွင့်ပြုချက် ရမည်။ ပြင်သစ်တို့ထံမှ အကူအညီရခဲ့သည့် ကျေးဇူးများကို ဒေးဗစ်မေ့၍မရနိုင်. .။ သည်ကျေးဇူးများကို အစ္စရေးက ပြန်လည်တုန့်ပြန်ဖို့လို၏။

သို့သော် . . . သည်အစီအစဉ်တွင် အင်္ဂလိပ်တို့မပါဘဲ ပြင်သစ်က မိမိ သဘောဖြင့် လွတ်လွတ်လပ်လပ် ဆောင်ရွက်ဖို့မလွယ်ဟု ဒေးဗစ်က သဘောပေါက် ပြီးသား . . . .။ သူ့အထင်က မှန်လာသည်။

ငြိတ်သျှတို့ အဖို့မူ အစ္စရေးသည်လည်း တူးမြောင်းနားမကပ်ရမည့် 'ရန်သူ' ဖြစ်၏။ ငြိတ်သျှတို့ ထုတ်ပြန်သည့် ရာဇသံအရ အစ္စရေးသည်လည်း ရန်သူမဟုတ် ပါလား . . . .။

ပြင်သစ်နှင့် အစ္စရေးတို့က သိပ်ရင်းနှီးချစ်ကြည်နေခိုက်မှာ ငြိတ်သျှတို့က ခပ်တင်းတင်း သီးသီးခြားခြားနေဆဲ . . . .။ အယုံအကြည်ကင်းဆဲ . . . .။

အစ္စရေး သံအမတ်ကြီးက အထွေထွေညီလာခံတွင် 'ဆိုင်းနိုင်း' ဒေသ တစ်ခုလုံးမှာ အပစ်အခတ်ရပ်စဲရန် အမိန့်ပေးပြီးပြီဟုပြောရာ၌ အီဂျစ်ကလည်း လိုက်နာကျင့်သုံးမယ်ဆိုရင် အစ္စရေးက အထွေထွေ အပစ်အခတ်ရပ်စဲရေးကို ချက်ခြင်းလက်ခံရန် အသင့်ရှိတယ်'ဟုပါ ထပ်လောင်းပြောခဲ့မိသည်။ အစ္စရေးက ပြဿနာကို ချင့်ချင့်ချိန်ချိန်ကိုင်တွယ်ခြင်း သဘောရှိ၏။ သို့သော် သည်ကဲ့သို့ ကြေငြာလိုက်ခြင်းကြောင့် စစ်တွင်း အင်္ဂလိပ်နှင့် ပြင်သစ်တို့ပါ ပါဝင်တိုက်ခိုက်ခြင်း အပေါ် မည်သို့အကျိုးသက်ရောက်မည် ဆိုသည်ကို သတိမထားမိခဲ့ . . . .။

ပြင်သစ်တို့က အံ့ဩတုန်လှုပ်မိသည်။ မိမိတို့တပ်များ ကုန်းပေါ် မတက်မီ အထွေထွေ အပစ်အခတ်ရပ်စဲရေးကို လက်မခံသေးဘဲနေရန် အစ္စရေးကိုပြော၏။

မိမိတို့အပေါ် သစ္စာရှိသည့် မဟာမိတ်များအပေါ် ဒေးဗစ်က သစ္စာရှိရန် လိုသည်ဟု သဘောရ၏။ သို့ကြောင့် ပြင်သစ်တပ်များ ကုန်းပေါ်သို့ တက်နိုင်ဖို့ အချိန်ရရန် လှည့်ပတ်ရမည်ကို နားလည်လာသည်ထင့် . . . .။

နိုဝင်ဘာလ (၄)ရက်နေ့တွင် အစ္စရေးသံအမတ်ကြီး အဗာဘီဗန်က ဆိုင်းနိုင်းကျွန်းဆွယ်တွင် တရားမဝင် အပစ်အခတ်ရပ်စဲရေးသာရှိပြီး တရားဝင် အပစ်အခတ်ရပ်စဲရေး မရှိဟု အတိအလင်း ကြေငြာသည်။

အပစ်အခတ်ရပ်စဲရေး မရှိဟုဆိုလျှင် အပြည်ပြည်ဆိုင်ရာရေကြောင်းကို ကာကွယ်ရန်အတွက် ပြင်သစ်နှင့် အင်္ဂလိပ်တို့က ဝင်စွက်ဖက်နိုင်သေး၏။

သို့သော် . . . . ပြင်သစ်နှင့် အင်္ဂလိပ်တို့က အစ္စရေးတို့ဆန္ဒအတိုင်း ဆောင်ရွက်ဖို့ဝေးစွ 'ဆပ်ဗရီးစ်' သဘောတူညီချက်ကို လက်မှတ်ထိုးခဲ့သည့် နိုင်ငံ အချင်းချင်း အထင်မှား၊ အမြင်မှားဖြစ်စေရန် ရုတ်တရက် အခြေအနေတစ်ခုကို ဖန်တီးလျက်မိသား ဖြစ်ခဲ့ရ၏။

ပြင်သစ်နှင့်အင်္ဂလိပ်တို့က ကုလသမဂ္ဂသို့ စာတစ်စောင်ကို အလျင်စလို ပေးပို့ခဲ့၏။

'အီဂျစ်နှင့် အစ္စရေးတို့ ရန်ဘက်ဆက်ဖြစ်နေခြင်းမှ ကာကွယ်ရန်နှင့် အစ္စရေးတပ်များ ရုပ်သိမ်းစေရန်အတွက် အပြည်ပြည်ဆိုင်ရာ စစ်တပ်ဖြင့် ဝင်ရောက် ဖြေရှင်းရန်လိုသည်ဟု အစိုးရနှစ်ဖွဲ့က ယုံကြည်ကြောင်း'ဟု စာတွင် ဖော်ပြပါရှိ၏။

'ဆပ်ဗရီးစ်သဘောတူညီချက်'နှင့် ဆန့်ကျင်လျှက် ယင်းအပိုဒ်ကို အင်္ဂလိပ် တို့၏ မေတ္တာရပ်ခံချက်ဖြင့် ထည့်သွင်းဖော်ပြခြင်းတည်း။

ဒေးဗစ်က အလွန်စိတ်ဆိုးသည်။

သည်သို့သော ကြေငြာချက်တွင် မိတ်ဆွေပြင်သစ်နိုင်ငံက မပါသင့်ဟု ဆိုကာ ပဲရစ်သို့ ချက်ခြင်းသံကြိုးရိုက် အကြောင်းကြားစေသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးလည်း အကြပ်ရိုက်သွား၏။ အစ္စရေးတပ်များ ရုပ်သိမ်းရန်ဟုဆိုခြင်းမှာ စူးအက်တူးမြောင်း အနီးတစ်ပိုက်သို့ ဆုတ်ခွာခြင်းသာ ဆိုလိုကြောင်းဖြင့် ထောက်ပြရန် ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်ကိုယ်စားလှယ်အား အကြောင်းပြန်လိုက်ရသည်။

သို့သော်လည်း သည်မျှနှင့် ဒေးဗစ်မကျေနပ်နိုင်တော့ . . . .။

နိုဝင်ဘာလ (၅)ရက်နေ့တွင် စစ်ပွဲ ရုတ်တရက်ရပ်သွားသည်။ ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲရေးကိုကြပ်မတ်ရန် အပြည်ပြည်ဆိုင်ရာတပ်ကို စေလွှတ်ဖို့ ဆုံးဖြတ်လိုက်၏။

အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ကုလသမဂ္ဂ၏ အကြပ်ကိုင်ဖိအားပေးသည် ကို ကြာကြာခံနိုင်မည်မဟုတ်ကြောင်း ဒေးဗစ်က မဆွကပင် ဆိုခဲ့သည်မှာ အလွန် မှန်၏။

စစ်ပွဲရပ်ခဲ့ပြီ။

သို့သော် အစ္စရေးတို့က သိမ်းယူခဲ့သော ဆိုင်းနိုင်းကျွန်းဆွယ်အား ဆက်လက်သိမ်းပိုက်ထားမှ ထားနိုင်ပါမည်လား . . . .။

မကြာပါ ကမ္ဘာ့ကွန်ဂယက်ဥက္ကဋ္ဌ 'ဂိုးလ်မင်း'က ဒေးဗစ်ထံ အကြောင်းကြား စာတစ်စောင် ပို့လာသည်။ အစ္စရေးတပ်က သိမ်းပိုက်ရမိသော အီဂျစ်နယ်မြေများကို ဆက်လက်ထိန်းသိမ်းထားရန် အကြောက်အကန် အရေးဆိုလာပါက မိမိတို့က ထောက်ခံမည်မဟုတ်တဲ့အရေးအား ထောက်ပံ့ရန် စုဆောင်းထားသော အမျိုးသား ဂျူးရံပုံငွေကိုလည်း မပေးတော့ရန် တားမြစ်ရလိမ့်မည် . . . . တဲ့။

အမေရိကန်က အကြပ်ကိုင်ဖိအားပေး၍ အနောက်ဂျာမနီနိုင်ငံကလည်း အစ္စရေးအား စစ်လျော်ကြေးပေးနေခြင်းကို ရပ်စဲလိုက်မည်ဟု ခြိမ်းခြောက်ပြန်၏။

သမ္မတအဖြစ် ပြန်လည်အရွေးခံရသော အိုက်ဆင်ဟောင်ဝါထံမှလည်း စာရသည်။ အပစ်အခတ်ရပ်စဲရေးအကြောင်းကြပ်မတ်ရန် ကုလသမဂ္ဂ အပြည်ပြည် ဆိုင်ရာ စစ်တပ်ကို ပို့ပေးမည့်အကြောင်း၊ သိမ်းပိုက်ထားသောနယ်မြေများမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းဖို့အကြောင်းများကို ဖော်ပြထားသည်။

'အစ္စရေးအစိုးရက ထုတ်ပြန်တဲ့ ကြေငြာချက်များကို ကျွန်တော် ဂရုတစိုက် လေ့လာမိပါတယ်။ ယင်းကြေငြာချက်များအရ အစ္စရေးက သိမ်းပိုက်ထားသော

အီဂျစ်နယ်မြေမှ မိမိတပ်များကို ရုပ်သိမ်းပေးရန် မရည်ရွယ်ဘူးဆိုတာကို သိရပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောပါရစေ။ သည်အတိုင်းမှန်ခဲ့လျှင် ကျွန်တော်တော့ အလွန့် အလွန် စိုးရိမ်မိပါသည်'တဲ့။

အမေရိကန်သမ္မတ၏စာတွင် ခြိမ်းခြောက်သံပါနေသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို ခြိမ်းခြောက်လာသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက 'ဂိုလ်ဒါမေယာ'ထံ ပေးပို့သည့် စာတွင် အတိအလင်း ဆိုထား၏။

အစ္စရေးအား စီးပွားရေးအရ သပိတ်မှောက်မည်တဲ့။

အစ္စရေးအား ကုလသမဂ္ဂမှ ထုတ်ပယ်သည်ထိ ပြင်းပြင်းထန်ထန် အရေးယူစေမည်တဲ့။

သည်တစ်ကြိမ်တွင်လည်း ဒေးဗစ်ဘင်ဂူရီယန်မှာ အကြပ်ရိုက်ခံရပြန်၏။ ဘေးကြပ်နံကြပ် ဖြစ်ရပြန်သည်။ အဆုံးအဖြတ်မပေးချင်ပါဘဲလျက် ပေးရတော့မည်။ သည်အဆုံးအဖြတ်က အစ္စရေးတပ်များ ရုပ်သိမ်းပေးဖို့ တောင်းဆိုအကြပ်ကိုင်သည့် နိုင်ငံများအလိုကျ ဖြစ်စေမည်။ မတတ်သာပြီမို့ လက်မြှောက်အရှုံးပေးရပေမည်။ အလိုလိုက် အကြိုက်ဆောင်ရမည်ပေါ့ . . . .။

သို့သော် မိမိတပ်များကို ရုပ်သိမ်းပေးရသည့်အတွက် အာမခံချက်များ နိုင်ငံတစ်ကာ ဝန်ခံချက်များနှင့် အမေရိကန်ကပါ 'အီလတ်သ်'သို့ချဉ်းကပ်ရာ ရေလမ်းခရီးနှင့် 'ဂါဇာ'ဒေသရှိ အီဂျစ်စစ် အခြေစိုက်စခန်းများအရေးနှင့် ပတ်သက်၍ ပေးသောကတိများကို မရရအောင် ယူခဲ့သေး၏။

'အက္ကါဘာ'ပင်လယ်ကွေ့တွင် အစ္စရေးသင်္ဘောများ လွတ်လပ်စွာ ခုတ်မောင်းစေနိုင်ခွင့်ကို လေးစားစေမည်။ 'ဂါဇာ'ကမ်းမြှောင်ဒေသသည် အီဂျစ်တို့၏စစ်အခြေစိုက်စခန်း တဖန်ဖြစ်စေရဟူသော အချက်ကို အမေရိကန်က ထောက်ခံပါမည်ဟူသော ကတိဝန်ခံချက်ကို ရယူနိုင်ခဲ့၏။

သည်တစ်ကြိမ်လောက် အဆုံးအဖြတ်ပေးဖို့ ခေါင်းခဲရခဲ့သည်ဟု မရှိခဲ့။ သို့သော် မိမိက အဆုံးအဖြတ်ပေးပြီးသည်နှင့် ဆုံးဖြတ်ချက်မှာ နည်းနည်းမှမသွေဖီတော့။ ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများကိုခေါ်သည်။ အားလုံးရှေ့တွင် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန် မိမိဆုံးဖြတ်လိုက်ကြောင်းနှင့် သမ္မတဒိုက်ဆင်ဟောင်ဝါထံ ပြန်စာတွင် မိမိတောင်းဆိုချက်များကို ထုတ်ဖော်ပြောပြ အသိပေးသည်။ ဝန်ကြီးက ဒေးဗစ်၏ လုပ်ရပ်အားလုံးကို သဘောတူ ထောက်ခံကြသည်။

ထိုညနေတွင် အစွရေးအသံလွှင့်ဌာနမှ ပြည်သူတို့အား နောက်တစ်နာရီအကြာတွင် အရေးကြီးသောကြေငြာချက် ထုတ်ပြန်ရန်ရှိ၍ စောင့်မျှော်နားဆင်ရန် ကြေငြာသည်။ ဒေးဗစ်ဘင်ဂူရီယန်က အသံလွှင့်ရန် အသင့်ရှိနေသည်။ မောပန်းနွမ်းရိနေသောလေသံဖြင့် လွန်ခဲ့သောရက်အနည်းငယ်က အဖြစ်အပျက် အကြောင်းစုံနှင့် သမ္မတအိုက်ဆင်ဟောင်ဝါထံ မိမိ၏ ပြန်စာကိုပါ ဖတ်ပြသည်။

'ကျွန်တော်သာမက အစွရေးအစိုးရရဲ့ အခြားပြောရေးဆိုခွင့်ရှိသူတစ်ဦးတစ်ယောက်ကမှ ဆိုင်းနိုင်းကျွန်းဆွယ်ကို သိမ်းပိုက်ဖို့ ရည်ရွယ်ပါတယ်ရယ်လို့ တစ်ခွန်းတစ်ပါဒမှ မပြောခဲ့ပါဘူး။ အီဂျစ်နယ်မြေမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းပေးဖို့နဲ့ အပြည်ပြည်ဆိုင်ရာ ကြီးကြပ်ရေးတပ် ဖွဲ့စည်းတည်ထောင်ဖို့ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်များနှင့်အညီ စူးအက်တူးမြောင်းဒေသသို့ အပြည်ပြည်ဆိုင်ရာ ကြီးကြပ်ရေးတပ်က ဝင်ရောက်နေရာယူဖို့ကို ကုလသမဂ္ဂနဲ့ ကျေနပ်လောက်တဲ့ သဘောတူညီမှု ရယူပြီးတာနဲ့ ကျွန်တော်တို့တပ်တွေကို ရုပ်သိမ်းရန် ဖြစ်ပါတယ်'။

ဒေးဗစ်သည် နာရီဝက်ကြာမျှ တိုင်းသူပြည်သားများအား အသိပေးပြောခဲ့၏။ အစွရေးလက်နက်ကိုင်တပ်များ၏ လုပ်ရပ်များကိုပါ ချီးကျူးခဲ့၏။

သမ္မတအိုက်ဆင်ဟောင်ဝါသို့ မပီမပြင် ဝိုးတိုးဝါးတား အဖြေပေးခဲ့ခြင်းသည် စင်စစ် နောက် (၄)လကြာမျှ သံတမန်ရေးရာအရ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် လွန်ဆွဲပွဲ၏ ပဏာမဖြစ်၏။ သည်လွန်ဆွဲပွဲတွင် ဒေးဗစ်ကနည်းနည်းဖြစ်ဖြစ် အမြတ်ထုတ်ဖို့ ရည်ရွယ်ထားသည်။ စင်စစ် သည်ကိစ္စတွင် သူ့ဘဝတစ်သက်တာတွင် ပထမဆုံးနှင့် နောက်ဆုံးအကြိမ်အဖြစ် လွယ်လွယ်နှင့် ညွတ်တတ်သည့် ဆွေးနွေးရေးသမားမဟုတ်ကြောင်း ပြက်ပြက်ထင်ထင် ပြနိုင်ခဲ့လေသည်။

ထိုအခိုက် ဗြိတိန်နှင့် ပြင်သစ်က ၎င်းတို့တပ်များကို ရုပ်သိမ်းခဲ့၏။ သူတို့နေရာတွင် ဗိုလ်ချုပ်ကြီးဘန်း ကွပ်ကဲဦးစီးသည့် အပြာရောင်သံခမောက်ဆောင်းကုလသမဂ္ဂ ကြီးကြပ်ရေးတပ်က ယူလိုက်၏။ နောင်တ အကြီးအကျယ်ရနေသော ဗြိတိန်နိုင်ငံက အမေရိကန်နောက်မှတန်းစီကာ ခပ်ရိုရို့ရပ်နေသည့်ဘဝတွင် ညှိုးညှိုးမှိန်မှိန် ဖြစ်နေသည်။ ပြင်သစ်ကမူ မိမိတို့ စစ်ဆင်ရေးအစီအစဉ် မှန်သည်ဟု စွဲစွဲမြဲမြဲယုံကြည်ထားသည်မှ ဖျက်သွားရသည့်အတွက် ဒေါပွနေ၍သာနေရ၏။ အစွရေးနိုင်ငံကမူ ကုလသမဂ္ဂတွင် ပြင်သစ်နိုင်ငံ၏ထောက်ခံမှုဖြင့် သည်စစ်ဆင်ရေးမှ အကျိုးအမြတ် တစ်စွန်းတစ်စကို ထိန်းသိမ်းနိုင်စွမ်းရှိခဲ့၏။

ပထမသော် ဒေးဗစ်ဘင်ဂူရီယန်က အီဂျစ်သို့ ဆိုင်းနိုင်းကျွန်းဆွယ်အား

ပြန်လည်သိမ်းယူခွင့် မပေးရန်နှင့် စူးအက်တူးမြောင်း အရှေ့ဘက်ကမ်းကို ကုလသမဂ္ဂကြီးကြပ်ရေးတပ် အုပ်ချုပ်မှုအောက်တွင် ထားပေးရန်ဟူသော သဘောထားကို လက်ခံဖို့အားထုတ်သေး၏။ စူးအက်တူးမြောင်း အရှေ့ဘက်ကမ်းကို ကုလသမဂ္ဂတပ်များက ကြီးကြပ်ရန်ဆိုသည်မှာ စင်စစ် တူးမြောင်းအား အပြည်ပြည်ဆိုင်ရာရေကြောင်းအဖြစ် သဘောထားရန် တစ်နည်းပြောခြင်းတည်း။ သို့သော် နိုဝင်ဘာလကုန်တွင် ဒေးဗစ်သည် တောင်းဆိုချက်ကို လက်လွှတ်လိုက်ရ၏။ တဖန် စူးအက်တူးမြောင်းအား အစ္စရေးသင်္ဘောများက အချုပ်အခြယ်မရှိ အသုံးပြုခွင့်ပေးဖို့ အီဂျစ်က သဘောတူရန်တောင်းဆို၏။ သည်တွင်လည်း ဒေးဗစ် အရေးနိမ့်ပြန်၏။

ဒီဇင်ဘာ လလယ်လောက်တွင် ဒေးဗစ်က ဂါဇာကမ်းမြောင်ဒေသနှင့် ပတ်သက်၍ ပြဿနာလုပ်လာပြန်၏။

ဒါကတော့ အပေးအယူလုပ် ဆွေးနွေးရမယ့် ပြဿနာပဲ။ ဒီနေရာကို အီဂျစ် ပြန်မလာစေရဘူးတဲ့။

ဒီဇင်ဘာလကုန်တွင် ဆိုင်းနိုင်းကျွန်းဆွယ် အရှေ့ဘက်ခြမ်းကို စစ်မဲ့ဒေသအဖြစ် သတ်မှတ်ရန် ဒေးဗစ်က တောင်းဆိုပြန်၏။ အမေရိကန်နှင့် နိုင်ငံတစ်ကာက အကြပ်ကိုင်ဖိနှိပ်လာပြန်၍ ဒေးဗစ်က အရှုံးပေးရပြန်၏။ သို့သော် တောင်းဆိုချက်နှစ်ရပ်ကိုမူ နည်းနည်းမှ အလျှော့မပေး။ သည်တောင်းဆိုချက်ကိုမရလျှင် စစ်ဖြစ်ရဖြစ်ရ စီးပွားရေး ပိတ်ဆို့ခံရ ခံရဟု ဒေးဗစ်က သဘောထား၏။ သည်တောင်းဆိုချက်များက အခြားမဟုတ်၊ 'ဂါဇာကမ်းမြောင်ဒေသ'နှင့် 'အီလတ်သ်'သို့ ချဉ်းကပ်ရာရေလမ်းခရီးကို အစ္စရေးတို့က ရပါမှဖြစ်မည်။

စင်စစ် စောစောပိုင်းက အရေးဆိုခဲ့သည်များမှာ သံတမန်ရေးရာအရ သည်နောက်ဆုံး တောင်းဆိုချက်များကို ဖုံးကွယ်ထားရန်ဖြစ်၏။ သည် တောင်းဆိုချက်နှစ်ရပ်မှ ဒေးဗစ်က မည်သို့မျှ အလျှော့မပေးနိုင် . . . .။

(၁၉၅၇)ခုနှစ်ကုန်တွင် ဆိုင်းနိုင်းဒေသမှ အစ္စရေးတပ်များကို ရုပ်သိမ်းရန် ကုလသမဂ္ဂက တောင်းဆိုလိုက်၏။ ဒေးဗစ်ကလည်း အစ္စရေးတပ် အားလုံးလိုလိုကို ရုပ်သိမ်းခဲ့၏။ သို့သော် အစ္စရေးတပ်များက သိမ်းပိုက်ရာနေရာများမှ မထွက်ခွာမီ စစ်စခန်းများ၊ ကတုတ်ကျင်းများကို ဖျက်ဆီး၍ လမ်းနှင့် လေယာဉ်ကွင်းများကိုပါ မြေလှန်ဖျက်ဆီးခဲ့၏။

ဖေဖော်ဝါရီလဆန်းလာသည်နှင့် ကုလသမဂ္ဂက အစ္စရေးအား အကြပ်ကိုင်လာတော့သည်။ အထွေထွေအတွင်းရေးမှူးချုပ်က ကိုင်ရိုကို အလည်အပတ်

သွားပြီးမှ အစ္စရေးနိုင်ငံသို့ပါ ခြေဦးလှည့်လိုသည်။ သို့သော် ဒေးဗစ်က အထွေထွေ အတွင်းရေးမှူးချုပ်ကိုပါ မတွေ့အားလို၍ အခက်ကြုံနေပြန်၏။

သည်အချိန်တွင် အခြေအနေ တင်းမာမှုက အထွတ်အထိပ်ရောက်နေပြီ။ ဆွေးနွေးပွဲသို့ ပြင်သစ်နိုင်ငံက ပါဝင်လာ၏။ ပြင်သစ်တို့က အစ္စရေးအား ထောက်ခံမြဲ ထောက်ခံဆဲ။ တစ်ချိန်တည်းမှာပင် အဆိုသစ်တစ်ခု တင်သွင်းလာပြန်၏။ 'ဂါဇာ' ကမ်းမြောင်ဒေသကို ကုလသမဂ္ဂသာ အုပ်ချုပ်စေရမည်တဲ့။ 'ဂါဇာ'၌ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ကို ထားရှိစေရမည်တဲ့။ 'အီလတ်သ်'သို့ ချဉ်းကပ်ရာလမ်းကြောင်းကို ကုလသမဂ္ဂကြီးကြပ်ရေးတပ်များကသာ စေလွှတ်၍ ထိန်းချုပ်စေရမည်တဲ့။

သည်တောင်းဆိုချက်များကို ဒေးဗစ်က ဘဝင်မကျနိုင်။ ဂါဇာကမ်းမြောင်ဒေသသို့ အီဂျစ်တပ်များ လုံးဝပြန်မလာစေရဟူသော တိတိကျကျ အာမခံချက် မရမချင်း၊ ဂါဇာမှ မထွက်ခွာလို။ သည်အတိုင်းပင်လျှင် 'တိုင်ရန်'ရေလက်ကြားအား ထိန်းချုပ်ရာ အချက်အခြာနေရာများမှ မဆုတ်ခွာလို။ သို့သော် နောက်ဆုံးတွင်မူ ဒေးဗစ် အလျှော့ပေးရပြန်၏။

မကြာမတင်မှာပင် ကုလသမဂ္ဂ အထွေထွေညီလာခံ ကျင်းပတော့မည်။ အကယ်၍ အစ္စရေးတပ်က မိမိတပ်များအား သိမ်းပိုက်ထားရာ နယ်မြေများမှ မရုပ်သိမ်းလျှင် စီးပွားရေးအရ ပိတ်ဆို့မှုများလုပ်ပေလိမ့်မည်။ သို့သော် ဒေးဗစ်က စိတ်မပါဘဲလျက် အ းလျှော့ပေးရသည်က အခြားကြောင့်မဟုတ်။ အကယ်၍ မိမိကတင်းခံနေလျှင် ပြင်သ ံက စိတ်ခုသွားပေလိမ့်မည်။ အစ္စရေးသို့ လက်နက်ခဲယမ်းမီးကျောက် အကူအညီပေးထောက်ပံ့နေခြင်းကိုပါ ရပ်စဲလိုက်ပေမည်။ သို့ဆိုလျှင် အစ္စရေးနိုင်ငံသည် အထီးကျန်ဖြစ်လျက် စီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင်ရမည်မှာမလွဲ။ အမေရိကန်ကချေးရန် ကတိပြုခဲ့သောငွေကို မပေးဘဲ ရပ်ထားခြင်းဖြင့် ပိတ်ဆို့အကြပ်ကိုင် ပြုလာတတ်၏။

(၁၉၅၇)ခုနှစ်၊ မတ်လ (၁)ရက်နေ့၊ ဂိုလ်ဒါမေယာက အစ္စရေးတပ်များကို ရုပ်သိမ်းနေပြီဖြစ်ကြောင်း အထွေထွေညီလာခံသို့ အကြောင်းကြား၏။

တစ်ချိန်တည်းမှာပင် ရေကြောင်းသွားလာရေးကို အကြီးအကျယ် လုပ်နေသော နိုင်ငံများက 'အဂ္ဂါဘာ' ပင်လယ်ကွေ့သည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းဖြစ်၍ မည်သည့်နိုင်ငံကမဆို လွတ်လွတ်လပ်လပ် သုံးစွဲခွင့်ရှိကြောင်း ကြေငြာသည်။

သည်အခွင့်အရေး ရသောကြောင့် အောင်ပွဲဟု ဆိုရမည်လား . . . . ။

ဒေးဗစ်ကမူ အောင်ပွဲဟုသာ ယူဆ၏။

'ညီညွတ်ရေးလုပ်သားပါတီမှ အစိုးရအဖွဲ့ဝင်များက ဆိုင်းနိုင်းစစ်ဆင်ရေး လုပ်မည်ဆိုစဉ်က အတိုက်အခံပြုခဲ့သလို ယခုတပ်များ ရုပ်သိမ်းမည် ဆိုပြန်တော့လည်း ကန့်ကွက်ကြပြန်သည်။

သို့သော် ဒေးဗစ်က သူမှန်သည်ဟုသာ တထစ်ချ ယူဆထားပြီးသား . . . .။

'ဆိုင်းနိုင်း'ကျွန်းဆွယ်မှ အစ္စရေးတပ်များ ရုပ်သိမ်းသည်မှာ မှားများ မှားသလား . . . .။

လေ့လာရေးသမား အားလုံးလိုလိုက တပ်များရုပ်သိမ်းခြင်းသည် အလွန်မှန်သည်ဟုသာ ထင်ကြေးပေးကြ၏။

တစ်နေ့ ဆိုင်းနိုင်း စစ်ဆင်ရေးပြန် ရဲဘော်ဟောင်းများ စုဝေးပွဲတွင် ဒေးဗစ်က ဝမ်းနည်းစကားဆို၏။

'ဆိုင်းနိုင်းကို မင်းတို့က နိုင်အောင်တိုက်တယ်၊ ငါက ပြန်ဆုတ်ခဲ့တယ်'တဲ့။

## မဟာမိတ်သစ်ရှာပုံတော်

'ဆိုင်းနိုင်း' စစ်ဆင်ရေးမစမီ ရက်အနည်းငယ်အလို့က ဒေးဗစ်ဘင်ဂူရီယန်သည် အသက် (၇၀)ပြည့်မွေးနေ့ကို 'ဇေဒီဗိုကာ'ကျေးရွာရှိ နေအိမ်ငယ်တွင် ကျင်းပခဲ့သည်။ အသက်အရွယ်ကြီးပြင်းလာခြင်းက မိမိ၏ စိတ်ဓါတ်ကြံ့ခိုင်မှုကို မည်သို့မျှမထိခိုက်သေးကြောင်း ပြက်ပြက်ထင်ထင် ပြလို၍ဖြစ်၏။

စစ်ဆင်ရေးကာလပြီး၍ အခိုက်အတန့်စစ်ပြေငြိမ်းနေခိုက်တွင် ဒေးဗစ်က သမ္မာကျမ်းစာသမိုင်းများကို အပတ်တကုတ်လေ့လာဆည်းပူး၏။ ဦးနှောက်ကောင်းမြဲ ကောင်းဆဲ . . . . ။ သို့သော် အသက်အရွယ်က ခန္ဓာကိုယ်ကိုမူ ထိခိုက်စပြုလာပြီ။

သို့သော် . . . . (၁၉၅၇)ခုနှစ်တွင် ပို၍အသက်ရှည်ခွင့် ကြုံလာခဲ့ရ၏။ ဆရာဝန်တစ်ဦး၏ ညွှန်ကြားချက်အရ ဒေးဗစ်က 'ယောဂီ'ကျင့်စဉ်ကို အပြင်းအထန် လေ့ကျင့်သည်။ နေ့စဉ် (၃-၄)မိုင်လမ်း လျှောက်သည်။ ကျန်းမာရေးလေ့ကျင့်ခန်း အတူယှဉ်ကြသူ သက်တော်စောင့်များပင် အသက်ရှူ မှားမတတ်ပင်။ ပင်ပင်ပန်းပန်း ဖြစ်ခဲ့ရ၏။ ကျန်းမာရေးအတွက်ထက် ကိုယ်ခန္ဓာကြံ့ခိုင်ဖို့လိုသည်။

လုပ်ဖော်ကိုင်ဖက်များ၏ တိုက်တွန်းအားပေးမှုဖြင့် ဒေးဗစ်ဘင်ဂူရီယန်က ဥရောပနိုင်ငံများသို့ ချစ်ကြည်ရေး ကမ်းလှမ်းခဲ့သည်။ အထူးသဖြင့် ပြင်သစ်နိုင်ငံနှင့်

မဟာမိတ်နိုင်ငံ ဖြစ်စေရန် ကြိုးပမ်းသည်။ စင်စစ် ပြင်သစ်နှင့် အစ္စရေးနိုင်ငံတို့ ဆက်ဆံရေးသည် ဘယ်သောအခါကမှ မပြေပြစ်ခဲ့ . . .။ စူးအက်အရေးအခင်းက နှစ်နိုင်ငံရင်းနှီးဖို့ အကြောင်းဖန်လာသည်။ နောက်ပိုင်းတွင် အချိန်အတန်ကြာသည်ထိ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယုံကြည်အားကိုးမှုရခဲ့သည်။ ပြင်သစ်က အစ္စရေးနိုင်ငံသို့ 'ဗော်တိုး' ဂျက် ဗုံးကြဲလေယာဉ်များ၊ 'စူပါမစ်ထရီ' တိုက်လေယာဉ်များ၊ တင့်ကားများ၊ အမြောက်လက်နက်များကိုပေးခဲ့သည်။ 'အိလတ်သ်'မှ နဂျစ်သဲကန္တာရကိုဖြတ်၍ 'ဟိုင်ဖာ'သို့ ရေနံပိုက်လိုင်းကိုလည်း ပြင်သစ်အင်ဂျင်နီယာများကပင် ဆောက်လုပ်ပေးသည်။ ကုလသမဂ္ဂတွင် ပြင်သစ်နိုင်ငံက အစ္စရေးနိုင်ငံကိုသာ အမြဲထောက်ခံသည်သာ . . . .။

အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်ဖြစ်ရန်မှာ ဒေးဗစ်၏ ဒုတိယရည်မှန်းချက်ဖြစ်သည်။ အမေရိကန်နှင့် ဆွေးနွေးရန်ကို ဒေးဗစ်ကိုယ်တိုင် ကြပ်မတ်ကွပ်ကဲခဲ့သည်။ ဆိုင်းနိုင်း စစ်ဆင်ရေးကာလအတွင်းက ရခဲ့သော အတွေ့အကြုံအရ အမေရိကန်၏ ထောက်ခံမှု သို့မဟုတ် အနည်းဆုံး အမေရိကန်၏ ကြည်ကြည်ဖြူဖြူ သဘောတူညီမှုမရဘဲ ဘာကိုမျှ မလုပ်နိုင်ကြောင်းသိခဲ့ရ၏။ စစ်အေးကာလဖြစ်၍ အမေရိကန်နှင့် နီးစပ်ရန် နည်းလမ်းရှိနေသည်။ တခြားတော့မဟုတ် ဒေးဗစ်က အရှေ့အလယ်ပိုင်းဒေသတွင် ကွန်မြူနစ်ဆန့်ကျင့်ရေးကို တွင်တွင်ကျယ်ကျယ် လုပ်ဖို့သာ လိုတော့၏။

ဒေးဗစ်ကလည်း သည်အခွင့်အရေးကို လက်လွှတ်မခံ . . .။ အလျင်စလိုအမိအရ ဆုပ်ကိုင်ထားမိလျက်သား ရှိနေ၏။ အစ္စရေးနိုင်ငံအား အနောက်အုပ်စုကာကွယ်ရေးစီမံကိန်းအောက်သို့ အလိုလိုရောက်သွားရလေအောင်ဟူသော ရေရှည်တွက်ကိန်းချလျက် ဒေးဗစ်က ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နေခြင်းတည်း။ အမေရိကန်သို့မဟုတ် 'နေတိုး' စစ်စာချုပ်အဖွဲ့မှ အစ္စရေးနိုင်ငံ နယ်နိမိတ်လုံခြုံရေးအတွက် အာမခံချက်ရရှိရန်နှင့် စစ်ရေးသဘောတူညီချက်ရရှိရန်မှာ (၁၉၅၇)ခုနှစ်တွင် ဒေးဗစ်ချမှတ်သော ဝါဒ၏ နိုင်ငံရေးအခြေခံများပင်ဖြစ်၏။ 'နေတိုး'စစ်စာချုပ်အဖွဲ့ဝင်၊ ပြင်သစ်နိုင်ငံ၏ အကူအညီကို ရယူခဲ့သည်။ သို့သော် မအောင်မြင်ခဲ့. . .။

'နေတိုးအဖွဲ့'၏ အာမခံချက်ကိုရယူရန် အားစိုက်ခွန်စိုက် ကြိုးစားခဲ့သော်လည်း အရေးနိမ့်ခဲ့သည်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြေကွဲစရာအဖြစ်နှင့်လည်း ကြုံဆုံရပြန်သည်။

(၁၉၅၇)ခု အောက်တိုဘာလ (၂၉)ရက်နေ့တွင် ဖြစ်၏။ ဂျေရုစလင်မြို့ရှိ

အမျိုးသားလွှတ်တော်၏ ပြင်ပညွှန့်သည်များ နားထောင်ရာ စင်မြင့်ပေါ်မှ လူငယ်တစ်ဦးက အမတ်များအလယ်တည့်တည့်သို့ တစ်ခုခုကိုပစ်ချလိုက်၏။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနေထိုင်ရာ စားပွဲကို လွဲချော်သွားပြီး ကြမ်းပြင်ပေါ် ကျသွားသည်။ စက္ကန့်အနည်းငယ်အတွင်း ကြောက်စရာ ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာသည်။ ပြီးလျှင် ကြောက်ကြောက်လန့်လန့် ထိတ်ထိတ်ပျာပျာနှင့် ငယ်သံပါအောင် အော်သံများကြောင့် ကမ္ဘာပျက်မတတ်ဖြစ်ခဲ့ရ၏။

'ကိုယ့်နေရာ ကိုယ်နေကြ'

ဒေးဗစ်က သွေးအလိမ်းလိမ်းပေနေသော ခြေထောက်ကို ကန်၍ရပ်ရင်း အော်ပြော၏။ လုပ်ဖော်ကိုင်ဖက် အတော်များများ ဒဏ်ရာရသွားကြ၏။ အကယ်၍သာ ဗုံးသည် စားပွဲကိုထိမှန်ပြီး ပေါက်ကွဲခဲ့လျှင် ဝန်ကြီးများ အဖွဲ့ဝင်အတော်များများ သေဖွယ်ရာသာရှိ၏။ ဗုံးဖောက်ခွဲသော လူငယ်ကို ဖမ်းဆီးမိသည်။ သို့သော် စိတ်ရောဂါဝေဒနာရှင်တစ်ဦးဖြစ်နေကြောင်း ဆေးစစ်ချက်မှသိရ၏။ ဗုံးကွဲခြင်းကြောင့် အသေအပျောက်မရှိ . . ။ ထိခိုက်ဒဏ်ရာရသော်လည်း စိုးရိမ်ရသည့် အခြေအနေတွင်မရှိ . . . . ။ သို့သော် ဒေးဗစ်အပါအဝင် ဒဏ်ရာရသူများအား ဆေးရုံမှ မဆင်းစေခဲ့ . . . . ။

သတင်းကြားလျှင်ကြားခြင်း ဒေးဗစ်၏ စစ်ဘက်လက်ထောက် 'နီးဟီးဗီး ယာအာဂေါ်' သည်တယ်လ်အဗီးမြို့မှ စိုးရိမ်တကြီးဖြင့် ရောက်လာသည်။ အကယ်၍ သူသာလျှင် အနီးအနားသို့ရှိခဲ့ပါက သူ့အလုပ်မှာ ဒေးဗစ်အား ကာကွယ်စောင့်ရှောက်ရန်နှင့် ကူညီမစပေးရန်ဖြစ်၏။ 'အာဂေါ်' သည် ဒေးဗစ်ကုတင်ဘေးတွင် (၄)ရက်လုံး မခွဲမခွာနေခဲ့သည်။

တစ်နေ့ တယ်လ်အဗီးမြို့သို့ ကားမောင်းပြီးအပြန် ပွင့်နေသော မှန်ပြူတင်းမှ လင်းနို့တစ်ကောင် ရုတ်တရက်ဝင်လာပြီး မျက်နှာကို လာအုပ်သည်ကြောင့် ကားကို မထိန်းနိုင်ဖြစ်နေစဉ် ရှေ့တူရူမှလာသော စက်ဘီးစီးသူတစ်ဦးကို ဝင်တိုက်မိ၏။ ဒဏ်ရာအပြင်းအထန်ရသူအား ဆေးရုံသို့ခေါ်သွားခဲ့ရာ သေမည်ဖြစ်ကြောင်း သိရ၏။ ဝမ်းနည်းလွန်း၍ စာဖတ်ခန်းအတွင်းမှာ သော့ခတ်ပြီး မည်သူနှင့်မျှ အတွေ့မခံ။ နောက်တစ်နေ့တွင် နဖူးတည့်တည့်၌ သွေးစို့စို့ဒဏ်ရာနှင့် သေနေသည်ကို တွေ့ရ၏။ သူ့ညာလက်ထဲတွင် ခြောက်လုံးပြူးကိုင်လျက်သား ရှိနေသည်။ အစပထမတွင်ဒေးဗစ်ကိုငဲ့ညာပြီး သတင်းစာများကပင် အစဉ်အလာကိုပစ်ပယ်၍ သည်သတင်းကို မဖော်ပြခဲ့။ ဆေးရုံတက်နေသောဒေးဗစ်ထံ သတင်းသွားမေးသူများ အဖွဲ့

တွင် ဒါယန်းကပါသွားပြီး ဦးစွာပထမ ဒေးဗစ်ကို ထုတ်ဖော်ပြောပြသည်။ သတင်းကြားလျှင်ကြားခြင်း ဒေးဗစ်မှာ တုန်လှုပ်သွားမိသည်။ မသေမီက 'အာဂေါ'ရေးသွားသောစာကို 'ဒါယန်း'ကလှမ်းပေး၏။ ဒေးဗစ်က ဖတ်ပြီးသည်နှင့် မျက်နှာကိုခေါင်းအုံးတွင်အပ်ကာ တသိမ့်သိမ့်တုန်အောင် ငိုနေရသည်မှာ မြင်ရသူများအဖို့ တကယ့်စိတ်မချမ်းမြေ့စရာ။

(၁၉၅၇)ခုနှစ်ကုန်တွင် အစ္စရေးနိုင်ငံအား ကာကွယ်ရန် 'နေတိုး'အဖွဲ့၏ အာမခံချက်ကို မရသည့်ကြောင့် ဒေးဗစ်က အခြားဥရောပနိုင်ငံ တစ်နိုင်ငံသို့ အာရုံပြောင်းရပြန်၏။

အရှေ့အလယ်ပိုင်းဒေသရှိ အိမ်နီးချင်းနိုင်ငံ အချို့နှင့်ပါ မဟာမိတ်ဖွဲ့ရန် ခြေလှမ်းပြင်လာသည်။

အီဂျစ်နှင့် ဆီးရီးယားတို့ပူးပေါင်းပြီး 'အာရပ်ပြည်ထောင်စုသမ္မတနိုင်ငံ' **(U.A.R)** တည်ထောင်သည်ကို တူရကီနိုင်ငံ အီသီယိုးပီးယားနိုင်ငံတို့က စိုးရိမ်ပူပန်နေ၏။ အစ္စရေးနှင့် အီသီယိုပီးယားနိုင်ငံတို့က တိတ်တဆိတ် ချစ်ကြည်ရေး အဆက်အသွယ် လုပ်ခဲ့ပြီးပြီ။

ဒေးဗစ်ဘင်ဂူရီယန်၏ သံတမန်များက အရှေ့အလယ်ပိုင်းဒေသတွင် အရပ်လေးမျက်နှာကို ခြေဆန့်ကာ မဟာမိတ်ရှာပုံတော် ထွက်ခဲ့သည်။ မိမိလုပ်ရပ်အပေါ် အနောက်အုပ်စု အင်အားကြီးနိုင်ငံများက မည်သို့သဘောထားသည်ကို တီးခေါက်ကြည့်ရပေမည်။ (၁၉၅၀)ခုနှစ်၊ မေလဆန်းတွင် 'မိုရှေဒါယန်း'က 'ဖီးမာရှယ်မွန်ဂိုမာရီ'နှင့် တွေ့ဆုံဆွေးနွေးသည်။ မွန်ဂိုမာရီသည် မကြာမတင်မှာပင် အမေရိကန်သို့သွား၍ သမ္မတအိုက်ဆင်ဟောင်ဝါနှင့် တွေ့ဆုံမည်ဖြစ်ရာ 'ဒါယန်း' ပြောသမျှအား သမ္မတအိုက်ဆင်ဟောင်ဝါသို့ ပြောပြမည်ဟု ကတိပေး၏။

အစ္စရေးတို့က သံတမန်ရေးရာအရ မဟာမိတ်ရှာပုံတော်ကို ဆက်တိုက်ပေါ်သည်။

ထိုအခိုက် အရှေ့အလယ်ပိုင်းဒေသတွင် မငြိမ်မသက်မှုများ ဆက်တိုက်ပေါ်သည်။

ဂျော်ဒန်နိုင်ငံတွင် ဘုရင်ဟူစိန်အား ပုန်ကန်မှုပေါ်လာသည်။ 'ဟူစိန်'က နှစ်နိုင်ငံစာချုပ်အရ 'အီရတ်'နိုင်ငံသို့ အကူအညီတောင်းသည်။ အီရတ်နိုင်ငံက 'ဗိုလ်မှူးကြီးကာစင်'ခေါင်းဆောင်သော ယန္တရားတပ် စစ်ကြောင်းတစ်ကြောင်းကို စေလွှတ်ပေးသည်။ သို့သော် 'ကာစင်'၏တပ်သည် ဂျော်ဒန်သို့မရောက်ခဲ့။

နောက်ကြောင်းပြန်လှည့်ပြီး ဘဂ္ဂဒက်မြို့သို့ဝင်ကာ အရှုံးမရောက်သေးသူ ဘုရင်နှင့် ရင်ခွင်ပိုက်အုပ်ချုပ်သူများကို ရက်ရက်စက်စက် သတ်ဖြတ်လိုက်၏။ ခေါင်းဆောင် သစ်များကို ပြည်သူများက ခရီးဦးကြိုပြု၏။

ဘုရင်ဟူစိန်ကမူ 'အာမင်'မြို့ရှိ နန်းတော်တွင်း၌ သစ္စာရှိ 'ဘီဒိုယင်း' အမျိုးသားတပ်များ အစောင့်အရှောက်ဖြင့် ပိတ်လှောင်ခံနေရ၏။ နာရီပိုင်းအတွင်း ကျတော့မည့် အခြေအနေ . . . . ။

တဖန်၊ လက်ဘနွန်နိုင်ငံတွင် ပြည်တွင်းစစ် ရုတ်တရက်ပေါ်လာပြန်၏။ နတ်ဆာလိုလားသည့် နိုင်ငံရေးပါတီက အာဏာရယူရန် အားထုတ်လာသည်။ လက်ဘနွန်သမ္မတက အမေရိကန်သို့ အကူအညီတောင်းသည်။

ဘုရင်ဟူစိန်က ဗြိတိသျှတို့အား အကူအညီတောင်းသည်။

အမေရိကန် ကမ်းတက်တပ်များက လက်ဘနွန်တွင် တစ်ဘက်မှ နှိမ်နင်း ပေးသည်။ ဂျော်ဒန်တွင် ဗြိတိသျှလေထီးတပ်များဆင်း၍ ဟူစိန်ဆန့်ကျင်ရေး ဂိုဏ်းသားများကို နှိမ်နင်းပေး၏။

သည်အချက်ကို အခွင့်ကောင်းယူ၍ ဒေးဗစ်ဘင်ဂူရီယန်က အစ္စရေးနှင့် ပြင်သစ်ကို ပူးပေါင်းကာကွယ်ရေး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းသည်။

(၁၉၅၈)ခုနှစ် ဇူလိုင်လတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပေါ်ခဲ့သော အရေးအခင်းများက ဒေးဗစ်၏အခြေကို ခိုင်စေခဲ့၏။ သူ့လမ်းစဉ်မှန်သလိုလို၊ ပွက်လောရိုက်ခဲ့သော ပြည်တွင်းအရေးအခင်းများကို ခုတုံးလုပ်ပြီး အနောက်နိုင်ငံ များနှင့် မဟာမိတ်ဖြစ်ရန် ဒေးဗစ်က အစွမ်းကုန်အမြတ်ထုတ်ခဲ့၏။

အီရတ်တွင် စစ်တပ်က အာဏာသိမ်းခြင်းနှင့် ဂျော်ဒန်တွင် ပြည်တွင်းရေး မငြိမ်မသက်မှုများပေါ်ခြင်းတို့ကြောင့် ဗြိတိန်တို့ကလည်း အရှေ့အလယ်ပိုင်းဒေသ တွင် မိမိအတွက် ယုံကြည်အားထားရသော မဟာမိတ် လိုအပ်နေ၏။ သည်အချက် ကို ကောင်းကောင်းရိပ်စားမိသော ဒေးဗစ်က ကောင်းကောင်း အမြတ်ထုတ်လိုက်ပြန် ၏။ ဗြိတိသျှသံအမတ်ကြီးကိုဆင့်ခေါ်၍ အစ္စရေးနှင့် ဗြိတိန်တို့ ပူးပေါင်းဆောင်ရွက် ရေးကို ချပြသည်။ သံအမတ်ကြီးက ဗြိတိန်အစိုးရသို့ တစ်ဆင့်တင်ပြသည်။ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့ကလည်း စိတ်ဝင်စားသည်။

အနောက်ဂျာမနီနှင့် အစ္စရေးနိုင်ငံတို့ ဆက်ဆံရေးသည်လည်း တစ်မျိုး တစ်ဖုံ ပြောင်းလာပြန်၏။ စစ်လျော်ကြေးအတွက် နှစ်နိုင်ငံ စာချုပ်ချုပ်စဉ် အနောက် ဂျာမနီနှင့် သံတမန်အဆက်အသွယ်ပြုရန်အဆိုကို အစ္စရေးက လက်မခံခဲ့။

အနောက်ဂျာမနီက ပေးခဲ့သော စစ်လျော်ကြေး ဒေါ်လာသန်း (၈၀၀)က ဟစ်တလာကြောင့် သွေးစွန်းခဲ့သည့်သမိုင်းကို မဆေးကြောနိုင်။ (၁၉၅၆)ခုနှစ်တွင်မူ အစ္စရေးနိုင်ငံက ဂျာမနီနိုင်ငံနှင့် တစ်နည်းတစ်ဖုံ အဆက်အသွယ်ရှိသင့်သည်ဟု ယူဆလာ၏။ သည်တစ်ကြိမ်တွင် လိုလိုလားလားမရှိသူက ဂျာမနီ။ သို့သော် ပြင်သစ်နိုင်ငံကပင် ဂျာမနီနိုင်ငံနှင့် ရင်းနှီးချစ်ကြည်ရန် လုံးပမ်းနေသည်ကို တွေ့ရသောအခါ အစ္စရေးကလည်း နောက်မှလိုက်ရန် ဆုံးဖြတ်လိုက်၏။

(၁၉၅၇)ခုနှစ်တွင် 'အလုပ်သမားပါတီ'အတွင်းရေးမှူးက အနောက်ဂျာမနီဝန်ကြီးချုပ်နှင့် သွားရောက်တွေ့ဆုံဆွေးနွေးသည်။ ဒေးဗစ်ကလည်း စာတစ်စောင်ရေး၍ ပေးပို့ခဲ့၏။ နှစ်နိုင်ငံ ကိုယ်စားလှယ်များက အထူးလျှို့ဝှက်စွာ ဆွေးနွေးကြ၏။ ဂျာမနီမှ ရေငုပ်သင်္ဘောများနှင့် လက်နက်များဝယ်ယူရန်အတွက် မိုရှေဒါယန်းကို စေလွှတ်ရန် ဆုံးဖြတ်သည်။ သို့သော် သတင်းပေါက်ကြားသွားပြီး အစ္စရေးသတင်းစာများက အကြီးအကျယ်တင်ပြလာ၏။ ဒါယန်း၏ခရီးစဉ်ကို ပယ်ဖျက်သည်။ အနောက်ဂျာမနီနှင့် အဆက်အသွယ်ပြုရေးကိုလည်း အခိုက်အတန့်တွင် ဒေးဗစ်ကဘေးဖယ်ထားရတော့၏။

ကြောက်ကြောက်ရွံ့ရွံ့နှင့် စခဲ့ရသော နှစ်နိုင်ငံဆက်ဆံရေးသည် (၁၉၅၈)ခုနှစ်ကုန်တွင် အတော်အတန် ဖွံ့ဖြိုးတိုးတက်လာ၏။ ဂျာမနီက အစ္စရေးနိုင်ငံသို့ စက်သေနတ်အမြောက်အများနှင့် ခဲယမ်းမီးကျောက်များကို ရောင်းချခဲ့၏။ သည်အချက်ကို အခွင့်ကောင်းယူ၍ လက်ဝဲနိုင်ငံရေးပါတီများက ဒေးဗစ်၏ အစိုးရအဖွဲ့ကို ဖြုတ်ချရန် ကြိုးစားသည်။ ပြည်သူအများစုက ဒေးဗစ်ကို ထောက်ခံသည်။ ဒေးဗစ်က ယခင်အစိုးရဝန်ကြီးအဖွဲ့ဝင်များနှင့်ပင် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းသည်။ အနောက်ဂျာမနီနိုင်ငံနှင့် တိတ်တဆိတ် အဆက်အသွယ်ပြုမြဲပြုနေသည်။

(၁၉၆၀)ခုနှစ်တွင် သံတမန်ရေးရာထုံးစစ်ကို နောက်ပုံစံသစ်သို့ ကူးပြောင်းသည်။ ဒေးဗစ်ကိုယ်တိုင် နိုင်ငံခြားတိုင်းပြည်များသို့ ချစ်ကြည်ရေးခရီးထွက်၏။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## သူ့ဘဝနေဝင်ချိန်

စဝ်စစ် (၁၉၆၀)ပြည့်နှစ်၊ နှစ်ကုန်ပိုင်းတွင် ဒေးဗစ်တစ်ယောက် အောင်ပွဲသရဖူဆောင်းလျှက်၊ ရင်ကော့ခေါင်းမော့လျှက် နေနိုင်လေပြီ။ အထွေထွေရွေးကောက်ပွဲကြီးတွင် အပြတ်အသတ် အနိုင်ရခဲ့၏။ မိမိ၏တပည့်ကျော်ညာလက်ရုံးများဖြစ်သည့် 'မိုရှေဒါယန်း' 'ပဲရီးစ်'နှင့် 'အဗာအီဗန်'တို့ အားလုံးလည်း လွှတ်တော်အမတ်များ ဖြစ်လာသည်။

ထိုနှစ် နွေရာသီတွင် ပြည်ပကိုခရီးထွက်ခဲ့ပြီး အောင်မြင်မှုကို ရင်ဝယ်ပိုက်လျက် 'ပွဲပြန်ကျော့ကျော့' အသွင်ဖြင့် ပြန်လာနိုင်ခဲ့၏။

သို့သော် . . . .

'တက်ကြွားကြွကြွ မြင့်လွန်းက လျှောကျနောက်ဆုံး ရှိချေ၏'ဟု ဆိုသည်မဟုတ်ပါလား။

ဒေးဗစ်ဘင်ဂူရီယန်အဖို့ နိုင်ငံရေးအောင်မြင်မှု၊ ပုဂ္ဂိုလ်ရေးအောင်မြင်မှုများအထွတ်အထိပ်ရောက်ပြီးမှ ရုတ်တရက်လျှောကျစေရသည့်အဖြစ်က တခြားမဟုတ်။ ချိုးခြောက်ကို ရေနွေးသလို မိမိကိုယ်တိုင် ပါဝင်ပတ်သက်ခြင်း အလျဉ်းမရှိခဲ့သည့် 'လေဗွန်အရေးအခင်း'၏ နောက်ဆက်တွဲပြဿနာ ပေါ်လာခြင်းပင်ဖြစ်၏။

ငါးနှစ်ကြာခဲ့သည့် ကာလအတွင်း ဘယ်အရာမဆို မေ့ပျောက်၍ ရနိုင်ခဲ့၏။

အရေးအခင်းအဖြစ်အပျက်မှ ပေါ်ခဲ့သည့် ဒဏ်ရာဒဏ်ချက်များလည်း ပကတိ ပျောက်ကင်းနိုင်ခဲ့ပြီ။

သို့သော် 'လေဗွန်အရေးအခင်း'မှ ရခဲ့သော ဒဏ်ရာဒဏ်ချက်များက ယခုတိုင် အကင်းမသေသေး။ ပါဝင်ပတ်သက်သူများအဖို့ မေ့ပျောက်၍ မရနိုင်သေးခဲ့ . . . . ။

ကာကွယ်ရေးဝန်ကြီးဟောင်း 'လေဗွန်' အားဝန်ကြီးရာထူးမှ ဖယ်ရှားခဲ့သော်လည်း အရေးကြီးသည့် ရာထူးတစ်နေရာတွင် တာဝန်ပေးထားဆဲ။ သူ့အဖို့ တိုးတက်ရာ တိုးတက်ကြောင်းများကိုမူ ဟန့်တားပိတ်ပင်ထားခဲ့လေပြီ။ သည်အဖြစ်ကို တွေးမိလေတိုင်း 'လေဗွန်'က အခဲမကြေနိုင်ခဲ့။ ကျားနာလို တွေ့ရာကိုက်တော့မည့်နှယ် . . . . ။

ကျန်းမာရေးကြောင့်သာဆိုကာ 'လေဗွန်'သည် မကြာခဏ ဆွစ်နိုင်ငံသို့ အပန်းဖြေထွက်သွားသည်။ (၁၉၆၀)ခု နွေရာသီ အပန်းဖြေခရီးမှအပြန်တွင် သတင်းစာဆရာများနှင့် တွေ့ဆုံပြီး 'လေဗွန်အရေးအခင်း'နှင့် ပတ်သက်၍ ထုတ်ဖော်ပြောပြစရာများရှိသည်ဟု ကြေငြာလိုက်သည်။

(၁၉၆၅)ခုနှစ်က အီဂျစ်နိုင်ငံတွင် အစ္စရေးတို့၏ သူလျှိုလုပ်ငန်းကြီး ပျက်စီးရာပျက်စီးကြောင်းလုပ်ခဲ့သည့် နှစ်ဘက်ချွန်သူလျှို 'ခ'သည် ယခုအခါ အစ္စရေးနိုင်ငံ၏ တစ်ခုသောအကျဉ်းထောင်အတွင်း ရောက်နေခဲ့လေပြီ။ သူလျှို 'ခ'က (၁၉၅၅) ခုနှစ်တွင် စုံစမ်းရေးကော်မရှင်ရှေ့မှောက်၌ မိမိပေးခဲ့သော သက်သေခံများမှာ အမှားများသာဖြစ်ကြောင်း ထုတ်ဖော်လာပြန်၏။ သည်ကဲ့သို့ မဟုတ်မမှန် မုသားပြောခဲ့ရခြင်းမှာလည်း ဗိုလ်မှူးကြီး 'က'နှင့် ၎င်း၏ တပည့်တပန်းများခိုင်းစေချက်ကြောင့်ဖြစ်ပါသည်ဟုလည်း ဆိုပြန်၏။ ဗိုလ်မှူးကြီး'က'နှင့်အဖွဲ့၏ ရည်ရွယ်ချက်မှာ သည်စီမံကိန်းကြီးတစ်ခုလုံးမှ ပေါ်ပေါက်လာသော ဆိုးကျိုးမှန်သမျှ 'လေဗွန်' ကြောင့်ဖြစ်ရသည်ဟု အပြစ်ပုံချရန် ဖြစ်သည်တဲ့။

'လေဗွန်'သည် (၁၉၅၄)ခု ဇူလိုင်လ (၁၆) ရက်နေ့တွင် ဗိုလ်မှူးကြီး'က'နှင့် မတွေ့ဆုံမီ သတင်းနှစ်ပတ်ကပင်လျှင် 'အီဂျစ်ရောက်အစ္စရေးသူလျှိုအဖွဲ့'၏ အကြမ်းဖက်လုပ်ရပ်များကို သိရှိထားနှင့်ပြီးဖြစ်၏။ သို့သော် လုပ်ငန်းကြီး၏ နောက်ကွယ်တွင် အီဂျစ်တို့လည်း ပါဝင်နေသည်ကို စိုးစဉ်းမျှမသိခဲ့ . . . . ။ သို့ကြောင့်လည်း အကြမ်းဖက်လုပ်ရပ်များ တစ်ခွန်းတစ်စ ကျူးလွန်ခဲ့ပြီး အရေးနိမ့်လျက်ရှိသော အခါမှ မူလစီမံကိန်းအတိုင်း အကောင်အထည်ဖော်ရန် မိမိက အမိန့်ပေးဖို့

ဗိုလ်မှူးကြီး 'က'က မေတ္တာရပ်ခံနေခြင်းသာဟု သဘောပေါက်ခဲ့၏။

သည့်နောက်တွင် မိမိအပေါ် လုံးဝအပြစ်ပုံချလို၍ ဗိုလ်မှူးကြီးသက်သေ 'က'က မဟုတ်မမှန် အထောက်အထားများ လုပ်ကြံတီထွင်ကာ တဖန် သူလျှို 'ခ'ကို လည်း စုံစမ်းရေးကော်မရှင်ရှေ့တွင် မုသားပြောစေ၍ ၎င်း၏အပြစ်ကိုမူ ဖုံးကွယ်ထားရန် ကြိုးစားခဲ့ကြောင်း 'လေဗွန်' ရိပ်စားမိလာသည်။ သူလျှို 'ခ'ကလည်း အမှုအခင်းကို သပွတ်အူဖြစ်အောင်ဖန်တီးပြီး မိမိ၏ ယုတ်ယုတ်မာမာ ကလိမ်ဉာဏ်ဆင်ခဲ့သည်များကို မရိပ်စားမိလေအောင် ခြေရာဖျောက်ခဲ့၏။ သူလျှို 'ခ'၏ မဟုတ်မမှန်ထွက်ခဲ့ခြင်းကြောင့် 'လေဗွန်'တစ်ယောက် 'ဝက်'ဖြစ်ခဲ့ရသည်ဟုတော့ ခေါင်းဆောင်အချို့က ရိပ်စားမိသား . . . .။ သို့ရာတွင် သူလျှို 'ခ'ကို တွေ့ရှိဖမ်းဆီးမိခဲ့ပြီး စစ်ကြောခဲ့သောအခါမှ ဗိုလ်မှူးကြီး'က'က တစ်ဝက်တစ်ပျက်မျှ မှန်သည့် 'လေဗွန်'က အမိန့်ပေး၍သာဟူသော စွပ်စွဲချက်ဖြင့် မိမိလုပ်ရပ်များကို ဖုံးကွယ်ရန် မဟုတ်မမှန် လုပ်ဇာတ်ခင်းခဲ့သည်များအား ပြက်ပြက်ထင်ထင် တွေ့မြင်လာတော့သည်။

သို့ကြောင့်လည်း 'လေဗွန်'က မိမိတွင် အပြစ်မရှိသောကြောင့် ပြန်လည်ရာထူးပေးရန် တောင်းဆိုလာ၏။ လွန်ခဲ့သော လများကပင် 'လေဗွန်'က မိမိဘက်မှ အသာစီးရမည့် ထွက်ချက်များကို စုဆောင်းပြီး ဒေးဗစ်ထံ ပို့ပေးသည်။ ဒေးဗစ်က စစ်ဘက်စုံစမ်းရေးကော်မရှင်ကို ဖွဲ့စေပြီး စုံစမ်းစစ်ဆေးရန် အမိန့်ပေးခဲ့၏။ စုံစမ်းရေးကော်မရှင်က၊ ဗိုလ်မှူးကြီး 'က'သာ အပြစ်ရှိကြောင်း တွေ့ရှိခဲ့၏။ ဗိုလ်မှူးကြီး'က' အား ဒေးဗစ်အမိန့်ဖြင့် အစ္စရေးစစ်တပ်မှ ပြစ်တင်ရှုတ်ချလျက် ရာသက်ပန်ထုတ်လိုက်၏။

'လေဗွန်'က ကော်မရှင်မှ မည်သို့စစ်ဆေးတွေ့ရှိကာ အဆုံးအဖြတ်ပေးမည်ကိုမစောင့်နိုင် . . . .။ ဆွစ်နိုင်ငံမှ ပြန်ရောက်ပြီး အနည်းငယ်အကြာ စက်တင်ဘာလ (၂၆)ရက်နေ့တွင် ဒေးဗစ်ဘင်ဂူရီယန်ကိုတွေ့ရန် ဂျေရုစလင်မြို့သို့ တက်ခဲ့သည်။ အရေးအခင်းနှင့်ပတ်သက်သော ကဏ္ဍအထွေထွေကို အပြန်အလှန် ဆွေးနွေးသည်။ အခြေအနေကမူ သာတောင့်သာယာမရှိလှ . . .။ 'လေဗွန်'က 'အီဂျစ်စစ်ဆင်ရေး'ကို မိမိကအမိန့်ပေးခဲ့ခြင်း၌ မိမိတွင် လုံးဝအပြစ်မရှိကြောင်း တရားဝင်အမိန့်ထုတ်ပြန်ပေးရန် ဒေးဗစ်အား အတင်းအကြပ်တောင်းဆိုသည်။ ဒေးဗစ်ကလည်း ခါးခါးသီးသီးငြင်း၏။

'ဒီမှာ . . . . လေဗွန်၊ မင်းကို ငါဘယ်လိုမှ မစွပ်စွဲခဲ့ဘူး . . .။ မင်းကို

တရားသေလွှတ်ရအောင်၊ ငါက တရားသူကြီးလည်းမဟုတ်။ (၁၉၅၄)ခုနှစ်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာကိုလည်း ငါမစုံစမ်းရသေးဘူး . . .။ အဲဒီလို စုံစမ်းဖို့ ငါ့မှာ အာဏာလည်းမရှိဘူး . . . .။ မင်းတောင်းဆိုတဲ့အတိုင်း ငါက ခွင့်ပြုရင်လည်း ဘာမှအကျိုးရှိမှာ မဟုတ်ဘူး . . . .။ ငါက တရားသူကြီးမှ မဟုတ်ဘဲကိုး . . .'။

ဒေးဗစ်ဘင်ဂူရီယန်၏ သဘောထားက ရှင်းပါ၏။ မဟုတ်မမှန် သက်သေထွက်ခဲ့သည်လား၊ 'လေဗွန်'တွင် အပြစ်ကင်းသည်လားကို တရားဥပဒေကြောင်းအရ စုံစမ်းစစ်ဆေးရမည် ဆိုသည့်သဘောပင် . . . .။

'လေဗွန်'လည်း မကျေမနပ်ဖြစ်ကာ ဒေါသူပုန်ထလျက် ထွက်ခဲ့ရ၏။ သည်ကိစ္စကို တရားရုံးတွင်ထား၍ ရင်ဆိုင်ရန် 'လေဗွန်'က မရည်ရွယ် . .။ ရုံးတက်ရမည့်အစား၊ 'လေဗွန်'က အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးရာနှင့် ကာကွယ်ရေးကော်မတီသို့ ခြေဦးလှည့်ခဲ့၏။

နောက်ရက်များတွင် ဒေးဗစ်နှင့် 'လေဗွန်'၊ သူတို့နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး ကြည်ကြည်ဖြူဖြူ စာအဆက်အသွယ်ရှိလာကြ၏။ သို့သော် သတင်းစာများက အပြန်အလှန်ပေးစာပါ အကြောင်းအရာများကို သိရှိသွားကာ မျက်နှာဖုံးမှ အသားပေးဖော်ပြကြ၏။ ထူးဆန်းသည်က သတင်းစာဇာတ်လမ်းမှာ တစ်ဖက်သက်ဖြစ်လွန်း၏။ တပ်အရာရှိကြီးများကို ဦးတည်တိုက်ခိုက်လျက်ရှိသည်။ 'ပဲရီးစ်၊ဒါယန်း တို့ကို အဓိကပြစ်မှတ်အဖြစ် သဲသဲမဲမဲ 'ဆော်'ကြ၏။ ဒေးဗစ်ကိုလည်း ချမ်းသာမပေး . . . .'။

သည်တွင် ဒေးဗစ်က သံသယရှိလာသည်။ မည်သည့်နေရာက သည်သတင်း ပေါက်ကြားသည်ကို သူသိသည်ထင်၏။ မိမိလက်ထဲတွင်သာရှိသော စာပါအကြောင်းအရာများကို ညနေပိုင်းထုတ် သတင်းစာတစ်စောင်က ထုတ်ဖော်ရေးသားသောအခါ သူ့အထင်မှာ သွေးထွက်အောင်မှန်ကြောင်း ပို၍သေချာတိကျလာ၏။ 'လေဗွန်'ကိုခေါ်၍ သတင်းစာက အဆိုပါသတင်းကို ဘယ်လိုရသနည်းဟု မေး၏။ 'လေဗွန်'က ဝေ့လည်ကြောင်ပတ်လုပ်နေသည်။ ဒေးဗစ်က 'လေဗွန်'ထံ စာမရေးတော့ 'လေဗွန်'သည် ဒေးဗစ်ရန်သူ အလိုလို ဖြစ်ခဲ့ရ၏။

သို့သော် စိတ်ဆိုးမည့်သာ ဆိုးခဲ့ရသည်။ 'လေဗွန်'က မိမိဆန့်ကျင် တိုက်ခိုက်နေခြင်း၏ တကယ့် သဘောသဘာဝနှင့် မည်သို့ ဦးတည်ရှေ့ရှုသည်ကို ဒေးဗစ် ရိပ်စားမိဟန်မတူ . . . .။

အရှိန်အဝါ အထွတ်အထိပ်ရောက်နေချိန်တွင် မိမိ၌ အားကိုးမှဲ့နေသည့်

အဖြစ်ကို ဒေးဗစ် စိုးစဉ်းမျှမသိ။ 'လေဗွန်' အရေးအခင်း၏ ဒုတိယဆင့်သည် အချိန်အတန်ကြာကပင် မြိမ်းခြောက်လျက်ရှိနေသည့် ဒေးဗစ်အရိုက်အရာကို ဆက်ခံမည့် ပြဿနာအတွက် အကြိတ်အနယ် တိုက်ပွဲဖြစ်လာမည်ကို ဒေးဗစ် ကြိုမမြင်မိခဲ့ . . . ။

တစ်ချိန်က ဒေးဗစ်၏အရိုက်အရာကို ဆက်ခံလိမ့်မည်ဟု ထင်ခဲ့ရသော ဒေးဗစ်၏ ညာလက်ရုံးများ ဘာဖြစ်ကုန်သနည်း။

'မိုရှေးရာရတ်'သည် ယခုအခါ ဂျူးအလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံရေးမှ တစ်ဝက်တစ်ပျက် အနားယူသွားသည့် အခြေအနေတွင်ရှိ၏။ မည်သို့သောအခြေအနေဆိုးနှင့်ပင် ကြုံနေရ ကြုံနေရ 'ရှာရတ်'ကမူ ဒေးဗစ်အား အကူအညီပေးရန်လာလိမ့်မည်မဟုတ်။ ဒေးဗစ်ကို ခါးခါးသီးသီး မမုန်းစေဦးတော့။ ဒေးဗစ်အကြောင်း တွေးမိလေတိုင်း ဒေါသထွက်မိသည်ကတော့ အမှန် . . . ။

'လက်ဗီအက်ရှ်ကိုးလ်'ကမူ ဇာစဉ်သဖြင့် သစ္စာရှိ လက်ပွန်းတတီးနေခဲ့သည့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်၏။ သို့ရာတွင် မဋ္ဌိမပဋိပဒါ ဝါဒီ ဖြစ်သောကြောင့် တစ်ဖက်ကိုကပ်၍ ကျန်တစ်ဖက်ကိုကန်ရန် ဝန်လေးသူတစ်ဦးဖြစ်၏။

'ဂိုလ်ဒါမေယာ' (၁၉၅၅)ခုနှစ်က ဝန်ကြီးချုပ်အဖြစ် တာဝန်ပြန်ယူရန် ဒေးဗစ်အား တိုက်တွန်းခဲ့သူများတွင် 'ဂိုလ်ဒါမေယာ'လည်း ထိပ်တန်းမှ ပါဝင်သူ သို့သော် ထိုအချိန် ထိုအခါမှစ၍ 'ဂိုလ်ဒါမေယာ'လည်း စိတ်ပြောင်းခဲ့လေပြီ။ သူမကိုင်ရသော နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အချိန်ကုန်နေတော့၏။ သူမ၏ လုပ်ပိုင်ခွင့်များ၊ အခွင့်အာဏာများအားလည်း ထိပါးလာမည်ကို အစိုးရိမ်ကြီးစိုးရိမ်နေသည်။ မိမိအား မတိုင်ပင်မဆွေးနွေးဘဲ 'ရှီမွန်ပဲရီးစ်'အား လွတ်လပ်သော နိုင်ငံခြားရေးဝါဒ ကျင့်သုံးခွင့်ပေးထားခြင်းနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေသည်ကို အားလုံးသိ၏။ ရာထူးမှ နှုတ်ထွက်မည်ဟုလည်း ကြိမ်ဖန်များစွာ ခြိမ်းခြောက်ခဲ့၏။ မိမိနှင့် 'ရှာရတ်'တို့ သဘောမတိုက်ဆိုင်မှုများမှာလည်း ယခုအခါ ပဲရီးစ်နှင့် သဘောမတိုက်ဆိုင်သည့်အဖြစ်သို့ အသွင်ပြောင်းလာသည်။ စင်စစ် ဂိုလ်ဒါမေယာက ဒေးဗစ်ကို မဆန့်ကျင်၊ သူမ ဆန့်ကျင်သည်က 'ပဲရီးစ်'၊ နောင်ပေါ်လာမည့် အာဏာလုပွဲတွင် ဂိုလ်ဒါမေယာ၏ ပုဂ္ဂိုလ်ရေးခံစားချက်များကလည်း များစွာစကားပြောခဲ့၏။

'လေဗွန်အရေးအခင်း'သည် မျိုးဆက်နှစ်ဆက်တို့၏ ထိပ်တိုက်တွေ့ကြရသည့် စစ်တလင်းဖြစ်၏။ 'အလုပ်သမားပါတီ'မှ ခေါင်းဆောင်အိုကြီးများနှင့် ဒေးဗစ်ဘင်ဂူရီယန်၏ တက်သစ်စခေါင်းဆောင်ငယ်များ ထိပ်တိုက်တွေ့ကြရမည့် တိုက်ပွဲ . . . ။

ဒေးဗစ်ဘင်ဂူရီယန်က မိမိနှင့် လုပ်ဖော်ကိုင်ဖက်ဟောင်းကြီးများထက် လူငယ်လူရွယ်တို့ဘက်သို့ 'မဲတင်း' သူဖြစ်၏။

တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွင် တက်တက်ကြွကြွပါဝင်ခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲဖြင့် အရည်အချင်းမြင့်လာသူ လူငယ်လူရွယ်များထဲမှသာ မိမိ၏ အရိုက်အရာကို ဆက်ခံသင့်သည်ဟု သဘောရ၏။

လုပ်ဖော်ကိုင်ဖက်ဟောင်းကြီးများကမူ ဒေးဗစ်အပေါ်တွင် အယုံအကြည် နည်းလာသည်။ ကလန်ကဆန် လုပ်လာသူများတွင် 'လေဗွန်'၊ 'နမား'၊ 'ရှာရတ်'နှင့် အချို့ပါဝင်၏။ သို့သော် သို့ကလို အားခံပြီး ကလန်ကဆန်လုပ်ရန် တွန်းအားပေးသူ များမှာ 'ဂိုလ်ဒါမေယာ' ပညာရေးဝန်ကြီး 'အာရမ်'နှင့် စက်မှုဝန်ကြီး 'စပါး'တို့ဖြစ်၏။

(၁၉၅၉)ခုနှစ်၊ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲ ရလာဒ်များအရ လူငယ်များအား ရွေ့တန်းတင်ခဲ့သည့် ဒေးဗစ်၏လုပ်ရပ်က မှန်သယောင်ယောင်။ ပဲရိုးစ်၊ ဒါယန်းနှင့် အီဗန်တို့အား အမတ်လောင်းစာရင်းတွင် ထိပ်ဆုံးမှဖော်ပြစေခဲ့ သည်၊ အားလုံးလည်း အရွေးခံရသည်။ 'အလုပ်သမားပါတီ'လည်း အောင်မြင်ခဲ့ ပါ၏။

သို့သော် လုပ်ဖော်ကိုင်ဖက်ဟောင်းကြီးများကမူ မျှော်လင့်ချက် မကုန် သေး။

'လေဗွန်' အရေးအခင်း ဒုတိယအကြိမ် ပြန်ပေါ်လာသည်ကို အခွင့် ကောင်းယူလျှင် ကလဲ့စားချေခွင့် ကြုံသေးသည်။

စင်စစ် 'အလုပ်သမားပါတီ' အတွင်း၌သာ အကြိတ်အခဲဖြစ်ပြီး ဒေးဗစ် ဘင်ဂူရီယန် ဆန့်ကျင်ရေး လုပ်နေသည်မဟုတ်သေး။ အတိုက်အခံပါတီကလည်း ရွေးကောက်ပွဲတွင် အရေးနိမ့်ခြင်းကို ပြန်လည်တုန့်ပြန် ကလဲ့စားချေရန်အတွက် 'လေဗွန်'အရေးအခင်း ပြန်ပေါ်လာသည်ကို အခွင့်ကောင်းယူကာ ဒေးဗစ်ကိုသာ မက 'အလုပ်သမားပါတီ'ကိုပါ ပုတ်ခတ်တိုက်ခိုက်လာ၏။

ဒေးဗစ်ကိုယ်တိုင်က မိမိအားဆန့်ကျင်သူများ အသာစီးရစေရန် အခြေ အနေ ဖန်တီးပေးသကဲ့သို့ရှိ၏။ ဆက်တိုက်ဆက်တိုက် အမှားများကို ကျူးလွန်မိခြင်း က နိုင်ငံရေးအရ ကိုယ့်သေတွင်းကိုယ်တူးသကဲ့သို့ ဖြစ်၏။ သို့ကလို ဖြစ်ရသည်မှာ လည်း တခြားအကြောင်းကြောင့်မဟုတ်၊ မိမိစစ်တပ်နှင့်ပတ်သက်၍ ဒေးဗစ်သည် အခြေယိုင်လာ၏။

မိမိကိုယ်ကို စစ်တပ်နှင့်တစ်သားတည်း သဘောထားခဲ့ရာမှ စစ်တပ်ပါ

ဝေဖန်ပြစ်တင်ခံလာရသောအခါ ဒေးဗစ်လည်း ဒေါသမထိန်းနိုင်တော့။ သည်တွင် 'ဟုတ်တာမှန်တာဆို နာလိုခံခက် အမျက်ထွက်တတ်ကြောင်း' အတိုက်အခံလုပ်သူများက သိသွားတော့၏။

စက်တင်ဘာလကုန်တွင် သတင်းစာ၊ စာနယ်ဇင်းများက ဇာတ်လမ်းတစ်ခုလုံး လိပ်ပတ်လည်လည် သိရှိပြီးဖြစ်၍ နိုင်ငံရေးအရ အမြတ်ထုတ်ရန် စတင်အသုံးချလာတော့သည်။ ဒေးဗစ်ဘင်ဂူရီယန်၏ လက်ထောက်များက ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်သည်။ 'နဟီးမီးယား'လည်း သေပြီ။ 'ဒါယန်း'က နိုင်ဂျီးရီးယားနိုင်ငံသို့ ရောက်နေသည်။ 'ပဲရီးစ်'ကလည်း ပဲရစ်မြို့တွင်ရှိနေ၏။ တစ်နေ့ထက်တစ်နေ့ သတင်းစာခေါင်းစီးများက ပို၍ ရဲတင်းလာသည်။ အတိုက်အခံသတင်းစာများကလည်း ထိုးရန်အသင့်။ လက်ဝဲစွန်းကို ကိုယ်စားပြုသော သတင်းစာများကမူ 'လေဗွန်'အတွက် တိုက်ပွဲဝင်နေကြသည်။ သတင်းပေါက်ကြားမှုများနှင့် 'မီးလောင်ရာလေပင့်'သည့် သတင်းများကြောင့် ဘင်ဂူရီယန် ဆန့်ကျင်ရေးတိုက်ပွဲမှာ ဖုံးဖုံးကြွပ်ကြွပ်နှင့် တသောသောဖြစ်စေ၏။ ဒေးဗစ်ဘင်ဂူရီယန်နှင့် စစ်တပ်အား စွပ်စွဲချက်များမှာ ပြည်သူ၏ရင်ဝယ် အပြည့်ဖြစ်နေသည်။

အောက်တိုဘာလဆန်းတွင် 'လေဗွန်'အား 'နိုင်ငံခြားရေးရာနှင့် ကာကွယ်ရေးကော်မတီ' ရှေ့မှောက်တွင် အစစ်အဆေးခံရန် ဆင့်ခေါ်လိုက်၏။ 'လေဗွန်'က ငွေသုံးမှုများ၊ အဂတိလိုက်စားမှုများရှိနေသည်ဟု ထောက်ပြကာ စစ်တပ်နှင့် ကာကွယ်ရေးဌာနရာ အဖွဲ့အစည်းများကို စွပ်စွဲလိုက်၏။ 'ပဲရီးစ်'နှင့် ပုဂ္ဂိုလ်အချို့အား စစ်ဆေးသောအခါ 'လေဗွန်'၏ စွပ်စွဲချက်များမှာ လုံးဝအခြေအမြစ်မရှိ၊ မမှန်ကန်ကြောင်း ရှင်းပြသည်။ ခိုင်ခိုင်လုံလုံ အထောက်အထားများလည်း ထုတ်ပြသည်။ သို့သော် ဘယ်သူကမှ သူတို့ ရှင်းလင်းသည်ကို စိတ်မဝင်စားတော့။

အတိုက်အခံပါတီများ လက်ခုပ်လက်ဝါးတီးလျက် အပျော်ကြီးပျော်နေကြသည်။ တစ်ချိန်လုံး ထိတ်တန်းလျှို့ဝှက်သတင်းဟု သတ်မှတ်ထားသည်များလည်း သတင်းစာလောကသို့ ပေါက်ကြားကာ ရှေ့မျက်နှာဖုံးမှ အသားပေးဖော်ပြနေ၏။

သည်အဖြစ်ကြောင့် ဒေးဗစ်ဘင်ဂူရီယန်လည်း အရှက်တကွဲ အကျိုးနည်းရ၏။ 'အလုပ်သမားပါတီ'တွင်း၌လည်း ဇာတ်ရှုပ်ကုန်၏။ အနာဟောင်းများ ပြန်ပေါ်လာသည်။ ကြိမ်မီးအုံးသလို တငွေ့ငွေ့ဖြစ်နေသော ရန်ပွားမှုများလည်း လေပင့်လာသည်ကြောင့် မီးဟုန်းဟုန်းတောက်လောင်လာပြီ။ လုပ်ဖော်ကိုင်ဖက်များထဲမှ ခေါင်းဆောင်များက ဒေးဗစ်၏အာဏာကို ခက်ခက်ခဲခဲ ကုတ်ကပ်နေရသည့် အဖြစ်

အား ဖေးဖေးမမ အကူအညီပေးဖို့မမြင်။ အထူးသဖြင့် ဒေးဗစ်ကိုမှ ဦးတည်ပြီး စွပ်စွဲပုတ်ခတ်နေသည့်အချိန်တွင် သူ့ဘက်မှ မားမားရပ်ရန် သာ၍မလိုလားကြ. . . ။

ထိုအခိုက် 'လေဗွန်'က မိမိလက်ဝယ်လျှို့ဝှက်ထားသော သက်သေခံ အထောက်အထားများရှိကြောင်း သည်အထောက်အထားများကို လူပုံအလယ် အတွင်း အထုပ်ဖြေရလိမ့်မည်ဖြစ်ကြောင်း ခြိမ်းခြောက်လာ၏။ 'အလုပ်သမားပါတီ' ခေါင်းဆောင်များလည်း အံ့ဩတုန်လှုပ်ကုန်၏။ ခေါင်းဆောင်ပိုင်းမှ အများစုက 'လေဗွန်' တောင်းဆိုသမျှ အားလုံးလိုလိုကို လိုက်လျောရန် အသင့်ပြင်ထား၏။ သို့သော် ခေါင်းဆောင်များအား သိက္ခာကျစေမည့် လုပ်ဇာတ်ကို အဆုံးသတ်ရပ်သိမ်း ပါမှ လိုက်လျောပေမည်။

အောက်တိုဘာလတွင် ဝန်ကြီးများအဖွဲ့က ဝန်ကြီးအဖွဲ့ဝင် (၇)ဦးပါသည့် စုံစမ်းရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေး၏။ အဆိုပါကော်မတီက 'လေဗွန်'အရေး နှင့်ပတ်သက်သော စာတမ်း၊ အထောက်အထားများကို စိစစ်ပြီး၊ အစီရင်ခံစာ တစ်ရပ်ကို ထုတ်ပြန်ရန် အာဏာအပ်နှင်းလိုက်သည်။

သည်ကော်မတီဖွဲ့စည်းရန် ဝန်ကြီးအဖွဲ့ဝင် မဲပေးဆုံးဖြတ်စဉ် ဒေးဗစ်ဘင်ဂူ ရီယန်က မဲမပေးဘဲနေ၏။ တရားဥပဒေကြောင်းအရ ကျင့်သုံးမှသာ အမှန်တရား ပေါ်မည်ဟုသာ ဒေးဗစ်က စွဲစွဲမြဲမြဲယုံကြည်နေဆဲ. . . ။ ပြီး သည်(၇)ဦး ကော်မတီကို ဒေးဗစ်က ဆန့်ကျင်၏။ သို့သော် ဒေးဗစ်နောက်မှ မားမားမတ်မတ် ရပ်မည့်သူမရှိ၊ ထောက်ခံမည့်သူ နတ္ထိ။ လုပ်ဖော်ကိုင်ဖက်အားလုံးက တစ္ဆေ ကြောက် သလို ကြောက်နေရသည်။ သည်အဖြစ်ကို ဖြစ်သည့်နည်းနှင့် ရပ်စေလိုကြ၏။ ဒေးဗစ်က '၇-ဦးကော်မတီ'ဖွဲ့စည်းခြင်းအား ဆန့်ကျင်သည်ဆိုသော်လည်း အဟန့် အတားမလုပ်၊ ဇရာထောင်းလာသောကြောင့်ထင့် တုံးတိုက်တိုက်၊ ကျား ကိုက်ကိုက် ထတိုက်လိုသော စိတ်ဆန္ဒပင်မရှိတော့။ မည်သို့ဆိုစေ သည်ကိစ္စတွင် ဒေးဗစ်က မိမိဘဝတစ်လျှောက်တွင် ပထမဦးဆုံး အကြီးအကျယ် မောပန်းနွမ်းရိနေဟန် ပြ လာသည်။ ရှေ့မတိုး၊ နောက်မဆုတ် တုန့်ဆိုင်းဆိုင်း ဖြစ်လာသည်။

တရားရေးဝန်ကြီး ဦးဆောင်သော '၇-ဦးကော်မတီ' လည်း လုပ်ငန်းစပြီ။ သို့သော် ကော်မတီကို လမ်းညွှန်ပြသမှု ပြုနေသူမှာ 'လက်ဗီအက်ရှ်ကိုးလ်'။

'၇-ဦးကော်မတီ'၏ အဓိကတာဝန်မှာ သည်ဇာတ်ရှုပ်ကို ဖြစ်သည့် နည်းဖြင့် အဆုံးသတ်စေရန်တည်း။

ထိုအခိုက် သတင်းစာများကလည်း ယခင့် ယခင်ကထက်ပို၍ အထုပ်ဖြေ

လာသည်။ အီဂျစ်ရောက် သူလျှိုအဖွဲ့အား အဖျက်လုပ်ငန်းစရန် အမိန့်ပေးသူမှာ 'လေဗွန်'လည်းမဟုတ်။ ဗိုလ်မှူးကြီး 'က'လည်း မဟုတ်။ အမိန့်ပေးသူမှာ ဒေးဗစ် ဘင်ဂူရီယန်ဖြစ်သည်ဟု စွပ်စွဲလာကြသည်။ 'လေဗွန်'အား ဘေးဖယ်ထုတ်ပြီး မိမိ အာဏာပြန်ယူရန် ဒေးဗစ်က 'ဇေဒီဗိုကာ'ကျေးရွာမှ ကြိုးကိုင်အမိန့်ပေးခဲ့ခြင်း ဖြစ်သည်'တဲ့။

သို့ကလို စွပ်စွဲလာသည်ကြောင့် လူအများက 'လေဗွန်'အတွက် စိတ်မကောင်းဖြစ်ကြ၏။ ဂရုဏာသက်ကြသည်။ 'လေဗွန်'အတွက် အသနားခံစာများကို တစ်ခဲနက် လက်မှတ်ထိုးကြသည်။

စင်စစ် သည်လုပ်ရပ်များက 'ဒေးဗစ်'အကျတွင် ဘီးတပ်ပေးသကဲ့သို့ရှိ၏။

အခြေအနေ ခြေလွန်လက်လွန် မဖြစ်ရလေအောင် ဒေးဗစ်က အစွမ်းကုန် ဟန့်တားနိုင်၏။ သို့သော် သည်တစ်ကြိမ်တွင် ဒေးဗစ်က မလှုပ်မယှက် . . . .။

(၁၉၆၀)ခုနှစ်၊ ဒီဇင်ဘာလ (၂၅)၊ နာတာလူးပွဲနေ့၊ '၇-ဦးကော်မတီ'က စုံစမ်းတွေ့ရှိချက်များကို ထုတ်ပြန်ကြေငြာသည်။ 'လေဗွန်'ကို လုံးဝပြန်လည်အပ်နှင်းဖို့ ထောက်ခံထားသည်။

'လေဗွန်'တွင် လုံးဝအပြစ်မရှိကြောင်းဆိုပြီး တာဝန်ပြန်လည်အပ်နှင်းရန် အခြေအနေ ဖြစ်လာသောအခါက ကာကွယ်ရေးဦးစီးချုပ်များ၊ ဒေးဗစ်ဘင်ဂူရီယန်နှင့် သူ့အပေါင်းအသင်းများအပေါ် စွဲချက်များ မှန်သယောင်ယောင် ထင်မှတ်လာစရာရှိ၏။

မကြာပါ။ '၇-ဦးကော်မတီ'က အဆုံးအဖြတ်ပေးပြီး ရက်အနည်းငယ် အကြာတွင် ဒေးဗစ်က ဝန်ကြီးချုပ်ရာထူးမှ နှုတ်ထွက်လိုက်၏။

'လေဗွန်အရေးအခင်း'၏ တကယ့်စိတ်ဝင်စားစရာအကောင်းဆုံးအခန်းက ယခုမှ စပေတော့မည်။

ယခုမှအဖြစ်က မည်သို့မည်ပုံဖန်လာမည်ကို ကောင်းစွာရိပ်စားမိသော အခါမှ ဒေးဗစ်က 'လေဗွန်' ဆန့်ကျင်ရေးတိုက်ပွဲကို မီးကုန်ယမ်းကုန် နွှဲတော့၏။ မိမိ၏ဂုဏ်သိက္ခာကို စော်ကားသူတစ်ဦးနှင့် မတရားလုပ်ကြသော လုပ်ဖော်ကိုင်ဖက်များအား ဒေးဗစ်က ဒေါသတကြီးဖယ်ရှားကာ ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လာသည်။

အဲ . . . . ကျားနာကြီးလို မာန်ဖီနေသော ဒေးဗစ်အား ငြိမ်ကျသွားစေရန် နည်းလမ်းတစ်ခုတော့ ရှိသည်။ 'လေဗွန်'အားဘေးဖယ်လိုက်လျှင် သည်ရန်ငြိမ်း

မည်။ ဒေးဗစ်အပေါင်းအသင်းများက သည်သို့ပင် သဘောရ၏။

သို့သော် ခက်သည်က '၇-ဦးကော်မတီ'၏ ဆုံးဖြတ်ချက်ကြောင့် 'လေဗွန်' သည် 'ဟီးရိုး' ဖြစ်နေပြီး ရုပ်ရှင်ပိတ်ကားပေါ်တွင် 'လေဗွန်'၏ ရုပ်ပုံများ ပေါ်လာပါက ပွဲကြည့်ပရိသတ်က လက်ခုပ်ဩဘာပေး၍ ထောပနာပြုကြ၏။ အဲ . . ဒေးဗစ်ရုပ်ပုံများပေါ်လာပါက လှောင်ကြ ပြောင်ကြနှင့်။ သို့သော် အများပြည်သူက ဘယ်လိုထင်ထင် ဒေးဗစ်ကမူ ဒေးဗစ်၏မိတ်ဆွေ အစ္စရေးနိုင်ငံသမ္မတ 'ဘင်ဇဗီ'က ပြဿနာရှုပ်ထွေးမလာစေရန် ဒေးဗစ်နှင့်တွေ့ပြီး ချော့မေး၏။ အကြောင်းမထူး. . .။

'လေဗွန်'ကို ပထုတ်ရမည် . . . . တဲ့။

ဒေးဗစ်အား ဝန်ကြီးချုပ်အဖြစ် ပြန်လည် အမှုထမ်းစေလို၏။ 'လေဗွန်' အား ထုတ်ပယ်ရလိမ့်မည်ဟု 'အလုပ်သမားပါတီ'ခေါင်းဆောင်များ သဘောပေါက်အောင်ပြောရန်အတွက် 'လက်ဗီအက်ရှ်ကိုးလ်'အား တာဝန်ပေးသည်။ ယခင်လုပ်ဖော်ကိုင်ဖက်များက သည်အဆိုကို ပူးပေါင်းဆန့်ကျင်ကြ၏။

(၁၉၁၆)ခု ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် ပါတီဗဟိုကော်မတီက သည်ကိစ္စကို မဲပေးဆုံးဖြတ်ရန် တယ်လ်အဗီးမြို့တွင် စုဝေးကြပေလိမ့်မည်။ ဒေးဗစ်၊ လေဗွန်၊ ဂိုလ်ဒါမေယာတို့ အစည်းဝေးမတက်ကြ။

ထိုအစည်းအဝေးမှ 'လေဗွန်'အား အလုပ်သမားအဖွဲ့ချုပ်ရှိ ရာထူးမှ ထုတ်ပယ်ရန် အက်ရှ်ကိုးလ်က အဆိုတင်သွင်းသည်။ 'ရှာရတ်'က အတိုက်အခံပြုကန့်ကွက်ပါသေး၏။ သို့သော်လည်း မဲခွဲဆုံးဖြတ်သောအခါ (၁၅၄)မဲ၊ (၉၆)မဲဖြင့် 'အက်ရှ်ကိုးလ်' အနိုင်ရသွားတော့သည်။ ဗဟိုကော်မတီအစည်းဝေးကျင်းပရာအဆောက်အဦပြင်ပတွင်မူ ဆန္ဒပြသူများက ပုလိပ်များနှင့် တိုက်ကြခိုက်ကြနှင့် အဓိကရုဏ်း ဖြစ်ပေါ်လာသည်။

'လေဗွန်'ကိုမူ အောင်အောင်မြင်မြင် ပထုတ်နိုင်ခဲ့ပြီ။ သို့သော် သည်တစ်ကြိမ်မျှလောက် ဒေးဗစ်သိက္ခာကျခဲ့ရသည်ဟု မရှိခဲ့။ ယခင် လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းဟောင်းများက ဒေးဗစ်ကို စွန့်သွားကြပြီ။ ပါတီတွင်းမှ အဆင့်အလွှာအသီးသီးကလည်း ဒေးဗစ်၏ ဩဇာအာဏာကို ပြောင်ပြောင်တင်းတင်း ပုန်ကန်လာကြသည်။

စစ်တပ်အရှုပ်တော်ပုံတွင်းမှ အာဇာနည်သူရဲကောင်းဖြစ်လာသူ 'လေဗွန်'၊ ဒေးဗစ်ကိုအာခံခဲ့သူ 'လေဗွန်'ကို ဒေးဗစ်၏ တစ်ဦးတည်းသော အာဏာရှင်အမိန့်ဖြင့် ပထုတ်ခဲ့သည်ဟုသာ အများပြည်သူက ယူဆကြသည်။

(၁၉၅၄)ခုနှစ်က 'လေဗွန်အရေးအခင်း' ပေါ်ခဲ့သည်ကို အကြောင်းပြု၍ ဒေးဗစ်က ဒုတိယအကြိမ် လျှမ်းလျှမ်းတောက် တန်ခိုးအာဏာထွားခဲ့၏။ သို့သော် . . . (၁၉၆၀)ခုနှစ်တွင် 'လေဗွန်အရေးအခင်း' ဒုတိယအကြိမ် ပြန်ပေါ်လာသောအခါ ဒေးဗစ်တစ်ယောက် နေဝင်ချိန်အစပြုလာရန် အကြောင်းဖန်လာ၏။

ဒေးဗစ်သည် 'တက်လူ'မဟုတ်တော့။ 'ကျလူဖြစ်လာချေပြီ'။

'လေဗွန်'အား အတင်းအဓမ္မ ထုတ်ပယ်လိုက်ခြင်းကြောင့် နိုင်ငံရေးပါတီများက ဒေးဗစ်ဘင်ဂူရီယန် ဦးဆောင်သော အစိုးရအဖွဲ့အစည်းတွင် ပါဝင်ရန် ဆန္ဒမရှိကြတော့။ အစ္စရေးနိုင်ငံ၏သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် လွတ်လပ်ရေးဖခင်ကြီးဒေးဗစ်ကို ပြောင်ပြောင်တင်းတင်း ပုန်ကန်လာကြပြီ။'

'ဂိုလ်ဒါမေယာ'နှင့် 'စပါး'တို့က ဒေးဗစ်၏ အစိုးရအဖွဲ့တွင် မပါဝင်လိုကြ။ အချို့သော 'အလုပ်သမားပါတီဝင်'များက ဒေးဗစ်ကို ရာထူးမှ နုတ်ထွက်စေလိုသည်။ အချို့ကလည်း 'လက်ဗီအက်ရှ်ကိုးလ်' ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ်သာ တာဝန်ယူစေလို၏။

မည်သို့ဆိုစေ 'လေဗွန်အရေးအခင်း'ကြောင့် ဒေးဗစ်အား ကျောခိုင်းခဲ့ကြသော်လည်း ဒေးဗစ်အား လုံးဝလက်လွတ်ဆုံးရှုံးမည်ကိုမူ မလိုလားကြ။

ဒေးဗစ်သည် ယခင့် ယခင်က ဒေးဗစ်မဟုတ်တော့။ ယခုအခါ အကြီးအကျယ် သိက္ခာကျဆင်းနေသည့် ဒေးဗစ်။ သို့သော် ဒေးဗစ်က ယခုတိုင် ပါတီခေါင်းဆောင်ဖြစ်နေဆဲ။

တကယ်တော့ ဒေးဗစ်တစ်ယောက် အစ္စရေးနိုင်ငံရေးဇာတ်ခုံပေါ်မှ လုံးဝပျောက်သွားမည်ကိုလည်း မလိုလားကြ။ ဒေးဗစ်ထွက်သွားမည်ထက် အထွေထွေရွေးကောက်ပွဲ အမြန်ဆုံးကျင်းပပေးရန်ကိုသာ လိုလားတောင့်တကြ၏။

(၁၉၆၁)ခု နိုဝင်ဘာလ (၂) ရက်နေ့ ဒေးဗစ်က သူဦးဆောင်သော အစိုးရအဖွဲ့သစ်စာရင်းကို လွှတ်တော်သို့ တင်သွင်းသည်။ စင်စစ် သည်အစိုးရအဖွဲ့သည် ဒေးဗစ်ဦးဆောင်သော နောက်ဆုံးအစိုးရအဖွဲ့ပင် မဟုတ်ပါလား။ လွှတ်တော်မှ အယုံအကြည်ရှိကြောင်း မဲပေးဆုံးဖြတ်ခဲ့၏။ (၁၈)လအကြာတွင် ဒေးဗစ်က ရာထူးမှ နုတ်ထွက်ပြန်ပြီး 'ဇေဒီဗိုကာ'ကျေးရွာသို့ပြန်ကာ အနားယူနေပြန်သည်။

ဪ . . . . ဒေးဗစ် . . . . ဒေးဗစ် . . . ။

(၁၉၆၀)ခုနှစ် အဖြစ်ဆိုး၏သားကောင် ဒေးဗစ်။

◆◆ ◆◆ ◆◆ ◆◆ ◆◆

## ဇေဒီဗိုကာသို့

ဒေးဗစ်က သုံ့မြတ်နိုးခင်တွယ်သော 'ဇေဒီဗိုကာ' သမကျေးရွာသို့သွားကာ အနားယူနေတော့သည်။

ယခုလို ရုတ်ခြည်းအနားယူကာ အချက်အခြာနေရာမှ ခွာသွားခြင်းသည် သူ့နိုင်ငံရေးသက်တမ်းတွင် မဟာအမှားဖြစ်၏။ စင်စစ် ယခုထက်ပို၍ အသွားကောင်း ဖြစ်သင့်သည်။ မိမိ၏သမိုင်းပေးတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ပြီး ဂုဏ်မြောက်သော ခေါင်းဆောင်ကြီးတစ်ဦးအဖြစ် တက်သစ်စလူငယ်များအား နေရာပေးလိုက်သည့်သဘောဖြင့်သာ နိုင်ငံရေးဇာတ်ခုံပေါ်မှ ကန့်လန့်ကာ နောက်ကွယ်သို့ ပျောက်သွားစေသင့်သည်။

သို့တစေ ဒေးဗစ်က နိုင်ငံရေးမှ လုံးဝ အနားယူသွားခြင်းမဟုတ်။ ဂယက်ထန်နေသော (၁၉၆၀)ခုနှစ်၊ နိုဝင်ဘာလအတွင်းက ပေါ်ခဲ့သော 'လေဗွန်အရေးအခင်း'တွင် အစိုးရအဖွဲ့က မည်သို့ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို စုံစမ်းရေး လုပ်ရန်ပင် တောင်းဆိုခဲ့၏။ သည်ရည်ရွယ်ချက်ဖြင့် ဒေးဗစ်လက်ထောက် အကြံပေးအရာရှိအချို့က ယင်းအရေးအခင်းနှင့်ပတ်သက်သော အမှုတွဲများကို (၁၉၅၄)ခုနှစ် ကာလထိ နောက်ပြန်၍ စေ့စေ့စပ်စပ် ရှာဖွေလှန်လှောကြ၏။

တရားဥပဒေအရ စုံစမ်းစစ်ဆေးမှုများလုပ်စေရန် လူသိရှင်ကြား တောင်း

ဆိုခြင်းဖြင့် '၇-ဦး ကော်မတီ'၏ မတရားကျင့်ကြံခဲ့သည်များကို ဖော်ထုတ်နိုင်လိမ့်မည်ဟု ဒေးဗစ်ကယုံကြည်ခဲ့သည်။ ယင်းသည်ပင် ဒေးဗစ်အမှား။ အစိုးရအဖွဲ့မှ နှုတ်ထွက်ခြင်းဖြင့် သူ့တွင် အာဏာပါဝါတွေ 'ရှော'ခဲ့ပြီကို သူမသိလေရော့သလား။ သည်အချက်ကို ဒေးဗစ် မေ့နေပြီထင့်။ တစ်ချိန်က သူ့တွင်ရှိသော အာဏာ အရှိန်အဝါများသည် ယခု သူများလက်ထဲတွင် ရောက်နေလေပြီ။ 'အလုပ်သမားပါတီ'နှင့် ပြည်သူတို့၏ အမြင်အယူအဆများက ခေါင်းဆောင်သစ်များကိုသာ ထောက်ခံနေလေပြီ။ သာမန်နိုင်ငံသားတစ်ဦးအနေဖြင့် ဒေးဗစ်က မိမိအရေးဆိုသည်များကို ဆောင်ရွက်စေရန် အဘယ်မှာလျှင် အစိုးရအဖွဲ့ကို အကြပ်ကိုင်နိုင်မည်နည်း။

တကယ့်ဖြစ်ရပ်မှန်များကို ရင်ဆိုင်ဝံ့တတ်လေ့ရှိသူ ဒေးဗစ်က အတိုက်အခံမြှုသူများ အရေးနိမ့်စေရန် ကြိုးပမ်းအားထုတ်ရာတွင် သည်တစ်ကြိမ်၌ မိမိကိုယ်ကို မိမိ အားအင်ချိနဲ့စေသည့်နေရာက တိုက်စေခြင်းဖြင့် မဟာအမှားကို ကျူးလွန်မိလျက် ရှိနေပြီတကား။

စင်စစ် ဒေးဗစ်အဖြစ်က စစ်မရောက်မီ မျှားကုန်နေသည့်အဖြစ်မျိုး။ တိုက်ပွဲမဝင်မီကပင် ရှုံးနိမ့်နေသော အဖြစ်မျိုးနှင့်တူ၏။ ရုတ်တရက် ရာထူးမှ နှုတ်ထွက်လိုက်ခြင်းကြောင့် ဒေးဗစ်က မိမိကိုယ်တိုင် လက်နှင့် ရေးဆွဲချမှတ်ခဲ့သော မူဝါဒများကို ခြေဖြင့်ဖျက်ရာကျသည်။ အတ္တဆန်လွန်းသည်ကြောင့်ပဲဖြစ်ဖြစ်၊ တာဝန်ပျက်ကွက် လစ်ဟင်းသည်ကြောင့်ပဲဖြစ်ဖြစ်၊ ဒေးဗစ်သည် မိမိနှင့် လက်ပွန်းတတီးလုပ်ကိုင်သူများအား နေသားတကျ ဖြစ်ကျန်ရစ်ရလေအောင် ဒုက္ခခံ ဆောင်ရွက်မပေးခဲ့။ ဒေးဗစ်နေရာကို ဆက်ခံလိမ့်မည်ဟု 'တစ်'ပြေးနေသူ 'ပဲရီးစ်'နှင့် 'မိုရှေဒါယန်း'တို့မှာ မထင်မရှားရာထူးများ၌သာ ရှိနေသေး၏။ 'မိုရှေဒါယန်း'သည် ထိုစဉ်က စိုက်ပျိုးရေးဝန်ကြီးဖြစ်၏။ 'ပဲရီးစ်'မှာ ကာကွယ်ရေးဝန်ကြီး၏ လက်ထောက်အကြံပေးအရာရှိအဆင့်တွင်သာ ရှိနေသေးသည်။ မိမိရာထူးမှ မနှုတ်ထွက်မီ သည်ပုဂ္ဂိုလ်များကို ဒေးဗစ်က အချက်အခြာရာထူးနေရာများတွင် ခန့်ထားနိုင်ပါ၏။ သို့သော် သည်လိုအကျိုးမပြုတတ်သည်မှာ ဒေးဗစ်၏စရိုက်၊ ဒေးဗစ်၏အကျင့်။ စင်စစ် ဒေးဗစ်သည် တာဝန်ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သူတစ်ဦးအား ဘယ်သောအခါမှ ထိုက်ထိုက်တန်တန် ကျေးဇူးတုန့်ပြန်၍ အကျိုးပြုတတ်သူမဟုတ်။

ဒေးဗစ်တစ်ယောက် ရာထူးမှနှုတ်ထွက်ခြင်းကြောင့် လက်ငင်းအကျိုးခံစားရသူများမှာ သူ့အား အတိုက်အခံပြုခဲ့သူများသာ ဖြစ်ခဲ့၏။ 'မစ္စစ်မေယာ'ဦးဆောင်ပြီး ပုန်ကန်ဆန့်ကျင်ခဲ့သူများမှာလည်း ယခုသော် လွတ်လွတ်လပ်လပ်ဖြင့် လုပ်လိုရာ

လုပ်နိုင်ကြပြီ။ 'အလုပ်သမားပါတီ'မှ ခေါင်းဆောင်တစ်ချို့က 'လေဗွန်'ပြန်လာရေး ကိုပင် အတင်းအကြပ် အရေးဆိုစ ပြုလာကြ၏။ 'အက်ရှ်ကိုးလ်'ကလည်း သဘောတူ၏။ (၁၉၆၄)ခုနှစ်၊ မေလတွင် 'လေဗွန်'အား ရာထူးမှထုတ်သည့် အမိန့်စာသည် တရားမဝင်ဟု စာရေးအကြောင်းကြားရန် သဘောတူပါ၏။

နောင်လာနောက်သားများတိုင် အစဉ်တစိုက် ဖြစ်ပေါ်လာမည့်တိုက်ပွဲသည် '၇-ဦးကော်မတီ'၏ 'မတော်မတရားမှု'အပေါ် ဒေးဗစ်၏ပုဂ္ဂလိက စစ်ဆင်ရေး စီမံချက်တွင်းဝယ် အထင်းသားပေါ်လာ၏။ တနယ်ဖင်းလောက၊ ပြည်သူ့အမြင်နှင့် 'အလုပ်သမားပါတီ'က ဒေးဗစ်အား ဝိုင်း'တွယ်'ကြသည်။ အသက်အရွယ် အိုမင်းမစွမ်း ရှိလာသည်ကြောင့် စိတ်ရောကိုယ်ပါ ချို့နဲ့ဖြစ်ကာ 'ပေါက်'လာပြီဟုပင် ဆိုခဲ့ကြပြန်သည်။

သို့သော် ဒေးဗစ်ကလည်း အလျှော့မပေး။ သူတင်ပြသော အမှုကိုသာ ခေါင်းမာမာနှင့် ဆုပ်ကိုင်ထားဆဲ၊ တဖြည်းဖြည်း နောက်လိုက်ဗိုလ်ပါ နည်းသထက် နည်းလာ၏။

(၁၉၆၄)ခုနှစ် ကုန်လောက်တွင် ဒေးဗစ်က '၇-ဦးကော်မတီ'၏ မတော်မတရားမှုများဟူ၍ အမည်တပ်ကာ မိမိကိုယ်တိုင်ကိုယ်ကျ စုံစမ်းတွေ့ရှိချက်များအား အစိုးရအဖွဲ့သို့ တင်ပြ၏။ ယခုမှဖော်ထုတ်လာသော စွဲချက်အသစ်များကြောင့် အစိုးရအဖွဲ့က တရားဝင်ဥပဒေအရ စုံစမ်းစစ်ဆေးရန် အကြောင်းလုံလောက်လာသည်။ တရားရေးဝန်ကြီးကလည်း သည်သို့ပင် သဘောရ၏။ သို့ရာတွင် ဝန်ကြီးချုပ် 'လက်ဗီအက်ရှ်ကိုးလ်'က ငြင်းမြဲငြင်းနေ၏။ သည်အမှုကို ပြန်လည်ဖော်ထုတ်ခြင်းဖြင့် (၁၉၆၀)ခုနှစ်က 'လေဗွန်'အား အပြစ်မရှိဟု ဆုံးဖြတ်ခဲ့ရာတွင် မိမိက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော '၇-ဦးကော်မတီ'ကိုပင် ထိခိုက်နစ်နာစေမည်စိုးသောကြောင့်တည်း။

ဒေးဗစ်က (၁၉၆၅)ခုနှစ် 'အလုပ်သမားပါတီ'ညီလာခံတွင် နောက်တစ်ကြိမ် အမှားကို ကျူးလွန်မိပြန်သည်။ သူ့ကိုထောက်ခံသူများက ရာထူးပြန်လည်ယူရန် ပြင်ဆင်ထားကြောင်း၊ အဟိအလင်းကြေငြာရန် မေတ္တာရပ်ခံကြသည်။ ဒေးဗစ်အား ပြန်လည်ရွေးကောက်တင်မြှောက်နိုင်ရန် အများစု၏ ထောက်ခံမဲကို ရမည်ဟုလည်း သေချာပေါက် တွက်ထား၏။ အကယ်၍ ဒေးဗစ် လက်ခံဆောင်ရွက်ခဲ့လျှင် သူ့ရည်ရွယ်ချက် အောင်မြင်နိုင်ပေလိမ့်မည်။ စုံစမ်းရေးကော်မတီဖွဲ့၍ အစိုးရအဖွဲ့တွင် လုပ်ထုံးလုပ်နည်းဟောင်းများကို ကျင့်သုံးခြင်းမှလည်း ဟန့်တားပိတ်ပင်

နိုင်ပေလိမ့်မည်။ သို့သော် ဒေးဗစ်က သူ့အား ထောက်ခံသူများ၏ ပြောစကားကို နားမထောင်ခဲ့ . . . .။

သည်နောက်တွင်မူ တစ်ချိန်က ဒေးဗစ်၏ လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်း ရဲဘော်ရဲဘက်များကပင်လျှင် သူတို့တတ်စွမ်းသရွေ့ ဒေးဗစ်ကို သိက္ခာချကြသည်။ အရှက်တကွဲ အကျိုးနည်းစေခဲ့သည်။ သေလုဆဲဆဲ ဝေဒနာခံနေရသူ 'ရှာရုတ်' ကိုပင် ဆေးရုံမှခေါ်၍ မိမိအား ရာထူးမှကန်ထုတ်ခဲ့သူ ဒေးဗစ်ကို စွဲချက်တင်စေခဲ့သည်။ ထိုနေ့မှပင် 'ဂိုလ်ဒါမေယာ'က အဝတ်နက်ကို ခြေဆုံးခေါင်းဆုံးဝတ်၍ ဒေးဗစ်ဘင်ဂူရီယန်အား ပြစ်တင်ဝေဖန်စကားပြောသွားသည်။ အဆက်ဆက်က 'အလုပ်သမားပါတီ' ညီလာခံတွင် မပြောဘူး၊ မဆိုဘူးသော ရင့်ရင့်သီးသီး စကားအသုံးအနှုန်းများဖြင့် ဒေးဗစ် ကလိမ်ဉာဏ်ဆင်၍ မုသားစကားပြောခဲ့ကြောင်း ထောက်ပြသည်။

ဒေးဗစ်က တစ်လုံးတစ်ပါဒမျှ မဟတော့ဘဲလျက် ညီလာခံကျင်းပရာ ခန်းမမှ ကျောခိုင်းထွက်သွားတော့သည်။ နောက်တစ်နေ့တွင် လျှို့ဝှက်မဲပေးသောအခါ ဒေးဗစ်အား ထောက်ခံမဲ (၄၀)ရာခိုင်နှုန်း၊ 'လက်ဗီအက်ရှ်ကိုးလ်'က (၆၀) ရာခိုင်နှုန်းရပြန်သည်။ ဩော် . . . . အလုပ်သမားပါတီက တစ်ချိန်မှ ပါတီခေါင်းဆောင်ကြီးအား လက်မခံ ငြင်းပယ်ခဲ့လေပြီ . . . .။

(၁၉၅၆)ခုနှစ် ဇွန်လကုန်၌ ဒေးဗစ်က လာမည့်ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလစာရင်းမှ ရွေးကောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်သည်။ ဒေးဗစ်ဆုံးဖြတ်ချက်ကြောင့် 'အလုပ်သမားပါတီ'တွင်း၌ အကွဲအပြဲပေါ်ခဲ့သည်။ ဒေးဗစ်ကို လုံးလုံးလျားလျား ထောက်ခံရန် 'မိုရှေဒါယန်း'နှင့် 'အာလ်မွန်ဂီ'တို့က ပါတီမှ နုတ်ထွက်ကြ၏။

မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဒေးဗစ်ကဲ့သို့သော အမျိုးသားခေါင်းဆောင်တစ်ဦး ရွေးကောက်ပွဲမဲဆွယ်တရားပွဲတွင် ယခုလို အဆဲခံ၊ အပုတ်ချခံခဲ့သည်။ ထို့အတူ ဒေးဗစ်ကဲ့သို့သော အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးကလည်း မိမိအတိုက်အခံများအပေါ် ယခုလို ရင့်ရင့်သီးသီး နုတ်လှန်ထိုးပြောခဲ့သည်။ ဒေးဗစ်က သို့ကလို အာကြမ်းလျှာကြမ်း 'ကလော်'သည်ကြောင့် ရွေးကောက်ပွဲတွင် ပို၍ ပို၍ ခါးသီးစရာ အတွေ့အကြုံနှင့် ရင်ဆိုင်ရ၏။

သည်သို့ဆိုပြန်တော့လည်း ဒေးဗစ်တစ်ယောက် အရှက်တကွဲ အကျိုးနည်းဖြစ်ရ၏။ သို့သော် ဘယ်သူမပြု မိမိမှုဟုသာ ဆိုပေလိမ့်မည်။ ရွေးကောက်ပွဲအတွက် မဲဆွယ်တရားပွဲကို 'လက်ဗီအက်ရှ်ကိုးလ်'နှင့် 'အလုပ်သမားပါတီ'အား သူပြုတ်ကိုယ်ပြုတ်သဘောဖြင့် နုတ်သီးကောင်းလျှာပါး ရန်တွေ့ခြင်း၊ (၁၉၆၀)ခုနှစ်က

'လေဗွန်' အရေးအခင်းတွင် မိမိ စိတ်အနှောက်အယှက် ဖြစ်ရသည်များကိုပါ အထုပ်ဖြေပြခြင်းတို့က ကိုယ့်ကိုယ်ကို နှစ်မွှန်းအောင် ပြုရာကြ၏။ သည်ကိစ္စနှင့်ပတ်သက်၍ တစ်တိုင်းတစ်ပြည်လုံးက နားလျှံအောင် ကြားခဲ့ရပြီ။ သည်ကိစ္စကြောင့် မှုမမှန်တော့ကြောင်း ထုတ်ဖော်လျက်ရှိသည်ဟုဆိုကြ၏။ သို့ကြောင့်လည်း ဒေးဗစ်တို့ လူညာကြီး၊ အာဏာရှင်ကြီး၊ အရူးကြီးဟု ရင့်ရင့်သီးသီး ပြောခဲ့ကြသည်။

ရွေးကောက်ပွဲတွင် ဒေးဗစ်၏ပါတီ အနိုင်မရ။ သို့သော် အသက် (၇၉)နှစ်တွင် ပါလီမန်အမတ်တစ်ဦးအဖြစ် လွှတ်တော်အမတ် (၁၀)ဦးရှိသော ပါတီကို ဦးဆောင်လျက် ပါလီမန်သို့ ဝင်ခဲ့ပြန်ချေပြီ။

'အလုပ်သမားပါတီ'လည်း အင်အားချိနဲ့သွားခဲ့၏။ 'အာဒွေါဟာနိုးဒါး' ပါတီနှင့်တွဲ၍ ပါလီမန်တွင် (၄၈)နေရာ ရခဲ့သည်။ 'အလုပ်သမားပါတီ'က ထိုနေရာများအနက် (၃၇)နေရာကို ရရှိခဲ့သည်။

အရှုံးမရှိ အနိုင်မခံရသော ဒေးဗစ်ဘင်ဂူရီယန်၏ ကျော်ကြားမှုသည်လည်း (၁၉၆၅)ခု ရွေးကောက်ပွဲတွင် ကြေမွပျက်စီးခဲ့ရလေပြီ။ သို့သော် ဒေးဗစ်အဖို့မူ ဆက်လက်တိုက်ပွဲဝင်ရပေလိမ့်ဦးမည်သာ။

အသက် (၇၉)နှစ် ရှိနေစေကာမူ ဒေးဗစ်မှာ သန်တုန်း၊ မြန်တုန်း၊ ထက်မြက်တုန်း၊ ပင်ပင်ပန်းပန်း အလုပ်လုပ်တုန်း။ တယ်လ်အဗီးမြို့ နေအိမ်စားပွဲမှာပဲ ထိုင်ထိုင်၊ ဧဒီဗိုကာ သမကျေးရွာရှိတဲ့ အိမ်မှာပဲနေနေ၊ ဆောင်းပါးများရေးဆဲ စာအုပ်များ ပြုစုနေဆဲ . . . . ။

'ကျုပ်မှာ အနှစ် (၂၀)ကြာထိ လုပ်စရာအလုပ်တွေ တစ်ပုံကြီးရှိသေးတယ်' ဟု အပြုံးမပျက် ပြောတတ်သေးသည်။

အလည်အပတ်ရောက်လာသူ နိုင်ငံခြားဧည့်သည်များကို လက်ခံတွေ့ဆုံဆဲ။ နိုင်ငံခြားခေါင်းဆောင်ကြီးများဖြင့် စာအဆက်အသွယ်ရှိနေဆဲ။ စည်းဝေးပွဲများ၌ မိန့်ခွန်းခြွေဆဲ။ လွှတ်တော်တွင် အကြိတ်အနယ် ဆွေးနွေးရာတွင်လည်း တက်တက်ကြွကြွ ပါဝင်နေဆဲ . . . . ။

သူ့အား ဂါရဝပြု လာတွေ့သူများကိုလည်း စိတ်ခတ်အပြည့်ဖြင့် အားရဝမ်းသာ ဖြစ်စေတတ်သည်။ မိန့်ခွန်းခြွေရာတွင်ပဲဖြစ်ဖြစ်၊ စကားလက်ဆုံကြချိန်မှာပဲဖြစ်ဖြစ်၊ ထိန်းထိန်းချုပ်ချုပ်လုပ်သောအခါ ဒေးဗစ်သည် ဂုဏ်ယူစရာကောင်းသည့် နိုင်ငံငယ်တစ်နိုင်ငံ၏၊ အားတက်စရာ ခေါင်းဆောင်တစ်ဦး၏အသွင် ပေါ်လာတတ်သည်။

သမိုင်းတွင် သူ့အမည်သည် မော်ကွန်းတင်ကျန်ရစ်၏။ 'လေဗွန်' အရေးအခင်းသည်လည်းကောင်း၊ သူ့အား သွေးရူးသွေးတန်း အပုပ်ချ သွားပုပ်လေလွင့်ပြောကြဆိုကြခြင်းသည်လည်းကောင်း၊ မကြာမီ ပပျောက်၍ မေ့လျော့ပေလိမ့်မည်။ ဒေးဗစ်အား တစ်ချိန်က အပုပ်ချ သွားပုတ်လေလွင့် ပြောခဲ့သူများသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိတို့ကိုယ်ကိုမိမိတို့ ဆန်းစစ်ရပေလိမ့်မည်။ မိမိတို့အပြုအမူနှင့်ပတ်သက်၍လည်း နောင်လာနောက်သားများအား ရှင်းလင်းပြောပြရပေလိမ့်မည်။

ဒေးဗစ်ဘင်ဂူရီယန်ဟူသော အမည်ကို ပြောသည့်အခါတိုင်း 'ပလော့စ်' ဇာတိသား၊ ပါလက်စတိုင်းသို့ ခိုဝင်လာသည့် 'ဆာဂျီရာ' ကျေးရွာမှ လယ်သမားလေး၊ 'ဘော်လ်ဖိုး မိုးအစီအစဉ်'ကို ကျောထောက်နောက်ခံပြုလျက် စွမ်းစွမ်းတမံ စီစဉ်ခဲ့သူ အစ္စရေးနိုင်ငံ၏ ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တစ်ခုတည်းသော တပ်မတော် နိုင်ငံတော်လုပ်ငန်းနှင့် တစ်ပြေးညီပညာရေးစနစ်ကို ဖန်တီးခဲ့သူ၊ သဲကန္တာရဒေသတွင် မြေယာဖော်ထုတ်ရေးကို ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူ 'ပရောဖက်'၊ 'ဆိုင်းနိုင်း' ဒေသစစ်ဆင်ရေးတွင် တောက်ပြောင်သော ခေါင်းဆောင်ကြီး၊ ပြင်သစ်နိုင်ငံ အပါအဝင် ဥရောပနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ချစ်ကြည်ရေးဖော်ထုတ်ခဲ့သူ စသည်ဖြင့် အမှတ်တရနှင့် တသသ အောင်းမေ့နေရပေလိမ့်မည်။

တစ်ချိန်တည်းမှာပင် ဒေးဗစ်ဘင်ဂူရီယန်ဟူသော အမည်ကိုကြားရုံမျှဖြင့် ငြိမ်းချမ်းရေး အောင်မြင်နိုင်ခဲ့သော စစ်ရေးခေါင်းဆောင်ကြီးအဖြစ်ဖြင့်လည်း အမှတ်တရ ဖြစ်ပေလိမ့်မည်။

စင်စစ် ငြိမ်းချမ်းရေးဆောင်ရွက်ရန်မှာ သူလက်လှမ်းမီသော အလုပ်မဟုတ်။ ဒဏ်ရာဒဏ်ချက်များက မကျက်သေး။ တစ်ဦးတစ်ယောက်တည်းက ငြိမ်းချမ်းရေးရရန် ဆန္ဒပြင်းပြနေသည်ကြောင့်လည်း မအောင်မြင်နိုင်။ ဒေးဗစ်ဘင်ဂူရီယန်ကဲ့သို့သော ခွန်အားသံမဏိစိတ်ဓာတ်အပြည့်ရှိပြီး မတူသော အရည်အချင်းရှိသည့် နောက် ဒေးဗစ်ဘင်ဂူရီယန်ပေါ်လာပြီး သမိုင်းဝင် မော်ကွန်းတင်ရစ်စေသောအခါတွင်မှ ငြိမ်းချမ်းရေး ရနိုင်ပေမည်။

ဒေးဗစ်ဘင်ဂူရီယန်၏ ခေတ်ကာလက တသသဖြစ်စရာများ ကျန်ရစ်ခဲ့သည်မှာအမှန် ....။

အန္တရာယ်နှင့် ပထမဆုံးအကြိမ်ရင်ဆိုင်ပြီး သူနိုင်ကိုယ်နိုင်ကြဲရသည့်အခါများ ....။

ထိုက်ထိုက်တန်တန် အောင်မြင်ခဲ့ရသည့်အချိန်များ ....။

ယဉ်မျိုးဓာပေ

ပထမဆုံးအကြိမ် အောင်ပန်းဆွတ်ခူးရသည့် အဖြစ်များ . . . . ။

ဒေးဗစ်ဘင်ဂူရီယန်လည်း အမှားများကို ကျူးလွန်ခဲ့သည် ဆိုခြင်းမှာလည်း အမှန် . . . . ။

ကာကွယ်ရေးပြဿနာများတွင်သာ နစ်မွန်းနေပြီး အလေးပေး ဂရုစိုက်လွန်းသည့်ကြောင့် စီးပွားရေးပြဿနာများ၊ အမျိုးသားပညာရေးကိစ္စရပ်များကို လျစ်လျူရှုမိခဲ့သည်။ မိမိ၏နိုင်ငံရေးပါတီနှင့် အခြား နိုင်ငံရေးအသိုင်းအဝန်းများတွင် 'ခြစားမှု'များ ပေါ်ခဲ့သည်ကိုလည်း မဟန့်တားနိုင်ခဲ့။

သို့သော် . . . သူ ကျူးလွန်မှောက်မှားသည့် အမှားများက သူဦးဆောင်မှုဖြင့်ရခဲ့သော အောင်ပွဲများနှင့် နှိုင်းယှဉ်ပါက မပြောပလောက် . . . ။

'ဘင်ဂူရီယန်ခေတ်' ဆိုခြင်းကပင်လျှင် သမိုင်းတွင် အထင်အရှား မော်ကွန်းတင်ရစ်ခဲ့လေပြီ။

ဗြိတိသျှလူမျိုးများက 'ချာချီ'၏ အမှားများကို ခွင့်လွှတ်မေ့ပျောက်နိုင်သလို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် 'ဒေးဗစ်ဘင်ဂူရီယန်'၏ အမှားများကို သင်ပုန်းချေနိုင်မည်မှာ အမှန် . . . ။

စင်စစ် ဒေးဗစ်ဘင်ဂူရီယန်သည် ဂျူးလူမျိုးတို့၏ ခေတ်သစ်အာဇာနည်ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။ 'မိုးစက်' ( **Moses** )၊ 'ဒါဝိတ်မင်းကြီး'နှင့် အခြားအခြားသော 'ပရောဖက်'များနှင့် 'ဒေးဗစ်ဘင်ဂူရီယန်'ကို တစ်တန်းတစ်စားတည်း ထားရပေလိမ့်မည်။

တစ်ချိန်ချိန်တွင် ဂျူးလူမျိုးတို့က ထိုအတိုင်း သိမြင်လာပေလိမ့်မည်။ သို့ရာတွင် အခိုက်အတန့်၌ စိတ်ဆိုးလည်း မပြယ်သေး၊ မုန်းစိတ်မပြယ်သေး . . . ။ သို့ကလို အဝိဇ္ဇာများ လွှမ်းနေသရွေ့တွင်မူ တရားသည်ပဲဖြစ်ဖြစ်၊ မတရားသည်ပဲဖြစ်ဖြစ်၊ မှားမှားမှန်မှန် 'အဘိုးကြီး'အား 'ကလော်ကြ' 'ဆဲကြ' ပေလိမ့်မည်။

'ကလော်ကြ' 'ဆဲကြ'သေးသည့်ကြောင့် တကယ့်ပုံမှန်ကို မြင်နိုင်စွမ်းမရှိနိုင်သေး . . . ။

မည်သို့ဆိုစေ၊ သည်ပုဂ္ဂိုလ်ကြီး၏ စိတ်ဓါတ်ကြံ့ခိုင်မှုကြောင့်သာလျှင် ခေတ်အဆက်ဆက်တွင် မကြုံစဖူးသော အောင်ပွဲကိုရခဲ့သည် မဟုတ်ပါလား . . ။

(၁၉၇၃)ခု၊ မေလ (၁၄)ရက်နေ့။

အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့။

ဂျူးနိုင်ငံထူထောင်ခဲ့သည့် (၂၅)နှစ်မြောက် ငွေရတုသဘင် ဆင်ယင်

ကျင်းပရာ နေ့ထူးနေ့မြတ် . . .။

ငွေရတုသဘင်ကျင်းပရာရင်ပြင်တွင် စုရုံးရောက်ရှိလာသူ လူထုပရိသတ်ကြီးက လက်ခုပ်လက်ဝါးများတီးလျက် . . .။

စစ်ရေးပြအခမ်းအနားတွင် ပါဝင်သော တင့်ကားကြီးများအား ခရီးဦးကြိုနေခြင်းလည်းမဟုတ် . . .။ ညီညီညာညာချီတက်နေသော လေထီးတပ်သားများအား နှုတ်ဆက်ကြခြင်းလည်း မဟုတ်။ ခေါင်းပေါ်မှ တဝေါဝေါပျံသန်းနေသော 'ဖင်တန်' ( **Phantoms** ) ဂျက် တိုက်လေယာဉ်ပျံများကြောင့်လည်း မဟုတ် . .။

ဗိုလ်ရှုသဘင် ဆင်ယင်ကျင်းပရာ စင်မြင့်ပေါ်တွင် နိုင်ငံ့ခေါင်းဆောင်ကြီးများအလယ်၌ အသက်အရွယ်အိုမင်းပြီး၊ ဆံပင်ဖြူလွှလွှတွင် ထိပ်ပြောင်ပြောင်အဘိုးကြီးတစ်ဦးအား နေရာထိုင်ခင်းပေး၍ ထိုင်စေသည်ကို လူထုပရိတ်သတ်ကြီးက မြင်လေသော်၊ လက်ခုပ်လက်ဝါးများတီးလျက် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခြင်းတည်း . . .။

သူကား . . . ဒေးဗစ်ဘင်ဂူရီယန်။

အစ္စရေးနိုင်ငံ၏ ခေါင်းဆောင်အဖြစ် အချိန်ကြာမြင့်စွာ တာဝန်ယူခဲ့သူ။

အစ္စရေးနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်။

အမေရိကန်နိုင်ငံ၏ ဂျော့ဝါရှင်တန်ကဲ့သို့သော လွတ်လပ်ရေးဖိသုကာကြီး။

ဝန်ကြီး ချုပ်ဘဝမှ အနားယူပြီး (၁၀)နှစ်ကြာမျှ နိုင်ငံရေးလောကမှ လုံးလုံးလျားလျား အနားယူသွားခဲ့သော ဒေးဗစ်အားတွေ့မြင်ရသောအခါ လူထုပရိတ်သတ်ကြီးက မိမိတို့နိုင်ငံကို မွေးထုတ်ပေးရာတွင်ပဲဖြစ်ဖြစ်၊ ကြီးပွားတိုးတက်လာရာတွင်ပါဝင်ခဲ့သည့် ဒေးဗစ်ကို ကိုယ်တွေ့မျက်မြင်ဖြစ်လာသောအခါ ထိုက်ထိုက်တန်တန်ဂုဏ်ပြုရန် အခွင့်ကောင်း အခါကောင်းနှင့် ကြုံကြိုက်ခဲ့ရသည်။

သို့သော် . . .

အမျိုးသားခေါင်းဆောင်ကြီး ဒေးဗစ်ဘင်ဂူရီယန်အား သည်ပွဲတွင်နောက်ဆုံး ဂါရဝပြုခြင်းဖြစ်သည်ဟု ရွှေပွဲလာဧည့်ပရိတ်သတ်ကြီးက စိုးစဉ်းမျှတွေးတောမိဟန်မရှိ . . . .။

ထိုအချိန် အခါကပင်လျှင် ဒေးဗစ်သည် ကျန်းမာရေးမကောင်းတော့. .။ (၁၉၆၈)ခုနှစ်တွင် ဇနီးပေါ်လာ ကွယ်လွန်ခဲ့ပြီးသည့် အချိန်မှစ၍ 'ဇေဒီဗိုကာ'သမကျေးရွာရှိ အမိုးနိမ့်နိမ့်အိမ်ပုပုကလေးတွင် တစ်ဦးတည်းနေခဲ့သည်။ ယခုတော့ ကျန်းမာရေးချို့တဲ့လာသည်ကြောင့် 'ဇေဒီဗိုကာ'တွင် ဆက်လက်နေထိုင်ရန် မသင့်တော့. .။

သို့မို့ကြောင့်လည်း ငွေရတုသဘင်အပြီး (၄-၅)လ ခန့်အကြာတွင် တယ်လ်အဗီးမြို့မှ နေအိမ်သို့ ပြောင်းရွှေ့ခဲ့ရ၏။ 'တယ်လ်အဗီး'နေအိမ်တွင် ရေးလက်စ စာပေါင်းစုံ၏ တတိယတွဲကို ပြုစုနေစဉ် နိုဝင်ဘာလကုန်ပိုင်းတွင် ဦးနှောက်သွေးကြောပြတ်ကာ ညာဘက်တစ်ခြမ်းလုံး သေသွားသည်ကြောင့် စကားပင် မပြောနိုင်ဖြစ်ခဲ့ရသည်။ 'တယ်လ်အဗီး'ရှိ 'တယ်လ်ဟာရှိုးမား' ဆေးရုံသို့ ချက်ခြင်းပို့သည်။ သို့ရာတွင် သည် တစ်ကြိမ်၌ သည်တောင်ကို မကျော်နိုင်တော့. .။

ဒေးဗစ်သည် 'တယ်လ်ဟာရှိုးမား' ဆေးရုံတွင်ပင် ကွယ်လွန်သည်။

ကွယ်လွန်သည့် အချိန်တွင် အသက် (၈၇)နှစ်ရှိနေပြီ. .။

နိုင်ငံရေးသြဇာ မှေးမှိန်ပျောက်ကွယ်ခဲ့ပြီ ဖြစ်သော်လည်း၊ ဒေးဗစ်ဘင်ဂူရီယန် ကွယ်လွန်သည်နှင့် အစ္စရေးတစ်နိုင်ငံလုံးက ဝမ်းနည်းကြေကွဲခဲ့ကြသည်။ အသက်အရွယ် ကြီးလှပြီဖြစ်သော်လည်း နှမြောတသလျက် ရှိကြသည်။

ဒေးဗစ်ဘင်ဂူရီယန်၏ ရုပ်အလောင်းကို သူခင်တွယ်ရာ 'ဇေဒီဗိုကာ' သမ ကျေးရွာတွင် သူချစ်ခင်မြတ်နိုးသောဇနီး 'ပေါ်လာ'၏ ဂူသင်္ချိုင်းအနီးတွင် မြေမြှုပ် သင်္ဂြိုလ်ခဲ့လေသည်။

▸◂ ◂▸ ◂▸ ◂▸ ◂▸

## ကိုးကားသော စာအုပ်စာတမ်းများ


1. THE ARMED PROPHET :

   ( A Biography of Ben Gurion by Michael Bar-Zohar )

2. ZIONISM

   ( Isreal Pocket Library )

3. 100-HOURS TO SUEZ

   ( by Robert Henriques )

4. EXODUS

   ( by Leon Uris )

5. TIME 10th December 1973.

6. NEWSWEEK 10th December 1973.